# ထားကျွန်မလင်

## မြသန်းတင့်



ပဌမအကြိမ်



ထားကျွန်မောင်

မြသန်းတင့်

MTT0020

MMK 5,500.00

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၈ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၃၆၇၂

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ထားကျွန်မလင်

## မြသန်းတင့်

ပဉ္စမအကြိမ်၊ ၂၀၂၂

ထားကျွန်မလင်၊ မြသန်းတင့်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၈၀ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၂၊ ဇူလိုင်လ၊ ပဉ္စမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၂ ခုနှစ်၊ အရုဏ်ဦးစာပေ၏ ဒုတိယအကြိမ်မှ
(ပထမအကြိမ်-၁၉၆၃၊ ချိုးဖြူစာပေ။ စတုတ္ထအကြိမ်-၂၀၀၂၊ ပြုံးစာပေ)

ရောင်းဈေး ၅၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## [၁]

မှောင်စပျိုးလာသဖြင့် ကျွန်မသည် အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ မှိုင်းညို့သော မိုးသား မိုးတိမ်များသည် အနောက်ဘက်ဆီမှ တရိပ်ရိပ် တက်လာကြ၏။ မိုးသက်လေသည် ကျွန်မ၏ မျက်နှာကို တိုးဝှေ့ဖြတ်သန်း တိုက်ခတ်သွားပေရာ မိုးနံ့ကလေး မွှေး၍လာပေ၏။ မိုးနံ့ကြောင့် ကျွန်မရင်ထဲတွင် လွမ်းရမလို ပျော်ရမလို တလှိုက်လှိုက်ဖို၍လည်း လာ၏။ လမ်းဘေးယာခင်းများမှ မြေသင်းနံ့ကလည်း တပျံ့ပျံ့ လွင့်လာပါသည်။ ဩော်... သည်မိုးနှင့် သည်မြေနံ့တို့သည် ဆွတ်ပျံ့ဖွယ် ကောင်းလှပါကလား။

ကျွန်မသည် ယာတောနှစ်ခုကြားထဲက လှည်းလမ်းဖုန်ဖုန်ကလေးအတိုင်း ခပ်သုတ်သုတ် လျှောက်လာပြီးနောက် ကတ္တရာစေး လမ်းမပေါ်သို့ တက်လိုက်သည်။ ကတ္တရာစေး လမ်းမပေါ်ရောက်လျှင်ပင် မိုးဖွားကလေးများ တဖွဲဖွဲကျလာကြပေပြီ။ ကျွန်မမှာ ထီးမပါသောကြောင့် လက်ထဲတွင် လုံးခြေ ဆုပ်ကိုင်လာသည့် ပိုးပဝါကြီးကို ခေါင်းမှာအုပ်၍ မေးတွင် သိုင်းချည်ထားလိုက်သည်။ ထဘီကိုဆွဲ၍လည်း ခြေလှမ်းကို ခပ်သုတ်သုတ် လှမ်းလာခဲ့သည်။ ကတ္တရာစေး လမ်းပေါ်တွင် လူရှင်းနေလေ၏။ ဟိုပိုးဘက်သို့ ထွက်သွားသော တက္ကစီကားတစ်စီးနှင့် တောင်ကြီးဘက်သို့ ဝင်လာသော လင်းရိုဗာကားတစ်စီးကိုသာ တွေ့လိုက်ရသည်။ လင်းရိုဗာကား မောင်းလာသည့် အသားလတ်လတ်၊ မျက်လုံး မျက်ခုံးကောင်းကောင်း၊ အသက် ၂၅ နှစ်ကျော်ခန့် လောက် ရှိဦးမည့် လူရွယ်သည် ကျွန်မအား ငေးကြည့်သွားသည်ကို သတိထားလိုက်မိ၏။ ကျွန်မလို ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ယောက် မိုးရွာထဲမှာ လမ်းလျှောက်နေသည်ကို အံ့သြစွာ ငေးကြည့်သွားခြင်းမျိုးလားတော့ မသိပေ။

ကျွန်မသည် သူ့ကို တစ်ချက်မျှ လှမ်းကြည့်လိုက်မိ၏။ မျက်လုံးချင်း ဆိုင်နေကြသည်ကို သိတော့မှ ကျွန်မသည် ကျွန်မ၏ မျက်လုံးများကို တခြားသို့ လွှဲဖယ်လိုက်ပြီး ဆက်၍ လျှောက်လာခဲ့သည်။ လင်းရိဗာကားသည် ကျွန်မရှေ့ ဝါးတစ်ရိုက်ကျော်ကျော်လောက် လွန်သွား၍ ကျွီခနဲ ရပ်လိုက်ပြီး ကားရှေ့ပိုင်းမှ ခေါင်းတစ်လုံးပြူထွက်လာကာ နောက်သို့ လှည့်ကြည့်နေသည်ကို မြင်လိုက်ရ၏။ ကျွန်မသည် မသိသလိုပင် သူ့ကို ဂရုမထားဘဲ ဆက်၍လျှောက်လာခဲ့သည်။ ခဏကြာတော့ လင်းရိဗာကားသည် နောက်သို့ဆုတ်လာကာ ကျွန်မအနားတွင် ထိုးရပ်လိုက်သည်။ စက်ကိုမူ ရပ်မထားပေ။

"ကျွန်တော် ဒေါက်တာအောင်မျိုးပါ။ ကုလသမဂ္ဂ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှာ အလုပ်လုပ်ပါတယ်။ ဘယ်ကို သွားမလို့ပါလဲ၊ ကျွန်တော် လိုက်ပို့နိုင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ လမ်းလျှောက်ထွက်လာတာပါ။ ကိစ္စမရှိပါဘူး။ ကျွန်မအိမ် ဒီနားလေးတင်ပါ"

ကျွန်မက မေးတွင် သိုင်းချည်ထားသည့် ပိုးလက်ကိုင်ပဝါစကို အဓိပ္ပာယ်မရှိဆွဲလိမ်နေရင်း ပြန်ပြောလိုက်သည်။ မျက်လုံးများကမူ တခြားသို့ လွှဲထားပေသည်။

"သြော်... သြော် ကျွန်တော်က ခရီးများ ဝေးသေးသလားလို့ပါ။ ဒီလိုဆို ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ဟုတ်... ဟုတ်ကဲ့"

သူသည် ကျွန်မကို ပြုံး၍ နှုတ်ဆက်ပြီး ကားကို ဝူးခနဲမြည်အောင် မောင်း၍ ထွက်သွားလေသည်။ ကျွန်မသည် မှိတ်တုတ်မှိတ်တုတ် လုပ်ပြသွားသော ကားနောက်မြီးမှ မီးနီကလေးကိုကြည့်ရင်း လျှောက်လာခဲ့မိသည်။ ကျွန်မ၏ ငြင်းပယ်လိုက်ပုံမှာ ရိုင်းရာများ ကျသွားလေမလားဟုလည်း တွေးမိလာသည်။ တကယ်တော့ ကျွန်မသည် ရည်မွန်ဖော်ရွေသော ယောကျ်ားပျိုတစ်ယောက်၏ ဖိတ်ခေါ်ချက်ကို အားနာမှုဖြင့်ပင်ဖြစ်စေ လက်ခံလိုက်ဖို့ ကောင်းပေသည်။ သို့ရာတွင် မတတ်နိုင်တော့ပေ။ လင်းရိဗာကားကလေးမှာ လမ်းကွေ့တွင် ပျောက်ကွယ်၍ပင် သွားလေပြီ။

ကျွန်မတို့အိမ်မှာ တောင်ကြီးမှ ဟိုပုံးသို့ ထွက်သော ကားလမ်းပေါ်တွင်ရှိ၍ ရှေးပုံ နှစ်ထပ် ဆင်ဝင်အိမ်အိုကြီးဖြစ်၏။ အိမ်ပတ်ပတ်လည်တွင် တောရိုင်းပန်းချုံများ၊ ထင်းရှူးပင်များ ပေါက်နေကြ၏။ မိုးဦးဖြစ်၍ တောပန်းရိုင်းများသည် ဖွေးဖွေး

လှုပ်အောင် ပွင့်နေကြပေသည်။

ကျွန်မသည် တောပန်းရိုင်းချုံများ တံတိုင်းလို ကာရံထားသော အိမ်ကြီးကို မျှော်ကြည့်ကာ ခပ်သုတ်သုတ် လျှောက်လာခဲ့ပြန်သည်။ မိုးဖွဲကလေးများမှာ ကျဲရာမှ စိပ်၍လာပေပြီ။ အိမ်နှင့် တစ်ဖာလုံခန့်အကွာရောက်လျှင် ထီးတစ်လက်ကို လက်က ကိုင်၍ တစ်လက်ကို ဖွင့်ဆောင်းကာ ကျွန်မဆီသို့ ပြေးလာနေသော မလုံးကို လှမ်းမြင်ရသည်။ မလုံးသည် ရှမ်းထဘီအနက်၊ ပိတ်အင်္ကျီ လက်ရှည်အဖြူကို ဝတ်ထားလေရာ မလုံးပြေးလာနေပုံမှာ ဒိုးကလေးတစ်လုံး လိမ့်လာသလားဟုပင် ထင်ရသည်။ ကျွန်မ အနားရောက်တော့ မလုံးမှာ မောနေလေသည်။

"မထားကလည်း သိပ်အပြောရခက်တယ်ကွယ်။ တစ်ယောက်တည်း ထွက်ထွက်မသွားပါနဲ့လို့ ပြောတာလည်း မရဘူး။ ကြည့်စမ်း ခုလည်း မိုးရေတွေ စိုကုန်ပြီ၊ တော်တော်ကြာ နေမကောင်း ထိုင်မကောင်းဖြစ်နေမှဖြင့်"

မလုံးက ထီးကိုဖွင့်၍ ကျွန်မကို လက်ကမ်းရင်း အပြစ်တင်စကား ဆိုလိုက်သည်။ မိုးဖွဲဖွဲကြားထဲမှာပင် သူ့နဖူး၌ ချွေးသီးချွေးပေါက်များ စို့နေလေ၏။

"ဒီနားလေးတင် သွားတာပါ၊ သိပ် မဝေးပါဘူး"

ကျွန်မသည် မလုံးပေးသော ထီးကို လှမ်းယူလိုက်သည်။ မလုံးသည် ကျွန်မ အပါးမှ လိုက်လာပေသည်။ မလုံးမှာ တောင်သုံးလုံးဇာတိဖြစ်၍ ကျွန်မတို့ ငယ်ငယ်ကတည်းက ကျွန်မတို့အိမ်သို့ ရောက်လာသူဖြစ်၏။ ကျွန်မတို့တစ်တွေသည် မလုံး လက်ပေါ်မှာပင် ကြီးပြင်း လူလားမြောက်လာခဲ့ကြသည်။ ရန်ကုန်ကျောင်းသို့ ပို့တော့မှ မလုံးနှင့် ခွဲခွာခဲ့ရခြင်းဖြစ်၏။ မေမေသည် ကျွန်မတို့ ညီအစ်မကို ရန်ကုန်ကွန်ဗင့်သို့ ပို့ထားပြီး မလုံးနှင့်သာ အနေများခဲ့သည်။ ကျွန်မတို့တစ်တွေ မရှိစဉ်မှာ မေမေသည် မလုံးကိုသာ အဖော်ပြုရသည်။ မလုံးသည် မေမေ့အကြောင်းကို ကျွန်မတို့ထက်ပင် ပို၍ သိမည်ထင်ပါ၏။ ကျွန်မတို့ကလွဲလျှင် မေမေ့အဖို့လည်း မလုံးသည် အရင်းနှီးဆုံး၊ စိတ်အချရဆုံး၊ အချစ်ဆုံးသူဖြစ်၍ မလုံးအဖို့လည်း မေမေသည် အားအကိုးရဆုံး၊ အချစ်ဆုံး၊ အတွယ်တာဆုံးသူ ဖြစ်လေသည်။

ယခုတော့ မလုံးနှင့် ကျွန်မတို့တစ်တွေ ချစ်သော၊ အားကိုးရသော မေမေ မရှိတော့ပြီ။

မေမေဆုံးခြင်းသည် ကျွန်မတို့အဖို့ တောင်တစ်လုံး ပြိုလဲခြင်းဖြစ်၍ မလုံးအဖို့ သစ်ပင်ကြီးတစ်ပင် ပြိုလဲခြင်းဖြစ်၏။ ကျွန်မတို့တစ်တွေ တောင်ရိပ်ကို မခိုနိုင်တော့ပြီ။

မလုံးလည်း သစ်ပင်ရိပ်ကို မခိုနိုင်တော့ပြီ။

မေမေသည် ရှမ်းမြန်မာ ခရစ်ယာန်အမျိုးသမီးဖြစ်၍ ဖေဖေမှာ ဗုဒ္ဓဘာသာ မြန်မာအမျိုးသားတစ်ဦးဖြစ်သည်။ ဖေဖေသည် စစ်မဖြစ်မီက နယ်ခြားဝန်ထောက်ဘဝဖြင့် လာရောက်အမှုထမ်းစဉ် မေမေနှင့် တွေ့ဆုံခဲ့ကြခြင်းဖြစ်၍ ကျွန်မကို မွေးပြီး မကြာမီမှာပင် ဖေဖေသည် နယ်ခြားဝန်ထောက်ဘဝမှ အလုပ်ပြုတ်လာခဲ့သည်ဟု သိရသည်။ ဘာကြောင့် အလုပ်ပြုတ်သည်ကိုတော့ ကျွန်မ မသိပေ။ ဤအကြောင်းကို မေမေ ရှိစဉ်ကလည်း စကားအစပ် မခံပေ။ မလုံးကလည်း မသိဘူးဟူ၍သာ ဖြေလေ့ရှိသဖြင့် ကျွန်မတို့သည် ယနေ့ထက်တိုင်အောင် ဖေဖေ အလုပ်ပြုတ်ခဲ့ရသည့်အကြောင်းကို စိုးစဉ်းမျှ မသိကြပေ။ ဖေဖေသည် အလုပ်ပြုတ်သောအခါ ဘယ်ကိုမှ မသွားတော့ဘဲ တောင်ကြီးမှာပင် အိမ်တစ်ဆောင်ဝယ်ကာ အခြေချခဲ့သည်။ ဘယ်အပေါင်းအသင်း၊ ဘယ်မိတ်ဆွေနှင့်မျှလည်း အတွေ့မခံတော့ဘဲ တစ်ယောက်ထီးတည်း နေလာခဲ့သည်ဟု မေမေက ပြောပြဖူး၏။ ဆွေမျိုးများနှင့်ပင် အဆက်အသွယ်ဖြတ်ကာ ခပ်အေးအေး ဇာတ်မြုပ်နေခဲ့သည်ဟု ဆိုလေသည်။

ရွှေညောင်တစ်ဝိုက်တွင် မေမေ အမွေရလိုက်သော မြေများရှိ၏။ ဖေဖေသည် အလုပ်ပြုတ်သောအခါ ထိုမြေများပေါ်တွင် လိမ္မော်ခြံ၊ သနပ်ဖက်ခြံ၊ ကော်ဖီခြံများကို နိုင်သလောက် စိုက်ပျိုးပြီး နေလာခဲ့သည်။ ကျွန်မတို့ အိမ်ထောင်ကို ထိုမြေစုများပေါ်တွင်လည်းကောင်း၊ ခြံထွက်ပစ္စည်းများပေါ်တွင်လည်းကောင်း တည်ဆောက်လာခဲ့ခြင်းဖြစ်၏။ သို့ရာတွင် လောကကြီးမှ ရှောင်ခွာထွက်ပြေးကာ လူတွေနှင့် အဆက်ဖြတ်ခဲ့သော ဖေဖေသည် ကြာကြာပုန်းရှောင်မနေရပေ။ အင်္ဂလိပ်တွေ ပြန်ဝင်လာပြီး လွတ်လပ်ရေးမရမီ တစ်နှစ်လောက်အလိုတွင် ယာတောမှာသွားနေစဉ်တစ်ည လူဆိုးများ၏ လက်ချက်ဖြင့် အနိစ္စရောက်ခဲ့ရလေသည်။ ဖေဖေဆုံးတော့ ကျွန်မမှာ အသက်ကိုးနှစ်လောက်ပင်ရှိ၍ ကျွန်မထက်အငယ် ထားခင်မူမှာ ငါးနှစ်သမီးလောက်သာ ရှိသေး၏။ မေမေသည် လက်ထက်ပွားဖြစ်သော သနပ်ဖက်ခြံ၊ ကော်ဖီခြံများကို ကိုယ်တိုင်ဦးစီးကာ ဥမမည်စာမမြောက်သေးသော ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ရခြင်း ဖြစ်ပေသည်။ ယခု မေမေဆုံးတော့ ကျွန်မတို့သည် ဖေဖေနှင့်မေမေတို့၏ လက်ငုတ်လုပ်ငန်းကို ဘယ်လို ဆက်လုပ်ကြရမည်နည်း။

သည်မေးခွန်းမှာ ကျွန်မ ဦးနှောက်ကို တဒေါက်ဒေါက် တီးခေါက်နေသော မေးခွန်းဖြစ်၏။

မေမေသည် ဘရွန်ခိုယဲလ်နမိုးနီးယားကြောင့် ဒီဇင်ဘာလထဲက ဆုံးခဲ့ခြင်းဖြစ်၏။ မေမေ အသည်းအသန်ဖြစ်ပြီဆိုတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် လေယာဉ်ပျံဖြင့် အသော့ပြန်ခဲ့ကြရသည်။ သို့ရာတွင် အသက်ကို မမီလိုက်တော့ပေ။ ကျွန်မတို့သည် မေမေ ရက်လည်သည်အထိနေကာ ကျောင်းသို့ ပြန်ခဲ့ကြရသည်။ ထိုစဉ်က ကျွန်မမှာ ဘီအေ–ဘီအီးဒီ ဒုတိယနှစ်ဖြစ်၏။ နွေဦးပေါက်တွင် စာမေးပွဲများ စစ်၍ ဝင်သာဖြေလိုက်ရသော်လည်း အောင်လိမ့်မည်ဟု နည်းနည်းမှ မမျှော်လင့်ခဲ့ပေ။ အောင်စာရင်းများ ထွက်လာတော့မှ ကျွန်မနာမည်ကို ကျွန်မ အံ့သြစွာ တွေ့ရခြင်းဖြစ်၏။

စာမေးပွဲအောင်တော့လည်း ကျွန်မစိတ်ထဲတွင် ထူး၍ ဝမ်းမသာလှပါ။ ကျွန်မသည် အမေဆုံးပြီးကတည်းက ဘာကိုမျှ ဟက်ဟက်ပက်ပက် မရှိလှပေ။ မေမေသည် ငယ်ရွယ်နုနယ်သော ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို လောကအလယ်တွင် မျက်နှာငယ်နှင့် ထားရစ်ခဲ့သည်ကိုသာ တစိမ့်စိမ့် တွေးမိရင်း မျက်ရည်တွေကို သွန်ချခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။ ကျွန်မအသက်သည် ယခုမှ ၂၀ ကျော်ကလေးဖြစ်၍ ထားခင်မူသည် ယခုမှ ၁၆ နှစ်သာသာ ရှိသေး၏။ နုနယ်ငယ်ရွယ်သော ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် ဘဝခရီးတစ်ထောက်ကို ဘယ်လိုများ လျှောက်ကြမည်နည်း။ ကျွန်မတို့၏ နည်းပါးလှသော ဆွေမျိုးသားချင်းများကလည်း ကျွန်မတို့နှင့် ရေစထွေးယှက်တင် မရှိကြပေ။ ကျွန်မ၏ကမ္ဘာတွင် ကျွန်မညီမ ထားခင်မူ၊ မေမေ၏အစ်မ ကြီးကြီးညွန့်၊ မေမေ့အချစ်တော် မလုံးနှင့် မလုံး၏ယောကျ်ား ဦးခွန်ထီးတို့သာ ကျန်တော့သည်။

သည်နေရာတွင် ဦးခွန်ထီးအကြောင်းကို ကျွန်မ ပြောချင်ပါသည်။ ဦးခွန်ထီးမှာ အသက် ၅၀ လောက် ရှိပြီဖြစ်၏။ တုတ်တုတ်ခိုင်ခိုင်၊ အရပ်အမောင်း ကောင်းကောင်းနှင့် အမြဲ ပြုံးနေတတ်သည့် ရိုးသားသော ရှမ်းအမျိုးသားကြီးတစ်ဦး ဖြစ်လေသည်။ သူ၏ ပါးစုန့်ကြီးများသည် ပြည့်တင်း ပြောင်တင်းနေကြ၏။ သူ၏ အပြုံးအက်အက်မျက်နှာကြောင့် သူ့မျက်လုံးများသည် အမြဲတမ်း မှေးနေကြလေသည်။ ဦးခွန်ထီးသည် ဖေဖေ့လက်ထက်ကတည်းကပင် သနပ်ဖက်ခြံကို ဦးစီးလုပ်ခဲ့သော ဖေဖေ၏ လူယုံတော်ကြီးဖြစ်၏။ သူ၏ ရိုးသားပွင့်လင်းမှုကြောင့် မေမေသည် ဦးခွန်ထီးကို မလုံးနှင့် လက်ဆက်ပေးခဲ့လေသည်။ မလုံးမှာ ဦးခွန်ထီးထက် ၁၀ နှစ်လောက် ငယ်ပေသည်။ သည်ကတည်းက ဦးခွန်ထီးသည် မလုံးလိုပင် ကျွန်မတို့ အိမ်ထောင်စုကြီးကို စောင့်ရှောက်ပေးသော နတ်ဘီလူးကြီးတစ်ပါးလို ကျွန်မတို့တစ်တွေကို စောင့်ရှောက်ပေးလာ

ခဲ့လေသည်။

မေမေ ဆုံးပြီးသည့်နောက် ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် ဘယ်ကိုမျှ မသွားကြတော့ပေ။ ခါတိုင်း ကျောင်းပိတ်ရက်ဆိုလျှင် ကျွန်မနှင့်အတူ သူငယ်ချင်း ကျောင်းသူများ ပါလာတတ်ကြကာ ကျွန်မတို့အိမ်သည် မိန်းမငယ်တို့၏ ရယ်သံ မောသံတို့ဖြင့် ညံညံစီနေတတ်၏။ သူတို့နှင့်အတူ အင်းလေးကန်၊ ပင်းတယလိုဏ်ဂူ စသည်တို့သို့လည်းကောင်း၊ လိမ္မော်ခြံ၊ သနပ်ဖက်ခြံများသို့လည်းကောင်း လျှောက်လည်တတ်ကြ၏။ ယခုတော့ မေမေ မရှိတော့လေပြီဖြစ်ရာ ကျွန်မသည် ဘယ်ကိုမျှ မထွက်ဘဲ ခရုခွံအောင်းသလို အိမ်တွင်းမှာသာ အောင်းနေခဲ့လေသည်။ ညနေ လမ်းလျှောက်ထွက်သည်မှအပ မြို့ထဲကိုပင် မသွားဖြစ်တော့ပေ။ မြို့ထဲရောက်သည့်အခါမှာပင် လမ်းမတော်ရှိ စာနယ်ဇင်းကိုယ်စားလှယ်၏ ဆိုင်များသို့သာ ရောက်ကာ နောက်ဆုံးထုတ် ဝတ္ထု၊ မဂ္ဂဇင်းများကို ရွေးချယ်ပြီး ပြန်လာခဲ့သည်ချည်းဖြစ်၏။

ကျွန်မတို့အိမ်သည် သုသာန်တစပြင်ကြီးလို တိတ်ဆိတ် ခြောက်သွေ့နေ၏။ ဧည့်သည် အဝင်အထွက်လည်း အရင်ကလောက် မများတော့ပေ။ လာသည့်ဧည့်သည်များကလည်း အရွယ်နှင့် သောက မမျှသည့် ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ကြည့်၍ ကြေကွဲဝမ်းနည်းဟန်ဖြင့် မျက်နှာမသာမယာ ရှိနေတတ်ကြသည်။ စကားပြောသည်က အစ ကျယ်ကျယ်မပြောဘဲ တိုးတိုးတိတ်တိတ်သာ ပြောကြတော့သည်။

မေမေသည် ကျွန်မတို့၏ အရွံ့အကြောက်ကို ဖြေဆေးပေးမည့်သူ၊ ကျွန်မတို့၏ အစိုးအလန့်ကို မန်းမှုတ်ပေးမည့်သူ၊ ကျွန်မတို့၏ အဆွေးအပူကို မျှတယူမည့်သူ၊ ကျွန်မတို့၏အနွံ့အဆိုးကို သည်းခံနှစ်သိမ့်ပေးပေသူ။ သည်အကြောင်းတွေကို တွေးမိတိုင်း ကျွန်မသည် ဘာကိုမျှ စိတ်မဝင်စား၊ ဘယ်ကိုမျှလည်း မထွက်ချင်တော့ဘဲ အိမ်တွင်း အောင်းနေခဲ့ခြင်းဖြစ်၏။ ထားခင်မူကတော့ ခဏသာ ပူလောင်ကြေကွဲဟန် ရှိသော်လည်း ကြာတော့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားဟန် တူလေသည်။

"ထားခင်အိရယ်၊ ဖြီးဖြီးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင်ကလေးများ နေစမ်းပါဦး"

ထားခင်မူက ကျွန်မကို မကြာခဏအပြစ်တင်တတ်၏။ ထားခင်မူသည် ကျွန်မကို ထားခင်အိဟုပင် ခေါ်တတ်လေသည်။ ကျွန်မက ခေါင်းကို ယမ်းပြခဲ့သည်။

"နင် မသိဘူး ထားခင်မူ။ တို့ဘဝကို နင် ပြန်တွေးကြည့်စမ်း၊ တို့မှာ အဖေလည်း မရှိတော့ဘူး၊ အမေလည်း မရှိတော့ဘူး။ ဆွေမျိုးဆိုတာလည်း တို့ကို အသိအမှတ်ပြုချင်ပုံ မရတော့ဘူး။ တို့ဟာ တစ်ကောင်ကြွက်မကလေးနှစ်ကောင် ဖြစ်နေပြီ။

နင်ကသာ ပျော်နေ၊ ငါတော့ ပျော်လည်း မပျော်ချင်တော့ဘူး။ ပျော်လို့လည်း မရတော့ဘူး။ ဒီအရွယ်မှာ ဒီသောကတွေ တောက်လောင်ဖုံးနေရင် ဘာလုပ်တော့မှာလဲ။ ငါ့မှာ ပျော်တာလည်း မရှိချင်တော့ဘူး၊ ဝမ်းနည်းတာလည်း မရှိချင်တော့ဘူး။ လူ့ဘဝဆိုတာ ဘာအဓိပ္ပာယ်မှလည်း မရှိတော့ဘူး။ အင်္ဂလိပ်ကဗျာတွေထဲမှာပါတဲ့ (Stoicism) ဆိုတဲ့ ဝါဒကို လက်ကိုင်ထားတဲ့ ဉပေက္ခာဝါဒီတွေလိုပဲ နေချင်တော့တယ်။ သူတို့မှာ ငိုခြင်းလည်း မရှိဘူး၊ ရယ်ခြင်းလည်း မရှိဘူး"

ထားခင်မူက ပြောတိုင်း ကျွန်မ စိတ်ထဲတွင် သည်စကားလုံးများသည် အစီအရီ ပေါ်လာကြ၏။ သို့ရာတွင် ထားခင်မူမှာ ကျွန်မထက် နုနယ်သူဖြစ်၍ ပိုမိုအားငယ်သွားမည်စိုးသဖြင့် ဖွင့်မပြောခဲ့ပေ။ အမှန်ကတော့ ကျွန်မအရွယ်သည်လည်း အစွမ်းကုန် ဖူးပွင့်ဆဲအရွယ် ဖြစ်ပါ၏။ အစွမ်းကုန် ဝေဆာဆဲအရွယ်ဖြစ်ပါ၏။ မေမေ့ကိစ္စသည် ရှင်သန်ရန် အားပျိုးနေဆဲ ကျွန်မထံသို့ အရှိန်ပြင်းသော မုန်တိုင်းကြီးလို ကျရောက်လာခြင်းဖြစ်သဖြင့် ကျွန်မဘဝ၏ အဖူးအပွင့်တို့သည် ညှိုးရော်နွမ်းရိသလို ဖြစ်သွားပေသည်။

သည်အကြောင်းကိုတွေးမိလျှင် ကျွန်မမျက်ရည်ကျရ၏။ ရင်နာရ၏။ လောကအလယ်မှာ နှစ်ယောက်တည်းပါလားဆိုသည့်အသိက လာ၍ လွှမ်းမိုးတိုင်း ကျွန်မသည် ချောက်အိပ်မက်မှ လန့်နိုးသလို လန့်ဖျပ်ကာ ရင်တလှိုက်လှိုက်ဖြစ်ခဲ့ရလေသည်။ ကျွန်မလို ဖူးပွင့်ဆဲပန်းပွင့်သည် မုန်တိုင်းဒဏ်ကို မခံနိုင်ပေ။

## [၂]

ကျွန်မသည် ကျွန်မအတွေးနှင့်ကျွန်မ လျှောက်လာသည်မှာ အိမ်ဆင်ဝင်အောက် ရောက်သည်အထိ ဖြစ်၏။ ဆင်ဝင်အောက်ရောက်တော့မှ ကျွန်မအတွေးများသည် ပင့်ကူအိမ်ကို သစ်ကိုင်းဖြင့် ရိုက်လိုက်သလို လွင့်စဉ် ပျောက်ကွယ်သွားကြသည်။

"ဦးဇင်မောင် ရောက်ပြီလား မလုံး"

ကျွန်မ၏ထီးကို မလုံးသို့ ကမ်းပေးပြီး ခေါင်းတွင်စည်းထားသည့် လက်ကိုင်ပဝါကြီးကို ဖြုတ်ရင်း မေးလိုက်၏။ မိုးမိလာသဖြင့် ကျွန်မခေါင်းမှာ စိုကာ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာပေသည်။

"မရောက်သေးဘူး မထား"

"ကြီးကြီးကော"

"မီးဖိုထဲမှာ ထင်ပါရဲ့"

ကျွန်မသည် ဘာမျှမပြောတော့ဘဲ အိမ်အပေါ်ထပ်ရှိ ကျွန်မ၏ အခန်းသို့ တက်လာခဲ့သည်။ ကျွန်မ၏ အိပ်ခန်းမှာ အိမ်ပေါ်ထပ် အနောက်ဘက် လက်ဝဲစွန်းတွင်ရှိရာ ကျွန်မအခန်းသို့ သွားတိုင်း မေမေ့အခန်းကို ဖြတ်သွားရ၏။ ဟာလာဟင်းလင်းကြီးဖြစ်နေသော အခန်းကို မြင်တိုင်း ရင်ထဲတွင် နင့်ခနဲဖြစ်လာတတ်သဖြင့် အခန်းကို ဦးခွန်းထီးအား အလုံပိတ်ခိုင်းထားလိုက်ရသည်။

ကျွန်မအခန်းမှ လှမ်းမျှော်ကြည့်လျှင် အိမ်နောက်က တောင်ကမူနှင့် ချိုင့်ဝှမ်းများကို စီး၍ မြင်နေရ၏။ တောပန်းရိုင်းများ ပေါက်နေသော လျှိုကလေးများကိုလည်းကောင်း၊ မြစိမ်းထည် ဆင်ထားသော ကမူကလေးများကိုလည်းကောင်း၊ အဝေးဘက်တွင် စစ်တပ်ဂေါက်သီးကွင်းကိုလည်းကောင်း၊ တောင်ကုန်းလေးပေါ်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကိုလည်းကောင်း မြင်နေရ၏။ ဘုရားရှိခိုးကျောင်းမှ နီညို့ညို့အရောင်သည် ထင်းရှူးပင်များ၏ အစိမ်းရင့်ရင့်အရောင်တွေကြားထဲမှာ အထင်းသားပေါ်နေ၏။ အရောင်ရင့်ရင့်မှိုင်းမှိုင်းများ ပိန်းနေအောင် မှုန်းထားသည့် ဆီဆေးကားတစ်ချပ်နှင့်ပင် တူပေ၏။

ကျွန်မသည် မှန်တင်ခုံရှေ့တွင်ထိုင်ကာ ဖရိုဖရဲဖြစ်နေသော ဆံပင်များကို ဖြီးနေမိသည်။ သူတို့ပြောသလို ကျွန်မသည် အရင်တုန်းကလို ရွှင်ရွှင်လန်းလန်း မရှိတော့လှသော်လည်း ကျွန်မအလှသည် ညှိုးနွမ်းနေသည့် ကြားထဲကပင် ဝင်းလက်နေတုန်းဖြစ်၏။ ကျွန်မသည် အောက်ခံအဖြူတွင် အပြာလုံးကလေးများ ခပ်ကျဲကျဲဖောက်ထားသည့် ပိုးပျော့အင်္ကျီကို ဝတ်လိုက်ပြီး အပြာပိန်းတွင် ရွက်လှေ အဖြူကလေးတွေ လွင့်နေသည့် တူတာယ်လုံချည်ကို လဲဝတ်လိုက်သည်။ ရေချိုးမည်ဟု စိတ်ကကူးသေးသော်လည်း ချမ်းစိမ့်စိမ့်နေသဖြင့် မချိုးတော့ဘဲ မိုးရေစိုနေသည့် အဝတ်အစားများကိုသာ လဲလိုက်ခြင်းဖြစ်၏။ ပြီးတော့မှ ဆင်စွယ်နှစ်ရောင် သိုးမွေးဆွယ်တာကို ပခုံးပေါ်တွင် ခြုံလိုက်လေသည်။ အိစက်မို့မောက်သော ရင်၊ ဖြောင့်စင်းလုံးချောသော ပေါင်တံနှင့် ကားစွင့်သော တင်ပါးများသည် ပိုးပျော့အင်္ကျီနှင့် တူတာယ်လုံချည်ထဲတွင် ကောက်ကြောင်းပန်းချီဟန် ထင်ရှားစွာ ပေါ်နေကြပေသည်။

ခဏကြာလျှင် အောက်ထပ်မှ စကားပြောသံများနှင့် ဦးဇင်မောင်၏ ရယ်သံကို ကြားရ၏။ ဦးဇင်မောင်မှာ အသက် ၄၀ လောက်ရှိ၍ ဖေဖေ့ထက် ငါးနှစ်၊ ခြောက်

နှစ်ခန့် ငယ်၏။ ဖေဖေ၏ အရင်းနှီးဆုံးသောမိတ်ဆွေဖြစ်ပေသည်။ ဦးဇင်မောင်သည် ဝတ်လုံစာမေးပွဲအောင်ပြီးနောက် တစ်နှစ်၊ နှစ်နှစ်လောက် ဝတ်လုံလိုက်သေးသော်လည်း နောက်နှစ် ကျန်းမာရေးမကောင်းဟု ဆိုကာ ဝတ်လုံမလိုက်တော့ဘဲ ရွှေညောင်ဘက်တွင် မြေကွက်များ ဂရန်ခံကာ တောင်ယာလုပ်နေလေသည်။ ဦးဇင်မောင်၏ ယာတောမှာ ကျွန်မတို့ ယာတောနှင့်လည်းနီးပေရာ မေမေသည် အုပ်ချုပ်မှုကိစ္စအဝဝကို သူ့ကိုပင် အပ်နှံထားလေသည်။ ဦးခွန်ထီးသည် မေမေ၏ ကိုယ်စားလှယ်အဖြစ် ယာတောမှာ သွားနေလေသည်။ တကယ်ဆိုတော့ မေမေနှင့်ဦးဇင်မောင်သည် စီးပွားဖက်တွေလိုပင် ဖြစ်ပေသည်။

ကျွန်မတို့ ရှစ်နှစ်သမီးအရွယ် ဖေဖေ ရှိစဉ်တုန်းကမူ ဦးဇင်မောင်သည် ရန်ကုန်မှ တောင်ကြီးသို့ မကြာခဏ ပေါက်လာတတ်၏။ သည်တုန်းက ဖေဖေမှာ အသက် ၃၀ အရွယ်၊ ဦးဇင်မောင်က ၂၅ နှစ်လောက်သာ ရှိသေး၏။ ငယ်တုန်း ရွယ်တုန်း ဖျတ်လတ်ကြတုန်းမှာ ဦးဇင်မောင်နှင့် ဖေဖေ သေနတ်ကိုယ်စီဖြင့် အမဲပစ်ထွက်ကြပုံ၊ ချေသား၊ ဆတ်သား လတ်လတ်ဆတ်ဆတ် ရလာကြလျှင် တပျော်တပါး ချက်စားကြပုံတို့ကို ကျွန်မမြင်ယောင်သေး၏။ ကျွန်မတို့ အရွယ်ရောက်လာသောအခါတွင်မူ ဦးဇင်မောင်နှင့် သိပ်မတွေ့ကြတော့ပေ။ သူလည်း သူ့ယာတောမှာသာ အချိန်ကုန်တတ်၏။ နှစ်ကုန်၍ ယာလုပ်ငန်းအတွက် မေမေနှင့် နှစ်ချုပ်စာရင်း ရှင်းချိန်ကျမှသာ ကျွန်မတို့ဆီသို့ ပေါက်၍ လာတတ်ပေသည်။ မေမေသည် သူကိုယ်တိုင်က မော်လမြိုင် မော်တင်လိန်းမှ ထွက်လာသော ခေတ်ပညာတတ်တစ်ဦးဖြစ်သော်လည်း ယာလုပ်ငန်းများကို ဦးစီးဦးကိုင် မလုပ်ချင်ပေ။ ဦးဇင်မောင်နှင့် ဦးခွန်ထီးတို့ကိုသာ လွှဲထားတတ်ပေသည်။

"ကိုဇင်မောင်ဟာ အင်မတန်ရိုးတယ် သမီးရဲ့၊ မိတ်ဆွေသူငယ်ချင်းအပေါ်မှာလည်း သစ္စာရှိတယ်"

မေမေသည် ကျွန်မတို့အား ဦးဇင်မောင့်အကြောင်းကို မကြာခဏ ပြောတတ်၏။ မေမေသည် သူ မဆုံးခင်ကတည်းက သနပ်ဖက်ခြံ၊ လိမ္မော်ခြံ၊ ကော်ဖီခြံများနှင့် တကွ အိမ်ကြီးကို ဦးဇင်မောင်ထံ စာချုပ်စာတမ်းနှင့် အပ်ထားခဲ့သည်။ မေမေသည် သေသာသေသွားရော ကျွန်မတို့ ညီအစ်မနှစ်ယောက်အား အမွေတံတိုင်းကြီး ခြားထားသည့်အဖြစ်ကို နှစ်သက်ဟန်မတူပေ။ ထို့ကြောင့် အမွေမခွဲသေးဘဲ ကျွန်မတို့ပစ္စည်းများကို ဦးဇင်မောင်ထံ အပ်နှံထားခဲ့ခြင်း ဖြစ်ဟန်တူ၏။ ထိုမျှမက မေမေသည် ခရစ်

ယာန်တစ်ဦးဖြစ်သည့် အားလျော်စွာ သေတမ်းစာကိုလည်း ရေးပစ်ခဲ့ကာ ဦးဇင်မောင်ထံမှာပင် အပ်နှံခဲ့သည်။ မေမေသည် ကျွန်မတို့နှစ်ယောက်ကို ဗုဒ္ဓဘာသာဝင်များအဖြစ် အသိအမှတ်ပြုသော်လည်း ကျွန်မတို့နှင့် ဆက်ဆံရာတွင်ကား မေမေသည် သူ့ဘက်က ထိန်းအပ်သော ခရစ်ယာန်ဘာသာဝင် ကျင့်ဝတ်များကို တိတိကျကျ စောင့်ထိန်းသူဖြစ်ပေသည်။

"ထားခင်အိရေ၊ အန်ကယ် ဦးဇင်မောင် လာတယ်ဟေ့"

အောက်ထပ်မှ ထားခင်မူ၏ခေါ်သံကို ကြားရ၏။ ကျွန်မသည် ကျွန်မဆင်ယင်ထုံးဖွဲ့မှုကို မှန်ထဲတွင် အပြီးသတ်ကြည့်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကျွန်မသည် လှေကားတစ်ဝက်အရောက်တွင် အပေါ်မှ စီးကြည့်လိုက်၏။ ထားခင်မူက ကြိမ်ကုလားထိုင်ပုပေါ်တွင် ထိုင်လျက်ရှိပြီး ဦးဇင်မောင်က ကုလားထိုင်များအေားတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။

လှေကားပေါ်မှ ကျွန်မ ဆင်းလာသော ခြေသံကို ကြားတော့မှ ဦးဇင်မောင်သည် ကျွန်မကို ကျောပေးလမ်းလျှောက်နေရာမှ ချာခနဲလှည့်ကြည့်လိုက်၏။

"ဘယ့်နှယ်လဲဟေ့ မထား၊ အိမ်တွင်းအောင်းလှချည်လား"

ဦးဇင်မောင်က ကျွန်မကို လှမ်းနှုတ်ဆက်၏။

"မအောင်းပါဘူး ဦးဇင်မောင်၊ ခုတင် လမ်းလျှောက်က ပြန်လာတာပါ။ ဦးဇင်မောင် တောင်ကြီးကို တစ်နေ့က တက်လာသေးတယ်ဆို"

"အေး ဟုတ်တယ်။ မထားတို့ဆီ ဝင်ဦးမလို့ပဲ၊ ဒါပေမဲ့ ဧည့်သည်တွေကို အင်းလေးလိုက်ပို့စရာ ရှိတာနဲ့ အချိန်မရတော့လို့ မဝင်နိုင်ဘူး။ ယာထဲမှာ အလုပ်များရတဲ့အထဲကွာ၊ ဧည့်သည်တွေက တောင်ကြီးရောက်လာတော့ လိုက်မပို့လို့လည်း မကောင်းတာနဲ့ အချိန်လုပြီး လိုက်ပို့ရတာ"

ဦးဇင်မောင်သည် စားပွဲပေါ်က ပြာခံခွက်ဆီသို့သွားကာ လက်ထဲတွင် တောင့်နေသော ဆေးပြင်းလိပ်ပြာများကို ခြွေချနေသည်။

"ဘယ်က ဧည့်သည်များမို့လို့လဲ ဦးဇင်မောင်ရဲ့။ ဧည့်သည်ကလည်း ဦးဇင်မောင်လို တောကြီးခေါင်ခေါင်ထဲ သွားနေတဲ့ လူဆီတောင် လာကြသေးသလား"

ထားခင်မူက ဝင်၍မေးလိုက်သည်။ ထားခင်မူသည် ကျွန်မလို မဟုတ်ပေ။ ကျွန်မက နှုတ်ဆိတ်သလောက် ထားခင်မူသည် နှုတ်သွက်သူဖြစ်၏။ ကျွန်မက ဘာသိဘာသာ နေတတ်သလောက် ထားခင်မူသည် စပ်စုတတ်၏။ ကျွန်မကတော့ ဘာမျှ

ဝင်မမေးဘဲ ထုံးစံအတိုင်း ဆိတ်ဆိတ်သာနေလိုက်ပေသည်။

"မန္တလေးကောလိပ်က လက်ထောက်ကထိက မလှမြင့်တို့ပါကွယ်၊ လာတာကတော့ တောင်ကြီးကို လာတာပါပဲ။ ဒါပေမဲ့ ကိုယ်က တောင်သုံးလုံးမှာ ရှိနေမှန်းသိတော့ အင်းလေးကို လိုက်ပို့ရမယ်လို့ ကြိုတင်ပြီး စာရေးလိုက်လို့ အင်းလေးလိုက်ပြရတာပါ"

"သြော်... ဆရာမ ဒေါ်လှမြင့်တို့လား၊ ထားခင်မူ သိသားပဲ။ ရန်ကုန်တက္ကသိုလ်မှာတောင် နည်းပြဆရာမ လုပ်သွားသေးတယ်။ ထားခင်မူတို့ ဆရာမလည်း ဖြစ်ဖူးသေးတယ်"

ထားခင်မူက ဝင်ပြောလိုက်သည်။ ကျွန်မသည် ထိုအချိန်ထိ စကားတစ်ခွန်းမျှ ဝင်မပြောသေးဘဲ ထားခင်မူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး သူတို့ပြောသမျှကိုသာ နားထောင်နေ၏။

"သြော် ဟုတ်လား၊ ထားခင်မူတို့ဆရာမ ဖြစ်ဖူးသေးလား"

ဦးဇင်မောင်က စကားပြောနေရသည်ကို ငြီးငွေ့ဟန်ဖြင့် စိတ်မပါ့တပါ ပြောကာ နံရံအစွန်းမှ ပြန်လှည့်လာပြီး လမ်းလျှောက်နေ၏။ သူ့အသံသည် အေးစက်စက်ခြောက်ကပ်ကပ်နိုင်သည်ဟုလည်း ကျွန်မ ထင်မိပါသည်။

"ဦးဇင်မောင်တို့က လူပျိုကြီး လူပျိုကြီး ဆိုပေမဲ့ ဒီလိုကျတော့လည်း စွံသားပဲ၊ ထားခင်မူတို့ လက်ဖက်ရည်လေး မုန့်လေး ဘယ်တော့ စားရမှာလဲဟင် အန်ကယ်"

"ဟယ် ကောင်မလေးကလည်း"

ဦးဇင်မောင်၏ မျက်နှာမှာ တစ်မုဟုတ်ချင်း ညိုမှောင်သွားသည်ဟု ထင်လိုက်ရ၏။ ကျွန်မသည် ဦးဇင်မောင်၏ မျက်နှာကဲကို ချက်ချင်းပင် သတိထားလိုက်မိကာ ထားခင်မူကို မျက်စောင်းဖြင့် လှမ်း၍ ကြိမ်းလိုက်၏။ ထားခင်မူက ရယ်နေပေသည်။

"မဟုတ်ပါဘူးဟာ၊ ရိုးရိုးတန်းတန်းပါ။ သူ့အဖေက ပင်စင်ယူပြီး တောင်ကြီးမှာ မြေတစ်ကွက်လောက် ဝယ်ချင်တယ်ဆိုပြီး လာကြည့်တာပါ။ အဘိုးကြီးနဲ့ ကိုယ်နဲ့ခင်တော့ လိုက်မပို့လို့လည်း မကောင်းဘူးမဟုတ်လား"

ဦးဇင်မောင်က ဣန္ဒြေဆည်၍ ပြောလိုက်သည်။ မည်မျှပင် မှုမှန်အောင် ကြိုးစားသော်လည်း သူ့အသံမှာ မှုမမှန်ကြောင်းကို ကျွန်မ သတိထားမိလိုက်၏။

"သိပါဘူး၊ ထားခင်မူတို့ကတော့ တောကြီးမျက်မည်းထဲမှာ ဦးဇင်မောင် တစ်ယောက်တည်း နေရတော့ မြန်မြန်စွံပါစေလို့ပဲ ဆုတောင်းနေမိတာပဲ။ ဒါမှ ယာတောမှာ

အန်ကယ်လိုချင်တဲ့ စိတ်ကူးယဉ်ကမ္ဘာလေးတစ်ခု ဆောက်နိုင်မယ်မဟုတ်လား"

ထားခင်မူသည် ကျွန်မက မျက်စောင်းနှင့်လှမ်းကြိမ်းသည်ကိုပင် တားမရတော့ဘဲ ဦးဇင်မောင်ကို စနေသည်။ ဦးဇင်မောင်ကမူ ဘာမှမပြောတော့ဘဲ တဟဲဟဲ ရယ်နေ၏။ သို့ရာတွင် သူ့ရယ်သံမှာ ခြောက်ကပ်၍ မချိမဆုံ့နှင့်ထွက်လာသော ရယ်သံမျှသာတည်း။

ကျွန်မသည် သည်တော့မှ ဦးဇင်မောင်ကို သတိထား၍ကြည့်မိ၏။ ဦးဇင်မောင်မှာ အသက် ၄၀ လောက်ရှိပြီး၊ ကျွန်မထက် ၁၅ နှစ်လောက်ကြီး၏။ ၁၅ နှစ် ဆိုသော ကာလအပိုင်းအခြားသည် တကယ်တော့ ဘာမျှကွာလှသော ကာလမဟုတ်သော်လည်း ဦးဇင်မောင်သည် ဖေဖေနှင့်မှ မိတ်ဆွေဖြစ်လေရာ ကျွန်မတို့အဖို့ ဦးဇင်မောင်သည် ဧရာမလူကြီးဖြစ်နေ၏။ ကျွန်မတို့သည် ငယ်ငယ်တုန်းကတော့ ဦးဦးဇင်မောင်ဟုခေါ်ကြ၏။ ကြီးလာတော့ ဦးဇင်မောင်ဟုပင် ခပ်လွယ်လွယ် ခေါ်လိုက်ကြပေသည်။ ဦးဇင်မောင်၏ တင်ပါးကြီးများသည် လေးထောင့်သဏ္ဍာန်ထွက်ကာ မဖြစ်စလောက်ဗိုက်ပူနေသဖြင့် ခါးသည် ပို၍ တုတ်နေသည်ဟု ထင်ရ၏။ နှုတ်ခမ်းမွှေးရေးရေးပေါက်နေသော နှုတ်ခမ်းတွင် ဆေးပြင်းလိပ်ကို ခဲထားပုံမှာ ပို၍ လူကြီးဟန် ပေါက်နေ၏။ သို့ရာတွင် မေးရိုးကားကားနှင့် တောက်ပြောင်စူးရှသော မျက်လုံးများကြောင့် မျက်နှာမှာ သန့်ရှင်း၍ ကြည်လင်နေပေသည်။

"ထားခင်အိ၊ ဘီ အေ အီးဒီ အောင်ပြီးပြီနော်"

ဦးဇင်မောင်က သားရေဘူးထဲက ဆေးပြင်းလိပ် အသစ်တစ်လိပ်ကို ထုတ်ညှိ၍ ကျွန်မနှင့် မျက်စောင်းထိုး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ သူ့ထံမှ အနံ့ပြင်းသော ဆေးပြင်းလိပ်နံ့ကြီးသည် ကျွန်မ နှာခေါင်းထဲသို့ စူးခနဲဝင်လာ၏။ ကျွန်မသည် ကျွန်မရှေ့သို့ လွင့်လာသော ဆေးပြင်းလိပ်မီးခိုးများကို မသိမသာ လက်ဖြင့် ဖေ့ယမ်းလိုက်၏။ ဆေးပြင်းလိပ်အနံ့ကြီးကြောင့် ကျွန်မခေါင်းထဲတွင် မူးဝေသွားကာ ရင်ထဲမှ ပျို့လာပေသည်။

"ဟုတ်ကဲ့၊ ဒီနှစ် မတ်လတုန်းက အောင်ပါတယ်"

"ဘာလုပ်မယ် စိတ်ကူးသလဲ၊ ကျောင်းဆရာမ မလျှောက်ဘူးလား"

"မလျှောက်ရသေးဘူး ဦးဇင်မောင်၊ ဘီအီးဒီဆက်သွားရမလားလို့လည်း စိတ်ကူးပါတယ်။ ဒါပေမဲ့ စာလည်း သိပ်မကျက်ချင်တော့ဘူး။ လုပ်ဖြစ်ရင်တော့ ဆရာမပဲလုပ်ဖြစ်မှာပါပဲ။ ရထားတဲ့ ဒီဂရီကလည်း ဒါပဲ လုပ်စရာရှိတော့တာပဲ"

ကျွန်မက ဦးဇင်မောင်ကို တစ်ချက်မျှ လှမ်းလှည့်ပြီးနောက် လက်သည်းများကို အဓိပ္ပာယ်မရှိ ပွတ်နေမိသည်။

"အေးလေ ဘီအီးဒီ ဆက်တက်ချင်လည်း တက်ပေါ့၊ အချိန်ရှိသေးတာပဲ။ ဘီအီးဒီ မတက်ချင်လည်း ကျောင်းဆရာမအဖြစ် ဝင်လုပ်ရင်လည်း ကောင်းတာပါပဲ။ အိမ်မှာ အလကားနေရတာထက်တော့ အလုပ်တစ်ခုခုရှိနေရင် ပိုပြီးကောင်းတာပေါ့။ ဒါပေမဲ့ ဆရာမအလုပ်ကလည်း တောင်ကြီးမှာရမှ ကောင်းမှာ။ တောင်ကြီးမှာ မရရင်လည်း တောင်ပိုင်းရှမ်းပြည်တစ်နေရာရာမှာ ရရင် မဆိုးတော့မဆိုးဘူးပေါ့လေ"

"ဟုတ်ပါတယ်၊ ထားခင်အိလည်း အဲဒါပဲ စဉ်းစားနေတာပါပဲ။ တစ်ခါတလေ တော့လည်း ဘယ်မှာပဲရရ သွားလုပ်ရ ကောင်းမလားလို့တောင် စိတ်ကူးမိသေးတယ်"

ကျွန်မက ကျွန်မစိတ်ကူးဖြင့် ကျွန်မပြောလိုက်၏။ တစ်ခါတလေတော့ ကျွန်မသည် တောင်ကြီးကအိမ်တွင် မနေချင်တော့ပေ။ ရောက်ရာ ပေါက်ရာကိုသာ သွားနေလိုက်ချင်ပေသည်။ အမှန်ကတော့ ကျွန်မ၏ ရုပ်ဘဝသည် ဘာမျှ ပူပင်စရာ မရှိပေ။ မိဘများ ထားခဲ့သော အမွေပစ္စည်းများ၊ ခြံမြေများမှ ဝေစုများဖြင့်ပင် တင့်တောင့်တင့်တယ် နေနိုင်ပါ၏။ လယ်ယာလုပ်ငန်းနှင့် ခြံလုပ်ငန်းများကိုလည်း ကျွန်မသည် ဘာမျှ စီမံခန့်ခွဲစရာ မလိုပေ။ ဦးဇင်မောင်သည် မေမေ ရှိစဉ်ကတည်းကပင် ကျွန်မတို့ လုပ်ငန်းများအားလုံးကို ဦးခွန်ထီးနှင့် တိုင်ပင်ကာ လုပ်ကိုင်ပေးလျက်ရှိသည်။ ယာတော အလုပ်သမားများကို စီမံခန့်ခွဲခြင်း၊ အလုပ်သမားများအား အခကြေးငွေပေးခြင်း၊ ယာတောအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ခြင်း၊ မျိုးစေ့များ သိုလှောင်ခြင်း စသည့် ကိစ္စအဝဝကို ဦးဇင်မောင်ပင်လျှင် ဦးခွန်ထီးနှင့် တိုင်ပင်လုပ်ကိုင်သွားခဲ့သည် သာ ဖြစ်၏။ ထို့ကြောင့် ကျွန်မတို့ ညီအစ်မ၏နေထိုင်ရေးသည် ဘာမျှ ပူပင်စရာ မလိုပါပေ။ ခက်သည်မှာ ကျွန်မ၏ စိတ်ထဲတွင် မကြည်မလင် ရွာတော့မည့် မိုးကောင်းကင်အသွင် အုံ့မှိုင်းနေခြင်းသာ ဖြစ်၏။

ဦးဇင်မောင်သည် ကျွန်မစိတ်ထဲတွင် ဖြစ်ပေါ်နေသည့်ခံစားမှုကို သိ၍ နားလည်သွားသည့်ပမာ ဘာမျှမပြောတော့ဘဲ ဆေးပြင်းလိပ်ကိုသာ ဖွာနေလေသည်။

"ကဲ ကဲ လာကြပေ့၊ ထမင်းစားကြရအောင်"

ကျွန်မတို့အားလုံး စကားစပြတ်သွားကြသည့်အခိုက် ထမင်းစားခန်းဘက်ဆီမှ ကြီးကြီးညွန့်က လှမ်းခေါ်လိုက်၏။ ကျွန်မအဖို့ ကိုယ့်ထမင်းပန်းကန်ပင် ကိုယ်ဆေးစရာ မလိုပေ။ ပြင်ပြီးသား ထမင်းပွဲကို လက်ဆေး၍ စားရုံသာရှိပေသည်။

"လာဟေ့ မောင်ဇင်မောင်၊ မင်းကြိုက်တဲ့ ဟင်းတွေ ချက်ထားတယ်"

ထမင်းပွဲမှာ ဟင်းတွေစုံလှ၏။ ကြီးကြီးညွန့်သည် မေမေရှိစဉ်ကတည်းကပင် ထမင်းဟင်းကို ကျကျနနချက်ကာ ထမင်းဝိုင်းကို တခမ်းတနား ပြင်တတ်၏။ သူတစ်ယောက်တည်း စားလျှင်လည်း ကြီးကြီးညွန့်သည် ထမင်းဝိုင်းကို တခမ်းတနားပြင်ကာ တစ်ယောက်တည်းပင် ထိုင်စား၏။ ပြီးလျှင် တခမ်းတနားပြင်ထားခဲ့သမျှတို့ကို သူကိုယ်တိုင်ပင် သိမ်းရသည်သာ ဖြစ်လေသည်။

ထမင်းပွဲမှာ ဟင်းတွေ စုံလှ၏။ မျှစ်ချဉ်နှင့် ဝက်သားသုံးထပ်သားက တစ်ခွက်၊ အင်းလေးငါးကို အကောင်လိုက် အချိုကြော်ကာ အပေါ်က နံနံပင်၊ ကြက်သွန်မြိတ်၊ ခရမ်းချဉ်သီးတို့ဖြင့် နှပ်ထားသော ငါးကြော်ကတစ်ခွက်၊ သားရေကြော်၊ ငါးပိတစ်ခွက်၊ သခွားသီးတို့စရာ၊ အင်းလေးငါးခတ်သည့် ခဝဲသီးနှင့် ကြာဆံဟင်းချို။

"ရော့ ရော့ ဟောဒီ မျှစ်ချဉ်နဲ့ဝက်သား စားစမ်း၊ မင်းယာတောမှာ မင်းကို ဘယ်သူမှ စိတ်ရှည်လက်ရှည် ချက်ပြုတ်ကျွေးမှာ မဟုတ်ဘူး"

ကြီးကြီးညွန့်က ပြောပြောဆိုဆို ဟင်းဖတ်ကိုခပ်၍ ဦးဇင်မောင့်ပန်းကန်ထဲသို့ ထည့်ပေးသည်။ ဦးဇင်မောင်သည် ထမင်းစားရင်း ယာတောမှာ ထမင်းဟင်းချက်စားကြပုံတို့ကို ပြောပြနေ၏။ ကျွန်မနှင့် ထားခင်မူကတော့ ထမင်းဝိုင်းတွင် နားထောင်သူများသာ ဖြစ်ကြပေသည်။

"သြော် ဒါထက် မောင်ဇင်မောင် ကျန်းမာရေးကော ဘယ့်နှယ်နေသလဲ၊ တော်တော်ကောင်းပြီလား"

"တော်တော် ကောင်းလာတယ် ဒေါ်ဒေါ်။ တောမှာနေတော့ လေကောင်းလေသန့်လည်း ရတယ်၊ နေရောင်ခြည်လည်း ရတယ်၊ အလုပ်ကြမ်းလည်း လုပ်နိုင်တယ်။ ကျွန်တော်နဲ့တော့ ဒီအလုပ်က တော်တော်ဟန်ကျနေတယ်။ ရန်ကုန်မှာသာ ရှေ့နေလိုက်နေရင် ဒီလောက် ကျန်းမာချင်မှ ကျန်းမာမှာ"

ဦးဇင်မောင်က ထမင်းကို ဟင်းဖတ်များနှင့် လူးနယ်၍ စားနေသည်။ သူစားပုံမှာ ပလုတ်ပလောင်းနှင့် အားရပါးရ ရှိပေ၏။

"ဟုတ်တာပေါ့၊ ဒေါ်ဒေါ်တို့တော့ ရန်ကုန်ကို ပြောလို့သာ ပြောရတာ မနေချင်ပေါင်။ အသက်ရှုရတာလည်း မဝ၊ လမ်းထွက်လည်း ကားဓာတ်ဆီနံ့ မခံနိုင်၊ အသံဗလံတွေကလည်း ဆူနဲ့၊ စိတ်ညစ်စရာကြီး"

"အင်းလျားကန်စောင်းမှာ မနေရသေးလို့ပါ။ အင်းလျားကန်စောင်းမှာ နေရရင်

တောင်ကြီးထက်တောင် သာယာသေးတယ်"

ထားခင်မူက တစ်ခွန်း ဝင်ပြောလိုက်၏။ ဦးဇင်မောင်သည် ပါးစပ်နားရောက် ခါနီး ထမင်းလုတ်ကို ပြန်ချလိုက်ပြီးမှ တဟားဟား ရယ်နေ၏။

"အင်းလျားကန်စောင်းမှာ တိုက်ကြီးနဲ့ နေနိုင်ဖို့ဆိုတာက ဒုလ္လဘတရားကြီး ထားခင်မူ၊ တော်တော့်အရည်အချင်းနဲ့ မရဘူး"

"ဘာအရည်အချင်းများ လိုလို့လဲ၊ ဦးဇင်မောင်တို့လောက် ပညာအရည်အချင်း မရှိဘဲ နှစ်ယောက်ပေါင်းမှ ခုနစ်တန်းအောင်တဲ့ လူတွေတောင် အင်းလျားကန်စောင်းမှာ တိုက်ကြီးတာကြီးတွေ၊ မာစီဒီးကြီးတွေနဲ့ နေနေလိုက်ကြတာ ပြည့်လို့ပဲ"

ဦးဇင်မောင်သည် သည်တော့မှ ပို၍ကျယ်လောင်စွာ ရယ်၏။

"အေး အဲဒါ အရည်အချင်းဟ။ တို့မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဒီလူဟာ ဂျပန်ခေတ်က ဂျပန်သူလျှိုလုပ်ဖူးတယ်။ အင်္ဂလိပ်တပ်တွေ ဝင်လာတော့ အင်္ဂလိပ် ထောက်လှမ်းရေးတပ်မှာ ဝင်လုပ်တယ်၊ သူတို့မြို့ကို သူပုန်တွေသိမ်းတော့ သူပုန်တွေက သတ်မယ်လို့ လိုက်ရှာနေတာနဲ့ ရန်ကုန်ကို ဆင်းပြေးလာတယ်။ ဘာမှ မပါလာဘူး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲ။ နေတာတောင် သူများအိမ်မှာ ကပ်ရပ်နေရတယ်။ သူများအိမ်မှာနေရင်း ဟိုလူ့ဆီက ပိုက်ဆံချေး၊ ဒီလူ့ဆီက ပိုက်ဆံချေးနဲ့ သူ ဘာလုပ် သလဲဆိုတော့ မြင်းလောင်းတယ်၊ မြင်းလောင်းလို့ တစ်နေ့တော့ နိုင်လာတယ်။ နိုင်လာ ရာကနေပြီး သူ မော်တော်ကားတစ်စီးဝယ်တယ်။ စားစရာကတော့ ဘာမှမရှိဘူး။ သူ့မှာ မော်တော်ကားပဲရှိတယ်"

ဦးဇင်မောင်က ဟင်းချိုကို ခပ်၍ သောက်နေသည်။

"အဲဒီ မော်တော်ကားစီးပြီး မြင်းပွဲ သွားမြဲသွားတာပဲ။ ဘယ်သူ့ကြွေးကိုမှလည်း ပြန်မဆပ်ဘူး၊ မြင်းပွဲသွားရင်း သူ ဘယ်သူတွေနဲ့ အသိဖြစ်သလဲဆိုတော့ ဝန်ကြီးတွေ နဲ့ အသိဖြစ်တယ်။ ဝန်ကြီးတွေနဲ့အသိဖြစ်တော့ သူ ဘာလုပ်သလဲဆိုတော့ ယူနီယံ ကလပ်တက်တယ်။ ဝန်ကြီးများနဲ့ ဘိလိယက်ထိုးတယ်၊ မာကျောက်ကစားတယ်၊ ရုတ်တရက်ကြည့်ရင်တော့ သူဌေးကလေးပဲ။ ကားတစ်စီးနဲ့ မြင်းပွဲသွားလိုက်၊ ယူနီယံ ကလပ်တက်လိုက်နဲ့။ ဒီလို ကားတစ်စီးကို အရင်းပြုပြီး နေလိုက်တာ ဝန်ကြီးများနဲ့ တော်တော်ရင်းနှီးလာတော့ သွင်းကုန်ထုတ်ကုန် လိုင်စင်ရတယ်။ အဲဒီလိုင်စင်ကို ရောင်း စားတယ်။ နောက် အစိုးရကန်ထရိုက်တွေရတယ်။ ဒီလို အိုးတစ်လုံး၊ ဒီ ဖျာတစ်ချပ်က ထပြီး ကြီးပွားလာလိုက်တာ။ ဟော ခုတော့ မာစီဒီး ထည်လဲနဲ့ အင်းလျားစောင်းမှာ

တိုက်ကြီးက ဟိန်းလို့၊ အမေရိကန်သံအရာရှိအိမ်ထက်တောင် ကောင်းသေး။ ရုတ်တရက်ကြည့်ရင်တော့ အဲဒီလူရဲ့အတ္ထုပ္ပတ္တိဟာ ဟိုအရင်အင်္ဂလိပ်ခေတ်တုန်းက ခေတ်စားခဲ့တဲ့ အညာသားလေးတစ်ယောက် ရန်ကုန်ဆင်းလာပြီး သူဌေးဖြစ်လာအောင် ဘယ်ပုံဘယ်နည်းလုပ်တယ်ဆိုတာ ရေးပြထားတဲ့ ကြီးပွားချမ်းသာရေးဝတ္ထုတွေထဲက ဇာတ်လိုက်များလိုပဲ။ ဒါပေမဲ့ တို့များတော့ အားမကျဘူးဟေ့။ တကယ်ဆိုတော့ ဒီလိုဖြစ်အောင်လုပ်ဖို့ကလည်း အရည်အချင်းလိုတယ်။ နင်တို့ ငါတို့မှာ အဲဒီအရည်အချင်း မရှိဘူး"

"သူ့အရည်အချင်းက ဘယ်လောက်များ ခက်လို့လဲ"

ထားခင်မူက မခံချင်ဇောဖြင့် မေး၏။

"အေး နင်တို့ ခက်နေတာ အဲဒါပဲ။ လောကမှာ အဲဒီအရည်အချင်းဟာ အခက်ဆုံးပဲ။ တက္ကသိုလ်ဒီဂရီဆိုတာ ကြိုးစားရင်၊ ပိုက်ဆံရှိရင် ရတာပဲ။ ဘာမှမခက်ဘူး။ ခုအရည်အချင်းကတော့ မွေးပါအရည်အချင်းလို့ ငါပြောချင်တယ်။ ဒီအရည်အချင်းမျိုးဟာ ဒီဂရီ ရတာ၊ မရတာနဲ့ ဘာမှမဆိုင်ဘူး။ ရှိတဲ့လူကျတော့ ဒီဂရီရလည်း ရှိတာပဲ၊ မရလည်း ရှိတာပဲ။ နင်တို့ ငါတို့လိုလူ တော်တော်များများက ဒီအရည်အချင်းမျိုး မရှိဘူး။ ရှိလည်း မရှိရဲဘူး"

"ဘာလို့ မရှိရဲရမှာလဲ"

ထားခင်မူက မခံချင်စိတ်ဖြင့် ဆိုပြန်သည်။

"မရှိရဲလို့ပေါ့။ ဘာလို့ မရှိရဲရသလဲ သိချင်သေးသလား။ အဲဒီ အရည်အချင်းက တခြားဟာမဟုတ်ဘူး။ လိမ်တတ်ကောက်တတ်တဲ့အရည်အချင်း၊ သူတစ်ပါး မျက်ရည်ကျတဲ့အချိန်မှာ ဟားတိုက်ရယ်နိုင်တဲ့ အရည်အချင်း၊ သူများရဲ့ ချွေးသီးချွေးပေါက်ကို ပေါင်းခံပြီး အင်မတန်မွေးတဲ့ ရေမွှေးဖြစ်အောင်လုပ်တတ်တဲ့ အရည်အချင်း၊ ဝန်ကြီးပုဆိုးစကို နောက်က ကိုင်ပြီးလိုက်တော့မတတ် မရှက်မကြောက်ဖားနိုင်တဲ့ အရည်အချင်း၊ ကလိမ်ကျရမှာ၊ ကောက်ကျစ်ရမှာကို မရှက်တတ်၊ မကြောက်တတ်တဲ့ အရည်အချင်း၊ အဲဒီ အရည်အချင်း လိုတယ်။ ဒီအရည်အချင်းဟာ ပညာတတ်ခြင်း၊ မတတ်ခြင်းနဲ့ မဆိုင်ဘူး။ ရိုးသားခြင်း၊ မရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ မဖြောင့်မတ်ခြင်းနဲ့ ဆိုင်တယ်။ ကဲ နင်ကော ဒီလို မဖြောင့်မတ်၊ မရိုးသားတဲ့ အရည်အချင်းမျိုး ရှိနိုင်မလား။ ရှိကော ရှိရဲမလား"

ဦးဇင်မောင်က ထမင်းကို ဆက်စားနေ၏။ ကျွန်မသည် ဦးဇင်မောင်၏ အယူ

အဆကို စိတ်ထဲက ထောက်ခံ၏။ ကျွန်မတို့ လူ့ဘောင်၊ ကျွန်မတို့ လူ့အဖွဲ့အစည်းသည် ဦးဇင်မောင်ပြောသလိုပင် ရိုးသားဖြောင့်မတ်ခြင်းဖြင့် ကြီးပွားတိုးတက်ရန် ခဲယဉ်းလှသည်တကား။

"ဟင် ဦးဇင်မောင်ကလည်း"

"မဟင်ပါနဲ့လေ၊ အဲဒီလိုအရည်အချင်းမျိုး မရှိရဲဘူး၊ ရှိလည်းမရှိချင်ဘူး။ ခုလိုတောမှာနေရတာဟာ လွတ်လပ်တယ်၊ သန့်ရှင်းတယ်၊ အို လေကိုရှူရှိုက်ရတာက အစ သန့်ရှင်းတယ်၊ အသက်ရှူချောင်တယ်။ ကိုယ့်လုပ်အား၊ ကိုယ့်ချွေးနဲ့စာနဲ့စိုက်တဲ့ အသီးအပင်က အသီးအပွင့်တွေ ထွက်လာတာကိုကြည့်ပြီး ပျော်တယ်။ အဲဒီအသီးတွေကို သူများခူးစားတာ၊ အပွင့်တွေကို သူများခူးပန်တာ မြင်ရတော့ သာပျော်စရာကောင်းသေးတယ်"

"ဦးဇင်မောင် ပြောလိုက်ရင် ပြောင်းပြန်ချည်းပဲ။ ကိုယ်စိုက်တဲ့ပန်းပင်က ပန်းပွင့်ကို သူများခူးပန်တာ ကြည့်ပြီး ပျော်ရတယ်လို့ပဲ။ ကိုယ်စိုက်တဲ့ ပန်းပင်က ပန်းပွင့်ကို ကိုယ်ပဲ ပန်ရမှာပေါ့။ စိုက်တော့ ကိုယ်ကစိုက်ထားရတယ်။ ခူးတော့ သူများက ခူးတယ်ဆိုတော့ ဘယ်သဘာဝကျမလဲ"

ကျွန်မက ဦးဇင်မောင်နှင့် ထားခင်မူတို့ 'ပန်းပွင့်ခူး အဘိဓမ္မာ' ငြင်းခုံကြပုံကို နားထောင်၍ ပြုံးနေ၏။

"သဘာဝကျတာ မကျတာတော့ မသိဘူး။ တို့များတော့ ပျော်တယ်"

"ဒါထက် မောင်ဇင်မောင့်ယာတောမှာ ဘာပန်းတွေ စိုက်သေးသလဲကွ"

ထမင်းပွဲစကတည်းက စကားတစ်လုံးမျှ ဝင်မပြောသေးသော ကြီးကြီးညွန့်က သူ စိတ်ဝင်စားရာကို လှမ်းမေး၏။

"စုံလို့ပဲ ဒေါ်ဒေါ်။ မေမြို့ပန်း၊ ဒေလီယာ၊ နှင်းဆီ၊ ခု စိန်ဒေလီယာ ပျိုးထားတယ် ဒေါ်ဒေါ်။ နောက်ထပ်တော့ ဘာမျှမစိုက်သေးဘူး။ မျိုးစေ့တွေ မှာထားတာကတော့ ရောက်နေပြီ။ ခုတစ်လော ရင်ဘတ်က နည်းနည်းအောင့်နေတာနဲ့ သိပ်အလုပ်ကြမ်း မလုပ်ဖြစ်ဘူး။ နားနေရတယ်"

"မောင်ဇင်မောင် ရင်ဘတ်က အောင့်အောင့်နေပြန်ပြီလား"

ကြီးကြီးညွန့်က အလန့်တကြား မေးလိုက်သည်။ ကြီးကြီးညွန့်သည် စိုးရိမ်ထိတ်လန့်ဟန်ပေါက်ကာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ဟု ကျွန်မထင်၏။ ပြီးတော့ မေးပုံမှာလည်း ကြီးကြီးညွန့်သည် ဦးဇင်မောင် ရင်ဘတ်အောင့်သည့်ကိစ္စကို ရှေ့ဦး

မဆွကပင် သိရှိပြီးသားလို ဖြစ်နေသည်။

"သြော် ဒေါ်ဒေါ်၊ မထားတို့ ထားခင်မူတို့ကိုလည်း တစ်ခါတလေ ယာတောဘက် ခေါ်ရဦးမယ်။ ခု အပွင့်မျိုးစုံ၊ ပန်းမျိုးစုံ စိုက်ထားတယ်။ သိပ်လှတာပဲ"

ဦးဇင်မောင်က စကားလမ်းကြောင်းကို လွှဲလိုက်၏။ ကျွန်မသည် ဦးဇင်မောင်မပြောချင်မှန်းကို သတိထားမိလိုက်သဖြင့် နောက်ထပ် ဘာမျှမမေးတော့ဘဲ ဆိတ်ဆိတ်သာ နေလိုက်ပေသည်။

ထမင်းဝိုင်း သိမ်းပြီးလျှင် ကော်ဖီနှင့် ထောပတ်ငှက်ပျောများ၊ သစ်တော်သီးပန်းကန်များ ရောက်လာသည်။ ကျွန်မနှင့် ကြီးကြီးညွန့်က သစ်တော်သီးများကိုအခွံသင်ကာ အစိတ်ကလေးတွေ စိတ်ပေးပြီး ပန်းကန်ပြားထဲသို့ ထည့်ပေး၏။ ဦးဇင်မောင်သည် သစ်တော်သီးတစ်စိတ်ကို တကျွတ်ကျွတ်မြည်အောင် ကောက်စားနေသည်။

"ကျွန်တော့်ယာတောမှာလည်း သစ်တော်ပင်တွေ ချထားတယ်၊ ရှေ့နှစ်လောက်ဆိုရင် သီးတော့မယ်။ မျိုးကတော့ အောင်ပန်း ပွဲစားညီ့တို့ ပေးတဲ့ မျိုးပဲ"

ကျွန်မတို့သည် စကားစပ်မိရာ လျှောက်ပြောကြ၏။ အများဆုံးပြောသူမှာဦးဇင်မောင်ဖြစ်၏။ တောင်သုံးလုံးက သစ်တစ်ပင် ယာတောအကြောင်း၊ သူ မှာထားသော ချက်ကိုစလိုဗေးကီးယားပြည်လုပ် လယ်ထွန်စက်အကြောင်း၊ ဂမုန်းပင်များအကြောင်း စသည်တို့ ဖြစ်ကြသည်။

ကျွန်မသည် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ ခေါင်းထဲတွင်လည်း အုံတုံတုံကြီးဖြစ်နေ၏။ ဦးဇင်မောင်ကား စကားပြောကောင်းတုန်း ရှိပါသေးသည်။ သို့ရာတွင်သူ့စကားထဲတွင် ဦးဇင်မောင်သည် မေမေ့အကြောင်းကို တစ်လုံးမျှ ထည့်သွင်းပြောဆိုခြင်း မပြုသည်မှာကား ထူးဆန်းသည်ဟု ကျွန်မထင်၏။ အခြားဧည့်သည်များဆိုလျှင် မေမေ့အကြောင်းကို မျက်နှာမသာမယာဖြင့် ပြောတတ်ကြ၏။ စကားစပ်မိလျှင်မေမေ့အကြောင်းသို့ မရောက်ရောက်အောင် သိုင်းဝိုင်း ယူလာတတ်ကြ၏။ ကျွန်မတို့ကိုတရားချတတ်ကြ၏။ ဦးဇင်မောင်ကား တရားချဖို့ ဝေးစွ၊ မကြာသေးမီက ကွယ်လွန်လေပြီးသော မေမေ့အကြောင်းကို တစ်ခွန်းမျှ မဟပေ။ ဖေဖေ့အကြောင်းကိုကားပြောရန်ပင် မလိုတော့ပါ။

တကယ်ဆိုလျှင် ဦးဇင်မောင်သည် လောကအလယ်တွင် မျက်နှာငယ်နှင့် ကျန်ရစ်ခဲ့သည့် ကျွန်မတို့ ညီအစ်မအား အားပေးစကား ပြောသင့်ပါ၏၊ နှစ်သိမ့်သင့်ပါ၏။

ယခုသော် ဘာမျှ ပြောဖော်မရချေတကား။

ဦးဇင်မောင်မှာ သစ်ပင်ပန်းပင်နှင့် ယာတောအကြောင်းကို ပြောတုန်းဖြစ်၏။ ဦးဇင်မောင်၏ ရင်ထဲကနှလုံးသားများသည် ရေခဲတုံးကြီးလို အေးစက်နေမည်လား မပြောတတ်ပေ။

ကျွန်မသည် ခေါင်းထဲက အုံတုံတုံရှိသည်နှင့် အိပ်ရာပေါ်သို့ သွားလှဲရန် ထလိုက်သည်။ ဦးဇင်မောင်သည် ကြီးကြီးညွန့်နှင့် စကားပြောနေရာမှ ကျွန်မဘက်သို့ လှည့်ကြည့်လိုက်၏။

"မထား ခဏ"

ဦးဇင်မောင်၏ အသံကြောင့် ကျွန်မ လှမ်းတော့မည့် ခြေလှမ်းများသည် တုံ့ခနဲ ဖြစ်သွားကြသည်။ ဦးဇင်မောင်ကား ဆေးပြင်းလိပ်ပြာကို ခြွေလိုက်ရင်း...

"ခဏထိုင်ပါဦး၊ ထမင်းဝိုင်းမှာ လူစုံတုန်း မထားတို့ကို ပြောစရာတစ်ခုရှိတယ်"

ကျွန်မသည် ဦးဇင်မောင်ပြောသည့်အတိုင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ကြီးကြီးညွန့်နှင့် ထားခင်မူက စားလက်စ သစ်တော်သီးများကို အစသတ်နေကြသည်။

ဦးဇင်မောင်၏မျက်နှာသည် စောစောက ပြုံးပြုံးရယ်ရယ်ရှိသလောက် ယခု ဣန္ဒြေကြီးတစ်ခွဲသားနှင့် ဖြစ်နေသည်။ သူ့မျက်နှာသည် လေးနက်တည်ငြိမ်သော အသွင်ကို ဆောင်လျက်ရှိ၏။ မျက်ခုံးထူထူကြီးအောက်မှ စူးရှတောက်ပြောင်သော မျက်လုံးများကလည်း ကျွန်မတို့နှလုံးသားများကို ဖောက်ထွင်း၍ ကြည့်နေသလို ထင်ရ၏။

"ကိစ္စက တခြားတော့ မဟုတ်ပါဘူး၊ မထားတို့လည်း သိပြီးသားဖြစ်ချင်ဖြစ်မှာပဲ။ မထားတို့မေမေဆုံးတော့ ဒီအိမ်ကြီးနဲ့တကွ သစ်တစ်ပင်ယာတောရော၊ တခြားသနပ်ဖက်ခြံ၊ လိမ္မော်ခြံတွေရော အားလုံးကို မထားတို့ညီအစ်မနာမည်နဲ့ လွှဲပြီး ဦးဇင်မောင်ဆီမှာ အပ်ပစ်ခဲ့တယ်။ အဲဒီ ခြံမြေတွေပေါ်က ရတဲ့ အကျိုးခံစားခွင့်ဟူသမျှ ကိုလည်း မထားတို့ ညီအစ်မပဲ သာအတူ နာအတူ ခံစားစေရမယ်ဆိုတဲ့ သဘောပါ တယ်၊ ဆိုလိုတာကတော့..."

ဦးဇင်မောင်သည် ဘာမျှမပြောသေးဘဲ ဆေးပြင်းလိပ်ကို ဖွာလိုက်၏။ သူ့ဆေးပြင်းလိပ်မှာ မီးမရှိတော့ပေ။ သို့ရာတွင် ဦးဇင်မောင်သည် ဆက်လက်မီးညှိရန် မကြိုးစားတော့ဘဲ ဆေးလိပ်ပြာများကိုသာ ခြွေနေသည်။

"ဆိုလိုတာကတော့ မထားတို့ညီအစ်မ နှစ်ယောက်ဟာ သူ မရှိတဲ့နောက်မှာ

တစ်ယောက်ယောက်က အိမ်ထောင်မပြုသေးသမျှ ကာလပတ်လုံး ဒီပစ္စည်း၊ ဒီခြံမြေတွေကို သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းဆိုပြီး အမွေ မခွဲစေချင်သေးတဲ့ သဘောပဲ။ အဲဒီသဘောကိုလည်း မထားတို့ နားလည်လိမ့်မယ်လို့ ဦးဇင်မောင် မျှော်လင့်တယ်။ မထားတို့မေမေဟာ အခက်အခဲတွေကြားထဲက ကြီးပြင်း လူလားမြောက်အောင် မွေးလာခဲ့ရတဲ့ သမီးနှစ်ယောက်ကြားထဲမှာ အမွေတာ်တိုင်းကြီး ကာဆီး မထားရစ်ခဲ့ချင်ဘူး။ အဲ တစ်ယောက်ယောက်က အိမ်ထောင်ပြုသွားပြီဆိုတဲ့အခါကျတော့မှ ဒီအမွေကိုခွဲဖို့ မှာပစ်ခဲ့တယ်။ အဲသလို အမွေမခွဲမီ အတောအတွင်းမှာတော့ ဒီခြံမြေ လယ်ယာကိစ္စတွေကို မထားတို့နဲ့ သဘောတူညီမှုကိုယူ၊ ဦးခွန်ထီးနဲ့ တိုင်ပင်ညှိနှိုင်းပြီး ဦးဇင်မောင်က စီမံခန့်ခွဲသွားဖို့ အပ်နှံထားခဲ့တယ်"

ကြီးကြီးညွန့်သည် သူ့ ညီမကို အမှတ်ရဟန်ဖြင့် မျက်ရည်လေး တစမ်းစမ်းနှင့် ဖြစ်နေ၏။ ကျွန်မကမူ မျက်ရည်မကျတော့ပါ။ ကျစရာမျက်ရည်လည်း ကုန်ခန်းလောက်ပြီဟု ကျွန်မ ထင်ပေသည်။ ရင်ထဲတွင် ဆို့နင့်နင့်ကြီး ဖြစ်နေသည်ကိုသာ ပေါ့ပါးသွားအောင် အောက်နှုတ်ခမ်းကို ကိုက်၍ သက်ပြင်းကို ချလိုက်၏။

"နောက်တစ်ခုကတော့ မထားတို့ မေမေရဲ့ သေတမ်းစာပဲ။ မထားတို့မေမေ ဆုံးခါနီးတော့ သေတမ်းစာတစ်စောင် ရေးခဲ့တယ်။ ရေးပြီး ချိပ်ပိတ်ပြီးတော့ ဦးဇင်မောင်ဆီမှာပဲ အပ်နှံထားခဲ့တယ်။ ဒီသေတမ်းစာထဲမှာ ဘာတွေပါသလဲဆိုတာကိုတော့ ဦးဇင်မောင်မှာ ပြောပိုင်ခွင့်မရှိဘူး။ ဒါပေမဲ့ ဒီသေတမ်းစာကို ထားခင်အိ အသက် ၂၅ နှစ်မြောက်တဲ့နေ့မှာပဲဖြစ်ဖြစ်၊ သို့မဟုတ် ထားခင်မူ အသက် ၂၀ ပြည့်တဲ့နေ့မှာပဲ ဖြစ်ဖြစ်၊ တစ်ချိန်ချိန်မှာ ညီအစ်မနှစ်ဦးစလုံးရဲ့သဘောတူညီချက်နဲ့ ဖွင့်ဖတ်နိုင်တယ် ဆိုတဲ့ စည်းကမ်းချက်တော့ ပါပါတယ်။ ဒီစည်းကမ်းချက်ကိုတော့ မထားတို့ လိုက်နာရလိမ့်မယ်။ ပြီးတော့ ဦးဇင်မောင်ဟာ မထားတို့တစ်တွေ အိမ်ထောင်ရက်သား မကျမချင်း မထားတို့ရဲ့ စီးပွားရေးနဲ့တကွ လူမှုဆက်ဆံရေးကိစ္စအဝဝတွေကို ကြီးကြပ်စီမံ ဆောင်ရွက်ပါလို့ ပါတယ်။ ဦးဇင်မောင်ဟာ မထားတို့ရဲ့ တရားဝင်အုပ်ထိန်းသူလို့ပဲ ဆိုပါစို့လေ။ ပြောစရာကတော့ ဒီလောက်ပါပဲ"

ဦးဇင်မောင်သည် စကားကို အဆုံးသတ်လိုက်၏။

"မေမေ့ သေတမ်းစာက တရားဝင်သလား ဦးဇင်မောင်။ သေတမ်းစာထားခဲ့တဲ့ စနစ်ဟာ အနောက်နိုင်ငံရဲ့စနစ် မဟုတ်လား"

ကျွန်မက မေမေ၏ ထူးဆန်းသောအပြုအမူကြောင့် ဦးဇင်မောင်ကို လှမ်းမေး

၏။ ဦးဇင်မောင်က ပြုံးလိုက်ပြီး

"အနောက် နိုင်ငံတွေမှာ ကျင့်သုံးလေ့ရှိတဲ့ စနစ်ဆိုတာတော့ အမှန်ပဲ မထား။ အမှန်ကတော့ ခရစ်ယာန်ဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာပဲ။ ဗုဒ္ဓဘာသာမှာတော့ သေတမ်းစာဟာ တရားမဝင်ဘူး၊ ထုံးစံလည်း မရှိဘူး။ မထားတို့မေမေဟာ တစ်ခါတလေတော့ သိုးလေးလိုပဲ။ သိုးများဟာ ရိုးရိုးကုပ်ကုပ်ကလေး နေတယ်၊ စိတ်သဘောထား သိမ်မွေ့တယ်။ ဒါပေမဲ့ စည်းကမ်းကြီးတယ်၊ ခေါင်းမာတယ်၊ သတ္တိသိပ်ကောင်းတယ်၊ လုပ်ရာကိုင်ရာမှာ သိပ်ပြတ်သားတိကျတယ်။ ကြည့်လေ မော်တင်လိန်းကို ကျောင်းသွားနေရင်း ပြန်လာတော့ ခရစ်ယာန်ဘာသာ ဝင်လိုက်တာသာကြည့်၊ တစ်ဆွေလုံး တစ်မျိုးလုံး ဗုဒ္ဓဘာသာ၊ သူ ခရစ်ယာန်ဘာသာထဲ ဝင်တော့ အဖေကရော၊ အမေကရော ဘယ်သူကမှ သဘောမတူဘူး။ ဒါပေမဲ့ သူ မှန်တယ်ထင်ရင် လူပုံကသာ အေးအေးဆေးဆေးလေးနေပေမဲ့ အင်မတန် တိတိကျကျလုပ်တယ်။ ဘယ်သူ့မျက်နှာမှ မထောက်ဘူး။ စည်းကမ်းလည်း သိပ်ကြီးတယ်။ မထားတို့ ဖေဖေနဲ့တော့ ဆန့်ကျင်ဘက်ပဲ"

ကျွန်မသည် ကွယ်လွန်လေပြီးသော ဖေဖေနှင့် မေမေတို့ကို စိတ်ထဲတွင် ရမ်းဆ၍ ကြည့်မိ၏။ ဖေဖေမှာ ကျွန်မ ငယ်ငယ်က ကွယ်လွန်ခဲ့၍ ဖေဖေ့ ရုပ်ပုံလွှာကိုတော့ ပြက်ပြက်ထင်ထင် မမြင်ရတော့ပါ။

"ကဲ ကဲ မောင်ဇင်မောင်လည်း တစ်နေ့လုံး ဧည့်သည်တွေကို လိုက်ပို့ရတာနဲ့ ခရီးပန်းလှရော့မယ်။ အောက်ထပ်ကအခန်းထဲမှာ အိပ်ရာပြင်ထားတယ်။ မိထားတို့ ညီအစ်မလည်း အိမ်ပေါ်တက်ကြတော့"

ကြီးကြီးညွန့်က ပြောလိုက်သဖြင့် ကျွန်မသည် အပေါ်ထပ်သို့ တက်လာ၏။ မလုံးမှာ ကျွန်မတို့အိပ်ရာများကို ပြင်ဆင်ပြီးပေပြီ။

## [၃]

ကျွန်မသည် အသက်ရှူမဝသလို ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်နေသဖြင့် ပြတင်းပေါက်သို့ သွားရပ်လိုက်၏။ လဆန်းရက်ဖြစ်သော်လည်း မိုးတိမ်တို့ကြောင့် လရောင်သည် မှုန်ရီရီ ဖြာကျနေသည်။ မိုးတိမ်ဖြူဖြူများသည် ပိုးဇာပဝါစများလို လွင့်နေပေသည်။ လေသည် မိုးမှုန်ငွေ့လေးများကြောင့် အေးမြကာ မိုးသက်နံ့ဖြင့်

မွေးနေပေသည်။ ပုရစ်များ အော်သံကို ကြားရလေသည်။

ကျွန်မ အိမ်ပြတင်းပေါက်မှ လှမ်းမြင်နေရသော တောခင်တန်း တောင်ကမူများသည် ဘာကိုမျှ ထင်ရှားစွာ ပုံဖမ်းမရဘဲ ရေးရေးရိပ်ရိပ်သာ ပေါ်နေကြ၏။ ကျွန်မသည် ရေးရေးမှုန်မှုန်သာ ပေါ်နေကြသော သစ်ပင် တောတောင်များကို လှမ်းမျှော်ကြည့်ရင်း ညနေတုန်းက တွေ့ခဲ့ရသည့် ဆရာဝန် ကိုအောင်မျိုးကို သွား၍ အမှတ်ရပါသည်။ ကိုအောင်မျိုးကို တက္ကသိုလ်မှာတုန်းက မြင်ဖူးသလိုလိုတော့ ရှိသည်ဟု ထင်၏။ သို့ရာတွင် ပီပီသသ မဟုတ်ပေ။ သူသည် ကျွန်မတို့ထက် အတန်းကြီးသူဖြစ်၍လည်းကောင်း၊ ကျွန်မတို့နှင့်ဝေးကွာသော ဆေးသိပ္ပံဘက်မှာနေရသည့်အတွက်လည်းကောင်း ကျွန်မသည် မြင်ဖူး၊ တွေ့ဖူးနေသောမျက်နှာဖြစ်ကြောင်းကိုသာ သတိထားမိ၏။

မိုးနတ်သားသည် သူ၏ စစ်ပွဲအတွက် သေနင်္ဂဗျူဟာကို ခင်းကျင်းသောအခါတွင် မိုးခြိမ်းသံများသည် တဂျိမ့်ဂျိမ့် မြည်လာကြသည်။ လျှပ်ပန်းလျှပ်နွယ်တို့ ပစ်ဖောက်၍လည်း စစ်သဘင် ဆင်ယင်တတ်ပါသေးသည်။

ကျွန်မ ရင်ထဲမှာ မိုးနတ်သား မြူးသလောက် မမြူးနိုင်ပေ။ ကျွန်မ၏ ဘဝသည် မိုးဦးကောင်းကင်လို အုံ့မှိုင်းလျက် ရှိ၏။ မိဘမရှိသော ဤဘဝတွင် ကျွန်မတို့ညီအစ်မသည် ခရီးကြမ်းကြီးကို ဘယ်ပုံလျှောက်ကြမည်နည်း။ ဘယ်လောက်ပင် မီးလျှံဝိုင်းဝိုင်း၊ ဘယ်လောက်ပင် မုန်တိုင်းထန်ထန်၊ ဘဝခရီးကို ရဲရဲဝံ့ဝံ့ လျှောက်မည်ဆိုသည့် စကားမှာ သီချင်းတွေ၊ ဝတ္ထုတွေထဲမှာသာ ပါလေ့ရှိသော်လည်း တကယ့်ဘဝတွင်ကား ပြောသလောက် လွယ်ကူသောကိစ္စ မဟုတ်ပေ။

ကျွန်မ ပြတင်းပေါက်မှာ ရပ်နေတုန်း အောက်ထပ်မှ စန္ဒရားသံ ထွက်ပေါ်လာ၏။ စန္ဒရားမှာ အတွဲအဖက်မရှိ တစ်လုံးချင်း ခေါက်နေသောအသံဖြစ်၏။ သို့ရာတွင် ပီပီသသတော့ ရှိပေသည်။

လျှပ်ပန်းခွေနဲ့ လေသွဲ့ယူငင်

မြူမှုင်ထစ်ချွန်း စစ်ရှုံးအသူရာ

ကျွန်မသည် သည်သီချင်းကို နည်းနည်းပါးပါးရ၏။ ယိုးဒယားလား၊ ကာလပေါ်လားတော့ ကောင်းကောင်းမသိပေ။ စန္ဒရားမှာ ပတ္တလားခေါက်သလို ညာတစ်ချောင်း၊ ဘယ်တစ်ချောင်း တစ်လုံးချင်း ခေါက်နေရာ ဦးဇင်မောင်၏ လက်သံမှန်းသိလိုက်၏။ ဦးဇင်မောင်သည် ဝါးပတ္တလားကို ကောင်းကောင်း တီးတတ်ပေသည်။

ကျွန်မသည် တစ်လုံးချင်း တီးခတ်နေသော ဦးဇင်မောင်၏ စန္ဒရားသံကို နားထောင်ရင်း အပြင်ဘက်သို့ ငေးကြည့်မိပြန်သည်။ ဦးဇင်မောင်သည် သည်အချိန်၊ သည်ရာသီနှင့်လိုက်အောင် သည်သီချင်းကိုမှ တီးတတ်လေခြင်း။

သီချင်းမှာ မိုးသက်လေဟုန့်ရာသို့ ရွေ့လျားနေကြသော လျှပ်ပန်း၊ လျှပ်နွယ်များ မြူးကြပုံ၊ မင်ရောင်လို မည်းနက်သော တိမ်တိုက်များ အလိပ်လိုက်တက်ကာ လျှပ်နွယ်တို့ ထစ်ချုန်းကြပုံ။ စစ်ရှုံးအသုရာအား သိကြားမင်းက ဝက်ခေါင်းထိုးစစ်ဆင်ပုံတို့ကို ဖွဲ့ထား၏။

ကျွန်မသည် မိုးပန်း လျှပ်နွယ်များနှင့် သည်သီချင်းကို ကြားတော့ စိတ်ထဲမှာ လှိုက်ဖို၍ လာလေသည်။ လွမ်းရမလို၊ ဆွေးရမလို၊ လှိုက်ဖိုခြင်းတစ်မျိုးဟု ကျွန်မဆိုချင်ပါ၏။ ကျွန်မသည် သီချင်းကို နားထောင်ရင်း တစိမ့်စိမ့် အေးလာသဖြင့် ပြတင်းပေါက်ကို ပိတ်ကာ အိပ်ရာပေါ်သို့ လှဲချလိုက်မိသည်။ တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက် ပူ၍လာသည်။ တစ်ဖက်ခန်းမှ ထားခင်မူမှာ အိပ်ပျော်နေပေပြီ။

ကျွန်မသည် ချမ်းချမ်းနှင့် စောင်ကို နှစ်ထပ် သုံးထပ် ခြုံကာ ကြိုးစား၍အိပ်၏။ သို့ရာတွင် အိပ်၍ မရပါတကား။

တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူကာ ခေါင်းကလည်း ဦးနှောက်ပွင့်လုမတတ် ကိုက်ခဲနေသည်။ ခါးတွေ၊ အရိုးအဆစ်တွေကလည်း တစစ်စစ် ကိုက်နေသည်။ မျက်လုံးများကလည်း လေးလံကာ ကိုက်ခဲနေသည်။ ညနေ မိုးမိပြီးနောက် အအေးမိလာခြင်း ဖြစ်ပေသည်။

"မလုံး မလုံး"

ကျွန်မသည် မနေနိုင်တော့သည့်အဆုံး မလုံးကို လှမ်း၍ခေါ်၏။ မလုံးသည် ကျွန်မတို့ ခြေရင်းခန်းတွင် အိပ်နေရာမှ ထလာလေသည်။

"ဘာလဲ မထား၊ ဘာဖြစ်လို့လဲ"

မလုံးက မျက်လုံးများကိုပွတ်ကာ အလန့်တကြား မေး၏။ ကျွန်မသည် မလုံးကို ဘာမျှမပြောနိုင်ဘဲ ခေါင်းညိတ်၍ ခေါ်ကာ ကျွန်မကိုယ်ပေါ်ကို တက်အဖိခိုင်းရ၏။

"ဟင် ချစ်ချစ်တောက်လို့ပါလား။ မှန်းစမ်း ညနေတုန်းက မိုးမိပြီး ဖျားပြီထင်တယ်။ ဟုတ်တာပေါ့၊ မီးစနဲ့ထိုးလိုက်သလိုပဲ ပူနေတာပဲ။ ဆေးမသောက်ဘူးလား"

ကျွန်မက ခေါင်းကို ယမ်းပြလိုက်၏။

"နေဦး နေဦး၊ အေပီစီ ဆေးပြားလေးတွေ ရှိတယ်။ အဲဒါ သောက်လိုက်"

မလုံးသည် အခန်းပြင်သို့ ထွက်သွား၏။ ပြန်လာတော့ ကြီးကြီးညွန့်ပါ ပါလာလေသည်။

"ဆေး အရမ်းတိုက်လို့ ဘယ်ဖြစ်မလဲ မလုံးရဲ့။ သွားစမ်း သွားစမ်း။ ထားခင်မူရဲ့ အခန်းထဲမှာ ပြဒါးတိုင်ရှိတယ်။ ပြဒါး တိုင်းကြည့်စမ်း"

ကြီးကြီးညွန့်သည် ကျွန်မ နဖူးကိုစမ်းကာ ပျာပျာသလဲ ဖြစ်နေသည်။ မလုံး အပြန်တွင် ထားခင်မူပါ ပါလာလေသည်။ မလုံး ကြောက်ကြောက်လန့်လန့်နှင့် တစ်အိမ်လုံးရှိသမျှ လူများကို လိုက်နှိုးနေသလား မပြောတတ်ပေ။

"လာစမ်း ထားခင်မူ၊ အပူတိုင်းကြည့်စမ်း၊ ဘယ်လောက်ရှိသလဲ မသိဘူး"

ထားခင်မူက ကျွန်မ ပါးစပ်ထဲသို့ ပြဒါးတိုင် ထိုးထည့်လိုက်သည်။ ကျွန်မက မျက်လုံးကို မှိတ်ထားရင်း ပြဒါးတိုင်ကို ငုံထားလိုက်၏။ အတန်ကြာတော့မှ ထားခင်မူက ပြဒါးတိုင်ကို ဆွဲနုတ်၍ မီးရောင်တွင် ထောင်ကြည့်လိုက်ရင်း

"တစ်ရာ့လေးတောင် ရှိတယ်။ ဒေါက်တာ ပီလေးကို ခေါ်မှပဲထင်တယ်"

"ဟဲ့ တစ်ရာ့လေးဆိုတော့ အများကြီးပါလား။ ခေါ်မှပေါ့၊ မခေါ်လို့ ဘယ်ဖြစ်မလဲ။ ဟဲ့ မလုံး မောင်ဇင်မောင် အိပ်ပြီလား၊ သွားနှိုးစမ်း။ ဒေါက်တာ ပီလေးကို ခေါ်ပေးစမ်းပါလို့"

ဒေါက်တာ ပီလေးမှာ ကျွန်မတို့ အိမ်ထောင်စု၏ ဆရာဝန်ဖြစ်၏။ ဖေဖေတို့၊ မေမေတို့ လက်ထက်ကတည်းကပင် ကျွန်မတို့ အားထားရသော လက်စွဲတော်ကြီး ပေတည်း။

"အို ကြီးကြီးကလည်း မခေါ်ပါနဲ့။ ထားခင်အိ မိုးမိလို့ အအေးမိတာပါ။ မနက်ကျရင် ပျောက်သွားမှာပဲ"

ကျွန်မသည် အသံသဲ့သဲ့ဖြင့် ပြောလိုက်သည်။ ကျွန်မသည် ကျွန်မကြောင့် ညကြီးသန်းခေါင်တွင် တစ်အိမ်လုံး ယောက်ယက်ခတ်ရသည်ကို မနှစ်သက်ပေ။ သို့ရာတွင် ကြီးကြီးညွန့်ကို တားမရတော့ပါ။

ဦးဇင်မောင်သည် အိပ်ရာမှ ကျွန်မ အဖျားကို လာကြည့်၏။ အပူ တစ်ရာ့လေး ဆိုသောအခါ ဦးဇင်မောင်ကလည်း ခေါ်မှဖြစ်မည်ဆိုကာ ဗွတ်ထွက်သွားလေသည်။

ကြီးကြီးညွန့်သည် ဦးဇင်မောင် ဆရာဝန် သွားခေါ်နေတုန်းမှာ ကျွန်မ နားထင် နားရင်းများကို ပရုတ်ဆီများ လိမ်းကျံနှိပ်နယ်ပေးနေ၏။ ကျွန်မသည် ဘာမျှမပြောတော့ဘဲ သူတို့လုပ်သမျှကိုသာ ငြိမ်ခံနေလိုက်လေသည်။

ခဏကြာလျှင် လှေကားပေါ်သို့ တက်လာသော ခြေသံများနှင့်အတူ ဦးဇင်မောင် ပြန်ရောက်လာ၏။ ကျွန်မသည် ဦးဇင်မောင်ကို အားနာ၍သွားလေသည်။ ကျွန်မတို့ အိမ်မှာ ယောကျ်ား ကြီးကြီးမားမားဆို၍ တစ်ယောက်မျှ မရှိပေ။ အားလုံး မိန်းမသား တွေသာဖြစ်၏။ ဦးခွန်ထီးကလည်း အိမ်မှာမနေဘဲ ယာတောမှာသာ နေလေသည်။ ယခုလည်း ဦးဇင်မောင် ရောက်တုန်းနှင့် ကြုံကြိုက်နေသဖြင့်သာ အလွယ်တကူ ချောချောမောမော ဖြစ်သွားခြင်းဖြစ်၏။ ဦးဇင်မောင်များ မရှိလျှင် ကျွန်မတို့ မိန်းမသား တွေချည်း ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဘာလုပ်ရမှန်းကိုပင် သိမည်မဟုတ်ပေ။ ကျွန်မသည် ကျွန်မတို့အဖြစ်ကိုတွေးမိကာ တစ်ချက်တည်း အားငယ်သွားမိလေသည်။

"ဒေါက်တာ ပီလေးတော့ မတွေ့ခဲ့ဘူး။ ကလော ဆင်းသွားတယ်ဆိုလို့ သူ့ အိမ်ဘေးက ဒေါက်တာကို နှိုးခေါ်လာခဲ့ရတယ်"

ဦးဇင်မောင်က အခန်းထဲသို့ ဝင်လာရင်း ကြီးကြီးညွန့်ကို ပြောနေသည်။

"လာပါ ဒေါက်တာ၊ လာပါ"

ကျွန်မသည် ပက်လက်လှန် မှိန်းနေရာမှ အခန်းပေါက်ဝသို့ စောင်းငဲ့ကြည့် လိုက်၏။ အစတော့ သဲကွဲစွာ မမြင်ရပေ။ မီးရောင်ထဲ ရောက်လာတော့မှ ကျွန်မသည် ဆရာဝန်ကို သဲကွဲစွာ မြင်ရတော့သည်။

ဒေါက်တာ အောင်မျိုး။

ကျွန်မက ယဲ့ယဲ့မျှပြုံး၍ ဒေါက်တာအောင်မျိုးကို နှုတ်ဆက်လိုက်၏။ ဒေါက် တာအောင်မျိုးကလည်း ကျွန်မကိုမြင်တော့ အံ့အားသင့်သွားဟန်တူသည်။

"သြော် လက်စသတ်တော့ ဒီအိမ်ကကိုး"

ကြီးကြီးညွန့်၊ ဦးဇင်မောင်နှင့်ထားခင်မူတို့သည် ကျွန်မနှင့် ဒေါက်တာအောင်မျိုး ကို လှမ်းကြည့်နေကြ၏။

"ညနေက မိုးမိတာနေမှာပေါ့၊ ကျွန်တော် လမ်းမှာ ကားနဲ့တွေ့လို့ခေါ်တော့ ဒီနားတင်ပါဆိုပြီး မိုးရေထဲ ဖွတ်သွားတာကိုး"

ဒေါက်တာအောင်မျိုးက အပြစ်တင်သလို ကျွန်မကိုပြော၏။ ကျွန်မမှာ ကိုယ့် အပြစ်နှင့်ကိုယ်မို့ ဘာမျှပြန်မပြောတော့ပေ။ ဒေါက်တာအောင်မျိုးသည် ကျွန်မကို ဆေးထိုးရန် ပြင်ဆင်ပါသည်။ ထားခင်မူက အပ်ပြုတ်ရန် ရေနွေးဇလုံ၊ ဆပ်ပြာ၊ လက်သုတ်ပဝါတို့ကို အဆင်သင့်လုပ်ပေးသည်။

"အဲဒီ ဆေးပြားကလေးတွေကိုတော့ တစ်နေ့သုံးခါ ရေနွေးနဲ့တိုက်ပါ။ ခု

မအိပ်ခင်တော့ တစ်ပြားတိုက်လိုက်ဦးနော်"

ဒေါက်တာ အောင်မျိုးက လက်ဆေး၍ လက်သုတ်ပဝါဖြင့် သုတ်ရင်း ပြောလိုက်၏။ မျက်နှာသည် အစဉ်အမြဲလိုပင် ကြည်လင်လန်းဆတ်ကာ အသံမှာ ချိုမြနေပေသည်။ သူ့ရုပ်လက္ခဏာနှင့် သူ ဝတ်စားထားပုံသည် လူနာမြင်လျှင် အားရှိစရာကောင်းလောက်သည့် ကျန်းမာသန့်ရှင်းသော ရုပ်လက္ခဏာမျိုးပေတည်း။

ကျွန်မကို ဆေးထိုးပြီးနောက် ဒေါက်တာအောင်မျိုးသည် ကြီးကြီးညွန့် စီစဉ်ပေးသော ကော်ဖီကိုသောက်ရင်း အပြင်ဘက်ခန်းတွင် ဦးဇင်မောင်နှင့် စကားလက်ဆုံကျသံကို ကျွန်မ ကြားရ၏။ ကျွန်မသည် မကြားတစ်ချက်၊ ကြားတစ်ချက်ဖြင့် အိပ်ရာပေါ်တွင် မှိန်းရင်း သူတို့စကားများကို နားထောင်မိသည်။

"ညနေ လမ်းလျှောက်ပြန်လာတော့ လမ်းမှာ ကျွန်တော်နဲ့ တွေ့တယ် အစ်ကိုကြီး၊ အဲဒီတော့ မိုးဖွဲကလေးတွေ ကျနေပြီ။ ဒါနဲ့ ကျွန်တော်က မိုးမိပြီး ဖျားနေမှာစိုးလို့ ကားနဲ့ လိုက်ခဲ့ပါခေါ်တော့ ဒီနားတင်ပါဆိုပြီး ဇွတ်နေရစ်ခဲ့တာပဲ"

ကျွန်မသည် ဖျားနေရင်း ကျိတ်၍ ပြုံးလိုက်မိ၏။ သူ့ကားနှင့်ခေါ်၍ မလိုက်မိခဲ့ခြင်းသည်ပင် ကျွန်မ နာဖျားမကျန်းဖြစ်ရခြင်း၏ အကြောင်းရင်းကြီးတစ်ခု ဖြစ်လာ၍ ကျွန်မကို အပြစ်တင်စရာကြီးတစ်ခု ဖြစ်လာပါပကော။

"ဒီမိန်းကလေးက ဒီလိုပဲ၊ အင်မတန်ခေါင်းမာတယ်"

ဦးဇင်မောင်၏ အသံဖြစ်၏။ သည်တစ်ခါတွင်လည်း ဦးဇင်မောင်၏ လူကြီးလေသံကြောင့် ကျွန်မ ပြုံးမိပြန်ပါသည်။ ကျွန်မသည် ကိုယ်ကိုစောင်းကာ မှိန်းနေလိုက်သည်။ သူတို့ ပြောနေသံများကို မကြားရတော့ပေ။ နောက်တစ်ခါ နားစွင့်လိုက်သောအခါတွင် ဦးဇင်မောင်နှင့် ဒေါက်တာအောင်မျိုးတို့မှာ စကားကောင်းနေကြတုန်းပင်ဖြစ်၏။

နောက် ကျွန်မသည် အိပ်ပျော်သွားလေသည်။ ထိုညက ဒေါက်တာအောင်မျိုး ဘယ်အချိန်ကျမှ ပြန်သွားသည်ကိုပင် မသိလိုက်ပေ။

## [၄]

လေးငါးရက်အတွင်းမှာ ကျွန်မ အဖျားပျောက်သွား၏။ သို့ရာတွင် ကောင်းကောင်း နာလန်မထတတ်သေးပေ။ အဖျားပျောက်ပြီးနောက်တွင် မောပန်းအားနည်း၍

ကျန်ရစ်ခဲ့၏။ ထမင်း မစားရသေးဘဲ နွားနို့နှင့် ကွေကာအုတ်ကို ကျိုသောက်နေရပေသည်။

ကျွန်မသည် ရေချိုးနှင့် ရေဖတ်တိုက်ပြီးနောက် အဝတ်အစားလဲကာ အိမ်ပေါ်ထပ် ပြတင်းပေါက်တွင် ထိုင်၍ စာဖတ်နေ၏။ ယနေ့နံနက်မှာ ကောင်းကင်သည် ကြည်လင်ကာ နေရောင်သည် ရွှေမှုန်လေးများလို ပျံ့ဝဲလျက် တောပန်းရိုင်းပွင့်များပေါ်သို့ ကျရောက်နေ၏။ လိပ်ပြာများ၊ ပုစဉ်းများသည် မြက်တောပေါ်တွင် လူးလာပျံ့ဝဲလျက်ရှိသည်။ စိမ်းသော သစ်ပင်များသည် နေရောင်၏ ရွှေခြည်မှုန်များက ပက်ဖျန်းလိုက်သောအခါတွင် ဝင်း၍လာကြပေသည်။

ဒေါက်တာအောင်မျိုးသည် ဖျားသည့်နေ့ကစ၍ ကျွန်မကို တစ်ရက်တစ်ကြိမ်မှန်မှန် လာရောက်ဆေးထိုးပေးနေသည်။ ဒေါက်တာအောင်မျိုးက ကျွန်မမှာ အားနည်းနေသဖြင့် စိတ်အေးလက်အေး အနားယူနေရန်လည်း တိုက်တွန်းထားပေသည်။

ကျွန်မသည် စာအုပ်ဖတ်ရသည်ကို ပျင်းပျင်းရှိသည်နှင့် ကျွန်မ၏ ဓာတ်ပုံအယ်လ်ဘန်များကို လှန်လှောကြည့်မိသည်။ ကျွန်မ၏ ဓာတ်ပုံအယ်လ်ဘန်များသည် ကျွန်မဘဝ၏ မှတ်တမ်းတင်စာအုပ်များပင် ဖြစ်၏။ ဖေဖေ၊ မေမေတို့ပုံများ၊ ကျွန်မတို့ ငယ်ငယ်ကပုံများနှင့်တကွ၊ ကျွန်မ တက္ကသိုလ်ရောက်သောအခါ တွေ့ရသည့် ကျွန်မ၏ မိတ်ဆွေသူငယ်ချင်းများ၏ ပုံများကိုပါ ကျွန်မတွင် စုံစုံလင်လင်ရှိပေသည်။

ကျွန်မသည် တက္ကသိုလ်မှ သူငယ်ချင်းများ၏ ဓာတ်ပုံကို စုထည့်ထားသည့် အယ်လ်ဘန်ကို လှန်လှောကြည့်လိုက်မိ၏။ အများအားဖြင့် အမိတက္ကသိုလ်သို့ ရောက်ချိန်မှ စွန့်ခွာခဲ့ချိန်အထိ ကျွန်မနှင့် အတူတူနေထိုင်ခဲ့သော အေးအေးနှင့် ကျွန်မတို့ တွဲရိုက်ကြသောပုံများကို တွေ့ရပါသည်။ ဘုတ်ကလပ်ဘက်က တံတားဖြူဖြူကလေးပေါ်တွင် ရပ်နေကြပုံ၊ ကန်စပ်ရေထဲတွင် ခြေတွဲလောင်းချ၍ ကျောက်တုံးပေါ်တွင် ထိုင်လျက်နေကြပုံ၊ အင်းလျားကန်ထဲက လှေဝမ်းပြားကလေးပေါ်တွင် ထိုင်နေကြပုံ၊ တန်ဆောင်တိုင်တွင် စတုဒိသာနှင့် ကျွန်မတို့တစ်တွေ မုန့်လုံးရေပေါ်ပွဲ ပြင်နေကြပုံတို့ကို တွေ့ရ၏။

တစ်ပုံမှာ အေးအေးနှင့် ကျွန်မ ဂျပ်ဆင်ဘက်က ဘုရားရှိခိုးကျောင်း မျှော်စင်ကြီးပေါ်တွင် တက်ရိုက်ထားသည့်ပုံဖြစ်၏။ ကျွန်မသည် သည်ပုံကို အနှစ်သက်ဆုံးဖြစ်၏။ နံနက်ခင်းနေရောင်သည် ကျွန်မတို့ မျက်နှာများပေါ်သို့ တောက်ပစွာ ထိုးရိုက်လျက်ရှိ၏။ ပုံမှာ ကျွန်မတို့နှစ်ယောက် မျှော်စင်ပေါ်မှနေ၍ အဝေးတွင် မြင်နေရသည့်

ခွေဝိုက်စီးဆင်းနေသော လှိုင်မြစ်ကြီးကို ငေးကာ ကြည့်ရှုနေကြပုံဖြစ်၏။

"ကြည့်စမ်း အေးရယ်၊ ကိုယ့်ဘဝဟာ လှိုင်မြစ်ကြီးလိုပဲနော်"

ကျွန်မက နေရောင်တွင် တသွင်သွင်စီးနေသော လှိုင်မြစ်ကြီးကို မျှော်ကြည့်ရင်း ပြောပြဖူး၏။

"အင်း အဘိဓမ္မာ ဆရာမက ဘာအဘိဓမ္မာတွေများ ထုတ်ဦးမလို့လဲ"

အေးအေးက ကျွန်မကိုကြည့်၍ မေး၏။ သည်တုန်းက ကျွန်မမှာ မေမေဆုံးပြီး၍ နောက်ဆုံးစာမေးပွဲဖြေသည့်အချိန်ဖြစ်၏။

"ဟုတ်တယ်၊ ကိုယ့်ဘဝဟာ လှိုင်မြစ်ကြီးလိုပဲ။ အဝေးကနေပြီးကြည့်ရင် အင်မတန် ငြိမ်သက်ပါတယ်လို့ ထင်နေရပေမဲ့ မိုးသက်မုန်တိုင်းကြောင့် ရေဝဲတွေနဲ့ ကြုံကြရတယ်။ လှိုင်းတွေ တဝုန်းဝုန်းရိုက်လို့ ကမ်းပါးတွေ ပြိုခဲ့ရတယ်။ ကျောက်ဆောင်ကျောက်တုံးတွေကို ဖြတ်ကျော်ခဲ့ရတယ်။ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ခဲ့ရတယ်"

"စိတ်ကူးယဉ်ပါပေ့ မိန်းကလေးရယ်"

အေးအေးက ကျွန်မကို လှောင်ပြောင်ဟန်ဖြင့် ဆို၏။

"တကယ်ပဲ အေးရေ။ မြစ်ရိုးဟာ အကွေ့အကောက်တွေ များသလို ကိုယ့်ဘဝမှာလည်း အကောက်အကွေ့တွေကို ဖြတ်လာရတာပဲ မဟုတ်လား။ ကိုယ့်ဘဝရေစီးကြောင်းဟာ ဘယ်မှာများ ဖြောင့်တန်းလို့လဲ အေး၊ မင်း စဉ်းစားကြည့်စမ်းပါ။ ဖေဖေဆုံးပြီးလို့ လူလားမြောက်လာတဲ့ ဒီဘက်ပိုင်းမှာ ကိုယ့်ဘဝရေစီးကြောင်းမှာ သောင်တွေ ထွန်းလိုထွန်း၊ ဝဲဂယက်တွေ ထလိုထနဲ့၊ ဟော ခု ရှေ့လျှောက်ပြီး ငြိမ်ငြိမ်သက်သက်ကလေး စီးဆင်းတော့မယ်လို့ အားယူနေတုန်းမှာ မေမေဆုံးသွားပြန်ပြီ။ အရှိန်နဲ့စီးလာတဲ့ ရေစီးကြောင်းကလေးဟာ တန့်သွားပြန်ပြီ။ ကိုယ် ဘာမှ မလုပ်တတ်တော့ဘူး အေးရယ်။ တစ်ခါတလေတော့ ကိုယ့်ရဲ့ ဝိုချင်းသည်ဘဝဟာ ဒီတစ်သက်မှာ စခန်းသိမ်းပါဦးမလားလို့တောင် တွေးမိတယ်"

ကျွန်မသည် မျက်ရည်ဝဲလာ၏။ အေးအေးက အားငယ်တတ်ရန်ကောဟု ကျွန်မကို အပြစ်တင်ပါသည်။

"မင်းဘဝကတော့ အေးဆိုတဲ့နာမည်ကလေးနဲ့လိုက်အောင် စမ်းချောင်းကလေးလို အေးချမ်းပေသကိုး အေးရဲ့။ ရေစီးပုံကလည်း ညင်ညင်သာသာကလေးရယ်၊ ကျောက်ဆောင်ကျောက်ကမ်းပါးတွေအောက်မှာ ပုန်းလျှိုးစီးဆင်းရတော့ မုန်တိုင်းခတ်မှာလည်း မစိုးရိမ်ရတော့ဘူး။ ချောင်းကလေး သယ်လာရမယ့် ဝန်ထုပ်ဝန်ပိုးကလည်း

မပြောပလောက်ပါဘူး။ အလွန်ဆုံးသယ်ရရင် ရွက်ဝါကလေးတစ်ရွက်စ နှစ်ရွက်စ ပေါ့။ မြစ်ပြင်ကျယ်လို ပူလောင်ရတဲ့ ကိုယ့်ဘဝနဲ့ စမ်းချောင်းကလေးလို အေးချမ်းတဲ့ မင်းဘဝဟာ ဘယ်လိုများလာပြီး ဆုံစည်းကြသလဲ မသိဘူး"

"ဟေ့ ထား တော်ကွာ၊ မင်း စာမေးပွဲနား နီးတုန်းမှာ စိတ်မကောင်းစရာတွေ ဘာမှမတွေးစမ်းနဲ့"

ကျွန်မအတွက် အေးအေးပါ စိတ်ညစ်လာသဖြင့် ကျွန်မသည် ဘာမျှမပြော တော့ဘဲ အသာပင် ငြိမ်နေလိုက်ရ၏။ သည်ပုံသည် အေးအေးနှင့် ကျွန်မ နောက်ဆုံး ရိုက်ကြသောပုံ ဖြစ်၏။ အေးအေး အပျိုဘဝဖြင့် နောက်ဆုံးရိုက်သောပုံ ဟူ၍လည်း ဆိုနိုင်ပါ၏။ သည်ဓာတ်ပုံမှာ အေးအေး၏ချစ်သူ ကိုတင်မြင့် ရိုက်ပေးသော ဓာတ်ပုံ ဖြစ်လေသည်။ စာမေးပွဲပြီးတော့ ကိုတင်မြင့်နှင့် အေးအေးတို့သည် စထရင်းဟိုတယ်မှာ လက်ထပ်ခဲ့ကြ၏။ အေးရေ မင်းဘဝကတော့ ချမ်းမြေ့လှပါကလား။

ကျွန်မသည် အယ်လ်ဘန်ကို လှန်လိုက်သည်။ နောက်တစ်ပုံမှာ လှော်ကားသို့ ကျွန်မတို့ ပျော်ပွဲစားထွက်စဉ် ရိုက်ထားသောပုံများဖြစ်၏။ ကျွန်မ သိသူတွေလည်း ပါ၍ မသိသူတွေလည်း ပါလေသည်။ ကျွန်မသည် လူစုတစ်ခုထဲတွင် ကိုအောင်မျိုးကို သွားတွေ့လေသည်။ ကိုအောင်မျိုးနှင့် သူ့သူငယ်ချင်းတစ်သိုက်သည် လှော်ကားကန် ရေလွှတ်ဂိတ်စင်ပေါ်တွင် တက်၍ ရိုက်ထားကြပုံဖြစ်၏။ ကျွန်မသည် သည်တော့မှ ကိုအောင်မျိုးကို ပို၍ မှတ်မိလာပေသည်။

"မထား ... ဆရာ ဆေးထိုးဖို့လာပြီ"

မလုံးသည် အခန်းဝမှ လာပြောသဖြင့် ကျွန်မသည် အယ်လ်ဘန်များကို ကိုင် ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဘယ့်နှယ်လဲ တော်တော် နေကောင်းပြီနော်"

ကိုအောင်မျိုး၏အသံမှာ ကြည်လင်၍ မျက်နှာကလည်း ပြုံးချိုနေပါသည်။ ကျွန်မအဖို့ကား ကိုအောင်မျိုးကို မြင်လိုက်ရတိုင်း အားငယ်စိတ်တွေ ခေတ္တမေ့ပျောက် သွားရတတ်ပါ၏။

"ဟုတ်ကဲ့ ကောင်းသွားပါပြီ"

"ဒီနေ့တော့ အားဆေးထိုးရမယ်၊ နို့နဲ့ ကြွေကာအုတ် သောက်တာလည်း တော် လောက်ပါပြီ။ ထမင်းစားချင်ရင် စားနိုင်ပြီ"

ကိုအောင်မျိုးသည် ဆေးထိုးရန် ပြင်ဆင်၏။ မလုံးက အပ်ပြုတ်ရန် ရေနွေး

ဇလုံ၊ ရေခွက်၊ ဆပ်ပြာ၊ လက်သုတ်ပဝါ စသည်တို့ကို လာချလေသည်။

"ဘယ့်နှယ်ရှိစ၊ ကျွန်တော် မော်တော်ကားနဲ့ခေါ်တာ လိုက်လာမိလို့ရှိရင် ဒီလို တောင် ဖျားမှာမဟုတ်ဘူး"

ကိုအောင်မျိုးက အပ်ထဲသို့ ဆေးသွင်းရင်း ကျွန်မကို အပြစ်တင်ပါသည်။

"ဒါကတော့ မတော်တဆ ဖြစ်သွားတာပါ ဒေါက်တာ"

"မထားဟာ ခေါင်းမာတယ်လို့ အစ်ကိုကြီးပြောသွားတာ သိပ်မှန်တာပဲ။ ကျွန်တော်တို့ဘဝဟာ အဲဒီ မတော်တဆလေးတွေ စုပေါင်းထားတဲ့ အဖြစ်အပျက်ကြီး တစ်ခုပဲ မဟုတ်လား မထားရဲ့။ မြင်းခွာကလေး တစ်ဖက် သံမရိုက်မိလို့ မြင်းအပြေး နောက်ကျရတယ်။ မြင်းအပြေး နောက်ကျလို့ အရေးကြီးတဲ့သတင်းတစ်ခု အချိန်မီ မရောက်ဘူး။ အရေးကြီးတဲ့သတင်း အချိန်မီမရောက်လို့ စစ်ပွဲကြီးတစ်ပွဲ ဆုံးရှုံးရတယ်။ ဒီတော့ စစ်ပွဲကြီးတစ်ခုလုံး ရှုံးရတဲ့ အကြောင်းရင်းဟာ မြင်းခွာကလေးတစ်ဖက်ကို သံမရိုက်လိုက်တာကစတာပဲ မဟုတ်လား။ မထားပြောတဲ့ မတော်တဆလေးဆိုတာ တွေဟာ သူ့ဘာသာသူ သီးခြားနေတာမဟုတ်ဘူး။ ပထမ မတော်တဆဟာ ဒုတိယ တစ်ခုနဲ့ဆက်၊ နောက် တတိယတစ်ခုနဲ့ဆက်။ အဲသလို တစ်ခုနဲ့တစ်ခု ဆက်ပြီးမှ အဖြစ်အပျက်ကြီးတစ်ခု ဖြစ်လာရတာ"

တကယ်တော့လည်း ကျွန်မ အပြစ်နှင့် ကျွန်မမို့ ကျွန်မသည် ဘာမျှပြန်မပြော တော့ဘဲ ပြုံး၍သာ နေလိုက်ပါသည်။ ဆေးထိုးပြီးတော့မှ ကိုအောင်မျိုးသည် မလုံး လာချပေးသော ကော်ဖီကို သောက်ရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာနေသည်။

"အစ်ကိုကြီးကော ပြန်သွားပြီလား"

"ဟုတ်ကဲ့ ပြန်သွားပြီ။ သူက သူ့သစ်ပင် ပန်းပင်တွေ၊ ဘဲတွေ၊ ကြက်တွေနဲ့ ကြာကြာခွဲနိုင်တာ မဟုတ်ဘူး။ သူ့ပန်းပင်နဲ့ သူ့ဘဲတွေ၊ ကြက်တွေဟာ သူ့အဖို့ ကမ္ဘာလောကကြီးတစ်ခုပဲ"

"သူကလည်း လူဆန်းတစ်ယောက်ပဲနော်။ ဒီဂရီတွေဘာတွေရပြီး သည့်ပြင် ဘာအလုပ်မှ မလုပ်ဘဲ တောကြီးမျက်မည်းထဲလာပြီး လယ်ထွန်နေရတယ်လို့ပဲ။ သူ့ ကြည့်ရတာ လောကကြီးမှာ စိတ်နာစရာတစ်ခုခုရှိလို့ ရှောင်ပြေးနေတဲ့ပုံပဲ"

ကျွန်မသည် ကိုအောင်မျိုး၏တွေးပုံခေါ်ပုံကို သဘောကျကာ ပြုံးမိ၏။

"ဒီလိုတော့လည်း ဟုတ်မယ်မထင်ပါဘူး။ သူ့မှာ ရောဂါရှိတယ်။ ဆရာဝန်က လေကောင်းလေသန့်နဲ့ နေရောင်ခြည်ရမယ့် နေရာမှာ နေရမယ်၊ အလုပ်ကြမ်း လုပ်ပေး

ရမယ်လို့ ညွှန်ကြားတာနဲ့ ဒီမှာလာပြီး လယ်ထွန်နေတာပါ"

ကိုအောင်မျိုးသည် ဦးဇင်မောင့်အကြောင်းကို ဘာမျှမပြောတော့ဘဲ ခေါင်းတညိတ်ညိတ်လုပ်ရင်း ကျွန်မချထားသော အယ်လ်ဘန်ကို ကောက်ကြည့်နေသည်။ အယ်လ်ဘန်ကို ကြည့်ရင်း သူ့မျက်လုံးများသည် ပြူးသွားကြ၏။ ကျွန်မ လှမ်းကြည့်လိုက်သောအခါ အေးအေးနှင့် ကျွန်မတို့ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း မျှော်စင်ကြီးပေါ်မှာ ရိုက်ထားသော ဓာတ်ပုံဖြစ်နေသည်ကို တွေ့ရသည်။

"ဟင် ... မထားက အေးအေးနဲ့ သိသလား"

ကျွန်မက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"သြော် လက်စသတ်တော့ အေးအေးနဲ့ သိတာကိုး။ ကျွန်တော်လည်း သိတယ်။ ခု သူ အိမ်ထောင်ကျသွားပြီလေ။ စာမေးပွဲပြီးလို့ မကြာခင်ဘဲ လက်ထပ်လိုက်တယ်လို့ ကြားရတယ်။ ကျွန်တော်ကတော့ နယ်ရောက်နေတာနဲ့ သူတို့မင်္ဂလာဆောင်ကို မရောက်တော့ဘူး။ သူ့ယောကျ်ား ကိုတင်မြင့်က ဘီ-အက်စ်-စီ အင်ဂျင်နီယာလေ။ ခု ဆည်မြောင်းဌာနမှာ လုပ်နေတယ်။ ကျွန်တော်နဲ့ သူ့ယောကျ်ားနဲ့လည်း သူငယ်ချင်းပဲ"

"အေးဟာ မထားရဲ့ အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် အတူတူပါပဲ။ ကျောင်းမှာ အရင်းနှီးဆုံးဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်။ ကျောင်းမှာတင် မဟုတ်ပါဘူးလေ။ လောကကြီးတစ်ခုလုံးမှာ သူတစ်ယောက်ပဲ အရင်းနှီးဆုံးရှိတယ် ဆိုပါစို့"

"ဆုံမှ ဆုံစည်းတတ်ပလေနော်။ မထားကိုလည်း ကျွန်တော် မြင်ဖူးတယ်လို့တော့ စိတ်ထဲမှာ အထင်သား"

ကျွန်မက ပြုံးလိုက်ပါသည်။

"မြင်ဖူးမှာပေါ့၊ ပျဉ်းမနားခရိုင်အသင်း လော့ကားကို ပျော်ပွဲစားထွက်တုန်းက ဒေါက်တာ ပါလာတာပဲ"

ကျွန်မက လော့ကားကန်တွင် ကိုအောင်မျိုးတို့လူသိုက် စု၍ ရိုက်ထားသော ဓာတ်ပုံကို လှန်၍ ပြလိုက်သည်။ ကိုအောင်မျိုးသည် ကျွန်မကို လှမ်းကြည့်လိုက်ရင်း

"ကြည့်စမ်း၊ မထားတို့များ နေနိုင်လိုက်တာ ကျွန်တော့်ကို ဘာမှ မပြောမပြဘူး"

"မထားလည်း ဟိုနေ့ ညနေက ကားနဲ့ခေါ်တုန်းက မြင်ဖူးသလိုလို အရှိသားလို့ စိတ်ထဲက ထင်နေတာ။ ဒါပေမဲ့ ဘယ်မှာတွေ့ဖူးသလဲလို့ စဉ်းစားလို့မရဘူး။ ကျောင်း

မှာလား၊ အပြင်မှာလားလို့ စိတ်ထဲမှာ ဝေခွဲမရ ဖြစ်နေတယ်။ အိမ်ရောက်လို့ အယ်လ်ဘန် လှန်ကြည့်တော့မှ ဒီဓာတ်ပုံကို သွားတွေ့တာ"

"လက်စသတ်တော့ မိတ်ဟောင်းဆွေဟောင်းတွေ လာဆုံကြတာကိုး"

ကျွန်မသည် ကိုအောင်မျိုးနှင့် စကားပြောရသည်မှာ အားရှိသလို ခံစားရ၏။ ရင်ထဲမှာ နွေးလာသည်ဟုပင် ထင်ရပေသည်။ ကိုအောင်မျိုးနှင့် တွေ့သောအခါတွင် ကျွန်မသည် ညနေဆည်းဆာတွင် မြူးထူးသော ပျံလွှားငှက်ငယ်လို ရင်ထဲမှာ ကြည်အေး၍ နေပါသည်။ ကျောင်းတုန်းက မိတ်ဆွေများအကြောင်းကို ပြောကြ၏။ အေးအေးနှင့် ကိုတင်မြင့်အကြောင်းကို ပြောကြ၏။ ကျွန်မလည်းသိ၊ သူလည်းသိသော မိတ်ဆွေအကြောင်းဆိုလျှင် စကားလက်ဆုံကျပြန်သည်။

အမှန်ကတော့ ကိုအောင်မျိုးမှာ ကျွန်မတို့ထက် တက္ကသိုလ်သို့ စော၍ရောက်သူ ဖြစ်၏။ ကျွန်မ ဘီအေအီးဒီမအောင်ခင် တစ်နှစ်မှာ သူသည် ဆေးသိပ္ပံမှ အောင်၍သွား၏။ ထို့ကြောင့် ကျွန်မတို့နှစ်ယောက်သည် တစ်တန်းတည်းမဟုတ်သော်လည်း ကျောင်းနေဖက်များ ဖြစ်ကြပေသည်။

မိုးစဲ၍ နေသာသောနေ့များတွင် ကျွန်မတို့သည် လမ်းလျှောက်ထွက်ကြ၏။ တစ်ခါတလေတော့ ထားခင်မူလည်း ပါတတ်လေသည်။ ကျွန်မတို့နှစ်ယောက်သည် ပိုးအိမ်တို့ဖွဲ့ရစ်ထားသော ထိကရုံးတောကိုဖြတ်၍လည်း လမ်းလျှောက်ကြ၏။ ငုနီလာနှင့် ငုရွှေဝါတို့၏ အစိမ်း၊ အဝါ၊ အပြာ ကြားထဲတွင်လည်း လမ်းလျှောက်ကြ၏။ တောပန်းရိုင်းပွင့်များ ပြန့်ကျဲအောင် ကြွေကျနေသော တောလမ်းကလေးတစ်လျှောက်တွင်လည်း လမ်းလျှောက်တတ်ကြသေး၏။ ပန်းခင်းသောလမ်းတွင် လျှောက်ရခြင်းမှာ ကြည်မောဖွယ်ပါတကား။

"မထားက အိမ်ထဲမှာချည်းပဲ ကုပ်နေတာကိုး၊ လမ်းလျှောက်တာဟာ လူလည်းကျန်းမာတယ်၊ စိတ်လည်းကျန်းမာတယ်။ အိမ်ထဲမှာဆို ဒါချည်းပဲ မြင်နေရတယ်။ အရောင်ဆိုရင်လည်း ဒီအရောင်ပဲ မြင်နေရတယ်။ ခုကြည့်လေ ပန်းပွင့်တွေရဲ့ နီနီဝါဝါအရောင်တွေ၊ စိမ်းစိမ်းမြမြသစ်ရွက်တွေ၊ မြေကြီးက နီကြန့်ကြန့်အရောင်တွေ မြင်ရတော့ အပြောင်းအလဲ ရလာတာပေါ့။ လေကလည်း တောပန်း တောင်ပန်းအနံ့တွေ သင်းပြီး မွှေးနေတာပဲ။ အားရပါးရ ရှူကြည့်စမ်း"

ကိုအောင်မျိုးသည် နှာခေါင်းမှ လေရှိုက်သွင်းကာ ပါးစပ်မှထုတ်၍ အားရပါးရ ရှူရှိုက်နေ၏။ ကျွန်မက သူလုပ်သလို လိုက်လုပ်သည်။ ကျွန်မစိတ်ထဲတွင် တကယ်

စိုပြည်ကြည်လင်၍လာ၏။ ပန်းချီဆရာ စုတ်ချက်ကြမ်းကြမ်း ကစားထားသလို အသွေးစုံတောက်ကာ ဝင်းထိန်နေ၏။ လေကလည်း ထင်းရှူးနံ့၊ ယူကလစ်ရနံ့တို့ဖြင့် ဆွတ်ပျံ့နေပေသည်။

"အစ်ကိုမျိုးဟာ ဆရာဝန်လုပ်ဖို့ မကောင်းဘူး။ ပန်းချီဆရာဖြစ်ဖြစ်၊ ကဗျာဆရာဖြစ်ဖြစ် လုပ်ဖို့ကောင်းတယ် သိလား"

ကျွန်မက ကိုအောင်မျိုးကို လှမ်းပြောလိုက်၏။ ကိုယ်စိတ်ကြည်နူးနေတုန်းတွင် ပြောလိုက်သဖြင့် ကျွန်မစကားထဲတွင် မူနွဲ့သံအလိုလိုပါသွားသည်ကို ကျွန်မဘာသာ သတိထားလိုက်မိ၏။ ကျွန်မသည် ကိုအောင်မျိုးကို ထားခင်မူခေါ်သလို အစ်ကိုမျိုးဟု လိုက်၍ခေါ်၏။ တကယ်တော့လည်း ကိုအောင်မျိုးသည် ကျွန်မထက် လေးငါးနှစ်လောက် ကြီးပေသည်။

"အမလေး မဖြစ်တာဘဲ ကောင်းပါတယ်၊ ခု အစ်ကိုမျိုး ဆရာဝန်ဖြစ်လာမိလို့ ဟိုတစ်လောက မထားကို အဖျားပျောက်အောင် ကုနိုင်ခဲ့တာ။ ဆရာဝန်မဖြစ်ဘဲ ကဗျာဆရာဖြစ်ဖြစ်၊ ပန်းချီဆရာဖြစ်ဖြစ် ဖြစ်ခဲ့လို့ရှိရင် မထားကို အဖျားပျောက်အောင် မကုနိုင်ဘဲ၊ မြင်းခွာသံလေးတစ်ချက် မရိုက်ခဲ့မိလို့ စစ်ပွဲကြီးတစ်ပွဲ ရှုံးရသလို..."

ကိုအောင်မျိုးသည် စကားကိုမဆက်ဘဲ ရပ်ထားလိုက်၏။ ကျွန်မသည် ကိုအောင်မျိုး၏စကားကို ဆုံးအောင် နားထောင်လိုက်ချင်ပါ၏။ ကိုအောင်မျိုးသည် ဤစကားကို ဘယ်လိုအဓိပ္ပာယ်ဖြင့် ပြောလိုက်ပေသနည်း။ စစ်ပွဲကြီးတစ်ပွဲ ရှုံးရသလိုဟု တင်စားရလောက်အောင် ကိုအောင်မျိုး၏ ရင်ထဲတွင် ဘယ်လိုစစ်ပွဲမျိုးများ ခင်းကျင်းနေပါသနည်း။ ကျွန်မသည် စစ်ပွဲတစ်ပွဲ၏အနိုင်အရှုံးကို အဆုံးအဖြတ်ပေးရသူ ဖြစ်ပါလျှင် ကိုအောင်မျိုးပင် အနိုင်ပေးလိုက်မည်ဖြစ်ပါသည်။ သို့ရာတွင် ကိုအောင်မျိုးသည် သူ့စကားကို အဆုံးမသတ်ချေတကား။

## [၅]

သည်လိုနှင့် တစ်နွေသစ်ပြန်လေပြီ။

ရွက်ကျင် ရွက်ဟောင်းတို့ တဖြုတ်ဖြုတ် ကြွေကျကြပေရာ ရွှေတစ်ဝက်၊ မြတစ်ဝက်၊ နီတစ်ဝက်၊ မောင်းတစ်ဝက် အရောင်ချင်း တွဲဖက်လျက်ရှိသော သစ်ရွက်တို့သည် မြေပြင်တွင် ပြန့်ကျဲလျက်ရှိပေသည်။ ကျွန်မတို့ ခြံခင်းတစ်ခုလုံးသည်

ရွက်ကြွေတို့ ဖုံးလျက်ရှိ၏။ မြူမှုန်များက တောင်တန်းပြာပြာကြီးများကို ရစ်ထွေးထားလိုက်သောအခါတွင် နွေသစ်ဦးသည် ပိုးဇာပဝါကို ဖြန့်လွှာချလိုက်သလို ထင်ရပေသည်။ ပုရစ်ညွှန့်တို့ကလည်း ဖူးကိုက်၍ လာပြန်ချေပြီ။

ကျွန်မသည် ကညင်ပင်ကြီးအောက်က ရွက်ကြွေ၊ ရွက်ဆွေးများကို အရှင်းခိုင်းလိုက်၏။ ကညင်ပင် ပတ်ပတ်လည်တွင် သစ်သားခုံတန်းတစ်ခုကို ပတ်ပတ်လည် ရိုက်ထားသည်။ နွေရောက်လျှင် ဦးခွန်ထီးသည် ကျွန်မတို့ ညီအစ်မအတွက် ကညင်ပင်ကြီးအောက်တွင် ကြိုးပုခက်တစ်ခုကို ဆင်ပေးမြဲဖြစ်၏။ ကျွန်မတို့ ညီအစ်မသည် နေ့လယ်နေ့ခင်းတွင် ခါးစောင်းနီးပါးမြင့်သော ကြိုးပုခက်ပေါ်တွင် လဲလျောင်းကာ စာဖတ်လေ့ရှိကြ၏။ ဦးခွန်ထီးသည် အရင်တစ်ခေါက် သစ်တစ်ပင်ယာတော တက်လာတုန်းက ထားခင်မှု ပူဆာသဖြင့် ကြိုးပုခက်ကို ဆင်ပေးသွားပေသည်။

ကျွန်မသည် ကြိုးပုခက်ပေါ်တွင် လဲလျောင်းကာ ဝတ္ထုစာအုပ်ကို ဖတ်နေ၏။ ကျွန်မ စာမေးပွဲအောင်သည်မှာ တစ်နှစ်ပြည့်ပြီ ဖြစ်သော်လည်း ကျွန်မသည် ဘယ်မှာမှ အလုပ်မလုပ်သေးပေ။ ပြည်မ ကျောင်းများတွင် တန်းပြ ဆရာမ ရသော်လည်း ကြီးကြီးညွှန့်ကလည်းကောင်း၊ ဦးဇင်မောင်ကလည်းကောင်း သဘောမတူသဖြင့် မလုပ်ခဲ့ရပေ။ မေမေဆုံးသည့် နှစ်ကမူ ကျွန်မကိုယ်တိုင်ကလည်း တစ်နေရာရာသို့ အပြောင်းအလဲအနေဖြင့် သွားချင်ခဲ့သော်လည်း ယခုအချိန်ကျမှတော့ ကိုယ့်အိမ်နှင့် သိပ်မခွာချင်လှတော့ပေ။

တောင်ကြီးက ကျွန်မတို့ကမ္ဘာလေးတွင်လည်း ကိုအောင်မျိုးတစ်ယောက် ရှိနေသဖြင့် အရင်ကနှင့်မတူတော့ဘဲ စိုပြည်လာသည်ဟု မှတ်ထင်ရ၏။

ကျွန်မ စာဖတ်နေတုန်း မလုံးသည် စာတစ်စောင်ကို ယူ၍လာ၏။ စာမှာ ရန်ကုန်ရှိ အေးအေးက ပေးလိုက်သောစာ ဖြစ်ပေသည်။

**ထားရေ**

"ကိုယ်တို့ တောင်ကြီးကို ၂၄ ရက်နေ့ ရောက်မယ်။ မောင်လည်း နွေရာသီမှာ ခွင့်တစ်လရတယ်။ ထားဆီလည်း လာရင်း၊ ဟန်းနီးမွန်းလည်းထွက်ရင်းပေါ့ကွာ။ လက်ထပ်ပြီးခါစတုန်းက ခွင့်သိပ်မရလို့ ဝေးဝေးလံလံ ဟန်းနီးမွန်း မထွက်နိုင်ဘူးကွ။ တစ်ပတ်ပဲ ငပလီကိုရောက်တယ်။ ဒီတစ်ခါတော့ တစ်လလုံးလုံး လျှောက်လည်မယ်ဟေ့။ ကိုအောင်မျိုးဆီကိုကော ကိုယ်တို့လာမယ့်အကြောင်း စာတစ်စောင်ထည့်လိုက်တယ်။ ရ မရတော့ မသိဘူး။ မရရင်

မင်းကပဲ အကျိုးအကြောင်း ပြောပြပါ။

မင်းကော ခုထက်ထိ မစွံသေးဘူးလား၊ တော်တော်ကြာ ဟိုင်းသွားလိမ့်မယ်နော်၊ ခုခေတ်က အပျိုကြီးမမ စာရင်းထဲပါရင် သိပ်မစွံချင်တော့ဘူး။ မင်းရေးလိုက်တဲ့ အထဲမှာ တို့နှစ်ယောက် ဂျပ်ဆင်ဘက်က ချာပယ်လ်ကြီးပေါ် တက်ကြည့်တုန်းက မင်းပြောတဲ့စကားကို မှတ်မိသေးသလားလို့ မေးလိုက်တယ် မဟုတ်လား။ မမှတ်မိဘဲ နေပါ့မလားကွယ်။ မင်းပြောတဲ့ စကားဆိုရင် ကိုယ် မမှတ်မိတာရယ်လို့ မရှိပါဘူး။ အဲဒီတုန်းက မင်းက မင်းဘဝကို မြစ်ပြင်ကျယ်ကြီးနဲ့နှိုင်းပြီး ကိုယ့်ဘဝကို စမ်းချောင်းကလေးနဲ့ နှိုင်းခဲ့တယ် မဟုတ်လား။ မြစ်ပြင်ကျယ်ကြီးဟာ ကမ်းပြိုတာတွေ၊ မုန်တိုင်း တိုက်တာတွေ၊ သောင်ထွန်းတာတွေ၊ ဝဲဂယက်ထတာတွေ၊ ရေနောက်တာတွေရှိပြီး စမ်းချောင်းကလေးကတော့ ကျောက်ခဲက်တွေကြားထဲမှာ စီးဆင်းနေရတဲ့အတွက် ကြည်လင်တယ်၊ အေးမြတယ်၊ ငြိမ်သက်တယ်လို့ မင်းပြောခဲ့တာတွေလေ။ မင်း ကဗျာဆန်ဆန်၊ အဘိဓမ္မာဆန်ဆန် ပြောခဲ့တာကို ဘယ်မေ့ပါ့မလဲကွယ်။ ဒီစကားလုံးတွေကို မောင့်ကိုတောင် ခဏခဏ ပြောပြပြီး မောင်က ရယ်သေးတယ်။ ဘာလဲ မင်း ခုထက်ထိ အရင်ကလို စိတ်ကူးယဉ်တုန်း၊ ကဗျာဆန်တုန်းပဲလား။ ဒီအသက်ဒီအရွယ်ထိ ရူးတုန်းပဲလား မိန်းကလေးရယ်။ ဒါတွေကို ဝတ္ထုထဲက ဓာတ်လိုက်တွေ ပြောဖို့များ ချန်ပါဦး။

ခင်မေတင်လည်း မုဒုံမှာ အက်စ်အေတီရတယ်။ မခင်မေကြီးကတော့ စွံသွားပြီ။ ကိုယ်တော့ ကျောင်းတုန်းက ပွေကြ၊ ပျော်ကြတာတွေကို လွမ်းနေတယ်။ ရန်ကင်းက ဓာတ်ပုံဆရာခေါ်ပြီး ဗိုလ်ချုပ်ပန်းခြံထဲသွား ဓာတ်ပုံရိုက်ကြတာတွေ၊ ရီဂတ္တာလုပ်တဲ့ ညမှာ ကိုယ်တို့ ပျော်ကြတာတွေအားလုံးကို အမှတ်ရတယ်။

တောင်ကြီးမှာ မင်းတို့ဆီမှာပဲ တည်းရမှာပဲ။ တွေ့မှ အားရပါးရ စကားပြောကြဦးစို့၊ တော်သေးပြီ”

**ချစ်သော အေး**

ကျွန်မသည် အေးအေး၏စာကို ရင်ခွင်မှာ ပိုက်ထားလိုက်ပြီး စဉ်းစားနေမိ၏။ ကညင်တွေ ဖူးရာမှ ပွင့်ကြပြန်လေပြီ။ ခြံစည်းရိုး ဝါးတောထဲတွင်ကား နွေသစ်ဦး၏

လေသည် မြူးထူးကစားလျက် ရှိ၏။ ဝါးတောထဲမှ ဝါးခက်ချင်း ထိပွတ်သံကို ကြား ရပေသည်။

ကျွန်မသည် အေးအေးက ကျွန်မ စကားများကို အမှတ်ရသေးသည်ဆိုတော့ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်သွား၏။ တကယ်တော့ အေးအေး၏ဘဝ သည် ရိပ်ငြိမ်ချမ်းမြေ့လှပေသည်။ လောကကြီးသည် အေးအေးအဖို့ အမြဲတမ်း ပြေပြစ် နေအောင် လုပ်ပေးနေသလားဟုပင် ထင်မှတ်ရ၏။ အေးအေး၏ ပတ်ဝန်းကျင်သည် မိစုံဖစုံ၊ ဆွေမျိုးစုံနှင့် အေးချမ်းလှ၏။ မိစုံဖစုံ၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်း လူလားမြောက်ခဲ့ပြီးနောက် ကိုယ့်ချစ်သူ၏ရင်ခွင်ထဲတွင် နွေးထွေးရသော ရိပ်ငြိမ် ချမ်းမြေ့မှုမျိုးထက် ဘယ်ရိပ်ငြိမ်ချမ်းမြေ့မှုတို့က ကောင်းဦးမည်နည်း။ အေးအေး၏ ဘဝရေစီးကြောင်းသည် ကျောက်တောင် ကျောက်ခက်များလို မိုးယုက်နေသော မိဘ၏ မေတ္တာရိပ်အောက်တွင် စီးဆင်းခဲ့ရသဖြင့် အေးမြ၏၊ ညင်သာ၏၊ ကြည်လင်၏။ ကျွန်မဘဝ မြစ်ပြင်ကျယ်ကား ဖေဖေ အလုပ်ပြုတ်သည့်အချိန်ကစ၍ ဝဲဂယက်ထကာ ဖေဖေဆုံးသည့်အချိန်တွင် မုန်တိုင်းတိုက်ခဲ့ပြီး မေမေဆုံးသည့်အချိန်တွင် ကမ်းပါး ပြိုခဲ့ရလေသည်။ ကျွန်မ၏ ဘဝခရီးသည် ဘဝနေပူပူတွင် စီးဆင်းခဲ့ရသော မြစ် တစ်သွယ်၏ ခရီးသာတကား။

## [၆]

နွေဦး တစ်ညနေတွင် ဦးဇင်မောင်သည် ကျွန်မတို့အိမ်သို့ ရောက်လာ၏။ ကျွန်မတို့သည် မမျှော်လင့်ဘဲ ဖြုန်းစားကြီး ရောက်လာသော ဦးဇင်မောင်ကို ကြည့်၍ အံ့သြနေကြသည်။

ညစာ ထမင်းစားသောက်ပြီး ခပ်အိုက်အိုက်ရှိသည်နှင့် ကျွန်မတို့တစ်တွေသည် အိမ်ရှေ့ဆင်ဝင်လက်ဝဲဘက် ဝရန်တာတွင် ထွက်ထိုင်ကာ စကားပြောနေကြသည်။ ကောင်းကင်တွင် မိုးစွေငှက်များသည် ပျံဝဲလျက် ရှိကြ၏။ ဝရန်တာနားတွင် ကပ် ပေါက်နေသည့် စံကားပွင့် ရနံ့ကလည်း နွေဦးလေပြည်ထဲတွင် မွှေးစပြုလာပြီဖြစ်၏။ အနောက်ဘက် တောင်တန်းများပေါ်မှ နေခြည်များသည် ရွှေမျှင်တန်းများလို လျှောကျ လာကြပေသည်။

ကျွန်မသည် အိမ်မှာနေတုန်းမို့ နက်ပြာရောင်တွင် အဖြူအနားကွပ်ထားသော

လက်ပြတ်အင်္ကျီ ရင်ဟိုက်ကို ဝတ်ထားပြီး အပြာတွင် ရွှေရောင်ကနုလန့်စင်းထားသည့် ဗမာဖြစ် ချည်လုံချည်ကို ဝတ်ထား၏။ နေ့လယ်က ခေါင်းလျှော်ထား၍လည်း ဆံပင်များကို ကျောတွင် ဖြန့်ချထားလိုက်ပြီး လက်ကိုင်ပဝါတစ်ထည်ဖြင့် စုချည်ထားလိုက်သည်။

"ဟောတော့ ဦးဇင်မောင်ကြီးပါလား"

ဧည့်ခန်းထဲမှ ဖြတ်ကာ ကျွန်မတို့ရှိရာ ဝရန်တာဘက်သို့ လှည့်ထွက်လာသော ဦးဇင်မောင်ကို အရင်မြင်လိုက်သဖြင့် ထားခင်မူက အလန့်တကြား ပြောလိုက်သည်။

"မင်းလာရင် ဒီလိုချည်းပဲ။ ဘာသံမကြား၊ ညာသံမကြား၊ ထမင်းစားပြီးပြီလား"

ကြီးကြီးက ဦးဇင်မောင်ကို လှမ်းအပြစ်တင်၏။

"ပြီးပါပြီ ဒေါ်ဒေါ်၊ ကျွန်တော်မှာထားတဲ့ ထွန်စက်နှစ်လုံး ညောင်ရွှေဘူတာမှာ ရောက်နေလို့ လာယူတာ။ ထွန်စက်တွေကတော့ ကောင်လေးတွေ သစ်တစ်ပင်ကို မောင်းသွားကြပြီ။ ကျွန်တော်တစ်ယောက်တည်း တောင်ကြီးကို တက်လာတာ"

"အတော်ပဲ အထားသူငယ်ချင်းတွေလာရင် သစ်တစ်ပင်ကို လိုက်ပို့မလို့ စိတ်ကူးထားတာ။ ဦးဇင်မောင်ဆီကိုတောင် အကြောင်းကြားခိုင်းမလို့"

ကျွန်မက လှမ်းပြောလိုက်သည်။ ကျွန်မသည် လက်ပြတ်အင်္ကျီလည်ဟိုက်၊ လက်ဝကျယ်ကျယ်ကြီးနှင့်မို့ ဦးဇင်မောင်ရှေ့တွင် ခပ်အမ်းအမ်းကြီးဖြစ်နေကာ အဝတ်အစားလဲရန်အတွက် အပေါ်ထပ်သို့တက်ရန် ဧည့်ခန်းဘက်သို့ ဝင်လိုက်သည်။ ဦးဇင်မောင်ကလည်း ဝရန်တာဘက်သို့အထွက်လိုက်တွင် ကျွန်မနှင့် အပေါက်ဝတွင် ဆုံနေကြသည်။

"ဘယ်တော့ လာဖြစ်ကြမလဲ"

ဦးဇင်မောင်သည် ကျွန်မကို မိုးကြည့်ရင်း မေးလိုက်သည်။ ဦးဇင်မောင်၏ မျက်လုံးများသည် တောက်ပရွှန်းစိုကာ ကျွန်မအသည်းနှလုံးထဲသို့ ထိုးဖောက်ဝင်ရောက်သွားသလို သိမ့်ခနဲခံစားလိုက်ရသည်။ သည်တော့မှ ကျွန်မသည် ကျွန်မမျက်လုံးများကို လွှဲကာ ခေါင်းငုံ့လိုက်ပြီး

"သူတို့ ၂၄ ရက်နေ့လောက် တောင်ကြီးရောက်မယ် ပြောတာပဲ။ အဲဒီနောက် သစ်တစ်ပင်ကို လာမှာပဲ"

ကျွန်မသည် ပြောပြောဆိုဆိုဖြင့် အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အခန်းထဲရောက်၍ သင့်တင့်လျောက်ပတ်သော အဝတ်အစားကို လဲပြီးမှ အောက်ထပ်သို့

ဆင်းလာခဲ့၏။

ကျွန်မရောက်တော့ ဦးဇင်မောင်သည် ကြီးကြီးညွန့်နှင့် သစ်တစ်ပင် ယာတောမှ လိမ္မော်ခြံ၊ သစ်တော်ခြံ၊ သနပ်ဖက်ခြံများကိစ္စကို ပြောပြနေသည်။ သူသည် စကားပြော နေရင်း ကျွန်မကို တစ်ချက်လှမ်းကြည့်ပြီး ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်ကို ကျွန်မ သတိထားလိုက်မိသည်။

"ဒေါ်ဒေါ်တို့ကတော့ ကိုယ့်လက်ထဲ ပိုင်ပိုင်နိုင်နိုင် ပြန်ရောက်ရင် ကျေနပ်တာ ပါပဲ။ ခု သနပ်ဖက်ပေါက်ဈေးထက် နည်းနည်းလျှော့ပြီးရောင်းရပေမဲ့ ငွေစုပြီး ဒီအိမ် ကြီးကို ပြန်ယူနိုင်မယ်ဆိုရင် ဘာမှ ကန့်ကွက်စရာ မရှိပါဘူး။ ကလေးတွေကလည်း ဘာမှ သဘောမတူစရာ မရှိပါဘူး"

ကျွန်မသည် သူတို့ပြောသည့် စကားတွေကို နားမလည်ဘဲ ကြီးကြီးညွန့်နှင့် ဦးဇင်မောင်ကို လှမ်းကြည့်လိုက်၏။ ဦးဇင်မောင်ကလည်း ကျွန်မကို အကဲခတ်မိပုံ ရလေသည်။ ကျွန်မကို ခေတ္တပြုံး၍ ကြည့်လိုက်ပြီးမှ...

"မထားလည်း သိထားရအောင် ပြောပြရဦးမယ်။ ခု ဦးဇင်မောင်တို့ ခြံက ထွက်တဲ့ သနပ်ဖက်တွေကို ကျားပျံမကောက် ကိုစိန်တင့်တို့က ငွေကြိုတင်ပေးပြီး အကုန်သိမ်းမယ်လို့ လာစကားပြောနေတယ်။ ငွေလက်ငင်းချေ၊ ထွက်သမျှ အကုန် သိမ်းဆိုတော့ ပေါက်ဈေးထက် နည်းနည်းတော့ လျှော့ရလိမ့်မယ်။ အဲဒီငွေနဲ့ အိမ်ကြီး ကို ပြန်ရွေးမလို့"

"ဒီအိမ်ကြီးကို ပြန်ရွေးမယ် ဟုတ်လား"

ကျွန်မက တအံ့တသြ မေးလိုက်သည်။ ကျွန်မသည် အိမ်၏ စီးပွားရေး အခြေ အနေကို ဘာမျှမသိပေ။ မေမေကလည်း တစ်ခွန်းမျှမပြော။ မေမေသည် ကျွန်မတို့ စိတ်မညစ်တန်တာကို မညစ်ရလေအောင် ဖုံးဖိထားခဲ့ဟန်တူသည်။

ဦးဇင်မောင်က ကျွန်မကို ပြုံးကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ဟိုတစ်နှစ် သနပ်ဖက်တွေ ရှုံးတုန်းက ဒီအိမ်ကြီးကို တောင်ကြီးက တန်စိတ် ဟုတ်တို့ဆီ ပေါင်ထားရတယ်။ အိမ်တွင်မကဘူး၊ သစ်တစ်ပင်က ယာတောတချို့ လည်း ပါသေးတယ်။ အဲဒါ ခု အိမ်ကို ပြန်ရွေးလိုက်မယ်။ ယာတောတွေကိုတော့ တဖြည်းဖြည်းမှ ရွေးမယ်လို့ စိတ်ကူးတယ်။ ဦးခွန်ထီးကလည်း ဒီအတိုင်းပဲ သဘောကျ တယ်။ အဲဒါ ဒေါ်ဒေါ်တို့၊ မထားတို့သဘောက ဘယ်လိုလဲလို့ သိချင်တာနဲ့ပဲ"

ကျွန်မသည် ရုတ်တရက် ရင်ထဲတွင် နင့်ခနဲဖြစ်သွား၏။ ကျွန်မ မသိတတ်လေ

ခြင်းဟုလည်း ယူကျုံးမရ ဖြစ်မိပါသည်။ ကျွန်မသည် အစကသာ သိခဲ့ပါလျှင် မိဘစရိတ်ဖြင့် တက္ကသိုလ်သို့ သွားမည်မဟုတ်ပေ။ စာမေးပွဲအောင်ပြီး ယခုထိလည်း ပေါကြော့နေမည်မဟုတ်ပေ။ မေမေသည် ကျွန်မတို့အပေါ် ထိမ်ဝှက်လွန်းလှချေ ကလားဟုပင် ထင်မိပါသည်။

"ညည်း အမေကတော့ ညည်းတို့ ညီအစ်မသိရင် စိတ်မကောင်းမှာစိုးလို့ ဖုံးထားတာပဲ။ ခုတော့ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့တော့လေ။ ပြန်ရွေးနိုင်မယ့် အခြေကို ရောက်နေပြီမဟုတ်လား"

ကြီးကြီးညွှန့်က ကျွန်မကို ဝင်၍ ဖျောင်းဖျ၏။

"မထား အစကသာသိရင် အလုပ်တစ်ခု ဝင်လုပ်ပါတယ် ကြီးကြီးညွှန့်ရယ်"

ဦးဇင်မောင်က တဟားဟားရယ်ကာ...

"ကဲ ကဲ ဘာမှ စိတ်မကောင်း မဖြစ်နဲ့၊ အလုပ်ဆိုတာကလည်း အခန့်သင့်ဦးမှကိုး။ ကိုယ်က လုပ်ချင်တိုင်းရတာမှမဟုတ်ဘဲ။ ဒီတော့ ဦးဇင်မောင်ပြောသလို သနပ်ဖက်တွေကို အကုန်ထိုးအပ်လိုက်မယ်၊ ဘယ့်နှယ်လဲ"

"ဒါတော့ ဦးဇင်မောင်သဘောပါ။ တကယ်တော့ မထားတို့ဟာ ဘာမှ လုပ်တတ်ကိုင်တတ်တာလည်း မဟုတ်ပါဘူး။ ကြီးကြီးညွှန့်သဘောတူတယ်ဆိုရင် မထားတို့ ဘာမှပြောစရာမလိုတော့ဘူး ထင်ပါတယ်"

ထားခင်မူ သီချင်းလေးတအေးအေးနှင့် ဝင်လာသဖြင့် ဦးဇင်မောင်၊ ကြီးကြီးညွှန့်နှင့် ကျွန်မတို့သည် ဘာမျှမပြောတော့ဘဲ အိမ်ကိစ္စကို စကားဖြတ်လိုက်ကြ၏။

"ဘာပဲပြောပြောဟေ့၊ ထားခင်မူတို့ပဲ အေးတယ်။ တို့များတော့ ထားခင်မူကို မြင်လိုက်ရရင် စိတ်ထဲမှာ အလိုလိုပျော်လာတာပဲ"

"မပျော်ရအောင် ဦးဇင်မောင်မှာ ဘာတွေ စိတ်ညစ်စရာများ တွေ့နေလို့လဲ"

ထားခင်မူက ချက်ခနဲ ပြန်ပြောလိုက်၏။ ထားခင်မူသည် ကျွန်မလို မဟုတ်၊ အင်မတန်နှုတ်သွက်သူ ဖြစ်ပေသည်။

"စိတ်ညစ်စရာရယ်လို့တော့ မရှိဘူးပေါ့ဟာ။ ဒါပေမဲ့ လူ့ဘဝမှာ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ ရှန်းကန်ရသေးတယ် မဟုတ်လား"

ဦးဇင်မောင်သည် ဆေးပြင်းလိပ်ပြာကို ခြွေရင်း ပြောလိုက်၏။ ကျွန်မသည် ကျွန်မဘက်သို့ လွင့်လာသော ဆေးပြင်းလိပ်ငွေ့များကို မသိမသာ ဇော့ယမ်းလိုက်ရသည်။

"အမယ်လေး တစ်ကိုယ်တည်း လူပျိုကြီးက ဒီလောက်ညည်းနေရသလား၊ သည့်ပြင်လူတွေ ညည်းဖို့များ ချန်ပါဦး"

ကြီးကြီးညွန့်နှင့်ကျွန်မက ထားခင်မူ ပြောပုံ၊ ဆိုပုံကို သဘောကျ၍ ရယ်လိုက်ကြသည်။

"လူပျိုကြီးမလဲ လူပျိုကြီးအလျောက် ရုန်းကန်ရတာတွေ ရှိတာပေါ့ ထားခင်မူ၊ ဘယ်သူဖြစ်ဖြစ် ရုန်းကန်လှုပ်ရှားနေကြရတာပဲ မဟုတ်လား။ ထိုင်နေလို့ရတာ မဟုတ်ဘူး။ လူ့ဘဝကြီးဟာ အချိန်ရှိသရွေ့ တရွေ့ရွေ့သွားနေတယ်။ သူ့ကိုမီအောင်လည်း လိုက်ရသေးတယ်"

"ဟာ ဟ"

ထားခင်မူ၏ လှောင်ပြောင်ရယ်လိုက်သံဖြစ်ပါ၏။ ကျွန်မသည် ဦးဇင်မောင်ကို အားတုံ့အားနာကြီး ဖြစ်သွားကာ လှမ်းကြည့်လိုက်သည်။ ဦးဇင်မောင်မှာ ပြုံးရယ်ခြင်း မရှိပေ။

"ဘာဖြစ်လို့ရယ်တာလဲ၊ ဦးဇင်မောင်ပြောတာ မယုံဘူးလား"

"မယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဦးဇင်မောင်က အပြောနဲ့အလုပ်မှ မညီဘဲ"

"ဘာဖြစ်လို့"

"လူ့ဘဝကြီးဟာ တရွေ့ရွေ့သွားနေတယ်။ ဒါကြောင့် အမီလိုက်ရမယ် ပြောပေမဲ့ ဦးဇင်မောင် လိုက်မမီတော့ဘူး။ ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်လောက် နောက်ကျကျန်နေရစ်ခဲ့ပြီ"

"ဆိုစမ်းပါဦး"

"ပါးစပ်ကသာ အမီလိုက်မယ်လို့ ပြောနေတာ၊ အလုပ်ကမှ မပါဘဲကိုး။ ဒီအသက် ဒီအရွယ်ထိ တစ်ယောက်တည်း နေနေတာဟာ တရွေ့ရွေ့သွားနေတဲ့ လူ့ဘဝကြီးကို မမီဘဲ ထိုင်ကျန်နေခဲ့တာ မဟုတ်ဘူးလား"

ထားခင်မူက ဦးဇင်မောင်၏ 'ပျော့ကွက်' ကို ဝင်၍ ထောက်လိုက်သည်။ ကျွန်မက ထားခင်မူကို မျက်စောင်းထိုးလိုက်သည်။

"အဲဒါပဲ မောင်ဇင်မောင်၊ မင်းတူမ ပြောလိုက်မှ ရှင်းတော့တာပဲ၊ မင်းဘာသာမင်း ပြေလည်အောင် ရှင်းပေတော့။ ဒေါ်ဒေါ် လိမ္မော်ရည်သွားလုပ်လိုက်ဦးမယ်"

ကြီးကြီးညွန့်သည် အိမ်ထဲသို့ ဝင်သွားသည်။ ဦးဇင်မောင်က ရက်ပြုံးပြုံးလိုက်

ပြီးမှ...

"ဒါတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ကိုး ထားခင်မူရဲ့။ ဒီအသက်ဒီအရွယ်ရောက်မှ အိမ်ထောင်ရေးကို စဉ်းစားကြည့်တော့လည်း သိပ်ပြီး အပေါက်အလမ်း မတည့်တော့ဘူး မဟုတ်လား။ လူတွေကလည်း ဦးဇင်မောင်တို့ အရွယ်ကို အရွယ်လွန်ပြီလို့ ယူဆထားကြဟန် တူပါရဲ့၊ ပြီးတော့"

"အံမာလေး ဦးဇင်မောင်က အရွယ်လွန်ရအောင် ဘယ်လောက်များ အသက်ကြီးသေးလို့လဲ။ ခုမှ လေးဆယ်တွင်း ရှိသေးတာ"

ထားခင်မူက မဲ့ရွဲ့၍ ပြောလိုက်သည်။

"အကြောင်းကြောင်းတွေ ရှိတာပေါ့ဟာ၊ နင် မသိပါဘူး။ အကြောင်းတွေမှ အများကြီးပဲ"

ဦးဇင်မောင်သည် ထိုင်ရာမှ ထလိုက်၏။ သည်အကြောင်းကို ရှောင်ကွင်းသွားလိုပုံ ရပေသည်။ ထားခင်မူက ဦးဇင်မောင် ထသွားရာသို့ ပြုံး၍ ကြည့်လိုက်ရင်း

"အဲဒီအကြောင်းတွေ အများကြီးထဲမှာ မိန်းမတွေကို စိတ်နာတဲ့အကြောင်းလည်း တစ်ကြောင်း အပါအဝင်မဟုတ်လား။ ထားခင်မူ သိပါတယ်၊ မသိဘူးများ အောက်မေ့နေလို့လား"

ကျွန်မက ထားခင်မူ၏ ပေါင်ကို လှမ်းဆိတ်လိုက်သည်။ ဦးဇင်မောင်သည် ကျွန်မတို့ကို ကျောပေး လမ်းလျှောက်နေရာက ချာခနဲ လှည့်လိုက်သည်။

"ဟင် နင် ငါ့အကြောင်း ဘာတွေကြားထားသလဲ ထားခင်မူ"

"အို စုံလို့ စုံလို့"

ထားခင်မူက အနိုင်ယူသော လေသံဖြင့် ဆို၏။ ကျွန်မသည် ဘာမျှမပြောဘဲ သူတို့နှစ်ယောက်၏ ပြောသောစကားကိုသာ နားထောင်နေမိသည်။

"ဘာတွေလဲဟ၊ တော်တော်ကြာ တလွဲတချော်တွေ ကြားနေရင်"

"အို မလွဲပါဘူး၊ ဦးဇင်မောင်ဟာ မိန်းမတွေကို စိတ်နာတဲ့အကြောင်း၊ ပြီးတော့..."

ထားခင်မူသည် ပြုံးဖြဲဖြဲလုပ်၍ နေလေသည်။ ဦးဇင်မောင်ကမူ ပြုံးရယ်ခြင်း မရှိပါ။

"မိန်းမတွေကို စိတ်နာတာ မဟုတ်ပါဘူးဟာ၊ မိန်းမတွေကို စိတ်နာတယ်ဆိုတာထက် မိန်းမတစ်ယောက်ကို စိတ်နာတယ်ဆိုတာက ပိုပြီးမှန်ပါလိမ့်မယ်"

ဘယ့်နှယ်ရှိစဟူသော အကြည့်ဖြင့် ထားခင်မူက ကျွန်မကို လှမ်းကြည့်လိုက်၏။ ကျွန်မသည် လမ်းလျှောက်ရင်း စကားပြောနေသော ဦးဇင်မောင်ကို ငေးကြည့်နေမိသည်။

"ကိုယ်ဟာ မိန်းမတစ်ယောက်ကြောင့် အသည်းကွဲခဲ့ရဖူးပြီ။ နောက်ထပ် မကွဲချင်တော့ဘူး။ တစ်ခါသေဖူးလို့ ပျဉ်ဖိုး နားလည်ပြီးပြီ"

ဦးဇင်မောင်က အက်ကွဲ ဆွေးမြည့်သံကြီးဖြင့် ပြောလိုက်၏။ သည်တော့မှ ထားခင်မူသည် ဦးဇင်မောင်ကို အားနာသွားဟန်ဖြင့် လျှာကလေး တစ်လစ်ထုတ်နေသည်။

"အဲဒီမိန်းမဟာ ကိုယ့်ကို သင်ခန်းစာတွေ ပေးသွားခဲ့ပြီးပြီ"

"အဲဒီမိန်းမကော ခု ဘယ်မှာလဲ ဦးဇင်မောင်"

"အဲဒီ မိန်းမက ခု သေပြီလေ၊ သေပြီးလို့ ယောကျ်ားရနေပြီ"

ကျွန်မနှင့် ထားခင်မူသည် ဦးဇင်မောင်၏ ထူးဆန်းသော စကားများကြောင့် ရုတ်တရက် ကြောင်သွားကြ၏။

"ကိုယ့် အသည်းနှလုံးထဲ၊ ဦးနှောက်ထဲမှာ ခု သူ မရှိတော့ဘူး။ ဒါကြောင့်မို့ ကိုယ့်အဖို့တော့ သူဟာ သေပြီလို့ပဲ ယူဆထားလိုက်တယ်။ ခုတော့ သူ့ယောကျ်ားနဲ့ သူလေ၊ ပျော်လို့ ဟင်း ဟင်း"

ဦးဇင်မောင်က ရယ်လိုက်သည်။ သို့ရာတွင် မချိသော ရယ်ခြင်းဖြစ်ကြောင်း ကျွန်မ ကောင်းကောင်းသိပါသည်။

"ဒါကြောင့်မို့ ကိုယ်ဟာ အချစ်ဆိုတာမျိုးကို သိပ်မယုံချင်တော့ဘူး။ အချစ်ကို မယုံတာနဲ့ ဒီလိုပဲ နေလာခဲ့တာပဲ။ ဒီတော့ ကိုယ့်ဘဝမှာ ဒီလို တစ်ယောက်တည်းနေရုံအပြင် တခြား ဘာရှိသေးတော့လို့လဲ။ ဒီအရွယ်ရောက်မှ ချစ်ချစ်၊ မချစ်ချစ် မိန်းမတစ်ယောက်ကို ယူဖို့ဆိုတာလည်း ငယ်ငယ်တုန်းကလို စွန့်စားရမယ့် အရွယ်မဟုတ်တော့ဘူး။ အချစ်စွန့်စားခန်းဖွင့်ရမယ့် အရွယ်မဟုတ်လို့ ဦးနှောက်နဲ့ တွက်ချက်ပြီး အိမ်ထောင်ပြုတော့ကော ဒီလို အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဘာများသာယာနိုင်ဦးမှာလဲ။ အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ အနံ့မရှိတဲ့ ပန်းပွင့်လိုပဲ။ အပြင်ပန်းသာလှပြီး အတွင်းမှာ ဘာမှတန်ဖိုးရှိမှာ မဟုတ်ဘူး"

အစ ပထမတုန်းကတော့ ထားခင်မူက ကပြက်ကချော်နှင့် ပြောခဲ့ခြင်းဖြစ်၏။ ဦးဇင်မောင်ကမူ သူ့ရင်ထဲ ရှိသမျှကို ဖွင့်အန်နေလေပြီ။ ကျွန်မသည် ထားခင်မူကိုသာ

အပြစ်တင်သော မျက်လုံးများဖြင့် ကြည့်ရ၏။ ယခုတော့ ထားခင်မူလည်း နောက်ပြောင်မနေအားတော့ပေ။ အငေးသားနှင့်သာ ဦးဇင်မောင်ပြောသမျှကို နားထောင်ရုံမှအပ ဘာမျှ မတတ်နိုင်ပါ။

"အိမ်ထောင်ရေးသာယာဖို့ဆိုတာ တစ်ဦးနဲ့တစ်ဦး ဘယ်လောက်ချစ်ကြမလဲဆိုတာပေါ်မှာ တည်တယ်။ တကယ်တော့လည်း အချစ်ဆိုတာဟာ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ရဲ့ အသည်းနှလုံးထဲမှာ သီးခြားကင်းလွတ်ပြီး သူ့ဘာသာသူ ရပ်တည်နေကြတာ မဟုတ်ပါဘူး၊ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်တတ်တယ်။ တစ်ယောက်ကိုတစ်ယောက် အနစ်နာခံကြတယ်။ အပြန်အလှန် နားလည်တတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်ထား တူညီတယ်။ အဲဒါတွေမှာ အခြေတည်ပြီးမှ အချစ်ဆိုတဲ့၊ အင်မတန် မြတ်နိုးစရာကောင်းတဲ့ ယမင်းရုပ်ကလေးဟာ အသည်းနှလုံးထဲမှာ သန္ဓေတည်လာတယ်။ ဒါတွေ မရှိတော့ဘူးဆိုရင် ဒီယမင်းရုပ်ကလေးဟာ သန္ဓေမတည်နိုင်တော့ဘူး။ အချစ်ဆိုတဲ့ ယမင်းရုပ်ကလေးအစား အမုန်းဆိုတဲ့ ဘီလူးကလေးသာ အသည်းနှလုံးထဲမှာ ရောက်လာတယ်။ စကတည်းက အချစ်ပေါ်မှာ မတည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးမှာ ကြာလာတာနဲ့အမျှ အမုန်းဘီလူးဟာ အစွယ်ငေါငေါနဲ့ ဇာတိပြလာတာပဲ။ ဒါကြောင့်မို့ ဦးဇင်မောင် ခပ်အေးအေးပဲ နေချင်တယ်။ ဒါပေမဲ့ ဒါက ကိုယ့်ဆန္ဒပါလေ။ တကယ်တော့ ဘယ်လိုဖြစ်လာမယ်ဆိုတာ ဘယ်သူ ကြိုတင်ပြောနိုင်မလဲ"

"ဒါတော့ ဦးဇင်မောင်က အစဉ်းစား လွန်လွန်းအားမကြီးဘူးလား"

ကျွန်မက ဦးဇင်မောင်ကို ဝင်၍ ပြောလိုက်၏။

"စဉ်းစားရတယ် မထားရေ့၊ စဉ်းစားရတယ်။ ဒီအရွယ် ဒီအတွေ့အကြုံနဲ့ ဒီလိုပဲ စဉ်းစားရမှာပဲ။ အသည်းနှလုံးကချည်း စကားမပြောတော့ဘူး။ အရွယ်ကလည်း စကားပြောလာပြီ"

"ဘယ့်နှယ်လဲဟေ့၊ မောင်ဇင်မောင် ပြေလည်ပြီလား"

ကြီးကြီးညွန့်က လိမ္မော်ရည်များကို ဗန်းတစ်ချပ်တွင် ထည့်၍ ဝင်လာသည်။

"သူတို့က ငယ်သေးတယ် ဒေါ်ဒေါ်၊ သူတို့ကို အရွယ်က ဆုံးမလိမ့်မယ်"

ဦးဇင်မောင်က ရယ်၍ ပြောလိုက်၏။ ကျွန်မတို့အားလုံး စကားစ ပြတ်သွားကာ တိတ်ဆိတ်သွားကြ၏။ ခဏကြာမှ ကြီးကြီးညွန့်က လိမ္မော်ရည်ခွက်ကို ဦးဇင်မောင်ဘက်သို့ လှမ်းပေးရင်း

"မောင်ဇင်မောင် ရင်ဘတ်အောင့်တာ ဘယ့်နှယ်နေသေးသလဲ"

ကြီးကြီးညွန့်သည် မေးပြီးပြီးချင်း ကျွန်မတို့ရှေ့တွင် စကားမှားသွားသလို ခပ်အမ်းအမ်း ဖြစ်နေသည်။

"နည်းနည်းတော့ အောင့်သေးတာပဲ ဒေါ်ဒေါ်"

ဦးဇင်မောင်က လိမ္မော်ဖန်ခွက်ကိုယူ၍ အရေးမကြီးသလို ပြောလိုက်၏။ ဆရာဝန်လုပ်မည်ဟု အားခဲထားသော ထားခင်မူက...

"ဓာတ်မှန်ရိုက်ကြည့်ပါလား ဦးဇင်မောင်"

"ကြည့်ပြီးပြီ ထားခင်မူ၊ ကြည့်ပြီးလို့ ဆရာဝန်က လေကောင်းလေသန့်နဲ့ နေရောင်ခြည်ရတဲ့ နေရာမှာ နေရမယ်၊ အလုပ်ကြမ်း နည်းနည်းပါးပါး လုပ်ပေးရမယ် ဆိုလို့ ရန်ကုန်မှာတောင် မနေဘဲ ဒီကို ရောက်လာတာပဲ"

"ဘာရောဂါနဲ့လဲ"

ကျွန်မက ဝင်၍မေးလိုက်သည်။ ကြီးကြီးညွန့်ရော ဦးဇင်မောင်ပါ မျက်နှာပျက်သွားသလို ကျွန်မထင်လိုက်မိ၏။

"ဟင့်အင်း ဦးဇင်မောင်မှာ ဘာရောဂါမှ မရှိပါဘူး။ ကျန်းတော့ကျန်းမာသားပဲ ဟဲ ဟဲ"

ဦးဇင်မောင်က ရယ်၏။ သူ့ရယ်သံမှာ လုပ်ယူရသော ရယ်သံမျိုးဖြစ်ကြောင်း ကျွန်မ သတိထားမိပါသည်။ ရင်ထဲက အောင့်သည်ဟုလည်း ဆိုသေး၏။ ဆရာဝန်၏ အကြံပေးချက်အရဟုလည်း ဆိုသေး၏။ သို့တိုင်အောင် ဦးဇင်မောင်သည် ကျန်းမာပါသည်ဟု ပြောနေပြန်ချေပြီ။

ကျွန်မနှင့် ထားခင်မူသည် ဦးဇင်မောင်၏ စကားများကို နားမလည်သလို တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ၏။ ဦးဇင်မောင်သည် ကျွန်မတို့နှစ်ယောက်ကို ကြည့်၍ ပြုံးလိုက်သည်။

"တကယ်ပါ၊ ကျန်းမာပါတယ်၊ ဒါပေမဲ့"

ဦးဇင်မောင်သည် စကားကို ဆုံးအောင်မပြောဘဲ ကြီးကြီးညွန့်ဘက်သို့ လှည့်လိုက်သည်။ ကြီးကြီးညွန့်သည် မသာယာသောမျက်နှာထားဖြင့် အဝေးသို့ ငေးကြည့်နေသည်။

"ဦးဇင်မောင်ရဲ့ ညာဘက်အဆုတ်ထဲမှာ ကျည်ဆန်တစ်တောင့် ဝင်နေတယ်"

"ဟယ်"

ကျွန်မနှင့် ထားခင်မူသည် သံပြိုင်အော်လိုက်ကြ၏။ အဆုတ်တွင် ကျည်ဆန်ကြီး တစ်တောင့်လုံး ဝင်နေသူကို ကျွန်မ တစ်သက်တွင် သည်တစ်ခါသာ ကြားဖူး၊ မြင်ဖူးသေး၏။ ကျွန်မသည် ရုံသွင်းပြသော လူထူးကို ကြည့်သလို ဦးဇင်မောင်ကို အံ့သြကရုဏာသက်စွာနှင့် ငေးကြည့်နေမိသည်။

"အဆုတ်ထဲမှာ ကျည်ဆန်တစ်တောင့်လုံး ဝင်နေလျက်နဲ့ ဦးဇင်မောင် ဒီလိုနေနိုင်တယ် ဟုတ်လား"

ဦးဇင်မောင်က ပြုံး၍ ခေါင်းညိတ်သည်။

"ဦးဇင်မောင် မသေဘူး ဟုတ်လား"

ထားခင်မူက တကျွတ်ကျွတ်မြည်အောင် စုတ်ထိုးရင်း ဦးဇင်မောင်ကို အထူးအဆန်းသဖွယ် ကြည့်ပြန်သည်။ ကြီးကြီးညွန့်က သက်ပြင်းတစ်ချက်ကို ချလိုက်၏။ ဘာမျှတော့ မမေးပေ။ အံ့သြဟန်လည်း မရှိပေ။

"သြော် ခက်ပါဘိတော့၊ ခု မသေလို့ ဒီလို ထိုင်စကားပြောနေတာပေါ့။ ဟုတ်လား ဒေါ်ဒေါ်"

ဦးဇင်မောင်က ငေးနေသော ကြီးကြီးညွန့်ဘက်သို့ လှည့်မေးလိုက်တော့မှ ကြီးကြီးညွန့်သည် အိပ်မက်မှ လန့်နိုးသူလို အနိုင်နိုင်ပြုံးကာ ခေါင်းကို သုံးလေးခါ ဆက်၍ ညိတ်လိုက်သည်။

"ဘယ်တုန်းကလဲ ဦးဇင်မောင်၊ ဘာဖြစ်လို့လဲ"

ထားခင်မူက မေးခွန်းများကို ဆက်တိုက် မေးလိုက်၏။ သည်မေးခွန်းကို မေးလိုက်သောအခါတွင်မူကား ဦးဇင်မောင်ရော ကြီးကြီးပါ သိသိသာသာကြီး မျက်နှာပျက်သွားသည်ကို သတိထားမိ၏။

"ကြာပါပြီကွယ်၊ တောပစ်ရင်း သေနတ်မှန်တာပါ။ ကျည်ဆန်ထိပ်ဖူးက သံမဏိထိပ်ဖူးဆိုတော့ အဆုတ်ကို လျှောက်မစားဘူး။ ခဲသားထိပ်ဖူးကမှ အဆုတ်တို့၊ အသားတို့ကို စားတာ။ ဒါကြောင့် ခွဲမထုတ်သေးဘဲ ထားတာပါ။ ကဲ ပြန်ဦးမှပဲ။ ဒီနေ့ည ကျားပုံမကောက်ဆေးလိပ်ပိုင်ရှင် ကိုစိန်တင့်တို့နဲ့ သနပ်ဖက်အရောင်းအဝယ်ကိစ္စ ချိန်းထားတယ်။ မနက်အစောကြီး သစ်တစ်ပင်ကို ပြန်မယ်၊ အားလုံး နှုတ်ဆက်ပြီးသားပဲ။ မထားတို့တစ်တွေ လာခါနီးတော့ ဦးဇင်မောင်ဆီ စာရေးလိုက်ပေါ့၊ ဦးဇင်မောင် တောင်သုံးလုံးလမ်းခွဲက လာကြိုမယ်"

ဦးဇင်မောင်ပြန်သွားတော့ မှောင်နေပေပြီ။ နေရောင် ရွှေခြည်မျှင်များကလည်း

တဖြည်းဖြည်း မှိန်၍ ပျောက်ကွယ်သွားကြ၏။ စံကားပွင့်များ၏ ရနံ့ကလည်း ပို၍ သင်းပျံ့လာသည်ဟု ထင်ရပါသည်။ ညဥ့်ငှက်ကလေးများပင် အစာရှာထွက်လာစ ပြုပြီဖြစ်၏။

ကျွန်မသည် မှုန်ပြာရီဝေသော ဆည်းဆာထဲတွင် တစ်လှမ်းချင်း ထွက်ခွာသွားသော ဦးဇင်မောင်ကို မျှော်ငေးကြည့်၍ ကျန်ရစ်ပေသည်။

## [၇]

ကျွန်မနှင့် ထားခင်မူသည် အေးအေးတို့ လင်မယားကို ညောင်ရွှေဘူတာသို့ ဆင်းကြိုကြ၏။ ကိုအောင်မျိုးလည်း ပါပေသည်။ ကိုအောင်မျိုးတွင် မော်တော်ကား ပါသဖြင့် ကျွန်မတို့ သွားရေးလာရေးအတွက် အထူးမစီစဉ်ရတော့ပေ။

ကျွန်မသည် အေးအေးနှင့် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောကြ၏။ ကျောင်းတုန်းက သူငယ်ချင်းတွေ သတင်းကို အလဲအလှယ် လုပ်ကြ၏။ ရောက်သည့်ညက ကျွန်မတို့နှစ်ယောက် စကားပြောကြသည်မှာ မိုးထိန်ထိန်လင်းသည်အထိ ဖြစ်လေသည်။ အေးအေးတို့ ရောက်နေသည့် အတောအတွင်းတွင် ကိုအောင်မျိုးလည်း ကျွန်မတို့အိမ်မှာလိုလိုချည်း ဖြစ်၏။ သူ့ရုံးသို့ ခဏတစ်ဖြုတ်သွားပြီး ကျွန်မတို့ဆီမှာပင် အချိန်ကုန်လေသည်။ တောင်ကြီးတွင် အေးအေးတို့ နှစ်ရက် အနားယူသည့်အခိုက် အိမ်ခံလူများဖြစ်သော ကိုအောင်မျိုးနှင့် ကျွန်မတို့တစ်တွေက ကြည့်စရာ ရှုစရာများကို လိုက်ပြကြသည်။

တောင်ကြီးတွင် နှစ်ရက်နေပြီး အေးအေးတို့လင်မယားကို အင်းလေးသို့ လိုက်ပို့ရန် ပြင်ဆင်ရသည်။ အေးအေးတို့ လင်မယား၊ ကိုအောင်မျိုး၊ ထားခင်မူနှင့် ကျွန်မတို့ ပေါင်းငါးယောက်ဖြစ်၏။ ညောင်ရွှေအထိ ကိုအောင်မျိုးမော်တော်ကားနှင့် လာကြပြီး ညောင်ရွှေဟော်ကို ဝင်ကြည့်ကြသည်။

ဟော်ကြီးမှာ အိုမင်းနေပေပြီ။ အတွင်းတွင်မူ တောက်ပပြောင်လက်လျက်ပင် ရှိသေး၏။ ထီးဖြူမိုးထားသော ရာဇပလ္လင်၊ လူတစ်ရပ်လောက်ရှိသည့် ရှမ်းအိုးစည်ကြီး၊ ရှေးဟောင်း ပန်းချီကားများ စသည်တို့ကို လျှောက်ကြည့်ကြသည်။ ဟော်ကြီးသည် ယင်ပျားအပေါင်းတို့ ပျံလေပြီးသော မစုတ်ပျားအုံကြီးကဲ့သို့ပင်တကား။

ညောင်ရွှေဆိပ်ကမ်းတွင် ဂျွန်ဆန်ပဲ့ချိတ်စက် တပ်ထားသော လှေတစ်စင်းကို

ငှား၍ အင်းထဲသို့ ထွက်ခဲ့ကြသည်။ ချောင်းကျဉ်းကလေးထဲတွင် ပဲ့ချိတ်စက်ကလေး သည် တစ်ဟုန်ထိုး ပြေးသွားလျက်ရှိသည်။ ချောင်းထဲတွင် မြက်ရှည်ပင်များ ထူထပ်စွာ ပေါက်လျက်ရှိသည်။ မြက်ရှည်ပင်များသည် ပဲ့ချိတ်စက် တပ်ထားသော လှေကလေး နောက်တွင် တရိပ်ရိပ် ကျန်ရစ်ခဲ့ကြ၏။ ချောင်းကျဉ်းကျဉ်းကလေးထဲတွင် ပဲ့ချိတ်စက် လှေ တစ်စင်းနှင့်တစ်စင်း ရှောင်ကြသည်မှာ အသည်းယားစရာပင် ကောင်းသေးတော့ သည်။ ကိုင်းပင်၊ မြက်ပင်တွေ ကာရံထားသော ချောင်းကျဉ်းကလေးထဲမှ ထွက်လိုက် သောအခါ အင်းကြီးထဲသို့ ရောက်လာလေသည်။ အရှေ့ဘက်တွင် ပြာမှိုင်းသော တောင်တန်းများ၊ အနောက်ဘက်တွင်လည်း ပြာမှိုင်းသော တောင်တန်းများ၊ တောင် တန်းပြာပြာကြီးများ၏ ရင်ခွင်ထဲတွင် အင်းလေးကန်ကြီးသည် မှေးမှိတ် အိပ်စက်နေ သလားဟု ထင်ရပေသည်။

အင်းထဲရောက်သည်နှင့် ကျွန်မစိတ်သည် ကြည်လင်လန်းဆတ်လာတော့ သည်။ တောင်တန်းအပြာ၊ ကောင်းကင်အပြာ၊ ရေအပြာ။

"အင်းလေးကန်သာ ရေလျှာကပြာ ငွေဇာပွင့်ခြုံလွှာ"

ထားခင်မူသည် သီချင်းတစ်ပုဒ်ကို ညည်းလိုက်လာ၏။ ကိုတင်မြင့်နှင့် ကိုအောင်မျိုးမှာ ဦးကထိုင်၍ ထားခင်မူက အလယ်မှထိုင်ကာ ကျွန်မနှင့် အေးအေး တို့က နောက်ကထိုင်၏။

"မခင်ဝေကြီးတော့ စွံသွားပြီဆရာ၊ မင်းကော မစွံသေးဘူးလား"

အေးအေးက ကျွန်မကို ပြုံးကြည့်၍ မေး၏။ ကျွန်မက ခေါင်းကိုယမ်းကာ

"ကြိုက်မယ့်သူမှ မရှိသေးဘဲ၊ ဘယ်စွံဦးမလဲကွ"

အေးအေးက ပြုံး၍ ရေပြင်ကို ကုန်းကုန်းကြီး စိုက်ကြည့်လာသော ကိုအောင်မျိုး ကို မေးငေါ့ပြ၏။ ကျွန်မသည် ရုက်ရုက်နှင့် အေးအေး၏ပေါင်ကို ဆိတ်ဆွဲလိုက် သည်။

"တကယ်ပြောတာ။ သားတစ်ယောက်တည်းရယ်ကွာ၊ လူအေးကွာ၊ ရိုးလည်း ရိုးတယ်ကွာ။ ပြီးတော့ မင်းကို သဘောကျတယ်ကွာ။ မင်းကို ချစ်တယ်ဆိုတဲ့ အကြောင်း ကိုယ့်ဆီကို ပေးတဲ့စာထဲမှာ ထည့်ရေးထားတယ်"

"ဘုရားရေ ကိုယ့်ကိုချစ်တာကို မင်းဆီ သူ ဘာဖြစ်လို့ လှမ်းစာရေးရတာလဲ"

ကျွန်မက အထိတ်တလန့် အော်လိုက်၏။

"အတိအလင်းကြီးတော့ မဟုတ်ဘူးပေါ့ကွာ။ မင်းကို ခင်တဲ့အကြောင်း၊ မင်းနဲ့

ညနေတိုင်း လမ်းလျှောက်ရင် သူ့ဘဝကြီးတစ်ခုလုံး သာယာစိုပြည်လာတယ် ထင်ရတဲ့ အကြောင်း စသဖြင့်ပေါ့ကွာ။ ဒါပေမဲ့ကွာ၊ မိရွှေအေးတို့ကလည်း ပျိုရာက အိုလာတာ ပါ။ ဒီလောက်ထည့်ရေးရင် မရိပ်မိဘဲနေပါ့မလား။ ကိုယ်အကဲခတ်ကြည့်တော့ မင်းက လည်း"

"အိုကွယ် အေး၊ မင်း ဒီလို မဟုတ်တရုတ် မစွပ်စွဲနဲ့"

"ဟောဒီမှာ မင်း ကိုယ့်ကို ညာမနေနဲ့၊ မင်းတို့နှစ်ယောက်စလုံး မူပျက်နေတာ ကိုယ်သိတယ်။ ရွှေညောင်ဘူတာကို လာကြိုတုန်းက နှစ်ယောက်စလုံးမျက်နှာကို သေသေချာချာ အကဲခတ်ကြည့်တာ"

"ကြည့်ပါလား၊ မပြောနဲ့လို့ဆိုနေ ကဲ ကဲ"

ကျွန်မက ရှက်ရှက်ဖြင့် အော်၍ အေးအေး၏ပေါင်ကို ဆိတ်ဆွဲလိုက်သည်။ အေးအေးက ရယ်နေ၏။ ကျွန်မသည် မပြောနဲ့ဟုသာ ဆိုရသော်လည်း နားထောင်ချင် နေပါသည်။ တောင်ကြီးမှာ လမ်းလျှောက်ကြတုန်းကတည်းက ကျွန်မသည် ကိုအောင် မျိုးထံမှ လက်အကမ်းကို စောင့်ဆိုင်းနေခဲ့ပါသည်။ ကျွန်မ အသက်အရွယ်တွင် ယခု အကြိမ်သည် ပထမဆုံး ယောကျာ်းအတွက် စိတ်လှုပ်ရှားဖူးသော အကြိမ်ဖြစ်၏။ သို့ရာတွင် နှစ်ဆယ်ကျော်အစိတ်ပိုင်းတွင် အရွယ်တော်တစ်ဆိတ်ဟိုင်းပြီမို့ မနည်း ဟန်လုပ်၍ ထားခဲ့ရပါသည်။ ကျွန်မတို့နှစ်ယောက် ဖြစ်ပုံကြောင့် လှေဦးမှ ကိုတင်မြင့် နှင့် ကိုအောင်မျိုးတို့က လှည့်ကြည့်ကြ၏။ ကျွန်မသည် ကိုအောင်မျိုး၏အကြည့်ကို ရင်မဆိုင်ရဲဘဲ ရှက်ပြုံးပြုံး၍ ခေါင်းငုံ့ထားကာ အေးအေး၏ပေါင်ကိုသာ ရှက်ရှက်နှင့် ဆိတ်ဆွဲနေသည်။

"ဘယ်လိုလဲ ဒေါ်ဒေါ်ထား၊ နှစ်ယောက်စလုံး ရေထဲလိမ့်ကျနေဦးမယ်နော်"

"အို အလကားပါ"

ကျွန်မက ပြုံး၍ ပြန်ပြောလိုက်ပါသည်။

"ထားကို စစ်နေတာ မောင်ရဲ့၊ ခု အလိမ်ပေါ်လို့ ခက်နေတယ်"

အေးအေးက ကိုတင့်မြင့်ကို လှမ်းပြောလိုက်သည်။ ကိုအောင်မျိုးမှာ ပြုံးနေ ပေသည်။

ကျွန်မတို့ လှေကလေးသည် ခြေထောက်ဖြင့်လှော်သော လှေကလေးများကို ကျော်ဖြတ်ကာ ကျွန်းမျောတွေကြားထဲက ဖြတ်၍ လာခဲ့ကြသည်။ ကျွန်းမျောများပေါ် တွင် စိမ်းလန်းနေသော ဟင်းသီးဟင်းရွက်များကို မြင်ရ၏။ ကျွန်းမျောများကြားထဲ

တွင် ဆွမ်းခံပြန်လာသော ဘုန်းကြီးကျောင်းသားများနှင့် ကျောင်းကပြန်လာသော ကျောင်းသားကလေးများ၏ လှေကလေးများကို တွေ့ရ၏။ အေးအေးသည် ရေတွင် ကျွမ်းကျင်ကြသော အင်းသားကလေးများကို ကြည့်ကာ အံ့သြနေသည်။

ကျွန်မသည် အင်းပေါခုံမှ ရက်ကန်းစင်များကို လျှောက်ကြည့်ကြပြီး ဖောင်တော်ဦးဘုရားကို တက်ဖူးကြသည်။ ဖောင်တော်ဦးဘုရား တန်ဆောင်းတွင် ရောင်းနေသော လက်ကိုင်အိတ်ကလေးများကို ဝယ်ပြီး ဝင်၍ဘုရားဖူးကြသည်။ ကျွန်မ ဘုရားဖူးပြီး လှမ်းကြည့်လိုက်သောအခါ ကျွန်မနောက်တွင် အေးအေးတို့ မရှိတော့ပေ။ ကိုအောင်မျိုး တစ်ယောက်တည်း ရပ်၍ စောင့်နေသည်ကို တွေ့ရသည်။

“အေးအေးတို့ ဟိုဘက်ကမ်းက ဈေးကလေးကို ဈေးဝယ်သွားကြတယ်”

ဖောင်တော်ဦး စေတီကမ်းဘက်နှင့် ဝါးနှစ်ရိုက်ကျော် သုံးရိုက်လောက် ကျွန်းမျောကလေးများပေါ်တွင် ဈေးကလေးရှိ၏။ အေးအေးသည် ရေထဲက ပဲ့ချိတ်စက်လှေပေါ်မှနေ၍ ကျွန်မကို လက်ကိုင်ပဝါ ဝှေ့ယမ်းပြနေသည်။ ကေတ္တ မိရွှေအေး လက်ချက်ဟု ကျွန်မ သိလိုက်ပါသည်။

“ခု ပြန်လာမှာပါ၊ မထား ဘုရားဝတ်ပြုနေတာနဲ့”

ကိုအောင်မျိုးသည် စီးကရက်တစ်လိပ်ကို မီးညှိဖွာနေ၏။ ဘုရားတန်ဆောင်းထဲတွင် ကျွန်မတို့နှစ်ယောက်သာ ရှိလေသည်။ အင်းကို ဖြတ်တိုက်လာသောလေကြောင့် ကျွန်မဆံပင်များသည် နဖူးပေါ်သို့ ဖွာကျဲကျလာသည်။ ကျွန်မသည် ကိုယ့်ဘာသာကိုယ် မလုံမလဲဖြစ်နေသဖြင့် ကိုအောင်မျိုး၏မျက်နှာပင် စေ့စေ့မကြည့်ရဲဘဲငုံ့နေသည်။

“ထား”

ကျွန်မသည် ကိုအောင်မျိုး၏ အသံကြောင့် တုန်လှုပ်သွား၏။ ခါတိုင်း မထားဟု ခေါ်နေကျ ကိုအောင်မျိုးသည် ကျွန်မကို ထားဟု တစ်လုံးတည်းအဖျားဆွတ်ခေါ်လိုက်သည်ကို ကျွန်မ သတိထားလိုက်မိ၏။ သူ့အသံကလည်း အနည်းငယ်တုန်နေလေသည်။ ကျွန်မရင်ကလည်း တဒိတ်ဒိတ်ခုန်လျက်ရှိပါသည်။

“လှေပေါ်တုန်းက အေးအေးက ထားကို ဘာတွေပြောသလဲဟင်”

ကိုအောင်မျိုးသည် ကျွန်မအား အေးအေးက ဘာတွေပြန်ပြောသည်ကို သိချင်ဟန်တူ၏။ ကျွန်မကလည်း အေးအေးထံ ကိုအောင်မျိုး ဘာတွေရေးလိုက်သည်ကို သိလိုလှပါသည်။

"အစ်ကိုမျိုးကော အေးအေးဆီ ဘာတွေ ရေးလိုက်သလဲ"

ကျွန်မ ပါးစပ်က လွှတ်ခနဲ ထွက်သွားပါသည်။ ကိုအောင်မျိုးသည် စီးကရက်တိုကလေးကို လွှင့်ပစ်လိုက်ကာ သက်ပြင်းကြီးချလိုက်သည်။ ကျွန်မသည် မီးခိုးတလူလူဖြစ်နေသော စီးကရက်တိုကလေးကိုသာ စိုက်ကြည့်နေမိ၏။ သည်အချိန်က ကျွန်မရင်သည် ပူလောင်လွန်းလှသဖြင့် ကျွန်မရင်ကို ဖွင့်ကြည့်လိုက်လျှင် မီးခိုးတလူလူထွက်နေလိမ့်မည်လားဟု ထင်ရလေသည်။

"ခုမှတော့ မထူးပါဘူး ထားရယ်၊ အစ်ကိုမျိုး ဖွင့်ပြောပါ့မယ်။ အစ်ကိုမျိုး ထားကိုချစ်တယ်။ ချစ်ပေမဲ့ ဖွင့်မပြောရဲဘူး။ အစ်ကိုမျိုး ဖွင့်ပြောလိုက်လို့ ထားကများပြန်မချစ်ခဲ့ရင် ခင်မင်ရင်းစွဲ မိတ်ဆွေအဖြစ် ဆုံးရှုံးပြီး သူစိမ်းပြင်ပြင်ကြီး ပြန်ဖြစ်သွားမှာကို စိုးရိမ်တယ်။ အစ်ကိုမျိုး ပြောခြင်းဟာ နှောင်းသော ပြောခြင်းဖြစ်လို့ ထားကဟင့်အင်းလို့ ငြင်းလိုက်လို့ရှိရင်လည်း အစ်ကိုမျိုး ရင်ကွဲရမှာပဲ။ ဒါကြောင့် အစ်ကိုမျိုး ထားရဲ့ အရိပ်အခြည်ကို စောင့်ကြည့်နေတာ။ အမှန်ကတော့ ဟိုတစ်ခါ ငုနီလာပင်တွေအောက်မှာ လမ်းလျှောက်ကြကတည်းက ဖွင့်ပြောဖို့ပဲ၊ ဒါပေမဲ့ အစ်ကိုမျိုး ပါးစပ်က မထွက်ဘူး။ အေးအေးဆီ ရေးတဲ့စာကတော့ ထားမှာ ချစ်သူရှိသလား၊ မရှိဘူးလားဆိုတာကို သွယ်သွယ်ဝိုက်ဝိုက် စုံစမ်းမေးမြန်းတဲ့စာပဲ။ ဘယ့်နှယ်လဲ ထား၊ အစ်ကိုမျိုး အလာမနှောင်းသေးပါဘူး ထင်ပါတယ်နော်၊ အလာနှောင်းသွားပြီလား ဟင်"

ကျွန်မသည် ခေါင်းကို ငုံ့ထားသဖြင့် ကိုအောင်မျိုး၏ မျက်နှာကို မမြင်ရသော်လည်း သူ့မျက်လုံးများက ကျွန်မထံ စူးစိုက်ကြည့်နေခြင်းကိုမူ ကျွန်မခံစားသိရှိပါသည်။

ကျွန်မက ခေါင်းငုံ့ထားရင်းကိုပင် ခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်သည်။

"ဝမ်းသာလိုက်တာ ထားရယ်၊ အစ်ကိုမျိုး သိပ်ဝမ်းသာတာပဲ"

ကိုအောင်မျိုးသည် ကျွန်မ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ အားရပါးရကြီး ပြောချနေသည်။ တကယ်တော့ ကျွန်မသည် ကိုအောင်မျိုးထံမှ စကားကို မျှော်လင့်နေခဲ့သည်မှာ ငုနီလာပင်တွေအောက် လမ်းလျှောက်ကတည်းကပင် ဖြစ်၏။

ကျွန်မသည် ရင်ထဲက လှိုက်ဖိုလာကာ မျက်ရည်တွေဝဲလာသည်။ ဝမ်းသာခြင်းကြောင့်လား၊ ဝမ်းနည်းခြင်းကြောင့်လားဟုပင် မပြောတတ်ပေ။

"ဟင် ထား ငိုနေတယ်"

ကိုအောင်မျိုးသည် ကျွန်မ မေးစေ့ကို ဆွဲယူကာ မျက်နှာကိုမော့လိုက်၏။

"မငိုပါနဲ့ ထားရယ်၊ ဘာဖြစ်လို့ ငိုရတာလဲ"

"ထား အားငယ်လွန်းလို့"

ကျွန်မသည် လေသံကလေးဖြင့် ဖြေလိုက်သည်။

"အစ်ကိုမျိုး သိတယ် ထား၊ ထားကို စတွေ့ကတည်းက အစ်ကိုမျိုး သိထားခဲ့မိတယ်။ အားငယ်တတ်တဲ့ မိန်းကလေးမို့လို့လည်း အစ်ကိုမျိုး ထားကို အသနားပိုခဲ့ရတယ်။ ထားနဲ့ အစ်ကိုမျိုး တောင်ကြီးမှာ ပထမဆုံး စတွေ့တဲ့နေ့က ကောင်းကင်တစ်ခုလုံး ပြိုကျတော့မလို မိုးတိမ်တွေ အုံ့ပြီး မိုးရွာကြီးထဲမှာ ထားတစ်ယောက်တည်း လျှောက်သွားနေပုံဟာ ထားရဲ့ဘဝကို ပုံဖော်ပေးလိုက်တဲ့ မြင်ကွင်းကလေးတစ်ခုပဲ။ အစ်ကိုမျိုးစိတ်ထဲမှာတော့ ထားရဲ့ဘဝဟာ အဲဒီနေ့က မိုးကောင်းကင်ကြီးလို အုံ့မှိုင်းပြီး အဲဒီအုံ့မှိုင်းနေတဲ့ ဘဝလမ်းမှာ ထားတစ်ယောက်တည်း တစမ်းစမ်းလျှောက်နေရတယ်လို့ မြင်တယ်။ အဲဒီနေ့က ထားကို အစ်ကိုမျိုးက ကားနဲ့ခေါ်တော့ ထားက မလိုက်ဘူးလို့ ငြင်းတယ်။ ဒီတစ်ခါမှာ ဒီလိုများ ငြင်းလိုက်ရင် ဒုက္ခပဲဆိုပြီး အစ်ကိုမျိုး ဖွင့်ပြောဖို့ ဝန်လေးခဲ့တာပဲ။ မငိုပါနဲ့တော့ ထားရယ်၊ ခု ထားတစ်ယောက်တည်း မဟုတ်တော့ပါဘူး။ ထားဘေးမှာ အစ်ကိုမျိုးရှိတယ်။ အစ်ကိုမျိုး တစ်သက်လုံး ထားကို စောင့်ရှောက်သွားမယ်။ ဟော အေးအေးတို့တောင် ဒီဘက်ကမ်း ကူးလာနေကြပြီ။ တိတ် တိတ်"

ကျွန်မသည် ကိုမျိုး၏ စကားလုံးလှလှကလေးများကြောင့် ရင်ထဲတွင် အေးသွားပါ၏။ အသည်းနှလုံးတွင် မေတ္တာ၏စောင်းကြိုးတို့ တီးခတ်မိသောအခါတွင် တေးသားများသည် လှပနွဲ့နှောင်းလှပါတကား။

အင်းထဲမှ ပုံ့ချိတ်သံကို ကြားရသည်။ အေးအေးတို့လင်မယားနှင့် ထားခင်မူက ကျွန်မတို့နှစ်ယောက်ကို လှမ်း၍ခေါ်ကြ၏။ ကျွန်မသည် မျက်ရည်များကို သိမ်းကာ ကမ်းသို့ ပြေးဆင်းလာခဲ့သည်။ ကျွန်မ ကမ်းစပ်နားရောက်တော့ ပုံ့ချိတ်စက်လှေသည် ကမ်းသို့ မရောက်သေးပေ။ ကိုအောင်မျိုးသည် ကျွန်မနောက်က လိုက်လာပြီး ကျွန်မဘေးတွင် ရပ်လိုက်၏။

အင်းလေးကို ဖြတ်ကျော်တိုက်လာသောလေသည် ကျွန်မတို့ မျက်နှာကို နမ်းရှုပ်ထွက်ပြေးသွား၏။ လေသည် အေးမြကာ ရေမှုန်ရေငွေ့ကလေးတွေ ပါလာသလားဟုပင် အောက်မေ့ရသည်။ ကျွန်မ ဆံပင်များသည် နဖူးပေါ်တွင် ဝဲကျကာ ထဘီစသည် လေထဲတွင် လွင့်ပျံလျက်ရှိ၏။ ကျွန်မသည် ကိုအောင်မျိုးကို ကြည့်လိုက်

၏။ ကိုအောင်မျိုးကလည်း ကျွန်မကို ရွှန်းရွှန်းစားစားကြီး ကြည့်၍ ပြုံးနေသည်။ ကျွန်မသည် သူ့အကြည့်ကို ကြာကြာရင်မဆိုင်ရဲဘဲ ပြုံး၍ ခေါင်းကို ငုံ့ထားလိုက်သည်။

ပွဲချိတ်စက်လှေကလေး ထိုးဆိုက်လိုက်တော့မှ ကျွန်မတို့သည် လှေပေါ်သို့ တက်ခဲ့ကြ၏။ ကိုတင်မြင့်က ကင်မရာမှ ဖလင်လိပ်များကို လှည့်ရင်း

"အေးရေ ဒီပုံ သိပ်ကောင်းမယ်ကွ၊ ကောင်းကင်ကြီး နောက်ခံထားပြီး ရပ်နေတဲ့ပုံ ရလိုက်တယ်။ မထား ထဘီစက လွင့်နေတော့ ပိုပြီးအသက်ပါတယ်"

ကိုတင်မြင့်သည် ကမ်းသို့အကပ်တွင် ပွဲချိတ်စက်လှေပေါ်မှ နေ၍ ကျွန်မတို့ နှစ်ယောက်ရပ်ကြသည့်ပုံကို ရိုက်ယူထားလိုက်သည်။

ကျွန်မတို့မှာ ဓာတ်ပုံရိုက်သည်ကို မသိလိုက်ကြပေ။

## [၈]

ကျွန်မတို့သည် နောက်တစ်ရက်တွင် ပင်းတယသို့သွားပြီး အိမ်မှာ တစ်ရက် နားကြ၏။ ဤအတောအတွင်း ကျွန်မသည် ကျွန်မတို့လာမည့်အကြောင်းကို ဦးဇင်မောင်ထံ စာရေးလိုက်သည်။ နောက်တစ်နေ့ ကျွန်မတို့ သစ်တစ်ပင်သို့ ဆင်းလာကြသောအခါ ဦးဇင်မောင်သည် တောင်သုံးလုံးလမ်းခွဲမှ ကြိုနေလေသည်။ တောင်သုံးလုံးလမ်းခွဲမှာ ရွှေညောင် ကလောသွားလမ်း လမ်းမကြီးပေါ်တွင် ရှိပေသည်။ ရွာဆိုသော်လည်း ကတ္တရာစေးလမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးခြံစည်းရိုးကလေးတွင် ခနော်ခနဲ့ဖြင့် အိမ်ကလေး အလုံး သုံးလေးဆယ်လောက် တန်းစီဆောက်ထားသော အိမ်စုကလေးသာ ဖြစ်သည်။

တောင်သုံးလုံးသို့ ကျွန်မတို့ ရောက်သွားသောအခါ ဦးဇင်မောင်သည် တောင်သုံးလုံးတွင်နေသည့် ယာအလုပ်သမားတစ်ယောက်၏ အိမ်ကလေးထဲတွင် လက်ဖက်ရည်ကြမ်းသောက်ရင်း စောင့်နေသည်ကို တွေ့ရ၏။ ခေါင်းတွင် စစ်သုံးအဝတ် ဦးထုပ်အစိမ်းကို ဆောင်းထားပြီး အစိမ်းပုပ်ရောင် စစ်အင်္ကျီလက်ရှည်ကြီးကို ဝတ်၍ ခါးတွင် ချည်လုံချည်ကြမ်းကြီးကို စည်းထား၏။ ခြေထောက်တွင်ကား လယ်သမားများ စီးလေ့ရှိသည့် ဘွတ်ဖိနပ်ကြီးကိုစီးထားသည်။ တကယ်တော့ ဦးဇင်မောင်သည် ယာတောအလုပ်သမားတွေကြားထဲတွင် တကယ့်ယာသမားကြီးဂိုက် ပေါက်နေပေသည်။

အေးအေးတို့လင်မယားနှင့် ဦးဇင်မောင်ကို ကျွန်မက မိတ်ဆက်ပေး၏။

"အမယ်လေး၊ ထားခင်မူဖြင့် ဦးဇင်မောင်ကို လူတောင်မှားလို့၊ ဝတ်စားထားလိုက်တာကလည်း"

ထားခင်မူက ဦးဇင်မောင် ဝတ်စားထားပုံကို ကြည့်၍ ဆို၏။

"ဟ လယ်တောမှာ လယ်လုပ်ရင် လယ်သမားလိုပဲ ဝတ်ရမှာပေါ့။ ဘန်ကောက်လုံချည်နဲ့ သက္ကလတ်တိုက်ပုံအကျႌဝတ်ပြီး လယ်ထဲဆင်းနေရမှာလား။ အဲဒီလို ဝတ်တာက လယ်သမားအကြောင်း ရေးမယ်ဆိုတဲ့ စာရေးဆရာတွေမှ ဝတ်ကြတာ"

ဦးဇင်မောင်သည် သူ့စကားကို သူ သဘောကျကာ တဟားဟားရယ်နေသည်။

"ယာတောမှာတော့ သူတို့မှ ကိုက်တယ်။ အညစ်လည်း ခံတယ်။ နေရောင်လည်း ခံတယ်။ ထားခင်အိတို့ ဝတ်စားထားပုံက ကောင်းလွန်းအားကြီးတယ်။ ယာတောနဲ့ မကိုက်ဘူး၊ ဆူးလေဘုရားလမ်းမကြီးပေါ်မှာ မှန်ကားထဲ ထိုင်လိုက်ရင်း ဝတ်ဖို့ပဲ ကောင်းတယ်"

တကယ်တော့ ကျွန်မတို့ အဝတ်အစားများသည် သည်လောက် မကောင်းလှပေ။ ကျွန်မတို့သည် သင့်တင့်လျောက်ပတ်ရုံသာ ဝတ်စားလာခဲ့ကြခြင်းဖြစ်၏။ ထားခင်မူမှာ ဦးဇင်မောင်၏စကားကို မကျေနပ်သဖြင့် မျက်စောင်းတခဲခဲနှင့် ဖြစ်နေပေသည်။

ကျွန်မတို့သည် ကိုအောင်မျိုး၏ လင်းရိုဗာကားကလေးဖြင့် သစ်တစ်ပင်သို့ ထွက်ခဲ့ကြသည်။ လမ်းမှာ ယာခင်းဘေးမှ လှည်းလမ်းကလေးဖြစ်သည်။ မြေနီမှုန့်များသည် အလိပ်လိုက်ကာ ကားနောက်မြီးတွင် တလုံးလုံး ဖြစ်နေ၏။ လမ်းကြားကလေးထဲတွင် နာရီဝက်ခန့် မောင်းမိလျှင် ကုန်းမိုဆိုသော ရွာကလေးသို့ ရောက်ကြသည်။ ရွာကလေးမှာ အိမ်ခြေတစ်ရာလောက်ရှိပြီး ရှမ်းယာသမားများ၏ ရွာကလေးဖြစ်၏။

"ဒီရွာကလေးက ကျုပ်တို့ ဈေးရွာကလေးပေါ့။ သကြား၊ နို့ဆီ၊ ဘိလပ်ရည်၊ လိမ္မော်ရည် စတဲ့ ပစ္စည်းတွေလည်း ရတယ်။ ကျောက်သင်ပုန်း၊ ခဲတံ၊ ဗလာစာအုပ် စတဲ့ စာရေးကိရိယာလေးတွေလည်း ရတယ်။ နောက်ပြီး အပ်ချည်တို့၊ အပ်တို့၊ ကြိုးတို့ စတဲ့ တိုလီမိုလီပစ္စည်းတွေလည်း ရတယ်။ သစ်တစ်ပင်တစ်ဝိုက်က ယာသမားတွေဟာ ရွှေညောင်အထိ သွားချိန်မရရင် ဒီရွာကလေးမှာပဲ လာပြီး ဝယ်ကြရတာပဲ"

ရွာလယ် လမ်းကလေးတစ်လျှောက် ကျွန်မတို့ကား လျှောက်မောင်းသွားသော

အခါ ကလေးတွေက နောက်က အော်ဟစ်၍လိုက်ကြ၏။ ယာသမားကြီးများကား ဦးဇင်မောင်ကို အော်ဟစ်နှုတ်ဆက်ကြလေသည်။ ကျွန်မတို့ကားသည် ရွာလယ် ကုန်စုံဆိုင်ကလေးတစ်ဆိုင်တွင် ရပ်လိုက်၏။

“ဒါ ဒီရွာက သမဝါယမဆိုင်ကလေးပဲ။ ကျုပ် ခင်ဗျားတို့ဖို့ ဘိလပ်ရည်ကလေးနဲ့ လိမ္မော်ရည် ဝယ်လိုက်ဦးမယ်”

ဦးဇင်မောင်သည် ကားပေါ်မှ ဆင်းသွားကာ ဆိုင်ထဲသို့ ဝင်သွားသည်။ ဦးဇင်မောင်သည် သမဝါယမဆိုင်ထိုင်သူ ရှမ်းလူရွယ်ကလေးများနှင့်လည်း ခင်မင်ရင်းနှီးနေပေသည်။ တွေ့သမျှ လူတွေနှင့် နှုတ်ဆက်ရသည်မှာလည်း ပါးစပ်မအားရအောင်ဖြစ်နေသည်။ ဩော်... သူ့လူတွေနဲ့သူတော့ ဟန်ကျလို့ပါကလားဟုပင် အောက်မေ့ရသေးသည်။

ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက်ကျမှ ဦးဇင်မောင်သည် ဘိလပ်ရည်သေတ္တာကို ကိုယ်တိုင်မ၍ ကားနားသို့ ရောက်လာသည်။

“ကဲ သွားကြမယ်။ သိပ် မလိုတော့ပါဘူး။ ဒီ ကုန်းမို့ရွာဟာ ခရီးတစ်ဝက်ပဲ”

“ဟင် ခုမှ ခရီးတစ်ဝက်ပဲ ရှိသေးတယ် ဟုတ်လား”

ထားခင်မူက မကျေနပ်သံဖြင့် မေး၏။ ဦးဇင်မောင်သည် ထားခင်မူကို ကြည့်၍ရယ်နေလေသည်။

“သစ်တစ်ပင်နဲ့ တောင်သုံးလုံးက ၁၀ မိုင်လောက်ပဲ ဝေးတာပါ။ ကုန်းမို့က ခရီးတစ်ဝက်ပဲ။ ဒါပေမဲ့ လမ်းကြမ်းတော့ ၁၀ မိုင်ကို တစ်နာရီနီးပါးလောက် မောင်းရတာပေါ့။ ကတ္တရာစေးလမ်းမကြီးမှ မဟုတ်ဘဲ”

ထားခင်မူတစ်ယောက်သာ ဖုန်တွေ တလုံးလုံးထနေသော ခရီးကို သွားရသဖြင့် စိတ်ညစ်နေဟန်တူပါ၏။ ကျွန်မနှင့် အေးအေးတို့တစ်တွေကား တောလမ်းကလေးကို ခရီးသွားရသဖြင့် မြူးနေကြလေသည်။ ကျွန်မတို့သည် တော၏ လန်းဆတ်သောအလှကို ကြည့်၍ ပျော်လာကြသည်။ သစ်ပင်များကြားတွင် ရက်သွယ်နေကြသော တောင်ခိုးနှင့် နှင်းမြူများပေါ်သို့ နေရောင်ခြည်များ ကျဆင်းလာသောအခါတွင် ငွေခြည်တန်းများဖြစ်ပေါ်လာကြလေသည်။ ပုစဉ်းရင်ကွဲများသည် ချုံကြားထဲမှ တစီစီ အော်မြည်နေကြသည်။ နံနက်ခင်းတွင် ချိုးကူသံကို ကြားရသည်မှာလည်း စိတ်ကြည်နူးစရာ ကောင်းလှသည်။

“ဟောဒါ သစ်တစ်ပင်ယာတောရဲ့ နယ်နိမိတ်ပဲ”

ကျွန်မတို့သည် ရေစပ်စပ်သာရှိသော ရိုးကလေးကို ကူးထားသည့် သစ်သား တံတားကလေးပေါ်မှ ဖြတ်မောင်းခဲ့ကြသည်။ သည်တံတားမှာ လယ်ထွန်စက်များ ဖြတ်မောင်းနိုင်အောင် မကြာသေးမီက ခင်းထားသော တံတားလေးဖြစ်၏။ တံတား ကလေးထိပ်တွင် သစ်တိုပင်ကြီးတစ်ပင်ကို မြင်ရသည်။ သစ်တစ်ပင်ယာတော၏ တစ်ဖက်တစ်ချက်မှာ ကမူကလေးများ ဝိုင်းရံထားပြီး တောအုပ်ခင်တန်းကလေးများ ကာဆီးထားကြ၏။

"သစ်တစ်ပင် ယာတောဆိုတဲ့ နာမည်ကလေးက သိပ်ကဗျာဆန်တာပဲ"

အေးအေးက ကျွန်မကို လှမ်းပြောလိုက်သည်။

"ခုနက ရိုးကူးတံတားကလေးထိပ်မှာ သစ်တိုပင်ကြီးတစ်ပင် မြင်ခဲ့တယ် မဟုတ်လား။ အဲဒီသစ်တိုပင်ကြီးကို အစွဲပြုပြီး ဒီနားတစ်ဝိုက်ကို သစ်တစ်ပင်ယာတော လို့ ခေါ်ကြတာပဲ။ ဒီဘက်က တောကို ဣန္ဒာပူဂနိုင်လို့ ခေါ်တယ်။ ယာတောရဲ့ ဟို လက်ဝဲဘက်ဘေးမှာ စမ်းချောင်းကလေးတစ်ခုရှိတယ်။ အဲဒီစမ်းချောင်းကလေးရဲ့ ဟိုဘက်မှာ အင်ကြင်းတော လေးတောရှိတယ်။ တပေါင်းလရောက်ပြီဆိုရင် အင်ကြင်း ပွင့်တွေဟာ ရဲနေတာပဲ"

ဦးဇင်မောင်သည် သူ၏သစ်တစ်ပင်ယာတော သာယာပုံကို ကျွန်မတို့အား 'ဟိမဝန္တာချီးမွမ်းခန်း' ဖွင့်လာ၏။ ကျွန်မတို့သည် ဦးဇင်မောင်ပြရာသို့ ငေးကြည့်လိုက်ပါ လာကြသည်။ ကိုအောင်မျိုးနှင့် အေးအေး၏ယောကျ်ားကလည်း ဦးဇင်မောင်၏ စကားများကို စိတ်ပါဝင်စားစွာ နားထောင်လာ၏။

"အဲဒီ အင်ကြင်းတောကို ဒီနားတစ်ဝိုက်က ခေါ်ကြတာတော့ လွမ်းတာရှည် လို့ ခေါ်တယ်။ ဒီနာမည်ကလေးက သာပြီး ကဗျာဆန်သေးတယ်။ မဟုတ်ဘူးလား မထား"

ဦးဇင်မောင်က ကျွန်မဘက်သို့လှည့်၍ ပြောလိုက်သဖြင့် ကျွန်မက ခေါင်းညိတ် လိုက်ရ၏။

"လွမ်းတာရှည်တောတဲ့ ဟုတ်လား"

ထားခင်မူကပါ နာမည်ကို သဘောကျဟန်တူပါသည်။

"လွမ်းတာရှည်တော ... လွမ်းတာရှည်တော"

အေးအေးသည် ပါးစပ်က တတွတ်တွတ် ရွတ်၍ လိုက်လာလေသည်။ ခဏ ကြာလျှင် ကျွန်မတို့သည် လွမ်းတာရှည်တောအနီးရှိ စမ်းချောင်းကလေးနှင့် မလှမ်း

မကမ်းရှိ ဦးဇင်မောင်နှင့်အလုပ်သမားများနေထိုင်ရာ တဲတန်းလျားရှေ့၌ မော်တော်ကားကိုရပ်ကာ ဆင်းလာခဲ့ကြသည်။

တဲတန်းကြီးမှာ ၁၀ ခန်းလောက် ရှိသည်။ ထိပ်ဆုံးအခန်း၌ ဦးဇင်မောင်နေပြီး ဒုတိယအခန်းသည် ဧည့်ခန်းဖြစ်၏။ နောက် စတိုခန်းနှင့် ကျန်အခန်းများမှာ ယာအလုပ်သမားများနေသည့် အခန်းများဖြစ်လေသည်။ ခြေရင်းအစွန်ဆုံး အခန်း၏ဘေးတွင်မူ တစ်ဖက်ယပ်အမိုးထိုးထားသည့် တဲကြီးတစ်လုံးရှိပြီး တဲထဲတွင် မကြာမီကမှ ရောက်လာသော လယ်ထွန်စက်ကြီးနှစ်လုံးကို ထိုးထားလေသည်။

"ကဲ ခဏနားကြဦး၊ ခဏနားပြီး ယာတောကို လျှောက်ကြည့်ရင်း လွမ်းတာရှည်တောစပ်နားက စမ်းချောင်းကလေးထဲ သွားရေချိုးကြမယ်။ ပြီးတော့ ထမင်းစားကြမယ်"

ဦးဇင်မောင်သည် ကျွန်မတို့ နံနက်စာအတွက် ယာအလုပ်သမားများကို စီမံခန့်ခွဲနေ၏။ တစ်ယောက်ကမူ နွားနို့ပူပူ တစ်ခွက်စီနှင့် ကြက်ဥမကျက်တကျက်ကြော်များနှင့် သစ်တော်သီးများကို ယူလာလေသည်။

"ကဲ စားကြ၊ ဒါ ယာတောက ထွက်တာတွေချည်းပဲ။ ကျုပ် နို့စားနွားမခြံက ထွက်တဲ့ နွားနို့ရယ်၊ ကြက်ခြံကထွက်တဲ့ ကြက်ဥရယ်၊ သစ်တော်ခြံကထွက်တဲ့ သစ်တော်သီးရယ်"

ဦးဇင်မောင်သည် သစ်တော်သီးတစ်လုံးကို ကောက်ဝါးကာ ကျွန်မတို့ကို တစ်ယောက်တစ်လုံးစီ လိုက်ဝေပေးသည်။ အဆာပြေ စားသောက်ကြပြီးနောက် ကျွန်မတို့ ဦးဇင်မောင်အခန်းကို ဝင်ကြည့်ကြ၏။ ဦးဇင်မောင်အခန်းထဲတွင် ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးသာ ရှိသည်။ စားပွဲပေါ်တွင် အာလာဒင်မှန်အိမ်တစ်လုံး၊ ဓာတ်ခဲဖြင့်သုံးသော ဂျီအီးစီရေဒီယိုတစ်လုံးနှင့် စာအုပ်များရှိသည်။ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရုက္ခဗေဒစာအုပ်များ၊ လယ်ယာစိုက်ပျိုးရေးစာအုပ်များနှင့် ကြက်၊ ငှက် မွေးမြူရေး စာအုပ်များကို ထင်းရှူးသေတ္တာအခွံများဖြင့် ထောင်၍ စီထားသည်။ ပွိုင့် ၂၂ သေနတ်တစ်လက်နှင့် နှစ်လုံးပြူးသေနတ်နှစ်လက်မှာ နံရံတွင် ကြက်ခြေခတ် ချိတ်ဆွဲထားသည်။

"အဲဒါ ကျုပ်ရဲ့ ကမ္ဘာလေးပဲ။ စိုက်ပျိုးရေးစာအုပ်တွေရယ်၊ သစ်ပင်ပန်းပင်တွေရယ်၊ နွားတွေ၊ ကြက်တွေရယ်၊ ပြီးတော့ ယာအလုပ်သမားတွေရယ်"

ကျွန်မတို့သည် သည်မျှလောက်သေးငယ်လှသော တောကလေးထဲတွင် ပျော်

မွေ့နေသည့် ဦးဇင်မောင်ကို ကြည့်ပြီး အံ့သြကြ၏။ တောင်ကြီးမှာပင်လျှင် ကျဉ်းမြောင်းသည်ဟု ထင်နေသော ကျွန်မတို့အဖို့ ဦးဇင်မောင်၏ တောကလေးသည် အတိုင်းမသိအောင် ကျဉ်းမြောင်းနေပေသည်။

"ဒီမှာ ကျုပ်တို့လိုလူတွေ နေတာထက် ကိုအောင်မျိုးတို့လို ဆရာဝန်တွေ နေရင် ပိုအကျိုးရှိမယ်"

ဦးဇင်မောင်က နွားနို့ပူပူကို တစ်ကျိုက် ကျိုက်ရင်း ပြောသည်။

"ဘာဖြစ်လို့လဲ ဦးဇင်မောင်"

ကျွန်မပါးစပ်က အလိုလိုထွက်သွား၏။ ဦးဇင်မောင်သည် ကျွန်မကို မကြည့်ဘဲ ကိုအောင်မျိုးကို စေ့စေ့ကြည့်လျက်

"ငှက်ဖျားရောဂါကြောင့် လူတွေ အသေအပျောက်သိပ်များတာပဲ။ ကျန်းမာရေး အသိအမြင်ကလည်း နည်းပါးတယ်။ ဆေးကောင်းဝါးကောင်းကလည်း ရှားတယ်။ အစားအသောက်ကလည်း ဆင်းရဲတယ်။ ဒီတော့ လူတွေဟာ မသေသင့်ဘဲ သေကြရတာပေါ့။ ခု ငှက်ဖျားဖျားရင် သူတို့ သည့်ပြင်ဘာဆေးမှ မစားကြဘူး။ ကျပ်ခိုးရယ်၊ ရေတ်သီးတောင့်ရယ်၊ ခရမ်းကစော့သီးရယ်၊ ဆားရယ် ကျိုပြီး သောက်ကြတာပဲ။ သူတို့အဆိုကတော့ ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက သုံးလာတဲ့ ဆေးလို့ ဆိုတယ်။ တစ်ယောက်နှစ်ယောက် ပျောက်တာလည်း ရှိချင်ရှိမှာပေါ့ဗျာ။ ဒါပေမဲ့ သေတာက များတာပဲ။ အဲဒါ ခင်ဗျားတို့လို ဆရာဝန်တွေ ဒီလိုတောအုံကနားရောက်ဖို့ သိပ်အရေးကြီးတယ်"

ဦးဇင်မောင်သည် ပြောပြီး လက်ချောင်းကလေးများကို တဂျွတ်ဂျွတ်မြည်အောင် ချိုးနေသည်။

"ဟုတ်ပါတယ် ဦးဇင်မောင်၊ အစိုးရကျန်းမာရေးဌာနကလည်း အခုတော့ စလုပ်နေပါပြီ။ ဒါပေမဲ့ ခက်တာက ကျွန်တော်တို့ ဆရာဝန်တွေထဲမှာ စေတနာ့ဝန်ထမ်းစိတ် နည်းပါးနေသေးတယ်လို့ ကျွန်တော် ထင်ပါတယ်။ တောကြိုတောင်ကြားမှာဆိုတော့ အဆက်အသွယ်ကလည်း ပြတ်၊ ခရီးလမ်းပန်းကလည်း မကောင်း၊ ရတဲ့လခကလည်း နည်းတော့ သိပ်သွားချင်ဟန်မတူပါဘူး။ မြို့ကြီးပြကြီးတွေမှာသာ နေချင်ကြတာပါပဲ။ ဒီပြင်လူတွေ မပြောနဲ့လေ၊ ကျွန်တော်ကိုယ်တိုင်တောင် ဒီလောက်စွန့်စားရဲတဲ့သတ္တိ ရှိလာအောင် အတော်မွေးယူရဦးမယ်"

ကျွန်မသည် ကိုအောင်မျိုး၏ ရိုးသားပွင့်လင်းပုံကို စိတ်ထဲမှ ချီးကျူးနေမိ

သည်။

"လုပ်ကြစမ်းပါ၊ ခင်ဗျားတို့လိုလူငယ်ဆရာဝန်တွေကမှ မလုပ်ကြရင် ဘယ်သူ လုပ်တော့မလဲ။ ကဲ အားလုံး စားသောက်ပြီးကြရင် ကျွန်တော် ယာတောကို လျှောက်ပြမယ်"

ကျွန်မတို့အားလုံး ဦးဇင်မောင်ခေါ်ရာသို့ လိုက်ခဲ့ကြ၏။ နေတော်တော်မြင့်လာပြီဖြစ်သော်လည်း နှင်းထုသည် ကွဲစ မပြုသေးပေ။ နှင်းမြူနှင့် တောင်ခိုးတို့သည် သစ်တစ်ပင်ယာတောကို ဖုံးအုပ်ထားကြဆဲပင် ရှိပေသေးသည်။ ကျွန်မတို့သည် ရိုးပြတ်များကိုဖြတ်၍ လျှောက်ခဲ့ကြ၏။ ရိုးပြတ်ကလေးများသည် ကျွန်မတို့ ခြေထောက်အောက်မှာ ယိုင်လဲကျန်ရစ်ခဲ့ကြသည်။ ဂျုံများ ရိတ်သိမ်းပြီးဖြစ်၍ အနက်ရောင် မြေဩဇာ၏ မျက်နှာပြင်သည် ယခုမှ ပူနွေးသောနေရောင်ခြည်ကို ရပေတော့သည်။

"ခုတော့ ဧကတစ်ရာလောက်ပဲ စမ်းလုပ်ကြည့်နေသေးတယ်။ ဣန္ဒာပူဂနိုင်ဘက်က မြေတွေက မြေဩဇာဆိုတော့ ဂျုံစိုက်လို့ ကောင်းတယ်။ ဒါကြောင့်မို့ ဣန္ဒာပူဂနိုင်အစပ်ကနေပြီး ဒီဘက် ဧကငါးဆယ်လောက်အထိကို ဂျုံစိုက်တယ်။ ဒီနှစ်တော့ ထွန်စက်နှစ်လုံးလည်း ရောက်လာလို့ တိုးချဲ့စိုက်မယ် စိတ်ကူးထားတယ်။ သီးထပ်စိုက်ဖို့လည်း စီစဉ်ထားတယ်။ လာ လာ၊ ကြက်ခြံနဲ့ နွားခြံကိုလည်း လိုက်ပြရဦးမယ်"

ဦးဇင်မောင်သည် ယာတောအစပ်နားတွင် ဆောက်ထားသည့် တဲများဆီသို့ ကျွန်မတို့ကို ခေါ်သွား၏။ နွားခြံနှင့် ကြက်ခြံမှာ ခေတ်မီ သန့်ရှင်းစွာ ပြုပြင်ထားလေသည်။ ကြက်ခြံမှာ သံဆန်ခါကလေးတွေ ကာထားသဖြင့် နေရောင်ကောင်းစွာ ရပေသည်။ ဦးဇင်မောင်က ကျွန်မတို့အား ကြက်ကလေးများ ဖောက်ပုံနှင့်တကွ ကြက်အမျိုးအမည်များကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဟိုဘက်က တဲတွေက ဘာတွေလဲ ဦးဇင်မောင်"

အေးအေး၏ ယောက်ျားက ခပ်လှမ်းလှမ်းက တဲကလေးများကို လက်ညှိုးထိုး၍ ပြသည်။

"ဪ် အဲဒါက ပျားမွေးတယ်။ ကျုပ် ပျား အစမ်းမွေးကြည့်နေတယ်။ ဘယ်လောက် အောင်မြင်မလဲတော့ မပြောတတ်ဘူး။ ကျုပ် ရှရှားကထုတ်တဲ့ ပျားမွေးမြူနည်း စာအုပ်တစ်အုပ်ကို ဖတ်ပြီး သဘောကျတာနဲ့ စလုပ်ကြည့်တာပဲ။ ဒါပေမဲ့ သူတို့ဆီက အေးတဲ့တိုင်းပြည်ဖြစ်တော့ သူတို့နည်းတွေကိုချည်း အကုန်လိုက်လုပ်

ဖို့တော့ မလိုဘူးဗျ။ သူ့နည်းကို အခြေခံပြီး ကိုယ့်တိုင်းပြည်မှာ ရာသီဥတုနဲ့ လိုက်လျောအောင် စမ်းကြည့်ထားတာပဲ။ အဲဒီ စာအုပ်ထဲမှာ ပျားရည်ရဲ့ အာနိသင်တွေ၊ ဆေးဖက်ဝင်ပုံတွေကိုပါ အကျယ်တဝင့် ဖော်ပြထားလို့ ကျုပ် စိတ်ဝင်စားတာနဲ့ မွေးကြည့်တာ"

ကျွန်မတို့သည် လူလုပ် ပျားအုံများနှင့် ပျားကောင်ပေါက်ကလေးများကို ကြည့်ကြသည်။

"ပျားကောင်ကလေးတွေ ပေါက်လာတာတွေ၊ ဥခွံထဲက ကြက်ကလေးတွေ ပေါက်လာတာတွေကို ကြည့်ရတာဟာ တော်တော် စိတ်ကြည်နူးစရာ ကောင်းတယ်။ လောကကြီးထဲကို အသစ်မွေးဖွားလာတဲ့ သတ္တဝါကလေးတွေကို ကြည့်ရတာလောက် ကြည်နူးစရာကောင်းတဲ့အရာ မရှိဘူး ထင်တယ်"

ဦးဇင်မောင်သည် တကယ်ကြည်နူးသံဖြင့် ပျားကောင်ပေါက်စကလေးများကို ကြည့်၍ ပြောနေသည်။

"ဟော့ ထား၊ ဦးဇင်မောင်ကလည်း အဘိဓမ္မာအဆန်သားပါကလားကွဲ့"

အေးအေးက ကျွန်မနားသို့ ကပ်၍ ခပ်တိုးတိုးပြော၏။

"ဟယ် ပန်းပွင့်ကြီးတွေက လှလိုက်တာ"

ထားခင်မူက အလန့်တကြား အော်လိုက်သဖြင့် ကျွန်မတို့ လှမ်းကြည့်လိုက်ကြသည်။ ခပ်လှမ်းလှမ်းတွင် ပန်းခင်းများကို တွေ့ရပေသည်။ ဦးဇင်မောင်သည် ကျွန်မတို့ကို ပန်းခင်းများဘက်ဆီသို့ ခေါ်သွားပြန်သည်။ ပန်းခင်းတွင် ဒေလီယာပန်းမျိုးစုံ၊ နှင်းဆီမျိုးစုံ၊ ဂန္ဓမာမျိုးစုံနှင့် မေမြို့ပန်းများကို တွေ့ရသည်။

ဦးဇင်မောင်သည် ပန်းများကိုခူးကာ ကျွန်မတို့ကို လှမ်းပေးသည်။

"ဟင် ပန်းပွင့်ကြီးတွေ နှမြောစရာကြီးတွေ ဦးဇင်မောင်ရယ်"

အေးအေးက ဒေလီယာပွင့်ကြီးတစ်ပွင့်ကို ခေါင်းတွင် ထိုးစိုက်ရင်း ပြောလိုက်သည်။ ဦးဇင်မောင်က ရယ်လျက်...

"ယူပါ ကိစ္စမရှိပါဘူး။ ဒီပန်းပွင့်တွေဟာ မခူးလည်း ကြာတော့ ပန်းပင်ပေါ်မှာတင် ညှိုးသွားကြမှာပဲ။ ပြီးတော့ ကျုပ်ကလည်း ကိုယ်စိုက်ထားတဲ့ ပန်းပွင့်တွေကို သူများတကာ ခူးပြီး အမြတ်တနိုးပန်ရင် သိပ်ကြည်နူးတာပဲ။ ရွာထဲက ရှမ်းမကလေးတွေ တစ်ခါတစ်ခါလာရင် ဒီလိုပဲ အုပ်နဲ့ချီလာပြီး ခူးကြ၊ ပန်ကြတာပဲ။ သူတို့ ခုံခုံမင်မင် ခူးကြ၊ ပန်ကြတာကို ကြည့်ရတာကိုက ပျော်စရာကြီး"

ဦးဇင်မောင်က သူ့ရဲ့ ပန်းပွင့်ခူးအဘိဓမ္မာကို ပြောပြန်ပြီ။

"ကဲ ဒီလောက်တောင်ရှိလှတာ ပန်းစည်းတွေ ယူသွားရမယ်"

ထားခင်မူက ပန်းပွင့်များကို ခူးနေသည်။

"နေဦးလေ ထားခင်မူ၊ ခု ခူးထားရင် ညှိုးသွားမှာပေါ့။ ပြန်ခါနီးကျတော့ ခူးပေးပါ့မယ်။ စိတ်ချပါ။ လာ စမ်းချောင်းဘက် ဆင်းကြရအောင်"

ကျွန်မတို့သည် ကျောက်တုံးများဖြင့် မညီမညာ ဖြစ်နေသော လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့ကြသည်။

"ဒီ စမ်းချောင်းနားက မြေတွေမှာတော့ ပြောင်းရယ်၊ လူးရယ်၊ ဆတ်ရယ် နည်းနည်းစီ စိုက်ထားတယ်။ ခရမ်းချဉ်၊ ပဲပုပ်၊ ရုံးပတီ၊ ဂေါ်ဖီ စတဲ့ ဟင်းသီးဟင်းရွက်တွေက ဟိုဘက်မှာ စိုက်တယ်။ အဲဒီ ဟိုဘက်က မြေတွေကတော့ အာလူးစိုက်တယ်။ ပြီးတော့ ရာမီဆိုတဲ့ ဂျပန် ပိုးစာပင်မျိုးစေ့တွေရလို့လည်း ပိုးစာပင်လေး စိုက်ကြည့်ထားတယ်။ ကျုပ်ကတော့ စိတ်ကူးတည့်ရာတွေ လုပ်နေတာပဲ။ ဘယ်လိုနေမလဲတော့ မသိဘူး"

ကျွန်မတို့သည် စမ်းချောင်းစပ်ကလေးနားသို့ ရောက်လာကြ၏။ ကမ်းပါးမှာ အနည်းငယ်မြင့်၍ မညီညာသော ဆင်ခြေလျှောကမ်းကလေးတစ်လျှောက်အတိုင်း ဆင်းသွားလျှင် စမ်းချောင်းသို့ရောက်ပေသည်။ စမ်းချောင်းထဲတွင် ရေရဟတ်ကလေးများ လည်ပတ်နေကြသည်။ ဤရေရဟတ်ကလေးများက ပန်းခင်းများ၊ ဂေါ်ဖီခင်းများကို ရေဖျန်းရန် ရေတင်ပေးခြင်း ဖြစ်လေ၏။

ကမ်းပါးထိပ်ကလေးအရောက်တွင် ဦးဇင်မောင်က ရပ်လိုက်သဖြင့် ကျွန်မတို့လည်း ရပ်လိုက်ကြသည်။ စမ်းချောင်းကလေးတစ်ဖက်တွင် အင်ကြင်းပင်တို့ အုပ်ဆိုင်း မှိုင်းဝေနေသော လွမ်းတာရှည်တောကို မြင်ရ၏။

"အဲဒီ လွမ်းတာရှည်တောက ပုံပြင်ကလေး ရှိတယ်"

ဦးဇင်မောင်က ကမ်းပါးထိပ်မှ ကျောက်တုံးကလေး တစ်တုံးပေါ်သို့ လှမ်းခုန်ရပ်လိုက်သည်။

"ဘယ်လိုတဲ့လဲ ဦးဇင်မောင်"

ကိုအောင်မျိုးက မေးလိုက်သည်။ ဦးဇင်မောင်သည် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိပြီးနောက်

"တစ်ခါတုန်းက ဒီနားက ရှမ်းရွာကလေးတစ်ရွာမှာ အိုက်နွမ်းဆိုတဲ့ ရှမ်းမ

ချောချောလေးတစ်ယောက် ရှိသတဲ့။ အိုက်နွမ်းဟာ သူတို့ရွာက ယာခုတ်သားကလေး တစ်ယောက်နဲ့ ချစ်နေကြသတဲ့။ တစ်နေ့တော့ ဒီနယ်မှာရှိတဲ့ စော်ဘွားဟာ တောကစား ထွက်လာရင်း အိုက်နွမ်းကိုတွေ့ပြီး တော်ကောက်သွားသတဲ့။ ဒါပေမဲ့ အိုက်နွမ်းဟာ မပျော်ဘူး။ သူ့ချစ်သူကိုသာ အောက်မေ့ပြီး တငိုင်ငိုင် တမှိုင်မှိုင်ဖြစ်နေသတဲ့။ ဒါနဲ့ တစ်နေ့ကျတော့ စော်ဘွားရဲ့ဟော်နန်းက ထွက်ပြေးလာသတဲ့"

ထားခင်မူသည် မျက်တောင်တဖျတ်ဖျတ်ခတ်၍ နားထောင်နေကာ စုတ်တသပ် သပ်နှင့် ဖြစ်နေသည်။ ကျွန်မတို့လည်း ရှမ်းမလေးအိုက်နွမ်း၏ ပုံပြင်ကလေးတွင် စိတ်ဝင်စားနေကြသည်။

"သူ့ချစ်သူ ယာခုတ်သမားကလေးကလည်း အိုက်နွမ်းဟာဖြင့် သူ့ကို စွန့်ပစ် ပြီး စော်ဘွားကတော်ကြီးအနေနဲ့ ရွှေဘုံကြီးပေါ်မှာ စံစားပျော်ပါးလို့ နေတယ်ထင်ပြီး ဒီတောစပ်ကလေးနား လာလာပြီး တမှိုင်မှိုင်တငိုင်ငိုင်နဲ့ပေါ့လေ။ ဒီလိုနဲ့ တစ်နေ့မှာ ယာခုတ်သမားလေးဟာ တောစပ်နားရောက်လာတုန်း၊ အိုက်နွမ်းကို လိုက်ရှာဖို့ လွှတ် လိုက်တဲ့ စော်ဘွားရဲ့ ပါးကွက်အာဏာသားတွေနဲ့ သွားတွေ့သတဲ့။ ဒီတော့ ပါးကွက် အာဏာသားတွေက ယာခုတ်သမားလေးကို အိုက်နွမ်းဘယ်မှာလဲ၊ ဘယ်မှာ ဝှက်ထား သလဲလို့ မေးတော့ သူ့ခမျာလည်း မသိတော့ မဖြေနိုင်ဘူးပေါ့။ ဒီတွင် ပါးကွက်အာဏာ သားတွေက ယာခုတ်သမားလေးကို သတ်ပစ်မယ်ဆိုပြီး ခြေတွေ၊ လက်တွေကို တုပ် နှောင်ထားကြသတဲ့။ အဲဒီလို တုပ်နှောင်ပြီး သတ်ခါနီးမှာ ယာခုတ်သမားလေးက ဆုတောင်းသတဲ့။ အိုက်နွမ်းဟာ သူ့ကို သစ္စာဖောက်ရင် ဘဝဆက်တိုင်း ဆက်တိုင်း အိုက်နွမ်းကို လက်စားချေနိုင်သောကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းသတဲ့။ ဒီလို ဆုတောင်းပြီး ယာခုတ်သမားလေးကို သတ်ပစ်ပြီး ပါးကွက်အာဏာသားတွေ ပြန် သွားကြရောတဲ့"

ထားခင်မူသည် သနားသလို မျက်နှာကလေးနှင့် နားထောင်နေသည်။

"တောထဲမှာ မျက်စိလည်လမ်းမှားနေတဲ့ အိုက်နွမ်းဟာ နောက်ဆုံးမှာ သူ့ချစ်သူ ယာခုတ်သမားလေးနဲ့ တွေ့နေကျနေရာကို ရောက်လာတဲ့အခါကျတော့ ချစ်သူရဲ့ အလောင်းကိုသာ တွေ့ရတော့တယ်။ အိုက်နွမ်းဟာ သူ့ချစ်သူက သူ့ကိုအထင်လွဲပြီး အသတ်ခံသွားရတာ သိတဲ့အခါကျတော့၊ သူဟာ သူ့ချစ်သူကို သစ္စာမဖောက်ရိုးမှန်ရင် ဘဝဆက်တိုင်းဆက်တိုင်း သူ့ချစ်သူနဲ့ ပေါင်းရပါစေသားလို့ ဆုတောင်းပြီး ဒီနေရာမှာ တင်ပဲ ရင်ကွဲနာကျပြီး သေသွားရောတဲ့။ သူတို့ရဲ့ဝိညာဉ်ဟာ လွန်းကြင်ငှက်ကလေး

တွေဖြစ်ပြီး အဲဒီအင်ကြင်းတောမှာ အသက်ထက်ဆုံး နေကြရောတဲ့။ ဒါကြောင့် အင်ကြင်းတောကို လွမ်းတာရှည်တောလို့ ခေါ်ကြသတဲ့။ ပုံပြင်ကတော့ ဒါပါပဲ။ ဘယ်လောက်အထိ မှန်မလဲတော့ မပြောတတ်ဘူး”

ကျွန်မတို့သည် လွမ်းတာရှည်တောမှ အိုက်နွမ်းတို့ ချစ်သူနှစ်ဦး၏ ပုံပြင်ကို နားထောင်ပြီးနောက် ဆင်ခြေလျှော လမ်းကလေးအတိုင်း ဆင်းလာခဲ့ကြသည်။ တစ်ယောက်ပြီးတစ်ယောက် ဆင်ခြေလျှော လမ်းကလေးတစ်လျှောက် ကျောက်တုံးများပေါ်သို့ ဆင်းလာခဲ့ကြသည်။ အားလုံးဆင်းပြီး၍ ကျွန်မအလှည့်အရောက် စမ်းချောင်းအစပ်နား ရောက်ခါနီးတွင် ကျွန်မမှာ ချော်လဲကျသွားလေသည်။

“အမလေး လုပ်ကြပါဦး”

ကျွန်မသည် ကြောက်ကြောက်ဖြင့် အော်လိုက်သည်။ အေးအေးနှင့် ထားခင်မူတို့ကလည်း ထိတ်လန့်တကြား အော်လိုက်ကြသည်။ သို့ရာတွင် ဦးဇင်မောင်က ကျွန်မလက်မောင်းကို ဆွဲထားလိုက်သဖြင့် ကျွန်မသည် ဦးဇင်မောင်၏ ရင်ခွင်ထဲသို့ ရောက်သွားသည်။ ဦးဇင်မောင်တော့ ဘယ်လိုနေတယ်မသိ၊ ကျွန်မမှာမူ ရှက်စိတ်ရော၊ ကြောက်စိတ်ရော မွှန်ကာ မျက်လုံးတွေ ပြာသွားကာ ဘာကိုမျှ မမြင်တော့ပေ။ ကျွန်မသည် ခဏနေတော့မှ ဦးဇင်မောင်၏ ရင်ခွင်ကြားမှ ရုန်းထွက်လိုက်ကာ စမ်းချောင်းကလေးဆီသို့ ဆင်းလာခဲ့သည်။

“ဒီလမ်းကလေးကို ကျောက်တုံးကလေးတွေ စီပြီး လှေကားထစ်ကလေးတွေ လုပ်မလို့ဟာ။ ကြာလှပြီ မအားတာနဲ့ကို မလုပ်ဖြစ်ဘူး။ လုပ်ရဦးမယ်”

ဦးဇင်မောင်က လက်က လွတ်ကျသွားသော ဆေးပြင်းလိပ်တိုကလေးကို ကောက်ရင်း ပြောလေသည်။ ကျွန်မမှာ ကျွန်မတို့အဖြစ်ကို ကိုအောင်မျိုးနှင့် အေးအေးတို့တစ်တွေ မြင်သွားလေသလားဟု တွေးမိကာ ခေါင်းကိုပင် မဖော်ရဲတော့ပေ။

## [၉]

ကျွန်မသည် စာအုပ်ကိုကိုင်ကာ အိမ်ဘေးခြံထဲရှိ ကညင်ပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။ နေသည် ကျဲကျဲတောက်ပူကာ လေတိတ်နေသဖြင့် အိုက်စပ်ကြီးဖြစ်နေ၏။ ကျွန်မတို့ ခြံနောက်ဘက် တောင်ကမ်းပါးယံစောင်းတွင် စူးထိုးစိုက်သည့် ယာတောမှ မီးခိုးများသည် တဝေ့ဝေ့ လွင့်နေကြ၏။ ခပ်လှမ်းလှမ်း ကျွန်းထဲမှ ထင်း

ခုတ်ရင်း သီချင်းဆိုသံကို ကြားရလေသည်။ စိမ်းမြသော တောအုပ်များသည် နေရောင်အောက်၌ မှိုင်းနေကြလေ၏။ အိမ်ရှေ့လမ်းမပေါ်တွင် သနပ်ဖက်ပိုများ တင်လာသော လှည်းများသည် တကျွီကျွီမြည်၍ ဖြတ်သန်းသွားကြသည်။

အေးအေးတို့လင်မယား တောင်ကြီးသို့ အလည်တစ်ခေါက်လာလိုက်ခြင်းသည် ကျွန်မဘဝတွင် ရွက်သစ်လဲပစ်လိုက်သလို ဝေဆာလာသည်ဟု ထင်ရ၏။ အရင်ကလို အထီးကျန်ခံစားချက်များ မရှိတော့ဘဲ ပျောက်ကွယ်လွင့်စဉ်သွားကြသည်။ မေမေ ဆုံးပြီးကတည်းက ဟာလာဟင်းလင်းဖြစ်ခဲ့သော နှလုံးအိမ်တွင် ကိုအောင်မျိုးသည် အစားဝင်ရောက်လာလေသည်။ ကျွန်မသည် နှစ်ဆယ်ကျော် အစိတ်ပိုင်းသို့ရောက်စပြုပြီဖြစ်၍ အရွယ်တော် တစ်ဆိတ်ဟိုင်းပြီဟု ဆိုချင်လျှင် ဆိုနိုင်ပါ၏။ သို့ရာတွင် ကျွန်မဘဝတွင် ယောကျ်ားတစ်ယောက်က သူ၏ အသည်းနှလုံးကို ဖွင့်ပြကာ ကျွန်မထံ အချစ်ကို လာရောက်တောင်းခံခြင်းမှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်၏။ လောက၌ ယောကျ်ားပျိုတစ်ယောက်၏ ချစ်မြတ်နိုးခြင်းကိုခံရသော မိန်းမပျိုတစ်ယောက်ထက် ပျော်စရာကောင်းသူသည် အဘယ်မှာ ရှိပါဦးမည်နည်း။ သူသည် ကံတရား၏ မျက်နှာသာပေးခံရသူဖြစ်၍ ကေရာဇ်ဘုရင်တစ်ပါးထက် ချမ်းသာသူဖြစ်လေသည်။

အေးအေးတို့ ပြန်သွားပြီး မကြာမီတွင်ပင် ကျွန်မသည် တောင်ကြီး အလွတ်ပညာသင် ကောလိပ်၌ ကျောင်းဆရာမအလုပ် ဝင်လုပ်ရ၏။ ကျောင်းတက်ချိန်မှာ နံနက် ၈ နာရီမှ ၁၂ နာရီဖြစ်လေရာ၊ တစ်မနက်လုံး စာသင်ခန်းမှာသာ အချိန်ကုန်ရလေသည်။ ထားခင်မူကလည်း ကျောင်းပြန်ဖွင့်သဖြင့် ကျောင်းပြန်တက်သောအခါ ကျွန်မတစ်ယောက်တည်း ကျန်ရစ်လေသည်။

နေ့လယ်နေ့ခင်းတွင်ဆိုလျှင် ယခုလို ကညင်ပင်ကြီးအောက် လာ၍ စာဖတ်ရင်းအချိန်ဖြုန်းရသည်။ ကျွန်မသည် ကညင်ပင်အောက်က ခုံတန်းလျားတွင် ထိုင်ကာ စာအုပ်ဖွင့်လိုက်သည်။ စာအုပ်မှာ ပေးရှင့်စထရောင်း၏ စာညွှန့်ကလေးများဖြစ်၍ ဦးဇင်မောင်က ကျွန်မကို လက်ဆောင်ပေးထားခြင်းဖြစ်သည်။ စာညွှန့်ကလေးများမှာ ခပ်တိုတိုကလေးများသာဖြစ်၏။ အချို့စာပုဒ်များအား ခဲတံအပြာဖြင့် မျဉ်းသားထားသည်ကို တွေ့ရလေရာ ဦးဇင်မောင်၏လက်ရာများပင် ဖြစ်သည်ဟု ကျွန်မ ထင်လိုက်ပါသည်။ ကျွန်မသည် သူ ခဲတံပြာဖြင့် တားထားသော စာပုဒ်များကို ရွေး၍ အရင်ဖတ်လိုက်သည်။

## ဖွင့်ထားသောတံခါး

ခရီးသည်တို့အတွက် သင့် အသည်းနှလုံး၏တံခါးကို
ဖွင့်ထားလိုက်ပါ။
ငွေကြယ်ပွင့်တို့ ကင်းမဲ့သော ကောင်းကင်ဝယ်
များစွာသော ခရီးသည်တို့သည်
နှေးကွေးစွာ သွားကြလျက်၊ အချစ်ကို မွတ်သိပ်လျက်၊
အကူအညီကို တောင့်တလျက်၊
နှစ်သိမ့်မည့်သူကို စောင့်မျှော်နေကြသည်တကား။ ။
သင့်တံခါးကို ဖွင့်ထားလိုက်ပါ။
တစ်နေ့တွင် တစ်စုံတစ်ယောက်သည်
ပျော်ရွှင်ခြင်း အသစ်ကိုလည်းကောင်း၊
သင် မမျှော်လင့်သော ချစ်မေတ္တာကိုလည်းကောင်း၊
သင့်ထံသို့ ယူဆောင်လာလိမ့်မည်တကား။ ။
သင် ပိတ်ထားသော သင်၏တံခါးကို
မင်းတုပ် မထိုးပါနှင့်တော့။
လူယောင်ဖန်ဆင်းထားသော နတ်သားတစ်ပါးသည်
သင့်တံခါးကို လာ၍ ခေါက်ကာ
သင့်နှလုံးအိမ်ထဲတွင် မှီတင်းနေထိုင်လိမ့်မည်တကား။

ကျွန်မသည် လှပသော စာလုံးကလေးများကို တွေ့ကာ စာထဲတွင် စိတ်ဝင်စားသွားသည်။ ထို့ကြောင့် ခဲတံပြာဖြင့် သားထားသော နောက်တစ်ပုဒ် ဖတ်ကြည့်ပြန်သည်။

## အချစ်၏ အဘိဓမ္မာ

ကိုယ်တို့နှစ်ယောက်သာ အတူရှိအံ့၊
အန္တရာယ်တို့ကို မမှုလိုပြီ၊
ဤအခါတွင် လူ့ဘဝသည်
မျှော်လင့်ချက်အသစ်များကို
ယူဆောင်လာလိမ့်မည်တကား။ ။

အထီးကျန်ဘဝ၌
ကိုယ်သည် လှုပ်ရှားခြင်းမရှိ၊
အသေကဲ့သို့ ငြိမ်လျက်ရှိသည်တကား။ ။

သို့ရာတွင် နှစ်ယောက်အတူ သွားလျှင်မူကား
ခရီးမည်မျှ ဝေးဝေးသွားကြပါအံ့၊
ဤခရီး၌ အချစ်သည်
ကိုယ်တို့၏ ရှေ့ဆောင်လမ်းပြ
နေဝင်ချိန်တွင် ထိန်ထိန်ထွန်းညှိသော ဖန်မီးအိမ်၊
မိုးသောက်တွင် ပြူထွက်သော
ငါတို့၏ ကြယ်နီသာတကား။ ။

ဦးဇင်မောင်သည် ဤစာအုပ်ကို ဘာကြောင့် ကျွန်မကို ပေး၍ အဖတ်ခိုင်းပေသနည်း။ ဘာကြောင့် ခဲတံပြာဖြင့် သားထားပေးသနည်း။ ကျွန်မသည် စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေမိသည်။ ကျွန်မ လက်ချောင်းများကမူ ခဲတံပြာဖြင့် သားထားသော စာပုဒ်များကိုသာ လိုက်ရှာနေမိသည်။ နောက်တစ်ပုဒ်ကို တွေ့ပြန်ပေပြီ။ နောက်တစ်ပုဒ်မှာ 'အချစ်' ဟု ခေါင်းစဉ်တပ်ထားသည်။ ဦးဇင်မောင်လို လူတစ်ယောက်က အချစ်အကြောင်း ရေးထားသော စာပုဒ်ကလေးများကို ခဲတံပြာဖြင့် မျဉ်းသားထားသည်မှာ တကယ်တော့ အံ့သြစရာကောင်းပေသည်။

ကျွန်မသည် ဆက်၍ မတွေးနိုင်သေးဘဲ စာပုဒ်ကလေးကို ဆက်ဖတ်နေသည်။
လူ့ဘဝနှင့် အသက်ရှင်ခြင်းတို့သည်လည်းကောင်း၊
ဆင်းရဲခြင်းနှင့် ပျော်ရွှင်ခြင်းတို့သည်လည်းကောင်း၊
ရယူခြင်းနှင့် ပေးဆပ်ခြင်းတို့သည်လည်းကောင်း၊
ဘာအဓိပ္ပာယ်ကို ဆောင်ကြပေသနည်း။
အချစ်သည် အဖြေဖြစ်၏။
အချစ်သည် တန်ဖိုးဖြစ်၏။
အချစ်သည် ဂုဏ်ကျက်သရေဖြစ်၏။
အချစ်မရှိသော ဘဝသည်
အဓိပ္ပာယ်မရှိသော ပုံပြင်သာတည်း။

အချစ်သည်
တောသာခေါင်လို မှောင်သော လမ်းတွင်
အလင်းရောင်တည်း။
မျှော်လင့်ချက်တည်း၊ ထွက်ရပ်လမ်းတည်း၊
အသည်းနှလုံး၏ စံအိမ်ပေတည်း။ ။

ကျွန်မသည် အသက်လေးဆယ်ကျော်ခါစ လူပျိုကြီးဦးဇင်မောင်နှင့် အချစ်စာညွှန့်များကို ဆက်စပ်၍ တွေးနေမိသည်။ ကျောက်ခဲလို မာကျောနေလောက်ပြီဖြစ်သော သူ့နှလုံးသားတွင် အချစ်ဆိုတာ ရှိသေးသလားဟုလည်း တွေးမိပါသည်။

"ထား"

မည်မျှကြာအောင် စဉ်းစားနေသည် မသိ၊ အသံကို ကြားတော့မှ ကျွန်မသည် အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။ ကညင်ပင်ကြီး၏ တစ်ဖက်မှ ကျွန်မဆီသို့ လာနေသော ကိုအောင်မျိုးကို တွေ့ရ၏။ ကိုအောင်မျိုးသည် ဂျူတီကုတ်ကို ဝတ်ထားကာ နားကြပ်ကို ဘောင်းဘီအိတ်ထဲတွင် ထည့်ထားလေသည်။

"ရှာလိုက်ရတာ ထားရယ်၊ မော်တော်ကားသံကိုတောင် မကြားလောက်အောင် ဘာတွေများ တွေးနေလို့လဲ"

"ဟင့်အင်း ဘာမှမတွေးပါဘူး၊ အိမ်ထဲကပူလွန်းလို့ သစ်ပင်အောက်မှာ စာဖတ်မလို့ ထလာတာ၊ အစ်ကိုမျိုးကော ဘယ်ကလာတာလဲ၊ ဆေးရုံက တန်းလာတာလား"

ကျွန်မက ကိုအောင်မျိုးအား ထိုင်ခုံကို ပုတ်ပြ၍ အထိုင်ခိုင်းသည်။ ကိုအောင်မျိုးမှာ ပြည်သူ့ကျန်းမာရေးဌာနမှ ဖြစ်သော်လည်း နံနက်ပိုင်းတွင် ဆေးရုံသို့ သွားရတတ်ပေသည်။

"ဟုတ်တယ် ထား၊ ဆေးရုံက တစ်ခါတည်း တန်းလာတာပဲ။ ထားကို ဝမ်းသာစရာ သတင်းတစ်ခု ပြောချင်လို့"

ကျွန်မသည် ချွေးသီးချွေးပေါက်များစို့နေသော ကိုအောင်မျိုး၏ နဖူးပြင်ကို ငေးကြည့်နေမိသည်။

"ဘာလဲ အစ်ကိုမျိုး"

"အစ်ကိုမျိုး ဘီလပ်ကို သွားရလိမ့်မယ်။ အဲဒါ ဒီနေ့ပဲ ကျန်းမာရေးဌာနက စာရောက်လာတယ်"

"ဟင် ဟုတ်လား၊ ဘယ်တော့သွားမှာလဲ၊ ဘယ်လောက် ကြာမှာတဲ့လဲ"

ကျွန်မသည် မေးခွန်းနှစ်ခုကို တစ်ပြိုင်တည်း မေးချလိုက်သည်။ ကိုအောင်မျိုးက ရှေ့လောတကြီး ဖြစ်နေသော ကျွန်မကို ကြည့်၍ပြုံးကာ

"အဲဒီမေးခွန်းနှစ်ခုစလုံးကို အတိအကျပြောလို့ မရသေးဘူး။ ဒါပေမဲ့ ရက်ကလည်း ခြောက်လ ဖြစ်ချင်ဖြစ်မယ်၊ တစ်နှစ်ဖြစ်ချင် ဖြစ်မယ်တဲ့"

ကြီးကြီးက လက်ဖက်ရည်သောက်ခေါ်နေ၍ ကျွန်မနှင့်ကိုအောင်မျိုးသည် အိမ်ဘက်သို့ လျှောက်လာခဲ့ကြ၏။

"မင်းညီမတော့ ခု ဆရာမ အလုပ်ရမှ ဟန်ကျနေတယ် မောင်အောင်မျိုးရေ့၊ သူ့မှာ အားလပ်ချိန်ရယ်လို့ကို မရှိတော့ဘူး။ မနက်ကျောင်းသွားရ၊ နေ့လယ်ကျရင် ကျောင်းစာအုပ်တွေ ဖတ်ရ၊ ညကျတော့လည်း လေ့ကျင့်ခန်းတွေ ဖတ်ရနဲ့ အချိန်ကုန်တော့တာပဲ။ ကြီးကြီးတော့ သူဒီလို အလုပ်လုပ်တာကိုကြည့်ပြီး စိတ်ချမ်းသာလှပြီ"

ကြီးကြီးက ကျွန်မလက်ထဲတွင် ကိုင်လာသော ဦးဇင်မောင်ပေးထားသည့် စာအုပ်ကို ကျောင်းစာအုပ်အမှတ်ဖြင့် ပြော၏။

"ကောင်းတယ် ကြီးကြီး၊ ကျွန်တော်လည်း သိပ်သဘောကျတယ်။ လူဆိုတာ အလုပ်တစ်ခုခုကိုတော့ လုပ်နေမှ တော်ရုံကျတယ်။ နို့မို့ရင် အာရုံက အများကြီးမဟုတ်လား"

"ဟုတ်တယ်၊ မောင်ဇင်မောင်ကလည်း သူအလုပ်လုပ်တယ် ကြားတော့ ဝမ်းသာလွန်းလို့တဲ့၊ သူလည်း သစ်တစ်ပင်မှာ အလုပ်တွေ သိပ်များနေလို့ တောင်ကြီးကို တောင် မပေါ်လာတော့ဘူး"

"သူ့အလုပ်နဲ့သူ ပျော်နေပုံလည်း ရတယ်နော် ကြီးကြီး"

ကျွန်မက ဝင်၍ မေးလိုက်ပါသည်။ ကြီးကြီးသည် ကျွန်မတို့အတွက် ကော်ဖီကို ငှဲ့ပေးနေသည်။

"ပျော်တယ်လို့လည်း မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်။ သူကလည်း သူ့စိတ်ကူးနဲ့သူ မဟုတ်လား။ သူ့မှာ သားတွက် မယားတွက်လည်း ပူစရာမရှိဆိုတော့ သူဝါသနာပါရာ သူလုပ်နေတာပဲ ထင်ပါရဲ့၊ အင်း မောင်ဇင်မောင်ဟာ လူရိုးသလောက် စိတ်ဓာတ်လည်း ပြင်းတယ်၊ အစွဲအလမ်းလည်း ကြီးတယ်။ သူ စိတ်ဓာတ်ပြင်းပုံနဲ့ အစွဲလမ်းကြီးပုံကြောင့် ခုထိ လူပျိုကြီး ဖြစ်နေတာပဲ"

"ဘာဖြစ်လို့"

ကြီးကြီးသည် သေနပ်ဖက်ဆေးပေါ့လိပ်တစ်လိပ်ကိုကောက်၍ မီးညှိနေသည်။

"သူငယ်ငယ် ကောလိပ်ကျောင်းတုန်းက မိန်းကလေးတစ်ယောက်နဲ့ ချစ်ဖူးကြတယ်။ အဲဒီ မိန်းကလေးက လွတ်လပ်ရေးရမယ့်နှစ်မှာ အရာရှိကြီးတစ်ယောက်နဲ့ လက်ထပ်သွားပြီးကတည်းက အိမ်ထောင်ရေးတွေကို စိတ်ပျက်ပြီး နေလာလိုက်တာ ကနေ့ထက်ထိရောပဲ။ ခုတော့ အဲဒီမိန်းကလေးက ကောလိပ်ကျောင်းမှာ ဆရာမကြီး ဆိုလား ဘာလားပဲ။ တစ်လောတုန်းကတောင် တောင်ကြီးလာလို့ သူ လိုက်ပို့လိုက်ရပါသေးကလား"

"ဘာ ... တစ်လောက တောင်ကြီးလာလို့ လိုက်ပို့တာ အဲဒီမိန်းမတဲ့လား"

ကျွန်မက ဝင်၍ မေးလိုက်သည်။

"သူပြောတာပဲ၊ အဲဒီမိန်းမက သူ ခု သူ့ယောကျ်ားနဲ့ ကွဲနေသတဲ့။ တောင်ကြီးမှာ မောင်ဇင်မောင် ရှိတယ်ကြားတော့ သူတို့ လာမယ့်အကြောင်း စာရေးလိုက်သတဲ့။ မောင်ဇင်မောင်လည်း မနေသာတော့ အိမ်သည်ဝတ္တရားဆိုပြီး လိုက်ပို့ရတော့တာပေါ့။ မိန်းမကလည်းတော် ကန်တုန်းက ကန်သွားပြီး ခုမှ မျက်နှာပြောင်တိုက် လိုက်အပို့ခိုင်းရသေးတယ်"

ကျွန်မတို့သည် ဘာမျှ ပြန်မပြောကြတော့ဘဲ ကြီးကြီး၏ဝေဖန်ချက်ကို အသာပင် နားထောင်နေလိုက်ကြ၏။ ကြီးကြီးသည် ဦးဇင်မောင်ဘက်ကနေ၍ ခံပြင်းနေပုံရပေသည်။

"ကဲ ကဲ ကော်ဖီသောက်ရင်း စကားပြောရစ်ကြဦး။ ကြီးကြီး နောက်ဖေးမှာ လုပ်စရာတွေ ရှိသေးတယ်"

ကြီးကြီး ထသွားသဖြင့် ထမင်းစားခန်းထဲတွင် ကျွန်မတို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြ၏။

"အင်း ... အစ်ကိုမျိုးလည်း တစ်နေ့မှာ ဦးဇင်မောင်လို စွန့်ပစ်ခံရမှဖြင့်"

ကိုအောင်မျိုးက ကျွန်မကိုကြည့်၍ ခပ်ပြုံးပြုံး ပြောလိုက်ပါသည်။ ကျွန်မသည် ရုတ်တရက် ဝမ်းနည်းသွားပါသည်။ အထင်သေးလေခြင်းဟုလည်း စိတ်ထဲမှာ ခံပြင်းသွားမိပါသည်။

"ဘာလဲ အစ်ကိုမျိုး၊ ထားကို ဒီလောက်တောင် အထင်သေးသလားဟင်၊ အစ်ကိုမျိုးဟာ ထားရဲ့ အချစ်ဦးပါ အစ်ကိုမျိုး။ ထားဘဝမှာ အစ်ကိုမျိုးဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါ။ လောကမှာ တစ်သက်တစ်ခါသာ ချစ်တတ်တဲ့ မိန်းမမျိုးနဲ့

တစ်သက်မှာ ကြိမ်ဖန်များစွာ ချစ်တတ်တဲ့ မိန်းမမျိုးတွေ ရှိကြတဲ့အနက် ထားဟာ တစ်သက်မှာတစ်ခါသာ ချစ်တတ်တဲ့ မိန်းမမျိုးပါ အစ်ကိုမျိုး။ ထားဟာ ထားရဲ့ အသည်းနှလုံးကို အစ်ကိုမျိုးထံမှာ ပုံအပ်ခဲ့ပြီးပါပြီ။ အစ်ကိုမျိုးက စွန့်ပစ်သွားတောင်မှ ထားမှာ တခြားလူကို ပုံအပ်စရာ အသည်းနှလုံး မရှိတော့ပါဘူး။ ထားကို ဒီလောက်လည်း အထင်မသေးလိုက်ပါနဲ့"

ကျွန်မသည် စကားပြောရင်း မျက်ရည်တွေ ဝေလည်၍ လာပါသည်။ မျက်ရည်ကို ဘယ်လိုပင် ကြိုးစား၍ထိန်းသော်လည်း မရပေ။ သည်တော့မှ ကိုအောင်မျိုးသည် ပျာပျာသလဲဖြစ်သွားကာ ကျွန်မအနားသို့ တိုးလာသည်။

"ဆောရီး ထား၊ အစ်ကိုမျိုးက အဖြစ်ကို ပြောပြတာပါ။ ထားကို အထင်သေးလို့ ပြောတဲ့စကား မဟုတ်ပါဘူး။ အစ်ကိုမျိုး တောင်းပန်ပါတယ်၊ ကဲ ငိုမနေနဲ့ တိတ်ပါ"

"စကားအဖြစ်လည်း မပြောနဲ့၊ တကယ်လည်း မပြောနဲ့ အစ်ကိုမျိုး၊ အစ်ကိုမျိုး ဒီလိုပြောရင် ထား ငိုချင်တယ်။ တကယ်တော့ ဒီစကားဟာ အစ်ကိုမျိုးက ပြောရမယ့် စကားလည်း မဟုတ်ပါဘူး။ ပြောချင်းပြောရင် ထားကသာ ပြောရမှာပါ။ အစ်ကိုမျိုး ဘိလပ်ရောက်လို့ အင်္ဂလိပ်မတစ်ယောက်ကို ဆွဲယူလာတယ်ဆိုရင် ထား ရင်ကွဲရချည် ရဲ့လို့ကော ထားဘက်က မတွေးနိုင်ဘူးလား"

"ဘာ ... အစ်ကိုမျိုးက အင်္ဂလိပ်မတစ်ယောက်ကို ယူလာရင် ဟုတ်လား"

"ဟုတ်တယ်၊ ခုခေတ် ပညာတော်သင်သွားကြတဲ့ လူတွေဟာ ရောက်လေရာမှာ မိန်းမယူကြတာချည်းပဲ။ တချို့လည်း ဟိုမှာတင်ယူပြီး ပြန်တော့ ကွာပစ်ခဲ့ကြတယ်။ တချို့လည်း ဒီအထိခေါ်လာတယ်။ အစ်ကိုမျိုးကော မဖြစ်ဘူးလို့ ဘယ်သူ အာမခံရဲမလဲ"

ကိုအောင်မျိုးက ကျွန်မကိုကြည့်၍ ရယ်နေသည်။

"အစိုးရိမ်လွန်ရန်ကော ထားရယ်"

"အို ထား အစိုးရိမ်လွန်တာ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့အကြောင်းကို ပြောတာပါ"

"ဒီမှာ ထား၊ အစ်ကိုမျိုး ထားနဲ့ အတူတူ နေချင်လှပြီ၊ အတူတူ နေရမှလည်း ဒီပြဿနာတွေအားလုံး ရှင်းသွားမှာပဲ။ အစ်ကိုမျိုး ထားဆီကို ဒီနေ့လာတာဟာလည်း ဒီအကြောင်း ပြောချင်လို့ပဲ။ အစ်ကိုမျိုး ဒီလို ကြာကြာကြီး မနေချင်တော့ဘူး။ လက်ထပ်လိုက်ချင်ပြီ။ ဖြစ်နိုင်ရင် အစ်ကိုမျိုး ဘိလပ်ကိုမသွားခင် လက်ထပ်ချင်တယ်"

"ဘာ"

ကျွန်မက အလန့်တကြားအော်၍ မေးလိုက်မိ၏။ ကိုအောင်မျိုးသည် ကျွန်မကို မကြည့်ဘဲ နံရံကို ငေးကြည့်နေလေသည်။ နံရံပေါ်မှ မေမေ၏ဓာတ်ပုံသည် ကျွန်မတို့နှစ်ယောက်ကို ငုံ့ကြည့်နေသလို ထင်ရ၏။

"ဟုတ်တယ် အစ်ကိုမျိုး ဘိလပ်ကိုမသွားခင် လက်ထပ်ချင်တယ်၊ ဘယ့်နှယ်လဲ"

ကျွန်မ ရင်ထဲတွင် တလှပ်လှပ်ခုန်လာကာ လက်ဖျားတွေ အေးစက်လာပါသည်။ စိတ်တုန်လှုပ်ချောက်ချားခြင်းကြောင့်လား၊ ဝမ်းသာခြင်းကြောင့်လား ကျွန်မ ဝေခွဲမရပေ။ နှစ်ခုစလုံးကြောင့်ပင် ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မသည် ချက်ချင်း အဖြေမပေးနိုင်သေးဘဲ မေမေ၏ ဓာတ်ပုံကိုသာ ငေးစိုက်ကြည့်နေမိသည်။ မေမေသာရှိလျှင် ကျွန်မဘဝ၏ နောင်ရေးသည် မေမေနှင့်တိုင်ပင်၍ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ မေမေသည် သူ့သမီးကြီး၏အနာဂတ်ကို ပြေပြစ်အောင် စီမံပေးပေလိမ့်မည်။

"မမြန်လွန်းဘူးလား အစ်ကိုမျိုးရယ်"

ကျွန်မက သူ့ကိုမကြည့်ဘဲ ပြန်ပြောလိုက်သည်။

"ခပ်မြန်မြန်ပဲ စီစဉ်ချင်တယ် ထား၊ အစ်ကိုမျိုးတို့ ထားတို့အရွယ်တွေဆိုတာ မြီးကောင်ပေါက်အရွယ်တွေလည်း မဟုတ်ကြတော့ဘူး မဟုတ်လား။ အစ်ကိုမျိုးဆိုရင် အသက် ၂၈ နှစ်ထဲ ရောက်နေပြီ၊ ထားဆိုရင်လည်း ၂၅ နှစ်ထဲ ဝင်ရောက်တော့မယ်။ ဒီတော့ ဒီအသက်ဒီအရွယ်တွေဟာ အိမ်ထောင်ပြုဖို့ ရင့်ကျက်ကြပြီလို့ အစ်ကိုမျိုး ထင်တယ်"

"ဟုတ်ပါတယ် ထား ဒါကို မငြင်းလိုပါဘူး။ ဒါပေမဲ့"

ကျွန်မသည် စကားဆုံးအောင် မပြောနိုင်ဘဲ ရပ်ထားလိုက်ပြီး မေမေ့ဓာတ်ပုံကိုသာ ငေးကြည့်နေမိပြန်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ ထား၊ ဆက်ပါဦး"

"ထားဟာ မိဘမဲ့ဖြစ်ပေမဲ့ ထားမှာ အုပ်ထိန်းသူ မကင်းသေးဘူး အစ်ကိုမျိုး။ ထားတို့ ညီအစ်မနှစ်ယောက်စလုံးနဲ့ ထားတို့ ခြံမြေကိစ္စတွေကို မေမေ ဆုံးပြီးကတည်းက ထိန်းသိမ်းစောင့်ရှောက်ပေးလာခဲ့ရတဲ့ ဦးဇင်မောင် ရှိသေးတယ်။ ပြီးတော့ ကြီးကြီး ရှိသေးတယ်။ ထားဟာ ချစ်သူတစ်ယောက်ကို ကိုယ့်ဘာသာ ကိုယ်ရွေးယူနိုင်မယ့် အခွင့်အရေးရှိပေမဲ့ ဘယ်အခါဘယ်အချိန်မှာ လက်ထပ်သင့်တယ်ဆိုတဲ့ ကိစ္စကျတော့ ထားတစ်ယောက်တည်း မဆုံးဖြတ်ချင်ဘူး။ ကြီးကြီးဟာ အမေရဲ့ အစ်မအရင်း၊

ဦးဇင်မောင်ဟာ ထားတို့ရဲ့ အုပ်ထိန်းသူဆိုရင်လည်း ဟုတ်တယ်၊ ဦးလေးလို အစ်ကိုလို ဆိုရင်လည်း ဟုတ်တယ်။ ဒီတော့ သူတို့ရဲ့ ဆန္ဒကိုလည်း ယူဖို့ကောင်းမယ်လို့ ထားထင်တယ်။ ပြီးတော့ မေမေရဲ့ သေတမ်းစာလည်းရှိတယ်။ မေမေ့ သေတမ်းစာထဲမှာ ထားတို့ရဲ့ နောင်ရေးနဲ့ ပတ်သက်လို့ ဘယ်လိုစီမံခဲ့တယ်ဆိုတာလည်း ထားတို့မှာ သိပိုင်ခွင့် ရှိသေးတယ်လို့ ထင်တယ်"

ကျွန်မသည် တကယ်ပင် စဉ်းစား၍ လေးလေးနက်နက် ပြောလိုက်မိပါသည်။

"ထားတို့မေမေရဲ့ သေတမ်းစာကို ဖွင့်မဖတ်ရသေးဘူးလား"

"ဟင့်အင်း မဖတ်ရသေးဘူး။ ဦးဇင်မောင်ဆီမှာ ချိပ်ပိတ်ပြီး အပ်ပစ်ခဲ့တယ်။ ထား အသက် ၂၅ နှစ်ပြည့်မှ၊ ဒါမှမဟုတ်ရင်လည်း ထားခင်မူ အသက် ၂၀ ပြည့်မှ တစ်ချိန်ချိန်မှာ စာဖွင့်ဖတ်ပါလို့ ဆိုတာပဲ"

"ခု ဖွင့်ဖတ်လိုက်ကော မဖြစ်ဘူးလား ထားရယ်၊ ဘယ်ဥပဒေနဲ့ ဘာဖြစ်နိုင်လို့လဲ"

"ဟင့်အင်း၊ ထား ဥပဒေရေးရာတွေကို ထည့်မစဉ်းစားပါဘူး။ နားလည်း မလည်ပါဘူး။ ဒါပေမဲ့ ထားဟာ သေသွားတဲ့ အမေရဲ့ဆန္ဒကိုတော့ ထည့်စဉ်းစားချင်တယ်။ သေသွားတဲ့အမေ မှာသွားတဲ့ စကားကိုတော့ ထားမဖျက်ချင်ဘူး"

ကိုအောင်မျိုးသည် ဘာမျှမပြောတော့ဘဲ ငိုင်ကျသွားပါသည်။ ကျွန်မတို့နှစ်ယောက်သည် ဘာမျှမပြောနိုင်ဘဲ ငိုင်၍ နေမိကြသည်။

"ဒီလိုလုပ်ရင်ကော မဖြစ်ဘူးလား ထား"

ကိုအောင်မျိုးက အကြံရသလို မျှော်လင့်ချက်ကြီးစွာဖြင့် ကျွန်မကို မေးလိုက်ပါသည်။ ကျွန်မသည် ဘာမျှမပြောဘဲ သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။

"ထား အသက် ၂၅ နှစ်ပြည့်ဖို့ ဆိုတာကတော့ တစ်နှစ်နီးပါးလောက် စောင့်ရဦးမယ်။ ထားခင်မူက ဒီအတောအတွင်းမှာ အသက် ၂၀ ပြည့်တော့မှာ မဟုတ်လား။ အလွန်ဆုံးစောင့်ရရင် ခြောက်လပဲ ရှိမှာပါ။ တကယ်လို့ အဲဒီခြောက်လပြည့်လို့ ဖွင့်ဖတ်တဲ့အချိန်မှာ အစ်ကိုမျိုးကလည်း ပြန်ရောက်ချင်ရောက်လာတော့မှာပါ။ အဲဒီလိုဆိုရင်ကော"

ကိုအောင်မျိုးမှာ စိတ်အားထက်သန်နေပါသည်။ သူ့မျက်နှာထား၊ သူ့မျက်လုံးများသည် စိတ်အား တက်ကြွခြင်းဖြင့် ဝင်းထိန်လျက်ရှိသည်ဟု ကျွန်မထင်ပေသည်။

"ဒီလိုဆိုရင်တော့ ဖြစ်နိုင်လိမ့်မယ်လို့ ထားထင်တာပဲ၊ ထားခင်မူအပေါ်မှာလည်း

တည်သေးတာပေါ့လေ။ ဒါပေမဲ့ ထားခင်မူကလည်း ထားပြောရင်တော့ သဘောမတူစရာ မရှိပါဘူး"

"ဒါဖြင့်လည်း အစ်ကိုမျိုးသွားနေတုန်း ထားခင်မူ အသက် ၂၀ ပြည့်မယ့်နေ့မှာပဲ ဒီစာကို ဖွင့်ခိုင်းပါ ထားရယ်၊ အစ်ကိုမျိုးကတော့ မြန်မြန်အတူနေချင်တာပဲ။ ကဲ အစ်ကိုမျိုးကို သီချင်းတစ်ပုဒ်လောက် စန္ဒရားတီးပြစမ်းပါဦး၊ တစ်မနက်လုံး ခေါင်းရှုပ်လာရတာ"

ကျွန်မတို့နှစ်ယောက်သည် ဧည့်ခန်းသို့လျှောက်လာခဲ့ကြသည်။ ကျွန်မမှာ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းတွင် အသင်းဝင်တစ်ယောက်ဖြစ်ရာ မတောက်တခေါက်တော့ တီးတတ်လေသည်။ ကျွန်မသည် စန္ဒရားခုံတွင်ထိုင်ကာ အသံစမ်းလိုက်ပြီး 'ပန်းတသင်းသင်း' ပတ်ပျိုးကို ကောက်၍ တီးလိုက်သည်။ ကိုအောင်မျိုးသည် စန္ဒရားဘေးတွင်ရပ်ကာ စည်း မလိုက်တတ် လိုက်တတ်နှင့် လိုက်နေသည်။

"ပန်းတသင်းသင်း ရဂုံမြိုင်တွင်း သံသာလေညင်း ဆော်လို့ထူးထွေ ကျူးဝေသည့် ငှက်သံသာ ဒေဝါလေမိုးကလောင်း ရွှေညှာလေ ကြိုင်သင်းပေါင်း"

သည်သီချင်းမှာ မြန်မာ့အသံမှ 'လကျာ်မင်းထင်' အသံလွှင့်ပြဇာတ်ကို မကြာခဏ လွှင့်ရာ၌ ဒေါ်မေရှင်ကြီး သီဆိုလေ့ရှိ၍ ကျွန်မ ကောင်းကောင်းရနေလေသည်။ ကျွန်မသည် စန္ဒရားတီးရုံသာ မဟုတ်၊ ပါးစပ်ကလည်း ခပ်တိုးတိုး ညည်းမိလျက်သားဖြစ်နေသည်။

"ထား ကျွန်မလင် မြင်ပါလှည့်လား တညှိုးညှိုး ငယ်ငယ်နှင့် လလယ်မှာ ယုန်ရုပ်ကို ပုံလုပ်လို့ထား"

ကျွန်မသည် သဖြန်ကို ချလိုက်ပြီး ကိုယ်တွင် တောင့်ထားသော အကြောအခြင်များကို လျှော့ချလိုက်သည်။

"ထားကျွန်မလင်တဲ့ ဟုတ်လား"

ကိုအောင်မျိုးက ကျွန်မမျက်နှာကို ရွှန်းရွှန်းစားစား ကြည့်၍ မေးလိုက်သည်။

"ထား ဒီသဖြန်လေးကို သိပ်ကြိုက်တာပဲ။ လမင်းကြီးအလယ်က ယုန်ရုပ်ကလေးဟာ ကမ္ဘာတည်သရွေ့ ပျောက်ကွယ်သွားခြင်း မရှိသလို ညှိုးညှိုးငယ်ငယ်နေရရှာတဲ့ မိန်းကလေးအပေါ်မှာလည်း သစ္စာမပျက်ဖို့အကြောင်း ဖွဲ့ထားတဲ့ သစ္စာတိုင် သဖြန်ကလေးပဲ။ မိန်းကလေးတစ်ယောက်ရဲ့ အားနွဲ့သံနဲ့ တောင်းပန်နေတဲ့ဟန်ကလေး မျက်စိထဲမှာ အထင်းသားပေါ်လာတယ်"

"အစ်ကိုမျိုးကိုတော့ အားနဲ့ သံနဲ့ တောင်းပန်စရာ မလိုပါဘူးထင်ပါတယ် ထားရယ်"

ကိုအောင်မျိုးက ပြောပြီး ကျွန်မ ကျောပြင်ကို သိုင်းဖက်ကာ အချစ်ပြလိုက်ပါသည်။ ကျွန်မကလည်း ကိုအောင်မျိုး၏ ရင်ခွင်တွင် ပါးအပ်၍ ငြိမ်နေလိုက်ပါသည်။ နောက် ကိုအောင်မျိုးသည် ကျွန်မမေးကို ဆွဲယူကာ ကျွန်မမျက်လုံးများကို ရွှန်းရွှန်းစားစားကြီး ကြည့်နေသည်။

"အဟမ်း အဟမ်း"

ချောင်းဟန့်သံ ကြားသဖြင့် ကျွန်မတို့နှစ်ယောက်သည် ကြွေဆည်ကာ တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။ ဦးဇင်မောင်သည် တံခါးဝတွင် မားမားကြီး ရပ်နေလေသည်။ ဦးဇင်မောင်၏မျက်နှာမှာ တင်းမာလျက် နီရဲနေသည်။

"ဟင် ဦးဇင်မောင်"

ကျွန်မသည် မျက်နှာတစ်ခုလုံး ဖိန်းရှိန်းသွားကာ ခေါင်းကိုပြန်၍ ငုံ့ထားလိုက်မိ၏။ ဦးဇင်မောင်ဝင်လာသည့်အချိန်တွင် ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် အားမရနိုင်အောင် ရွှန်းရွှန်းစားစားကြီး ကြည့်နေချိန်ဖြစ်၏။ သို့ရာတွင် ကျွန်မတို့၏ အမူအရာများသည် မသင်္ကာစရာကြီးဖြစ်နေလေမလားဟု မလုံမလဲ ဖြစ်နေမိပါသည်။

"ဩော် သီချင်းဆိုနေကြသလား၊ ဆိုကြပါ ဆိုကြပါ။ ဦးဇင်မောင် ဒေါ်ဒေါ်နဲ့ တွေ့ချင်လို့လာတာ။ ဒေါ်ဒေါ် ထမင်းစားခန်းထဲမှာ ရှိတယ်မဟုတ်လား"

ဦးဇင်မောင်သည် ကျွန်မတို့နှစ်ယောက်ကို တစ်ချက်မျှ သိမ်းကျုံးကြည့်လိုက်ပြီး အဖြေကိုပင် မစောင့်တော့ဘဲ တစ်ဆက်တည်း ထမင်းစားခန်းထဲသို့ တောက်လျှောက် ဝင်သွားသည်။

ကျွန်မတို့နှစ်ယောက်သည် ခုမှ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ပြုံးနိုင်ကြတော့သည်။

"ဒီလူကြီး ဝင်လာတာ နည်းနည်းနောက်ကျပေလို့၊ စောစောကများ ဝင်လာမိရင် ဒုက္ခ"

အစ်ကိုမျိုးက ကျွန်မကိုကြည့်ရင်း ပြောလိုက်သည်။ ကျွန်မက ဘာမျှမပြောဘဲ အစ်ကိုမျိုးကို မျက်စောင်းထိုးလိုက်၏။ ကိုအောင်မျိုးသည် ကျွန်မနှင့် နောက်ထပ် အတန်ကြာ စကားပြောပြီး နှုတ်ဆက်၍ ပြန်သွားပါသည်။

ကျွန်မသည် ကိုအောင်မျိုးကို တံခါးဝအထိ လိုက်ပို့ပြီး နောက်ဖေးမီးဖိုချောင်ဘက်သို့ ဝင်လာခဲ့သည်။ ကြီးကြီးသည် စားပွဲဝိုင်းတစ်လုံးတွင်ထိုင်ကာ ဂေါ်ရခါးသီးများကို အတုံးကလေးများလှီးနေသည်။

"ကြီးကြီး ဦးဇင်မောင် မလာဘူးလား"

ကျွန်မက ကြီးကြီးအနားတွင် သစ်သားဖင်ထိုင်ခုံကလေးတစ်ခုကို ယူ၍ ထိုင်လိုက်သည်။

"လာတယ်၊ အလုပ်တွေများလို့ဆိုပြီး ခုနကပဲ ပြန်သွားတယ်"

"ဦးဇင်မောင်လာလိုက်ရင် ဒီလိုချည်းပဲနော်။ ဘယ်တော့မှ အေးအေးဆေးဆေး မရှိဘူး။ ဖုတ်ပူမီးတိုက်ချည်းပဲ။ သူ့မှာ ဘာတွေများ ဒီလောက်အလုပ်များနေသလဲ မသိဘူး"

ကြီးကြီးက လှီးပြီးသား ဂေါ်ရခါးသီးတုံးကလေးများကို ဓားဖြင့် ဇလုံထဲသို့ ယက်ထည့်နေသည်။

"အင်း ဒီသူငယ်လည်း ဝဋ်ပဲ ထားခင်အိရေ၊ သူ့ခမျာ သူ့အလုပ်ကနည်းနည်း၊ သူများတွေအလုပ် လုပ်ပေးနေရတာနဲ့ပဲ ဒီတစ်သက် အချိန်ကုန်ရတော့မှာ ထင်ပါရဲ့"

"သူ့မှာ ဘယ်သူတွေရဲ့ အလုပ်တွေများ ရှုပ်နေရလို့လဲ ကြီးကြီး"

ကျွန်မက ဂေါ်ရခါးသီးတုံးကလေးများကို လက်ဖြင့် ဆိတ်ဆွရင်း မေးလိုက်သည်။

"ဘယ်သူ့အလုပ်ရမလဲ၊ ညည်းတို့ အလုပ်တွေပေါ့။ သူ့ခမျာ ဝဋ်လာခံရတာ ခုထက်ထိ မကျွတ်နိုင်ဘူး"

"ဘုရားရေ၊ ကျွန်မတို့ အလုပ်တွေကို ဘာတွေများ သူ လုပ်နေရလို့လဲ"

ကြီးကြီးသည် ဟင်းခနဲ သက်ပြင်းချကာ သနပ်ဖက်လိပ်တိုကို ကောက်၍ မီးညှိနေသည်။

"ဘာတွေရမလဲ၊ သစ်တစ်ပင်တစ်ဝိုက်မှာ ကျန်ခဲ့တဲ့ ညည်းတို့မြေတွေ၊ သနပ်ဖက်ခြံတွေ၊ လိမ္မော်ခြံတွေ သူပဲ ဦးစီးလုပ်နေရတာပဲ မဟုတ်ဘူးလား။ ညည်းဖေဖေ မောင်ဘမောင် ရှိတုန်းကတည်းက သစ်တစ်ပင်ယာတောကို သူနဲ့ မောင်ဘမောင် တစ်ဝက်စီ ဂရန်ခံပြီး လုပ်လာခဲ့ကြတာပဲ။ ညည်းအဖေ မောင်ဘမောင်က ဘာလုပ်တတ် ကိုင်တတ်တာမှတ်လို့။ ဒီအခြေရောက်အောင် သူပဲ ဦးစီးပြီး လုပ်လာခဲ့ရတာပဲ။ အရင်တုန်းကဆိုရင် အိမ်ကြီးရော၊ သနပ်ဖက်ခြံတွေရော၊ လိမ္မော်ခြံတွေရော အားလုံး

ပေါင်နှံထားရတာပဲ။ မောင်ဘမောင်ဆုံးတော့ မသိန်းမှာ ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့ အိမ်ပေါ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းရတဲ့ အခြေထိ ရောက်ခဲ့ရပါပကောလား။ ဒီတော့မှ မောင်ဇင်မောင်က မသိန်းကို အားပေးပြီး ဒီအိမ်ကြီးနဲ့ ဒီခြံတွေကို ပြန်ရွေးယူခဲ့ရတာပဲ။ ညည်းတို့တစ်တွေ ကွန်ဗင့်ကစပြီး ကောလိပ်ကျောင်းနှစ်ကုန်အောင် မသိန်းက ထားသွားပေးနိုင်ခဲ့တာလည်း မောင်ဇင်မောင့် ကျေးဇူးကြောင့်ပေါ့။ သူသာ လုပ်မပေးရင်"

ကြီးကြီးသည် သက်ပြင်းကြီးတစ်ချက်ချလိုက်ပြီး ဆေးလိပ်ကို ချကာ ဂေါ်ရခါးသီးတုံးကလေးများကို လှီးနေပြန်သည်။

"ခုလည်း ကိုခွန်ထီးက ငှက်ဖျားထပြီး အိပ်ရာထဲ လဲနေလို့ သနပ်ဖက် အရောင်းအဝယ်ကိစ္စတွေ ကိုယ်တိုင် လာလုပ်ရတာ။ ဝယ်မယ့်လူက စောစောက အကုန်သိမ်းပါ့မယ်ဆိုပြီး ပေါက်ဈေးနဲ့ စကားပြောပြီးသား၊ ခု သနပ်ဖက်ဈေးတွေ ဖြုန်းခနဲ ထိုးကျတော့ ကျန်တာကို မသိမ်းချင်တော့သလို အင်တင်တင်လုပ်နေပြီး ငွေကို မချေသေးဘဲထားလို့ ဝယ်တဲ့လူနဲ့ စကားများပြီး ရှုံ့ရှုံ့ရှားရှားဖြစ်လာလို့။ လက်ကျန် သနပ်ဖက်ပိုတွေက သစ်တစ်ပင်မှာလည်း ထားစရာမရှိတော့ဘူး၊ တောင်ကြီးက ဂိုဒေါင်မှာလည်း ထားစရာမရှိတော့ဘူး။ ဒါကြောင့်မို့ ခုပေါက်ဈေးနဲ့ပဲ တခြားလူကို ရောင်းတော့မယ်ဆိုပြီး ကြီးကြီးကို လာတိုင်ပင်တာ။ ပြီးတော့ ကြက်သွန်နဲ့ နာနတ် စိုက်ဦးမလို့တဲ့။ ငွေရင်းကတော့ နည်းနည်းကုန်မယ်တဲ့။ အောင်မြင်ရင်လည်း နောက်ထပ် တိုးချဲ့စိုက်မယ်ပေါ့လေ။ သူ့ခေါင်းထဲမှာ ဘယ်အပင်တွေကို ဘယ်လိုစိုက်မယ်၊ အောင်မြင်ရင် ဘယ်လိုတိုးချဲ့မယ်ဆိုတာတွေပဲ ရှိတယ်ထင်ပါရဲ့၊ အဲဒါ ကြီးကြီးကို လာတိုင်ပင်တာ"

ကျွန်မသည် ကြီးကြီးစကားများကို နားထောင်ပြီး ငိုင်နေမိသည်။ ကျွန်မတို့သည် ဒီအသက်ဒီအရွယ်သို့ ရောက်လာကြပြီဖြစ်သော်လည်း ဘာမျှ မသိတတ်သော မိန်းကလေးတစ်ယောက်ပါတကား။

အိမ်နောက်ဖေးက လှိုဏ်ထဲတွင် ရွှေရောင်နေခြည်တို့ မရှိကြတော့ပေ။ တောတန်းမှ အစိမ်းရောင်သည် နေခြည်တို့ မရှိသောအခါတွင် ပိုမိုမှိုင်းလာသည်ဟု ထင်ရသည်။ လှိုဏ်တစ်ဖက် ကုန်းမြင့်ပေါ်မှ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းသံကို ကြားရပေသည်။

"မောင်အောင်မျိုး ပြန်သွားပြီလား"

"ပြန်သွားပြီ ကြီးကြီး၊ သူလည်း မကြာခင် ဘိလပ်သွားရမယ်တဲ့"

"သြော် သြော် ကောင်းတာပေါ့။ ငယ်တုန်းရွယ်တုန်းမှာ ကိုယ့်တက်လမ်း

ကိုယ်ကြိုးစားမှ၊ ကြိုးမှဆိုရင် လွယ်တော့တာ မဟုတ်ဘူး။ ဒါထက် မထား ကြီးကြီးကို ချစ်တယ်နော်"

ကျွန်မသည် ကြီးကြီး၏ ထူးဆန်းသော စကားများကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ကြီးကြီးသည် ဘာမျှ ထူးခြားဟန်မရှိဘဲ လှီးပြီးသား ဂေါ်ရခါးသီးတုံးကလေးများကို ဇလုံထဲတွင်ထည့်၍ ရေဆေးနေသည်။

"ကြီးကြီးစကားကလည်း ထူးဆန်းလိုက်တာ"

ကြီးကြီးသည် ပြုံးလိုက်၏။

"မသိန်းမရှိတဲ့ နောက်မှာ ကြီးကြီးဟာ မထားတို့ အမေပဲ၊ ကြီးကြီးအဖို့လည်း မထားတို့ ညီအစ်မဟာ သမီးတွေပဲ၊ ဒါကြောင့်မို့ ကြီးကြီးက မေးမိတာပါ"

"ဘယ့်နှယ်ပြောပါလိမ့် ကြီးကြီးရာ၊ ကြီးကြီးကို မချစ်ဘဲ နေပါ့မလား"

"အေး ဒီလိုကြားရတာပဲ ကြီးကြီး ဝမ်းသာပါပြီ။ လောကမှာ ကြီးကြီးအဖို့လည်း တွယ်တာ ခင်မင်စရာဆိုလို့ မထားတို့ညီအစ်မ နှစ်ယောက်ပဲ ကျန်တော့တယ်။ ဒီတော့ ဒီ တူဝရီးတွေရဲ့ကြားမှာ ဘာမှ ဖုံးကွယ်ထားတာ မရှိစေချင်ဘူး"

"ဘုရား ဘုရား" ဟု ကျွန်မသည် စိတ်ထဲက ရွတ်လိုက်မိသည်။ ကြီးကြီးသည် ဘယ်လိုရည်ရွယ်ချက်ဖြင့် သည်စကားတွေကို ပြောနေလေသနည်း။ ကျွန်မသည် ကြီးကြီး၏ ထူးဆန်းသောစကားများကြောင့် ရင်တလှပ်လှပ် ခုန်လာသည်ဟုပင် ထင်ရသည်။

"ဘာမှ ဖုံးကွယ်ထားတာ မရှိပါလား ကြီးကြီး။ ဘာဖြစ်လို့ မေးနေတာလဲဟင် ကြီးကြီး၊ ဦးဇင်မောင်က ကြီးကြီးကို ဘာတွေပြောသွားလို့လဲ"

ကျွန်မသည် ကိုယ့်ဘာသာကိုယ် မလုံမလဲဖြစ်ကာ ကြီးကြီးကို ဆက်တိုက် မေးခွန်းထုတ်နေမိသည်။ ကြီးကြီးက ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ မောင်ဇင်မောင်ကလည်း ဘာမှ ပြောမသွားပါဘူး။ မထားလည်း မငယ်တော့ဘူးနော်။ ၂၅ နှစ်ထဲ ရောက်လာပြီ။ ဒီတော့ ဘာပဲလုပ်လုပ် စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင်နဲ့ လုပ်လိမ့်မယ်လို့ ကြီးကြီးထင်တယ်။ ကဲ ကဲ သွား သွား၊ ရေလေးမိုးလေး ချိုးချေဦး။ ကြီးကြီး ဂေါ်ရခါးသီးကြော်ဖို့ ကျန်သေးတယ်။ ပြီးရင် ထမင်းစားကြရအောင်၊ မောင်ဇင်မောင်ကတော့ ဒီနေ့ပဲ ပြန်မယ်လို့ ပြောသွားတယ်။ ဒီမှာ စားတော့မယ် မထင်ပါဘူး၊ မလုံးရေ မလုံး"

ကြီးကြီးသည် ကျွန်မနှင့် စကားဖြတ်ကာ မလုံးကို ခေါ်ပြီး ချက်ရေးပြုတ်ရေး

ကိစ္စများကို စီမံနေသည်။ ကျွန်မသည် ကြီးကြီးအပေါ်မှ ထလာကာ အပေါ်ထပ်သို့ တက်လာခဲ့ပြီး မှန်ရှေ့တွင် ရပ်လိုက်သည်။

ဆံနွယ်ဆံလိပ်များ သရဖူဆောင်းထားသည့် ကျွန်မ မျက်နှာသည် မှန်ထဲတွင် ဝင်းပလျက်ရှိ၏။ မျက်လုံးများသည် အရည်လဲ့ကာ ရွှန်းစိုတောက်ပနေကြသည်။ သို့ရာတွင် ကျွန်မမျက်လုံးထဲတွင်ကား မှန်ထဲက ကျွန်မ၏ရုပ်သွင်ကို မမြင်ပါ။ အစ်ကိုမျိုး၏ ချိုသာသော မျက်နှာသည်သာ ပြုံးလျက် ပေါ်လာသည်တကား။

# [၁၀]

နွေနှောင်းသွားလျှင်ပင် မိုးမှုန်ကလေးများ ကျစပြုလာကြလေသည်။ မုတ်သုံလေသည် တောင်တန်းများကို ကျော်ဖြတ်ကာ တိုက်ခတ်စပြုလာ၏။ လေသည် မိုးသက်နံ့ဖြင့် မွှေးကာ ရှူရှိုက်လိုက်ရလျှင်ပင် စိတ်ကို လန်းဆတ်လာစေသည်ဟု ထင်မှတ်ရသည်။

နွေကျောင်းပိတ်ရက်များ ကုန်ဆုံး၍ ကျောင်းများပင် ပြန်ဖွင့်ကြပေတော့မည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကလည်း သည်နှစ်နွေတွင် ဘယ်ကိုမျှ မသွားကြတော့ဘဲ အိမ်မှာပင် နေကြ၏။ အစ်ကိုမျိုးသည် မျှော်လင့်ထားသည်ထက် စော၍ ဘိလပ်သို့ ထွက်ခွာသွားသဖြင့် ကျွန်မတို့ ကမ္ဘာလေးသည် ခြောက်ကပ် ကျန်ရစ်ခဲ့၏။ အစ်ကိုမျိုးမှာ ဧပြီလဆန်းစတွင် ဘိလပ်သို့ ရုတ်တရက် ထွက်သွားရလေရာ ယခုဆိုလျှင် နှစ်လကျော်လောက်ပင် ရှိသွားပြီဖြစ်၏။ အစ်ကိုမျိုးထံမှ စာများသည် တစ်ပတ် တစ်ကြိမ်ကျ မှန်မှန်ကြီး ရောက်လာကြလေသည်။ အစ်ကိုမျိုး ဘိလပ်တွင် နေရမည့်ကာလမှာလည်း ထင်သလောက် မကြာတော့ဘဲ ရှစ်လလောက်သာနေရမည် ဖြစ်ပေသည်။ စာများထဲတွင် သူရောက်သောမြို့များ၏ ရှုခင်းရှုကွက်များမှစ၍ တော်တော်ရှည်ရှည် ရေးထားတတ်ပေသည်။ သူအပြန်တွင် လက်ထပ်ဖို့ကိစ္စကိုကား စာတိုင်းတွင်လိုလိုပင် ပါတတ်၏။ ကျွန်မကား အစ်ကိုမျိုး၏စာများကို ဖတ်၍သာ အလွမ်းဖြေရပါသည်။

အစ်ကိုမျိုး ဘိလပ်မသွားခင် လက်ထပ်ရေးကိစ္စကို ပြောတုန်းကတော့ ကျွန်မသည် မြန်ဆန်လွန်းလှသည်ဟု ယူဆခဲ့၏။ ယခုတော့ ကျွန်မကိုယ်တိုင်ပင် လက်ထပ်ရေးကိစ္စကို သိပ်အချိန်မဆွဲချင်တော့ပေ။ ကျွန်မမှာ ဒီဇင်ဘာလထဲတွင် အသက် ၂၅ နှစ် ပြည့်မည်ဖြစ်ရာ အစ်ကိုမျိုး ပြန်ရောက်သည်နှင့် မကြာမီ လက်ထပ်တော့မည်

ဟု စိတ်တုံးတုံးချလိုက်ပါသည်။ သည်အတွင်း ကျွန်မတို့ကိစ္စကိုလည်း ကြီးကြီးနှင့် ဦးဇင်မောင်အား နားသွင်းထားကာ မေမေ၏စာကိုလည်း ကျွန်မ အသက် ၂၅ နှစ်ပြည့်အောင်ထိ မစောင့်တော့ဘဲ ထားခင်မူ အသက် ၂၀ ပြည့်သည့်နေ့တွင် ဖွင့်ဖောက်ရန် တိုက်တွန်းမည်ဟု စိတ်ကူးထားလိုက်သည်။ ထားခင်မူမှာ ဇူလိုင်လထဲတွင် အသက် ၂၀ ပြည့်ပေတော့မည်။

ကျောင်းများ ပြန်ဖွင့်တော့မည်ဖြစ်သဖြင့် ကျွန်မသည် စားပွဲတွင်ထိုင်ကာ သင်ခန်းစာများကို ပြင်ဆင်နေ၏။ ထားခင်မူမှာလည်း ကျောင်းပြန်သွားရတော့မည်မို့ အပေါ်ထပ်တွင် သိမ်းဆည်းစရာများကို မလုံးနှင့်အတူ သိမ်းဆည်းလျက်ရှိသည်။

"တစ်ယောက်တည်းလား မထား"

ကျွန်မသည် မျက်နှာကို စာအုပ်မှခွာ၍ ကြည့်လိုက်၏။ ဦးဇင်မောင်သည် ပင်နီအင်္ကျီလက်ရှည်နှင့် ချည်ချောလုံချည်ကို ခပ်တိုတို ဝတ်ထားသည်။ ခြေထောက်တွင် စစ်ဖိနပ်ကြီးကို စီးထားပြီး မိုးကာအင်္ကျီကို လက်မောင်းပေါ်မှာ တင်ထားလေသည်။ ကျွန်မသည် မေမေ၏စာကိစ္စကို သိချင်နေတုန်း ဦးဇင်မောင် အခန့်သင့်ရောက်လာသဖြင့် ဝမ်းသာသလို ဖြစ်သွား၏။

"ဟုတ်ကဲ့ ဦးဇင်မောင်၊ တောင်ကြီးကို ဘယ်တုန်းက ရောက်နေသလဲ"

"မနက်က တက်လာတာပဲ။ အစတုန်းကတော့ ရွှေညောင်စာတိုက်ကို ငွေလာထုတ်ရင်း လယ်ထွန်စက်ထည့်ဖို့ ဆီကုန်နေတာလည်း ဝယ်ရင်းဆိုပြီး ထွန်စက်နဲ့ မောင်းထွက်လာတာ။ ရွှေညောင်ရောက်တော့မှ မထူးပါဘူးလေဆိုပြီး တောင်ကြီးအရောက် တက်လာခဲ့တာပဲ"

ဦးဇင်မောင်က ဆေးပြင်းလိပ်ပြာများကို ပြာခွက်ထဲသို့ ခြွေထည့်ရင်း ဝင်ထိုင်လိုက်၏။

"ဟင် ဦးဇင်မောင်က လယ်ထွန်စက်တောင် ကိုယ်တိုင်မောင်းတတ်နေပြီ ဟုတ်လား"

ဦးဇင်မောင်က ပြုံး၍ ခေါင်းညိတ်ပြ၏။

"ခု သစ်တစ်ပင်မှာ သုံးနေတာက ဇီတာ ၅၀ လို့ခေါ်တဲ့ ချက်ကိုစလိုဗားကီးယား ထွန်စက်တွေလေ၊ အဲဒီထွန်စက်တွေတော့ မောင်းတတ်တာပဲ။ ဂျပန်လယ်ထွန်စက်တော့ မမောင်းဖူးသေးလို့ ဘယ်လိုနေမလဲ မသိဘူး"

ဦးဇင်မောင်သည် သစ်တစ်ပင်မှ တောင်သုံးလုံးလမ်းထဲအထိ ထွန်စက်မောင်း

လာပြီး လမ်းဆုံကျမှ တက္ကစီကားကြုံကို စီးလာဟန် တူလေသည်။

"သစ်တစ်ပင်က တောင်သုံးလုံးလမ်းဆုံအထိဆိုတော့ ထွန်စက်ပေါ် ထိုင်လိုက်ရတာ မပင်ပန်းဘူးလား"

ဦးဇင်မောင်သည် ကျွန်မမေးခွန်းကို သဘောကျကာ ရယ်နေသည်။

"မပင်ပန်းပါဘူး။ ဒီလောက်ခရီးလောက်ကတော့ ရိုးနေပြီ။ အလုပ်ကြမ်းသမားဆိုတာ ဒီလောက်တော့လည်း အပင်ပန်းခံမှပေါ့"

"အင်း ဦးဇင်မောင်မှာလည်း သစ်တစ်ပင်နဲ့ တောင်ကြီးကို ရွှေလမ်းငွေလမ်းဖောက်နေတာပဲနော်။ ရက်ကန်းစင်က လွန်းလေးများလို ကူးချည်သန်းချည်ပဲ"

ကျွန်မက ချွေးသီးများစို့နေသော ဦးဇင်မောင်၏ နဖူးကို လှမ်းကြည့်၍ ညည်းသလို ပြောလိုက်သည်။

"ရက်ကန်းစင်က လွန်းကလေးဆိုတဲ့ ဥပမာက လှလွန်းပါတယ် မထားရယ်၊ တကယ်တော့ ချည်တိုင်နဲ့စားကျက် ကူးနေတဲ့ ခိုင်းနွားလိုပါပဲ။ ဘယ်စားကျက် ရောက်ရောက် ခိုင်းနွားများဟာ နောက်ဆုံးတော့ ချည်တိုင်ကို ပြန်ရောက်တာပဲ။ မထားတို့မေမေလက်ထက်ကတည်းက ဦးဇင်မောင်ဟာ တောင်ကြီးက ခွာလို့မရဘူး။ ဘယ်ကိုပဲသွားသွား နောက်ဆုံး တောင်ကြီးကိုတော့ ရောက်အောင်ပြန်လာခဲ့တာပဲ"

"ယာတောမှာကော ခု ဘာတွေ စိုက်နေသေးသလဲ ဦးဇင်မောင်"

"စုံလို့ပဲ၊ စိတ်ကူးတည့်ရာ လျှောက်စိုက်တာပဲ။ နောက်ထပ် စိုက်တာကတော့ ကြက်ဆူပင်တွေ အစမ်း စိုက်ထားတယ်။ ဘယ်လောက် အောင်မြင်မယ်လို့တော့ မသိဘူး။ ရာသီနဲ့ မြေနဲ့ကိုက်ရင်တော့ ဟန်ကျပါလိမ့်မယ်။ ခုတော့ အားကြိုးမာန်တက် အကုန်စမ်းစိုက်ကြည့်နေတာပဲ မထားရေ၊ အင်း တကယ်တော့ လူ့ဘဝ ဆိုတာကလည်း ကြိုးပမ်းစမ်းသပ်ချက်တွေကို စုပေါင်း ဖွဲ့စည်းထားတဲ့ ဖြစ်စဉ်တစ်ခုပဲထင်ပါရဲ့။ မျှော်လင့်ချက်ကလေးနဲ့ ကြိုးစားကြတဲ့အခါ အောင်မြင်တဲ့လူက ပျော်ကြဝမ်းသာကြ၊ ဆုံးရှုံးတဲ့ လူကျတော့လည်း စိတ်ညစ်ကြ၊ ဝမ်းနည်းကြနဲ့ သံသရာလည်နေကြတာပဲ။ ဒါပေမဲ့ ဆုံးရှုံးဖူးတဲ့လူဟာ တစ်ခါရှုံးလို့ သူ့မျှော်မှန်းချက်ကလေးပြိုကွဲပျက်စီးသွားပေမဲ့လည်း အငြိမ်မနေနိုင်ပြန်ဘူး။ မျှော်မှန်းချက် အသစ်ကလေးတစ်ခု ထပ်တည်ဆောက်ပြီး အဲဒီ မျှော်မှန်းချက်ကလေးပေါ်မှာ အသက်ရှင်နေရပြန်တယ်။ လူ့ဘဝဟာ တော်တော်တော့ ဆန်းတယ်"

ဦးဇင်မောင်သည် အသက်ကို ပြင်းစွာ ရှူလိုက်၏။ ကျွန်မသည် ဦးဇင်မောင်

၏ အဘိဓမ္မာဆန်လှသော စကားများကို ကောင်းကောင်း နားမလည်ပေ။

"ဦးဇင်မောင် ဘာကိုဆိုလိုမှန်း ကျွန်မ ကောင်းကောင်း နားမလည်ဘူး ဦးဇင်မောင်"

ဦးဇင်မောင်က ပြုံးလိုက်၏။

"တစ်မြန်နှစ်လောက်တုန်းက သစ်တစ်ပင်မှာ ရာမီဆိုတဲ့ ဂျပန်ပိုးမျှင်ပင်တွေကို ဦးဇင်မောင် အစမ်းစိုက်ကြည့်တယ်။ မြေဩဇာကောင်းအောင်၊ ရေရအောင်၊ ပိုးမကျအောင် လူအားဆိုလည်း လိုလေသေးမရှိ စိုက်တာပဲ။ ကိုခွန်ထီးဆို ဖျားယူတာပဲ။ စိုက်စ ပျိုးစတုန်းကတော့ မျှော်လင့်ချက်တွေ အနန္တပဲ။ အောင်မြင်ရင်တော့ ဗမာပြည်မှာ ပထမဆုံး ပိုးမျှင်တွေ ထုတ်နိုင်တော့မှာဆိုပြီး စိတ်ကူးနန်းတော်ကြီး ဆောက်လိုက်တာ၊ မကြာဘူး ပိုးကျပြီး တဖြုတ်ဖြုတ်သေကုန်တော့မှ စိတ်ကူးနန်းတော်ကြီးလည်း ပြိုကျတော့တာပဲ။ ဒါပေမဲ့ အငြိမ်မနေနိုင်သေးဘူး။ ခု ကြက်ဆူပင်တွေပျိုးပြီး စိတ်ကူးနန်းတော်ကြီးတစ်ဆောင် ဆောက်ပြန်ပြီ။ အောင်မြင်ရင် ဆေးဝါးထုတ်လုပ်ရေးအတွက် ဘီပီအိုင်ကို ဘယ်လိုသွင်းမယ်၊ အစိုးရကပါ ခွင့်ပြုရင် နိုင်ငံခြားထိပို့မယ်လို့ မျှော်မှန်းပြီး ခု ဦးဇင်မောင်နဲ့ ဦးခွန်ထီးတော့ အားတိုက်ခွန်တိုက် လုပ်နေကြတာပဲ။ ခုထိတော့ သိပ်မဆိုးသေးဘူး။ ဆိုလိုတာကတော့ လူဆိုတာ မျှော်လင့်ချက်ပေါ်မှာ အသက်ရှင်ပြီး နေကြတာပဲ။ မျှော်လင့်ချက်တစ်ခု ဆုံးရှုံးသွားရင် နောက်မျှော်လင့်ချက်အသစ်တစ်ခု ထပ်ပြီး တည်ဆောက်ကြတာပဲ။ မျှော်လင့်ချက်အသစ် နောက်ထပ် မထားနိုင်တဲ့နေ့ဟာ အဲဒီလူအဖို့ လူ့ဘဝမှာ အသက်ရှင်လျက်သားနဲ့ ဇီဝိန်ချုပ်ငြိမ်းတဲ့နေ့ပဲ။ အေးလေ ဒါတွေ မထား ကောင်းကောင်းနားလည်ဦးမှာ မဟုတ်သေးပါဘူး။ နားမလည်သေးတာပဲ ကောင်းပါတယ်"

ဦးဇင်မောင်သည် ဆေးပြင်းလိပ်ကိုဖွာကာ စားပွဲပေါ်တွင် ကျွန်မ တင်ထားသည့် ပေးရှင့်စထရောင်း၏ စာအုပ်ကို ဆွဲယူကြည့်လိုက်သည်။

"ဒီစာအုပ်ကို မထား ဖတ်ကြည့်သေးသလား"

"ဟုတ်ကဲ့ ဖတ်ကြည့်ပါတယ် ဦးဇင်မောင်။ စာလေးတွေက တော်တော်လှတာပဲ။ ဒါပေမဲ့ မထား အဓိပ္ပာယ် ကောင်းကောင်းနားမလည်ဘူး"

ဦးဇင်မောင်သည် ဘာမျှမပြောတော့ဘဲ သက်ပြင်းကိုချလိုက်ပြီး စာရွက်များကို တဖျပ်ဖျပ်လှန်နေသည်။ ကျွန်မသည် မေမေ့စာကိစ္စကို ပြောရမလားဟု ဝေခွဲမရနိုင်ဘဲ ဖြစ်နေသည်။

"ဦးဇင်မောင်"

ဦးဇင်မောင်သည် မျက်လုံးများကို စာအုပ်မှခွာလိုက်ကာ ကျွန်မကို ကြည့်လိုက်သည်။

"မေမေ့စာကိစ္စနဲ့ပတ်သက်လို့ မထား ဦးဇင်မောင်ကို ပြောစရာရှိလို့"

"မေမေ့ စာကိစ္စ"

ဦးဇင်မောင်သည် မျက်မှောင်ကြီးကုတ်၍ နံရံပေါ်ရှိ မေမေ့ဓာတ်ပုံကို လှမ်းကြည့်နေသည်။ ကျွန်မရှေ့တွင်မူ မေမေ့ဓာတ်ပုံ မရှိတော့သော်လည်း မေမေ့ရုပ်သွင်ကို ကျွန်မ မြင်ယောင်နေပါသည်။ ကျွန်မ မျက်စိထဲတွင် မေမေ၏ ရုပ်သွင်သည် တစ်အိမ်လုံးတွင် ကြီးစိုးလျက်ရှိ၏။ အခန်းထောင့်တွင်လည်းကောင်း၊ မျက်နှာကြက်တွင်လည်းကောင်း၊ ကြည့်လေရာ၌ မေမေ၏ ပန်းပွင့်လိုမျက်နှာသည် ပြုံးလျက် ပေါ်လာပါသည်။

"ဦးဇင်မောင် တစ်ခါက ပြောဖူးတယ်မဟုတ်လား။ မေမေ့စာကို မထား အသက် ၂၅ နှစ်ပြည့်တဲ့အချိန်၊ ဒါမှမဟုတ် ထားခင်မူ အသက် ၂၀ ပြည့်တဲ့အချိန် တစ်ချိန်ချိန်မှာ ဖွင့်ဖတ်နိုင်တယ်လို့"

"ဟုတ်တယ်လေ မထားက ဖွင့်ဖတ်ချင်ပြီလား၊ မထား အသက်ဟာ ၂၅ နှစ်မပြည့်သေးဘူး မဟုတ်လား"

"ဒီဇင်ဘာလထဲမှာ မထား အသက် ၂၅ နှစ်ပြည့်မယ်။ ထားခင်မူက ဇူလိုင်လထဲမှာ အသက် ၂၀ ပြည့်မယ်။ ဒီတော့ မထား သဘောကတော့ ဒီဇင်ဘာလအထိ မစောင့်တော့ဘဲ ထားခင်မူ အသက် ၂၀ ပြည့်တဲ့နေ့မှာ ဖွင့်ချင်တယ်"

"ဦးဇင်မောင်ကတော့ မထား ၂၅ နှစ်ပြည့်တဲ့ ဒီဇင်ဘာလအထိ စောင့်ချင်တယ်။ ခု လောလောဆယ် မဖွင့်ချင်သေးဘူး။ ဒါပေမဲ့ မထားတို့ သဘောပဲ။ တစ်ခုတော့ရှိတယ်။ မထား ဖွင့်ချင်တယ်ဆိုပေမဲ့ ထားခင်မူသဘောက ဘယ်လိုလဲ မသိဘူး။ ဦးဇင်မောင်ကတော့ သေတမ်းစာကို ထိန်းသိမ်းတဲ့လူတစ်ယောက်အနေနဲ့ ထားခင်မူသဘောကို မေးရလိမ့်ဦးမယ်"

"ထားခင်မူကိုလည်း မထား ပြောပြီးပါပြီ ဦးဇင်မောင်။ သူကလည်း သဘောတူပါတယ်"

"ဘာ မထားက ထားခင်မူကို သွားပြောတယ် ဟုတ်လား"

ဦးဇင်မောင်က တအံ့တသြဖြင့် မေးလိုက်၏။ ကျွန်မက ခေါင်းညိတ်ပြလိုက်

သည်။

"အမှန်ကတော့ ဒီကိစ္စနဲ့ပတ်သက်လို့ မထားဟာ ထားခင်မူအပေါ် ဩဇာ မသုံးသင့်ဘူးထင်တယ်။ သူ့သဘောနဲ့သူသာ ဖြစ်စေသင့်တယ်"

ကျွန်မသည် ဦးဇင်မောင်၏ စကားလုံးများကြောင့်လည်းကောင်း၊ လေယူ လေသိမ်းကြောင့်လည်းကောင်း၊ မျက်နှာအမူအရာကြောင့်လည်းကောင်း အံ့အားသင့် သွား၏။ သူ့အသံသည် အနည်းငယ်တင်းမာကာ မျက်နှာလည်း ကြည်သာခြင်း မရှိလှပေ။

"ဩဇာသုံးတာ မဟုတ်ပါဘူး ဦးဇင်မောင်။ ထားမှာ တိုင်ပင်ဖော်တိုင်ပင်ဖက် ဆိုလို့ သူပဲရှိတာပါ။ ပြီးတော့ ဒီကိစ္စက သူနဲ့လည်း သက်ဆိုင်နေတော့ ထား သူ့ကို ဖွင့်ပြောတာဟာ မလွန်ဘူးလို့ ထင်ပါတယ်"

ဦးဇင်မောင်သည် ဘာမျှမပြောဘဲ သက်ပြင်းကို ရှိုက်လိုက်၏။ တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိ၍ တစ်ခါတစ်ရံ အပြင်ဘက်မှ ငှက်ကလေးများ၏ အော်သံကို သာ ကြားရ၏။ ကျွန်မသည် အသက်ရှူရကျပ်လာကာ အသက်ကို ဝဝရှူကြည့်ရ၏။ ဦးဇင်မောင်က ဆေးပြင်းလိပ်ပြာကို ခြွေကာ ချောင်းတစ်ချက် ဟန့်လိုက်သည်။

"တကယ်တမ်းပြောရရင် ဒီကိစ္စဟာ တရားဥပဒေကိစ္စဖြစ်တယ် မထား။ သေတမ်းစာထဲမှာ မထားရဲ့ မေမေဟာ မထားတို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စတဲ့ နောင်ရေးတစ်ခုလုံးကို သူ့စိတ်တိုင်းကျ ပုံသွန်းပေးခဲ့တာပဲ။ ဒီတော့ ဒီလောက် အရေးကြီးတဲ့စာကို မထား ဖွင့်ချင်တာနဲ့ ကလေးမလေးကို သွားပြီး သွေးဆောင်တယ် ဆိုရင်တော့"

"ဘုရား ဘုရား" ဦးဇင်မောင်၏ စကားများမှာ ရင့်သီးလွန်းလှပါကလား။ သူ၏ ဝတ်လုံအသက်မွေးဝမ်းကျောင်းနှင့် လိုက်လျောညီစွာပင် တရားဥပဒေသံ ပါလွန်းလှပါကလား။

"ဒီမှာ ဦးဇင်မောင်၊ ထားခင်မူဟာ ဘာမှ မသိနားမလည်တဲ့ ကလေးလေးတစ် ယောက် မဟုတ်တော့ဘူး။ အရွယ်ရောက်ပြီ၊ ဒီတော့ မထားဟာ ထားခင်မူကို ဘာမှ သွေးဆောင်စရာ မလိုပါဘူး။ မေမေ ဆုံးပြီးတဲ့နောက် မထားတို့မှာ ဒီညီအစ်မပဲ ကျန်ရစ်ခဲ့ကြတယ်။ ညီအစ်မနှစ်ယောက်စလုံးဟာ အရွယ်ရောက်ပြီးသူတွေဖြစ်လို့ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် ရှိမယ်လို့လည်း မထား ယူဆပါတယ်။ မထားတို့ ညီအစ်မနှစ်ယောက်ကြားမှာ အသည်းနှလုံးနဲ့ပဲ စကားပြောပါရစေ။ ဦးဇင်

မောင်တို့ရဲ့ တရားဥပဒေတွေနဲ့ စကားမပြောပါရစေနဲ့.”

ကျွန်မသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်လိုက်၏။ မျက်ရည်များသည် ကျွန်မပါးပြင်ပေါ်သို့ စီးကျလာပေသည်။ ဦးဇင်မောင်သည် ရုတ်တရက်ထကာ လက်နှစ်ဖက်ကို နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

“စဉ်းစားပါ မထား၊ မထားတို့ညီအစ်မ နှစ်ယောက်စလုံးဟာ အရွယ်ရောက်ပြီဆိုတာ ဦးဇင်မောင် မငြင်းလိုပါဘူး။ ဒါပေမဲ့ မထားတို့မှာ အရွယ်သာကြီးပေမဲ့ အသိဟာ ငယ်သေးတယ်။ လောကအကြောင်းကို မထားတို့ သိပ်နားမလည်သေးဘူး။ မထားတို့ မေမေဟာ မထားတို့အကြောင်းကို ကောင်းကောင်းသိတယ်။ ဒါပေမဲ့ မထားတို့ဟာ မထားတို့မေမေကို ကောင်းကောင်း နားမလည်ကြသေးဘူး။ မထားတို့ မေမေဟာ ခေတ်ပညာတတ်တယ်၊ စိတ်ထက်တယ်၊ ဇွဲစပ်တယ်၊ အမြော်အမြင်ကြီးတယ်။ လောကကြီးက ပေးလိုက်တဲ့ ခါးသီးတဲ့ သင်ခန်းစာတွေကို ရလိုက်လို့လည်း လောကကြီးအကြောင်းကို ကောင်းကောင်း သိသွားခဲ့တယ်။ မထားတို့ဖေဖေ ဆုံးပြီးတဲ့နောက် လောကဓံရဲ့ အထုအထောင်းကိုခံပြီး ဒီသမီးနှစ်ယောက် တင့်တောင့်တင့်တယ်ဖြစ်ဖို့ မနိုင်မနင်းနဲ့ ရုန်းလိုက်ကန်လိုက်ရတာ မျက်စိနှစ်လုံးမှိတ်တော့မှပဲ အနားရတော့တယ်။ အေးလေ ဒါတွေကို ပြန်ပြောနေလို့လည်း သိပ်မထူးတော့ပါဘူး။ ဒီတော့ ဒီစာကို မထား ဖွင့်ချင်တယ်ဆိုရင် မထား စဉ်းစားပါ။ နှစ်ယောက်စလုံးက သဘောတူကြတယ်ဆိုရင် ဦးဇင်မောင်က ဖွင့်ပေးဖို့ပဲရှိတယ်။ ဒီစာကို ကူးသန်းရောင်းဝယ်ရေးဘဏ်မှာ ချိပ်ပိတ်ပြီး အပ်ထားတယ်။ ဦးဇင်မောင်ကတော့ နည်းနည်းစောသေးတယ်လို့ ထင်တယ်၊ ဒါပဲ”

ဦးဇင်မောင်သည် စကားကို အဆုံးသတ်ကာ မေမေ့ဓာတ်ပုံကို စူးစိုက်ကြည့်နေပြီး ထမင်းစားခန်းဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။ ခဏကြာလျှင် ထမင်းစားခန်းဘက်တွင် ထားခင်မူနှင့် စကားပြောနေသံကို ကြားရ၏။

မေမေသည် သမီးနှစ်ယောက်ကို ဘယ်လို လျှို့ဝှက်ချက်တွေများ ထားခဲ့လေသနည်း။ ကျွန်မ ကြာကြာဆက်မတွေးချင်တော့ပေ။ ကျွန်မသည် စိတ်ပင်ပန်းစွာဖြင့် ထကာ အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

“စာကိုဖွင့်ဖတ်ဖို့ မထားကပြောတော့ ထားခင်မူက သဘောတူလိုက်တယ်ဆို။ ဟုတ်လား”

ထမင်းစားခန်းဘက်ဆီမှ ဦးဇင်မောင်၏အသံကို ကြားသဖြင့် ကျွန်မသည်

လှေကားထစ်ပေါ်သို့ လှမ်းထားသော ခြေတစ်ဖက်ကို တန့်ကာ နားစွင့်လိုက်မိသည်။

"ဟုတ်တယ် ဦးဇင်မောင် ဘာဖြစ်လို့လဲ"

"မထားက ဖွင့်ချင်လို့လား၊ နင်က ဖွင့်ချင်လို့လား"

"ဟင့်အင်း ထားခင်မူကတော့ ဘာမှ စိတ်မဝင်စားဘူး။ ထားခင်အိက အထဲမှာ ဘာတွေပါသလဲဆိုတာ သိချင်လို့ ဖွင့်ဖတ်ချင်တယ်ပြောလို့ ထားခင်မူကတော့ သဘောတူလိုက်တာပဲ"

ထားခင်မူမှာ ဘာမျှ အရေးမကြီးသလို ခပ်ပေါ့ပေါ့ ပြောနေသည်။ ထားခင်မူက ခပ်ပေါ့ပေါ့သဘောထား၍ ပြောနေသလောက် မေမေ့စာသည် ယခုအချိန်တွင် ကျွန်မအတွက် သေရေးရှင်ရေး ဖြစ်ပါသည်။ ကျွန်မတို့၏နောင်ရေးကို အဆုံးအဖြတ်ပေးမည့် စီရင်ချက်ဟု သဘောထားပါသည်။

"ဒါဖြင့် နင်က မဖွင့်ချင်သေးဘူးပေါ့"

တတ်လိုက်လေခြင်း၊ ရှေ့နေပီပီ နိမိတ်ပြမေးခွန်းကို မေးတတ်လေခြင်း။ ကျွန်မသည် ခန်းဆီးကိုဖယ်ကာ ထမင်းစားခန်းထဲသို့ ဝင်လိုက်မည်လုပ်ပြီးမှ ရှေ့လျှောက် ဘာတွေပြောဦးမလဲဟု သိချင်သဖြင့် လှေကားပေါ်မှာပင် ရပ်နေလိုက်သည်။

"ထားခင်မူကတော့ ဖွင့်ချင်တယ်လည်း မဟုတ်ဘူး၊ မဖွင့်ချင်ဘူးလည်း မဟုတ်ဘူး။ သူလာပြောတော့ ခေါင်းညိတ်လိုက်တာပဲ။ ဘာဖြစ်လို့လဲ ဦးဇင်မောင်"

"ဘာမှမဖြစ်ပါဘူး။ ဒီစာကို ဘယ်အချိန်မှာ ဖွင့်ရမယ်ဆိုတာ နင်သိတယ်မဟုတ်လား။ ဒီစာဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ရဲ့စာဖြစ်တဲ့အတွက် တရားဥပဒေနဲ့ ပတ်သက်နေတယ်။ ဒါကြောင့်မို့ အကြောင်းကိစ္စကြီးငယ်မရှိရင် ဦးဇင်မောင်အနေနဲ့ သူ့မှာတမ်းအရပဲ ဖွင့်ပေးချင်တယ်"

"ဒါကတော့ ဦးဇင်မောင်သဘောပေါ့။ ထားခင်မူကတော့ ဒီလောက် စိတ်မဝင်စားလှပါဘူး"

"အေး ဦးဇင်မောင်လည်း ခု မဖွင့်ချင်သေးဘူး။ သိမ်းထားချင်သေးတယ်။ ခုလောက် မြန်မြန်ဆန်ဆန် ဖွင့်လောက်အောင်လည်း အကြောင်းမပေါ်ပေါက်သေးဘူး။ တရားဥပဒေနဲ့ ပတ်သက်တာကို တရားဥပဒေအရပဲ လုပ်ချင်တယ်။ ဒီတော့ မထားကို ခု မဖွင့်ပါနဲ့ဦးလို့ပြော ဟုတ်လား။ ဒေါ်ဒေါ်ကော ဘယ်မှာလဲ။ ဒေါ်ဒေါ်နဲ့ စကားပြောချင်လို့"

ထားခင်မူ ခေါ်ပေးသဖြင့် ကြီးကြီးသည် အိပ်ရာကနိုး၍ ရေမိုးချိုးပြီး နောက်ဖေး

ဆောင်မှ ထွက်လာ၏။ ကျွန်မသည် လှေကားထစ်များကို အပြေးတက်လာကာ အခန်းထဲက အိပ်ရာပေါ်သို့ လှဲချပြီး မျက်ရည်များကို သွန်ချလိုက်မိသည်။

မေမေသည် ဘယ်သဘောနှင့် ကျွန်မတို့ ညီအစ်မအား အသည်းနှလုံးကင်းမဲ့သော ဤပါးကွက်အာဏာသားထံတွင် အပ်ခဲ့လေသနည်း။ ကျွန်မတို့နှင့် မေမေကြားတွင် ဘာလျှို့ဝှက်ချက်တို့ကို ထားခဲ့လေသနည်း။ အဘယ့်ကြောင့် ကျွန်မတို့ ညီအစ်မနှစ်ယောက်ပစ္စည်းအတွက် သွေးကွဲစေရန်အကြောင်းကို ဖန်တီးထားခဲ့လေသနည်း။ ယခုတော့ ဦးဇင်မောင်သည် ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို သွေးခွဲနေပါပကော။

ပစ္စည်းအတွက် ညီအစ်မချင်း သွေးကွဲရမည်ဆိုလျှင် ဤအဖြစ်ထက် ရင်နာစရာရှိမည် မထင်တော့ပါ။ သည်အကြောင်းကြောင့်သာဆိုလျှင် ကျွန်မသည် ကျွန်မရှိသမျှပစ္စည်းကို သစ်တစ်ရွက် မြက်တစ်ပင်လောက်မျှ သဘောထားကာ စွန့်လွှတ်လိုက်ရန် အဆင်သင့်ပင် ရှိပါသည်။

## [၁၁]

မိုးပေါက်များ ဖြိုင်ဖြိုင်သွန်းကျလာသည်နှင့် ကျောင်းများလည်း ပြန်ဖွင့်ကြသည်။ ထားခင်မူလည်း ကျောင်းသို့ ပြန်သွားပြီဖြစ်၍ အိမ်တွင် ကျွန်မ၊ ကြီးကြီးနှင့် မလုံး ပေါင်း မိန်းမသားသုံးဦးသာ ကျန်ရစ်ခဲ့ကြ၏။ တိတ်ဆိတ်လှသော အိမ်ကြီးတွင် ကျွန်မတို့ မိန်းမသားတွေချည်းနေရသည်မှာ ချောက်ချားစရာကောင်းပေသည်။ ဦးဇင်မောင်က သစ်တစ်ပင်မှနေ၍ အိုက်စံဆိုသည့်လူငယ်ကလေးတစ်ယောက်ကို ပို့လိုက်သည်။ ဦးခွန်ထီးမှာ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ တောင်ကြီးသို့ ရောက်လာတတ်သည်။ ဦးဇင်မောင်ကား တစ်ခေါက်မျှ မပေါ်လာတော့ပေ။ ဦးဇင်မောင်သည် ခါတိုင်းသူကိုယ်တိုင်လာ၍ လုပ်နေကျကိစ္စများကို ဦးခွန်ထီးကိုသာ လွှဲထားပေသည်။

ကျောင်းကပြန်လာ၍ အဝတ်အစားလဲပြီးသော် ကျွန်မသည် ထိုးလက်စ ဆွယ်တာကို ဆက်ထိုးရန် အောက်ထပ် ဧည့်ခန်းထဲသို့ ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲက စားပွဲတွင် ကျွန်မနာမည်နှင့် စာတစ်စောင်ရောက်နေသည်ကို တွေ့ရ၏။ လက်ရေးမှာ အေးအေး၏လက်ရေး ဖြစ်ပေသည်။ သူ့စာထဲတွင် ကျွန်မတို့အကြောင်းကို ရေးထား၏။

**ထားရေ**

ကိုအောင်မျိုးဆီက စာတစ်စောင်ရတယ်။ သူလည်း ဒီဇင်ဘာလကုန်မှာ ပြန်ရောက်မယ်လို့ ပြောတယ်။ မင်းကော သူ့ဆီကစာ မှန်မှန်ရတယ် မဟုတ်လား။ သူ့စာထဲမှာ မင်းနဲ့ သူ့ကိစ္စကို မြန်မြန် ပြီးပြတ်ချင်တဲ့အကြောင်း၊ အဲဒါ ကိုယ်ကလည်း အချိန်မဆွဲအောင် မင်းကို တိုက်တွန်းပေးဖို့အကြောင်း အရှည်ကြီး ရေးလိုက်တယ်။ သူ့အိမ်ကလည်း သူ ဘိလပ်ကပြန်ရင် မိန်းမ ပေးစားချင်တယ်လို့ ပြောနေတယ်လို့ သူ့စာထဲမှာ ပါတယ်။ သူ့အနေနဲ့က တော့ မယူချင်သေးဘူးလို့ အကြောင်းပြန်လိုက်တယ်ပြောတယ်။

ဟုတ်ပါတယ်ကွာ၊ နှစ်ယောက်ချစ်ကြတဲ့ ကိစ္စမှာ ဒီလောက်လည်း သိပ် အချိန်ဆွဲမနေပါနဲ့။ တို့တစ်တွေလည်း ကိုယ်ပိုင် ဆုံးဖြတ်နိုင်တဲ့ အရွယ်တွေ ရောက်ကြပြီမဟုတ်လား။ မင်းဆိုရင် အပျိုပေါက်၊ လူပျိုပေါက်ကလေးတွေ ရဲ့ ဆရာမကြီးတစ်ယောက် ဖြစ်နေပြီပဲ။ ကိုယ်နဲ့ သေတစ်ပန် သက်ဆုံး ခရီး သွားရမယ့်အဖော်ကို ရွေးတဲ့အခါမှာ ကိုယ်တို့ဟာ လွတ်လွတ်လပ်လပ် ဆုံး ဖြတ်မယ်ဆိုတဲ့ သီးခြားလွတ်လပ်ခွင့်ကို ကျောင်းမှာနေတုန်းကတည်းက ယုံ ကြည်ခဲ့ကြသူတွေ မဟုတ်လား။ ကြိုက်ကြိုက် မကြိုက်ကြိုက် အိမ်က ပေးစား တဲ့လူကို ယူမယ်ဆိုတဲ့ မခင်ဝေကြီးတို့ အုပ်စုနဲ့တောင် အတိုက်အခံလုပ်ခဲ့ကြ သေးတယ်လေ။

ကိုယ်တော့ ဒီအယူအဆကို လက်ကိုင်ပြုပြီး မောင်နဲ့ လက်ထပ်ခဲ့တာပဲ။ မေမေဆိုတာ ဆွေ့ဆွေ့ခုန်လို့ပေါ့။ နောက်ကျတော့လည်း လူကြီးဆိုတော့ ပြီးသွားတာပါပဲ။ ကိုယ့်ချစ်သူကို ကိုယ့်ဘာသာကိုယ် ရွေးယူလိုက်ရတော့ကော အဆင်မပြေတာတွေ မရှိဘူးလားလို့ မင်းက မေးချင်မေးမယ်။ နည်းနည်း ပါးပါးတော့ ရှိကြတာပဲ ထား။ သေသွားကြတဲ့အချိန်ထိ ဘာမှ မတော်စပ်ကြ တဲ့ လူစိမ်းနှစ်ယောက် အတူတကွနေသွားကြတဲ့ အချိန်တစ်လျှောက်လုံးမှာ စိတ်သဘောချင်း မတိုက်ဆိုင်တာကလေးတွေဟာ တစ်ခါမဟုတ် တစ်ခါတော့ တွေ့ကြရတာပဲ။ ဒါပေမဲ့ ဒါလေးတွေဟာ ဖြေရှင်းလို့ မရလောက်အောင် ကြီးကျယ်မယ့် ကိစ္စကြီးတွေ မဟုတ်ပါဘူး၊ အချိန်သိပ်မဆွဲနေပါနဲ့ ထားရာ။ စမ်းချောင်းလေးလို ငြိမ်သက်တယ်လို့ မင်းပြောဖူးတဲ့ ကိုယ့်လိုဘဝမျိုးမှာ တောင် အကာအကွယ်ဆိုတာမျိုး လိုအပ်နေသေးလို့ရှိရင် လှိုင်မြစ်ပြင်ကျယ်

ကြီးလို ရေစီးကသန်၊ လှိုင်းကထန်တဲ့ မင်းဘဝမျိုးမှာ အစောင့်အရှောက် မလို ပေဘူးလား။

ကိုယ်တော့ မင်းတို့ကိစ္စကို မြန်မြန်ပြီးစေချင်တယ်။ မောင်ကရော သိပ် ဝမ်းသာနေတယ်။

**ရှင်လန်းပါစေ...**

**မင်းရဲ့ အေးအေး**

ကျွန်မသည် သူ့စာကို ပါးတွင်အပ်ထားလိုက်၏။ တကယ်တော့ အေးအေး၏ စာသည် 'လင်ယူရန်' တိုက်တွန်းသည့်စာပင် ဖြစ်၏။ ကျောင်းမှာတုန်းက ကျွန်မတို့ အသိုက် ရှေ့နေလိုက်ခဲ့ကြသော 'လွတ်လပ်စွာ အိမ်ထောင်ဖက်ရွေးချယ်ရေးပြဿနာ' သည် ထိပ်သို့ ပြန်၍ တက်လာပါပကော။

မလုံးသည် အငွေ့တထောင်းထောင်းထကာ မွှေးနေသော ကော်ဖီတစ်ခွက်ကို ကျွန်မအနားသို့ လာချ၏။

"ဦးခွန်ထီး ဘယ်တော့ သစ်တစ်ပင်ကို ပြန်မတဲ့လဲ မလုံး"

ကျွန်မက မလုံးကို မေး၏။

"နည်းနည်းကြာဦးမယ် ပြောတယ် မထား။ တောင်ကြီးက အရောင်းအဝယ် ကိစ္စတွေ အားလုံး ပြီးပြတ်မှ ပြန်ခဲ့လို့ ဦးဇင်မောင်က မှာလိုက်တယ် ပြောပါတယ်"

"ခါတိုင်း ဦးဇင်မောင်ကိုယ်တိုင် လာလုပ်နေကျ မဟုတ်လား။ ခုတစ်လော မလာတာ ကြာပြီနော်"

ကျွန်မက မသိမသာ မေးလိုက်သည်။

"ဟုတ်တယ် တောင်ကြီးကကိစ္စတွေအားလုံးကို ကိုခွန်ထီးပဲ လုပ်ချည်ဆိုပြီး လွှတ်လိုက်တယ်။ ကိုခွန်ထီးလည်း ထမင်းစားပြီးကတည်းက ထွက်သွားတာပဲ"

"နေထိုင်များ မကောင်းလို့လား မလုံးရယ်"

"နေလို့တော့ ကောင်းတယ်ပြောတာပဲ။ ဒါပေမဲ့ ခုတစ်လော ဦးဇင်မောင် ကြည့်ရတာ သိပ်မျက်နှာမကောင်းဘူးလို့ ပြောတယ်။ ယာတောမှာလည်း သိပ်မနေဘူးတဲ့။ ကုန်းမိုက မြင်းတစ်စီးဝယ်ပြီးတော့ မြင်းတစ်စီးနဲ့ လျှောက်လည်လိုက်၊ သေနတ် တစ်လက်နဲ့ တောပစ်ထွက်လိုက်နဲ့ တထွက်တည်း ထွက်နေတာပဲလို့ ပြောတာပဲ"

မလုံးသည် ထမင်းစားခန်းကို ဖြတ်ကာ နောက်ဖေးဘက်သို့ ဝင်ရောက် ပျောက်

ကွယ်သွား၏။

ကျွန်မသည် ဦးဇင်မောင်သတင်းကို ကြားလိုက်ရသဖြင့် စိတ်မကောင်းလှပေ။ ဦးဇင်မောင်ကို ပြောလိုက်သည့် စကားများမှာ လွန်သွားလေပြီလားဟု ကျွန်မ ပြန်၍ စဉ်းစားမိသည်။ ဦးဇင်မောင်သည် မေမေ မဆုံးခင်ကတည်းက ကျွန်မတို့ အသိုက်အမြုလေးကို စောင့်ရှောက်ပေးခဲ့သည် မှန်ပါသည်။ သို့ရာတွင် မေမေ မရှိတော့သည့်နောက် ကျွန်မတို့ကို စောင့်ရှောက်ထိန်းသိမ်းပုံမှာ သံကွန်ချာကြီး အုပ်မိုးထားသလို တင်းကျပ် လုံခြုံလွန်းလှပါတကား။

ဤအတိုင်းသာ သံကွန်ချာကြီး အုပ်မိုးထားမည်ဆိုပါက ကျွန်မတို့ဘဝ၌ လွတ်လပ်ခြင်းဆိုသည်မှာ ဘာများ ရှိပါသေးသနည်း။ ကျွန်မတို့၏ စီးပွားရေး ဘဝ တစ်ခုလုံးတွင်လည်း လွတ်လပ်ခြင်းဆိုသည်မှာ ဘာရှိတော့သနည်း။ ဤအတိုင်းသာ ဆိုလျှင် သံကွန်ချာကြီးသည် ကျဉ်း၍ ကျဉ်း၍ အိ၍ အိ၍ ဆင်းလာကာ နောက်ဆုံးတွင် မွန်းကျပ်ကာ သံကွန်ချာအောက်မှာပင် အသက်ပျောက်ဖို့သာ ရှိတော့သည်။

တကယ်တော့ ကျွန်မသည် ကျွန်မ၏ စိတ်ဆန္ဒအလျောက် လူ့ဘဝစောင်းကြိုးကို လွတ်လပ်စွာ တီးခတ်လိုပါသည်။ ကျွန်မ၏လက်ချောင်းများဖြင့် တီးခတ်လိုက်သော ဘဝစောင်းကြိုး၏ အသံကိုသာ ကြားလိုပါသည်။ ကျွန်မတီးခတ်လိုက်သော ဘဝစောင်းကြိုးမှ အသံသည် နာပျော်ဖွယ်သော ပုလဲပေါက်သံ ဖြစ်ချင်ဖြစ်ပါမည်၊ ကြေကွဲဖွယ်ကောင်းသော ငိုချင်းရှည်တစ်ပုဒ် ထွက်ချင်လည်း ထွက်လာပါမည်။ သို့ရာတွင် ဘယ်အသံပဲထွက်ထွက်၊ ဘယ်တေးကွက်ပဲ မြည်မြည် ကျွန်မဘဝစောင်းကြိုးကိုမူ ကျွန်မလက်ချောင်းများဖြင့်သာ တီးခတ်လိုပါသည်။

ယခုတော့ ကျွန်မ ဘဝစောင်းကြိုးသည် ဦးဇင်မောင်တီးခတ်မှ မြည်ရတော့မည့်ပုံ ဖြစ်ပါသည်။

## [၁၂]

"ဟော မောင်ဇင်မောင်၊ ဘယ့်နယ် ဒီတစ်ခါလာပုံက ထူးဆန်းလှချည်လား"

အိမ်ရှေ့ ဝရန်တာမှ ကြီးကြီး၏ နှုတ်ဆက်သံကို ကြားလိုက်ရသည်။ ကြီးကြီး၏ အသံနှင့် မရှေးမနှောင်းမှာပင် ခြံထဲက ကျောက်စရစ်လမ်းလေးပေါ်မှ တဖြောက်ဖြောက်မြည်သော မြင်းခွာသံကိုလည်း ကြားရ၏။ ကျွန်မသည် ပြတင်းပေါက်ဘက်

သို့ ကြည့်လိုက်သည်။ အစိမ်းရောင်ဘောင်းဘီရှည် ဝတ်ထားသော ဦးဇင်မောင် မြင်းပေါ်မှ ဆင်းနေသည်ကို မြင်ရ၏။ မြင်းကြီးမှာ မန်ကျည်းစေ့ရောင် ဂရစ်ဖင်မြင်းမျိုးကြီး ဖြစ်သည်။ အမွေးအမှင်ကောင်း၍ အသွေးအမွေး ပြောင်လက်လျက်ရှိပေ၏။ ဦးဇင်မောင် မြင်းစီးသည်ကို သည်တစ်ကြိမ်သာ ကျွန်မ မြင်ဖူးပေသည်။

"ဟုတ်တယ် ဒေါ်ဒေါ်၊ လာပုံကလည်း ထူးဆန်းတယ်။ လာတဲ့အကြောင်းကလည်း ထူးဆန်းတယ်"

ရယ်သံနှင့်အတူ ဦးဇင်မောင်၏ ဖြေသံကို ကြားရသည်။

"သိပါဘူးကွယ်။ ခါတိုင်းတော့ တောင်သုံးလုံး လမ်းဆုံက တက္ကစီနဲ့ လာတတ်လို့"

"ဒီမြင်းကို တောင်ကြီး မြူနီစပယ်ဥက္ကဋ္ဌ ကိုသန်းဒွေးက လိုချင်တယ်ပြောလို့ သူ့ကိုလာပြတာ ဒေါ်ဒေါ်ရဲ့။ ကုန်းမိုက ကျွန်တော်ဝယ်တာ ဘာမှမကြာသေးဘူး။ တစ်လောက တောင်သုံးလုံးလမ်းဆုံမှာ ကိုသန်းဒွေးနဲ့တွေ့တော့ လိုချင်တယ်လို့ ဖွတ်ပြောနေတာနဲ့ သူ့ကိုပြရင်း ဒီအရောက် စီးလာခဲ့တာပဲ။ ပြီးတော့ ကျွန်တော်လည်း ရန်ကုန်သွားမလို့"

ကြီးကြီးနှင့် ဦးဇင်မောင်သည် ဝရန်တာဘက်တွင် အတန်ကြာ စကားပြောနေကြ၏။ ခဏကြာတော့ နှစ်ယောက်သား ဧည့်ခန်းထဲ ဝင်လာကြသည်။

"ကဲ ကဲ မင်းတူမနဲ့ စကားပြောရစ်ကြဦး။ ဒေါ်ဒေါ် ကော်ဖီသွားဖျော်လိုက်ဦးမယ်"

ကြီးကြီးသည် နောက်ဖေးသို့ တစ်ဆက်တည်း ထွက်သွားလေသည်။

ဦးဇင်မောင်သည် ကျွန်မကို မြင်လိုက်တော့ တုံ့သွားကာ ရပ်နေပြီးမှ ပြုံး၍ နှုတ်ဆက်လိုက်သည်။ ကျွန်မကလည်း ပြုံးလိုက်ပါ၏။

ဦးဇင်မောင်မှာ အသားအနည်းငယ်ညိုသွားကာ မျက်နှာချောင်သွားသည်ဟု ထင်၏။ ကိုယ်ရေလည်း စစ်သွားပုံရပေသည်။ ကြီးကြီး ထွက်သွားတော့ ဦးဇင်မောင်သည် ကျာပွတ်အဖျားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကျွန်မအနားသို့ လျှောက်လာသည်။

"ဦးဇင်မောင် ရန်ကုန်သွားမလို့၊ မထား ဘာမှာဦးမလဲ"

ဦးဇင်မောင်က ကျွန်မကို မိုး၍ ရပ်နေရင်း မေးလိုက်၏။

"ဩော် ဟုတ်ကဲ့၊ မှာစရာ အထူးအထွေမရှိပါဘူး ဦးဇင်မောင်"

ကျွန်မက သူ့ကို တစ်ချက်မျှ မျက်လွှာလှန်၍ ကြည့်လိုက်ပြီး ထိုးလက်စ သိုးမွေးဆွယ်တာကို ဆက်ထိုးနေသည်။ ဦးဇင်မောင်မှာ ရပ်မြဲ ရပ်နေ၏။ ကျွန်မသည် ခေါင်းငုံ့ထားသဖြင့် သူ့မျက်လုံးများကို မမြင်ရပေ။ ချဲကား၍ ရပ်နေသော အဝတ် ဖိနပ်ဖြူစီးထားသည့် သူ့ခြေထောက်အစုံကိုသာ လှမ်းကြည့်မိ၏။ သူ့မျက်လုံးများကို ကျွန်မ မမြင်ရသော်လည်း သူ့မျက်လုံးများသည် ကျွန်မတစ်ကိုယ်လုံးကို လွှမ်းခြုံ ထားကာ ကျွန်မနှလုံးသားထဲသို့ ဖောက်ထွင်းဝင်ရောက်ကြည့်နေသလို ကျွန်မ ခံစားရ ပါသည်။ နံရံတွင် တချက်ချက်မြည်နေသော တိုင်ကပ်နာရီချိန်သီးများနှင့်ပြိုင်လျက် ကျွန်မနှလုံးသားများသည် ပြင်းစွာ ခုန်နေကြပေသည်။

"ထားခင်မူဆီကိုရော ဘာမှ မမှာလိုက်တော့ဘူးလား"

ကျွန်မ၏မျက်လုံးများသည် သူ့ခြေအစုံကို စူးစိုက်နေရာမှ တဖြည်းဖြည်း အထက်သို့ရောက်သွားကာ သူ့မျက်လုံးများနှင့် သွား၍ဆိုင်မိလျက်သား ဖြစ်နေသည်။ သည်တော့မှ ကျွန်မသည် ဣန္ဒြေဆည်ကာ မျက်လွှာကို ချလိုက်ရ၏။

"မမှာတော့ပါဘူး ဦးဇင်မောင်၊ ဦးဇင်မောင်ကိစ္စတွေနဲ့ ဦးဇင်မောင် အလုပ်ရှုပ် ရတဲ့အထဲမှာ မထားအတွက် အနှောင့်အယှက်လည်း မဖြစ်စေချင်ပါဘူး"

"ဦးဇင်မောင် ရန်ကုန်သွားတာဟာ ဘာကိစ္စမှ မပါဘူး။ ဒီမှာ မနေချင်လို့သွား တာ။ ဒီမှာ မနေချင်တော့လို့၊ သိပြီလား"

ကျွန်မသည် ဘာကို ပြန်ပြောရမှန်း မသိသဖြင့် ခေါင်းကို ငုံ့ထားလိုက်သည်။ ပြောလည်း မပြောလိုပေ။

မလုံးသည် ဦးဇင်မောင်အတွက် ကော်ဖီခွက်ကို တိတ်ဆိတ်စွာ လာချကာ တိတ်ဆိတ်စွာပင် ပြန်ထွက်သွားသည်။

"မထား"

ကျွန်မသည် သူ့ကို တစ်ချက်မျှ လှည့်ကြည့်ပြီး ပြတင်းပေါက်မှ မြင်ရသော အပြင် ရှုခင်းကို ငေးကြည့်နေသည်။ မိုးပေါက်များသည် ငွေစက်ငွေမှုန်များကို လှုပ်ခါ ချလိုက်သလို တဖွဲဖွဲကျနေကြသည်။ လေဝှေ့လိုက်သည့်အခါတွင် ပြတင်းပေါက် အနီးတွင် ခပ်ကိုင်းကိုင်းပေါက်နေသော စံကားပင်မှ စံကားပွင့်များသည် တဖြုတ်ဖြုတ် ကြွေကျနေကြသည်။

"မထားကို ဦးဇင်မောင် ပြောစရာတစ်ခုရှိတယ်။ နားလည်မှ နားလည်ပါ့မလား တော့ မသိဘူး။ ဒါပေမဲ့ မထားနားလည်အောင် ကြိုးစားပြီး ပြောမယ်။ အဲဒါ တစ်ဆိတ်

နားထောင်စေချင်တယ်”

“ပြောပါ ဦးဇင်မောင်၊ မထားလည်း နားလည်အောင် ကြိုးစားပြီး နားထောင်ပါ့မယ်”

ကျွန်မသည် ဦးဇင်မောင် ဘယ်လိုစကားတွေ ပြောမလဲဟု နားစွင့်နေသည်။ ဘာသံမျှ မကြားသဖြင့် လှည့်လိုက်သောအခါ ဦးဇင်မောင်သည် နံရံပေါ်ရှိ မေမေ့ ဓာတ်ပုံအား ငေးကြည့်နေသည်ကို မြင်ရ၏။ နောက် ဦးဇင်မောင်က သက်ပြင်းရှူ လိုက်သည်။

“တစ်ခါတုန်းက ဦးဖြူဆိုတဲ့ လူတစ်ယောက်နဲ့ မစိမ်းဆိုတဲ့ မိန်းကလေးတစ် ယောက် ရှိတယ်။ ဦးဖြူက အသက်နည်းနည်းကြီးပြီး လောကကြီးနဲ့ လူတွေရဲ့ အကြောင်းကို သိတန်သလောက်လည်း သိခဲ့ပြီးပြီ။ မစိမ်းက အသက်ငယ်တယ်၊ နုပျိုတယ်။ လောကကြီးနဲ့ လူတွေအကြောင်းကို ကောင်းကောင်းမသိသေးဘူး။ သူတို့နှစ် ယောက်ဟာ ဒီလိုနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်လာခဲ့ကြတယ်။ ဒါပေမဲ့ ဦးဖြူဟာ မစိမ်းအပေါ်မှာ တဖြည်းဖြည်း မိတ်ဆွေအဖြစ်ထက် ပိုမိုတဲ့ ခံစားချက်တစ်မျိုး ဝင်လာ တယ်။ ဒါကြောင့်မို့ ဒီခံစားချက်တွေ ပေါက်ကွဲထွက်လာရင် မိတ်ဆွေဘဝနဲ့တောင် မနေရတော့မှာစိုးလို့ ဦးဖြူဟာ အဝေးကို ထွက်သွားတယ်”

“တော်ပါတော့ ဦးဇင်မောင်၊ ကျွန်မ နားလည်ပါပြီ”

ကျွန်မသည် ဦးဇင်မောင်ကို လှမ်းပြောကာ ထိုင်ရာမှထပြီး ပြတင်းပေါက်နားသို့ လျှောက်သွား၏။ မွန်းကျပ်လွန်းသဖြင့် ပြတင်းပေါက်မှ တိုးဝင်လာသောလေကို အားရပါးရ ရှူကြည့်ရ၏။ လေသည် မိုးနံ့ဖြင့် မွှေးနေပေသည်။

“ဆုံးအောင် နားထောင်ပါ မထား။ ပြီးတော့မယ်။ ဒီပုံပြင်လေးမှာ အဆုံးသတ်ပုံ နှစ်မျိုးရှိတယ်လို့ ဆိုကြတယ်။ ပထမ အဆုံးသတ်ကတော့ မစိမ်းမှာ ချစ်သူရှိနေမှန်း သိရတဲ့အတွက် ဦးဖြူဟာ နောက်ဆုတ်ပေးသွားပြီး သူတို့နှစ်ယောက်ဟာ အသက် ထက်ဆုံး မိတ်ဆွေလို နေသွားကြသတဲ့။ ဒုတိယ အဆုံးသတ်ပုံတစ်မျိုးကတော့ မစိမ်း ဟာ ဦးဖြူကို မချစ်သော်လည်း သနားတဲ့အတွက် ဦးဖြူရဲ့အချစ်ကို လက်ခံလိုက်တယ် လို့ တချို့က ဆိုကြတယ်။ ဒီအဆုံးသတ်ပုံနှစ်မျိုးအနက် မထား ဘယ်သင်းကို ကြိုက် သလဲ”

မေးရက်လေခြင်း၊ ဦးဇင်မောင် ပြောမည့်စကားသည် မေမေ့ကိစ္စထင်၍ ကျွန်မ နားထောင်ခဲ့သော်လည်း ယခုတော့ အရွယ်ကိုမှ မစာနာဘဲ ဦးဇင်မောင်သည် ကျွန်မကို

ပြောရက်လေခြင်း၊ ကျွန်မသည် တွေးရင်း မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာပါသည်။ ကျွန်မ နှလုံးသားသည် ပို၍ ပြင်းထန်စွာ ခုန်လာသည်ဟု ထင်ရ၏။

"ဘယ်အဆုံးသတ်ပုံကိုမှ မထား မကြိုက်ဘူး။ ဒါတွေကို မထား မကြားချင်ဘူး"

ကျွန်မသည် ပါးစပ်က အော်ပြောလိုက်၏။ သို့ရာတွင် အသံထွက်မလာပါ။ ကျွန်မသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှိုက်လိုက်သည်။ ဦးဇင်မောင်၏ မျက်နှာကို မကြည့်လို၍ မျက်နှာကို လက်ဝါးဖြင့် အုပ်ရခြင်း ဖြစ်ပါသည်။ သို့သော် နားက ကြားနေရပါသေးသည်။ ကျွန်မသည် သူ့ရုပ်သွင်နှင့် သူ့စကားများကို မမြင်ရ၊ မကြားရအောင် လက်ဝါးနှစ်ဖက်ဖြင့် ကာဆီးသော်လည်း ကျွန်မ လက်ဝါးနှစ်ဖက်သည် တအိအိ ပြိုကျနိမ့်ဆင်းလာသော သံကွန်ချာကြီးကို ကာဆီးခြင်းငှာ မစွမ်းပါတကား။

ဦးဇင်မောင်သည် ကျွန်မအနားသို့ လျှောက်လာကာ ကျွန်မ ပခုံးပေါ်မှ ကျော်၍ အပြင်သို့ ကြည့်နေသည်။

ကျွန်မသည် ငိုရှိုက်ခြင်းကို ရပ်၍ မျက်ရည်စများ စိုစွတ်လျက်ရှိသော မျက်လုံးများဖြင့် ပြတင်းအပြင်သို့ ငေးကြည့်နေသည်။ အပြင်သို့ ကိုင်းညွတ်ကျနေသော စကားစိမ်းပင်သည် မိုးသက်လေဖေ့သောအခါတွင် ပန်းညွှန့်တို့ကို ခြွေချလျက် ရှိ၏။ ကျွန်မသည် ပန်းညွှန့်ညာကြွေတို့ မိုးရေစီးကြောင်းတစ်လျှောက် မျောပါသွားကြသည်ကို ငေးကြည့်နေမိပေသည်။

"အင်း ကျုပ်ကတော့ ဒုတိယ အဆုံးသတ်ပုံကို ကြိုက်တယ်။ ပထမ အဆုံးသတ်ပုံမျိုးဟာ ဘယ်လောက် စိတ်ဆင်းရဲရသလဲဆိုတာ ကျုပ်ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ဖူးတော့ နောက်ထပ် အရှုံးသမား မဖြစ်ချင်တော့ဘူး"

ဦးဇင်မောင်သည် အသက်ကို ပြင်းစွာ ရှိုက်လိုက်၏။

"ဦးဇင်မောင် မထားကို ဒါတွေ မပြောပါနဲ့၊ မထား တောင်းပန်ပါတယ်"

"မထား တစ်ဆိတ် နားထောင်ပါ။ ကျုပ် တောင်းပန်ပါတယ်။ ကျုပ် ဒီစကားတွေကို မပြောဘဲ ရင်ထဲမှာ ကျိတ်ထားခဲ့ရတာဟာ အနှစ်နှစ်ဆယ်လောက်ရှိပြီ။ ခုဟောဒီ စံကားပင်နဲ့ စံကားပွင့်တွေမြင်တော့ ကျုပ် ပိုပြီး ပြောချင်လာတယ်"

ကျွန်မသည် သူ့စကားများကြောင့် အံ့အားသင့်ကာ သူ့ကို လှည့်ကြည့်လိုက်သည်။ ဦးဇင်မောင်သည် စံကားရွှေပွင့်တို့ကို ငေးကြည့်နေသည်။

"ကျုပ်အသက် လေးဆယ်ကျော်ပါပြီ မထား။ ဒါပေမဲ့ ကျုပ်အသက် နှစ်ဆယ်

လောက်တုန်းက မိန်းမတစ်ယောက်နဲ့ ချစ်ခဲ့ဖူးကြတယ်။ စံကားပင်နဲ့ စံကားပွင့်တွေဟာ ကျုပ်တို့ အချစ်ဇာတ်လမ်းမှာ အရေးကြီးတဲ့ အမှတ်အသားတွေပဲ။ နောက်တော့ ဒီမိန်းမ စိတ်ချမ်းသာရေးအတွက် ကျုပ်ဟာ ကျုပ်အချစ်ကို စွန့်လွှတ်လိုက်ရတယ်။ အဲဒီမိန်းမနဲ့ မိတ်ဆွေလိုပဲ ဆက်ဆံခဲ့ရတယ်။ ဒီလို အရှုံးသမား ဖြစ်ခဲ့ဖူးလို့ ကျုပ်ဟာ ခုနက ပုံပြင်ကလေးထဲက ပထမ အဆုံးသတ်ကို မကြိုက်တော့ဘူး။ နောက်တစ်ခါ အရှုံးမခံနိုင်တော့ဘူး"

ကျွန်မသည် ဘာကိုမျှ ပြန်မပြောမိဘဲ အပြင်ဘက်သို့ ပြန်လှည့်၍ စံကားပင်ကိုသာ ငေးကြည့်နေသည်။

"အဲဒီကတည်းက ကျုပ်ဘဝဟာ အမှောင်ကြီးကျခဲ့တာပဲ။ တကယ်တော့ ဘဝဆိုတာဟာ အလင်းရောင်ကို တောင့်တစမြဲပဲ မထား။ လူတွေမပြောနဲ့ သစ်ပင်တွေတောင် အလင်းရောင်ကို တောင့်တကြစမြဲပဲ။ မထားလည်း သိချင်သိမှာပဲ။ ရုက္ခဗေဒသဘောမှာ Response to Stimuli ဆိုတဲ့ ပင်စည်များ၏ တုံ့ပြန်မှုသဘောတရားဆိုတာ ရှိတယ်။ ရှည်ရှည်ဝေးဝေး မကြည့်ပါနဲ့လေ။ ဒီစံကားပင်ကိုပဲ ကြည့်ပါ။ စံကားပင်ဟာ ပြတင်းပေါက်ဘက်ကို မညွှတ်ဘဲ အလင်းရောင်ရှိရာကို ညွှတ်နေတယ်။ ဟုတ်တယ် မထား။ သစ်ပင်ရဲ့ပင်စည်တွေဟာ အလင်းရောင်ရှိရာကို တုံ့ပြန်ကြစမြဲပဲ"

ကျွန်မ၏ မျက်လုံးများသည် အိမ်အပြင်ဘက်သို့ ကိုင်းညွှတ်နေသော စံကားပင်စည်ပေါ်သို့ ရောက်သွားကြ၏။ စံကားပင်စည်သည် အဖြူနှင့်အနက် အကျားအစင်းတွေ ဖြစ်နေ၏။

"အဲဒီလို တစ်ခါရှုံးခဲ့လို့ အနှစ်နှစ်ဆယ်လုံးလုံး အမှောင်ကြီး ဖုံးခဲ့ရတဲ့ ကျုပ်ဘဝဟာ မထားနဲ့တွေ့လိုက်တော့ အလင်းရောင်ရပြီး စိုပြည်လာတယ်။ မထားဟာ ကျုပ်အဖို့ အလင်းရောင်ပဲ။ သစ်ပင်တွေရဲ့ပင်စည်တောင် အလင်းရောင်ရှိရာဘက်ကို ညွှတ်သေးလို့ရှိရင် မထားအပေါ်မှာ ကျုပ် အသက်အရွယ်ကြီးနဲ့ တိမ်းညွှတ်မိတာဟာ ကျုပ် မရိုင်းဘူးလို့ ထင်တယ်။ ဒီတစ်ခါတော့ အမှောင်ထဲကို ပြန်အရောက်မခံနိုင်တော့ဘူး။ ကျုပ် မထားကို အဆုံးမခံနိုင်ဘူး သိလား"

ဦးဇင်မောင်သည် ကျိတ်မနိုင်ခဲမရသံကြီးနှင့်ပြောကာ ကျွန်မ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်သည်။ ကျွန်မသည် သူ့လက်ထဲမှ ရုန်းထွက်ကာ အိမ်ပေါ်ထပ်သို့ တက်ပြေးရန် လှမ်းလိုက်သည်။ ဦးဇင်မောင်က ရှေ့မှ ဆီးရပ်လိုက်၏။

"မပြေးပါနဲ့ မထား၊ အရင်တစ်ယောက်တုန်းက ကျုပ် အရှုံးပေးခဲ့ရပြီ။ ဒီ

တစ်ယောက်ကိုတော့ ကျုပ် အရှုံးမပေးနိုင်တော့ဘူး။ မထား ပြေးရင်လည်း အိမ်မှာ ဘယ်သူမှ မရှိဘူး။ ဒေါ်ဒေါ်လည်း ဟိုဘက်ခြံကို ကူးသွားတယ်။ မလုံးကိုလည်း ပွဲရုံမှာ ကိုခွန်ထီးဆီ ကိစ္စရှိလို့ ကျုပ်ခိုင်းလိုက်ပြီ။ မထား ကျုပ်လက်ထဲက ပြေးလို့ မလွတ်တော့ဘူး။ မထားကို ကျုပ် ချစ်တယ်။ ကျုပ် ယူမယ်သိလား"

ဦးဇင်မောင်သည် ကျွန်မကို သိုင်းဖက်လိုက်ပြီး ကျွန်မ ပါးပြင်၊ နှုတ်ခမ်းတို့ကို မိုးသီးမိုးပေါက် ရွာချသလို တရစပ်နမ်းလိုက်သည်။

"ရှင် ရှင် သိပ်ယုတ်မာတယ်။ ကဲ ကဲ"

ကျွန်မသည် သူ့လက်ထဲမှ အတင်းရုန်းထွက်ကာ ဦးဇင်မောင်၏ပါးကို ရိုက်လိုက်ပြီး အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

အခန်းထဲရောက်တော့မှ အခန်းတံခါးကိုပိတ်ကာ အိပ်ရာပေါ် ပစ်လှဲလိုက်ပြီး မျက်ရည်များကို သွန်ချလိုက်မိသည်။

အစော်ကားခံရလေခြင်းဟူသော အသိကြောင့် ဖြစ်သော ဒေါသ၊ ဘာမျှမသိဘဲ တစ်ရွာစီနေ၊ တစ်ပြည်စီခြားနေသော အစ်ကိုမျိုးအား သနားသည့် ကရုဏာတို့သည် ကျွန်မ အသည်းနှလုံးကို ညှပ်ကြီးဖြင့် ဖိညှပ်ထားသလိုပင် ရှိပါသည်။

အပြင်ဘက်တွင် မိုးသီးမိုးပေါက်များသည် သဲသဲကြီးသွန်ကျလာကြ၏။ ကိုယ်စွမ်းအားလည်း တတ်နိုင်၍ ရင်၌ ခံစားရသော ဝေဒနာများလည်း ပျောက်မည်ဆိုပါလျှင် ကျွန်မသည် မိုးနတ်သားနှင့်ပြိုင်၍ပင် ကျွန်မ၏ မျက်ရည်များကို သွန်ချလိုတော့သည်တကား။

## [၁၃]

မိုးတွေ တဖြိုင်ဖြိုင် သွန်ချနေသော ဇူလိုင်လ တစ်နေ့ ကျွန်မ ကျောင်းကပြန်လာသော အချိန်တွင် ကြီးကြီးသည် စာတစ်စောင်ကို ကျွန်မအား ထိုး၍ပြ၏။ ကျွန်မသည် စာကိုယူ၍ ဖတ်လိုက်သည်။ စာမှာ ဦးဇင်မောင်ထံမှ စာဖြစ်၏။ စာထဲတွင် သစ်တစ်ပင်ယာတောကိစ္စများကိုလည်း ထည့်ရေးထားသည်။

**ဒေါ်ဒေါ်ခင်ဗျား**

ရန်ကုန်တွင် လုပ်စရာကိစ္စများ အားလုံးပြီးစီးသွားပါပြီ။ ကျွန်တော်လည်း မကြာမီ တောင်ကြီးသို့ ပြန်လာနိုင်ပါလိမ့်မည် ထင်ပါသည်။ ကျွန်တော်

ပြန်လာသောအခါတွင် ထားခင်မူကိုလည်း ပြန်ခေါ်ခဲ့ပါမည်။ ဤအတော အတွင်း မထားက ကျွန်တော့်အပေါ်တွင် ခွင့်လွှတ်အောင်လည်း ဒေါ်ဒေါ်က တစ်ဆင့် တောင်းပန်ပေးစေလိုပါသည်။ အားလုံး အဆင်ပြေအောင် ဒေါ်ဒေါ်ပဲ ကြည့်စီစဉ်ပါခင်ဗျား။

**လေးစားစွာဖြင့်**
**ဇင်မောင်**

ကျွန်မသည် စာရွက်ကို ကြီးကြီးသို့ လှမ်းပေးလိုက်ပြီး လက်ထဲတွင် ပွေ့လာသည့် စာအုပ်များကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်သည်။

"ဒီစာက ဘာအဓိပ္ပာယ်လဲ ကြီးကြီး။ မထား နားမလည်ဘူး"

ကြီးကြီးသည် သစ်ကနက်သား စိပ်ပုတီးကို တဂျောက်ဂျောက်စိပ်ရင်း လမ်းလျှောက်နေ၏။

"မောင်ဇင်မောင် ရန်ကုန်ထွက်သွားတာကို မထားသိတယ်မဟုတ်လား"

"သိသားပဲ၊ သူ့ဘာသာသူ သွားတာနဲ့ မထားနဲ့ ဘာဆိုင်လို့လဲ"

ကျွန်မအသံသည် အနည်းငယ်တင်းမာသွား၏။ လေယူလေသိမ်းကလည်း ပြတ်ပြတ်ပင်ဖြစ်သည်။

"သိပ်လည်း စိတ်မတိုပါနဲ့ မိန်းကလေးရယ်"

ကြီးကြီး၏အသံမှာ နူးညံ့ပျော့ပျောင်းနေ၏။ ကျွန်မသည် ကိုယ့်အကြောင်း ကိုယ်သိသူမို့ စကားကို ခပ်ပြတ်ပြတ်ပြောလိုက်မိသည်ကို စိတ်မကောင်းဖြစ်သွားကာ ကြီးကြီးကို သနားသွားသည်။

"ဒီစာကို မထား ပြတာရော၊ ထားခင်မူကို ပြန်ခေါ်လာမယ်ဆိုတာတွေရော၊ မထား ဘာတစ်ခုမှ နားမလည်ဘူး။ ကြီးကြီးတို့ ဘာတွေလုပ်နေကြတာလဲ။ မထားကို လည်း ပြောပြကြဦးမှပေါ့"

"ပြောမှာပါ မထားရယ်။ ဒါကြောင့် မထားကို ဒီစာပြတာပေါ့။ မထားကို ကြီးကြီး တစ်ခုမေးမယ်"

ကြီးကြီးသည် စိပ်ပြီးသား ပုတီးစေ့များကို ချလိုက်ပြီး စိပ်ပုတီးကို စားပွဲပေါ်သို့ တင်ထားလိုက်၏။

"မောင်ဇင်မောင်နဲ့ မထား စိတ်ဆိုးကြတယ်လို့ ကြီးကြီးကို မောင်ဇင်မောင်က

ပြောပြသွားတယ်။ သူ့ကို ခွင့်လွှတ်ဖို့လည်း တောင်းပန်ပေးပါလို့ ကြီးကြီးကို မှာသွားတယ်။ ဒီတော့ မထား မောင်ဇင်မောင်ကို စိတ်မဆိုးပါနဲ့၊ မောင်ဇင်မောင့် စေတနာကို မိန်းကလေး အထင်မလွဲပါနဲ့"

"သူ့စေတနာက ဘာစေတနာလဲ"

ဦးဇင်မောင်သည် ကြီးကြီးကို ဘာတွေ ပြောပြသွားမှန်း မသိပေ။ ကြီးကြီးသည် ဦးဇင်မောင်၏ စကားကို နားယောင်နေချေပြီတကား။ ဦးဇင်မောင်သည် ကျွန်မအား ကိုယ်ထိလက်ရောက် စော်ကားသွားသည်ကို ကြီးကြီး သိဟန်လည်း မတူပေ။

"မထားကို ကိုယ်ထိလက်ရောက် စော်ကားသွားတာကို ကြီးကြီးတို့ကပါ စေတနာလို့ ထင်သလား။ ဒါ စေတနာမဟုတ်ဘူး၊ ယုတ်မာတာ၊ ယုတ်မာတာ သိရဲ့လား"

စကားလုံးများသည် ကျွန်မ ရင်ထဲတွင် အစီအရီ ပေါ်လာကြ၏။ သို့ရာတွင် ပါးစပ်က ထွက်မလာပါ။

ဦးဇင်မောင်သည် တတ်နိုင်လေခြင်း၊ ကြောက်စရာကောင်းလေခြင်း။ ကျွန်မအား ရည်းစားစကားပြောမည့်အရေးတွင် ပေးရှင့်စထရောင်း၏ ကဗျာစာအုပ်ရော၊ တရားဥပဒေစကားရော၊ ရက္ခဗေဒရော၊ စံကားပွင့်ရော ရှိသမျှ လက်နက်တွေနှင့် သိုင်းဝိုင်း ရစ်ပတ်လာကာ ကျွန်မကို 'တိုက်စစ်' ဆင်သွား၏။ နောက်ဆုံးတွင် ကျွန်မကို ကိုယ်ထိလက်ရောက် စော်ကားသွား၏။ ယခု သူ၏ ကိုယ်ထိလက်ရောက် စော်ကားခြင်းကိုပင် စေတနာဟု အထင်ရောက်အောင် ကြီးကြီးတို့ကို လှည့်စားသွားပြန်ပါပကော။

ကျွန်မတို့ မိန်းမသားများသည် အပလီတစ်ရာ၊ အခရာတစ်ထောင်၊ အယောင်ဆောင်တစ်သောင်း၊ ဖြားယောင်းမှု တစ်သိန်း၊ အပလိန်း အနန္တ မာယာတွေ ကြွယ်လှသည်ဟု ယောကျ်ားတို့၏ ရှေ့နေများက ဆိုခဲ့ကြ၏။ ယခု ယောကျ်ားရင့်မာကြီး ဦးဇင်မောင်၏ ပရိယာယ်ဝေဝုစ်များကိုကော ယောကျ်ားတို့၏ ရှေ့နေများသည် ဘယ်လို ချေပကြဦးမည်နည်း။

ကြီးကြီးသည် ကျွန်မအား နားမလည်သလို မျက်လုံးပြူးကြီးများဖြင့် လှမ်းကြည့်လိုက်သည်။

"ဟဲ့ မိန်းကလေး မထား ဘယ်လိုပြောလိုက်တာလဲဟင်။ မောင်ဇင်မောင်ကို မထား စိတ်ဆိုးမပြေချင် မပြေဘဲနေနိုင်ပါတယ်ကွယ်။ ဒါပေမဲ့ သူ့စေတနာကို မထား

အထင်မလွဲပါနဲ့"

ကြီးကြီးသည် ရိုးအလိုက်လေခြင်းဟု ကျွန်မ စိတ်ထဲက ရေရွတ်မိ၏။ ကိုယ့်တူမတစ်ယောက်လုံးကို ဇလက္ကာရလုပ်သွားသော ကြောင်သူတော်ကို သူတော်ကောင်းဟု ထင်လောက်အောင် ရိုးအနုံချာသည့် မိန်းမသည် လောကတွင် ကြီးကြီးတစ်ယောက်သာ ရှိသည်ဟုပင် ကျွန်မ ထင်လိုက်ပါ၏။ ကျွန်မသည် ဦးဇင်မောင် ယုတ်မာပုံများကို ကြီးကြီးအား ပြောပြလိုက်ချင်ပါ၏။ သို့ရာတွင် ဗြဟ္မာများ၏ လျှာကြီးတွေ ကုဋေကုဋာကို ငှား၍ ပြောဦးတော့ ကြီးကြီးလို ရိုးအ နုံချာလှသော မိန်းမတစ်ယောက်သည် ယခုအချိန်တွင် နားလည်နိုင်မည်မဟုတ်သေးဟု ကျွန်မ ထင်ပါသည်။

"ထားခင်မူကို ဘာကိစ္စ ပြန်ခေါ်လာမှာတဲ့လဲ။ ဟိုမှာ ကျောင်းလည်း ပိတ်သေးတာ မဟုတ်ဘဲနဲ့။ ကြီးကြီးတို့ဟာ မထားတို့ ညီအစ်မနှစ်ယောက်ကို စစ်တုရင်ခုံပေါ်က အရုပ်ကလေးတွေလို ရွှေ့ချင်ရာ ရွှေ့၊ ပြောင်းချင်ရာပြောင်း လုပ်နေရာ မရောက်ဘူးလား"

"ခက်ပါဘိ မထားရယ်၊ ငါ့တူမဟာ သိပ်အပြောရခက်တယ်။ ထားခင်မူကို ခဏပြန်ခေါ်တာပါ၊ ပြီးတော့ ချက်ချင်းလေယာဉ်ပျံနဲ့ ပြန်ပို့ပေးမှာပါ။ လာမယ့် ဇူလိုင်လ ၂၃ ရက်နေ့ဟာ ထားခင်မူ အသက် ၂၀ ပြည့်တဲ့နေ့ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"နေပါဦး ကြီးကြီး ပြောပြပါဦးမယ်။ နားထောင်စမ်းပါဦး။ ဒီတော့ ထားခင်မူ အသက် ၂၀ ပြည့်တဲ့နေ့မှာ မထားတို့ မေမေရဲ့စာကို ဖွင့်ဖတ်မယ်။ ဒါကြောင့်မို့ ထားခင်မူကို ခဏပြန်ခေါ်ခဲ့တာ"

"ဘာရယ်၊ မေမေ့စာကို ဖွင့်ဖတ်မယ် ဟုတ်လား"

ကြီးကြီးက ခေါင်းညိတ်ပြ၏။

"အင်း အစတုန်းက မထားက ဖွင့်ဖတ်ဖို့ပြောတော့ မဖတ်ပါနဲ့ဦးလို့ သူပဲ ဖွတ်တားခဲ့တယ်။ ခုကျတော့လည်း ဖွင့်ဖတ်မယ်ဆိုပြီး သူပဲ ထားခင်မူကို ရန်ကုန်လိုက်ပြီး တကူးတကန့် သွားခေါ်တယ်"

တတ်နိုင်သော ယောကျ်ားများပါတကား။ ကျွန်မသည် ဦးဇင်မောင်၏ ရှေ့နောက် မညီညွတ်သော စကားများကို ဘယ်လို ယုံရပါမည်နည်း။ ပုတ်သင်ညိုလို မကြာခဏ အရောင်ပြောင်းတတ်သော သူ့စေတနာကို ဘယ်လို ယုံရမည်နည်း။

"မဖွင့်ချင်တော့လည်း သူပဲ၊ ဖွင့်ချင်တယ်ဆိုတော့လည်း သူပဲ။ ဒီလောက်

အပြောင်းအလဲမြန်တဲ့ လူတစ်ယောက်ရဲ့စေတနာကို မထား ဘယ်လိုယုံရမှာလဲ"

"မထား နောက်တော့သိလိမ့်မယ်။ မထားတို့ မေမေရဲ့စာကို ခုဖွင့်ဖတ်ဖို့ လုပ်ရတာကတော့ မောင်ဇင်မောင်မှာ အကြောင်းတွေ အများကြီးရှိတယ်။ ကြီးကြီး ဒါပဲ ပြောချင်တယ်"

ယောကျ်ားတို့သည် ကျွန်မတို့ မိန်းမသားများထက် ယထာဘူတကျကျ တွေးခေါ်တတ်သည်ဟု ဆိုကြ၏။ သို့ရာတွင် သူတို့၏ ယထာဘူတကျကျ တွေးခေါ်တတ်ခြင်း ဆိုသည်ကို ကျွန်မတို့ ဘာနှင့်တိုင်းထွာ၍ လက်ခံရမည်နည်း။ သူတို့သည် သူတို့လုပ်ချင်သော အလုပ်ကို အကြောင်းတွေ အမျိုးမျိုးပြကာ လုပ်တတ်ကြပြီး သူတို့ မလုပ်ချင်သော အလုပ်တစ်ခုကို အကြောင်းတွေ အမျိုးမျိုးပြကာ ရှောင်လွှဲတတ်ကြ၏။ ကျွန်မတို့ မိန်းမသားတွေကတော့မှု သူတို့လို ရှည်ဝေးသော အကြောင်းများကို ရှာဖွေမပြတတ်ပါ။ ရင်ထဲရှိတာကို ခပ်ရိုးရိုးသာ ပြောတတ်ကြ၏။ အသည်းနှလုံးဖြင့် စကားပြောခြင်းကို ယထာဘူတကျကျ မတွေးတတ်ခြင်းဟု ဆိုချင်လည်း ဆိုကြပါတော့။ ကျွန်မတို့ကမူ အသည်းနှလုံးဖြင့်သာ စကားပြောချင်ပါသည်။

ကြီးကြီးသည် မေမေ့ဓာတ်ပုံကို မော့်ကြည့်လိုက်၏။ ကျွန်မသည် ရောယောင်ကာ မေမေ့ဓာတ်ပုံကို အားကိုးတကြီးဖြင့် ကြည့်လိုက်မိပါသည်။ မေမေ့ဓာတ်ပုံမှာ ငယ်ရွယ်စဉ်က ရိုက်ထားသည့်ပုံဖြစ်၍ ခေတ်အလျောက် အဆင်အပြင် ခြားနားသည်မှအပ ကျွန်မနှင့် တော်တော်တူပါသည်။

"အဲဒီအကြောင်းတွေထဲမှာ အရေးကြီးဆုံး အကြောင်းကတော့ မထားကို မောင်ဇင်မောင်နဲ့ မြန်မြန်နေရာချထားချင်တယ်။ ဒါကြောင့်မို့ ဒီလိုမြန်မြန်လုပ်ရတာပဲ"

"ဘာ ဒီလောက်ထိကို စီစဉ်နေကြတာပေါ့၊ ဟုတ်လား ကြီးကြီး၊ ကြီးကြီးကလည်း ဒီအထဲမှာ ကြံရာပါပေါ့လေ။ ထားခင်အိကို ဒီလိုလုပ်လို့ မရဘူး ကြီးကြီး။ မယူဘူး။ ဘယ်တော့မှ မယူဘူး မှတ်ထားလိုက်ပါ။ ကိုယ့်အဖေလောက်ရှိတဲ့လူကို လင်လုပ်ရမယ်လို့ ကြီးကြီးတို့ပဲ မစာမနာ လုပ်ရက်ကြတယ်"

ကျွန်မသည် ရှိုက်၍ ငိုချလိုက်ပါသည်။ သို့သော် မျက်ရည် ထွက်မလာတော့ပါ။

"မေမေ ... မေမေ့သမီးကို မကယ်နိုင်တော့ဘူးလား မေမေ"

ကျွန်မသည် ဓာတ်ပုံထဲတွင် ပြုံးနေသော မေမေ့မျက်နှာကို ကြည့်၍ စိတ်ထဲမှ

ရွတ်ဆိုမိပါသည်။ မေမေသာရှိလျှင် သူ့သမီးဖြစ်အင်ကို ကြည့်၍ ဤကိစ္စကို နည်းနည်းမျှ သဘောတူမည် မဟုတ်ပါ။ ခုတော့ မေမေ မရှိ၍ ကျွန်မ ခံရလေခြင်းဟု တွေးကာ ဝမ်းနည်းမိပါသည်။

"ကြီးကြီးဟာ အုပ်ထိန်းသူပဲ မထား၊ ကြီးကြီးစကားကို နားထောင်ပါ"

"အို ထားခင်အိ မယူဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ် သိလား။ ဒီလို အတင်းလုပ်လို့ မရဘူး။ ကြီးကြီးဟာ အုပ်ထိန်းသူပေမဲ့ ထားခင်အိ အသက် ၂၆ နှစ်ကျော်ပြီ၊ အရွယ်ရောက်ပြီ။ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်နိုင်တယ်။ ဖွတ်တော့ မလုပ်ကြနဲ့၊ ပြီးတော့ ပြီးတော့ ထားခင်အိမှာ ချစ်သူရှိနေပြီ။ ထားခင်အိ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး"

ကြီးကြီးသည် ကျွန်မကို လှည့်ကြည့်လိုက်၏။

"မထားမှာ ချစ်သူရှိတယ်ဆိုတာ ကြီးကြီးသိတယ်။ ဒါကြောင့်မို့ ခုလို မြန်မြန်ဆန်ဆန် စီစဉ်ရတာ။ ဒါပေမဲ့ ထားခင်အိ သဘောမတူဘူးဆိုရင် ကြီးကြီး ဖွတ်မလုပ်ပါဘူး။ မောင်ဇင်မောင်ကလည်း မထား သဘောမတူဘူးဆိုရင် ဖွတ်လုပ်မယ့် လူစားမဟုတ်ပါဘူး။ စိတ်ချပါ။ မထား မေမေ့စာကို ဖွင့်ဖတ်ပြီး မထားဘာသာ ဆုံးဖြတ်ပေါ့။ စာကို ဖွင့်ဖတ်ပြီးတဲ့အခါ မထား ချစ်သူနဲ့ပဲ နေတော့မယ်လို့ ဆုံးဖြတ်ရင်လည်း နေကြပေါ့။ မထားသဘောပဲ။ အဲဒီအခါကျတော့ စာလည်း ဖွင့်ဖတ်ပြီးသားဖြစ်တော့ ပစ္စည်းကိစ္စတွေ ဘာတွေလည်း အားလုံး ရှင်းပြီးသား ဖြစ်နေမှာပဲ။ ကြီးကြီး သိသလောက်တော့ သစ်တစ်ပင်ကခြံတွေ မြေတွေကိစ္စလည်း စာမှာ ထည့်ရေးထားမှာပဲ။ အဲဒီတော့သာ မထားတို့ ညီအစ်မနှစ်ယောက် သဘောအတိုင်း ခွဲဝေယူကြပေါ့။ ကြီးကြီးကတော့ မထားတို့တစ်တွေ အိုးနဲ့ အိမ်နဲ့ အတည်တကျ မဖြစ်မချင်း စောင့်ရှောက်ရမယ့် ဝတ္တရားရှိတာပါပဲ။ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ဖြစ်သွားကြလို့ ပစ္စည်းတွေ၊ မြေတွေကိစ္စလည်း ရှင်းပြီးသား ဖြစ်ပြီဆိုရင် ကြီးကြီးအဖို့လည်း တာဝန်လျော့သွားတာပါပဲ။ ဒီတော့ မောင်ဇင်မောင်တို့ ရောက်လာလို့ စာဖွင့်ဖတ်ပြီးရင် မထားလည်း ကြိုက်သလို ဆုံးဖြတ်ပေါ့"

ကြီးကြီးသည် စိပ်ပုတီးကို ကောက်၍ နောက်ဖေးသို့ ထွက်သွား၏။ ကျွန်မသည် လေးကန်သော ခြေလှမ်းများဖြင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။

ကျွန်မသည် ချက်ချင်း အစ်ကိုမျိုးထံ စာတစ်စောင် ကောက်၍ရေးလိုက်သည်။ စာထဲတွင် အစ်ကိုမျိုး ပြန်လာလျှင်လာချင်း လက်ထပ်ဖို့ အဆင်သင့်ဖြစ်နေရန်ကို

လည်း အကျယ်တဝင့် ရေးသားလိုက်၏။ နောက်စာတစ်စောင်မှာ အေးအေးထံသို့ ပေးသောစာဖြစ်၏။

**အေး**

ကိုယ်တော့ ခေါင်းမီးတောက်နေပြီ၊ အစ်ကိုမျိုး ဘိလပ်မသွားခင် လက်ထပ်ဖို့ပြောတုန်းက ကိုယ် အချိန်ဆွဲလိုက်မိတာ မှားတာပဲ။ ခုတော့ ကိုယ့်ကို လူတစ်ယောက်နဲ့ နေရာချထားဖို့ ကြီးကြီးတို့က စီစဉ်နေကြတယ်။ ဒီနေ့ပဲ ကြီးကြီးက ကိုယ့်ကို နားသွင်းလို့ ကိုယ်တော့ ခပ်ပြောင်ပြောင် ငြင်းလိုက်တယ်။ အိမ်ထောင်ဖက် ရွေးချယ်တဲ့ကိစ္စမှာ လွတ်လပ်စွာ ရွေးချယ်ရေးဆိုတဲ့ ကိုယ်တို့မူကိုတော့ မစွန့်နိုင်ဘူး အေး။ ဒါဟာ မူပြဿနာပဲ။ ကိုယ်က မူကို ဆုပ်ကိုင်ထားတာဟာ အဓိပ္ပာယ်မရှိ ဆုပ်ကိုင်ထားတာ မဟုတ်ဘူး။ ဒါကို အေးလည်း အသိသားပဲ။ အစ်ကိုမျိုးနဲ့ ချစ်နေကြတဲ့ကြားထဲက ကိုယ်ဟာ ကြီးကြီးတို့စကားကို လက်ခံလိုက်ရင် ကိုယ်ဟာ မူကိုလည်း စွန့်ပစ်ရာ ရောက်တယ်။ ချစ်သူကိုလည်း စွန့်ပစ်ရာကျတယ်။ အစ်ကိုမျိုးဟာ သူ့မိဘတွေ သဘောကျ ပေးစားမယ့် မိန်းမကို စွန့်ပစ်ပြီး ကိုယ့်အပေါ်မှာ သစ္စာစောင့်လျက်သားနဲ့ ကိုယ်ကျတော့ သူ့ကို စွန့်ပစ်ပြီး ကြီးကြီးတို့စကားကို လက်ခံလိုက်မယ်ဆိုရင် ကိုယ့်လောက် သစ္စာမဲ့တဲ့ မိန်းမဟာ လောကမှာ ရှိမယ်မထင်ဘူး။ အစ်ကိုမျိုးဆီကိုလည်း ကိုယ် စာတစ်စောင် ထည့်လိုက်တယ်။ သူ့ဆီကိုတော့ အကြောင်းစုံ ထည့်မရေးပါဘူး။ သူ ပြန်ရောက်ရောက်ချင်း လက်ထပ်မယ်ဆိုတဲ့ အကြောင်းလောက်ပဲ ရေးလိုက်တယ်။ မင်း မောင်တော်လည်း အမှတ်ရကြောင်း ပြောပြပါ။

**ရှင်လန်းပါစေ**
**မင်းရဲ့ ထား**

## [၁၄]

"ကဲ ဒီစာပဲ ဒေါ်ဒေါ်၊ ထုံးတမ်းစဉ်လာတွေ သိပ်မလိုပါဘူး။ ကျွန်တော် မဖတ်ပါရစေနဲ့၊ ဒေါ်ဒေါ်တို့ပဲ ဖွင့်ဖတ်ကြပါ"

ဦးဇင်မောင်သည် ချိပ်ဖြင့် ပိတ်ထားသော စာအိတ်ရှည်ကြီးကို ဖွင့်ဖောက်၍

စားပွဲပေါ်သို့ ချလိုက်သည်။ ကြီးကြီး၊ ထားခင်မူနှင့် ကျွန်မသည် ဦးဇင်မောင် ပစ်ချလိုက်သော စာရွက်ထပ်များကို ကြည့်နေကြ၏။

ကျွန်မသည် ဦးဇင်မောင်၏ မျက်လုံးများနှင့် မတွေ့အောင် ရှောင်ပါသည်။ ကျွန်မနှင့် သူ နောက်ဆုံးတွေ့ပြီးနောက် ဤအကြိမ်သည် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခြင်းဖြစ်၏။

အပြင်ဘက်တွင် မိုးသည် အုံ့ဆိုင်းလျက်ရှိ၏။ တိမ်ရည်များသည် တောင်တန်းများပေါ်မှ တအိအိ ပြိုကျလာကြသည်။ ကျွန်မရှေ့ စားပွဲပေါ်ရှိ ဖန်ရေတကောင်းထဲတွင် ဖွေးဖွေးဖြူသော စံကားပွင့်များသည် လန်းစွင့်နေကြ၏။ စံကားပန်း၏ ရနံ့သည် အခန်းထဲတွင် မွှေးကြိုင်နေပေသည်။

"ကဲ မထား ဖတ်စမ်း၊ ကြီးကြီးက မျက်စိမှုန်တယ်။ အင်း သိန်းသိန်းဟာ အလုပ်လုပ်ရင် သိပ်သေသပ်တယ်"

ကြီးကြီးက မေမေ့ကို တမ်းတဟန်ဖြင့် ပြောလိုက်၏။ ဦးဇင်မောင်သည် ကော်ဖီခွက်ထဲမှ အကျန်ကို တစ်ကျိုက်တည်း မော့လိုက်ပြီး ဆေးပြင်းလိပ်တိုကို ကောက်ကာ ဧည့်ခန်းဘက်သို့ ထွက်သွား၏။ ထမင်းစားခန်းထဲတွင် ကျွန်မတို့ တူဝရီး သုံးယောက်သာ ကျန်ရစ်ပေသည်။

ကျွန်မသည် စာရွက်ထပ်ကြီးကို တုန်ယင်သော လက်များဖြင့် ကောက်ကိုင်ကာ ဖွင့်လိုက်သည်။ ကျွန်မ မျက်လုံးများသည် စာလုံးများကို မမြင်ရဘဲ မေမေ၏ မျက်နှာကိုသာ မှုန်ဝါးဝါး မြင်နေရ၏။ အတန်ကြာတော့မှ မေမေ၏ လက်ရေးကို မြင်ရ၏။ မေမေ၏ လက်ရေးများမှာ ဝိုင်းစက်လှပကာ သေသပ်၏။

"သမီး ထားနှင့် သမီး မူသို့"

ကျွန်မသည် ရှေ့ဆက်၍ မဖတ်နိုင်သေးဘဲ စာလုံးကလေးများကို ငေးကြည့်နေမိသည်။ ကျွန်မနားတွင် မေမေ၏အသံကို ကြားယောင်လာ၏။ မေမေသည် ကျွန်မကို အမြဲတမ်း သမီးထားဟု ခေါ်တတ်ပြီး ထားခင်မူကို သမီးမူဟု ခေါ်တတ်၏။

မကြားရတာ ကြာလေပြီဖြစ်သော သမီး ထားဟူသော စကားလုံးများကို တွေ့လိုက်ရသောအခါ ကျွန်မသည် ရင်ဆို့၍ လာ၏။ ကျွန်မ၏ ရင်အုံတစ်ခုလုံးသည် ပြိုကျတော့မည့်ပုံ ဆတ်ဆတ်ခါမျှ လှုပ်ရှားနေသည်ဟု ထင်ရပါသည်။

ကျွန်မသည် စာကို ဆက်ဖတ်လိုက်သည်။

"သမီး ထားနဲ့ သမီး မူတို့ ဒီစာကို ဖတ်နေမယ့်အချိန်မှာ မေမေဟာ

လောကကြီးမှာ မရှိတော့ဘူး။ ဒီစာကို ဖတ်တဲ့နေ့ဟာ သမီးထားရဲ့ မွေးနေ့ သို့မဟုတ် သမီးမူရဲ့မွေးနေ့ တစ်ခုခု ဖြစ်တော့ဖြစ်လိမ့်မယ်လို့ မေမေ ထင်တယ်။ ဘယ်သူ့မွေးနေ့မှာပဲဖြစ်ဖြစ် ဒီစာဟာ မေမေရဲ့ မွေးနေ့လက်ဆောင်ပဲလို့ ယူဆကြပါ”

မေမေ စာရေးပုံ၊ စာကို ဖွင့်ဖတ်ရန် အချိန်ကိုက်ပေးပုံတို့သည် ကျွန်မ နားမလည်နိုင်သော ပဟေဠိကြီးတစ်ခု ဖြစ်နေ၏။

“မေမေဟာ ဒီစာကို သမီးတို့ဖတ်ဖို့ ရေးမထားခဲ့ချင်ပါဘူး။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ပုခက်တွင်းကနေ သင်္ချိုင်းဝအထိ လူ့ဘဝမှာ တစ်ဘဝ နေခဲ့ပြီးပြီပဲ။ အဟောင်းကို အသစ် ပြန်မဖြစ်ချင်တော့ပါဘူး။ ဒါပေမဲ့ မေမေနဲ့ ပတ်သက်ပြီး သမီးတို့ သိသင့်သလောက် သိပြီး၊ မသိတာတွေ ကျန်သေးတယ်လို့ ယူဆလို့ မေမေ ဒီစာကို ရေးခဲ့တာပဲ။ မေမေဟာ သမီးတို့မေးတိုင်း မေမေ့ရဲ့ ဘဝကို ဇာတ်မြုပ်တတ်လွန်းလို့ သမီးတို့က မေမေ့ကို စိတ်ကောက်ကြတာ မှတ်မိသေးရဲ့လား။ မပွင့်လင်းလို့ မေမေဟာ လျှို့ဝှက်တတ်တဲ့ အမေ၊ နားလည်ရခက်တဲ့ အမေလို့ သမီးတို့ စိတ်ထဲမှာ ထင်နေခဲ့တာကို မေမေ ရိပ်မိခဲ့ပါတယ်။ ဟုတ်တယ် သမီး၊ မေမေဟာ သမီးတို့ထင်သလို မပွင့်လင်းခဲ့ဘူး။ လျှို့ဝှက်တတ်တယ်။ ဒါဟာ မေမေ့အကျင့်ပဲ။ ဒီအကျင့်ဟာ မေမေ လုပ်ယူရတဲ့အကျင့် မဟုတ်ပါဘူး။ လောကကြီးက သင်ပေးလိုက်တဲ့ အတတ်ပညာတစ်ခုပါ။ အစတုန်းက ပွင့်လင်းလွန်းလို့ အသည်းနှလုံးမှာ ရှိတာကို ဝှက်မထားတတ်ဘဲ ပြောတတ်လွန်းလို့ ခံခဲ့ရတာတွေ များခဲ့လှပြီ။ အဲဒီ အတွေ့အကြုံတွေက သင်ကြားပေးလိုက်တဲ့အခါမှာ မေမေဟာ လျှို့ဝှက်ထားတတ်တဲ့ အတတ်ပညာကို ရလာတော့တာပဲ။ ဒီအတတ်ပညာကို ရတော့လည်း မေမေဟာ ဘယ်လောက် အတတ်ကြူးသွားသလဲဆိုရင် ပွင့်လင်းရမယ့် ကိုယ့်သမီးတွေအပေါ်မှာတောင် မပွင့်လင်းတော့ဘူး။ အားလုံး မျိုသိပ်ထားခဲ့တယ်။ ဒါကြောင့် အသက်ရှင်စဉ်တုန်းက သမီးတို့အပေါ်မှာ မပွင့်လင်းခဲ့တဲ့ မေမေဟာ ခုတော့ ပွင့်ပွင့်လင်းလင်းပဲ သမီးတို့ကို ပြောတန်သလောက် ပြောခဲ့ပါတယ်။ ဒီစာကို ဖတ်ပြီးလို့ရှိရင် မေမေ့အပေါ်မှာ အထင်လွဲမှုတွေဟာ ပျောက်သွားလိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။ အမှန်ကတော့ အနှစ် နှစ်ဆယ်ကျော် သုံးဆယ်နီးပါး မေမေ့ရင်ထဲမှာ မျိုသိပ်ထားခဲ့ရလေတော့ မပွင့်လင်းချင်လို့

လည်း မရတော့ပေဘူး။

ကျွန်မသည် စာကိုဖတ်ရင်း မေမေ့မျက်နှာကို မြင်ယောင်လာ၏။ မေမေ့အသံကိုလည်း ကြားယောင်လာပေသည်။

“မေမေ့ရဲ့ ဘဝဟာ အပြင်ပန်းအားဖြင့် ကြည့်ရင် အေးချမ်းမယ်လို့ သမီးတို့က ထင်ကြမှာပဲ။ ဒါပေမဲ့ မေမေ့ဘဝဟာ မအေးချမ်းဘူး။ ဘဝတစ်လျှောက်လုံးမှာ စိတ်ဆင်းရဲခဲ့ရတာပဲ။ ဒီအကြောင်းကို ခုမှ ပြန်ပြောရတဲ့အတွက် မေမေလည်း စိတ်မကောင်းပါဘူး။ ဖြစ်နိုင်ရင် မေမေ့ နှလုံးသားထဲမှာ ဝှက်ပြီး သေရွာကို ယူသွားချင်တယ်။ ဒါပေမဲ့ ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတာ ကြာတော့လည်း မနေနိုင်ဘူး။ ဒါကြောင့် ပြောရခြင်းဖြစ်တယ်။ မေမေဟာ ငယ်ငယ်တုန်းက တစ်ဦးတည်းသော သမီးမို့လို့ အလိုလိုက်ခြင်း ခံခဲ့ရတယ်။ အဲဒီခေတ်က ဗိုလ်ကျောင်းကို သွားတဲ့ မိန်းကလေးဟာ သိပ်ပြီး အရေအတွက်နည်းတယ်။ ဖေဖေနဲ့ မေမေက မေမေ့ကို ဗိုလ်ကျောင်းမှာ ထားခဲ့ကြတယ်။ ဒီလိုနဲ့ မေမေ ၁၂ နှစ်သမီးလောက်မှာ မေမေ ဆုံးသွားတယ်။ အမေဆုံးသွားတော့ မေမေ့စိတ်ထဲမှာ ပူလောင်လိုက်ရတဲ့အဖြစ်ကိုတော့ သမီးတို့ကို မေမေ အထူးပြောနေစရာ လိုမယ်မဟုတ်ပါဘူး။ ဒီစာကို ဖတ်တဲ့အချိန်မှာ သမီးတို့ဟာ အသည်းနှလုံးကွဲအက်မတတ် ခံစားပြီး ဖြစ်နေမှာမို့ သမီးတို့ပဲ စဉ်းစားကြည့်နိုင်ပါတယ်။

ကျွန်မသည် စာကိုဖတ်ရင်း မျက်ရည်တွေ ကျလာ၏။ ကြီးကြီးသည် တစ်ဖက်သို့လှည့်၍ ဆေးပေါ့လိပ်တိုကြီးကို ဖွာနေသည်။ ထားခင်မူမှာ ခေါင်းငုံ့၍ စားပွဲခုံကို လက်သည်းဖြင့် ခြစ်နေ၏။

“ဒီလိုနဲ့ နေလာလိုက်တာ မကြာပါဘူး။ ဖေဖေ နောက်အိမ်ထောင်ပြုလိုက်တယ်။ မိထွေးဟာ မေမေ့အပေါ်မှာ တော်တော်နှိပ်စက်တယ်။ ဒီတော့မှ မေမေဟာ ဒဏ္ဍာရီထဲက စုန်းမအို မိထွေးလို မိထွေးဆိုတာမျိုးဟာ ကြင်နာတရား ကင်းမဲ့ပါကလားလို့ ကိုယ်တွေ့ကြုံခဲ့ရတာပဲ။ တစ်သက်လုံး ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် နေခဲ့ရတဲ့ မေမေဟာ ကိုယ့်ထမင်းကိုယ်ချက်စား၊ ကိုယ့်ပန်းကန် ကိုယ်ဆေးပြီး ဆင်းဆင်းရဲရဲနေခဲ့ရတယ်။ ဒါတင်မကဘူး။ နောက်ဆုံး မိထွေးထဘီကို လျှော်ပေးရတဲ့အထိ ငြိုငြိုငြင်ငြင်နဲ့ နေခဲ့ရတယ်။ ဒါတွေကို ဖေဖေ စိတ်မကောင်းဖြစ်မှာစိုးလို့ ဖေဖေ သေသွားတဲ့အထိ တစ်လုံးမှ မပြောခဲ့ပါဘူး။ နောက်ဆုံးတော့ မေမေ့ကို အိမ်မှာ မထား

တော့ဘဲ မော်လမြိုင် မော်တင်လိမ်းကို ပို့လိုက်တော့တာပဲ။ သမီးတို့ပဲ စဉ်းစား ကြည့်ပါလေ၊ ငယ်ငယ်ကတည်းက အလိုလိုက်ခြင်း ခံခဲ့ရတဲ့ သမီးဟာ အမေဆုံးလို့ တွယ်ရာမဲ့ဖြစ်နေချိန်မှာ မိထွေးရဲ့ အနိုပ်အစက်ခံခဲ့ရတယ်။ နောက်ဆုံး အားကိုးအားထားဖြစ်တဲ့ အဖေနဲ့လည်း ရှင်ကွဲ ကွဲခဲ့ရတယ်။ အဲဒီက တည်းက မေမေဟာ ဖေဖေ့ကိုပါ ရောပြီး စိတ်နာလာခဲ့တယ်။ မိထွေးဆိုတာ ကိုတော့ မျက်နှာချင်းတောင် မဆိုင်ချင်တော့ဘူး။ ဒါကြောင့်မို့ ကျောင်းပိတ် ရင် အိမ်ကိုမပြန်ဘဲ သူငယ်ချင်းအိမ်တွေကို တစ်လှည့်စီ လိုက်နေတော့တာပဲ။ မော်တင်လိမ်းမှာ နေရတာ မေမေ့အဖို့ သိပ်အေးချမ်းတယ်။ မာသာကလည်း မေမေ့ကို သိပ်ချစ်တယ်။ မာသာရဲ့ အုပ်ထိန်းမှုအောက်မှာ နေရတာ မေမေ့မှာ ချမ်းမြေ့လှပါတယ်။ အဲဒီကတည်းက မေမေဟာ ဖေဖေနဲ့ တစ်ခေါက်သာ တွေ့ပြီး နောက် ဘယ်တော့မှ မတွေ့ကြတော့ဘူး။ မေမေကလည်း ဖေဖေဟာ နောက်မိန်းမရဲ့ သြဇာကို ဒီလောက်ခံရမလားဆိုပြီး စိတ်နာတယ်။ ဖေဖေ ကလည်း မေမေ ခရစ်ယာန်ဘာသာထဲ ဝင်လိုက်လို့ မေမေ့ကို စိတ်နာတယ်။ အမှန်ကတော့ အဖေဟာ အင်မတန် ရိုးသားတဲ့ လူတစ်ယောက်ပါ။ ရိုးသား လွန်းတော့ မိန်းမ ခြယ်လှယ်ရာကို ခေါင်းငုံ့ခံရပြီး နောက်ဆုံး မေမေ ခရစ် ယာန်ထဲ ဝင်လိုက်တဲ့အခါမှာ မေမေ့ကို သမီးအဖြစ်က စွန့်လွှတ်လိုက်တော့ တာပဲ။ ဆွေတွေမျိုးတွေအားလုံးကလည်း မေမေ့ကို သိပ် ဆေးဖော်ကြောဖက် မလုပ်ကြတော့ဘူး။ သမီးတို့ ကြီးကြီးညွန့်လောက်ပဲ ညီမဝမ်းကွဲရဲ့ ဘဝကို စာနာဖော်ရတော့တယ်။ ဒီလိုနဲ့ မေမေဟာ လောကကြီးအလယ်မှာ တစ် ယောက်တည်း နေလာခဲ့ရတာပဲ။

ကျွန်မသည် မေမေ့ဘဝကိုတွေးကာ ရင်နာလာ၏။ ဘဝ၏ ထုထောင်းချက် တွေကြောင့် မေမေသည် မဟုတ်မခံချင်သောစိတ်၊ မမှန်တာကို တော်လှန်လိုသော စိတ်တို့ မွေးဖွားလာလေရသလားဟု ကျွန်မ ထင်မိပါသည်။ ကျွန်မတို့ဘဝမှာ အထီး ကျန်ဘဝနှင့်စာလျှင် တံလျှပ်နေပူနှင့် အရိပ်လို ကွာခြားလှပါသည်။

"မော်တင်လိမ်းက ထွက်တော့ မေမေ မော်လမြိုင်မှာပဲ ကျောင်းဆရာမ ၂ နှစ်လုပ်တယ်။ ဒီတော့ ကမ္ဘာစစ်ကြီးဟာ အရှေ့ဘက်တစ်လွှားကို ရောက် လာတော့တယ်။ အဲဒီအချိန်မှာ မေမေရဲ့ အိမ်ထောင်ရေးပြဿနာ ပေါ်လာတာ ပဲ။ သမီးတို့ကို မေမေ့ အိမ်ထောင်ရေးပြဿနာကို ပြောတာဟာ မေမေ

အများကြီး အားနာပါတယ်။ ဒါပေမဲ့ မေမေ အချိန်ယူစဉ်းစားပြီး ပြောသင့်တယ်ထင်လို့ မေမေပြောတာပဲ။ မေမေ မော်လမြိုင်မှာနေတုန်းက မေမေဟာ ယောကျ်ားနှစ်ယောက်နဲ့တွေ့တယ်။ တစ်ယောက်ကတော့ သမီးတို့ဖေဖေ ကိုဘမောင်နဲ့ အင်မတန် ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ပဲ။ သူဟာ ခုထက်ထိ အသက်ထင်ရှား ရှိနေသေးတော့ သူ့နာမည်ကို မေမေ ဖော်ထုတ်မရေးချင်တော့ပါဘူး။ ပြီးတော့ သမီးတို့ သိဖို့ လိုမယ်မထင်ဘူး။ ဒါကြောင့် မေမေ မရေးတော့ဘူး။ မေမေဟာ ငယ်ရွယ်သူတို့ဘာဝ ကိုဘမောင် သူငယ်ချင်းနဲ့ အရင်စတွေ့ကြတယ်။ သူဟာ စိတ်သဘောကောင်းတယ်။ ရိုးတယ်၊ တည်ကြည်တယ်။ ခပ်အေးအေးပဲ နေတတ်တယ်။ ယောကျ်ားကောင်းတစ်ယောက်မှာ ရှိအပ်တဲ့ အရည်အချင်းတွေ တော်တော်များများရှိတဲ့ လူတစ်ယောက်ပါပဲ။ တိုတိုပြောရရင် မေမေနဲ့ သူ ချစ်သွားကြတယ်။ သူနဲ့ ပတ်သက်ပြီး သူ့သူငယ်ချင်း သမီးတို့ဖေဖေ ကိုဘမောင်ကို မေမေ တွေ့ရတော့တာပဲ။ မေမေဟာ သမီးတို့ ဖေဖေကို မိတ်ဆွေတစ်ယောက်လိုပဲ ဆက်ဆံခဲ့တယ်။ သမီးတို့ဖေဖေဟာ စကားပြော ကောင်းတယ်၊ ပါးနပ်တယ်၊ လူပေါင်း သူပေါင်း ဆံ့တယ်။ လူတွေရဲ့ စိတ်သဘောကို နားလည်တယ်။ ဒီလိုနေလာရင်း ခရစ္စမတ်တစ်ညမှာ သမီးတို့ဖေဖေ ကိုဘမောင်ဟာ မေမေ့ကို ဖွင့်ပြောတော့တာပါပဲ။ မေမေဟာ ဘာကြောင့်မှန်း မသိဘူး။ သမီးတို့ ဖေဖေရဲ့ စကားတွေကို သာယာမိတယ်။ သမီးတို့ ဖေဖေရဲ့ ပါးနပ်ပုံကို သဘောကျမိတယ်။ သူတစ်ဖက်သားအကြိုက်ဆောင်တတ်ပုံတွေကို နှစ်သက်မိတယ်။ မိန်းမတွေဟာ ဒီလို အယုအယ၊ အသိမ်အမွေ့၊ အချော့အမြှူတွေကို ကြိုက်တတ်ကြတယ်လို့ပဲ မေမေ ယူဆလိုက်ပါတယ်။ တိုတိုပြောရရင် မေမေဟာ အဲဒီညကစပြီး မေမေ့ဘဝကို သမီးတို့ ဖေဖေကို ပုံအပ်လိုက်တာပဲ။ မေမေ့ချစ်သူကတော့ မေမေ့ကို တသသ စွဲလမ်းပြီး ကျန်ရစ်ခဲ့တယ်။ မေမေ့ကိုရဖို့ သူ တတ်နိုင်သမျှ ကြိုးစားပါသေးရဲ့။ ဒါပေမဲ့ လူက ရိုးလွန်းတော့ မအောင်မြင်ရှာဘူး။ တစ်ဖက်ကလည်း သူငယ်ချင်းဖြစ်နေတော့ သူကပဲ နောက်ဆုတ်ပေးခဲ့ပြီး မေမေနဲ့ရော သမီးတို့ဖေဖေ ကိုဘမောင်နဲ့ရော မိတ်ဆွေအဖြစ်ပဲ ဆက်ဆံခဲ့ကြတယ်။ မကြာခင်ဘဲ မေမေဟာ သမီးတို့ဖေဖေနဲ့ လက်ထပ်လိုက်ပြီး သူ့အလုပ်ရှိရာ တောင်ကြီးကို ပြောင်းလာခဲ့ကြတာပဲ။

ကြီးကြီးသည် ဆေးပေါ့လိပ်ကို ပြာခွက်ထဲသို့ ထည့်ကာ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်၏။ တစ်သက်လုံးက မပွင့်လင်းခဲ့သော မေမေသည် ပွင့်လင်းမယ့် ပွင့်လင်းတော့လည်း သူ့အိမ်ထောင်ရေး ပြဿနာကို အမြစ်ကစ၍ တူးပြသွားပေသည်။

"တောင်ကြီးပြောင်းလို့ မကြာခင်မှာပဲ သမီးတို့ဖေဖေဟာ ဇာတိတွေ ပြလာတော့တာပဲ။ မေမေဟာ ကွယ်လွန်လေပြီဖြစ်တဲ့ ကိုယ့်လင်ရဲ့ အဆိုးအကောင်းကို သိပ်မပြောချင်ပါဘူး။ မေ့လို့ပဲ ထားလိုက်ချင်ပါတယ်။ ဒါပေမဲ့ သမီးတို့ သိသင့်တယ် ထင်လို့ပဲ။ မေမေ ရေးလိုက်ပါတယ်။ သမီးတို့ ဖေဖေဟာ လက်ထပ်ပြီးမှ မူပြောင်းလာတယ်။ အရက်ကလည်း မိုးမလင်းသောက်၊ ထားလိုက်တဲ့ အငယ်အနှောင်းတွေကလည်း လက်ချိုးပြီးတော့တောင် ရေတွက်လို့ ရမယ် မထင်ဘူး။ အဲဒီတုန်းကတော့ သမီးတို့ဖေဖေက ပိုက်ဆံကလည်း ပေါပေသကိုး။ အခြေအရံ အသင်းအပင်းတွေကလည်း မနည်းပါဘူး။ နယ်စပ်တစ်လျှောက်မှာ ဘုရင်ကလေးတစ်ဆူလို နေလာတာပဲ။ အဲဒါတွေထက် စိတ်အဆင်းရဲဆုံး၊ မေမေ မခံနိုင်ဆုံးကတော့ သူ အရက်မူးလာရင် မေမေနဲ့ အရင်လူအကြောင်းကို ပြန်ဖော်ပြီး မေမေ့ကို အကြောင်းမရှိအကြောင်းရှာပြီး ရန်စတဲ့ကိစ္စပဲ။ ဒါပေမဲ့ မေမေ ကျိတ်မှိတ်သည်းခံခဲ့ပါတယ်။ ကိုယ်က ချစ်လို့ အရင်ချစ်သူတစ်ယောက်ကို စွန့်ပစ်ခဲ့တဲ့အထိ စွန့်စားယူခဲ့ရတဲ့လင်ကို ပစ်ပြီး နောက်လင်တစ်ယောက်ကို ထပ်ယူဦးမယ်ဆိုရင် လောကမှာ မေမေ့လောက် သစ္စာမဲ့တဲ့ မိန်းမဟာ ရှိပါဦးမလား။ ဒါတွေဟာ ဘုရားသခင် အလိုတော်ကျ ဖြစ်ရတာတွေချည်းပဲလို့ အောက်မေ့ပြီး စိတ်ဖြေရပါတယ်။ ဒါကြောင့်မို့ မေမေ အောင့်အည်းပြီး သည်းခံခဲ့ပါတယ်။ သမီး ထားကို မွေးပြီးလို့ မကြာခင်ဘဲ ဒုတိယကမ္ဘာစစ် ဖြစ်လာတယ်။ စစ်အတွင်းမှာဆိုတော့ အားလုံး ဒုက္ခရောက်ကြတာပါပဲ။ သမီးတို့ဖေဖေ ကိုဘမောင်ကတော့ ဘယ်သူဒုက္ခရောက်ရောက် သူ မရောက်ဘူး။ အရင်တုန်းကလို အရက်မိုးမလင်းသောက်၊ အငယ်အနှောင်းတွေယူ၊ ဂျပန်တွေနဲ့ပေါင်းပြီး ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ၊ စစ်ဆိုတာ သည့်ပြင်လူတွေအဖို့ ငရဲဘုံကြီးဖြစ်နေပေမဲ့ သူ့အဖို့တော့ ဟန်ကျနေလိုက်တာ။ တကယ့် နိဗ္ဗာန်ဘုံကြီးကို ဘုရားသခင်က ဖန်ဆင်းပေးလိုက်သလိုပဲ။ ဒီလိုနဲ့ သူ ပေတေနေလာလိုက်တာ စစ်ကြီးပြီးလို့ လွတ်လပ်ရေးမရခင် တစ်နှစ်ကျတော့ အလုပ်က ပြုတ်လာတော့တာပဲ။ သူ အလုပ်ပြုတ်လာတာကော ဘာ

ကြောင့်လဲ သိကြရဲ့လား သမီး၊ လူဆိုး သူခိုးတွေ မွေးပြီး ဘိန်းချတယ် သမီး၊ ဘိန်းချတယ်။ ဒါတင်မကဘူး၊ အဲဒီ လူဆိုး သူဆိုးတွေကို သူက စီမံ ခန့်ခွဲပြီး ဓားပြဂိုဏ်းကြီး ဖွဲ့သတဲ့။ သမီးတို့အဖေဟာ လူဆိုး သူဆိုးတွေကို ဗိုလ်လုပ်နေတဲ့ လူဆိုးဗိုလ်ကြီးလေ၊ လူဆိုးဗိုလ်ကြီး သိကြရဲ့လား။

ကျွန်မသည် ရှိုက်လိုက်၏။ ထားခင်မူသည် အသံမထွက်အောင် ကျိတ်၍ ငိုနေသည်။ ကြီးကြီးကမူ သက်ပြင်းကိုသာ ချလိုက်ပါ၏။

"လက်စသတ်တော့ ငွေကို ရေလိုဖြုန်းပြီး အငယ်အနှောင်းတွေ ထား လိုထား၊ အရက်ကို မိုးမလင်းသောက်လိုသောက် လုပ်နေတာတွေဟာ ဒီငွေ တွေနဲ့ သူဖြုန်းနေတာ သမီး၊ မေမေလည်း ဒီတော့မှ သိတော့တာပဲ။ အလုပ် ပြုတ်ရုံတင်မကဘူး ထောင်ကျမယ်လုပ်လို့ ငွေကို ရေလိုသုံး လာဘ်ထိုးခဲ့ရ တယ်။ လာဘ်ထိုးနိုင်လွန်းလို့ သမီးတို့ဟာ ထောင်ထွက်ကြီးရဲ့ သမီးတွေ မဖြစ်ခဲ့တာဘဲ။ မေမေကတော့ ထူးပြီး မတုန်လှုပ်တော့ပါဘူး။ သမီးတို့ ဖေဖေ နဲ့ ရကတည်းက စိတ်ဆင်းရဲခဲ့ရလွန်းလို့ အရေထူနေပါပြီ။ တကယ်တော့ ဒီလို ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲရမယ့် ဘဝရောက်အောင် မေမေကလည်း သမီးတို့ဖေဖေကို လက်ထပ်ခဲ့မိပေသကိုး။ မေမေဟာ ကိုယ်ပြုခဲ့တဲ့ အမှုအတွက် ကိုယ်ပဲခံရမှာပေါ့။ ဒါတွေကို တုန်လှုပ်နေလို့ကော မေမေ ဒီအချိန်ကျမှ ဘာ တတ်နိုင်တော့မှာလဲ။ 'လေကို စိုက်ပျိုးသူဟာ လေမုန်တိုင်းကိုလည်း ရိတ်သိမ်း ရလိမ့်မယ်' ဆိုတဲ့ သမ္မာကျမ်းစာထဲက စာကို အဲဒီတော့မှ မေမေ သဘော ပေါက်တော့တယ်။ ဟုတ်တယ် သမီး၊ မေမေဟာ လေညင်းကလေးတွေ တိုက်ခတ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လေကို လမ်းဖွင့်ပေးခဲ့တာပဲ။ ဒါပေမဲ့ မေမေဟာ လေရှိရင် လေမုန်တိုင်းကိုလည်း တွေ့ရတတ်တယ်ဆိုတာကို သတိမထားခဲ့မိဘူး။ ဒီမျှော်လင့်ချက်နဲ့ လေကို စိုက်ပျိုးမိတဲ့ မေမေဟာ လေ မုန်တိုင်းကြီး သီးပွင့်လာတဲ့အခါကျတော့ ရှောင်ပြေးလို့ မရတော့ဘူး။ ရိတ် သိမ်းရတော့မှာပဲ။

ကျွန်မသည် မေမေ၏ စာကိုဖတ်ရင်း မောဟိုက်ပန်းလျလျက်ရှိ၏။ မေမေ သည် သူပြုခဲ့သော အမှားအတွက် ရင်ဆိုင်ရမည်ကို ကောင်းကောင်းသိသူဟု ကျွန်မ ဆိုချင်ပါသည်။ ရင်ဆိုင်လောက်အောင်လည်း သတ္တိကောင်းခဲ့သဖြင့် ကျွန်မသည် မေမေ့ကို ဆတက်ထမ်းပိုး တိုးလို့ လေးစားကြည်ညိုရပြန်ပါသည်။

"မေမေတို့ တောင်ကြီးရောက်တော့ ကိုဇင်မောင်နဲ့ တွေ့တာပဲ။ ကိုဇင်မောင်ဟာ သမီးတို့ဖေဖေနဲ့ရော မေမေနဲ့ရော ခင်မင်တဲ့ မိတ်ဆွေတစ်ဦးပဲ။ မေမေတို့ကို အစစအရာရာ ကူညီပြီး၊ ဒုက္ခရောက်ရင် ပေါ်လာတတ်တဲ့ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ပါတယ်။ သမီးတို့ဖေဖေ ပေပုံ တေပုံနဲ့ သမီးတို့တွေကို မျက်နှာ မငယ်ရအောင်ဆိုပြီး မေမေဟာ သမီးတို့ဖေဖေ မသိအောင် ငွေစုပြီး ကိုဇင်မောင် ဝယ်ထားတဲ့ သစ်တစ်ပင် ယာတောနဲ့ ကပ်လျက် မြေတွေကို ဝယ်ထားခဲ့တယ်။ လိမ္မော်ခြံ၊ သနပ်ဖက်ခြံတွေ စိုက်ခဲ့တယ်။ သမီးတို့ဖေဖေသိရင် မေမေ့ကို ရန်ရှာမှာစိုးလို့ မေမေ့နာမည်နဲ့တော့ အမည်ခံရုံ တစ်ကွက် နှစ်ကွက်လောက်သာ ထားပြီး၊ ကျန်တဲ့မြေတွေကိုတော့ ကိုဇင်မောင့်နာမည်နဲ့ပဲ ထားခိုင်းခဲ့တယ်။ ဒီလိုလုပ်ရတာ တခြားကြောင့် မဟုတ်ဘူး။ သမီးဖေဖေဟာ ငွေကို ရလွယ်သလောက် ဖြုန်းလွန်းလို့ မေမေက သူ ဖြုံဖြုံစင်စင်နဲ့ လခထဲကရတဲ့ ငွေကလေးတွေကို ဖဲ့စုပြီး ခြံမြေတွေကို ဝယ်ရတာပဲ။ ဒီလိုမှမလုပ်ရင် မိဘတွေ မျက်စိမှိတ်သွားတဲ့အခါမှာ မေမေ့သမီးတွေ ညှိုးညှိုးငယ်ငယ် နေရမှာအမှန်ပဲ။ ဒီလို ညှိုးညှိုးငယ်ငယ် နေရမယ့်ဘဝဟာ ဘယ်လောက် စိတ်ပင်ပန်းရတယ်ဆိုတာ မေမေ သိခဲ့လို့ သမီးတို့ကို မေမေ့လို အဖြစ်မခံနိုင်တော့ဘူး။ ဒါတောင် မေမေ့နာမည်နဲ့ထားတဲ့ မြေကွက်ကလေးကို သမီးတို့ ဖေဖေယူပြီး ပေါင်နှံပစ်၊ ဒီအိမ်ကိုကော ပေါင်နှံပစ်လို့ သူ ဆုံးသွားပြီးမှ မေမေ ပြန်ရွေးထားရတယ်။ သမီးတို့ ဖေဖေ ဆုံးသွားတဲ့နောက် သမီးတို့ကို ဒီလိုအခြေအနေနဲ့ ကျန်ရစ်အောင်၊ မျက်နှာမငယ်ရအောင် ထားနိုင်ခဲ့တာဟာ တကယ်တော့ ကိုဇင်မောင့် ကျေးဇူးတွေပါပဲ။

မေမေ့ တစ်သက်တာမှာတော့ ကိုဇင်မောင်လို ရိုးသားတဲ့ မိတ်ဆွေကောင်းဟာ ဒီတစ်ယောက်ပဲ ရှိလိမ့်မယ်လို့ ထင်တယ်။

ကျွန်မသည် အခန်းထဲတွင် ဦးဇင်မောင်များ ရှိလေမလားဟု လှမ်းကြည့်လိုက်၏။ ဦးဇင်မောင်မှာ အိမ်ရှေ့ခန်းတွင် ရောက်ရှိနေဟန်တူ၏။ သို့ရာတွင် ဧည့်ခန်းထဲမှ ဘာသံမျှ မကြားရပေ။

"လောကမှာ လူတိုင်းအဖို့ မိုးရွာသောနေ့နဲ့ နေသာသောနေ့လို့ ရှိကြစမြဲပဲ။ ဒါပေမဲ့ မေမေ့ဘဝမှာတော့ နေသာသောနေ့ရယ်လို့ မရှိခဲ့ပါဘူး။ နေရောင်လေးတစ်ချက် ပြက်တာကိုပဲ မြင်လိုက်ရတာပဲ။ ဒီတော့ သမီးတို့အဖို့

နေသာတဲ့ နေ့များနဲ့ တွေ့ပါစေလို့ မေမေ ဆုတောင်းပါတယ်။ ခုဆိုရင် မေမေ့ရဲ့ အိမ်မြေဂရန်စာချုပ်တွေ၊ ခြံမြေဂရန်စာချုပ်တွေကို ကိုဇင်မောင့်ထံမှာပဲ ဒီစာနဲ့အတူ ထားပစ်ခဲ့တယ်။ ရန်ကုန် ပြည်ထောင်စုဘဏ်မှာရှိတဲ့ ငွေတစ်သိန်းလောက်ကိုလည်း ကိုဇင်မောင်ကိုပဲ အပ်ထားခဲ့တယ်။ ဒီတော့ သမီးတို့နှစ်ယောက်ရဲ့ အနာဂတ် နေရေးထိုင်ရေးဟာ ဘာမှ ညှိုးငယ်စရာ မရှိတော့ဘူးလို့ ထင်တယ်။ မေမေ ညှိုးငယ်ခဲ့သမျှကို သမီးတို့အလှည့်ကျမှ ပြန်ပြီး အတိုးကျနဲ့ တင့်တောင့်တင့်တယ် နေရစ်ကြပါ။ သားသမီးကို ကြင်နာတတ်တဲ့ မိဘများဟာ သူတို့ မအောင်မြင်ခဲ့တဲ့ကိစ္စတွေမှာ သားသမီးတွေကို အောင်မြင်စေချင်ကြစမြဲပဲ။

မေမေ့မေတ္တာသည် ကြီးစွတကား၊ မေမေသည် သူ မဖြစ်ခဲ့ရတာတွေ အားလုံးကို သမီးတွေ အလှည့်ကျတော့ ဖြစ်စေချင်လွန်းလှသည်တကား။ ကျွန်မသည် စာရွက်ကိုကိုင်၍ တွေးမိ၏။

“ဒီတော့ စီးပွားရေးနဲ့ ပတ်သက်လို့ သမီးတို့ရဲ့ နောင်ရေးကို မေမေ ဒီအတိုင်း စီမံခဲ့ပြီ။ ဒါကို သမီးတို့လည်း နားလည်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ နောက်တစ်ချက်ကတော့ သမီးတို့ရဲ့ အိမ်ထောင်ရေးပြဿနာပဲ”

ကျွန်မသည် စာကို ဆက်မဖတ်သေးဘဲ စာရွက်ကို ရင်ခွင်မှာ ပိုက်ထားလိုက်မိ၏။ ထားခင်မူက ကျွန်မကို အလန့်တကြားကြည့်လိုက်သည်။ သည်တော့မှ ကျွန်မသည် ဣန္ဒြေဆည်ကာ စာကို ဆက်ဖတ်ရ၏။

“ဒီစာကို ဖွင့်ဖတ်တဲ့အချိန်မှာ သမီးထား အသက် ၂၅ နှစ်ပြည့်တဲ့အချိန်၊ ဒါမှမဟုတ် သမီးမူ အသက် ၂၀ ပြည့်တဲ့အချိန် တစ်ချိန်ချိန် ဖြစ်လိမ့်မယ်လို့ မေမေ ယူဆတယ်။ ဒီတော့ သမီးနှစ်ယောက်လုံးဟာ အရွယ်ရောက်နေကြပြီ။ အရွယ်ရောက်တဲ့ သမီးနှစ်ယောက်ကို အိပ်ရာပေါ်လဲနေတဲ့ မေမေက နောင်ရေးအတွက် မှာကြားသွားတယ်ဆိုတော့ ပူပန်တတ်လှပါကလားလို့ သမီးတို့က ထင်ကောင်း ထင်ကြလိမ့်မယ်။ ပူရတယ် သမီး၊ ပူရတယ်။ မေမေဟာ လေကို စိုက်ပျိုးမိခဲ့လို့ လေမုန်တိုင်းကိုလည်း ရိတ်သိမ်းခဲ့ရပြီ။ ဒီတော့ မေမေ့ သမီးတွေကိုလည်း မေမေ့လို လေမုန်တိုင်းကို မရိတ်သိမ်းမိရလေအောင် လေကို မစိုက်ပျိုးမိဖို့ မေမေ ပြောချင်တယ်။ မေမေ့သမီးတွေ မေမေ့လို လေမုန်တိုင်း အသီးအပွင့်တွေကို ရိတ်သိမ်းမိမှာကို မေမေ အပူဆုံးပဲ။ အထူးသဖြင့်တော့ သမီးကြီး

ထားအတွက်ပဲ"

ကျွန်မသည် ရုတ်တရက် ဆက်မဖတ်နိုင်သေးပေ။ မေမေသည် ကျွန်မအတွက် ဘာတွေကိုများ ပူပင်ရပါလိမ့်။ ကျွန်မအတွက် မေမေသည် ဘယ်လိုများ စိုးရိမ်ရပါလိမ့်။

"မေမေဟာ မေမေတို့ ခေတ်နဲ့တော့ မေမေ ခေတ်မီတယ်လို့ ယူဆရမှာပဲ။ ခေတ်ပညာတတ်တယ်။ ရှေးမိရိုးဖလာ အယူအဆတွေကို လက်မခံဘူး။ ကိုယ့်ကိုယ်ကိုယ် အားကိုးတယ်။ အိမ်ထောင်ရေးကိစ္စမှာ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် ဆုံးဖြတ်တယ်။ ဘုရားသခင် အလိုတော်ကျ မေမေဟာ လောကအလယ်မှာ တစ်ယောက်တည်း နေခဲ့ရတော့ ပြဿနာအားလုံးကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရတယ်။ တိုးတိုးဖော်လေးတောင် မရှိခဲ့ဘူး။ ဒီလိုနဲ့ ကိုယ်ထင်ရာကိုယ် ဆုံးဖြတ်ခဲ့တဲ့အခါမှာ အိမ်ထောင်ရေးကျတော့ အကြီးအကျယ် ခံလိုက်ရတာပဲ။ သမီးတို့ဖေဖေဟာ နောက်ဆုံး သေသွားတဲ့အထိ မေမေ့ကို အရှက်တကွဲ အကျိုးနည်း လုပ်သွားခဲ့တယ်။ သမီးတို့ဖေဖေကို သတ်တဲ့ လူဆိုးတွေဟာ တခြားလူမဟုတ်ဘူး။ သူမွေးထားတဲ့ သူ့တပည့်တွေ၊ မကျေနပ်လို့ သူ့ကို သတ်ပစ်လိုက်ကြတာပဲ။ မေမေ့မှာဖြင့် ဒီကိစ္စကြီး မပေါ်အောင် ဖုံးလိုက် ဖိလိုက်ရတာ၊ ဒီလို မေမေ ခံလိုက်ရတာတွေဟာ တကယ်ကျတော့ မေမေ့အမှားပဲ။ မေမေကိုယ်တိုင်က အဟောင်းကိုပစ်ပြီး အသစ်ကို ချစ်ခဲ့မိပေသကိုး။ ဒီတော့ ဒီလိုဖြစ်ရခြင်းရဲ့ အကြောင်းရင်းတွေဟာ အရင်းစစ်တော့ မေမေ ရူးရူးမိုက်မိုက် ဆုံးဖြတ်ခဲ့မိလို့ ပေါ်ခဲ့တဲ့ အမှားတွေပဲ။ ဒီတော့ သမီးတို့လည်း ဒီကိစ္စမျိုးမှာ ရူးရူးမိုက်မိုက် မဆုံးဖြတ်ဘဲ မေမေ့စကားကို နားထောင်စေချင်တယ်။ ဒီကိစ္စမျိုးမှာ တစ်ယောက်တည်း ကိုယ်ထင်ရာ ကိုယ်ဆုံးဖြတ်လေ့ရှိတဲ့ အစဉ်အလာဟာ သမီးတို့လက်ထက်မှာ ဆက်မရှိပါစေနဲ့တော့လို့ မေမေ ပြောချင်တယ်"

မေမေ၏စာသည် ကျွန်မတို့ ခေတ်လူငယ်များ၏ လွတ်လပ်စွာ အိမ်ထောင်ဖက်ရွေးချယ်ရေးမှုကို ဖြိုချနေပါပကော။

"သမီးကြီး ထားဟာ ပွင့်ချိန်တန်ပြီမို့ သမီးကြီးထားအတွက် မေမေ ရည်မှန်းခဲ့သူကို ပြောခဲ့ပါရစေ။ ဒါကို သမီးကြီး ထား စဉ်းစားပါ၊ လက်ခံပါ။ မေမေ အသေဖြောင့်အောင် မေမေ့ဆန္ဒကို ဖြည့်ပါ။ အဲဒီလူဟာ ရိုးသားတယ်၊ ဖြောင့်

မတ်တယ်။ တစ်ဖက်သားကို သနားကြင်နာတတ်တဲ့ အသည်းနှလုံးရှိတယ်။ သူတစ်ဖက်သားကို ကျေးဇူးပြုတတ်တယ်။ မတရားတာကို ရွံမုန်းတယ်။ အို သူဟာ လောကကြီးထဲမှာ ရှိတဲ့ လူတွေရဲ့ အကောင်းဆုံး အရည်အချင်းတွေကို စုပေါင်းထားတဲ့ လူတစ်ယောက်ပဲလို့ မေမေ ယူဆတယ်။ သူကတော့ တခြား လူ မဟုတ်ဘူး။ ကိုဇင်မောင်ပဲ"

"ဟင်"

ကျွန်မသည် စာရွက်ကို စားပွဲပေါ်သို့ လွှတ်ချလိုက်သည်။ နောက် ပါးနှစ်ဖက်ကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း အိမ်ပေါ်သို့ တက်ပြေးလာခဲ့သည်။ စာကို ဆက်၍လည်း မဖတ်ချင်တော့ပါ။

ကျွန်မသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်ရင်း ငိုရှိုက်မိ၏။ သို့ရာတွင် မျက်ရည် မထွက်တော့ပေ။ မေမေ၏အသံကိုသာ ကြားယောင်လျက်ရှိသည်။

"သူကတော့ တခြားလူမဟုတ်ဘူး ကိုဇင်မောင်ပဲ"

ကဲ ဘာတတ်နိုင်ဦးမည်နည်း။ ဦးဇင်မောင်သည် သေနင်္ဂဗျူဟာ အမျိုးမျိုး ဆင်၍ ကျွန်မကို အနိုင်ယူသွား၏။ စောစောပိုင်းတုန်းက ဦးဇင်မောင်သည် သာမန် သုံးရိုးသုံးစဉ် လက်နက်ငယ်ကလေးများဖြင့် ကျွန်မကို တိုက်စစ်ဆင်၏။ ကြီးကြီးကိုလည်းကောင်း၊ ထားခင်မူကိုလည်းကောင်း ကျွန်မဘက်မှ သူ့ဘက်သို့ ပါလာအောင် တဖြည်းဖြည်း သိမ်းသွင်းဖွဲ့ယူသွား၏။ နောက် ကြီးကြီးနှင့် ကျွန်မကို လှည့်တိုက်၏။ ထားခင်မူနှင့် ကျွန်မကို သွေးကွဲအောင် လုပ်၏။ ရက္ခဗေဒရော၊ ပေးရှင်းစထရောင်း ကဗျာရော၊ ဦးဖြူနှင့် မစိမ်းပုံပြင်ရော ရှိသမျှ လက်နက် အသေးစားကလေးများကို သုံး၍ တိုက်၏။ ကျွန်မက မေမေ့စာကို ဖွင့်အဖတ်ခိုင်းတုန်းက ဖွင့်မပေးဘူးဟု ပြောကာ ထားခင်မူကိုလည်း သဘောမတူရန် ဆွဲဆောင်လျက် စစ်ကို ရေရှည်ဆွဲ၍ တိုက်သွား၏။ မေမေ့စာကို လက်တွင်ကိုင်၍ နျူကလီးယား ခြိမ်းခြောက်မှု နည်း ပရိယာယ်ကို သုံး၏။ သုံးရိုးသုံးစဉ် အသေးစားလက်နက်ကလေးများဖြင့် မရသော အခါ ထားခင်မူကို ရန်ကုန်အထိ သွားခေါ်လာပြီး မေမေ့စာကို ဖွင့်ဖောက်ချလိုက်လေသည်။ မေမေ့စာသည် နျူကလီးယားဗုံးပေါက်သလို ကျွန်မအနားတွင် ဝုန်းခနဲ ပေါက်ကွဲလာ၏။ သုံးရိုးသုံးစဉ် အသေးစား လက်နက်ကလေးများကို သုံးသော သေနင်္ဂဗျူဟာကို ကျွန်မ ကြံ့ကြံ့ခံနိုင်သော်လည်း နျူကလီးယားလက်နက် သေနင်္ဂဗျူဟာကိုမူ ကျွန်မ မခံနိုင်တော့ပါ။

ယောက်ျားတို့ ပရိယာယ်သည် များစွတကား။ ယောက်ျားတို့သည် ဒေဝဒတ်၏ နည်းကိုပင် သုံးရစေတော့ သူတို့၏ အဆုံးစွန်သော ရည်မှန်းချက် အောင်မြင်ရေး ဆိုလျှင် အကြောက်အရှက်မရှိ သုံးတတ်ကြသည်တကား။

ဦးဇင်မောင်သည် ကျွန်မ မျက်ရည်များကို ဖြိုင်ဖြိုင်ကျအောင် သွန်ချနေသော အချိန်၌ အောင်မြင်စွာ ပြုံးလျက်ရှိလိမ့်မည် ထင်ပါသည်။ နောက်ဆုံးတိုက်ပွဲတွင် သူ အောင်ပွဲရသဖြင့် အောင်နိုင်သူတို့၏ မာနဖြင့် မြူးကြွနေလိမ့်မည်ဟု ထင်ပါ သည်။

သို့ရာတွင် လောကတွင် အောင်နိုင်သူတို့၌ မိုးထိမြင့်မားသော မာနရှိသလို အရှုံးသမားများ၏ အသည်းနှလုံးထဲတွင်လည်း ချိုးနှိမ်ဖက်ထားရသည့် မာန်ရှိပါ သည်။ အောင်နိုင်သူသည် အရှုံးသမား ထား၏ ခန္ဓာကိုယ်ကို အနိုင်ရလိုက်သော် လည်း အားမတန်၍ ကွယ်ဖက်နေလိုက်ရသော အရှုံးသမား၏ မာန်ကိုမူ ဘယ်တော့မျှ အနိုင်ရမည်မဟုတ်ပါ။

## [၁၅]

သီတင်းကျွတ်လျှင်ပင် မိုးပါးသွားပြီးနောက် ကောင်းကင်သည် ပြာလွင်၍ လာသည်။ တိမ်စတို့သည် ကောင်းကင်တွင် တအိအိလွင့်ကာ စွန်များလည်း ကောင်း ကင်တွင် ပျံဝဲစပြုလာကြသည်။ ဝါတွင်းတစ်တွင်းလုံး ပျောက်နေသော သပိတ်လွယ် ငှက်များသည် သီတင်းကျွတ်သည်နှင့် လူ့ရပ်သို့ ပြန်လည် ချဉ်းကပ်လာကြပြန်လေ သည်။ ကျွန်မတို့ ငယ်ငယ်က ကြားဖူးသော ကြီးကြီးညွန့်၏ပုံပြင်ထဲတွင်မူ သပိတ် လွယ်ငှက်များသည် ဝါတွင်းတွင် ဟိမဝန္တာသို့ ပျံသွားကြသည်ဟု ဆိုပေသည်။ ကျွန်မ သည် သပိတ်လွယ်ငှက်ကလေးများလို ဟိမဝန္တာသို့ မဟုတ်သော်လည်း လူသူကင်း ရှင်းရာ တစ်နေရာသို့မူ ပြန်မလာတမ်း ထွက်သွားလိုက်ချင်ပေသည်။

ယခုတော့ ဘာတတ်နိုင်ဦးမည်နည်း။ အသည်းနှလုံး၏အလိုကို လိုက်မည်ဟု ဆိုကာ လွတ်လပ်သောအိမ်ထောင်ရေးကို ရှေ့နေလိုက်ခဲ့သော ကျွန်မသည် ဘာလုပ် နိုင်ဦးမည်နည်း။ အစ်ကိုမျိုးနှင့် တွေ့ပြီးသည့်နောက်တွင် ကျွန်မဘဝ ရေစီးကြောင်း သည် ညင်သာအေးချမ်းစွာ စီးဆင်းသွားခဲ့တော့မည်ဟု ကျွန်မ မျှော်လင့်ခဲ့သည်။ ဦးဇင်မောင်သည် ကျွန်မ စိတ်ကူးထဲတွင် လုံးဝ ထည့်သွင်းစဉ်းစားခြင်း မခံခဲ့ရသူ

တစ်ယောက်ဖြစ်သည်။ သို့ရာတွင် ဦးဇင်မောင်သည် ကျွန်မကို ပရိယာယ်အမျိုးမျိုး သုံးကာ အနိုင်ယူသွားပေပြီ။

ကျွန်မတို့ မင်္ဂလာဆောင်ကို သီတင်းကျွတ်ပြီးနောက်တွင် ပြုလုပ်ရန် ရက်ကန့်သတ်ပြီးဖြစ်၏။ ကျွန်မသည် မင်္ဂလာဆောင်ကိစ္စကိုလည်း ခေါင်းထဲတွင် ထည့်မစဉ်းစားချင်တော့ပေ။ ကြီးကြီးညွန့်နှင့် ဦးဇင်မောင်တို့ စီမံသမျှကို အသာပင် ကြည့်နေလိုက်သည်။

အစ်ကိုမျိုးထံမှ စာများမှာ အချိန်မှန်မှန်ပင် ရောက်လာကြသည်။ ကျွန်မသည် အစ်ကိုမျိုးထံ အကြောင်းစုံဖွင့်၍ ရေးလိုက်ရမည်လားဟု စိတ်ကူးမိပြန်သည်။ ကျွန်မတို့အကြောင်းကို အစ်ကိုမျိုးထံ ဖွင့်ရေးလိုက်လျှင် အစ်ကိုမျိုး ဘယ်လိုတုံ့ပြန်လေမည်နည်း။ ကျွန်မအား သစ္စာမဲ့သူ၊ အသည်းနှလုံးကင်းမဲ့သူဟူသော ဘွဲ့တံဆိပ်များစွာကို ပေးအပ်မည်လော၊ သို့မဟုတ် ကျွန်မအား ဦးဇင်မောင်၏ ပိုက်ကွန်တွင်းမှ ဖြစ်သည့်နည်းဖြင့် ရုန်းထွက်ရန် လက်ယပ်ခေါ်လေမည်လော။ သစ္စာမဲ့သူဟူသော ဘွဲ့တံဆိပ်များကို အပ်နှင်းလျှင် ကျွန်မ ခံနိုင်ပါမည်လော။ သို့မဟုတ် ဦးဇင်မောင်၏ ပိုက်ကွန်တွင်းမှ ရုန်းထွက်ခဲ့ရန် လက်ယက်ခေါ်လျှင်လည်း ကျွန်မသည် အလွယ်တကူ ထွက်နိုင်ပါမည်လော။ မေးခွန်းများသည် ကျွန်မ ဦးနှောက်ကို လာ၍ တီးခေါက်နေကြ၏။

ကိုယ်က သစ္စာစောင့်ထိန်းပါလျက်နှင့် သစ္စာမဲ့သူဟု စွပ်စွဲခံနေရခြင်းထက် နာကြည်းစရာကောင်းသည့် အရာတို့သည် ဘယ်မှာရှိသေးသနည်း။ သို့ဖြစ်လျှင် ကျွန်မသည် ဦးဇင်မောင်၏ စက်ကွင်းမှ ရုန်းကန် ထွက်ပြေးရမည်လော။ ကျွန်မလို တက္ကသိုလ်ကျောင်းကြီးထွက် ကျောင်းဆရာမတစ်ယောက်သည် ထွက်ပြေး၍ကောတင့်တယ်ပါမည်လော။ ကျွန်မသည် ကိုယ်မချစ် မနှစ်သက်သူတစ်ယောက်ကို လက်မထပ်ဘဲ ပြောင်ပြောင်တင်းတင်း ငြင်းဆိုကာ ထွက်ပြေးရဲလောက်အောင် သတ္တိကောင်းပါသလော။ ဤမျှထိ သတ္တိမကောင်းလျှင် ကျွန်မသည် ကိုယ်က အနိုင်မရတော့သည့် အတူတူ အကောင်းဆုံးအရှုံးသမားတစ်ယောက်ဖြစ်အောင်သာ လုပ်ဖို့ရှိတော့သည် မဟုတ်ပါလော။

ကျွန်မသည် မေးခွန်းပေါင်းများစွာကို ပြေလည်အောင် မဖြေနိုင်တော့ဘဲ နောက်ဆုံး လက်မြှောက် အရှုံးပေးလိုက်ရသည်။ အစ်ကိုမျိုးပေးသော စာများကိုလည်း တစ်စောင်မှ မပြန်တော့ဘဲ နေလိုက်သည်။

အောက်တိုဘာ ကျောင်းပိတ်ရက်များ ကုန်ဆုံးခါနီးတွင် ကျွန်မတို့ မင်္ဂလာဆောင်လိုက်ကြသည်။ ကျွန်မသည် အေးအေးထံသို့ ဖိတ်စာတစ်စောင်ကိုသာ ပို့လိုက်၏။ အကျိုးအကြောင်း ရှင်းလင်းချက်တွေကို မရေးလိုက်တော့ပေ။

ကျွန်မတို့သည် နံနက်ပိုင်းတွင် ရုံးတက်၍ လက်မှတ်ထိုးလိုက်ကြပြီး ညနေပိုင်း၌ အိမ်တွင် ဧည့်ခံပွဲ ကျင်းပ၏။ ကျွန်မ၏ တပည့်မ ကျောင်းသူများက လာရောက်ကူညီကြသည်။ ကျွန်မ တပည့်မများသည် သူတို့ဆရာမကိုကြည့်ကာ ကြည်နူးနေကြပုံရပေသည်။ ကျွန်မကား မိဘမဲ့ တစ်ကောင်ကြွက်ဖြစ်သူ ကျွန်မ၏ မင်္ဂလာဆောင်တွင် မေမေ့ကို အမှတ်ရကာ မျက်ရည်တွေ မဆည်နိုင်အောင်ဖြစ်ရကာ တစ်နေ့လုံး အခန်းအောင်းနေလိုက်သည်။ ကြီးကြီးညွှန့်၊ ထားခင်မူနှင့် ကျွန်မ၏ တပည့်များက ညနေ ဧည့်ခံပွဲအတွက် အောက်ထပ်တွင် ပြင်ဆင်နေကြသည်။

နေ့လယ်လောက်တွင် ထားခင်မူ တက်လာကာ ကျွန်မကို စာတစ်စောင်လာပေး၏။ စာမှာ အေးအေးထံမှ စာဖြစ်ပေသည်။ ကျွန်မသည် စာအိတ်ကို ဖွင့်လိုက်သည်။ စာအိတ်ထဲတွင် ကျွန်မနှင့် ကိုအောင်မျိုးတို့ ဖောင်တော်ဦးဘုရား အဆင်းကမ်းစပ်ပေါ်တွင် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်နေကြပုံ ဖြစ်သည်။ သည်ဓာတ်ပုံကို အေးအေးတို့နှင့် အင်းလေးထဲ သွားလည်ကြတုန်းက အေးအေးယောကျ်ား ကိုတင်မြင့် ရိုက်ပေးခဲ့ခြင်းဖြစ်သည်။ သည်ဓာတ်ပုံကို အေးအေးထံ မကြာခဏ တောင်းခဲ့ဖူးသော်လည်း အကြောင်းကြောင်းကြောင့် နှောင့်နှေးနေခဲ့ကာ ယခုမှ ရောက်၍လာခြင်း ဖြစ်ပေသည်။ တိုက်ဆိုင်လေခြင်းဟုပင် ကျွန်မ အောက်မေ့လိုက်ပါသည်။

အေးအေးသည် ဘယ်သဘောနှင့် ဤဓာတ်ပုံကို ယခုမှ ပေးလိုက်သနည်း။ ကျွန်မတို့ မင်္ဂလာဆောင်ဖိတ်စာကို ရလျှင် အေးအေးသည် တောင်ကြီးသို့ တကူးတက ပေါက်လာမည်စိုးသဖြင့် တမင် နောက်ကျ၍ ပေးလိုက်ခါမှ မဈေးအေးသည် တမင်အရွဲ့တိုက်ကာ ကျွန်မနှင့် အစ်ကိုမျိုးတို့၏ ဓာတ်ပုံကို ပေးလိုက်လေသလော။

ကျွန်မသည် စာကို ဖွင့်ဖတ်လိုက်သည်။

**ထား**

မင်း တောင်းတောင်းနေတဲ့ ဓာတ်ပုံကို ပေးလိုက်တယ်၊ အားရပါးရရှုစားပေတော့၊ မင်းဆီရေးတဲ့ စာတွေလည်း ပြန်စာမရလို့ ကိုအောင်မျိုးဆီက ဘာဖြစ်လို့လဲဆိုပြီး လုမ်းလှမ်းမေးနေတယ်။ နေထိုင်လို့များ မကောင်းလို့

လားကွယ်၊ နေထိုင်ကောင်းရင်လည်း ကိုအောင်မျိုးဆီ စာပြန်လိုက်ပါဦး၊ သူ့ခမျာ လည်ပင်းရှည်လှရှာ့မယ်။

ချစ်လှစွာသော

အေး

ကျွန်မသည် အေးအေး၏ စာနေ့စွဲကို ကြည့်လိုက်သည်။ နေ့စွဲမှာ ကျွန်မ မင်္ဂလာဆောင်ဖိတ်စာ မပို့ခင် တစ်ရက်က နေ့စွဲဖြစ်သည်။ သည်တော့မှ အေးအေး သည် ကျွန်မကိစ္စကို ဘာမှမသိသေးဘဲ ရိုးရိုးသားသား ရေးလိုက်ခြင်းဖြစ်ကြောင်း သိရလေသည်။

"စာပြန်ဖို့ မလိုတော့ဘူး ရွှေအေးရေ၊ ထားခင်အိဟာ ကိုအောင်မျိုးနဲ့ ဘာမှ မဆိုင်တော့ဘူး။ မင်းစာရောက်တဲ့နေ့မှာ ထားခင်အိဟာ ဟိုလူကြီးရဲ့ ရင်ခွင်ထဲကို ဝင်ရတော့မယ်"

ကျွန်မသည် စိတ်ထဲက ရေရွတ်ကာ အေးအေး၏ စာနှင့် ကျွန်မ ဓာတ်ပုံကို အံဆွဲထဲသို့သွား၍ သိမ်းထားလိုက်ပြီး ခုတင်ပေါ်တွင်သာ ခွေနေမိသည်။

အောက်ထပ်မှ ကြီးကြီးညွန့်၏အသံ၊ ထားခင်မူ၏ အသံနှင့် ကျွန်မ တပည့် များ၏ စကားပြောသံ၊ ရယ်မောသံများကို ကြားနေရသည်။ တစ်ခါတစ်ခါတွင်လည်း ဦးဇင်မောင်၏ စကားပြောသံ၊ ရယ်သံကို ကြားရ၏။ သူ့ရယ်သံကို ကြားရလျှင် ကျွန်မသည် ဦးဇင်မောင်နှင့် ကျွန်မတို့နှစ်ယောက်၏ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ ကြသော ဘဝနှစ်ခုကို တွေးမိ၏။ ကျွန်မနှင့် အစ်ကိုမျိုးတို့နှစ်ယောက် ပန်းခင်းသော လမ်းတွင် လျှောက်နေကြတုန်းကတော့ ကျွန်မသည် ရယ်သူဖြစ်၍၊ ဦးဇင်မောင်သည် မဲ့ငိုသူဖြစ်၏။ ယခု သူက ရယ်ကာနေချိန်တွင်မူ ကျွန်မသည် နှစ်ယောက်အိပ် ခုတင် ကြီးကိုကြည့်ကာ မျက်ရည်နှင့် မိတ်ဆွေဖွဲ့နေရပေပြီ။ သည်လောက် ခြားနားကြသော ဘဝနှစ်ခုသည် ဘယ်လိုပေါင်းစပ်ရမည်နည်း။

"ထားခင်အိ"

ကျွန်မသည် အသံကိုကြားလိုက်တော့မှ တစ်ဖက်သို့ ခွေစောင်း၍ အိပ်နေရာမှ ထထိုင်ကာ အခန်းပေါက်သို့ လှည့်ကြည့်လိုက်သည်။ ထားခင်မူသည် ကျွန်မထံသို့ လျှောက်လာနေလေသည်။ ထားခင်မူမှာ ရေချိုးပြီး၍ ဖြီးလိမ်းပြင်ဆင်ပြီး ဖြစ်နေပေ ပြီ။ သူသည် ပဝါကို လက်မောင်းကွေးနှစ်ဖက်ပေါ်တွင် တင်ထားပြီး နောက်ဘက်တွင်မူ တင်ပါးအထက် ခါးကို ရစ်ပတ်ထား၏။

"ထားခင်အိ ဘယ်လိုလုပ်တာလဲ"

ထားခင်မူက ခုတင်နားတွင် လာရပ်၍ မေးလိုက်သည်။ ကျွန်မသည် သတို့သမီးရှုံးလောက်အောင် ဝတ်စားထားသော ထားခင်မူကို မျက်လွှာပင့်၍ ကြည့်လိုက်မိသည်။

"ဘာလုပ်လို့လဲ"

ကျွန်မက သူ့ကို အေးစက်စက်ဖြင့် ပြန်ပြောလိုက်သည်။ သည်တော့မှ ထားခင်မူသည် ပို၍ ဒေါပွလာပုံရကာ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

"လေးနာရီထိုးပြီးပြီ၊ ဧည့်ခံပွဲက ငါးနာရီခွဲ စမှာ၊ ခုထက်ထိ ဘာမှမလုပ်ရသေးဘူးလား"

ကျွန်မသည် ဘာကိုမျှ ပြန်မဖြေသေးဘဲ အပြင်ဘက်သို့ ငေးကြည့်နေမိသည်။ လိပ်ပြာများသည် ရွှေရောင်တောက်သော ညနေခင်း နေခြည်ထဲတွင် မြူးပျံနေကြသည်။ ဤအချိန်တွင် ကျွန်မ၏ နှလုံးသားများ တလှပ်လှပ် ခုန်နေကြပုံသည် လိပ်ပြာတောင်ပံခတ်သလိုဖြစ်နေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

"လုပ်လေ၊ ရေမိုးချိုးပါတော့လား။ ပြင်ရဆင်ရ ဖြီးရလိမ်းရဦးမှာနဲ့"

ထားခင်မူက စိတ်မရှည်သလိုပြောကာ ခုတင်ပေါ်တွင် ကျွန်မနှင့် ဘေးချင်းယှဉ်၍ ထိုင်လိုက်သည်။

"ငါ ဘာမှမပြင်ချင်တော့ဘူး ထားခင်မူ"

ထားခင်မူသည် ကျွန်မကို အလန့်တကြားကြည့်လိုက်သည်။

"ဟင် မပြင်လို့ဖြစ်မလား ထားခင်အိ၊ ဘယ်လိုလုပ်တာလဲ၊ ရှင်ရှင်ပျပျ ဧည့်ခံရမယ့်ပွဲမှာ ဒီရုပ်ကြီးနဲ့ ဆင်းလာလို့ ဖြစ်မှာလား"

"ငါ့ဘဝက ရုပ်သေးရုပ်နဲ့ ဘာထူးသေးသလဲ ထားခင်မူ။ ဒီလူကို ယူဆိုယူလိုက်ရတာပဲ။ ဒီနေ့ ဒီအချိန် မင်္ဂလာဆောင်ဆိုလည်း ဆောင်လိုက်ရတာပဲ။ သူတို့ပဲစီစဉ်ပြီး သူတို့ပဲ အခါတော်ရွေးကြတာပဲ မဟုတ်လား။ ငါ ဘာသိလိုက်ရလို့လဲ။ ငါ့အသိ၊ ငါ့စဉ်းစားဉာဏ်နဲ့ လုပ်ရတာရယ်လို့ ဘာများ ရှိသေးလို့လဲ။ သူတို့က ဒီလိုငါ့ကို ရုပ်သေးနေရာမှာထားရင် ငါကလည်း ရုပ်သေးနေရာမှာ နေလိုက်ရုံပေါ့ ထားခင်မူ။ အချိန်ကျလို့ ဆင်းခဲ့ဆိုတော့လည်း ဆင်းလိုက်သွားရုံပဲ ရှိတာပေါ့"

"ဘယ်လိုပြောလိုက်တာလဲ ထားခင်အိ။ ဒါ သက်သက် ခွလုပ်တာလား၊ ဟုတ်လား"

ထားခင်မူက လှမ်းမေးလိုက်သည်။

"ထင်ချင်သလို ထင်နိုင်တယ် ထားခင်မူ၊ ဖြစ်နိုင်ရင်တော့ ငါ ထွက်ပြေးချင်တယ်။ မဖြစ်နိုင်လို့သာ ခုလို ကျိတ်မှိတ်ပြီး နေလိုက်ရတာ၊ ငါ့အဖို့တော့ ကိုယ်မချစ်တဲ့သူကို ယူရတဲ့ဒုက္ခလောက် ဘယ်ဒုက္ခမှ မကြီးဘူးထင်တယ်။ တကယ်ပဲ။ ဝမ်းထဲမှာ ကြိမ်မီးအုံးသလို ဆွေးနေတဲ့ လူတစ်ယောက်ရဲ့ အပူရုပ်ကြီးကို ဟန်လုပ်ပြီးထားလို့ကော ရမှာတဲ့လား။ ပရိသတ်တွေ အလယ်ကောင်မှာ သူနဲ့ငါ အတူ လူတွေကို လိုက်နှုတ်ဆက်ကြတဲ့အခါမှာကော ငါ ဘယ်လိုနေရမှာလဲ။ ပြုံးနေရမှာလား၊ မဲ့နေရမှာလား။ ငါ မပြုံးချင်ဘူး၊ ပြုံးလည်း မပြုံးနိုင်ဘူး။ သူက လူရိုင်းခေတ်က လူရိုင်းဘုရင်၊ ငါ့အသားတွေ ယဇ်ပူဇော်သလို ငါ့အသည်းကိုစား၊ ငါ့အရေကိုဆုတ်ဝတ်၊ ငါ့အရိုးကို ဆံထိုးလုပ်ပြီး အောင်သေအောင်သား စားနေတဲ့အချိန်မှာ ငါက ပြုံးနေရမှာလား ထားခင်မူ။ ပရိသတ်တွေက တို့နှစ်ယောက်ကို ဩဘာပေးနေတဲ့အချိန်မှာကော ဒီဩဘာစကားတွေဟာ ငါ့နားမှာ ပျားသကာလို ချိုမယ်ထင်သလား၊ ဝေးသေးတယ် ထားခင်မူ။ သူ့နားမှာသာ ဩဘာစကားတွေဟာ ပျားသကာလိုချိုပေမဲ့ ငါ့နားမှာတော့ ပွက်ပွက်ဆူနေတဲ့ ဆီပူတွေကို လောင်းချနေသလို နေမှာပဲ"

"ဒီလို မပြောပါနဲ့ ထားခင်အိရာ၊ ဦးဇင်မောင်ဟာ မင်းပြောသလို အောင်သေအောင်သားစားတဲ့ လူရိုင်းဘုရင်ကြီးလောက်လည်း မဆိုးသေးပါဘူး"

ကျွန်မသည် ထားခင်မူကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ ထားခင်မူ၏ မျက်နှာသည် ကြည်လင်ခြင်း မရှိလှပေ။

"အို အတူတူပါပဲ။ ဘာထူးသေးသလဲ။ ဟိုတစ်ခါ ယာတောမှာတုန်းက သူပြောတဲ့ လွမ်းတာရှည်တော ပုံပြင်ထဲက ရှမ်းမလေးကို စော်ဘွားက တော်ကောက်သွားသလို ငါ့ကိုလည်း ဇွတ်အနိုင်ကျင့်ပြီး ယူသွားတာပဲ။ အတိုင်းအတာချင်းသာ ကွာတာပါ။ အဖြစ်ချင်းကတော့ အတူတူပါပဲ။ ငါ အောက်မဆင်းချင်ဘူး ထားခင်မူ ဒါပဲ။ နေရာတကာမှာ ငါမပါဘဲလုပ်ခဲ့ကြတာ မဟုတ်လား။ ဒီတစ်ခါလည်း ငါမပါဘဲ မင်္ဂလာပွဲကြီး ကျင်းပကြပေါ့။ မင်္ဂလာပွဲမှာ ငါ့လို အမင်္ဂလာကောင်ကို မြင်ရတာ ကျက်သရေတုံးပါတယ်"

ထားခင်မူသည် ကျွန်မကို နောက်ထပ်ခေါ်ရန် မကြိုးစားတော့ဘဲ စိတ်မသက်မသာကြည့်ကာ အခန်းထဲမှ ထွက်သွား၏။ ကျွန်မသည် ကိုယ့်အဖြစ်ကိုယ် ရင်နာရလွန်းသဖြင့် နှုတ်ခမ်းကိုသာ ကိုက်ထားလိုက်မိသည်။ ငိုရှိုက်ခြင်း မပြုလိုတော့ပါ။

"မထား"

ကျွန်မသည် အသံကြားရာသို့ လှည့်ကြည့်လိုက်၏။ အပေါက်ဝတွင် ရပ်နေသော ဦးဇင်မောင်ကို တွေ့ရသည်။ ဦးဇင်မောင်သည် ဘန်ကောက်လုံချည် ရေညှိရောင်၊ ရှပ်အင်္ကျီလက်ရှည်အဖြူနှင့် သမင်ရောင် သက္ကလတ်တိုက်ပုံအင်္ကျီကို ဝတ်ထား၏။ စက္ကူအိတ်များကို လက်ထဲတွင် ပွေ့ပိုက်ထားလေသည်။ ကျွန်မသည် သူ့ကို ကြည့်ရုံသာကြည့်ပြီး ဘာမျှပြန်မပြောဘဲ ပြတင်းပေါက်ဘက်သို့သာ လှည့်၍ ငေးကြည့်နေလေသည်။

“ဦးဇင်မောင် မထားဝတ်ဖို့ အဝတ်အစားတွေ ရန်ကုန်က ဝယ်လာခဲ့တယ်။ ရော့ ရော့ ဝတ်ကြည့်စမ်းပါဦး”

ဦးဇင်မောင်သည် ကျွန်မ ဝတ်ရန်အတွက် အဝတ်အစားများကို တစ်ခုစီ ဆွဲထုတ်ပြနေသည်။ ကျွန်မသည် မကောင်းတတ်လွန်းလှသဖြင့် မသိမသာပင် လှမ်းကြည့်လိုက်၏။

“ခဏနေရင် ဧည့်သည်တွေ ရောက်ကြတော့မယ် မထား၊ ရေမိုးချိုးပြီး ဝတ်စားထားပါတော့လား ဟင်”

ဦးဇင်မောင်၏ အသံသည် ချိုသာလျက်ရှိ၏။ ကျွန်မသည် သူ၏ ချိုသာလှသော အသံကြောင့် အံ့အားသင့်သွားမိသည်။ ထားခင်မူသည် သူ ခေါ်၍ မရသဖြင့် ဦးဇင်မောင်ကို လက်တို့လွှတ်လိုက်ခြင်းဖြစ်မည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မသည် ဦးဇင်မောင်က တစ်ထည်ပြီးတစ်ထည်ဖြန့်ကာ ခုတင်ပေါ်တွင် ပုံထားသော အဝတ်အစားပုံကို လှမ်းကြည့်လိုက်မိ၏။

“ငါးနာရီ ထိုးတော့မယ်၊ သိပ် အချိန်မရှိတော့ဘူး”

ဦးဇင်မောင်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်၍ ပြောလိုက်သည်။

“ရှိပါတယ်၊ မထား ပြင်တာဆင်တာ ဘာမှမကြာပါဘူး။ ဒီအဝတ်အစားတွေလည်း မလိုပါဘူး။ မထားမှာ ရှိပါတယ်”

ကျွန်မက စကားမြန်မြန်ဖြတ်၍ သူမြန်မြန်ထွက်သွားရန် ပြီးလွယ်စီးလွယ် ပြောလိုက်သည်။ ဦးဇင်မောင်သည် ကျွန်မကို လှမ်းကြည့်နေသည်။

“ဒီလိုမလုပ်ပါနဲ့ မထား၊ မင်္ဂလာပွဲမှာ မထား ဝတ်ရအောင်ဆိုပြီး ရန်ကုန်က တမင် ဝယ်လာခဲ့တာတွေပါ၊ ဝတ်ကြည့်ပါ”

ကျွန်မသည် ဆတ်ခနဲ ဦးဇင်မောင်ကို လှည့်ကြည့်လိုက်မိသည်။ ကျွန်မ၏ နှလုံးသည် ပြင်းစွာခုန်လာသည်ဟု ထင်မှတ်ရ၏။

"ဘြော် ရန်ကုန်သွားကတည်းက စီမံကိန်းနဲ့ အပိုင်လုပ်ထားတာကိုး ဟုတ်လား။ ပလိုင်းထဲက ဖားလို အချိန်မရွေးထုတ်ရိုက်ပြီး ချက်စားနိုင်တယ်ဆိုတဲ့ သဘောပေါ့။ ဒီမှာ ဦးဇင်မောင်၊ မထားဟာ ကလေးလေးတစ်ယောက် မဟုတ်တော့ဘူး။ ဒီခရီး ဒီထီးနဲ့ တော်တယ်၊ ဒီအချိန် ဒီထဘီနဲ့ တော်တယ်ဆိုပြီး အဝတ်အစားဝတ်တာကအစ လိုက်သွန်သင်နေစရာလည်း မလိုပါဘူး။ နေရာတကာမှာ သူများအကြိုက်ကိုချည်း စိတ်တိုင်းကျ လိုက်လုပ်နေရတော့မှာလား"

ကျွန်မသည် စိတ်ပေါက်ပေါက်ဖြင့် ပြောချလိုက်သည်။ ဦးဇင်မောင်သည် ကျွန်မ ရှောင်လွှဲမရမှန်းသိ၍ သူ့စီမံကိန်း သူဆွဲကာ ကျွန်မကို အပိုင်တွက်ထားဟန်တူပေသည်။ သည်လိုဆိုလျှင် ကျွန်မ ဘဝသည် ခြင်းတောင်းထဲက ကြက်တစ်ကောင်နှင့် ဘာထူးသေးသနည်း။ ပလိုင်းထဲက ဖားနှင့်ကော ဘာခြားသေးသနည်း။

"မဟုတ်ပါဘူး မထား၊ အထင်မလွဲပါနဲ့၊ မထား ဝတ်စေချင်လို့ ရန်ကုန်မှာတုန်းက ထားခင်မူနဲ့ တိုင်ပင်ပြီး ဝယ်လာတာပါ။ မထားကို ဒီအဝတ်အစားပဲ ဝတ်ရမယ်လို့ ဦးဇင်မောင်က အတင်းအကျပ်စေခိုင်းတာလည်း မဟုတ်ပါဘူး။ မထား ဝတ်ချင်တဲ့ အဝတ်အစားပဲ ဝတ်၊ ဝတ်ပြီးတော့သာ အောက်ထပ် ဆင်းခဲ့ပါ။ အချိန်နီးနေပြီ"

"မဝတ်ဘူး၊ အောက်ထပ်လည်း မဆင်းဘူး"

ကျွန်မ စိတ်ထဲက ရေရွတ်လိုက်မိ၏။ သို့ရာတွင် ပါးစပ်က ထွက်မလာပါ။ ဘာကြောင့်မှန်းမသိ။ ဦးဇင်မောင်နှင့်တွေ့သောအခါတွင် ကျွန်မသည် ထိုစကားလုံးများကို ပါးစပ်ကထွက်၍ မရပေ။ ဦးဇင်မောင်သည် အဝတ်အစားများကို ကျွန်မဘေးတွင်ပုံကာ ကျွန်မကို နှုတ်ဆက်၍ ဆင်းသွားသည်။

ခဏကြာလျှင် ကြီးကြီးညွန့်နှင့် ကျွန်မ တပည့်မများ တက်လာကြ၏။ ကျွန်မသည် သူတို့ရှေ့တွင် မနည်းကြီး ဟန်ဆောင်ထားရသည်။

"ဟဲ့ နေမကောင်းဘူးဆို၊ အိပ်ရာပေါ် ခဏလှဲနေပါလား၊ ဘာဖြစ်လို့ ထိုင်နေရတာလဲ"

ကြီးကြီးညွန့်က ခြေမကိုင်မိ လက်မကိုင်မိဟန်ဖြင့် ကျွန်မအနားသို့ ရောက်လာ၏။ ကျွန်မသည် ကြီးကြီးညွန့်၏ လုပ်ပုံကိုင်ပုံကို နားမလည်သလို ကြောင်ကြည့်နေမိသည်။

"ညည်းတို့ ဆရာမက ဒီလိုပဲကွဲ့၊ မကြာမကြာ ခေါင်းမူးတတ်တယ်။ ညက

အိပ်ရေးပျက်လို့ ခေါင်းထဲမှာ အုံတုံတုံ ဖြစ်နေတာပါ။ ကဲ ကဲ ရေထချိုးလိုက်၊ ရေချိုးလိုက်ရင် ပျောက်သွားမှာပါ”

ကျွန်မသည် တကယ်တော့ လူနေမကောင်းခြင်း မဟုတ်ပေ။ စိတ်နေမကောင်းခြင်းသာ ဖြစ်၏။

“ဆရာမ နေမကောင်းဘူးဆို ဟုတ်လား။ အော်ဒီကလုံး ရှုလိုက်ပါလား ဟင်”

ကျွန်မ ဘာမျှ ပြန်ပြောချိန်မရမီ ကျွန်မ တပည့်မများက ပျာပျာသလဲ ဝိုင်းမေးကြသည်။

“ဆရာမ ကောင်း ကောင်း”

ကျွန်မသည် ဆွံ့အသူလို စကားထစ်နေ၏။ ကြီးကြီးညွန့်က ကျောင်းသူတွေ မမြင်အောင် မျက်စိမှိတ်ပြလိုက်သည်။

“ကောင်းကောင်း နေမကောင်းဘူးကွဲ့။ ရေချိုးလိုက်ရင် လန်းသွားမှာပါ။ ကဲ ကဲ ညည်းတို့ ဆရာမကို ညည်းတို့ပဲ ပြင်ဆင်ပေးပြီး အောက်ခေါ်ခဲ့ကြ၊ မြန်မြန်လုပ်ကြနော်။ အချိန်မရှိတော့ဘူး”

ကြီးကြီးညွန့်သည် ကျွန်မအား ကျွန်မတပည့်မများလက်တွင် ဝကွက်အပ်ထားခဲ့ပြီး အောက်သို့ ဆင်းသွား၏။ ကြီးကြီးညွန့် လုပ်ပုံမှာ သေသပ်လှပေ၏။ သေသပ်လွန်းလှသဖြင့် ကျွန်မသည် ဘာမျှ မပြောသာတော့ဘဲ ကျောင်းသူများနှင့်အတူ ကျန်ရစ်ခဲ့သည်။

ကျွန်မ၏ တပည့်မများကမူ ကျွန်မကို အိပ်ရာပေါ်သို့ လှဲခိုင်းထားပြီး ကျွန်မ ရေချိုးရန် အဆင်သင့် ပြင်ပေးကြသည်။ ကျွန်မ ဝတ်ရန်အတွက် အံဆွဲထဲက ကောင်းနိုးရာရာ အဝတ်အစားများကိုလည်း ရွေးပေးကြပေသည်။

“နေပါစေကွယ်၊ ဆရာမဘာသာ ဆရာမ ပြင်ပါ့မယ်”

ကျွန်မသည် ကျွန်မအဖြစ်ကို ကျွန်မတွေးကာ ဝါးလုံးကွဲ ရယ်လိုက်ချင်ပါသည်။ ကြီးကြီးညွန့်တို့ ဉာဏ်များလိုက်သည်မှာ ကျောင်းသူများရှေ့တွင် ကျွန်မသည် တစ်ချက်တည်း အကောင်းပကတိက လူမမာကြီး ဖြစ်သွားရသည်အထိပင် ဖြစ်၏။

ကျွန်မသည် မျက်နှာကို ကြည်လင်အောင် ကြိုးစား၍ထားကာ ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ကာ အဝတ်အစားလဲရ၏။ ကျွန်မတပည့်များ ထုတ်ပေးသော လုံချည်မှာ အစ်ကိုမျိုးက လူကြုံနှင့် ပေးလိုက်သော ပြင်သစ် ဘရိုကိတ် လုံချည်ဖြစ်နေသည်။ ကျွန်မသည် ဘာမျှမပြောတော့ဘဲ သူတို့ထုတ်ပေးသော အဝတ်အစားများကိုသာ

လဲလိုက်သည်။

သည်တော့မှ ကျွန်မသည် ကျွန်မ၏ မပြတ်သားသော စိတ်ကို တွေ့ရပေသည်။ ကျွန်မသည် မင်္ဂလာဧည့်ခံပွဲသို့ မဆင်းဘူးဟုဆိုလျှင် ပြတ်ပြတ်သားသား ငြင်းရမည်ဖြစ်ပါလျက် ကြီးကြီးညွန့်က ကျွန်မ တပည့်မများကို ခေါ်လာသော အခါ၌ကား ကျွန်မသည် မငြင်းရဲတော့ပေ။ ကိုယ့်တပည့်မများရှေ့တွင် ကိုယ့်ဇာတ်ကို ရဲရဲတင်းတင်း မကရဲတော့ဘဲ သူတို့ခင်းသည့်ဇာတ်ကို လူမြင်ကောင်းအောင် ကရသည် အထိ လက်လျှော့လိုက်ရပေသည်။

# [၁၆]

"ဟိုတောင်ပေါ် တောင်ပေါ်ရိုးဆီက မြူခိုးတွေလွှင့်၊ မိုးရွာမယ်မထင်မိပါလို့ ပါလာသည့် ရှန်တာဘက်ကလေး ခေါင်းပေါ် တင်မိရင်ပဲ သဲသဲမဲမဲ ရွာပြန်တော့ ခများကလေး ကင်းပွန်းချုံစွယ်နံဘေးမှာ ပြေးကာ ဝင်သွားရှာသည်။ မင်းဂံဘုတ်ရွာသူများ အသားတော် ဝင်းဝင်းလို့ ဝါဝါရီရွှင် ကြည်ကြည်လင်လင်"

ညနေရီ ရွှေခြည်တန်းများ တောင်တန်းကြီးများ၏ နောက်ကွယ်သို့ ရုပ်သိမ်းပျောက်ကွယ်သွားကြသည်နှင့် ကျွန်မတို့ခြံထဲတွင် စိမ်းစိမ်း၊ ဝါဝါ၊ နီနီ မီးပွင့်များသည် ဝင်းလက်၍ လာကြ၏။ မြောက်လေအေးကလေး တိုက်ခတ်သောအခါတွင် ဆောင်းရာသီတော်ဦး၏ မြူနှင်းမှုန်မှုန်များသည် လေတွင် ဇာပဝါလွင့်သလို လွင့်နေကြပေသည်။

အိမ်ရှေ့ မြက်ခင်းကွက်လပ် ပတ်ပတ်လည်ကို မီးပွင့်များ သွယ်တန်းထွန်းညှိထားပြီး အလယ်တွင် စားပွဲများကို စီ၍ချထားလေသည်။ ကျွန်မနှင့် ဦးဇင်မောင်သည် စားပွဲတန်းများ၏ ထိပ်ဆုံးတွင် သားရေအုပ်ထားသော နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် ထိုင်နေကြ၏။ ကျွန်မတို့ ဆိုဖာဘေးတွင် တစ်ယောက်ထိုင် ဆိုဖာတစ်လုံးစီ ချထား၏။ ဦးဇင်မောင်ဘက်က ကုလားထိုင်တွင် သူ့မိတ်ဆွေ ကိုစိန်တင့် ထိုင်၍ ကျွန်မ ဘေးဘက်က ကုလားထိုင်တွင် ထားခင်မူ ထိုင်နေသည်။

ဧည့်သည်များ တဖွဲဖွဲ ရောက်လာချိန်တွင် အသံသွင်းစက်မှ ကိုအံ့ကြီး၏

ရွှေမင်းဂံ သီချင်းသံသည် လေထဲတွင် ပျံ့လွင့်လျက်ရှိပေသည်။ ကျွန်မသည် မင်းဂံရွာသူတို့၏ အလှကို မမြင်ဖူး၍ ဘယ်လောက်လှသည်ကို မသိသော်လည်း သီချင်းသံသည် ရှေး ဝေးသောအတိတ်က ပုံပြင်တစ်ခုကို နားထောင်ရသလို လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းပေသည်။

ကျွန်မတို့၏ ညှော်ခံပွဲတွင် တောင်ကြီးမှ မြို့မျက်နှာဖုံးများ စုံလင်လှပေသည်။ ကျွန်မသည် တစ်စီးပြီးတစ်စီး ဝင်လာသည့် မော်တော်ကားများပေါ်မှ ဆင်းလာကြသော လင်မယားများကို တစ်ချက်တစ်ချက် လှမ်းကြည့်မိသည်။ သူတို့ကား အရွယ်ငယ်ငယ်နှင့် ရှေ့သွားနောက်လိုက်ညီကြ၏။ သူတို့ကို မြင်သည်နှင့် ကျွန်မသည် ဇူစကာနှင့် အမိတ္တာပုံလို အရွယ်ကွာခြားလှသော ကျွန်မတို့အဖြစ်ကို သတိရလာကာ မျက်ရည်တွေ လည်ကာ ကံအကြောင်းတရား၏ ကမောက်ကမ နိုင်တတ်ပုံကို တွေးမိသည်။

မေမေ့တုန်းကတော့ မေမေသည် လူကြီးများ သဘောကျသော အိမ်ထောင်ဖက်ရွေးချယ်ရေးမှုကို စွန့်လွှတ်ကာ ကိုယ့်စိတ် ကိုယ့်သဘောကျ အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့၏။ ကိုယ်နှင့် သေတစ်ပန်သက်ဆုံး ပေါင်းဖော်သွားရမည့် ဘဝအဖော်ကို ကိုယ့်ဘာသာ ရွေးချယ်ရလျှင် အိမ်ထောင်ရေး အဆင်ပြေမည်ဟု မေမေ ယူဆခဲ့ဟန်တူပါသည်။ သို့ရာတွင် မေမေသည် သူ့အိမ်ထောင်ရေး အဆင်မပြေ ဖြစ်လာသောအခါ၌ သူ့မှု မှားပြီဟု တစ်ချက်တည်း အသည်းခိုက်အောင် စွဲသွားဟန်တူ၏။ ထို့ကြောင့် မေမေသည် သူ့အမှားမျိုး သမီးတွေ မကြုံစေရန် သူ့စိတ်သဘောကျ စီမံခြင်းဖြစ်ဟန်တူပါသည်။

ကျွန်မအဖြစ်မှာ မေမေနှင့် ပြောင်းပြန်ဖြစ်လေသည်။ ကျွန်မသည် ကိုယ့်သဘောကျ အိမ်ထောင်ဖက်ရွေးချယ်ရေးမှုကို စွန့်လွှတ်ကာ မေမေသဘောကျ စီမံပေးခဲ့သူနှင့် လက်ထပ်ခဲ့ရ၏။ မေမေ့ တွက်ကိန်းကို ပြောင်းပြန်လှန်၍ တွက်သည့်နည်းဖြင့် တွက်ရမည်ဆိုပါလျှင် ကျွန်မ၏ အိမ်ထောင်ရေးသည် စင်းလုံးချောနေမည်သာ ဖြစ်ပေသည်။

“မိတ်ဆွေများ ခင်ဗျား၊ ဒီအချိန်ဟာဖြင့် ဦးဇင်မောင်နှင့် ဒေါ်ထားခင်အိတို့ရဲ့ မင်္ဂလာအခါတော်ကြီးဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခါတော်ကြီးဖြစ်သလို သူတို့နှစ်ဦးရဲ့ မိတ်ဆွေသင်္ဂဟများဖြစ်တဲ့ ကျွန်တော်တို့ အားလုံးရဲ့ မင်္ဂလာအခါတော်ကြီးလည်း ဖြစ်ပါတယ်”

ကျွန်မတို့ မင်္ဂလာဆည့်ခံပွဲတွင် တောင်ကြီးမြူနီစီပယ်ဥက္ကဋ္ဌ ဦးသန်းဌေးက ဩဘာစကား ပြောလေသည်။ ကျွန်မသည် ဦးသန်းဌေး၏စကားများကို ကြားနေရသော်လည်း ဝမ်းထဲက မချိတော့ပါ။

“မင်္ဂလာ အခါတော်ကြီး၊ မင်္ဂလာ အခါတော်ကြီး”

ကျွန်မသည် ခေါင်းငုံ့ထားရင်း စိတ်ထဲက ရွတ်ဆိုနေမိသည်။ ဦးသန်းဌေး ပြောသလိုပင် ဤအချိန်သည် သူတို့အဖို့တော့ မင်္ဂလာအခါတော်ကြီးပင် ဖြစ်ပါ၏။ သို့ရာတွင် အစ်ကိုမျိုးနှင့် ကျွန်မအတွက်တော့ မင်္ဂလာအခါတော်ကြီး မဟုတ်ဘဲ အမင်္ဂလာ အချိန်သာတကား။

“အိမ်ထောင်ခြင်းအမှု ဆိုတာဟာ လူ့အန္တယ်နှင့်အမျှ အိုမင်းတဲ့ ဓလေ့ထုံးစံကြီးတစ်ခုဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ အိမ်ထောင်ခြင်းအမှုဟာ ဓလေ့ထုံးစံကြီးတစ်ခု မကတော့ဘဲ လူမှုအဆောက်အအုံကြီးကို ကျားကန်ပေးထားတဲ့ ဒေါက်ကြီးတစ်ခု ဖြစ်လာတယ်။ ဒီဒေါက်ကြီးတစ်ခု ယိုင်လဲပျက်စီးသွားတာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ လူမှုအဆောက်အအုံကြီးဟာလည်း မရပ်တည်နိုင်ဘဲ ယိုင်လဲပျက်စီးရမှာပါပဲ။ ဒါကြောင့်မို့ ဃရာဝါသအမှုဟာ လူ့အဆောက်အအုံကြီးနှင့် ခွဲမရတဲ့ စနစ်ကြီးတစ်ခု ဖြစ်လာပါတယ်”

ကျွန်မသည် ဦးသန်းဌေး၏ ခေတ်ဆန်လှသော မင်္ဂလာစကားကို နားထောင်နေမိ၏။ ဦးဇင်မောင်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ သူလည်း ဂရုတစိုက် နားထောင်နေသည်ကို မြင်ရပါသည်။

“ဒါဖြင့်ရင် အိမ်ထောင်ခြင်းအမှုဆိုတာ ဘာလဲ၊ သူ့ရဲ့ အနက်အဓိပ္ပာယ်တွေက ဘာလဲဆိုတာ စိစစ်ကြည့်ချင်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ အိမ်ထောင်ခြင်းအမှုဆိုတာ တခြားမဟုတ်ပါဘူး။ မိန်းမနှင့် ယောကျ်ား ပေါင်းသင်းနေထိုင်ခြင်းပါပဲ”

ပရိသတ်က ဝေါခနဲ ရယ်လိုက်၏။ အထူးအဆန်းကို ကြားရလိမ့်မည်ဟု မျှော်လင့်နေကြတုန်း ဘာမျှ မထူးဆန်းသော စကားကို ကြားလိုက်ရသဖြင့် ရယ်ကြခြင်းဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။

“ဟုတ်ပါတယ်၊ အိမ်ထောင်ခြင်းအမှု ဆိုတာဟာ ယောကျ်ားနှင့် မိန်းမ ပေါင်းသင်းနေထိုင်ခြင်းပါပဲ။ ဒါပေမဲ့ သူတို့နှစ်ဦးတည်း ပေါင်းသင်းနေထိုင်ရုံနဲ့ အိမ်ထောင်ခြင်းအမှုရဲ့ အဓိပ္ပာယ် ပြည့်စုံသလားဆိုတော့ မပြည့်စုံသေးပါဘူး။ သူတို့နှစ်ဦး ပေါင်းသင်းဆက်ဆံကြသလို နှစ်ဖက်မိဘ နှစ်ဖက်ဆွေမျိုး၊ နှစ်ဖက် မိတ်သင်္ဂဟတွေပါ

ပေါင်းသင်းဆက်ဆံဖို့ လိုပါတယ်။ ထိုနှစ်ဖက်နှင့်တကွ နှစ်ဖက်ရဲ့ အသိုင်းအဝိုင်းများ ပေါင်းသင်း ဆက်ဆံကြခြင်းဖြင့် လူ့အဆောက်အအုံကြီး တစ်ခုလုံးထဲမှာ လူမှုဆက်ဆံရေး အဖွဲ့အစည်းကလေးတစ်ခု ဖြစ်လာရပါတယ်။ ဒီလို လူမှုအဖွဲ့အစည်းကလေးတွေကို စုစည်းပေးလိုက်တော့မှ လူမှုအဆောက်အအုံကြီးတစ်ခု ဖြစ်လာပါတယ်။ မိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားပျိုတစ်ယောက် တွေ့ပြီး ချစ်ကြတယ်။ ချစ်ရုံနဲ့ အိမ်ထောင်ခြင်းအမှု မပြီးသေးပါဘူး။ အဲဒီအချစ်ကို လူမှုတာဝန်ဝတ္တရားတွေနှင့် ပေါင်းစပ်ပေးဖို့ လိုပါသေးတယ်။ ဒါကြောင့်မို့ ကျွန်တော့်အမြင်မှာဖြင့် အိမ်ထောင်ခြင်းအမှုဆိုတာဟာ ချစ်မေတ္တာတရားကို လူမှုတာဝန်များနှင့် ပေါင်းစပ်ပေးလိုက်ခြင်းပါပဲ"

ကျွန်မသည် ဦးသန်းဋ္ဌေး၏စကားများကို စဉ်းစားနေမိသည်။ ဦးသန်းဋ္ဌေးက အိမ်ထောင်ခြင်းအမှုဆိုသည်မှာ အချစ်နှင့် လူမှုတာဝန်များကို ပေါင်းစပ်ပေးခြင်းဟုဆို၏။ သို့မှသာ အိမ်ထောင်ရေး၏ အဓိပ္ပာယ်သည် ပြည့်ဝမည်ဟု ဆိုလေသည်။ ကျွန်မနှင့် ဦးဇင်မောင်တို့သည် လူမှုရေးရာအမြင်တွင် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်ကြပေတော့မည်။ ကျွန်မတို့သည် လင်နှင့် မယားတို့ စောင့်စည်းအပ်သော လူမှုစည်းကမ်းများကို လိုက်နာကာ လူမှုတာဝန်များကို ထမ်းဆောင်ရပေတော့မည်။ သို့ရာတွင် ကျွန်မတို့၏ အိမ်ထောင်ခြင်းအမှု၌ လူမှုတာဝန် ထမ်းဆောင်ခြင်းသာရှိ၍ တစ်ဦးကိုတစ်ဦးတုံ့ပြန်သောအချစ် မရှိပေ။ သို့ဖြစ်လျှင် အချစ်နှင့် လူမှုတာဝန်ကို ပေါင်းစပ်ပေးခြင်းဟု ဦးသန်းဋ္ဌေး ဖွင့်ဆိုသော အိမ်ထောင်ရေး၏ အဓိပ္ပာယ်နှင့် တိုင်းထွာကြည့်လျှင် ကျွန်မတို့ အိမ်ထောင်ပြုခြင်းသည် အရည်မမီသော အိမ်ထောင်ပြုခြင်းသာ ဖြစ်ပေလိမ့်မည်။

"အဲဒီနေရာမှာ ယောကျ်ားတွေ မကြာခဏ တွေ့ရတတ်တဲ့ ချွတ်ယွင်းချက်တစ်ခုကို ကျွန်တော် ပြောချင်ပါတယ်"

ကျွန်မသည် အတွေးမျှင်များကိုဖြတ်ကာ ဦးသန်းဋ္ဌေးစကားများကို နားစွင့်လိုက်၏။

"ယောကျ်ားတော်တော်များများဟာ မိန်းမရပြီးတာနဲ့တစ်ပြိုင်နက် ဒီမိန်းမဟာ ငါပိုင်ပြီဆိုပြီး ဂရုမစိုက်ဘဲ နေချင်ကြတယ်။ မရခင်တုန်းကတော့ ပိုးလိုက် ပန်းလိုက်ကြတာ၊ အဲ... ရလည်းပြီးရော မိန်းမကို အိမ်က ကြက်မကြီးလို့ပဲ သဘောထားလိုက်ကြတော့တာပဲ။ ကျွန်တော့်အမြင်မှာတော့ ဒါဟာ ယောကျ်ားတွေရဲ့ အကြီးဆုံးသော မဟာအမှားကြီးပဲလို့ မြင်တယ်။ အမှန်ကတော့ ယောကျ်ားတွေဟာ ကိုယ့်မိန်းမကို

အရင်ကထက် ဆတက်ထမ်းပိုး ပိုပြီး ပိုးရမယ်။ အပျိုတုန်းက တစ်ကျပ်ဖိုး ပိုးရင် ကိုယ့်မိန်းမ ဖြစ်လာတဲ့အခါကျတော့ သည့်ထက်မက ပိုးပြရမယ်။ ဒါကြောင့် ကိုယ့်မိန်းမဖြစ်ပြီး အပိုးမလျော့ကြပါနဲ့၊ ကိုယ့်မိန်းမ ကိုယ်ပြန်ပိုးကြပါ"

ပရိသတ်က သဘောကျ၍ ရယ်ကြ၏။

"တကယ်ပါ၊ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ဟာ ဘာမှ သွေးသားတော်စပ်ခြင်း မရှိကြဘဲနဲ့ ပေါင်းသင်းလိုက်ကြတယ်။ လင်မယား ပေါင်းသင်းတယ်ဆိုတာ မိတ်ဆွေလို ကိုယ့်အိမ်ကိုယ်နေပြီး ပေါင်းသင်းကြတာမျိုး မဟုတ်ဘူး။ တစ်နေ့မှ တစ်ခါတွေ့ကြတာမျိုးလည်း မဟုတ်ဘူး။ နေ့စဉ်နဲ့အမျှ၊ နာရီနဲ့အမျှ၊ မိနစ်နဲ့အမျှ တွေ့ဆုံနေကြတာ ဖြစ်တယ်။ ဒီတော့ တစ်ခါတလေ တွေ့မယ့် မိတ်ဆွေချင်းညီအစ်ကိုချင်းတောင် စိတ်သဘောချင်း မတိုက်ဆိုင်တာတွေ တွေ့ရရင် နေ့စဉ်နဲ့အမျှ၊ နာရီနဲ့အမျှ၊ မိနစ်နဲ့အမျှ တစ်သက်လုံး သေသည်အထိ တွေ့သွားရမယ့် လင်မယားဟာ သဘောချင်း မတိုက်ဆိုင်တာကလေးတွေတော့ တွေ့မှာပဲ"

ဦးသန်းဌေးသည် ကျွန်မနှင့် ဦးဇင်မောင်ကို ပြုံး၍ လှမ်းကြည့်လိုက်သည်။

"ဒါပေမဲ့ ဒီအခက်အခဲဟာ သိပ်မပြောပလောက်ပါဘူး။ ဒီလိုနေပြီး သေသည်အထိ ပေါင်းသွားကြတဲ့ လင်မယားတွေလည်း အများကြီးပါပဲ။ ဒီတော့ အိမ်ထောင်ရေး သာယာအောင် ကျွန်တော် မြင်ထားတဲ့ နည်းကလေးတွေကို လက်ဆောင်ပေးချင်ပါတယ်"

ဦးသန်းဌေးသည် စကားကိုရပ်ကာ ပရိသတ်ကို လှမ်းကြည့်၏။ ပရိသတ်ကလည်း စိတ်ပါဝင်စားစွာ သူ့ကို နားစွင့်နေကြသည်။

"အဲဒါကတော့ တခြားမဟုတ်ပါဘူး။ တစ်အချက်အနေနဲ့ လင်နဲ့မယား ညီတူညီမျှ အခွင့်အရေးရရှိဖို့ လိုပါတယ်။ နှစ်အချက်က လင်နဲ့မယားဟာ နှစ်ဦးသဘောတူညီ အသိအမှတ်ပြုထားကြတဲ့ တစ်ယောက်စီရဲ့ လွတ်လပ်ခွင့်ကို ဝင်ရောက်နှောင့်ယှက်ခြင်း မပြုသင့်ဘူး။ သုံးအချက်က ကာယကံအားဖြင့်ရော၊ မနောကံမြောက်အားဖြင့်ရော တစ်ဦးနဲ့တစ်ဦး ပြည့်ဝတဲ့ ရင်းနှီးဆက်ဆံမှုရှိရမယ်။ လေးအချက်ကတော့ တစ်ဦးကိုတစ်ဦး နားလည်ယုံကြည်မှုရှိရမယ်။ ငါးအချက်ကတော့ တန်ဖိုးထားတာချင်းမှာ တစ်ဦးနဲ့တစ်ဦး အနည်းဆုံး တူညီမှုတွေရှိရမယ်။ ဆိုလိုတာကတော့ လင်က အေးအေးဆေးဆေးနေရတဲ့ ဘဝမျိုးကို ကြိုက်ပြီး၊ မယားက ပလွှားတတ်တဲ့ ဘဝမျိုးကို ကြိုက်လို့ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း ကွဲပြားနေတာမျိုး မဖြစ်စေ

သင့်ဘူး။ ကျွန်တော့်မူကတော့ မူကြီးငါးချက်လို့ ခေါ်ချင် ခေါ်နိုင်ပါတယ်။ အဆင်မပြေတဲ့ အိမ်ထောင်တွေကို လိုက်ကြည့်တဲ့အခါမှာ ဒီမူတွေအနက်က တစ်ခုခုရင်လည်း ချွတ်ယွင်းနေတယ်။ ဒါမှမဟုတ် အားလုံးရင်လည်း ချွတ်ယွင်းနေတာကို တွေ့ရတတ်ပါတယ်။ လင်နဲ့မယားဟာ အိုဗာဝိတ် တင်လာတဲ့ ကုန်တင်ကားကို ယာဉ်ထိန်းရဲ ချောင်းသလို တစ်ယောက်အမှားကို တစ်ယောက် ချောင်းနေကြမယ်ဆိုရင်တော့ ဒီအိမ်ထောင်ရေးဟာ ဘယ်တော့မှ ပြေပြစ်တဲ့ အိမ်ထောင်ရေး မဖြစ်နိုင်ပါဘူး"

ဦးသန်းဌွေးသည် သူ့စကားကို အဆုံးသတ်လိုက်၏။ ပရိသတ်များက လက်ခုပ်တီး၍ ဩဘာပေးကြသည်။ ဦးသန်းဌွေး စကားပြောပြီးလျှင် ပရိသတ်များအား လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေး၏။ ကိုစိန်တင့်သည် မင်္ဂလာဧည့်ခံကိစ္စအဝဝကို စီစဉ်သွားလေသည်။

"ကိုယ့်ထက် အသက်ကြီး အရပ်ဆိုး ယောကျ်ားများကို ယူပြန်ရင်လည်းကွယ် ကောင်းရင် တော်ပါရဲ့၊ မကောင်းရင် ကိုယ်ကျိုးနည်းလိမ့်မယ်"

ဧည့်ပရိသတ်များ စားသောက်နေကြစဉ်တွင် အသံသွင်းကြိုးခွေမှ ပြဇာတ်မင်းသား ခင်မောင်မြင့်၏ သီချင်းသံကို ကြားရ၏။ သည်သီချင်းသည် သီချင်းတွေတစ်ပုဒ်ပြီး တစ်ပုဒ် ဆက်တိုက်သွင်းထားသော အသံသွင်း ကြိုးခွေထဲမှ ထွက်လာခြင်းဖြစ်၏။ ကိုယ့်ဝိုင်းနှင့်ကိုယ် စကားတွေ ဖောင်ဖွဲ့အောင် ပြောနေကြသဖြင့် ပြဇာတ်မင်းသား ခင်မောင်မြင့်၏ သီချင်းသံကိုလည်းကောင်း၊ သီချင်း၏ အဓိပ္ပာယ်ကိုလည်းကောင်း ဘယ်သူကမျှ သတိထားလိုက်မိပုံ မပေါ်ကြပါ။ ကျွန်မအတွက်မူ ပြဇာတ်မင်းသား ခင်မောင်မြင့်၏သီချင်းသံသည် အနားတွင် တန်ဖိုးကြီး ကပ်၍ ပေါက်ကွဲသွားသလို အလန့်တကြား ဖြစ်သွားစေပါသည်။

စားသောက်ပြီးကြသည့် ပရိသတ်သည် စားပွဲထိပ်၌ ကျွန်မတို့ နှစ်ယောက်တွဲထိုင်နေကြရာသို့ တစ်ယောက်ပြီးတစ်ယောက်၊ တစ်တွဲပြီးတစ်တွဲ လာရောက်၍ ကျွန်မတို့ကို နှုတ်ဆက်ကြ၏။ ဦးဇင်မောင်ကို လက်ဆွဲနှုတ်ဆက်ကြ၏။

"ဆရာမရဲ့လူက ခန့်သားပဲ ဆရာမရဲ့"

ကျွန်မတို့ကျောင်းက ဆရာမ ညွှန့်ညွှန့်ရီက ကျွန်မ နားနားသို့ ကပ်ကာ လေသံဖြင့် ပြောလိုက်သည်။ ကျွန်မသည် ရောယောင်၍ ဟန်ဆောင်ပြုံး ပြုံးလိုက်ရ၏။ ကျွန်မ၏ တပည့်မများ၊ မိတ်ဆွေ ကျောင်းဆရာ ဆရာမများ၊ ဦးဇင်မောင်၏ မိတ်ဆွေကုန်သည်များ၊ ရှမ်းပြည်အစိုးရအဖွဲ့ဝင်များ၊ စစ်ဘက်အရာရှိများ၊ အုပ်ချုပ်

ရေး အရာရှိများကလည်း လာရောက်နှုတ်ဆက်ကြ၏။ ကျွန်မသည် လာရောက်နှုတ်ဆက်သူ အားလုံးကို ဟန်ဆောင်ပြုံး ပြုံးကာ ခေါင်းလည်ညိတ်လျက် နှုတ်ဆက်ရသည်မှာလည်း အမောပင်။

ယောကျ်ားပရိသတ်များက ဦးဇင်မောင်ကို လက်ဆွဲနှုတ်ဆက်ကြပြီး မိန်းမပရိသတ်များက ကျွန်မကို လာ၍ နှုတ်ဆက်ကြ၏။ ကျွန်မသည် လူနည်းနည်းစဲသွားသဖြင့် ဆိုဖာကိုမှီ၍ ခေတ္တထိုင်နေလိုက်သည်။ သို့ရာတွင် ကြာကြာမထိုင်ရပါ။ နောက်ထပ် ပရိသတ်တစ်အုပ် ကျွန်မတို့အနားသို့ လျှောက်လာကြကာ လာ၍ နှုတ်ဆက်ကြပြန်သည်။ ထို့ကြောင့် ကျွန်မသည် သူတို့ကို ဆီးကြိုနှုတ်ဆက်ရန် ထလိုက်ရသည်။

"ဟင်"

ကျွန်မသည် ပါးစပ်က ရုတ်တရက် ထွက်သွားကာ မြင်လိုက်ရသော ရှုခင်းတစ်ကွက်ကြောင့် ကျွန်မ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားပြီး မျက်လုံးတွေ ပြာသွားသည်။ ဆိုဖာလက်တင်ကိုလည်း လက်ဖြင့်ဖမ်း၍ ကိုင်လိုက်ရသည်။ ဆိုဖာလက်တင်ကို မကိုင်မိလျှင် ကျွန်မသည် ဤနေရာတွင်ပင် ယိုင်လဲကျသွားလိမ့်မည်လားဟုထင်လိုက်မိပါသည်။

"အစ်ကိုမျိုး"

ကျွန်မသည် ကျွန်မရှေ့တွင် ရောက်လာသော မိန်းမမိတ်ဆွေတစ်ယောက်က လက်ကမ်းပေးသည်ကို လှမ်း၍ နှုတ်မဆက်နိုင်သေးဘဲ ကိုအောင်မျိုးကို လှမ်းကြည့်နေမိသည်။ ကိုအောင်မျိုးသည် ကြီးကြီးညွန့်နှင့်အတူ ကျွန်မတို့ဆီသို့ လျှောက်လာနေသည်။

"ဆရာမ သိပ်ပင်ပန်းနေပြီထင်တယ်။ ကျွန်မတို့ ပြန်လိုက်ပါဦးမယ်နော်"

အနားက နှုတ်ဆက်သံကို ကြားရတော့မှ ကျွန်မသည် သတိပြန်ရလာကာ နှုတ်ဆက်နေသူကို ပြန်၍ နှုတ်ဆက်လိုက်ရသည်။ ကျွန်မသည် ကိုယ့်မျက်စိများကိုပင် မယုံကြည်နိုင်သေးဘဲ ကြီးကြီးညွန့်နှင့်အတူ စားပွဲတန်းများအလယ်မှ ကျွန်မတို့ဆီသို့ လျှောက်လာနေသူကို သေသေချာချာ ကြည့်မိသည်။ ဘယ်လိုပင်ကြည့်ကြည့် မမှားနိုင်ပါ။ ကိုအောင်မျိုးပင် ဖြစ်ပါသည်။ ကိုအောင်မျိုးသည် ဘယ်တုန်းက ဘိလပ်မှ ပြန်လာ၍ ဘယ်တုန်းက တောင်ကြီးသို့ ရောက်နေပေသနည်း။ ကျွန်မတို့ မင်္ဂလာဧည့်ခံပွဲသို့ ဘယ်သဘောနှင့် ရောက်လာပေသနည်း။

တဖြည်းဖြည်းနှင့် ကိုအောင်မျိုးနှင့် ကြီးကြီးညွန့်သည် ကျွန်မတို့အနားသို့ ရောက်လာကြသည်။ ကျွန်မသည် ထွက်ပြေးရမည်လား၊ မျက်နှာ လွှဲထားရမည်လား၊ ဘာလုပ်ရမည်ကိုပင် မသိတော့ပါ။ နောက်ဆုံးတွင် မျက်လွှာကို ချထားလိုက်ပါသည်။

"မနေ့က ပို့လိုက်တဲ့ ဖိတ်စာရတယ်နော် ကိုအောင်မျိုး။ တချို့လည်း ဖိတ်စာ မလောက်လို့ မပို့ရဘူးဗျာ၊ သိပ် အားနာစရာကောင်းတာပဲ။ ခင်ဗျားလည်း ဘိလပ်က ပြန်လာတော့ အသားတွေ ဖြူပြီး တော်တော်ဝလာသားပဲ"

ဦးဇင်မောင်နှင့် ကိုအောင်မျိုးသည် လက်ဆွဲနှုတ်ဆက်နေကြ၏။ သို့ရာတွင် သူတို့နှစ်ယောက်၏ လက်များသည် လှုပ်ရုံသာ လှုပ်နေခြင်းလား၊ အားရပါးရ ဖျစ်ညှစ်ထားကြခြင်းလားတော့ ကျွန်မ မသိပါ။

"ကဲ ကဲ မထားကိုလည်း နှုတ်ဆက်လိုက်ပါဦး"

နောက်ထပ်ဧည့်သည်များ ဦးဇင်မောင်အနားသို့ ရောက်လာကြသဖြင့် ဦးဇင်မောင်က ကိုအောင်မျိုးကို ကျွန်မဘက်သို့ လွှတ်လိုက်၏။ ကြီးကြီးညွန့်မှာ ဦးဇင်မောင်အနား နောက်ထပ်ရောက်လာသော ဧည့်သည်များနှင့် စကားပြောနေလေသည်။ ကျွန်မအနားမှ အမျိုးသမီးဧည့်သည်တစ်သိုက် ထွက်သွားပြီး သူ ရောက်လာပါသည်။

"နေကောင်းတယ်နော် မထား"

ကျွန်မသည် ခေါင်းကို ငုံ့၍ထားလိုက်ပြီး မျက်လွှာကိုလည်း ချထားလိုက်ရ၏။ ကျွန်မသည် အစ်ကိုမျိုး၏ မျက်လုံးများကို ရင်မဆိုင်ရဲပါ။ ကျွန်မတို့ မျက်လုံးနှစ်စုံ ဆိုင်မိကြလျှင် ကျွန်မတို့သည် ကျွန်မတို့ရင်ထဲတွင် မျိုသိပ်ရသည့် ခံစားချက်များကို သည်မျက်လုံးများက ပြန်ပြောပြမှာ စိုးရိမ်နေကြပါသည်။ ကျွန်မတို့နှစ်ယောက်သည် တစ်ခဏမျှ ငြိမ်သက်နေကြ၏။ ကျွန်မအဖို့တော့မူ သည်တစ်ခဏသည် တစ်ကမ္ဘာလောက် ကြာသည်ဟု ထင်ပေသည်။

"နေကောင်းတယ်မဟုတ်လား မထား"

"ဟုတ် ဟုတ်ကဲ့၊ ကောင်း ကောင်းပါတယ်"

ကျွန်မသည် ဣန္ဒြေကို အနိုင်နိုင်ဆည်ကာ ပြန်ဖြေလိုက်ရ၏။ ကျွန်မအသံသည် တုန်ယင်နေသည်ကို ကျွန်မဘာသာ သတိထားလိုက်မိသည်။

သည်အတွင်း ထားခင်မူ အနားသို့ ရောက်လာသည်။ သည်တော့မှ ကျွန်မသည် အသက်ရှူချောင်သလိုလို အနေရသက်သာသွား၏။ ထားခင်မူသာ မရောက်လာလျှင် ကျွန်မသည် ဤဒုက္ခဝေဒနာကို ဘယ်မျှလောက် ကြာရှည်စွာ ခံစားနေရမည်

မသိပေ။

"အစ်ကိုမျိုးကြီး သိပ်ဆိုးတာပဲ၊ ဘိလပ်က ပြန်ရောက်လာတာ ထားခင်မူတို့တောင် မသိလိုက်ရဘူး။ ဘာလက်ဆောင်တွေ ပါသလဲ၊ ဘယ်တုန်းက ပြန်ရောက်တာလဲ ဟင်"

နှုတ်သွက်အာသွက် ထားခင်မူက ထုံးစံအတိုင်း ဆက်တိုက် မေးခွန်းတွေ ထုတ်နေသည်။

"ဘိလပ်က ပြန်ရောက်တာတော့ ငါးရက်လောက် ရှိသွားပြီ။ ရန်ကုန်ရောက်ရောက်ချင်း ကျန်းမာရေးဌာနသွားပြီး ပို့စတင်သွားမေးတော့ တောင်ကြီးပဲ ပြန်ကျလို့ တခြားနေရာ ပြောင်းရအောင် ကြိုးစားတာနဲ့ ကြာသွားတာ။ မရပါဘူး ထားခင်မူရာ၊ နောက်ဆုံး တောင်ကြီးပဲ ပြန်ရောက်တာပဲ"

"တောင်ကြီးကို ဘယ်တုန်းက ရောက်သလဲ"

"မနေ့က ရောက်တယ်၊ ဆေးရုံကို ဂျူတီရီပို့လုပ်ပြီး ကလောပြန်ဆင်းသွားတယ်။ ဒီနေ့မှတစ်ခါ ကလောက ပြန်တက်လာတာ။ အရင်နေတဲ့အိမ်က ပြန်အပ်ထားတော့ အိမ်မရသေးဘူး။ ဒါကြောင့် ဟို ကလောက မိတ်ဆွေတစ်ယောက်ရဲ့အိမ်မှာပဲ နေသေးတယ်"

ကျွန်မသည် မလှမ်းမကမ်းတွင် ပြောနေကြသည်ကို အကုန်ကြားနေ၏။ တစ်ခါတစ်ခါတွင်မူ ဧည့်သည်များ လာရောက်နှုတ်ဆက်နေသဖြင့် သူတို့စကားများကို မကြားရပေ။

"ထားခင်အိတ်ကိုကိစ္စကို တောင်ကြီးရောက်မှ သိတာပေါ့"

"မဟုတ်ပါဘူး၊ ရန်ကုန်မှာ အေးအေးတို့ဆီရောက်တော့ သိတာပဲ။ ဒါကြောင့်မို့ တောင်ကြီးကို ပို့စတင်မကျအောင် လုပ်တာပေါ့"

"ဖိတ်စာကော ရသလား"

"ရတယ်၊ အစ်ကိုမျိုးတို့ဌာနကို လာဖိတ်တော့ အစ်ကိုမျိုး ပြန်ရောက်နေပြီလို့ ရုံးကလူတွေက ဖိတ်စာလာပို့တဲ့လူကို ပြောလိုက်တာနဲ့ ညနေကျတော့ ဦးဇင်မောင်က အပို့ခိုင်းလိုက်တယ်"

ဧည့်သည်တစ်သုတ် ရောက်လာသဖြင့် ကျွန်မသည် သူတို့ စကားပြောနေသည်ကို မကြားတော့ဘဲ ပြတ်သွားပြန်သည်။

"ကဲ မထား ပြန်မယ်၊ ပျော်ရွှင်ချမ်းမြေ့မယ့်အိမ်ထောင် ဖြစ်ပါစေလို့ ဆုတောင်း

ပါတယ် မထား"

ကိုအောင်မျိုးသည် ကျွန်မကို နှုတ်ဆက်၏။ နောက် ဦးဇင်မောင်ကိုပါ နှုတ်ဆက်ကာ ထွက်သွားလေသည်။

နှင်းမှုန်ကလေးများသည် တဝေဝေကျဆင်းလာကြသည်။ မီးပွင့်များသည် ညအမှောင်တွင် ပို၍ တောက်လာကြပေသည်။ အလင်းရောင်ဆိုသည်မှာ အမှောင်ထဲကျမှ ပိုလို့ တောက်ပမြဲ ဖြစ်ပေသည်။

ကျွန်မသည် မှုန်ပျပျ မီးပွင့်အရောင်များအောက်တွင် ခြံဝ၌ ရပ်ထားသော မော်တော်ကားဆီသို့ တစ်လှမ်းချင်း လျှောက်သွားနေသော ကိုအောင်မျိုးကို လှမ်းကြည့်ရင်း ကျန်ရစ်ခဲ့သည်။

တဖြည်းဖြည်းပင် ကိုအောင်မျိုးသည် ဝေးကာ အမှောင်ထဲတွင် ပျောက်ကွယ်သွားပေပြီ။

## [၁၇]

ကျွန်မတို့ မင်္ဂလာဧည့်ခံပွဲမှာ ညရှစ်နာရီလောက်တွင် ပြီးသွားလေသည်။ ဧည့်ခံပွဲပြီးသော်လည်း ရင်းနှီးသည့် မိတ်ဆွေတစ်သိုက်မှာ မပြန်ကြပေးပေ။ ဦးဇင်မောင်၏ မိတ်ဆွေများဖြစ်သော ဦးသန်းဒွေးနှင့် ကိုစိန်တင့်တို့ လူသိုက်က ဦးဇင်မောင်အား 'လူပျိုဘဝ နောက်ဆုံးည' အထိမ်းအမှတ်အဖြစ်ဖြင့် အရက်တိုက်ရမည်ဟု တောင်းဆိုနေကြ၏။

"ဒီနေ့ည အရက်တစ်ခွက်မှ မသောက်ရရင်တော့ မပြန်ဘူးဗျ ဒါပဲ"

ကိုစိန်တင့်က ကလေးဆိုးကြီးလိုပြောကာ ဆိုဖာတွင် ဝင်ထိုင်လိုက်၏။

"တစ်ခွက်နဲ့ ဘယ်ရမလဲ၊ ကျုပ်တို့လူသိုက်နဲ့ဆိုရင် စကော်ချ်နှစ်ပုလင်းလောက်မှ ရေချိန်ကိုက်မယ်၊ ဦးဇင်မောင်လည်း သောက်ရမယ်။ လူပျိုဘဝကို နှုတ်ဆက်တဲ့ သဘောပေါ့ဗျာ။ ဘယ့်နှယ်လဲ ဒေါ်ထားအိ၊ ဦးဇင်မောင်ကို သောက်ခွင့်ပေးမယ် မဟုတ်လား။ တစ်ခါတလေ အထိမ်းအမှတ်သဘောပေါ့ဗျာ ဟုတ်လား"

ဦးသန်းဒွေးက မိန်းမပိုင်းတွင် ထိုင်နေသော ကျွန်မကို လှမ်း၍မေးလိုက်သည်။ ကျွန်မ ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်ပါသည်။ ဦးသန်းဒွေးသည် ထားခင်အိ၏အဖြစ်ကို ဘာမျှမသိပါ။ ရင်ထဲတွင် ဝေဒနာခံစားနေရသည့်အဖြစ်ကိုလည်း ဘာမျှ

သိမည်မဟုတ်ပါ။ သူတို့အဖို့တော့မူ ဤညသည် ပျော်ပွဲကြီး ဖြစ်ပါ၏။ ကျွန်မအဖို့မူကား ငိုပွဲကြီးသာ ဖြစ်လေသည်။

"အမယ် ဦးသန်းဌွေးတို့တင်တော့ ဘယ်ရမလဲ၊ ကျွန်မတို့ကလည်း ဆရာမဆီက ခဲဖိုးတောင်းရမယ်"

မိန်းမသိုက်ထဲက တစ်ယောက်က ဝင်ပြောလိုက်သည်။ ကျွန်မသည် သူတို့တစ်တွေ ရယ်မောပြောဆိုနေကြပုံကို ကြည့်၍သာ နေမိပါသည်။ ကျွန်မ မိတ်ဆွေများကတော့ ကျွန်မသည် အပျိုဘဝကို နောက်ဆုံးနှုတ်ဆက်ရမည့် မိန်းမတို့ ထုံးစံအတိုင်း ရှက်စိတ်၊ ကြောက်စိတ်တို့ ဖုံးလွှမ်းကာ စကားမပြောနိုင်ဘဲဖြစ်နေသည်ဟု ထင်ကြဟန်တူပါသည်။

ခဏကြာလျှင် အိုက်စံသည် အရက်ပုလင်းများ၊ ဆော်ဒါပုလင်းများနှင့် ခွဲပြီးသား ရေခဲတုံးများ ထည့်ထားသော ဇလုံတစ်လုံးကို သယ်လာ၏။

"လာ လာ ဦးဇင်မောင်ပါ သောက်ရမယ်"

ကိုစိန်တင့်က အရက်ခွက်ထဲသို့ အရက်များကို ငှဲ့ထည့်ကာ ဦးဇင်မောင်ဘက်သို့ လှမ်းပေးလိုက်သည်။

"ဟာ မလုပ်ပါနဲ့၊ ကျွန်တော် မသောက်ပါရစေနဲ့"

ဦးဇင်မောင်က ဆေးပြင်းလိပ်ကို ဖွာရင်း လက်ကာ၍ ငြင်းနေ၏။

"ဘယ် ဒီလိုလုပ်လို့ရမလဲ ဦးဇင်မောင်ရဲ့၊ 'ဘက်ချ်လာနိုက်' မှာ ဦးဇင်မောင်က မသောက်ဘူးဆိုရင် ဘယ်မှာအဓိပ္ပာယ်ရှိတော့မလဲ။ လုပ်ပါ၊ ကဲ ကဲ လာ တို့စ်လုပ်မယ်။ တို့စ်၊ ဦးဇင်မောင်နဲ့ ဒေါ်ထားခင်အိတို့ မင်္ဂလာအတွက်"

ဦးသန်းဌွေးကပါ ဦးဇင်မောင်အနားသို့ ဖန်ခွက်ကို ကိုင်၍ လျှောက်လာသည်။

"မသောက်ပါရစေနဲ့ ဦးသန်းဌွေး၊ ကျွန်တော် တောင်းပန်ပါတယ်"

"မဖြစ်ဘူးလေ၊ အိမ်သည်ကမှ မသောက်ရင် ကျွန်တော်တို့ ဧည့်သည်တွေ ဘယ်လိုလုပ် သောက်မလဲ။ ဘာလဲ ခင်ဗျား ဒေါ်ထားအိက စိတ်ဆိုးမှာ ကြောက်နေပြီလား။ တစ်ခါတလေ သောက်တာပဲဗျာ၊ ကိစ္စမရှိပါဘူး။ ဟောဒီမှာ ဆရာမ၊ ဦးဇင်မောင်က ဆရာမ စိတ်ဆိုးမှာစိုးလို့ မသောက်ဘူးတဲ့။ တစ်ခါတလေသောက်တာပဲ ဆရာမရာ၊ စိတ်မဆိုးပါနဲ့ဟုတ်လား။ ကျွန်တော်တို့ ဒီနေ့ည ပျော်လွန်းလို့ပါ။ လူပျိုကြီးအဖြစ်နဲ့ အရိုးထုတ်တော့မယ်ဆိုတဲ့ ဆရာကြီး မစွံ မစွံနဲ့ စွံမယ့်စွံတော့ ဆရာမလို ရုပ်ချောအလိမ္မာကို သွားစွံတော့ ကျွန်တော်တို့ ဝမ်းသာလွန်းလို့ပါ။ ခွင့်ပြုလိုက်ပါနော်

ဆရာမ ဟုတ်လား၊ ဘယ့်နှယ်လဲ"

ဦးသန်းဌေးက ကျွန်မကို လှမ်း၍ပြောနေသည်။

"တစ်ခါတလေပဲ ခွင့်ပြုလိုက်ပါ ဆရာမရယ်"

ကျွန်မအနားက ဆရာမ ညွန့်ညွန့်ရီတို့ကလည်း ကျွန်မကို ဝိုင်း၍ တိုက်တွန်းကြပါသည်။ ဦးဇင်မောင်ကလည်း ကျွန်မကို လှမ်းကြည့်နေသည်။

"ကျွန်မက ဘာမှ ပြောစရာမရှိပါဘူး ဦးသန်းဌေး၊ သူ့သဘောပါ"

"ကဲ ဆရာမက ခွင့်ပြုပြီတဲ့ဗျ၊ ဦးဇင်မောင် လုပ်လေဗျာ"

ကိုစိန်တင့်က အရက်ခွက်ကို ဦးဇင်မောင်ထံ ထိုးပေးလိုက်သည်။ ဦးဇင်မောင်မှာ ငြင်းမြဲ ငြင်းနေသည်။

"မလုပ်ပါရစေနဲ့ ကိုစိန်တင့်၊ ကျွန်တော်နဲ့ မတည့်လို့ပါ"

"အမလေးဗျာ ဒီလောက်တောင် ကျန်းမာနေတဲ့ လူကြီးကို အရက်ကလေး တစ်ခါတလေ သောက်တာများ ဘာမတည့်စရာရှိလဲ။ ဒီမှာ ဦးဇင်မောင်၊ ကျွန်တော်တို့လို ပိန်ခြောက်ကောင်တွေ နေ့တိုင်း သောက်တာတောင် ဘာမှမဖြစ်ဘူး။ ဒီမှာ အရက်ဟာ မှန်မှန်သောက်ရင် ဆေးတစ်ပါးတဲ့ဗျ။ ကဲ လုပ်ပါ တစ်ခွက်တည်း တစ်ခွက်တည်း"

ဦးသန်းဌေးက ဖန်ခွက်ကို သူကိုယ်တိုင်ယူကာ ဦးဇင်မောင်၏ ပါးစပ်နားသို့ တေ့ပေးနေ၏။

"ဆောရီးဗျာ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ဆရာဝန်က မသောက်ရဘူးလို့ ပြောထားလို့၊ မသောက်ပါရစေနဲ့"

"ကျွန်တော့် ညာဘက်အဆုတ်က သိပ်မကောင်းဘူး။ ရင်ဘတ်က တစ်ခါတစ်ခါ သိပ်အောင့်တယ်။ ဒါကြောင့်မို့ မသောက်တာပါ။ နို့မို့ရင် ကျွန်တော် သောက်ပါတယ်"

"အို ဆင်ခြေဆိုတာ ပေးရင်ရတာချည်းပေါ့။ ဦးဇင်မောင်လို ပြောရရင် ကျွန်တော်လည်း သွေးတိုးရောဂါ ရှိတာပဲ။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ဆရာဝန်က အရက်မသောက်နဲ့၊ ဆက်သောက်ရင် တစ်နှစ်အတွင်း သေလိမ့်မယ်လို့ ပြောတာနဲ့ စိတ်ညစ်ညစ်နဲ့ ဆက်သောက်လိုက်တာ လေးနှစ်ရှိပြီ၊ ခုထက်ထိ မသေဘူး။ လုပ်ပါ ဦးဇင်မောင်ရာ၊ တစ်ခွက်တည်း တစ်ခွက်တည်း"

ကိုစိန်တင့်က ပြော၏။

"ကျွန်တော်က ခင်ဗျားလိုတော့ ရောဂါမရှိဘူး။ ဒါပေမဲ့ ကျွန်တော့် ညာဘက်အဆုတ်ထဲမှာ ကျည်ဆန်ဝင်နေတယ်ဗျ။ ဒီတော့ အဆုတ်ထဲမှာ ဝင်ပြီး အသိုက်လုပ်နေတဲ့ ဒီကောင်ကို အလစ်ပေးလို့ မဖြစ်ဘူး။ ဒီကောင်ကို အလစ်ပေးလိုက်တာနဲ့ ဒီကောင် ကျွန်တော့်ကို ရန်မူလိမ့်မယ်၊ မလုပ်ပါရစေနဲ့"

"ဟာ ခင်ဗျား မသောက်ချင်တိုင်း အကြောင်းအမျိုးမျိုး ပြနေတာပဲ။ ဘာပဲဖြစ်ဖြစ်ဗျာ။ ဒီနေ့ည တစ်ခွက်တော့ သောက်ရမယ်။ ဒါပဲ"

ဦးသန်းဌေးက ဇွတ်ပြော၏။ သူတို့ဝိုင်းသည် တဖြည်းဖြည်းနှင့် ဆူညံစပြုလာလေသည်။

ကျွန်မတို့ မိန်းမဝိုင်း လူစုကွဲသောအခါ ည ၉ နာရီ ထိုးပေပြီ။ ကြီးကြီးညွန့်နှင့် ထားခင်မူသည် လက်ဖွဲ့ရသော ပစ္စည်းများကို စာရင်းသွင်း၍ အိမ်အောက်ထပ်တွင် သိမ်းဆည်းနေကြ၏။ ကျွန်မသည် ဧည့်သည်များကို မော်တော်ကားနားအထိ လိုက်ပို့ပြီး ယောကျ်ားဝိုင်းနားတွင် ခေတ္တလာထိုင်ရ၏။ ကျွန်မ ပြန်ရောက်သွားသောအခါတွင် ဦးသန်းဌေးတို့၊ ကိုစိန်တင့်တို့ လူသိုက်သည် သဘောကျကာ လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးနေကြသည်။

"ချီးယားစ် ချီးယားစ်၊ ဒီလိုမှပေါ့ဗျ။ ကဲ တစ်ခွက်တည်း သောက်တာများ ဘာအရေးလဲ၊ ဆရာမလည်း စိတ်မဆိုးဘူး မဟုတ်လား"

ဦးသန်းဌေးက ဦးဇင်မောင်ရှေ့က ဖန်ခွက်အလွတ်ကို ကိုင်မြှောက်၍ပြရင်း ကျွန်မဘက်သို့ လှည့်၍ မေးလိုက်သည်။ ကျွန်မက ဟန်ဆောင်ပြုံး၍ ခေါင်းခါပြလိုက်ပါသည်။ ကျွန်မသည် တစ်ညနေလုံး ပင်ပန်းလှပြီဖြစ်သဖြင့် ခေါင်းထဲတွင် ငြီးစီစီကြီး ဖြစ်နေပါသည်။ မင်္ဂလာအခမ်းအနား တစ်ချိန်လုံး အဝတ်အစားတွေဝတ်ပြီး တစ်ချိန်လုံး ထိုင်နေရသဖြင့်လည်း ကျောတွေ၊ ခါးတွေ အောင့်လျက်ရှိ၏။ လာ၍ နှုတ်ဆက်သမျှ ပရိသတ်ကို ဟန်ဆောင်ပြုံးပြ၍ နှုတ်ဆက်ရသဖြင့်လည်း ကျွန်မမှာ အလိုလို ရင်မောချ်နေပါသည်။ ကျွန်မသည် ရယ်သံ၊ နောက်ပြောင်သံတွေ ဆူညံနေသည့် သူတို့အနားတွင် ထိုင်နေရသည်မှာ ပင်ပန်းလာသည်။ သူတို့အနားမှ မြန်မြန်ထ၍ သွားလိုက်ချင်ပါသည်။ သို့ရာတွင် မကောင်းတတ်လွန်းသဖြင့် အောင့်အည်း၍ ထိုင်နေရပါသည်။

"မထား သိပ်ပင်ပန်းလို့ အနားယူချင်ရင်လည်း အိမ်ထဲသွားတော့လေ"

ကျွန်မကို အကဲခတ်နေဟန်တူသော ဦးဇင်မောင်က လှမ်းပြောလိုက်သဖြင့်

ကျွန်မအဖို့ ထသွားရန် ထွက်ပေါက်ရသွားသည်။

"ဟုတ်ကဲ့၊ မထား ခေါင်းထဲမှာ ငြီးစီစီကြီး ဖြစ်နေတယ်။ ကဲ အားလုံးပဲ မထားကို ခွင့်ပြုကြပါနော်၊ မထား သွားပါရစေတော့"

ကျွန်မသည် သူတို့ကို နှုတ်ဆက်ကာ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ အိမ်ထဲသို့ ဝင်မည်ပြုပြီးမှ ကျွန်မသည် မဝင်တော့ဘဲ ကညင်ပင်ကြီးအောက်က ခုံတန်းလျားပေါ်တွင် သွားထိုင်ရန် ကညင်ပင်ကြီးနားသို့ လျှောက်လာခဲ့၏။

ဆန်းစလသည် အနောက်ဘက်ကောင်းကင်တွင် ရွှန်းလင်းလျက်ရှိ၏။ သို့ရာတွင် အားပါးတရ မရွှန်းလင်းနိုင်ပါ။ နှင်းမှုန်ဖွဲဖွဲကလေးများ ကျစပြုပြီဖြစ်၍ လရောင်သည် ကျွန်မတို့ ကမ္ဘာလောကသို့ ဖြာကျလာသောအခါတွင် မှုန်ရီလျက် ရှိပါသည်။ နှင်းမှုန်များသည် လရောင်ခြည်မျှင်တို့နှင့် ရက်ကန်းရှယ်သလို အတိုင်အဖောက် ဝင်လိုက်သောအခါတွင် ငွေမှုန်ထွေးထွေးတွင် ရွှေခြည်ရေးသော ညနတ်သမီး၏ ဝတ်ရုံလွှာကြီး ဖြစ်လာပေသည်။

ကျွန်မသည် မြေပြင်တွင် ခြောက်သယောင်းနေသော ရွက်ကြွေများကို နင်းကာ ကညင်ပင်ကြီးအောက်က ခုံတန်းလျားဆီသို့ လျှောက်လာခဲ့သည်။ စံကားပွင့်များ၏ ရနံ့ကလည်း သင်းထုံလျက်ရှိ၏။

သင်းထုံတဲ့ ဘုံမှာကိုလေ၊ ခင်းကြုံရနဲ နက်လည်း ကံသာ သည်မှာမောင့်ကို အလိုလိုဆွေးလို့ ဆွေးတယ်ကို ပြုံတော့မည့်နှယ်၊ ရွှေရင်ဝယ်တစ်အုံလုံးကို အုံးအောင် ခြိမ့်သဲ သဲတယ် နတ်ကယ်တို့စီမံ ဆွေးပူရပြန်။

လူငယ်တစ်သိုက်သည် အိမ်ရှေ့လမ်းမပေါ်တွင် လျှောက်၍ စက်လည်းမရှင် ပတ်ပျိုးကို ဆို၍သွားသည်။ အတီးနှင့် အဆိုသည် ဟသ်ာမောင်မယ် အသံကြွေးကြသလို လိုက်လျောလှပေ၏။

လူငယ်တစ်သိုက်သည် စက်လည်းမရှင် ပတ်ပျိုးကို သူတို့ဘာသာ သူတို့ သီဆိုသွားကြခြင်းသာဖြစ်၏။ သို့ရာတွင် သူတို့ အမှတ်မထင် ဆိုသွားသော သီချင်းသည် ကျွန်မရင်ထဲတွင် ပုန်း၍နေကြသော အဆွေးအပူကို ယပ်ခတ်ပေးသလို ဖြစ်လေသည်။

ကျွန်မသည် ယနေ့ညဆိုလျှင် ကျွန်မ၏ ခန္ဓာကိုယ်နှင့် ကျွန်မ၏ ဘဝကို ဦးဇင်မောင်၏ ရင်ခွင်တွင် မြှုပ်နှံရပေတော့မည်။ နှလုံးသားမရှိသော မိန်းကလေးများသည် သူတို့၏ဘဝနှင့် သူတို့၏ ခန္ဓာကိုယ်ကို မချစ်မနှစ်သက်သူတစ်ဦး၏ ရင်ခွင်တွင်

ခပ်လွယ်လွယ်ပင် မြုပ်နှံလိုက်ကြသည်ကို ကျွန်မ မြင်ဖူး၊ ကြားဖူးပါ၏။ ကျွန်မသည် ထိုမိန်းကလေးများလို ကျွန်မ၏နှလုံးသားကို လွယ်လွယ်နှင့် ဦးဖင်မောင်၏ ရင်ခွင်တွင် မြှုပ်နှံနိုင်ပါမည်လော။

ညဥ့်ငှက်ကလေးများသည် တစာစာ မြည်ကျူးကာ ကျွန်မခေါင်းပေါ်မှ ဖြတ်၍ အဝေးသို့ ပျံသွားကြ၏။

"ဘယ့်နှယ် မရွှေထား၊ ခင်ဗျားက တစ်သက်မှာ တစ်ခါသာ ချစ်တတ်တဲ့ မိန်းမမျိုးဆို။ ခုတော့ ချစ်သူကိုစွန့်ပြီး ယောကျာ်းတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်သွားပါပကောလား"

ကျွန်မအဖို့တော့ ညဥ့်ငှက်ကလေးများ၏ မြည်ကျူးသံသည် ကျွန်မကို လှောင်ပြောင်သံဟု ထင်ပါ၏။ ကျွန်မ၏ အကြောင်းကိုလည်းသိ၍ စကားလည်း ပြောတတ်မည် ဆိုပါလျှင် ညဥ့်ငှက်ကလေးများသည် ကျွန်မအား လှောင်ပြောင် ရယ်မောကြမည်လား မပြောတတ်ပေ။ ညဥ့်ငှက်ကလေးများက စကားမပြောတတ်၍ မလှောင်ကြသော်လည်း ယခုတော့ ကျွန်မ၏လိပ်ပြာက ကျွန်မကို လှောင်နေပေပြီ။

"လောကမှာ တစ်သက်တစ်ခါသာ ချစ်တတ်တဲ့ မိန်းမမျိုးနဲ့ တစ်သက်မှာ ကြိမ်ဖန်များစွာချစ်တတ်တဲ့ မိန်းမမျိုးတွေ ရှိကြတဲ့အနက် ထားဘဝမှာ အစ်ကိုမျိုးဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါ။ ထားရဲ့ အသည်းနှလုံးကို အစ်ကိုမျိုးဆီမှာ ပုံအပ်ခဲ့ပြီးတဲ့နောက် အစ်ကိုမျိုးက စွန့်ပစ်သွားတောင်မှ ထားမှာ တခြားလူကို ပုံအပ်စရာ အသည်းနှလုံး မရှိတော့ပါဘူး"

ကျွန်မ ပြောခဲ့သော စကားလုံးလေးများသည် အဝေးတစ်နေရာမှ လေအဟုန်စီး၍ လိုက်ပါလာကြကာ ကျွန်မကို လာ၍ ခြောက်လှန့်ကြ၏။ အစ်ကိုမျိုးသည် ကျွန်မကို ဘယ်လိုယူဆသွားမည်နည်း။ ကျွန်မအား စကားတတ် လျှာကဝေမဟု စွပ်စွဲမည်လော၊ သစ္စာမဲ့သူဟု စွပ်စွဲမည်လော။

ကြွေရွက်များသည် ကျွန်မ ခြေထောက်များအောက်တွင် တဂျွမ်းဂျွမ်း မြည်နေကြသည်။ အရင်တုန်းကတော့ ကျွန်မနှင့် အစ်ကိုမျိုးတို့သည် ပန်းကြွေသောလမ်းတွင် နှစ်ယောက်အတူ လက်တွဲ၍ လျှောက်ခဲ့ကြ၏။ ယခုတော့ ကျွန်မသည် ရွက်ကြွေသော လမ်းတွင် လျှောက်နေရပေပြီ။ ပန်းကြွေသောလမ်းနှင့် ရွက်ကြွေသောလမ်းတို့သည် ရုတ်တရက် အမြင်အားဖြင့်ကြည့်လျှင်တော့ လှကြသည်ချည်းပင် ဖြစ်ပါ၏။ သို့ရာတွင် ကိုယ်တိုင်လျှောက်ရသူအဖို့ကား ပန်းကြွေသောလမ်းနှင့် ရွက်ကြွေသောလမ်းတို့

ပြေပြစ်ချောမောပုံခြင်းမှာ ကွာခြားလှပေသည်။ နူးညံ့သော ပန်းပွင့်ဖတ်လွှာများနှင့် ခြောက်သယောင်း ကြွပ်ဆတ်၍နေသော ရွက်ဟောင်းများ၏ အတွေ့အထိသည် အဘယ်မှာ တူနိုင်ပါမည်နည်း။ ပန်းပွင့်တို့၏အနံ့နှင့် ရွက်ဟောင်း ရွက်ဆွေးတို့၏ အနံ့သည်လည်း ဘယ်မှာ တူနိုင်ပါမည်နည်း။

မြက်ခင်းပေါ်တွင် ပိုးစုန်းကြူးကလေးတစ်ကောင်သည် မှိတ်တုတ်မှိတ်တုတ် လက်လျက်ရှိ၏။ ကျွန်မသည် ပိုးစုန်းကြူးကလေးကို ကောက်ယူကာ လက်ထဲတွင် ထည့်ကြည့်မိ၏။ ကျွန်မသည် ကျွန်မ၏ ချစ်မေတ္တာကို လရောင်ခြည်လို လွတ်လပ်စွာ ဝင်းထိန်စေလိုပါသည်။ သို့ရာတွင် ယခုတော့ မလင်းနိုင်တော့ပါတကား။ ပိုးစုန်းကြူး လို ရင်ထဲတွင် ဝှက်၍ ရှန်းလင်းရမည့်ဘဝပါကလား။

လရောင်မှုန်မှုန်သည် ကညင်ရွက်များကြားမှ မြေပြင်သို့ ခုန်ဆင်းလျှောကျ လာပေရာ မြေပြင်သည် ချိုးနွယ်ပန်းပြောက်ပဝါတစ်ထည်ကို ခင်းထားသလို လှပပေ သည်။ လေတိုး၍ ကညင်ရွက်များ လှုပ်ရှားသွားသောအခါတွင်မူ ပန်းပြောက် ချိုးနွယ် ပဝါသည် ဇွေ့ယမ်းလှုပ်ခါလိုက်သလို အပွင့်အပြောက်တို့ မှုန်ဝါးသွားကြသည်။

ကျွန်မသည် ကညင်ပင်ကြီးကို တစ်ဖက်မှ ခုံတန်းလျားကလေးရှိရာဘက်သို့ ကွေ့ပတ်လျှောက်လာခဲ့သည်။

"အမယ်လေး"

ကျွန်မသည် ခြေဖျားလက်ဖျားတွေ အေးစက်ကာ တစ်ကိုယ်လုံးတုန်သွားပြီး ကြောက်ကြောက်ဖြင့် အော်လိုက်မိသည်။ မည်းမည်းသဏ္ဍာန်တစ်ခုသည် ကညင်ပင် အောက်တွင် မားမားကြီး ရပ်နေသည်။ မည်းမည်းသဏ္ဍာန်သည် လှုပ်ရှားခြင်းလည်း မရှိဘဲ ကျောက်ရုပ်လို ငြိမ်သက်နေ၏။ ကျွန်မသည် ကြောက်ကြောက်နှင့် အိမ်ဘက်သို့ ပြန်ရန် လှည့်လိုက်သည်။

"ထား"

မည်းမည်းသဏ္ဍာန်သည် အသံထွက်လာကာ လှုပ်ရှားစပြုလာသည်။

ကျွန်မ၏ ခြေလှမ်းများသည် တုံ့သွားကြသည်။ သို့ရာတွင် ကျွန်မသည် နောက် သို့ ပြန်လှည့်မကြည့်ရဲသေးပေ။

"အစ်ကိုမျိုးပါ ထား"

ကျွန်မသည် ဖြည်းညင်းစွာလှည့်ကာ သူ့ကို လှမ်းကြည့်လိုက်ရ၏။ ကိုအောင် မျိုးသည် ကျွန်မဆီသို့ တစ်လှမ်းချင်း လျှောက်လာနေလေသည်။ သူသည် ဧည့်ခံပွဲ

တုန်းကလိုပင် သက္ကလတ်ဘောင်းဘီအနက်နှင့် ကုတ်အင်္ကျီအနက်ကို ဝတ်ထားပြီး လည်စည်းအနက်ကို စည်းထားလေသည်။

"ထား ပြန်တော့မယ်"

ကျွန်မသည် အသံတုန်တုန်နှင့် သူ့ကို လှမ်းပြောလိုက်ရ၏။ သူ လျှောက်လာနေသည်ကို ဘာစကားမျှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်၍ ကြည့်မနေနိုင်ပါ။ သူ့ခြေတစ်ဖက် မြေကြီးပေါ်သို့လှမ်းလိုက်တိုင်း ကျွန်မ နှလုံးသားသည် တစ်ချက်ချင်း တစ်ချက်ချင်း တက်နင်းခံလိုက်ရသလို နာကျင်လှပါသည်။ ကျွန်မသည် ကြောက်စိတ်၊ ရှက်စိတ်၊ မလုံမလဲစိတ်ဖြင့် ရောထွေးကာ ပြန်ရန် တစ်ဖက်သို့ လှည့်လိုက်သည်။ ကိုအောင်မျိုးက ခပ်သုတ်သုတ် လျှောက်လာကာ ကျွန်မရှေ့မှ ဆီးရပ်လိုက်၏။ သည်တစ်ခါတော့ ကျွန်မသည် လှည့်မထွက်သွားတော့ဘဲ ရပ်နေလိုက်ကာ ကိုအောင်မျိုးကို ခြေဆုံးခေါင်းဆုံး အကဲခတ်၍ ကြည့်နေမိသည်။ ကျွန်မသည် ညေ့ခံပွဲတုန်းက မကြည့်လိုက်မိသမျှကို ယခုမှ ပြန်၍ အတိုးချ၍ ကြည့်နေလိုက်ရပါသည်။ ရင်ထဲတွင်လည်း လှိုက်ဖိုလာပါသည်။

"အစ်ကိုမျိုး မပြန်သေးဘူးနော်"

"ပြန်မလို့ပဲ ထား၊ ကြီးကြီးညွှန့်က ခေါ်ပြီး စကားပြောနေတာနဲ့ မပြန်ရသေးဘူး။ ကြီးကြီးညွှန့်ကတော့ ထားခင်မှု လှမ်းခေါ်လို့ အိမ်ထဲခဏဝင်သွားတယ်"

ကျွန်မသည် နောက်ထပ် ဘာပြောရမည်မသိဘဲ အတန်ကြာ တိတ်ဆိတ်နေသည်။ ကိုအောင်မျိုးကလည်း ဘာမျှမပြောဘဲ တိတ်ဆိတ်နေသည်။ ကျွန်မသည် ဤသို့ တိတ်ဆိတ်ပုံမျိုးကို သည်းမခံနိုင်ပါ။ ရင်ထဲတွင် မောပန်းလာကာ အသက်ရှူကျပ်လာပါသည်။

"ထား သွားမှပဲထင်တယ်"

ကျွန်မက တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သဖြင့် ပြောလိုက်၏။ သည်တော့မှ ကိုအောင်မျိုးသည် အသက်ဝင်လာသလို လှုပ်ရှားလာသည်။

"အစ်ကိုမျိုးကို ဒီလောက်ရှောင်မနေပါနဲ့ ထားရယ်။ မကြည့်ချင်၊ မမြင်ချင်လောက်အောင် ဖြစ်သွားပြီလား"

ကိုအောင်မျိုးသည် သည်လိုစကားမျိုးကို သည်အချိန်၊ သည်နေရာ၊ သည်အနေအထားမျိုး၌ ပြောသင့် မပြောသင့် စဉ်းစားခြင်းရှိဟန် မတူတော့ပါ။ ကျွန်မကလည်း သည်စကားမျိုးကို သည်အချိန်၊ သည်နေရာ၊ သည်အနေအထားမျိုး၌ ကြာရှည်

ဆက်လက် နားထောင်သင့်၊ မထောင်သင့်ကို မစဉ်းစားမိပါ။ စိတ်လှုပ်ရှားလွန်းသဖြင့် ဘာကိုမျှ တွေးမရတော့ပါ။

ကျွန်မသည် ခေါင်းကိုငုံ့ထားကာ လက်ဖဝါးထဲကို ဖြန့်၍ကြည့်မိ၏။ ပိုးစုန်းကြူးကလေးသည် ကျွန်မ လက်ဖဝါးထဲ၌ မှိတ်တုတ်မှိတ်တုတ် လင်းနေလေသည်။

“ဒါတွေ မပြောပါနဲ့တော့ အစ်ကိုမျိုး၊ အတိတ်ကို ပြန်ပြောလို့ကော ဘာအကျိုးထူးတော့မှာလဲ။ ထားနဲ့ အစ်ကိုမျိုးဟာ နောင် ဘယ်တော့မှ မတွေ့ဘဲနေကြတာက ကောင်းပါလိမ့်မယ်”

ကျွန်မသည် မထွက်ချင် ထွက်ချင်ဖြစ်နေသော စကားလုံးများကို ဖွတ်မိုတ်၍ ပြောချလိုက်သည်။ တကယ်တော့လည်း ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဘဲနေခြင်းက ကောင်းလိမ့်မည်ဟု ထင်ပါသည်။ ကျွန်မကို သစ္စာမဲ့လေသူဟု ထင်ချင်လျှင်လည်း ထင်ပါစေတော့။ ကျွန်မ သူ့ကို မတွေ့လိုတော့ပါ။ သည်လိုဘဝရောက်မှ ပြန်လည်တွေ့ဆုံကြခြင်းသည် မပြေပြစ်သောအကြောင်းများကိုသာ ဖန်တီးပေလိမ့်မည်။

“ခုမှတော့ ထားက ပြောတော့မှာပေါ့လေ။ ပြောကြပေါ့။ ပြောကြ ပြောကြ။ ခုတော့ ထားတို့က ပြောနိုင်တဲ့ဘဝမျိုးကို ရောက်နေပြီကိုး။ ထားကျွန်မလင်ဆိုတဲ့ သဖြန်ကလေးကို ထား ဆိုပြတုန်းက ထား ပြောတဲ့စကားတွေကို မှတ်မိသေးရဲ့လား။ လမင်းကြီးရဲ့အလယ်မှာ ရေးထားတဲ့ ယုန်ရုပ်ဟာ ကမ္ဘာတည်သရွေ့ မပျောက်သလို မိန်းကလေးရဲ့အပေါ်မှာ အချစ်မပျက်ပါနဲ့လို့ အားနွဲ့သံကလေးနဲ့ တောင်းပန်ရတယ်ဆို၊ ခုတော့ ဘယ့်နှယ်လဲ ထား”

ကျွန်မသည် ရင်ပွင့်လုမတတ် ငိုပစ်လိုက်ချင်သည်။ သို့ရာတွင် နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ကာ အားတင်းထားလိုက်ပါသည်။ ကျွန်မ၏ အသည်းနှလုံးက ငိုချင်သော်လည်း ကျွန်မ၏ဘဝက ငိုခွင့်မပြုတော့ပါ။ သည်အချိန်ကျမှ ကျွန်မသည် အသည်းနှလုံး၏အလိုကိုလိုက်၍ သူစိမ်းယောကျ်ားတစ်ယောက်အတွက် မျက်ရည်သည်းထန်စွာဖြင့် ရှိုက်ငိုပါလျှင်လည်း ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။

“ထားမှာ ကြင်နာတဲ့နှလုံးသားရှိတယ်လို့ အစ်ကိုမျိုး ထင်ခဲ့တာ မှားတာပဲ။ တကယ်တော့ ထားတို့ မိန်းမတွေရဲ့ အသည်းနှလုံးဆိုတာမျိုးဟာ ကိုယ်က ရှုံးတော့မှ မျက်ရည်ကျတတ်တဲ့ အသည်းနှလုံးမျိုးပါ။ ကိုယ်က နိုင်တဲ့အလှည့်ကျတော့ မိန်းမတွေရဲ့ အသည်းနှလုံးဟာ ကျောက်ခဲလို မာတတ်ကြတာပဲ။ ဒီလို ကျောက်ခဲလို မာတတ်

တဲ့ အသည်းနှလုံးမျိုးကို ထားတို့က ဣန္ဒြေဆိုတဲ့ ကတ္တီပါအိတ်ထဲ ထည့်ဖုံးထားပြီး နူးညံ့ဟန် ဆောင်ကြတယ်။ သူတို့ကြည့်တော့ လင်နဲ့သားနဲ့ ဖြစ်သွားလို့ ဒီစကားမျိုးတွေ မပြောသင့်လေဟန်၊ အသည်းထဲ နှလုံးထဲမှာတော့ အချစ်မပြယ်သေးဟန် ဆောင်ကြတယ်။ တော်တော်တတ်နိုင်တဲ့ မိန်းမတွေပဲ"

ကျွန်မသည် ကိုအောင်မျိုး ဆိုသမျှ ခံတော့မည်ဟု စိတ်ထဲက ပိုင်းဖြတ်ထားသော်လည်း ကျွန်မ ရင်ထဲတွင်ရှိသည့် မိန်းမသားတို့၏ မာနက ခေါင်းပြူထွက်လာပါသည်။ ထို့ကြောင့် ကျွန်မသည် ကိုအောင်မျိုးကို ဆတ်ခနဲမော်ကြည့်လိုက်သည်။

"ဟော့လူ ဘာလာလုပ်နေတာလဲ"

ဦးဇင်မောင်သည် ကိုအောင်မျိုးကို ပခုံးမှ ဆွဲလှည့်လိုက်၏။ ဦးဇင်မောင်သည် ဘယ်အချိန်က ကျွန်မတို့အနားသို့ ရောက်လာသည် မသိပေ။ ကညင်ရွက်ကြားမှ ဖြာကျနေသော လရောင်တွင် ဦးဇင်မောင်၏မျက်လုံးများသည် ကျား၏ မျက်လုံးများလို ဝင်းဝင်းတောက်နေသည်။ သူ့ပါးစပ်မှ စူးဝါးသောအရက်နံ့ကြီးသည် ကျွန်မ နှာခေါင်းထဲသို့ ဝင်လာ၏။

"ခင်ဗျား ဘာလို့ ဒီခြံဝင်းထဲ လာတာလဲ"

ဦးဇင်မောင်က ကျားဟိန်းသလို မေးလိုက်သည်။ ကျွန်မသည် ဘာမျှပြန်မပြောနိုင်ဘဲ ကြက်သေသေ၍ ငေးကြည့်နေမိသည်။

"ပြောလေ ဘာလို့ ဒီခြံပင်းထဲကို လာတာလဲ"

"ကျွန်တော်က လာရတာ မဟုတ်ပါဘူး ဦးဇင်မောင်။ ကျွန်တော့်ကို မင်္ဂလာဆောင်ဖိတ်စာက ခေါ်လို့ လာရတာပါ"

"မင်္ဂလာပွဲပြီးပြီဆိုတာ ခင်ဗျား မသိဘူးလားဟင်၊ ခင်ဗျား ခင်ဗျား ကျုပ်ကို စော်ကားတယ် ကဲ"

ဦးဇင်မောင်သည် ကိုယ်လုံးကြီးပါ သွင်းလာကာ ကိုအောင်မျိုးကို လက်သီးဖြင့် စွတ်ထိုးလိုက်သည်။ အရက်ရှိန်ကြောင့်လည်းကောင်း၊ ဒေါသကြောင့်လည်းကောင်း ဦးဇင်မောင်၏ကိုယ်မှာ ယိမ်းထိုးနေသည်။ ကိုအောင်မျိုးက နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။

"အမယ်လေး လုပ်ကြပါဦး"

ချွင်ခနဲ မြည်သံကြားရပြီးနောက် လူတစ်ယောက် လဲကျသွားသည်ကို မြင်လိုက်ရသဖြင့် ကျွန်မသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ အော်လိုက်မိသည်။ ခဏကြာမှ

ဖွင့်ကြည့်လိုက်သောအခါ ဦးဇင်မောင်မှာ မြေကြီးပေါ်တွင် လဲကျနေ၏။ သူ့နဖူးမှ သွေးတွေ ဖြာကျလာလေသည်။ ကျွန်မသည် အထိတ်တလန့်ဖြင့် ဦးဇင်မောင်ကို ပွေ့ထူရင်းက သူ့ကို လှုပ်၍ခေါ်နေမိသည်။

"ဦးဇင်မောင် ... အစ်ကိုကြီး အစ်ကိုကြီး"

ကျွန်မက ပခုံးကို လှုပ်၍ခေါ်သော်လည်း ဦးဇင်မောင်မှာ မထူးတော့ပေ။ ကျွန်မသည် ဒေါသဖြင့် နောက်သို့ လှည့်ကြည့်လိုက်၏။ ကိုအောင်မျိုးသည် ကျွန်မတို့ကို ကျောခိုင်းကာ တခြားသို့ထွက်သွားလေပြီ။

သည်တော့မှ ကျွန်မ ထိန်းချုပ်ထားရသော မျက်ရည်တို့သည် တရဟော သွန်စီးကျလာကြသည်။ ကျွန်မသည် ဦးဇင်မောင်ကို ခေါင်းထူ၍ ရင်ခွင်ထဲတွင် ပွေ့ထားလိုက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိပေသတည်း။

## [၁၈]

နံနက်ခင်းနေရောင်ခြည်များသည် မှန်ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ လျှောကျလာ၏။ မြူမှုန်များသည် ပြတင်းမှဝင်လာသော နေရောင်တွင် ရွှေမှုန်ကလေးများလို ခုန်ပျံလူးလာနေကြလေသည်။

အခန်းထဲသို့ ကျွန်မ ရောက်သွားသောအခါတွင် ဦးဇင်မောင်သည် ခေါင်းအုံးပေါ်တွင် မေးတင်ကာ ပြတင်းအပြင်ဘက်မှ စံကားပွင့်များကို ငေးကြည့်နေလေသည်။

ကျွန်မသည် နွားနို့ပူပူတစ်ခွက်၊ ပေါင်မုန့် ထောပတ်သုတ်နှင့် ကြက်ဥကြော်နှစ်လုံး ထည့်ထားသည့် လင်ပန်းကို ကိုင်ကာ အခန်းထဲသို့ မဝင်သေးဘဲ အခန်းဝမှ ရပ်၍ သူ့ကို ကြည့်နေမိသည်။ အသက်ရှုလိုက်သည့်အခါတိုင်း သူ့ကျောပြင်ကြီးသည် ဖားဖိုကြီးလို ပိန်လိုက် ဖောင်းလိုက် ဖြစ်နေသည်။

ကျွန်မသည် လက်ထပ်ပြီးသည့်ညကအဖြစ်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။ ကျွန်မကြောင့် သွေးထွက်သံယိုဖြစ်ရလေခြင်းဟုလည်း ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိသည်။ ကျွန်မသည် ကိုအောင်မျိုးကို ဘာမျှ မရှင်းတော့ပါ။ ရှင်းစရာလည်း မလိုတော့ဟု ယူဆပါသည်။ ယခုတော့ ဦးဇင်မောင်ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ဦးဇင်မောင်၏မယား ဖြစ်နေပေပြီ။ ကျွန်မသည် ဦးဇင်မောင်ကို စိတ်လိုက်မာန်ပါဖြင့် ပါးချသည်အထိ ဖြစ်ခဲ့ပြီးမှ သူ့မယား လာဖြစ်ရသည်ကို တွေး

မိတိုင်းလည်း စိတ်ထဲ၌ မကြည်မသာဖြစ်ရသည်။ တကယ်တော့ ကျွန်မသည် ကွယ်လွန်လေပြီးဖြစ်သော မေမေ့ဆန္ဒကို လွန်ဆန်ရဲလောက်အောင် သတ္တိမကောင်းပါ။ မည်သို့ပင်ဖြစ်စေ သူ၏ တရားဝင်မယားဖြစ်ပြီးသည့်နောက်မှ ကျွန်မသည် အသည်းနှလုံးအလိုသို့လိုက်ကာ ကိုအောင်မျိုးကို ရှင်းပြနေလျှင်လည်း ကျွန်မသည် လင်ယောကျ်ားအပေါ်တွင် သစ္စာရှိသော မိန်းမတစ်ယောက် ဖြစ်ပါဦးမည်လော။ ဤအချိန်ဆိုလျှင် ကိုအောင်မျိုးသည် ကျွန်မကို အသည်းဆတ်ဆတ်ခါအောင် နာကြည်းလောက်ပြီဟု ထင်ပါသည်။ မတိုက်ဆိုင် မဆုံစည်းကြတော့၍ ကျွန်မနှင့် ကိုအောင်မျိုးတို့သည် ပိုးစုန်းကြူးနှင့် လမင်းလို ဘဝခြားသွားကြပြီဆိုလျှင်လည်း အသည်းနာခြင်းက ကျွန်မတို့ နှစ်ယောက်စလုံးအတွက် ပို၍ကောင်းလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

ကျွန်မတို့ မင်္ဂလာဧည့်ခံပွဲပြုလုပ်သည့် ညက ဦးဇင်မောင်နှင့် ကိုအောင်မျိုးတို့ ရန်းရင်းဆန်ခတ်မဖြစ်မီအထိ ကျွန်မသည် ကျွန်မ၏ အသည်းနှလုံးထဲတွင်လည်းကောင်း၊ ဦးနှောက်ထဲတွင်လည်းကောင်း ဦးဇင်မောင်အား လုံးဝ ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပေ။ ကံတရားက မောင်းလွှတ်လိုက်၍ ဦးဇင်မောင်၏ ရင်ခွင်ထဲ ရောက်ခါမှ ရောက်ရော၊ ကျွန်မ အသည်းနှလုံးနှင့် ဦးနှောက်တွင် ဦးဇင်မောင်အတွက် နေရာမရှိခဲ့ပေ။ သို့ရာတွင် ကိုအောင်မျိုး လက်ချက်ကြောင့် ဦးဇင်မောင် လဲကျသွားကာ နဖူးမှ ဖြာကျလာသော သွေးများကို မြင်လိုက်သည့်အခါတွင်မူကား ဦးဇင်မောင်သည် အသည်းနှလုံးထဲသို့ ရောက်မလာသေးသည့်တိုင် ဦးနှောက်ထဲသို့ ဝင်ရောက်ကြီးစိုးစပြုလာပါသည်။ ကိုအောင်မျိုးကိုလည်း ဒေါသထွက်မိပါသည်။ ကိုအောင်မျိုးသည် ဦးဇင်မောင်ကို မညှာမတာ လုပ်ရက်လေခြင်းဟု စိတ်ထဲတွင် စွဲနေပါသည်။

ကျွန်မက ချောင်းတစ်ချက် ဟန့်လိုက်၏။

ကျွန်မ ချောင်းဟန့်သံကို ကြားတော့မှ ဦးဇင်မောင်သည် ကိုယ်ကိုစောင်း၍ တံတောင်ဆစ်ပေါ်တွင် ထောက်ကာ ကျွန်မကို လှည့်ကြည့်၏။

"ဟင် ... လာလေ ထား"

ကျွန်မသည် အခန်းထဲသို့ လျှောက်သွားကာ ခုတင်ဘေးက စားပွဲပေါ်တွင် ကော်ဖီဗန်းကို ချလိုက်၏။ ကျွန်မသည် နွားနို့နှင့် မုန့်များကို မလုံးအား လာပို့ခိုင်းလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ကြီးကြီးက ကျွန်မကိုယ်တိုင် သွားပို့ရန် ပြောသဖြင့် ယူလာခဲ့ခြင်း ဖြစ်၏။

"ခေါင်းမူးတာ ဘယ့်နှယ်နေသေးသလဲ အစ်ကိုကြီး"

ကျွန်မက သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

"တော်တော် သက်သာသွားပါပြီ။ ဒီနေ့တော့ ပတ်တီးဖြုတ်တော့မှပဲ ထင်တယ်။ ဒဏ်ရာက သိပ်မကြီးပါဘူး။ ဟိုနေ့ညက အရက်ရှိန်နဲ့ဆိုတော့ သွေးထွက်များလို့ ဒဏ်ရာကြီးတယ် ထင်ရတာပါ"

ဦးဇင်မောင်သည် ခုတင်ပေါ် ထထိုင်ကာ နဖူးမှ ပတ်တီးစကို လက်ဖဝါးဖြင့် ပွတ်နေ၏။

"ပတ်တီးဖြုတ်လို့ ဖြစ်ပါဦးမလား"

"ဖြစ်ပါတယ်၊ အနာပေါ်မှာ ပလတ်စတာလေး ကပ်ထားလိုက်ရင် ပြီးတာပါပဲ။ ရေနွေး အဆင်သင့်ရှိတယ်မဟုတ်လား။ အစ်ကိုကြီး ခုဖြေပြီး ဆေးထည့်ချင်တယ်"

"ရှိပါတယ်"

ကျွန်မသည် အောက်ဘက်က မလုံးကို လှမ်းခေါ်ကာ ရေနွေးနှင့် ဆေးပုလင်း၊ ဂွမ်းစ၊ ပလတ်စတာ စသည်တို့ကို အယူခိုင်းလိုက်၏။ ခဏကြာလျှင် မလုံးသည် ရေနွေးဘူး၊ ဇလုံနှင့် ဆေးပစ္စည်းများ ယူ၍ တက်လာလေသည်။

ကျွန်မသည် ဦးဇင်မောင်၏ခေါင်းက ပတ်တီးကို ဖြည်ကာ အနာကို ရေနွေးနှင့် ဆေးကြောပေးနေသည်။

"အစ်ကိုကြီးတို့ သန်ဘက်ခါလောက် ရန်ကုန်သွားမယ် စိတ်ကူးတယ်၊ ဘယ့်နယ်လဲ"

"ဖြစ်ပါဦးမလား အစ်ကိုကြီး၊ ခေါင်းက အနာနဲ့"

ကျွန်မက ဦးဇင်မောင်၏ နဖူးအနာမှ သွေးစေးများကို ဂွမ်းဖတ် ရေနွေးသုတ်၍ ဆေးကြောရင်း မေး၏။

"ဖြစ်ပါတယ်။ ဒီအနာကလေးလောက်နဲ့ကတော့ ကိစ္စမရှိပါဘူး။ ပြီးတော့ အနာကလည်း ကျက်နေပြီပဲ။ အမှန်ကတော့ လက်ထပ်ပြီး နောက်တစ်နေ့ ချက်ချင်း သွားဖို့ပဲ။ ဒီအနာကြောင့် ထားတို့၊ ကြီးကြီးညွန့်တို့က မသွားစေချင်သေးဘူးဆိုလို့သာ နေရတာ"

ကျွန်မသည် ဘာမျှပြန်မပြောဘဲ အနာကို ဆေးကြောပြီး၍ ဆေးထည့်ကာ ပလတ်စတာ ကပ်ပေးနေလေသည်။

"ပြီးတော့ ရန်ကုန်သွားတဲ့ရက်နဲ့ ဘာနဲ့ဆိုရင် အချိန်တွေ သိပ်ကြာနေလိမ့်

မယ်။ သစ်တစ်ပင်မှာ အလုပ်လုပ်စရာတွေကလည်း တစ်ပုံကြီးပဲ။ ကိုခွန်ထီးတစ်ယောက်တည်း ပစ်ထားရတာ။ ဒီတော့ ရန်ကုန်ကို မြန်မြန်သွား၊ ဟိုမှာ မေမေ စိတ်ကျေနပ်ရုံနေပြီးတော့ ပြန်လာကြတာပေါ့၊ မဟုတ်ဘူးလား"

အနာကို ဆေးကြော ဆေးထည့်ပြီးပြီဖြစ်၍ ကျွန်မသည် ဦးဇင်မောင်၏ ခေါင်းကို ကိုင်ထားရာမှ လွှတ်လိုက်သည်။ ဦးဇင်မောင်သည် ထိုင်လျက်က ကျွန်မကို မော်ကြည့်လိုက်သည်။

"ခဏလေးများ အေးအေးဆေးဆေးနေပါဦးလား အစ်ကိုကြီးရယ်၊ သစ်တစ်ပင်က အလုပ်တွေကို ဦးခွန်ထီး လုပ်လိမ့်မပေါ့"

ကျွန်မက နွဲ့သံဖြင့် ပြောလိုက်သည်။ တမင်လုပ်၍ နွဲ့ခြင်းမဟုတ်ပါ။ ပါးစပ်က အလိုအလျောက် ထွက်သွားခြင်း ဖြစ်ပါ၏။ ကျွန်မသည် ပျားကောင်ကလေးလို တလှုပ်လှုပ် အလုပ်များနေသော ဦးဇင်မောင်ကို ကြည့်၍ သနားသွားပေသည်။

"မဖြစ်ဘူး ထား၊ ကြက်ဆူပင်တွေက ခု ပင်ပေါက်ကလေးတွေ ဖြစ်ကုန်ပြီ။ ပင်ပေါက်အရွယ်မှာ သိပ်ပြီး ဂရုစိုက်ရတယ်။ ကိုခွန်ထီးက ကြက်ဆူပင် စိုက်ဖူးတာလည်း မဟုတ်ဘူး။ အစ်ကိုကြီးက မြေ–ကျေး–ရှင်းက မိတ်ဆွေတွေဆီမေး၊ စာအုပ်ဖတ်၊ သူ့ကို တစ်ဆင့်ပြောပြပြီး ခက်ခက်ခဲခဲစိုက်ရတာ"

ဦးဇင်မောင်သည် ပြတင်းအပြင်သို့ ငေးကြည့်၍ စိုးရိမ်တကြီး ပြောနေသည်။ သူ့မျက်စိထဲတွင် အပြင်ဘက်က စံကားပင်ကိုင်းများကို မမြင်ဘဲ ကြက်ဆူပင်တွေကို မြင်နေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

"ရန်ကုန်ကအပြန်၊ ထားလည်း သစ်တစ်ပင်ကို လိုက်နေရမယ်နော်"

ဦးဇင်မောင်က ပြတင်းမှ လှည့်လာကာ စားပွဲပေါ်ရှိ လင်ပန်းထဲမှ နွားနို့ဖန်ခွက်ကို လှမ်းယူရင်း ပြောလိုက်သည်။

"ခေါ်ရင်လည်း လိုက်ရမှာပေါ့ အစ်ကိုကြီး။ သျှောင်နောက်ဆံထုံးပါလို့ ဆိုကြတယ် မဟုတ်လား၊ အစ်ကိုကြီးမယား ဖြစ်နေပြီ မဟုတ်လား"

"မဟုတ်ပါဘူး ထားရယ်၊ ထားသဘောကလည်း ရှိသေးတယ် မဟုတ်လား။ ထားဟာ အစ်ကိုကြီးရဲ့မယားလို့သာဆိုပေမဲ့ တကယ်တော့ အစ်ကိုကြီး ထားကို ရလိုက်တာဟာ 'ယာဂုထမနဲ၊ အိုးကြီးကွဲခါမှ၊ စွန့်ကြသည့်ဒါန' ဆိုတဲ့ စာလို..."

"တော် တော် အစ်ကိုကြီး"

ကျွန်မက မျက်နှာထိ မျက်နှာထားနှင့် လှမ်းပြောလိုက်၏။ သည်တော့မှ

ဦးဇင်မောင်သည် ကျွန်မကိုကြည့်၍ ပြုံးနေသည်။

"ဆောရီး ဆောရီး၊ နောက်တာပါ ထားရယ်၊ တကယ်တော့ ထမနဲအိုး ကွဲလို့ ရရ၊ မကွဲဘဲနဲ့ ရရ အစ်ကိုကြီးအဖို့တော့ ထားကို ရတာသာ လိုရင်းပါ။ ဟုတ်လား ကဲ ကဲ စိတ်မဆိုးပါနဲ့"

"တကယ်လည်း မပြောနဲ့၊ နောက်ပြောင်ပြီးတော့လည်း မပြောနဲ့။ ဒီလိုပြောရင် ထား ငိုချင်တယ် သိလား"

"ကဲ ကဲ တကယ်ပြောမယ်၊ နားထောင်မလား"

"ဘာလဲ"

ဦးဇင်မောင်သည် ရုတ်တရက် မပြောသေးဘဲ ကျွန်မကို ပြုံး၍သာ ကြည့်နေသည်။

"ပြောလေ"

"တစ်ခါတုန်းက အစ်ကိုကြီးပြောတဲ့ လွမ်းတာရှည်တော ပုံပြင်လေးကို အမှတ်ရသေးသလား"

"တော်ပါတော့၊ ဒီပုံပြင် လာပြန်ပြီလား၊ ပြီးပဲ မပြီးနိုင်ဘူး"

ကျွန်မသည် ဦးဇင်မောင်အားတွင် ဝင်ထိုင်လိုက်၏။ ဦးဇင်မောင်က ကျွန်မကို မကြည့်ဘဲ ပြတင်းအပြင်သို့ ငေးကြည့်နေသည်။ သူ့မျက်နှာသည် စောစောကလို ပြုံးရယ်ခြင်း မရှိတော့ဘဲ လေးနက်တည်ငြိမ်ဟန် ရှိ၏။ သူ ငေးကြည့်နေသည့်အခါ များတွင် သူ့မျက်လုံးများသည် ဝိုးတဝါးသာကျန်တော့သော အတိတ်ကပုံပြင်တစ်ခု ကို ပြောပြနေသလို ထင်ရလေသည်။

"ဒီပုံပြင်ဟာ ဆုံးတော့ဆုံးပါပြီ ထား၊ ဒါပေမဲ့ အစ်ကိုကြီးဟာ ထားကို ယူတဲ့ နေရာမှာ လွမ်းတာရှည်တော ပုံပြင်ထဲက စော်ဘွားနဲ့များ တူနေမလားလို့ ကိုယ့်ဘာသာကိုယ် သံသယဖြစ်နေတယ်။ ဒါကြောင့် ထားကို အစ်ကိုကြီး တောင်းပန်ချင်တယ်"

"အို"

ကျွန်မသည် ဦးဇင်မောင်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

"ဟုတ်တယ် ထား၊ ဒါပေမဲ့ ထားကို မရ အရ ယူတာချင်းမှာသာ အစ်ကိုကြီး ဟာ ပုံပြင်ထဲက စော်ဘွားနဲ့ တူချင်တူမှာပါ။ ချစ်တဲ့နေရာမှာတော့ အစ်ကိုကြီးရဲ့ အချစ်ဟာ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့ မရဘူးလို့ အစ်ကိုကြီးထင်တယ်။ ထား ငယ်ငယ်

တုန်းက အစ်ကိုကြီးဟာ မိန်းမတစ်ယောက်အတွက် ပူလောင်ခဲ့ရလွန်းလို့ လောကကြီး ထဲက ထွက်ပြေးပြီး အေးချမ်းမှုကို ရှာခဲ့တယ်။ ဒါကြောင့်မို့ သစ်တစ်ပင်သွားပြီး တောင်ယာလုပ်တယ်။ ယာတောပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို ချစ်ခင်ကြင်နာတဲ့ စိတ်တွေ မွေးတတ်လာပြီး သူတို့ကောင်းကျိုးအတွက် ကိုယ့်အင် ကိုယ့်အားကလေး နဲ့ နိုင်သလောက် လုပ်တယ်။ လူတွေကို မေတ္တာထားတယ်။ အို သိပ်အေးချမ်းတယ်လို့ ထင်တာပဲ။ ထားမေမေ စီမံခဲ့သလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းခဲ့တယ်။ ဒီလို မဖြစ် အောင်လည်း ထားနဲ့ ခပ်ရှောင်ရှောင်နေခဲ့တယ်။ ဒါပေမဲ့ ထားနဲ့ မကြာခဏ တွေ့ဖန် များလာတဲ့အခါကျတော့ အစ်ကိုကြီးရဲ့ရင်ထဲမှာ ရှိနေတဲ့ ယောကျ်ားသားရဲ့ အသည်း နှလုံးဟာ ချစ်ရ ခင်ရမယ့်သူ၊ ကြင်နာရမယ့်သူကို တောင့်တလာတယ်။ ဒါကြောင့်မို့ ထားကို အရယူခဲ့ရတာပဲ။ တကယ်တော့ ထားဟာ အစ်ကိုကြီးနဲ့ မတန်ဘူး။ တောနဲ့ လည်း မထိုက်တန်ဘူးဆိုတာ အစ်ကိုကြီး သိပါတယ်။ အစ်ကိုကြီးဟာ တကယ်တော့ မတရားဘူး။ အစ်ကိုကြီးဟာ ထားဆီက အများကြီးယူပြီးတော့ ကိုယ့်အလှည့်ကျတော့ ချစ်တာတစ်ခုကလွဲလို့ ထားကို ဘာမှ များများစားစားပြန်မပေးနိုင်ဘူး"

ကျွန်မသည် ဦးဇင်မောင်၏ စကားများကို နားထောင်ရင်း စဉ်းစားမိ၏။ အချစ် ခေါင်းပါးနေသော ဦးဇင်မောင်သည် ကျွန်မနှင့် တွေ့သောအခါတွင် လက်လွှတ် မခံနိုင်တော့ဘဲ နည်းအမျိုးမျိုးကိုသုံးကာ အနိုင်ယူသွားခြင်းဖြစ်၏။ အချစ်စစ် ဆိုသည်မှာ ကိုယ့်ချစ်သူ စိတ်ချမ်းသာရေးအတွက် ကိုယ်က အနစ်နာခံကြသည်ဟု စာများထဲတွင် ကျွန်မတို့ ဖတ်ဖူးသော်လည်း ဦးဇင်မောင်၏ အချစ်စစ်ကတော့ သူက အနစ်နာမခံလိုက်ရဘဲ အနိုင်ယူလိုက်သည်တကား။

"အစ်ကိုကြီးအဖို့ကတော့ ထားနဲ့နေရမှာကိုတွေးပြီး ပျော်တယ်။ မနေ့ည တုန်းကဆို ရှေ့လျှောက် ဘယ်လိုနေကြမယ်၊ ထိုင်ကြမယ်ဆိုတာတွေးရင်း အိပ်လို့ တောင် မပျော်ဘူး။ အစ်ကိုကြီးတို့ ရန်ကုန်သွားမယ်။ ရန်ကုန်ကပြန်ရင် ထားနဲ့အတူ သစ်တစ်ပင်မှာ နေမယ်။ ထားကို အစ်ကိုကြီး ခွဲမထားနိုင်ဘူး"

ဦးဇင်မောင်သည် ကျွန်မကို ရုတ်တရက် ပွေ့ယူ၍ ပါးပြင်ကို နမ်းလိုက်၏။ သူ့ပါးစပ်မှ ဆေးပြင်းလိပ်နံ့ကြီးမှာ စူးဝါးလှသည်။ ကျွန်မသည် အသက်မရှူနိုင်ဘဲ အောင့်၍ တစ်ဖက်သို့ လှည့်နေရသည်။ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်း သော်လည်း ပင့်သက်ရှူဟု ဆိုရိုးစကားရှိသော်လည်း ယခုတော့ ကျွန်မသည် ပင့် သက်ကလေးတောင် မရှူနိုင်ပါတကား။

# [၁၉]

ဦးဇင်မောင်အိမ်မှာ ကုက္ကိုင်းလမ်းမကြီးမှ မြေနီလမ်းကလေးတစ်ခုအတိုင်း ဝင်သွားရပြီး ထိပ်တွင်ပိတ်နေသော မြေနီလမ်းကလေးအဆုံးတွင်ရှိ၏။ ခြံမှာ သပ်ရပ်စွာ ပြုပြင်ထားခြင်းမရှိသဖြင့် ပေါင်းပင်၊ မြက်ပင်တို့ဖြင့် ရှုပ်ထွေးလျက်ရှိ၏။ အိမ်ဘေးပတ်လည်တွင် ဝါးပင်များ ထူထပ်စွာပေါက်နေကြသည်။ ကျယ်ဝန်းလှသော ခြံကြီးထဲတွင် ဟောင်းနွမ်းလှပြီဖြစ်သော တစ်ထပ် ဆင်ဝင်အိမ်ကလေးသည် ပို၍ သေးငယ်နေသည်ဟု ထင်ရ၏။ ဦးဇင်မောင်တို့ မိဘများ ရိပ်ငြိမ်ချမ်းမြေ့လှသော ထိုအိမ်ကလေး၏ အမိုးအောက်တွင် သားစဉ်မြေးဆက်တိုင် ချစ်ခင်ယုယစွာ နေထိုင်ခဲ့ကြသည်ဟု ဦးဇင်မောင်က ကျွန်မကို ပြောပြ၏။ ယခုတော့ သားသမီးများသည် တစ်အိုးတစ်အိမ် တည်ထောင်ကြကာ ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းသွားကြပြီဖြစ်၍ ဦးဇင်မောင်၏ မုဆိုးမ အမေအိုနှင့် အစေခံ လင်မယားသာ ကျန်ရစ်လေသည်။ ဦးဇင်မောင်၏မေမေသည် ပဲခူးဘက်ရှိ လယ်များမှရသော မြေစုများဖြင့်ပင် သူတစ်ယောက်တည်း ထိုင်စားသောက်နေရသည်။ သူတစ်ယောက်အတွက်တော့ မြေစုများနှင့်ပင် စားလောက်ပေသေးသည်။

ကျွန်မတို့ ရောက်သွားသည့်အချိန်တွင် ဦးဇင်မောင်၏ မေမေသည် အိမ်၌ မရှိပေ။ ကျွန်မသည် တက္ကစီကားပေါ်မှဆင်းကာ တိတ်ဆိတ်ခြောက်သွေ့လှသော အိမ်ကလေးကို ငေးကြည့်နေမိ၏။ စံကားပင်များကား တောင်ကြီးက ကျွန်မတို့အိမ်ထက်ပင် ပေါပါသေး၏။ စံကားပွင့်များသည် မြက်တောပေါ်သို့ ကြွေကျနေကြသည်။

အသက်လေးဆယ်ခန့် ယောကျ်ားကြီးတစ်ယောက်သည် ပေါင်းပင်ခုတ်နေရာမှ ကျွန်မကို လှမ်းကြည့်နေ၏။ သူ့အကြည့်သည် စူးစမ်းသောအကြည့် ဖြစ်သည်ကို ကျွန်မ သတိထားလိုက်မိ၏။ အသက်လေးဆယ်ခန့် ခပ်ဖိုင့်ဖိုင့် မိန်းမတစ်ယောက်လည်း နောက်ဖေးမီးဖိုဘက်မှ ထွက်လာသည်ကို မြင်လိုက်ရ၏။ သူလည်း ကျွန်မကို ကြောင်ကြည့်နေပေသည်။

"ကိုစံရွှေ မေမေ မရှိဘူးလား၊ မလှတင်ကော ရှိတယ်မဟုတ်လား။ ဒီပစ္စည်းတွေကို လာချစမ်းပါဦး"

ဦးဇင်မောင်က တက္ကစီခ ရှင်းပေးပြီး ကားပေါ်က လှမ်းခေါ်လိုက်သည်။ သည်တော့မှ ယောကျ်ားကြီးသည် လက်မှဓားကို လွှတ်ချကာ ပြေးလာ၏။ နောက်ဖေး

မီးဖိုဝတွင် ရပ်ကြည့်နေသော ခပ်ဖိုင့်ဖိုင့်မိန်းမကလည်း ပြေးထွက်လာ၏။

"ဟင် ဆရာလေးပါလား၊ ကျုပ်က ဘယ်သူတွေများလဲလို့ ကြည့်နေတာ။ လာမယ်ဆိုတဲ့အကြောင်းလည်း ဘာသံမှ မကြားပါကလား။ ဒေါ်ဒေါ်ကြီးလည်း မရှိဘူး"

"ဟုတ်တယ်၊ အရင်တုန်းက လာမယ် လာမယ်ဆိုပြီး မလာဖြစ်တာ များလွန်းလို့ ဒီတစ်ခါတော့ ဘာမှမပြောဘဲ ထလာတာ။ မေမေကော ဘယ်သွားလို့လဲ"

"အင်းစိန်ဘက်က တောရကျောင်းကို သွားဥပုသ်စောင့်နေတာ။ တနင်္ဂနွေ တစ်ပတ်လောက် ရှိသွားပြီ။ ခုညနေ ပြန်လာမှာပဲ။ မလတ်တို့လည်း တစ်လောက ကလေးတွေနဲ့အတူ လာကြတယ်။ သူ့ယောကျ်ားက စစ်တွေပြောင်းရလို့ စစ်တွေကို လိုက်သွားကြတယ်"

ကိုစံရွှေက ကျွန်မတို့ အိပ်ရာလိပ်များကို သယ်ရင်း ပြော၏။ ခပ်ဖိုင့်ဖိုင့် မိန်းမသည် ကျွန်မတို့ သားရေသေတ္တာများကိုဆွဲကာ ကျွန်မကို ငေးကြည့်နေလေသည်။

"မလှတင် ဘာကြည့်နေတာလဲ၊ ကျွန်တော့် မိန်းမလေ။ အရင်တစ်ပတ်ထဲက တောင်ကြီးမှာ လက်ထပ်လိုက်တာ။ ခုတော့ မေမေ့ကို လာကန်တော့ကြတာ။ နောက်တော်တော်နဲ့ ရောက်နိုင်မှာ မဟုတ်ဘူး"

"ဟောဗျု ဒါ ဆရာလေး မိန်းမလား။ ဆရာလေးတို့ လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ဘာသံမကြား ညာသံမကြား။ ဒေါ်ဒေါ်ကြီးတောင် မသိသေးဘူးထင်တယ်"

"ဘယ်သိဦးမလဲ"

တက္ကစီသည် ဂူးခနဲမြည်ကာ ခြံထဲမှ ထွက်သွား၏။ ဦးစံရွှေနှင့် သူ့မိန်းမသည် ကျွန်မတို့ ပစ္စည်းများကို သယ်သွားကြသည်။ ကျွန်မက ကျန်ရစ်ခဲ့သော ဆွဲခြင်းများနှင့် ထမင်းချိုင့် စသည့် တိုလီမိုလီပစ္စည်းတွေကို ကောက်သိမ်းနေသည်။

"နေပေ့စေ ထား၊ မလှတင်တို့ သယ်လာလိမ့်မယ်။ လာ လာ အိမ်ပေါ်သွားရအောင်"

အိမ်တံခါးများကို ကျွန်မတို့ ရောက်မှဖွင့်ရသည်။ အိမ်ထောင်ပရိဘောဂများမှာ ဟောင်းနွမ်းသော်လည်း သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ထား၏။ ဘုန်းကြီးကျောင်းများတွင် တွေ့ရတတ်သော ကြိမ်ထိုးသစ်သား ပက်လက်ကုလားထိုင်ကြီးတစ်လုံးကိုလည်း တွေ့ရသည်။ နံရံတွင် ဦးဇင်မောင်တို့မိသားစု၏ ဓာတ်ပုံများကို တွေ့ရသည်။ ဦးဇင်မောင်သည် ကျွန်မလက်ကို ဆွဲခေါ်ကာ နံရံထက်တွင် ချိတ်ဆွဲထားသော ဓာတ်ပုံ

တစ်ပုံရှေ့တွင် ရပ်လိုက်၏။

"ဟောဒါက အစ်ကိုကြီးတို့မိသားစုပုံပဲ။ ဖေဖေနဲ့ မေမေရယ်၊ ရှေ့ဆုံးမှာ ဂါဝန်ကလေးတွေနဲ့ ထိုင်နေတာ အစ်ကိုကြီးရဲ့ညီမ တင်တင်လတ်နဲ့ တင်တင်လေး။ တင်တင်လေးက အငယ်ဆုံး၊ အင်္ဂလိပ် ပြန်ဝင်လာစက ဆုံးသွားတယ်။ တင်တင်လတ်က အစ်ကိုကြီးထက် သုံးနှစ်လောက် ငယ်တယ်။ သူကတော့ ခု အမြတ်တော်ခွန်ဝန်ထောက်တစ်ယောက်နဲ့ ရတယ်လေ။ ခုနက ကိုစံရွှေပြောတဲ့ မလတ်ဆိုတာပေါ့။ စစ်တွေကို ပြောင်းသွားပြီ။ နောက်တန်းက ရပ်နေတာက အစ်ကိုကြီးရယ်၊ အစ်ကိုကြီးညီ ဇင်အောင်ရယ်။ ဇင်အောင်က တင်တင်လတ်နဲ့ တင်တင်လေး ကြားထဲမှာ အလတ်ပေါ့။ သူက ကင်ဘာရာမှာ စစ်သံမှူး ဖြစ်နေတယ်"

ကျွန်မသည် ဦးဇင်မောင်တို့ အိမ်သားများ၏ ဓာတ်ပုံကို ငေးကြည့်နေ၏။ ဦးဇင်မောင်၏အဖေမှာ နှုတ်ခမ်းမွေးကြီးတကားကားနှင့် ခန့်ညားသူဖြစ်၏။ ဦးဇင်မောင့်မေမေမှာလည်း မဟာနဖူးနှင့် ကျက်သရေရှိလှပါသည်။ သို့ရာတွင် မျက်လုံးများမှာ မာနကြီးသောမျက်လုံးမျိုးဟု ကျွန်မ ထင်ပါသည်။

နောက် ဦးဇင်မောင်သည် တင်တင်လတ်တို့ မိသားစုဓာတ်ပုံ၊ ကိုဇင်အောင်တို့ မိသားစုဓာတ်ပုံများကို လိုက်ပြ၏။

ကျွန်မသည် ဓာတ်ပုံများကိုကြည့်ရင်း စိတ်ထဲတွင် ဟာ၍ လာ၏။ တကယ်တော့ ကျွန်မသည် ဦးဇင်မောင်၏မိဘများကိုလည်းကောင်း၊ ညီ ညီမများကိုလည်းကောင်း ယခုမှ ဓာတ်ပုံထဲတွင် တွေ့ဖူးပေသည်။

ကျွန်မသည် ဦးဇင်မောင်နှင့် ကျွန်မ လက်ထပ်သည့်အခါကျတော့မှ သူ့အဖေသည် အငြိမ်းစားစစ်ကဲကြီး ဦးဖိုးဖေ ဖြစ်သည်ဟုလည်းကောင်း၊ သူ့မိခင်မှာ ဒေါ်မြနွဲ့ ဖြစ်သည်ဟုလည်းကောင်း သိခဲ့ရခြင်းဖြစ်၏။ သို့ကလို သိရခြင်းမှာလည်း ကျွန်မတို့ လက်ထပ်စာချုပ်ထဲတွင် ပါဝင်သဖြင့်သာ သိခဲ့ရခြင်းဖြစ်၏။ ရုပ်လက္ခဏာသွင်ပြင်ကိုကား ယခုမှ ဓာတ်ပုံထဲတွင် တွေ့ရခြင်းဖြစ်လေသည်။ သူ့ညီနှင့် ညီမများကိုကား ဘယ်နှယောက်ရှိ၍ မည်သူမည်ဝါတွေမှန်းပင် မသိခဲ့ပေ။

ကျွန်မသည် သည်တော့မှ ကိုယ်ပေါင်းဖော်ရမည့် လူတစ်ယောက်၏ မိဘဆွေမျိုးသားချင်းကိုပင် မြင်ဖူးတွေ့ဖူးခြင်းလည်း မရှိ၊ စုံလင်အောင်လည်း သိရှိခြင်းမရှိဘဲနှင့် ထိုလူအား ဘုမသိ ဘမသိ လင်အဖြစ် ပေါင်းဖော်ခဲ့ရသည့် ကျွန်မ၏ အဖြစ်ကို အံ့သြစွာ တွေ့ရှိလာရ၏။ ကျွန်မအဖြစ်သည် လွမ်းခန်းတွင် အပူတိုက်၍

နှစ်ပါးသွားခန်းတွင် သစ္စာထားကို ကရသော ရုပ်သေးရုပ်တစ်ရုပ်၏အဖြစ်နှင့် ဘာများ ခြားနားပါသေးသနည်း။ မေမေ၏ သေတမ်းစာထဲတွင် ပါသည့် စကားလုံးများသည်လည်း ရုပ်သေးမင်းသမီးရုပ်ကို ရစ်သိုင်းဖွဲ့နှောင်ထားသော ကြိုးများနှင့် ဘာများ ခြားနားပါသေးသနည်း။

"ယောကျ်ားနဲ့ မိန်းမ ပေါင်းဖော်တယ်ဆိုတာဟာ သူတို့နှစ်ယောက်တည်း ပေါင်းဖော်ခြင်း မဟုတ်ပါဘူး။ နှစ်ဖက်မိဘ၊ နှစ်ဖက်ဆွေမျိုးများရဲ့ ပေါင်းဖော်ခြင်းလည်း ဖြစ်ပါတယ်"

ကျွန်မတို့ မင်္ဂလာအခမ်းအနားတွင် ပြောကြားသွားသည့် ဦးသန်းဌေး၏ စကားလုံးများကို ကျွန်မ ကြားယောင်လာ၏။ ယခုတော့ ကျွန်မ ဦးဇင်မောင်၏ ဆွေမျိုးမိဘများကို မသိ။ သူတို့ကလည်း ကျွန်မကို မသိ၊ ကျွန်မတို့ကြားတွင် ကျယ်ပြောနက်ရှိုင်းသော သူစိမ်းတစ်ရံဆံ ချောက်ကမ်းပါးကြီး ခြားနေပေပြီ။

ဦးဇင်မောင်သည် ကျွန်မအား သူ့မိဘဆွေမျိုးများ၏ ဓာတ်ပုံကို လျှောက်ပြပြီး အိမ်အောက်သို့ ခဏဆင်းသွား၏။ ဦးစံရွှေတို့လင်မယားသည် ကျွန်မတို့ ပစ္စည်းများကို နေရာချထားကာ ကျွန်မတို့ အိပ်ခန်းကို ပြင်ဆင်နေကြသည်။ ကျွန်မသည် အိမ်ရှေ့ခန်းတွင် တစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့ရင်း အလိုလိုရင်မောရသည်။ ဤအိမ်ကိုလာရခြင်း၌ ကျွန်မသည် ရင်းနှီးခြင်း၊ အသားကျခြင်းမရှိ။ ကမ္ဘာလောကကြီးတစ်ခု၊ ဘဝတစ်ခုကို ရောက်လာရသူလို စိမ်းကာ အစစအရာရာ ခြားနားနေသည်ဟု ထင်မှတ်ရသည်။

"ဆရာလေး မိန်းမက ရုပ်ကလေးကတော့ ချောပါရဲ့။ ဒါပေမဲ့ ငယ်လှချည်လား ကိုစံရွှေရဲ့၊ အဖေနဲ့ သမီးလား အောက်မေ့ရတယ်"

အိပ်ခန်းထဲမှပြောသော မလှတင်၏ တီးတိုးသံဖြစ်၏။ တီးတိုးပြောဆိုခြင်း ဖြစ်သော်လည်း ကောင်းစွာ ကြားနေရပါသည်။ ကျွန်မသည် ဤစကားများကြောင့် ခေါင်းနားပန်းကြီးသွား၏။

"ဘယ့်နှယ် မရွှေထား၊ အဖေနဲ့ သမီး ထင်ရလောက်အောင် ကွာခြားနေပြီလို့ ပြောနေကြပါပကော"

ကျွန်မသည် ကျွန်မကိုယ်ကို စိတ်ထဲမှ မေးခွန်းထုတ်ကာ နှုတ်ခမ်းကို မဲ့၍ ပြုံးမိ၏။ နာကြည်းလွန်းသဖြင့် ပြုံးမိခြင်းသာ ဖြစ်ပါသည်။

"ဒီလောက်လည်း မဟုတ်ပါဘူးဟ။ ဆရာလေးက အသက် ဘယ်လောက်များ

ကြီးသေးလို့လဲ”

ဦးစံရွှေ၏အသံဖြစ်၏။ ကျွန်မသည် သူတို့ အချေအတင်ပြောနေကြပုံကလေးကို စိတ်ဝင်စားလာကာ နားစွင့်လိုက်မိသည်။

“ဘယ့်နှယ် မကွာရမလဲတော့။ ဆရာလေးက တော်နဲ့ တစ်ခုတည်းမဟုတ်လား။ ခု တော်ပဲ ၄၃ နှစ်ရှိနေပြီ။ ကလေးမလေးက ၂၀ ကျော်ကျော်လေးပဲ ရှိဦးမယ်၊ အလွန်ဆုံးရှိ အစိတ်ပေါ့”

“ကလေးမလေးက သဘောကောင်းပုံရပါတယ်”

“ကျုပ်ကတော့ မာနခဲကလေး ထင်တာပဲ။ ကြည့်ရတာ မထုံတက်သေးပဲ။ စကားပြောချင်သလို မပြောချင်သလို။ ကျုပ်တော့ မဟုတ်ကာမှလွဲရော ဆရာလေးဟာ ဆင်းရဲတဲ့အထဲက မိန်းကလေးတစ်ယောက် ကောက်ရလာတယ်ထင်တာပဲ။ ဒါမှမဟုတ်ရင်လည်း အဖေ၊ အမေ မရှိတဲ့ မိဘမဲ့ကလေးတစ်ယောက်ယောက် ဖြစ်မှာပဲ”

ဦးဇင်မောင် တက်လာပြီး ဦးစံရွှေကို ခိုင်းသဖြင့် သူတို့ အချေအတင်ပြောပွဲလေးမှာ ပြီးသွားပါသည်။

“ကဲ ထား ရေလေးမိုးလေး ချိုးပြီး၊ ထမင်းစားပြီး အနားယူ။ ညနေ မေမေပြန်လာတော့မှာပဲ။ ဒီနေ့တော့ အိမ်မှာပဲ အေးအေးဆေးဆေးနေကြတာပေါ့။ မနက်ဖြန်ကျမှ မိတ်ဆွေတွေဆီ လျှောက်လည်ကြရအောင်”

ကျွန်မသည် ရေမိုးချိုး၊ ထမင်းစားပြီးနောက် တစ်နေ့လုံး အိပ်ပစ်လိုက်ပါသည်။ စိတ်ထဲတွင် ဟာတာတာ ရှိသဖြင့်တစ်ကြောင်း၊ မနေ့ညက လမ်းခရီးတွင် အိပ်ရေးပျက်သဖြင့် တစ်ကြောင်း၊ ဘယ်လိုမျှ မထွက်ချင်တော့ပါ။

ညနေ မှောင်ရီရီတွင် ဦးဇင်မောင်၏ မေမေသည် ကားကြုံတစ်စီးဖြင့် တောရကျောင်းမှ ပြန်ရောက်လာ၏။ ဦးဇင်မောင်၏ မေမေမှာ အသက်ခြောက်ဆယ်ကျော်လောက် ရှိပါပြီ။ ဝဝဖိုင့်ဖိုင့်၊ အသားဖြူဖြူဖြစ်၍ အရွယ်တင်ပါသည်။

“ငါ့သားက မရမရနဲ့ ရမယ့်ရတော့ တကယ့်အချောအလှမှ ရသကိုး”

ကျွန်မတို့ ကန်တော့ပြီး မေမေက မှတ်ချက်ချပါသည်။ မေမေသည် ကျွန်မကို ကြင်နာပုံရပါသည်။ ထမင်းပွဲတွင် ဟင်းခပ်ထည့်ပေး၊ ထမင်းခပ်ထည့်ပေးနှင့် ကျွန်မကို ဂရုစိုက်ပါသည်။ ညစာစားပြီးနောက်တွင် ကျွန်မတို့သုံးယောက် ဧည့်ခန်းတွင်ထိုင် စကားပြောကြ၏။ များသောအားဖြင့် ပြောကြသူမှာ သူတို့သားအမိ ဖြစ်ပါသည်။ ကျွန်မမှာ နားထောင်သူမျှသာ ဖြစ်၏။ ဦးဇင်မောင်တို့ သားအမိသည် ကျွန်မ မသိ

သော၊ တွေ့ဖူး မြင်ဖူးခြင်းလည်း မရှိသော သူတို့ ဆွေမျိုးသားချင်းများအကြောင်း၊ ညီတွေ ညီမတွေအကြောင်းကိုသာ ပြောကြပါသည်။ ကျွန်မသည် စည်းတားခံထားရသော ခွေးဝင်စားတစ်ကောင်လို သူတို့စကားဝိုင်းထဲသို့ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ သူတို့ပြောသမျှကို နားထောင်နေရပေသည်။

"သမီး ကြည့်ရတာ အိပ်ရေးပျက်နေပုံရတယ်၊ အိပ်ချင်ရင် စောစောအိပ်လေ"

မေမေသည် ကြိမ်ထိုး သစ်သားပက်လက်ကုလားထိုင်ကြီးပေါ်မှာ ပက်လက်လှဲရင်း ပြောလိုက်၏။ တိုင်ကပ်နာရီကြီးမှ ဆယ်နာရီထိုးသံ ပေါ်လာလေသည်။

"သြော် ဟုတ်သားပဲ၊ ထား အိပ်ချင်အိပ်လေ"

ကျွန်မသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သူတို့ကိုနှုတ်ဆက်၍ အနားမှ ထလာခဲ့သည်။

အိပ်ခန်းထဲရောက်တော့ ကျွန်မသည် နက်ဖြန်သွားရမည့် အစီအစဉ်တွေကို စိတ်ကူးကာ ချက်ချင်းပင် မှေးခနဲ အိပ်ပျော်သွားသည်။ တစ်ရေးနိုးလာသောအခါတွင် ဦးဇင်မောင်တို့ သားအမိ၏ စကားပြောသံများကို ကြားနေရသေးသည်။ သူတို့သားအမိနှစ်ယောက်သည် ခပ်အုပ်အုပ် ပြောနေခြင်းမျှသာ ဖြစ်သော်လည်း တိတ်ဆိတ်သောအချိန်ဖြစ်၍ သဲကွဲစွာကြားရပါသည်။

"သားရဲ့ မိန်းမက ချောတော့ချောပါရဲ့။ လိမ္မာရေးခြားလည်း ရှိပုံရပါရဲ့။ ဒါပေမဲ့ ငယ်လှသကွယ်"

မေမေ၏ အသံဖြစ်၏။ မေမေသည် ညနေတုန်းက မလှတင် ပါးစပ်မှ ကြားရသော စကားမျိုးကို ပြောနေပြန်ပေပြီ။ သူတို့နှစ်ယောက်သည် ဤစကားများကို တမင်ညှိထားသလားပင် အောက်မေ့ရသည်။ ကျွန်မသည် နှစ်ကြိမ်တိုင်တိုင် နားနှင့်ဆတ်ဆတ် ကြားလိုက်တော့မှ ဦးဇင်မောင်နှင့် ကျွန်မတို့အကြားတွင် အသက်ကွာခြားမှုကြီး ရှိနေခြင်းကို ပို၍ ခံစားသိရှိလာမိသည်။ ဤကွာခြားမှုကြီးသည် အဝေးကပင် ချက်ချင်းမြင်နိုင်သော ကွာခြားမှုကြီးမှန်း ပိုလို့သဘောပေါက်လာသည်။ သူတို့နှစ်ယောက်သာမက မြင်မြင်သမျှလူတိုင်းကလည်း သည်လိုပင် ပြောကြလိမ့်မည်ဟု ထင်ပါသည်။

ဦးဇင်မောင်က ပြန်ပြောသံကို ကြားရသည်။ သို့ရာတွင် ကျွန်မ အတွေးနှင့် ကျွန်မမို့ ကောင်းစွာ မသဲကွဲလိုက်ပေ။

"နေစမ်းပါဦး၊ သူ့မိဘများကကော ဘယ်ကလဲ၊ တောင်ကြီးကပဲလား"

ဩော် ကျွန်မယောက်ျား၏ အမေသည် ယခုတိုင် သူ့သားမိန်းမ၏ မိဘအမည်ကိုတောင် မသိသေးပါတကား။

"မေမေ သိပါတယ်၊ သူ့မိဘများက ကျွန်တော့်မိတ်ဆွေထဲကပဲ။ ခုတော့ နှစ်ယောက်စလုံး မရှိတော့ဘူး"

"ဘယ်သူတွေများလဲ၊ မင်းမိတ်ဆွေက များလွန်းတော့ မေမေလည်း ဘယ်သူဘယ်ဝါတွေလို့ မမှတ်မိပါဘူး။ ပြောပြမှ သိမှာပဲ"

"ကိုဘမောင်ရဲ့ သမီးလေ"

ဦးဇင်မောင်က ခပ်အုပ်အုပ် ပြောလိုက်၏။

"နေဦး နေဦး၊ ဘယ်ဘမောင်လဲ။ နယ်ခြားဝန်ထောက် ဘမောင်လား။ ဒါဖြင့် ကလေးမကလေးက သိန်းသိန်းရဲ့ သမီးပေါ့။ သိန်းသိန်းကော ဆုံးပြီလား"

"ဟုတ်တယ် မေမေ၊ တစ်နှစ်က ဆုံးတယ်။ ခု သူက သိန်းသိန်းရဲ့သမီးအကြီး၊ ကောလိပ်မှာ အငယ်တစ်ယောက် ရှိသေးတယ်"

သက်ပြင်းချသံကြီးကို ကြားရ၏။ ဘယ်သူ့သက်ပြင်းချသံကြီးတော့ မသိပေ။ မေမေ၏ သက်ပြင်းချသံဟုပင် ကျွန်မ ထင်ပါသည်။

"အင်း ငါ့သားလည်း ဒီအသိုက်အဝန်းထဲကပဲ မလွတ်နိုင်သေးဘဲကိုး။ အေးလေ မင်း ကောင်းမယ်ထင်လို့၊ မင်းနှစ်သက်လို့၊ မင်းစိတ်သဘောနဲ့ ယူလာပြီပဲ။ မေမေ ဘာမှ မပြောလိုတော့ပါဘူး။ ဖြစ်ပြီးသားအမှု အဆင်ပြေအောင် ကြည့်နေကြပေါ့။ သားနှစ်သက်ရင် ပြီးစတမ်းပဲ။ ကလေးမလေးက လိမ္မာပုံတော့ ရပါတယ်"

မေမေ၏ စကားများသည် ထူးဆန်းလှပါတကား။ ဦးဇင်မောင်၏ မေမေသည် ဘာကြောင့် ဖေဖေနှင့် မေမေ နှစ်ယောက်စလုံးကို သိနေရသနည်း။ ဒီအသိုက်အဝန်းထဲက မလွတ်နိုင်သေးဟု ဘာကြောင့် ပြောရသနည်း။ သဘောမကျလေဟန်စကားကို ဘာကြောင့် ပြောရပေသနည်း။

ကျွန်မသည် ကျွန်မတို့အိမ်ထောင်စုနှင့် ဦးဇင်မောင်တို့ အိမ်ထောင်စုအကြားတွင် ကျွန်မ မသိသော လျှို့ဝှက်ချက်ကြီးတစ်ခုရှိနေပြီဟု ထင်လိုက်မိပါသည်။ ကျွန်မသည် ထိုနေ့ညက တစ်ညလုံး အိပ်မပျော်တော့ပေ။ ဖြစ်နိုင်လျှင် ညတွင်းချင်းပင် ဤအိမ်မှ ထွက်ခွာသွားလိုပါသည်။

ကျွန်မတို့သည် ရန်ကုန်မှာ နှစ်ပတ်လောက်နေ၏။ နှစ်ပတ်အတွင်း ကျွန်မတို့သည် ဦးဇင်မောင်နှင့် ကျွန်မ မိတ်ဆွေများထံ လျှောက်လည်ကြ၏။ ဦးဇင်မောင်၏

မိတ်ဆွေများထံ သွားလျှင်သာ နှစ်ယောက်သွားလေ့ရှိကြပြီး ကျွန်မ မိတ်ဆွေများထံ သွားလျှင်တော့ ကျွန်မ တစ်ယောက်တည်းသာ သွားလေ့ရှိ၏။ ဦးဇင်မောင်သည် ကျွန်မမိတ်ဆွေ လူငယ်ဝိုင်းထဲ ဝင်ရသည်မှာ ရှက်သလိုလို၊ လူကြီးပီပီ ခပ်မှန်မှန်နေချင်သလိုလိုဟန်ပေါက်နေပေသည်။ တစ်ခါတလေတွင်တော့ ကျွန်မသည် ထားခင်မူကို ကျောင်းမှ ဝင်ခေါ်ပြီး ထားခင်မူနှင့်အတူ သွားကြပါသည်။ ချိန်းထားသည့် အချိန်ကျတော့မှ ဦးဇင်မောင်က လာခေါ်တတ်ပါသည်။ ကျွန်မသည် အေးအေးတို့ လင်မယားဆီကိုလည်း သွားလည်ကြ၏။ အေးအေးတို့ထံသို့မူ ဦးဇင်မောင်ပါ ပါသည်။

ဦးဇင်မောင်နှင့် ကိုတင်မြင့်တို့က ဧည့်ခန်းတွင် စကားကောင်းနေချိန်၌ ကျွန်မနှင့် အေးအေးသည် အိပ်ခန်းထဲတွင် အလွမ်းသယ်ကြ၏။ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောကြ၏။ ကျွန်မက ဦးဇင်မောင်ကို ဘာကြောင့် လက်ထပ်ရကြောင်း အကျဉ်းချုံး၍ ပြောပြ၏။

"သူ ဘိလပ်က ပြန်ရောက်ပြီး နောက်တစ်နေ့ ကိုအောင်မျိုးကြီး ပေါက်လာတယ်ကွ။ အို မင်းဆီက စာမပြန်လို့ဆိုပြီး မေးလိုက်တာ အမောတကောပဲ"

အေးအေးက သူ့သားလေးကို နို့ဘူးတိုက်ရင်း ကျွန်မကို ပြောပြ၏။

"ကိုယ့်ဖိတ်စာ မင်းဆီ မရောက်သေးဘူးလား"

"အေး သူရောက်လာတာ မင်းဖိတ်စာရောက်ပြီး နောက်တစ်နေ့ပဲ။ ကိုယ်လည်း သူ့ရင်ဝ ဆီးကန်တဲ့အနေမျိုး ရောက်နေမှာစိုးလို့ မပြောဘူးလို့ပါဘဲ။ ဒါပေမဲ့ မောင်က ဖွင့်ပြောလိုက်တယ်။ ဖွင့်လည်း ပြောလိုက်ရော၊ အို မင်းလူ မျက်နှာကြီးမည်းပြီး ငိုင်သွားတာပဲ။ မောင်လည်း ပြောပြီးမှ တော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ သူကတော့ ဘာမှမပြောပါဘူး။ ကိုယ်တို့ပြောတာကို နားထောင်ပြီး ခေါင်းကြီးငိုက်စိုက်နဲ့ ထွက်သွားတာပဲ။ သွားခါနီးမှာတော့ ပြောသွားတယ်။ မြင်းခွာသံလေးတစ်ချက် မရိုက်မိလို့ စစ်ပွဲကြီးတစ်ပွဲ ရှုံးရတာပေါ့ဗျာတဲ့။ ကိုယ်တော့ သူ ဘာဆိုလိုမှန်း နားမလည်ဘူး၊ မင်းတို့ချင်းမှ သိမှာပဲ"

မှန်ပါသည်။ သည်စကား၏ အဓိပ္ပာယ်ကို အေးအေး မသိသော်လည်း ကျွန်မ သိပါသည်။ ဘိလပ်သို့ထွက်သွားခါနီးတွင် သူပြောသလို ကျွန်မ ဇွတ်မှိတ်၍ လက်ထပ်ကြလျှင် ကျွန်မ၏ ဘဝလှေငယ်သည် ယခု ရေစီးကြောင်းကို ရောက်မှ ရောက်ပေမည်။ ကျွန်မသည် သည်တုန်းကတော့လည်း မြန်ဆန်လွန်းလှသည်ထင်၍ ခပ်ပေါ့ပေါ့ သဘောထားခဲ့ခြင်းဖြစ်၏။ ယခုတော့ ကျွန်မ ခပ်ပေါ့ပေါ့ သဘောထားခဲ့သော မြင်းခွာ

သံလေးတစ်ချောင်းသည် စစ်ပွဲကြီးတစ်ပွဲ ဆုံးရှုံးစေပေပြီ။

"နေစမ်းပါဦး မင်းလူကြီးကကော မင်းကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိရဲ့လား"

အေးအေးက ကလေးပါးစပ်မှ နို့ဘူးကိုချွတ်၍ အိပ်ပျော်သွားသော ကလေးကို ပုခက်တွင်းသို့ ထည့်သိပ်ရင်း ပြောသည်။

"အို ချစ်သမှ သိပ်ချစ်၊ ကြင်နာသမှ သိပ်ကြင်နာ"

ကျွန်မသည် နာကြည်းသောအသံဖြင့် ပြောလိုက်၏။ အေးအေးကတော့ ဘာမျှ နားမလည်ပါ။ ကျွန်မ တကယ်ပြောသည်ဟု ထင်မှတ်ဟန်တူပါ၏။

"အေးကွာ ကိုယ်ပြုပြင်ဖန်တီးလို့မရတဲ့ အကြောင်းတွေကြောင့် ကိုယ်ချစ်တဲ့သူနဲ့ မညားတော့ရင်လည်း ညားတဲ့သူကိုပဲ ကြိုးစားချစ်ရမှာပေါ့။ ကြာတော့လည်း ချစ်လာမှာပဲ။ လောကကြီးမှာ ဒီလို မချစ်ရုံတင်မကဘူး၊ အမုန်းကြီး မုန်းနေကြတဲ့သူတွေတောင် မရှောင်လွှဲသာတဲ့ အကြောင်းတွေကြောင့် ညားသွားကြတဲ့အခါမှာ ချစ်သွားကြရတာပဲ မဟုတ်လား။ မင်းနဲ့ မင်းလူကြီးဟာ အမုန်းကြီး မုန်းနေကြတဲ့ လူတွေမှ မဟုတ်ပဲ"

ကြိုးစားချစ်ရမယ်တဲ့။ အေးအေး သည်လို ပြောရက်လေခြင်းဟု ကျွန်မ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားပါသည်။ သို့ရာတွင် အေးအေးသည် ကျွန်မကို စိတ်သက်သာရာရအောင် ဖြေသိမ့်ခြင်းသာဖြစ်သည်ဟု ကျွန်မ အောက်မေ့လိုက်ပါသည်။

"မိရွှေအေးရေ မင်းကတော့ မခံစားဖူးလို့ ဘယ်မှာ ကိုယ်ချင်းစာတတ်ပါ့မလဲ။ ဖူးပွင့်လာတဲ့ပန်းကို မဖူးနဲ့၊ မပွင့်နဲ့လို့ ခိုင်းလို့မရသလို အသည်းနှလုံးမှာ ပေါ်လာတဲ့ ခံစားချက်ကိုလည်း ပိတ်ပင်လို့များ ရမယ်ထင်သလား။ တကယ်တော့ ဘယ်သူဖြစ်ဖြစ် အသည်းနှလုံးမှာ ခံစားချက်ရှိကြတာချည်းပါပဲကွာ။ ဒီခံစားချက်တွေ ပွင့်လာရင် မကောင်းဘူးထင်လို့သာ ပွင့်မထွက်အောင် ချုပ်တည်းထားကြတာပါ။ အားလုံးတော့ ခံစားချက်ရှိကြတာချည်းပဲ။ အသည်းနှလုံးကို ကြိုးစားပြီး ချစ်ခိုင်းလို့တော့ ရမယ်ထင်သလား၊ မရဘူး အေး။ ချစ်သူနဲ့ ကွဲရလို့ ပူဆွေးရမယ့် အသည်းနှလုံးကို မပူဆွေးနဲ့လို့ ပြောလို့လည်း မရဘူး။ ပူဆွေးတာကို လူမသိအောင် ချုပ်တည်းဖုံးအုပ်ထားလို့ရတာပဲရှိတယ်"

ကျွန်မသည် သည်စကားမျိုးကို အေးအေးအား ပါးစပ်က ဖွင့်၍ မပြောပါ။ စိတ်ထဲကသာ ပြောပါသည်။ ပါးစပ်ကဖွင့်ပြော၍ကော ဘာအကြောင်းထူးပါဦးမည်

နည်း။

ကျွန်မတို့သည် ရန်ကုန်တွင် နှစ်ပတ်ခန့်နေပြီး၍ သန်ဘက်ခါ တောင်ကြီးသို့ ပြန်ရန် ပြင်ဆင်ကြ၏။ ထုပ်ပိုးတန်သည်ကို ထုပ်ပိုးထား၏။ ဦးဇင်မောင်သည် အိမ်သုံး ဆေးသေတ္တာပစ္စည်းများ၊ ပန်းမျိုးစေ့၊ သစ်ပင်မျိုးစေ့ထုပ်များ၊ ရက္ခဗေဒနှင့် လယ်ယာ စိုက်ပျိုးရေးစာအုပ်များကို သတ်သတ်ထုပ်ပိုးထား၏။

ပြင်ဆင်နေကြတုန်း အေးအေး ရောက်လာလေသည်။ အေးအေးသည် ဖိတ်စာ တစ်စောင်ကို ကိုင်လာ၏။ အေးအေးတို့သားလေး၏ တစ်နှစ်မြောက် မွေးနေ့ဖြစ် လေသည်။

"မမီတော့ဘူးထင်တယ် အေးရဲ့၊ ကိုယ်တို့က သန်ဘက်ခါ ပြန်တော့မှာ၊ အားလုံးပြင်ဆင်ပြီးနေပြီ"

"ဟင့်အင်းကွယ် ... တစ်ရက်တည်းပဲဟာ။ ထား မလာရင်တော့ ကိုယ် စိတ်ဆိုး မှာပဲ"

ကျွန်မသည် ဦးဇင်မောင် ပြင်ဆင်ထားပြီးဖြစ်နေ၍ ဆိုင်းရန် ကျွန်မ မပြော ချင်ပေ။ ထို့ကြောင့် သေတ္တာတွေ၊ ပစ္စည်းတွေနှင့် အလုပ်ရှုပ်နေသော ဦးဇင်မောင်ကို လှမ်းကြည့်လိုက်၏။

"ဘာလဲ မင်းက မင်းလူကြီး ကြောက်သလား"

အေးအေးသည် ဦးဇင်မောင်ကို ရည်ညွှန်းပြောဆိုတိုင်း မင်းလူကြီးဟု ဆိုလေ့ ရှိသည်။ မင်းလူကြီးဟူသော နာမ်စားသည် ကျွန်မနှင့် ဦးဇင်မောင်၏ အသက်ကွာ ခြားမှုကို သတိပေး နှိုးဆော်နေသလို ထင်ရသည်။

"ကြောက်တော့ မကြောက်ပါဘူး။ ဒါပေမဲ့ ကိုယ် မပြောချင်ဘူးကွာ။ သစ် တစ်ပင်မှာ သူ့ကိစ္စတွေက အများသား မဟုတ်လား"

"ဒါဖြင့် ကိုယ်သွားပြောမယ်"

အေးအေးသည် ကျွန်မ ဘာမှမပြောရမီ ဦးဇင်မောင်ရှိရာသို့ လျှောက်သွားပြီး ပြောပြ၏။

"ဒါက သူ့သဘောပေါ့၊ သူနေချင်တယ်ဆိုရင် နေရမှာပေါ့"

ဦးဇင်မောင်သည် ခပ်အေးအေးပြောပြီး သူ့အလုပ်ကို သူ ဆက်လုပ်နေ၏။ အေးအေးသည် ကျွန်မထံသို့ ပြန်လာကာ ဝမ်းသာအားရပြောပြီး ဖိတ်စာတွေ ပို့စရာ ရှိသည်ဆိုကာ နှုတ်ဆက်၍ ထွက်သွား၏။

ကျွန်မသည် အေးအေးကို တံခါးဝ လိုက်ပို့ပြီးသည်နှင့် ဦးဇင်မောင်ဆီသို့ လျှောက်လာပါသည်။ ဦးဇင်မောင်သည် ကျွန်မ လာသည်ကို လှည့်၍မကြည့်၊ စကား တစ်ခွန်းမျှကိုလည်း မဆိုဘဲ ပန်းမျိုးစေ့ထုပ်များကို ထင်းရှူးသေတ္တာထဲသို့ ထည့်နေ သည်။ ကျွန်မသည် အေးစက်စက်နှင့် မတုန်မလှုပ်ရှိလှသော ဦးဇင်မောင်၏ ဟန်ပန်ကို သတိထားလိုက်မိသည်။

"အေးအေး ပြန်သွားပြီလား"

ဦးဇင်မောင်က ကျွန်မကို လှမ်းမေးလိုက်သည်။ ကျွန်မက ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။

"အေးအေးတို့ ကလေးမွေးနေ့ကို ထား သိပ်သွားချင်သလား"

"ရောက်တုန်းပြုတုန်း နေပါဦးဆိုတော့လည်း နေဖို့ကောင်းတာပေါ့ အစ်ကိုကြီး၊ ဒါပေမဲ့ ပြင်ဆင်ပြီးသားဖြစ်နေတော့ အစ်ကိုကြီးကိုလည်း အနှောင့်အယှက် မဖြစ်စေ ချင်လို့"

"အံမယ်၊ ကျုပ်အတွက် ကိစ္စမရှိပါဘူးဗျာ။ ခင်ဗျား နေချင်တယ်ဆိုရင် နေပါ။ ကဲ သွားမယ်ဆိုရင်လည်း ကိုစံရွှေ လက်မှတ်ဝယ်ခိုင်းထားတာကို ဖျက်လိုက်မယ်။ အစ်ကိုကြီးတော့ အဲဒီနေ့ မလိုက်ဘူး"

ဦးဇင်မောင်၏ စကားအသုံးအနှုန်းများနှင့် လေသံမှာ ထူးဆန်းနေပါသည်။ ဦးဇင်မောင်သည် ကျွန်မကို သည်လို တစ်ခါမှ မပြောဖူးသေးပေ။

"ဒီလို မငေါ့ပါနဲ့ အစ်ကိုကြီး၊ အစ်ကိုကြီး မနေချင်ဘူးဆိုလည်း ထား လိုက်ရ မှာပါ။ ဒီကိစ္စလေးမပြောနဲ့၊ အားလုံးကို စွန့်လွှတ်ပြီးတော့တောင် အစ်ကိုကြီးကို ယူခဲ့ပြီပဲ"

ဦးဇင်မောင်သည် ပန်းမျိုးစေ့ထုပ်များကို ချထားလိုက်ပြီး ကျွန်မကို လှမ်းကြည့် လိုက်သည်။

"ဩ မင်းက ကျုပ်ကိုယူရတာဟာ အားလုံးကို စွန့်လွှတ်ပြီး ယူရတယ်လို့ ထင်သလား။ ဟုတ်တယ်။ ကျုပ်ဘက်ကလည်း အားလုံးကို စွန့်လွှတ်ပြီး မင်းကို ယူရတာ ဖြစ်လိမ့်မယ်လို့ကော စဉ်းစားမကြည့်မိဘူးလား။ ဟင်း ဒီလို စွန့်လွှတ်တာချင်း ပြိုင်နေကြမယ်ဆိုရင်တော့ ပြောစရာတွေ အများကြီးရှိကြမှာပဲ"

ဦးဇင်မောင်၏ စကားများကြောင့် ကျွန်မရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။ ကျွန်မသည် ဦးဇင်မောင်ကို နားမလည်သေးပေ။ အချစ်ကြီး၍ အလိုလိုက်တတ်သူ

လော၊ အသေးအဖွဲ့ကိစ္စကလေးများတွင် ဇီဇာကြောင်သူလော၊ ကျွန်မ ဝေခွဲ၍မရပါ။ ဤကိစ္စလေးမှာ အသေးအဖွဲ့ကလေးသာ ဖြစ်၏။ သစ်တစ်ပင်တွင် ကိစ္စအရေးကြီး၍ မနေနိုင်တော့ပါဟု အေးအေးကို တစ်ခွန်းပြောလိုက်လျှင် ကိစ္စပြီးနိုင်၏။ အေးအေးကို သဘောတူလိုက်ပြီးဖြစ်လျှင်လည်း နောက်တစ်ရက် နေလိုက်ဖို့ပင် ဖြစ်၏။ ယခုတော့ ဦးဇင်မောင်သည် အေးအေး၏ရှေ့တွင် သူက ကျွန်မဘာသာ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ပေးဟန်ပြပြီးမှ နောက်ကွယ်တွင် မကျေနပ်သယောင်ပြုနေခြင်းကို ကျွန်မ ဘယ်လိုလုပ်၍ နားလည်ရမည်နည်း။

"ထားကို ဒီလိုမပြောပါနဲ့ အစ်ကိုကြီး။ ကလေးမွေးနေ့ကို မသွားစေချင်လည်း မသွားပါဘူး"

"ကလေးမွေးနေ့ကို မသွားစေချင်လို့မဟုတ်ဘူး ထား။ ရန်ကုန်ကို ဟိုကောင် ရောက်နေတယ်။ မနေ့က လေယာဉ်ပျံကွင်းမှာ တွေ့ခဲ့တယ်။ ဒီကောင် ရန်ကုန်မှာ ရှိရင် အေးအေးတို့ဆီကိုလည်း လာမှာပဲ။ အေးအေးတို့ဆီလာရင် တွေ့မှာပဲ။ ကျုပ် မတွေ့ချင်ဘူး။ ဒါကြောင့်ပြောတာ"

"ဒါဖြင့်လည်း မသွားရုံပေါ့ အစ်ကိုကြီး။ နဂိုက စီစဉ်ထားတဲ့အတိုင်း သစ်တစ်ပင်ကို ပြန်ကြရုံပေါ့"

"သွားပါ၊ ထား သွားချင်တယ်ဆိုသွား၊ ကျုပ် စောင့်နေမယ်။ ဟိုမှာရှိတဲ့ကိစ္စတွေ အားလုံးကို ဆိုင်းထားလိုက်မယ်။ ဒါကြောင့်မို့ အစတုန်းက ကျုပ်ပြောတယ် မဟုတ်လား။ ကျုပ်က ပေးနိုင်တာ ချစ်တယ်ဆိုတာပဲ ပေးနိုင်တယ်လို့။ ထားဟာ အရွယ်ငယ်တယ်၊ နုနယ်တယ်။ ကျုပ်က အသက်ကြီးပြီ။ ကျုပ်မှာ လူ့အဖွဲ့အစည်းထဲ တိုးဝင်ဖို့ မလိုတော့ဘူး။ ထားမှာ ပျော်စရာ၊ ရွှင်စရာ အချိန်ရှိသေးတယ်။ လူ့အသိုင်းအဝိုင်းထဲမှာ ဝင်ရဦးမယ်။ ဒီတော့ သွားပါ၊ ကျုပ် မတားပါဘူး။ ကျုပ်တော့ မလိုက်ပါရစေနဲ့"

"တော်ပါပြီ၊ ထား မသွားတော့ပါဘူး"

ကျွန်မသည် ခပ်ပြတ်ပြတ်ပြောကာ အိမ်ခန်းထဲဝင်ပြီး ခုတင်တွင် မှောက်လျက် ငိုချလိုက်မိသည်။

ဤကား လင်ယောကျ်ားတို့၏ အာဏာတည်း။ လင်ယူရသဖြင့် ကျွန်မတို့ မိန်းမသားတို့ ဆုံးရှုံးလိုက်ရသော လွတ်လပ်ခွင့်တည်း။

နောက်ဆုံး၌ ကျွန်မတို့ မပြန်ဖြစ်ဘဲ အေးအေး ကလေးမွေးနေ့သို့ သွားကြပါသည်။ ဦးဇင်မောင် မတွေ့လိုသော ကိုအောင်မျိုးကိုလည်း ကံအားလျော်စွာ မတွေ့ရပါ။

ကျွန်မသည် ဦးဇင်မောင်နှင့် ကျွန်မတို့ စကားများကြသည့်အကြောင်းကို အေးအေးအား ပြောပြလိုက်၏။

"လင်နဲ့မယား လျှာနဲ့သွားဆိုတာ အဲဒါပေါ့ ထား။ အသေးအဖွဲကလေးတွေနဲ့ စကားများပြီး နောက်တော့လည်း ပြေသွားကြတာပဲ။ ဒါဟာ လင်နဲ့မယား ထုံးစံပဲ။ ကိုယ်တို့လည်း တစ်ခါတလေ စကားမများရတာ ကြာရင် ပျင်းသလိုလိုတောင် ဖြစ်နေသေးတယ်"

အေးအေးက ရယ်စရာကလေး ဆက်၍ပင် ပြောလိုက်သေး၏။ ကျွန်မအဖို့တော့မူ ဦးဇင်မောင်နှင့် ကျွန်မတို့အကြား ကွာဟချက်ကြီးသည် တဖြည်းဖြည်း နက်ရှိုင်းကျယ်ပြန့်လာသလို ထင်မိပါသည်။

## [၂၀]

နေစာလှုံ၍၊ လူ့ဘုံလောက
နီးခါစတည့်၊ ချိုးကသံရှည်
တေးဖွဲ့သီ၍၊ သည်မှာမြေပြင်
မြစိမ်းဆင်လျက်၊ ကောင်းကင်မိုးဝယ်
နီလာခြယ်၍၊ အိုဘယ့်လူသား
နှစ်ရောင်ကြားဝယ်
ခန့်ညားပေစွ ခန့်ပေစွ။

ကျွန်မသည် ဂျုံခင်းများကြားထဲက ကန်သင်းရိုးအတိုင်း လျှောက်လာခဲ့သည်။ ဆောင်းလယ်ရောက်ပြီဖြစ်၍ ဂျုံများ မှည့်ဝင်းစပြုလာကြသည်။ သို့ရာတွင် အချို့နေရာများတွင် ကွက်၍ စိမ်းလျက်ပင် ရှိကြသေးသည်။ လေညင်းသည် အတားအဆီးမရှိ တိုက်ခတ်လာ၏။ လေတိုးသောအခါတွင် ဂျုံပင်များသည် တရှဲရှဲမြည်ကာ ရွှေတစ်လှိုင်း၊ မြတစ်လှိုင်း လှိုင်းထသလို တွန့်သွားကြသည်။

ကျွန်မသည် ဂျုံခင်းများကိုကျော်ကာ သစ်တော်ခြံနားသို့ ရောက်လာ၏။ သစ်တော်ခြံများကို ဝါးတန်းများ ကာရံထား၏။ သစ်တော်ပင်မှာ ရွက်ဟောင်းတွေ ကြွေကြပြီ။ ရော်မြန်းရွက်ကျင်တို့သည် သစ်တော်ပင်များအောက်တွင် စုပုံနေကြ၏။

နေခြည်များကလည်း ရွှေမျှင်၊ ရွှေနွယ်များလို သစ်တော်ပင်ကြားထဲသို့ လျှောကျလာကြပေသည်။

ခပ်လှမ်းလှမ်း မြက်တောထဲတွင် ရှမ်းလုလင်ပျိုတစ်ယောက်သည် ကျွန်မနားမလည်သော ရှမ်းသီချင်းတစ်ပုဒ်ကို ညည်းဆိုကာ မြက်ရိတ်လျက်ရှိ၏။ နှင်းများကွဲစပြုပြီဖြစ်၍ ပြာလွင်နေသော ကောင်းကင်ကြီး၏ နီလာရောင်နှင့် စိမ်းသောမြေ၏ မြရောင်၊ အရောင်နှစ်ရောင်ကြားတွင် သီချင်းလေးတအေးအေးဖြင့် မြက်ရိတ်နေသော ရှမ်းလုလင်ပျိုကို ကြည့်ရသည်မှာ စိတ်ကြည်မောဖွယ်ပင် ဖြစ်ပါ၏။ လွမ်းတာရှည်တောစပ်ဆီမှ ချိုးကူသံနှင့် ဘုတ်အီသံကိုလည်း ကြားရတတ်ပေသည်။ ကျွန်မသည် တော၏ လန်းဆတ်သော အလှကျက်သရေ၊ တော၏ ဆွတ်မောဖွယ်သောအသံနှင့် တော၏မွှေးမြသောရနံ့တို့ကို ခံစား၍ ကြည်နူးရ၏။

ကျွန်မသည် သစ်တော်ခြံ ခြံစည်းရိုးနားတွင်ရပ်ကာ လေကို အားရပါးရရှူရှိုက်လိုက်ပြီး နံနက်ခင်းအလှကို ငေးကာကြည့်မိသည်။ နံနက်ခင်းအလှသည် ကျွန်မရင်တွင်းသို့ ဝင်ရောက်လာကာ ပုံတင်ရိုက်ခတ်လျက်ရှိ၏။ ကျွန်မသာ ကဗျာဆရာဖြစ်လျှင် ကြည်မောဖွယ်သော နံနက်ခင်း၏အလှကို ကဗျာတစ်ပုဒ်ပင် ဖွဲ့ဆိုလိုက်ချင်ပါ၏။ သို့ရာတွင် ကျွန်မသည် ကဗျာဆရာမ မဟုတ်ချေတကား။

ကျွန်မသည် ကျွန်မ၏ အဆင်မပြေသော လောကမှ ထွက်ပြေးကာ စိတ်ကူးယဉ်ကမ္ဘာကြီးထဲမှာ နေကြည့်ချင်၏။ ကျွန်မသည် ကဗျာမဖွဲ့တတ်၍ လှပသောစကားလုံးများကို ပန်းပွင့်သီသလို မသီတတ်သော်လည်း ကြာသော် စိတ်ကူးတော့ယဉ်တတ်လာပါသည်။ မြေပြင်တွင် သစ်ရွက်ခြောက်များ ဖရိုဖရဲပြန့်ကျဲနေကြပုံမှာ တကယ်တော့ အိုင်းအနာမှ အနာဖေးများလို အရုပ်ဆိုးသော်လည်း ကျွန်မ မျက်စိထဲတွင်မူ လိပ်ပြာတောင်များလို လှပလာကြပေသည်။ လွမ်းတာရှည်တောအစပ်တွင် စီးဆင်းနေသည့် စမ်းချောင်းကလေးစီးဆင်းသံသည် ကျွန်မအနားတွင် အိုက်နွှမ်းတို့ချစ်သူနှစ်ဦး၏ ပုံပြင်ကလေးကို နားထောင်နေရသလို လွမ်းဆွတ်စရာကောင်းလာ၏။ ကျွန်မသည် သည်လိုနှင့် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးဘေးတွင်ထိုင်ကာ မြူတန်းများကိုလည်းကောင်း၊ ပုစဉ်းများနှင့် လိပ်ပြာကလေးများကိုလည်းကောင်း ဆည်းဆာ၏ ရွှေမျှင်၊ ရွှေနွယ်များကိုလည်းကောင်း ငေးကြည့်ကာ သူတို့နှင့်အတူ အဝေးသို့ပျံပြေး၏။ နေ့လယ်နေ့ခင်းဆိုလျှင် ကျွန်မသည် ကလေးများကို စာသင်ပေး၏။ ကလေးများနှင့် နေရသည်ကလည်း စိတ်ကြည်နူးစေပေသည်။

ဦးဇင်မောင်ကား နံနက်လင်းကတည်းက ည နေဝင်မိုးချုပ်သည်အထိ ယာတောကိစ္စများနှင့် ရှုပ်နေတတ်သည်။ တစ်ခါတစ်ရံတွင် ကျွန်မတို့သည် တစ်နေ့လုံးနေ၍မှုပင် စကားပြောချိန်မရကြပေ။ နံနက်လင်း ကျွန်မ အိပ်ရာက နိုးသည်တွင် ဦးဇင်မောင်သည် အိပ်ရာထဲတွင် မရှိတော့ပေ။ သူ့အဖို့ အလုပ်ချိန်သည် နံနက် ၅ နာရီကစပေသည်။ နံနက် ၅ နာရီထိုးသည်နှင့် ဦးဇင်မောင်သည် ပန်းပင်များကို ကိုယ်တိုင်ဝင်၍ ရေလောင်း၏။ ပိုးမွေးသလို မွေးထားရသော မြေပန်းခုံမှ ပန်းပင်ကလေးများကို လျှောက်ကြည့်၏။ နောက် ကြက်ခြံများကိုဖွင့်ကာ ကြက်များကို အစာကျွေးခြင်း၊ ရေတိုက်ခြင်း၊ ကြက်ပေါက်စကလေးများကို နေရောင်သို့ထုတ်၍ နေရောင်ခြည်ပေးခြင်း စသည်တို့ကို သူကိုယ်တိုင် ကြီးကြပ်လုပ်၏။ သို့မဟုတ်လျှင်လည်း ပျားကောင်ပေါက်စများဖြင့် ကြည်နူးနေတတ်၏။ နောက် လယ်ထွန်စက် တဂျုန်းဂျုန်းမောင်းကာ ထွန်ရေးများကို ညှိနေတတ်သည်။ စိုက်ပျိုးချိန်မဟုတ်လျှင်လည်း ထွန်စက်ပစ္စည်းများကို ဖြုတ်၍ဆေးကြောနေတတ်သည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင်လည်း ဦးဇင်မောင်သည် သေနတ်ပြောင်းများကို တိုက်ချွတ်လျက်သော်လည်းကောင်း၊ သေနတ်တစ်လက်ဖြင့် ငှက်ပစ်ထွက်၍သော်လည်းကောင်း နေတတ်သည်။ စိတ်ကူးရလာ၍ မြေဩဇာကောင်းရန် ပိုတက်ဆီယန်တစ်ဆကို ကန့်ဓာတ် ဘယ်လောက်ရောရမည်၊ နိုက်ထရစ်အက်ဆစ် တစ်ဆလျှင် ထုံးဓာတ် ဘယ်လောက်ရောမည်၊ နိုက်ထရိုဂျင် တစ်ဆကို မီးစုန်းဓာတ် ဘယ်လောက်ရောမည်၊ သစ်ဆွေးမြေ တစ်တင်းကို သံဓာတ် ဘယ်လောက်ရောမည် စသဖြင့် မြေဩဇာဖော်စပ်နည်းတွေနှင့် အလုပ်ရှုပ်နေတတ်၏။ သို့မဟုတ်ပြန်လျှင်လည်း ကြက်ဥများ ကြီးထွားသန်စွမ်းရန် ကရုကမာခွံထောင်း တစ်ဆတွင် တဆေးပြား ဘယ်လောက် ရောကျွေးမည်။ ဖွဲနု ဘယ်လောက်တစ်ဆနှင့် ဗီတာမင် ဘယ်နှဆကျွေးမည် စသည့် ကြက်စာစပ်နည်းတွေနှင့် အလုပ်ရှုပ်နေတတ်သည်။ ညကျလျှင် အာလာဒင်မီးခွက်တစ်လုံးဖြင့် စာရင်းအင်းများကိုတွက်ချက်နေတတ်ပြီး၊ အားလျှင်လည်း စိုက်ပျိုးရေးစာအုပ်များ၊ ရက္ခဗေဒကျမ်းများ၊ ကြက်၊ ဝက် တိရစ္ဆာန် မွေးမြူနည်း စာအုပ်များနှင့် အချိန်ကုန်နေတတ်ပေသည်။

တကယ်တော့ ဦးဇင်မောင်၏ကမ္ဘာနှင့် ကျွန်မကမ္ဘာသည် တခြားစီသာ ဖြစ်ပေသည်။ ယောကျ်ားတစ်ယောက်၏ကမ္ဘာနှင့် မိန်းမတစ်ယောက်၏ကမ္ဘာကို ကမ္ဘာတစ်ခုအဖြစ် ပေါင်းစပ်ပေးရာ၌ ချစ်ခြင်းမေတ္တာသည် စေ့ဆော်သောအရာဖြစ်သည်ဟု ကျွန်မတို့ နားလည်ခဲ့၏။ **အချစ်ကျမ်းပြုဆရာတို့ကမူ ချစ်ခြင်းကမ္ဘာ**

**ဆိုသော ဖမ်းယူဆုပ်ကိုင်၍ မရနိုင်သော စိတ္တဇနာမ်ကို နှစ်သိမ့်ယုယခြင်း၊ အလိုလိုက်ခြင်း၊ အပေးအယူ မျှတခြင်း စသည့် ရုပ်လှုပ်ရှားမှုများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြ၏။** သူတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် မှန်ကန်သည်ဆိုပါက ဦးဇင်မောင်၏ ချစ်ခြင်းမေတ္တာဆိုသည်ကို ကျွန်မ ဘယ်လိုနားလည်ရမည်နည်း။ ဦးဇင်မောင်၏ ပြုမူဆက်ဆံပုံများကို ကြည့်ပါက ကျွန်မသည် သူ၏ သွေးသားတောင့်တမှုကို ဖြေဖျော်ပေးသည့် သတ္တဝါတစ်ကောင်နှင့် ဘာများ ခြားနားပါသနည်း။

ကျွန်မသည် ကျန်းကျန်းမာမာ မဟုတ်တော့ပေ။ နံနက်လင်းသည်နှင့် တဝေါ့ဝေါ့ ပျို့အန်ကာ ဆံစများ ခြောက်သွေ့စ ပြုလာ၏။ ကိုယ်လက် မအီမသာ ဖြစ်စပြုလာ၏။ ပဋိသန္ဓေနေရခြင်း၏ အရိပ်အယောင်များသည် ထင်ရှားစ ပြုလာကြ၏။ ဦးဇင်မောင်သည် ကျွန်မ စ၍ နေထိုင်မကောင်းသည့် ရက်တွင်သာ မေးမြန်းဖော်ရသော်လည်း နောက်နေ့များတွင်မူ တဝေါ့ဝေါ့ထိုးအန်နေသည်ကို လှည့်ကြည့်ဖော်ပင်မရဘဲ သူ့ကိစ္စများနှင့်သူ အလုပ်ရှုပ်နေတတ်သည်။ ကျွန်မသည် နေစိမ့်သော ဦးဇင်မောင်ကို ကြည့်၍ ဒေါသထွက်ရ၏။ ဝမ်းနည်းရ၏။ ရင်နာရ၏။ ယောကျ်ားတွေသည် မပိုင်ဆိုင်သေးခင်သာ မိန်းမများကို အရေးပေးကြသော်လည်း ပိုင်ဆိုင်ပြီးသည့်နောက်တွင်ကား သူတို့လိုမှ ထုတ်သုံးသော ပစ္စည်းတစ်ခုလောက်မျှသာ သဘောထားကြပါကလားဟု ခပ်ရိုင်းရိုင်းပင် ကျွန်မ တွေးမိပါသည်။ ဦးသန်းဌွေးပြောသည့် ကိုယ့်မိန်းမကို ကိုယ်ပြန်ပိုးခြင်းဆိုသည့် စကားများတို့ ဦးဇင်မောင် သတိရဟန် မတူတော့ပါ။

ယနေ့နံနက်တွင်လည်း ကျွန်မသည် အိပ်ရာက နိုးစကတည်းက တဝေါ့ဝေါ့ထိုးအန်၍ နေသည်။ ရင်ညွန့်တွင် အလုံးကြီး ဆို့သလိုဖြစ်ကာ အသက်ရှူကျပ်ကာ အသက်ရှူမဝဘဲ ဖြစ်နေသည်။ ခေါင်းထဲတွင် တရိပ်ရိပ် မူးဝေလျက် ရှိသည်။

ကျွန်မသည် ပဋိသန္ဓေနေရခြင်း ဆင်းရဲခြင်းဆိုသည့် စကားကို ယခင်က ကောင်းစွာ သဘောမပေါက်ခဲ့ပေ။ သာမန် မကျန်းမာရုံလောက်ဟုသာ ထင်မှတ်ခဲ့၏။ ယခု ကိုယ်တွေ့ကြုံတော့မှ ပဋိသန္ဓေနေရခြင်းဆင်းရဲကို ကောင်းစွာ သဘောပေါက်လာပေသည်။

ကျွန်မသည် အိပ်ရာပေါ်တွင် မှိန်းနေသော်လည်း မှိန်းနေ၍ မရ၊ ရင်ထဲတွင် ပျို့တက်လာသည်။ ကျွန်မသည် ရင်ထဲမှာရှိသမျှတွေကို တပွက်ပွက် အန်ချလိုက်

ချင်သည်။ သို့ရာတွင် အန်၍မရချေတကား။

နောက်ဆုံး ကိုယ်လက်မအီမသာဖြစ်လွန်းလာသောအခါတွင် ကျွန်မသည် အိပ်ရာပေါ်တွင် ခွေ၍သာ နေလိုက်ရတော့သည်။ ကျွန်မဘေးတွင် ဦးဇင်မောင်သည် ဝမ်းလျားမှောက်ကာ ခြေလက်ပစ်လျက် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိ၏။ ခါတိုင်းဆိုလျှင် ဦးဇင်မောင်ကို သည်အချိန်တွင် အိပ်ရာ၌ မတွေ့ရတော့ဘဲ ပန်းပင် သစ်ပင်တွေ ကြားထဲသို့ ရောက်နေတတ်၏။ မနေ့ညကတော့ စာရင်းအင်းတွေကို စစ်ဆေးနေသဖြင့် နောက်ကျမှ အိပ်ရာဝင်သဖြင့် မထနိုင်ဘဲ အိပ်ရာထ နောက်ကျနေခြင်း ဖြစ်ဟန်တူလေသည်။

ဦးဇင်မောင်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေရုံမျှမက တခေါခေါနှင့် ဟောက်၍များပင် နေလိုက်သေးသည်။ ကျွန်မသည် ပဋိသန္ဓေနေရခြင်း ဝေဒနာကို ခံစားနေရသော မယားကို အနားတွင်ထားကာ အကြောင့်အကြမရှိ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဦးဇင်မောင်ကို ကြည့်၍ သူ့ကို စိတ်ရှိလက်ရှိ ထုရိုက်ပစ်လိုက်ချင်သည်။ မနေ့ညတုန်းကလည်း သူသည် ကျွန်မ တဝေါ့ဝေါ့ပျို့အန်နေချိန်တွင် စာရင်းတွက်ပင်မပျက်ပေ။ သူတို့နှင့်ရသော သန္ဓေသားကို လွယ်ထားရသည့် မိန်းမသားကို ကိုယ်ချင်းမှ မစာနာဘဲ နေနိုင်လေခြင်းဟု ဒေါသထွက်မိပါသည်။ သူတို့သည် သူတို့သွေးသားဆန္ဒ တောင့်တချိန်တွင်သာ ကျွန်မတို့ မိန်းမသားများအား ယုယချော့မော့ကြပြီးနောက် သူတို့၏ဆန္ဒ ပြေပျောက်သည်နှင့် ကျောပေးကာ အိပ်စက်နားနေသွားကြသည်တကား။

ကျွန်မသည် သူတို့ ပဋိသန္ဓေနေရခြင်းကို ထုံးစံအဖြစ် ခပ်ပေါ့ပေါ့ထားကြသော ယောကျ်ားသားများအား ဖြစ်နိုင်လျှင် ကျွန်မတို့လို ပဋိသန္ဓေနေရခြင်းဆင်းရဲကို တစ်ခဏဖြစ်ဖြစ် ခံစားကြည့်စေချင်ပါသည်။ သူတို့သာ ခံစားဖူးလျှင် ယောကျ်ားများသည် ထွက်ပြေးကြမည်လား မပြောတတ်ပေ။ တကယ်တော့ ယောကျ်ားများသည် သန္ဓေသားကိုလွယ်၍ လူတစ်ယောက်ဖြစ်လာအောင် မွေးဖွားပေးရဲသည့် သတ္တိမျိုး မရှိကြပေ။

ခဏကြာလျှင် ဦးဇင်မောင်သည် အိပ်ရာကထ၏။ သူ အိပ်ရာက ထသည့်အချိန် ကျွန်မသည် ထွေးခံထဲတွင် တပွက်ပွက်ထိုးအန်နေတုန်းပင် ဖြစ်၏။ ဦးဇင်မောင်သည် ကျွန်မကိုကြည့်၍ ပြုံးလိုက်သည်။

“တော်တော် အန်သလား၊ အိပ်ရာပေါ် လှဲနေလိုက်လေ။ အစ်ကိုကြီးတော့

မနေ့ညက အလုပ်ကလေးတစ်ခု မပြီးသေးလို့ သွားလုပ်လိုက်ဦးမယ်"

ဦးဇင်မောင်သည် အင်္ကျီအဟောင်းတစ်ထည်ကို ဝတ်နေ၏။ ကျွန်မသည် အန်ချပြီး တအင်အင် ညည်းနေမိသည်။ မညည်းဘဲနေမည်ဆိုက ချုပ်တည်းထားနိုင်ပါ၏။ သို့ရာတွင် သူ့ရှေ့မှာမို့ ဘယ်လောက် ခံရချက် ပြင်းထန်သည်ကို သိသွားအောင် ညည်းသံကို ချုပ်တည်းမထားတော့ဘဲ လွှတ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်မက တအင်အင် ညည်းနေသော်လည်း ဦးဇင်မောင်မှာ သတိထားမိပုံ မပေါ်ပါ။ အခန်းထဲသို့ ဝင်လိုက်ထွက်လိုက်ဖြင့် သူ့ဘာသာသူ အလုပ်များနေ၏။ ကျွန်မ သေလုအောင် ညည်းလျှင်လည်း ကျောက်ခဲလို မာကျောသော သူ၏နှလုံးသားသည် ကြင်နာသနားတတ်မည်မဟုတ်ဟု ကျွန်မ ထင်ပါသည်။

တကယ်ဆိုလျှင် ဦးဇင်မောင်သည် တအင်အင် ညည်းနေသော ကျွန်မကို မေးမြန်း နှစ်သိမ့်ဖို့ကောင်းသည် မဟုတ်လော။ အခံရဆိုးလောက်အောင် တပွက်ပွက် အန်ချနေခြင်းကို ကျောကို လက်ဖြင့်ဖိ၍ဖြစ်စေ၊ ခံရသူ အားရှိအောင် အားပေးသင့်သည် မဟုတ်လော။

ကျွန်မသည် သူက တလှုပ်လှုပ်နှင့် သူ့ကိစ္စနှင့်သူ အလုပ်များလေလေ၊ ကျွန်မက တအင်အင် ညည်းလေလေ လုပ်လိုက်သည်။ ကျွန်မက မတန်မဆ ညည်းတော့မှ ဦးဇင်မောင်သည် ကျွန်မအနားသို့ ရောက်လာ၏။

"ထား တော်တော် အနေရဆိုးသလား ဟင်"

"မြင်တဲ့အတိုင်းပဲ၊ ကြည့်ပါလား။ ဆိုးသလား မဆိုးဘူးလားဆိုတာ"

ကျွန်မသည် စကားပြောရင်း ပျို့တက်လာပြန်ကာ အန်ချလိုက်သည်။ ဦးဇင်မောင်သည် ကျွန်မ ကျောကို လက်ဖြင့်ဖိပေးသည်။ သို့ရာတွင် သူဖိပုံမှာ တစ်ကိုယ်လုံး၏ အလေးချိန်ကြီးပါ ပါလာ၏။

"တော်ပါတော့၊ မလုပ်ပါနဲ့၊ ကိုယ့်ဘာသာကိုယ် ခံရတာကမှ သက်သာသေးတယ်"

ကျွန်မက စိတ်တိုတိုဖြင့် အော်လိုက်သည်။ ဦးဇင်မောင်သည် နောက်ထပ် ဆက်ဖိမပေးတော့ဘဲ ကျွန်မအနားတွင် ရပ်နေ၏။ သည်အခိုက် အပြင်မှ ခြေသံတစ်သံ ကြားရကာ အိုက်စံ ဝင်လာ၏။ အိုက်စံသည် ကျွန်မတို့နှစ်ယောက်ကို ကြည့်နေ၏။ ဘာမျှတော့ မပြောသေးပေ။

"ဘာလဲဟေ့ အိုက်စံ"

"ဟို ဟိုဘက်က ငွေနှား ကြက်ပေါက်စကလေးတွေ ကြက်နာကျလို့ ဆရာကြီး၊ ကျွန်တော် မနက် ခြံဖွင့်တော့ ငါးကောင်သေနေပြီ"

"ဟေ ဟုတ်လား၊ လာစမ်း လာစမ်း"

ဦးဇင်မောင်သည် အိုက်စံကို မြည်တွန်တောက်တီးကာ အခန်းထဲမှ တစ်ဟုန်ထိုးထွက်သွား၏။

ကဲ... ကျွန်မ ဘာတတ်နိုင်ဦးမည်နည်း။ ဦးဇင်မောင်သည် သူနှင့်ရသော သန္ဓေသားကို လွယ်ထားရသည့် မယားတစ်ယောက်၏ ဝေဒနာကို ကြက်နာကျသည့်ကိစ္စလောက်မျှ ဂရုမစိုက်ပါတကား။

ကျွန်မသည် ခုတင်ပေါ်လှဲကာ ငိုမိသည်။ မျက်ရည်တော့ မထွက်တော့ပေ။ မူးဝေအော့အန်ခြင်း ရပ်သွားပြီဖြစ်သော်လည်း အသက်ရှူ၍ကား အားမရသေးပေ။ ထို့ကြောင့် ကျွန်မသည် အိပ်ရာမှထလာကာ လမ်းလျှောက်ထွက်လာခဲ့ခြင်း ဖြစ်သည်။

နံနက်ခင်း၏အလှ၊ သန့်ရှင်းလတ်ဆတ်သောလေနှင့် ထိတွေ့လိုက်ရသောအခါတွင် လန်းဆန်းလာသလိုလိုတော့ရှိ၏။ သို့ရာတွင် သိပ်အပင်ပန်းမခံနိုင်သေးပေ။

ထို့ကြောင့် ကျွန်မသည် သစ်တော်ခြံနားတွင် ရပ်ကာ လေကို အားရပါးရရှူကြည့်၏။ နံနက်ခင်း၏အလှကို ငေးကာ ကြည့်ရှုရ၏။ ရင်ထဲတွင် လန်းဆတ်ကြည်နူးလာသလို ထင်မှတ်ရပေသည်။

သီချင်းလေး တအေးအေးဖြင့် မြက်ရိတ်လျက်ရှိသော မြက်ရိတ်သမားကို ကျွန်မငေးကြည့်မိ၏။ သူ့အမူအရာသည် ပူပန်ခြင်း ကင်းစွတကား။ ခန့်ညားစွတကား။

"အိုဘယ့်လူသား
နှစ်ရောင်ကြားဝယ်
ခန့်ညားပေစွ ခန့်ပေစွ"

ကဗျာမစပ်တတ်သော ကျွန်မသည် ဇော်ဂျီ၏ 'မြက်ရိတ်သမား' ကဗျာကလေးကို တစ်ပိုင်းတစ်စ ရွတ်ဆိုနေမိ၏။ မြက်ရိတ်သမား ရှမ်းလုလင်ပျို သီဆိုနေသောတေးသီချင်းသည် ရွှေမှုင် ရွှေနွယ်များနှင့်တူသော နံနက်ခင်းနေခြည်နှင့် ငွေကြိုးများလို လှသော နှင်းမြူများအကြောင်းလော၊ လူ့ဘဝ၏ လှပတင့်တယ်ပုံများအကြောင်းကိုလော၊ သို့မဟုတ် လွမ်းတာရှည်တောမှ အိုက်နွမ်းတို့၏ပုံပြင်လို လွမ်းစရာကောင်းသော အချစ်ပုံပြင်တစ်ခုအကြောင်းပေလော။

ကျွန်မသည် သစ်တော်ပင်ခြံစည်းရိုးနားတွင် အတန်ကြာရပ်နေပြီးနောက်တွင် ကြက်ဆူခင်းများကို ဖြတ်၍ လျှောက်လာခဲ့သည်။ မနှစ်ကစိုက်သော ကြက်ဆူပင်များမှာ ရှင်သန်နေကြပေပြီ။ ကျွန်မသည် ကြက်ဆူပင်များကိုမြင်တော့ ဦးဇင်မောင် ပြောခဲ့သော စကားများကို အမှတ်ရ၏။

"လူ့ဘဝဆိုတာ မျှော်လင့်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဖြစ်စဉ်တစ်ခုပဲ။ မျှော်လင့်ချက်ကလေး အောင်မြင်ကြတဲ့လူကျတော့ ဝမ်းသာကြ၊ ဆုံးရှုံးတဲ့လူကျတော့လည်း ဝမ်းနည်းကြနဲ့ သံသရာလည်နေကြတာပဲ။ ဒါပေမဲ့ ဆုံးရှုံးတဲ့လူကျတော့လည်း တစ်ခါရှုံးပြီဆိုပေမဲ့ အငြိမ်မနေနိုင်ပြန်ဘူး။ နောက်ထပ် မျှော်လင့်ချက်တစ်ခု ထပ်ပြီး တည်ဆောက်ပြီး ဒီမျှော်လင့်ချက်ကလေးနဲ့ အသက်ရှင်နေကြရပြန်တယ်။ မျှော်လင့်ချက်မထားနိုင်တဲ့နေ့ဟာ အဲဒီလူအဖို့ အသက်ရှင်နေရက်နဲ့ ဇီဝိန်ချုပ်တဲ့နေ့ပဲ"

ဦးဇင်မောင် သည်စကားများကို ကြက်ဆူပင်တွေ အစမ်းစိုက်ကြည့်တုန်းက ပြောသွားခဲ့ခြင်းဖြစ်၏။ ဂျပန်ပိုးမှျင်ပင်များ စမ်းသပ်စိုက်ပျိုး၍ မအောင်မြင်သည့်နောက်တွင် ဦးဇင်မောင်သည် ကြက်ဆူပင်များကို ထပ်၍ စိုက်ပျိုးကြည့်၏။ အောင်မြင်လျှင် ဘီပီအိုင်သွင်းမည်ဟု မျှော်မှန်းကာ စိတ်ကူးနန်းတော်ကြီးတစ်ခု တည်ဆောက်ခဲ့၏။ ယခု ဦးဇင်မောင်၏ စိတ်ကူးနန်းတော်ကြီး အုတ်မြစ်စိုက်ခဲ့သော ကြက်ဆူပင်များသည် ရွယ်လူးတန်စို အပင်ပျိုဘဝသို့ ရောက်ကြပေပြီ။

ကျွန်မသည် ကြက်ဆူတောကို လွန်လာပြီး စမ်းချောင်းလေးနားတွင် ထိုင်မြဲဖြစ်၏။ စမ်းချောင်းဘေးတွင် ပေါက်နေသော မြက်ရှည်ပင်များအပေါ်တွင် ပျံဝဲနေကြသော ပုစဉ်းများနှင့်အတူ ကျွန်မသည် လုပသော စိတ်ကူးယဉ်ကမ္ဘာသို့ လိုက်ပါသွားမြဲဖြစ်၏။ လိပ်ပြာရောင်စုံကလေးများနှင့်အတူ ပန်းဝတ်မှုန်ကလေးများထဲတွင် ခိုနားမြဲဖြစ်၏။ ကျွန်မ၏ တကယ့်ဘဝတွင် စိတ်ပျက်ဝမ်းနည်းဖွယ်ရာတို့ကို ကြုံရသောအခါ၌ ကျွန်မသည် ယခုလိုပင် စိတ်ကူးယဉ်ကမ္ဘာထဲသို့ ထွက်ပြေးမြဲဖြစ်လေသည်။ စိတ်ကူးယဉ်ကမ်းပါးသည် ကျွန်မအား ခေတ္တခဏမျှပင်ဖြစ်စေ စိတ်ချမ်းသာမှုကိုတော့ ပေးလေသည်။

ကျွန်မသည် လွမ်းတာရှည်တောအစပ်မှ စမ်းချောင်းလေးဘက်သို့ လျှောက်လာခဲ့၏။ မြက်တောတစ်လျှောက်မှ လမ်းဖုန်ဖုန်ကလေးသည် ကမူကလေးတစ်ဖက်သို့ ကွေ့ပတ်သွားကာ ကမ်းပါးဆင်ခြေလျှောကလေးတစ်လျှောက် စမ်းချောင်းဆီသို့ ဆင်းသွား၏။ ကျွန်မသည် ခြေသွားလမ်းဖုန်ဖုန်ကလေးအတိုင်း ကမူလေးကို ကွေ့

ပတ်၍ လျှောက်လာခဲ့သည်။

ကမူကလေးအနားအရောက်တွင် တစ်ဖက်မှ အသံတစ်ခုကို ကြားရသဖြင့် ကျွန်မသည် ခေတ္တရပ်ကာ နားစွင့်နေလိုက်သည်။ အသံမှာ တအင်းအင်းဖြင့် တစ်စုံတစ်ခုကို အားသွန်ခွန်စိုက်လုပ်နေသော လူတစ်ယောက်အသံဖြစ်၏။ ကျွန်မသည် နံနက်စောစောစီးစီးတွင် တအင်းအင်းနှင့် မြည်သံကြောင့် စိတ်ထဲတွင် ထူးဆန်းသွားကာ သေသေချာချာ နားစွင့်မိပြန်သည်။ တအင်းအင်းနှင့် မြည်သံသည် ထွက်ပေါ်လာ၏။ သေသေချာချာ နားထောင်လိုက်သောအခါ မြေကြီးကို တစ်စုံတစ်ခုဖြင့် အားစိုက်ခွန်စိုက် ပေါက်နေသံကိုပါ ကြားရသည်။ နံနက်စောစောစီးစီးကြီးတွင် မည်သူသည် ဤနေရာသို့ လာရောက်၍ မည်သည့်လျှို့ဝှက်ချက်တစ်ခုကို ပြုလုပ်နေပေသနည်း။

ကျွန်မသည် မြေကြီးကို ပေါက်တူးဖြင့် အားစိုက်ခွန်စိုက် ပေါက်သံကို နားထောင်ရင်း တွေးနေမိသည်။ ကျွန်မစိတ်ထဲတွင် ထူးဆန်းလှသော ထိုအသံထွက်ပေါ်လာရာသို့ သွားရောက်ကြည့်ချင်စိတ်ပေါ်လာသည်။ ထို့ကြောင့် ကျွန်မသည် အဖုအထစ်များနှင့် ပြေပြစ်ညီညာခြင်းမရှိသော ကမ်းပါးတစ်လျှောက်က ဆင်ခြေလျှောလမ်းကလေးအတိုင်း စမ်းချောင်းဘက်သို့ မဆင်းသေးဘဲ လာလမ်းအတိုင်း ပြန်ကာ တောင်ကမူကလေးကို ပြန်ကွေ့၍ လျှောက်လာခဲ့၏။ ကျွန်မ တောင်ကမူတစ်ဖက်အစွန်းနားသို့ ရောက်လာသည်နှင့်အမျှ ပင်ပန်းကြီးစွာသော အလုပ်တစ်ခုကြောင့် တရှူးရှူး တအင်းအင်းဖြင့် အဆက်မပြတ် မောပန်းစွာ အသက်ရှူနေသံကြီးကို ပို၍ ပီသစွာ ကြားလာရ၏။ ခဏကြာလျှင် တအင်းအင်း အားစိုက်၍ မြေကြီးကို ပေါက်တူးနှင့် တူးသံကိုလည်း ပို၍ နီးကပ်စွာ ကြားလာရသည်။

ကျွန်မသည် တောင်ကမူကလေးမှ ထွက်ကာ မရဲတရဲကြည့်လိုက်မိသည်။

ကျွန်မ မြင်လိုက်ရသူကား ဦးဇင်မောင်ပေတည်း။ ဦးဇင်မောင်သည် အကျႌဟောင်းကြီး ဝတ်ကာ လုံချည်ခပ်တိုတိုဝတ်၍ ပေါက်တူးတစ်လက်ဖြင့် ကမ်းပါးဆင်ခြေလျှောတစ်လျှောက်မှ မြေကြီးများကို ဖြိုချနေသည်။ ကမ်းပါးထိပ်တွင် ကျောက်တုံးများကို စုပုံထားသည်။

ကျွန်မသည် နောက်မှနေ၍ သူ့ကျောပြင်ကြီးကို လှမ်းကြည့်နေသည်။ သူ့ကျောပြင်တွင် ချွေးတွေ စိုရွှဲလျက်ရှိပေ၏။ ကျောပြင်သည် အသက်ပြင်းစွာ ရှူရှိုက်ရခြင်းကြောင့် ဖောင်းလိုက် ပိန်လိုက် ဖြစ်နေသည်။ ပေါက်တူးကို လက်ဖြင့်မြှောက်

ကိုင်၍ မြေကြီးကို အားစိုက်ပေါက်နေပုံကို ဘေးကနေကြည့်ရသည်မှာ သူ့အစား ပင်ပန်းလိုက်သည့်ဖြစ်ခြင်း။

နောက် ဦးဇင်မောင်သည် ကမ်းပါး ဆင်ခြေလျှောကလေးကို ရှံပြီး ကျောက်တုံးများကို စီကာ လှေကားထစ်ကလေးတွေ ခင်းနေ၏။ သည်နေရာမှာ လွမ်းတာရှည်တောအစပ်က စမ်းချောင်းကလေးဆီသို့ ဆင်းသော နေရာဖြစ်၏။ တစ်ခါ ကျွန်မတို့ လာလည်ကြတုန်းက ကျွန်မ ခြေချော်လဲ၍ လိမ့်ကျသည့် နေရာကလေးလည်းဖြစ်၏။ သည်တုန်းက ဦးဇင်မောင် လှမ်းဆွဲလိုက်၍ ကမ်းပါးအောက်သို့ ကျမသွားခြင်းဖြစ်ပေသည်။

ကျွန်မသည် ဦးဇင်မောင် လုပ်နေပုံကိုကြည့်၍ ဒေါသလည်း ထွက်၏။ သနားလည်း သနားပေသည်။ ကမ်းပါးတစ်လျှောက်တွင် လှေကားထစ်ကလေးတွေကို ကျောက်တုံးစီခင်းသည့်အလုပ်သည် သူကိုယ်တိုင်လုပ်မှ ပြီးမည့်အလုပ် မဟုတ်ပေ။ ယာတောက အလုပ်သမားတစ်ယောက်ယောက်ကို သူ့ပါးစပ်က ခိုင်းလိုက်ရုံကလေးဖြင့် ပြီးနိုင်၏။ ယခုတော့ ဦးဇင်မောင်သည် ကိုယ်တိုင် ဆင်းလုပ်နေ၏။ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုသလို အလုပ်တာဝန်ကို ဝေခွဲခိုင်းတတ်သည့် ဦးစီးဦးဆောင်မှု နည်းနည်းကလေးမှ မရှိသူပါတကားဟု သူ့ကိုကြည့်၍ သနားမိပါသည်။ ထိုထက် ဦးဇင်မောင်သည် အသက်အန္တရာယ်နှင့် နီးလှသော ပဋိသန္ဓေကို လွယ်လျက် တဝေ့ဝေ့ ပျို့အန်မူးဝေနေသည့် မယားတစ်ယောက်ကို အခန်းထဲတွင် ပစ်ထားခဲ့ကာ ကိုယ့်အလုပ်တစ်ခု မဟုတ်သော အလုပ်တစ်ခုကို လာရောက်လုပ်ကိုင်နေခြင်းမှာ သက်သက်မဲ့ အရှဲ့တိုက်ခြင်းဟုထင်ကာ တွေးရင်း တွေးရင်း ဒေါပွလာပါသည်။

ထို့ကြောင့် ကျွန်မသည် အချက်ပေါ်ပြီဟု သတိရကာ ခြေသံပေး၍ သူ့အနားသို့ လျှောက်သွားသည်။ ဦးဇင်မောင်သည် မြေပေါက်ရန် လက်မြှောက်၍ ရွယ်လိုက်ရာမှ မပေါက်သေးဘဲ ပြန်ချလိုက်ကာ လှည့်ကြည့်လိုက်၏။

"ဟင် ထား"

ကျွန်မသည် ပြန်မထူးဘဲ ကမ်းပါးထိပ်တွင်ရပ်၍ ခါးထောက်ပြီး သူ့ကို လှမ်းကြည့်လိုက်၏။ သူ့နဖူးတွင် ချွေးသီးချွေးပေါက်တွေ စို့နေသည်။ သူသည် ပေါက်တူးလက်ကိုင်ကို လက်တစ်ဖက်ဖြင့် အားပြု၍ ထောက်လိုက်ပြီး အခြားလက်တစ်ဖက်ဖြင့် နဖူးတွင် စို့နေသော ချွေးများကို သပ်ယူ ခါချလိုက်သည်။

"ထား နေမကောင်းဘူးဆို၊ ဘာဖြစ်လို့ လေတိုက်ထဲ ထွက်လျှောက်နေတာလဲ။

အိမ်ထဲ လှဲနေပါလား"

"ကိုယ့်ခြေထောက်နဲ့ကိုယ် လမ်းလျှောက်နိုင်လောက်အောင်တော့ နေကောင်းပါသေးတယ်။ ကိုယ့်ခြေထောက်နဲ့ မလျှောက်နိုင်လို့ ခုတင်ပေါ်မှာ ပက်လက်လဲသွားတော့လည်း အေးသွားတာပေါ့။ ကိုယ့်ဝေဒနာ ကိုယ်ခံရတာပဲ။ ဘယ်သူ့မှ ပူစရာမလိုပါဘူး"

ကျွန်မအသံမှာ ခပ်ပြတ်ပြတ်ပင် ဖြစ်၏။ ကျွန်မသည် မျက်နှာထားကိုလည်း တင်းထားလိုက်၏။ ကျွန်မစိတ်ထဲတွင် စောစောက ကြက်နာကျသည့်ကိစ္စတွင် ဦးဇင်မောင် အလေသုံးဆယ်ထွက်သွားပုံကို သတိရလာ၏။

"ဘယ့်နှယ် ပူစရာမလိုရမလဲ ထားရယ်။ ထား နေထိုင်မကောင်းရင် အစ်ကိုကြီးပဲ ပူရမှာပေါ့။ အစ်ကိုကြီး နေထိုင်မကောင်းရင်လည်း ထားပဲ ပူရတာပေါ့။ ဒီလင်နဲ့ ဒီမယား နှစ်ယောက်ကမှ မပူကြရင် ဘယ်သူက လာပူဦးမှာလဲ"

ကျွန်မသည် ဦးဇင်မောင်စကားကြောင့် မရယ်ချင်ဘဲ တမင်လုပ်၍ ရယ်လိုက်သည်။

"ဩ အစ်ကိုကြီးကများ ထားအတွက် ပူရတယ်ရှိသေးသလား"

ဦးဇင်မောင်သည် ကျွန်မမေးခွန်းကြောင့် ကျွန်မကို မော့ကြည့်လိုက်၏။ မျက်နှာလည်း ပျက်နေပေသည်။

"ထား ဘယ်လိုပြောလိုက်တာလဲ။ အစ်ကိုကြီးမှာ ထားအတွက် မပူရရင် ဘယ်သူ့အတွက် ပူရဦးမှာလဲ။ အစ်ကိုကြီးကို ဒီလိုမပြောပါနဲ့"

"ဩော် ထားအတွက် သိပ်ပူရှာမှာပဲနော်၊ ဟုတ်လား"

ကျွန်မက ရယ်ရင်း မေးလိုက်၏။ လှောင်ပြောင်ချင်၍ မဟုတ်ပါ။ ခံပြင်းလွန်း၍၊ ဝမ်းနည်းလွန်း၍ တမင်ရယ်ခြင်းသာ ဖြစ်ပါသည်။ ကမ်းပါးထိပ်တွင် ရပ်နေသဖြင့် ကျွန်မ ထဘီစသည် တဖျပ်ဖျပ်လွင့်လျက်ရှိ၏။ ဦးဇင်မောင်သည် ကျွန်မကို နားမလည်သလို ငေးကြည့်နေလေသည်။

"ထား ဘာဖြစ်လာတာလဲ ဟင်"

"အစ်ကိုကြီးကများ ပြန်များ မေးနေရသေးသလား"

ဦးဇင်မောင်သည် လက်တွင်ကိုင်ထားသော ပေါက်တူးကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီး သူ လုပ်ထားသော ကျောက်တုံးလှေကားကလေး တစ်ဝက်ရောက်အောင် တက်လာပြီး ကျွန်မကို မော်ကြည့်လိုက်၏။

"မဟုတ်ဘူး ထား၊ ထားပြောတာတွေကို တစ်လုံးမှ နားမလည်ဘူး။ အစ်ကိုကြီးကို ထား ဘာလို့ ရန်လိုနေရတာလဲ၊ ဖြည်းဖြည်းပြောပါ"

ကျွန်မသည် လုံးဝအပြစ်ကင်းစင်လေဟန်ဖြစ်နေသော ဦးဇင်မောင်ကိုကြည့်၍ ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်သွား၏။ သို့ရာတွင် သူ့ အပြစ်ကင်းစင်ဟန်ဆောင်လေလေ ကျွန်မ ရင်ထဲတွင် ဒေါသတွေ မီးလိုတောက်လေလေ ဖြစ်ပါသည်။

"အစ်ကိုကြီးက သိုးကလေးလို အပြစ်ကင်းပြီး ထားက ဝံပုလွေလို ရန်လိုတယ်ပေါ့လေ"

"ထား ဒီနေ့မနက် ဘာဖြစ်လာသလဲ၊ ထား နေမကောင်းရင် အိပ်ရာထဲ သွားလှဲနေပါ"

"ကောင်းတယ်၊ သိပ် ကောင်းတယ်"

ဦးဇင်မောင်သည် ဘာမျှမပြောတော့ဘဲ ချာခနဲလှည့်ကာ ကျောက်တုံးလှေကားထစ်ကလေးအတိုင်း ပြန်ဆင်းသွား၏။

"ဒီမှာ အစ်ကိုကြီး"

ကျွန်မက လှမ်းခေါ်လိုက်သဖြင့် ဦးဇင်မောင်သည် အောက်သို့ မရောက်သေးဘဲ လှေကားထစ်ပေါ်တွင် ရပ်၍ လှည့်လိုက်သည်။

"အစ်ကိုကြီးကို ထား ယူခဲ့တဲ့နေရာမှာ ထားဟာ ကိုယ်ချစ်တဲ့လူကိုရော၊ ကိုယ်နှစ်သက်တဲ့ မှုကိုရော စွန့်လွှတ်ပြီး ယူခဲ့တယ်။ အစ်ကိုကြီး သစ်တစ်ပင်ကို လိုက်ခဲ့ဆိုလို့ လိုက်ခဲ့တယ်။ ကျောင်းက အလုပ်ထွက်ဆိုလို့ အလုပ်ထွက်ခဲ့တယ်။ ထားဟာ မေမေရဲ့ စကားကို မလွန်ဆန်ချင်လို့ အစ်ကိုကြီးကို ယူခဲ့ပေမဲ့ ယူပြီးတဲ့နောက်မှာ အစ်ကိုကြီးကို အိမ်ဦးနတ်လို ကိုးကွယ်ခဲ့တယ်၊ မှီခိုခဲ့တယ်၊ အားထားခဲ့တယ်။ အစ်ကိုကြီးအလိုကိုချည်းပဲ ထား လိုက်ခဲ့တယ်။ မေမေ့စကားကို မျက်စိမှိတ်နားထောင်ခဲ့တာဟာ မှားတယ်ဆိုတာ အချိန်နှောင်းမှ သိရတယ်။ ကိုယ်နှစ်သက်ရာကို လက်ထပ်မယ်ဆိုတဲ့ ထားရဲ့မှုဟာလည်း ခုတော့ ရေထဲမျောသွားပြီ၊ ကိုအောင်မျိုးဆိုရင်လဲ"

"တော်တော့၊ မပြောနဲ့တော့"

ဦးဇင်မောင်သည် ကျွန်မ စကားမဆုံးခင် ကျားဟိန်းသလို အော်လိုက်သည်။ မျက်နှာကြီး နီရဲလာကာ နဖူးကြောတွေ ထင်းခနဲပေါ်လာကြ၏။

"နေထိုင်မကောင်းတုန်း စိတ်မချမ်းမသာ မဖြစ်ပါစေနဲ့ဆိုပြီး ကျုပ် သည်းခံနားထောင်နေတာ၊ သည်းခံလွန်းတော့ ဟိုကောင်အကြောင်းတောင် ထည့်ပြောတဲ့အထိ အတင့်ရဲလာပြီ။ ဟင်း နေပါဦး၊ မင်းက ကျုပ်ကို အိမ်ဦးနတ်လို ကိုးကွယ်တယ်ဆိုတော့ ကျုပ်ကကော မင်းကို ရွှံ့ရုပ်လို ခြေနဲ့ နင်းခြေပစ်လို့လား။ ချစ်လွန်းလို့ ကြွေရုပ်ကလေးလို ထားတာပဲ"

ဦးဇင်မောင်သည် ကိုအောင်မျိုးနာမည်ကို ကြားလိုက်ရသည်နှင့် ပျော့ကွက်ကို အနင်းခံလိုက်ရသလိုဖြစ်ကာ ဒေါပွလာဟန်တူ၏။

"ဟုတ်တယ်၊ ကြွေရုပ်ကလေးလိုထားလို့ ခက်တာ။ ရွှံ့ရုပ်လို နင်းခြေပစ်လိုက်ရင် ဘာမှမခက်ဘူး။ ခုတော့ သွေးသားတောင့်တတုန်း အချိန်ကလွဲလို့ ကျန်တဲ့အချိန်မှာ လူကို အရုပ်ကလေး ချောင်ထိုးထားသလို ချောင်ထိုးတာပဲ။ သက်ရှိသတ္တဝါလို့တောင် သဘောထားပုံမရဘူး"

"နေစမ်းပါဦး၊ မင်းကို သက်ရှိသတ္တဝါတစ်ကောင်အနေနဲ့ သဘောမထားရအောင် ကျုပ်က ဘာတွေများလုပ်နေလို့လဲ။ မင်းကို ငုံထားမတတ်ချစ်လွန်းလို့ ကျုပ်ဟာ မင်းစိတ်ချမ်းသာရေးအတွက်"

"ဟုတ်တယ်၊ ထား ပြောချင်တာလည်း အဲဒါပဲ"

ကျွန်မက သူ့စကားမဆုံးခင် ဝင်ပြောလိုက်၏။

"ပါးစပ်ကသာ ငုံထားမတတ်ချစ်ပါတယ်လို့ပြောပေမဲ့ အစ်ကိုကြီးလုပ်ပုံတွေဟာ ထားကို ကစားစရာအရုပ်ကလေးလောက်ပဲ သဘောထားတယ်။ ပါးစပ်က ပြောတော့ တစ်မျိုး၊ လုပ်တော့ တစ်မျိုး လုပ်နေတဲ့ အစ်ကိုကြီးရဲ့ အချစ်မျိုးကို ထား ဘယ်လိုလုပ် နားလည်ရမှာလဲ၊ တကယ်တော့ အစ်ကိုကြီးဟာ ထားကို သွေးသားဆန္ဒဖြေဖျော်ရုံ ယူခဲ့တာနဲ့ ဘာမှမခြားဘူးဆိုတာ ခုမှ ပိုပြီးသဘောပေါက်လာတယ်။ သွေးသားတောင့်တတုန်းသာ စကားလုံးချိုချိုကလေးတွေနဲ့ ယုယဖော်ရတာပဲ။ ဆန္ဒပြေတဲ့အခါကျတော့ ဆန္ဒပြေအောင် အဖြေဖျော်ခံလိုက်ရတဲ့ မယားတစ်ယောက်လုံး ကိုယ်ဝန်ဆောင်ပြီး တပျို့ပျို့ တအန်အန်နဲ့ မရှုမလှ ခံနေရတာကို ကြက်ကလေးတွေ ကြက်နာကျတဲ့ ကိစ္စလောက်တောင် ဂရုမစိုက်ဘူး။ အဲဒါတွေကို တွေးမိတိုင်း ရင်နာတယ် သိလား။ အစ်ကိုကြီးတို့ ငုံထားမတတ်ချစ်တယ်ဆိုတာ ဒါပဲလား"

ကျွန်မသည် စိတ်ပေါက်ပေါက်ဖြင့် ပြောချလိုက်၏။ ကျွန်မ စကားလုံးများသည် ရိုင်းကောင်း ရိုင်းပါလိမ့်မည်။ သို့ရာတွင် ရင်ထဲမှာတော့ ပေါ့သွားသည်။

ဦးဇင်မောင်သည် ကျွန်မစကားများကို နားထောင်ပြီးနေသည်။ သူသည် မြေကြီးကို ငုံ့ကြည့်နေရာမှ ကျွန်မကို မော်ကြည့်လိုက်သည်။

"ကျုပ်ကို အထင်မလွဲပါနဲ့၊ ကြက်နာကျတဲ့ကိစ္စကတော့"

"အို ကြက်နာကျတာကို သွားကြည့်တဲ့ကိစ္စက မှတ်မိတဲ့သာဓကကို ပြောတာပါ။ ဒီပြင်လည်း ဒီလိုဟာတွေ အများကြီးပဲ။ ထားဟာ မေမေ့စကားကို မလွန်ဆန်ချင်လို့သာယူခဲ့ရတာ။ အစ်ကိုကြီးသာ ဒီလို နှလုံးသားမရှိမှန်းသိရင်"

"မင်း ကျုပ်ကို ဒီလိုမပြောပါနဲ့။ ကျုပ်ဟာ နှလုံးသားမရှိဘူးလို့ ပြောရလောက်အောင် ဘာတွေများ မင်းကို အကြင်နာကင်းမဲ့တာတွေလုပ်နေလို့လဲ၊ မင်းဟာ တစ်ဆိတ်ရှိရင် မင်းမေမေကြောင့် ယူရတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ချည်း ကျုပ်ကို တဈေ ခြောက်သလို ခြောက်မနေပါနဲ့"

"ဟုတ်တယ် မှော်ဆရာက တစ္ဆေကို အင်းအိုင် မန္တရားတွေနဲ့ အနိုင်ယူသလို အစ်ကိုကြီးဟာ ထားကို မေမေ့စာနဲ့ အနိုင်ယူတာလို့ပဲ ထား စိတ်ထဲမှာ စွဲနေတယ်။ ပညာအားကိုးနဲ့ မတရားသဖြင့် အနိုင်ယူတဲ့ မှော်ဆရာဟာ တစ်နေ့တော့ ပြန်ပြီး တစ္ဆေခြောက်ခံရတာပဲ။ ဘာလဲ အစ်ကိုကြီးက အသည်းနှလုံးမရှိဘူးဆိုလို့ နာသလား၊ မနာပါနဲ့။ အစ်ကိုကြီးမှာ အသည်းနှလုံးရှိတယ်ဆိုရင်လည်း အစ်ကိုကြီးရဲ့ အသည်းနှလုံးဟာ ချစ်တတ်တဲ့ အသည်းနှလုံး၊ ကြင်နာတတ်တဲ့ အသည်းနှလုံး မဟုတ်ပါဘူး။ အစ်ကိုကြီးရဲ့ အသည်းနှလုံးထဲမှာ ချစ်ခြင်း၊ ကြင်နာခြင်း ဆိုတာတွေ မရှိပါဘူး။ မြေသြဇာ ဘယ်လောက်ကောင်းအောင် နိုက်ထရိုဂျင်ဓာတ်နဲ့ ကန့်ဓာတ် ဘယ်လောက် ရောရမယ်၊ ပိုတက်ဆီယမ်နဲ့ ထုံးဓာတ် ဘယ်လောက် ရောရမယ်ဆိုတဲ့ ဖော်မြူလာတွေပဲ ရှိတယ်။ ကြက်စာ ဘယ်လိုစပ်ရမယ်ဆိုတဲ့ ဖော်မြူလာတွေပဲ ရှိတယ်"

"မင်း အရမ်းတွေလျှောက်မပြောနဲ့"

ဦးဇင်မောင်က အော်လိုက်သည်။ သူ့အသံသည် တုန်လျက်ရှိ၏။

"အရမ်းပြောတာ မဟုတ်ဘူး။ သက်သေသက္ခာယနဲ့ ပြောတာ။ မနက်ကလည်း နေမကောင်းနေတဲ့ ဗိုက်ကြီးသည်ကျတော့ မေးဖော်တောင် မရဘူး။ ကြက်နာကျတဲ့ ကြက်ကျတော့ ဂရုစိုက်လိုက်ရတာ။ မယားတစ်ယောက်လုံး လုပ်နေပြီး ကြက်နာတစ်ကောင်လောက်မှ ဂရုစိုက်မခံရလေခြင်းလို့ ဝမ်းနည်းပေမဲ့ ကိုယ့်စိတ်ကို ကိုယ်ဖြေပါတယ်။ ဒါပေမဲ့ ဒီလို ပစ်စလက်ခတ် အလုပ်ခံရတာ တစ်ကြိမ်တစ်ခါ မဟုတ်တော့ဘူး။ ခုလည်း မယား မူးဝေအော့အန်နေတာကို ပြန်လာကြည့်မလားလို့များ

အောက်မေ့တယ်။ အမှတ်တောင် ရပုံမပေါ်ဘူး။ သေလောက်မယ့်ကိစ္စဆိုရင် သေပြီးနေပြီ။ အင်မတန် အရေးကြီးတဲ့ကိစ္စတွေရှိတယ်ဆိုရင်လည်း ထားပါတော့။ ခုတော့ မယားအနား မနေချင်တာနဲ့ ပေါက်တူးတစ်လက်ကိုင်ပြီး မဆိုင်တဲ့အလုပ်တွေ လုပ်နေတယ်"

ကျွန်မသည် ဦးဇင်မောင် ခင်းထားသည့် ကျောက်တုံးလှေကားထစ်ကလေးများကို ကြည့်ရင်း ပြောလိုက်သည်။ ဦးဇင်မောင်သည် ကျွန်မကို မော်ကြည့်လိုက်၏။ သူ့မျက်လုံးများသည် အရောင်လက်နေကြသည်။

"ဩော် ကျုပ် ဒီလှေကားထစ်ခင်းတဲ့ ကိစ္စကို ရမည်ရှာပြီး ပြောနေတာပေါ့ ဟုတ်လား၊ ဒီမှာထား၊ ဒီလှေကားထစ်တွေကို မင်း နင်းဖို့ ဂရုတစိုက် လုပ်ပေးနေတာပါ။ ကောင်လေးတွေ လုပ်တာကို အားမရလို့ ကျုပ်ကိုယ်တိုင် ဝင်လုပ်တာကို မင်း နားမလည်ဘူး။ မင်း ကျုပ်စေတနာကို နည်းနည်းလေးမှ သဘောမပေါက်ဘူး။ မနှစ်က မင်းတို့ လာလည်ကြတုန်းက ဒီကမ်းပါးအဆင်းလေးမှာ မင်း ချော်လဲတာ မှတ်မိသေးရဲ့လား။ အဲဒီတုန်းကတည်းက ဒီကမ်းပါးအဆင်းလေးကို လှေကားထစ်တွေ လုပ်ဖို့ မအားလို့ မလုပ်နိုင်ခဲ့ဘူး။ ခုတော့ မလုပ်လို့ မရတော့ဘူး။ မင်းက ကျုပ်ကို မမြင်ချင်၊ မျက်နှာချင်းမဆိုင်ချင်တိုင်း ဒီကမ်းပါးလေးက ဆင်းဆင်းပြီး စမ်းချောင်းဘေး သွားသွားထိုင်တယ် မဟုတ်လား။ ဒီအတိုင်း မပြင်ဘဲ ပစ်ထားလို့ ကိုယ်လေးလက်ဝန်ကြီးနဲ့ ချော်ကျရင် ခက်ရချည်ရဲ့ဆိုပြီး မင်း ချောချောမောမောသွားနိုင်အောင် အားကြိုးမာန်တက် လုပ်ပေးတာပါ။ ကျုပ်နဲ့ မျက်နှာချင်းမဆိုင်ရတဲ့ စိတ်ကူးယဉ်ကမ်းပါးကြီးထဲကို မင်း သက်သောင့်သက်သာ သွားနိုင်အောင် စေတနာနဲ့ လုပ်ပေးတာပါ။ ဒီ လှေကားထစ်တွေကို ကျုပ် ဂရုတစိုက်လုပ်ပေးနေတာဟာ မင်း အဆင်းအတက် ပြေပြစ်အောင် လုပ်ပေးနေတာပါ။ ဒီမှာ ထား၊ တကယ်တော့ ကျုပ်ဟာ မင်း မနက်တိုင်းလျှောက်ဖို့ ဒီလှေကားထစ်တွေကို ခင်းပေးရုံ မဟုတ်ပါဘူး။ မင်း တစ်ဘဝလုံး လျှောက်ရမယ့်လမ်းကိုလည်း အဆင်းအတက် ပြေပြစ်အောင်၊ အဖုအထစ် ညီညာအောင် ကျုပ်ပဲ ခင်းပေးခဲ့ရတာပါ"

သည်တစ်ခါကျတော့ ကျွန်မ ဘာမျှပြန်မပြောနိုင်တော့ပေ။ ဦးဇင်မောင်သည် ကျွန်မတို့ သည်အခြေရောက်အောင် မေမေက ပြုစုခဲ့ရာတွင် ကျွန်မတို့ ငယ်ငယ်ကတည်းက အစစအရာရာ မေမေအား ကူညီခဲ့သူ မဟုတ်လား။ ကျွန်မသည် ဦးဇင်မောင်၏ ထူးဆန်းသောစကားများနှင့် စေတနာကို တွေးရင်း ငိုင်နေ၏။

"အေးပါလေ၊ ဒါတွေကို ကျုပ် သိပ်ပြီး ပြန်မပြောချင်ပါဘူး။ အပြစ်ရှာတတ်တဲ့ ဝံပုလွေကို သိုးငယ်က အကြောင်းအမျိုးမျိုးပြလို့မရသလို ကျုပ်စေတနာ ဘယ်လိုထားတယ်ဆိုတာ အမြဲတမ်း အလိုမကျဖြစ်နေတဲ့ မင်းနှလုံးသားတွေ နားလည်အောင် ပြောလို့လည်း အပိုပဲ ဖြစ်နေမှာပါပဲ။ တကယ်တော့ ကျုပ်တို့ဘဝနှစ်ခုဟာ တူမှမတူကြဘဲ။ တစ်ယောက်နဲ့ တစ်ယောက်လည်း ဘယ့်နှယ်လုပ် နားလည်နိုင်ပါ့မလဲ။ မင်းဘဝက ပျားရည်မြစ်ဘေး နှင်းဆီတောထဲက ပန်းပွင့်တွေ ကြွေကျတဲ့လမ်းမှာ အေးအေးသက်သာ လျှောက်နေချင်တဲ့ ဘဝကိုး။ ငုနီလာပွင့်တွေကလည်း မင်း ခေါင်းပေါ်မှာ အရိပ်မိုးပေးလို့၊ ကျုပ်ဘဝကတော့ ဒီချောင်းဘေး၊ မြောင်းဘေး၊ ကြက်ဆူတောက ခယောင်းထနေတဲ့လမ်းမှာ လျှောက်ရတဲ့ဘဝ။ ခေါင်းပေါ်မှာလည်း အမိုးအကာမရှိ၊ နေပူကျဲကျဲကြီးမှာ လျှောက်ရတော့ မင်း ဘယ်ကျေနပ်နိုင်မလဲ။ ဒါ သဘာဝကျပါတယ်။ မတူတဲ့ ဘဝနှစ်ခုရဲ့ နှလုံးသားနှစ်ခုကို ပေါင်းစပ်ဖို့ ကြိုးစားနေတာဟာလည်း အချည်းအနှီး ဖြစ်မှာပါပဲ။ ဒါပေမဲ့ လူရိုင်းတစ်ပိုင်းဖြစ်နေလို့ ကျုပ် လုပ်တာကိုင်တာတွေဟာ မင်းအမြင်မှာ အချိုးမကျ ဖြစ်ချင်ဖြစ်နေပေမဲ့ ကျုပ်စေတနာကိုတော့ အထင်မလွဲစေချင်ဘူး။ ဒါပဲ ကျုပ်ပြောချင်တယ်"

ဦးဇင်မောင်သည် သူပြောချင်ရာတွေကို ပြောပြီးနောက် ကြက်ဆူခင်းထဲမှ ဖြတ်ကာ ယာတောဘက်သို့ လှည့်ထွက်သွားလေသည်။ သူ ခင်းလက်စ လေ့ကားထစ်ကလေးများ၊ ကျောက်တုံးများသည် အပြီးမသတ်သေးဘဲ တစ်ပိုင်းတစ်စ ကျန်ရစ်ခဲ့ကြ၏။ ပေါက်တူးသည် မြေကြီးတွင် စိုက်လျက်ရှိ၏။

ကျွန်မသည် သူထွက်သွားရာကို လိုက်မကြည့်တော့ဘဲ သက်ပြင်းကိုသာ ချလိုက်မိပေသည်။ ဦးဇင်မောင်သည် ကျွန်မတို့နှင့် အစ်ကိုမျိုးတို့ ငုနီလာပင်တွေအောက် လမ်းလျှောက်ကြသည်ကိုပင် စောင်းပါးရိပ်ခြည် ပြောသွားလိုက်ပါပကော။

# [၂၁]

ကျောက်တုံး လေ့ကားထစ်ကလေးများပေါ်တွင် စကားများပြီးကတည်းက ကျွန်မနှင့် ဦးဇင်မောင်သည် မေးထူးခေါ်ပြောမျှသာ နေခဲ့ကြ၏။ ယခုဆိုလျှင် တစ်ပတ်လောက်ပင် ရှိသွားပေပြီ။ သည်တစ်ပတ်အတွင်း ကျွန်မတို့ နှစ်ယောက်အဖို့ ဘာမျှတော့ ထူးထူးခြားခြား မဖြစ်ကြပေ။

သို့ရာတွင် ဦးဇင်မောင်သည် ခါတိုင်းထက် အလုပ်ခွင်တွင် ပို၍ အာရုံစူးစိုက်သည်ကို ကျွန်မ သတိထားမိ၏။ ယခင်ကဆိုလျှင် အိပ်ရာမဝင်ခင် ကျွန်မနှင့် စကားစမြည်ပြောသည့်အခါ ပြောကြ၏။ နံနက်ဆိုလျှင်လည်း ကျွန်မနှင့်အတူကြမှပင် အိပ်ရာက ထသည့်အခါ ထတတ်သေး၏။ ယခုတော့ ကျွန်မ မနိုးခင် နံနက်အစောကြီးကတည်းက အိပ်ရာထသွားကာ ယာတောထဲတွင်လည်းကောင်း၊ ကြက်ဆူခင်းထဲတွင်လည်းကောင်း၊ ပန်းခင်းထဲတွင် လည်းကောင်း အလုပ်လုပ်နေတတ်၏။ ညဆိုလျှင်လည်း ယာတော အလုပ်သမားများ၏ တဲတန်းဘက်တွင် သွား၍ စကားစမြည်ပြောနေတတ်ပြီး တော်တော် ညဉ့်နက်တော့မှ ပြန်လာတတ်၏။ နေ့လယ်နေ့ခင်းဆိုလျှင်လည်း ဦးဇင်မောင်သည် သေနတ်တစ်လက်ဖြင့် သစ်တစ်ပင် ယာတောတစ်ဝိုက်က တောထဲတွင် ငှက်ပစ်ထွက်နေတတ်သည်။ ချိုးသား၊ ခါသား စသည်တို့ ရလာလျှင် ယာတော အလုပ်သမားများ၏ တဲတန်းလျားတွင် ကျွေးပြီး ကျွန်မထံသို့ အပို့ခိုင်းတတ်၏။ ကျွန်မနှင့် ဦးဇင်မောင်သည် တစ်နေ့လုံးနေမှ တစ်ခါ တွေ့ခဲလှပေသည်။ ကျွန်မ အိပ်ရာထသည့်အချိန်တွင် သူမရှိတော့ဘဲ ကျွန်မ အိပ်သည့်အချိန်ကျတော့မှ ပြန်၍ ရောက်လာတတ်သည်။

ကျွန်မသည် အခန်းထဲတွင် မနေပါ။ နံနက်လင်း ကော်ဖီသောက်ပြီးသည်နှင့် ကျွန်မသည် စမ်းချောင်းဘေးတွင် တစ်မနက်လုံး သွားထိုင်နေလိုက်သည်။ ကျွန်မသည် လိပ်ပြာလေးများနှင့်အတူ ပန်းပွင့်တွေပေါ်သို့ လိုက်နား၏။ ပုစဉ်းလေးများနှင့်အတူ ရေပေါ်သို့ ရှပ်တိုက်ပြေးသွား၏။ နေရောင်ခြည်မျှင်များကို ခိုစီးကာ သစ်ရွက်များပေါ်တွင် နားနေ၏။ လေပြည်လေညင်းနှင့်အတူ ပန်းတောထဲတွင် ဆော့ကစား၏။ တကယ်တော့ ကျွန်မသည် စိတ်အေးချမ်းမြေ့မှုကို စိတ်ကူးယဉ်ကမ္ဘာထဲမှာသာ ရနိုင်ပေတော့သည်။ ကျွန်မ၏ တကယ့်ကမ္ဘာထဲတွင် စိတ်ချမ်းသာမှုရဖို့ လမ်းမမြင်တော့ပေ။

ကျွန်မသည် စမ်းချောင်းလေးဘက်သို့ဆင်းတိုင်း ဦးဇင်မောင် ခင်းထားသည့် ကျောက်တုံး လှေကားထစ်ကလေးကို တမင်ရှောင်ကွင်းကာ တခြားလမ်းကိုမှ ရွေးကာ ခက်ခက်ခဲခဲ ဆင်းသည်။ ဦးဇင်မောင် ခင်းထားသည့် လှေကားထစ်ကလေးများသည် ယခုထက်တိုင် အပြီးမသတ်သေးပေ။ လွန်ခဲ့သောတစ်ပတ် ကျွန်မတို့ စကားများပြီး တစ်ပိုင်းတစ်စပင် ရှိသေး၏။ ဦးဇင်မောင်သည် ထိုနေ့ကစ၍ လှေကားထစ်ကလေးများကို ဆက်မလုပ်တော့ဘဲ တစ်ပိုင်းတစ်စ ပစ်ထားလိုက်ဟန်တူပေသည်။

ကျွန်မသည် ထမင်းစားချိန်ရောက်၍ အစေခံမလေး နန်းလုံ လာခေါ်တော့မှ စမ်းချောင်းဘေးမှ ထပြန်လာခဲ့ကာ ထမင်းစား၍ တစ်အောင့်နားပြီးသည်နှင့် တစ်ပြိုင်နက် စမ်းချောင်းလေးဘေးက လွမ်းတာရှည်တောအစပ်ရှိ အင်ကြင်းပင်များအောက်တွင် တစ်ရေးတစ်မော အိပ်စက်၏။

နွေဦးပေါက်ပြီဖြစ်၍ အင်ကြင်းပန်းများသည် ရဲနေအောင် ပွင့်ကြပေပြီ။ လေတိုက်သောအခါတွင် ညှာညောင်းသော အင်ကြင်းပန်းခိုင်တို့သည် ကျွန်မ ရင်ခွင်ထဲသို့ ကြွေကျလာတတ်၏။

"ဂိမှာန်ခါ လေယဉ်ရင့်ပြန်တော့၊ မိန်ပြန်လာ နွေပင် ပွင့်ရှာကြတယ်၊ ရွှေအင်ကြင်းရယ်က ရိုးတံနီ။ ခါတပေါင်းပေမို့၊ ညှာညောင်းကာ အကုန်ကြွေရော့ထင့်၊ စုံခြေမှာ ရွက်ဝါရင့်တွေနဲ့၊ ကံ့ကော်လေသဇာ ယှက်ကာ ပွင့်ရှာကြတယ် ထူး ထူးတင့်ရာသီ၊ ဥတ္တုရာ ပွေပုံဆန်းပါလို့၊ ပြုဗ္ဗာသန်ငွေယုန်နန်းဆီက၊ စန်းပွင့်လို့ ချိန်ခါမှီ။ မိန်ရာသီရယ်က အို အပြောင်း။ ။ နွေချိန်ခါ ငွေမိလ္လာပြာရီရောပါလို့၊ ဥသြတွေ တွန်သံချီတော့၊ သောတာပန် မဟာထေရ်တို့တောင်၊ မဆည်နိုင် မျက်ရည်စို့ရှာကြ၊ အဘိညာဉ် ဈာန်ယာဉ် ချို့ရှာရတယ်ကွယ်၊ လွမ်းဖို့ရယ် ကောင်း။ လတပေါင်း။ ။

စမ်းချောင်းထဲရှိ ရေရဟတ်ကလေးများနားမှ အလုပ်သမားတစ်ယောက်က လေးတွဲ့စွာ သီဆိုလျက်ရှိသည်။ ကျွန်မသည် သည် လေးချိုးကလေးကို ဥပစာတန်းအပို မြန်မာစာသင်တန်းတစ်ခုတွင် ဆရာဦးကျော်ရင် သီဆိုပြသဖြင့် ကြားဖူး၏။ နောက် ဦးသိန်းဖေမြင့်၏ သပိတ်မှောက်ကျောင်းသား ဝတ္ထုထဲတွင် တွေ့ဖူး၏။ ယခုယာတော အလုပ်သမားတစ်ဦး၏ သီဆိုသံကို အင်ကြင်းပင်များအောက်တွင် နားနေအိပ်စက်ရင်း ကြားရပြန်သောအခါ အမျိုးအမည် မဖော်ပြတတ်သော ဝေဒနာတစ်ခုသည် ရင်ထဲသို့ ဝင်ရောက်ရိုက်ခတ်လာကာ ဆို့၍လာ၏။

လေယဉ်သည် ရင့်၍ နွေပင်တို့လည်း ပွင့်ကြပေပြီ။ လွမ်းတာရှည်တောခြေတွင် ရွက်ကြွေတို့ ဖုံးလျက်ရှိ၏။ နွေဦး၏ အကြိုတော် ဥသြ၏ တေးသံကိုလည်း ကြားရတတ်၏။ ကျွန်မသည် ရင်ခွင်ထက်တွင် ကြွေကျလာသော အင်ကြင်းပန်းခိုင်ကို ကောက်ယူ၍ မွှေးမိသည်။ အင်ကြင်းပန်း၏ ရနံ့သည် မွှေးလျက်ရှိ၏။ ရိုးတံများသည် ပြေပြေနီရဲနေကြလေသည်။ ကျွန်မသည် ရင်ခွင်ထက်သို့ ကြွေကျလာသော အင်ကြင်းပန်းကို ကောက်ယူမွှေးကာ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို သတိရမိပါသည်။ ဆဒ္ဒန်

ဆင်မင်းနှင့် သုဘဒ္ဒါမိဖုရားတို့၏ ဇာတ်လမ်းတွင်မူ အင်ကြင်းပန်းသည် အခရာဖြစ်၏။ ကျွန်မတို့ ဇာတ်လမ်းတွင်မူ အင်ကြင်းပန်းတို့ ဖူးဝေသော လွမ်းတာရှည်တောသည်...

"ဆရာမ၊ နွားနို့သောက်မယ် ဆရာမ"

နန်းလုံက ဦးဇင်မောင် ခင်းထားသည့် ကျောက်တုံးလှေကားထစ်ကလေးများ ပေါ်မှ ရပ်၍ ကျွန်မကို ခေါ်၏။ ကျွန်မသည် ကမ်းတစ်ဖက်က လမ်းကလေးအတိုင်း ကတ်သီးကတ်သတ် တက်လာခဲ့သည်။

"ဒီ လှေကားထစ်ကလေးပေါ်က တက်ခဲ့ပါလား ဆရာမရဲ့၊ ဟိုဘက်က ကတ်သီးကတ်သတ်"

နန်းလုံက ကျွန်မကို လှမ်းပြောသည်။ သူပြောသည့်အချိန်တွင် ကျွန်မသည် ကမ်းပါးထိပ်ပေါ်သို့ ရောက်လာလေပြီ။ နန်းလုံသည် သည်တော့မှ လှေကားထစ်ကလေးများပေါ်က ပြေးတက်လာကာ ကျွန်မနောက်က လိုက်လာ၏။

"ဘာစိတ်ကူးရလို့လဲ မသိဘူး။ ဒီလှေကားထစ်ကလေးတွေကို တစ်နေ့က ဆရာကြီးကိုယ်တိုင် လုပ်နေတယ်။ အိုက်စံတို့လုပ်တာ ကရော်ကမည်လုပ်လို့ဆိုပြီး ဆူလိုက်တာ မပြောပါနဲ့တော့"

နန်းလုံက ကျွန်မနောက်က လိုက်လာရင်း တတွတ်တွတ် ပြောလာသည်။

"ဆရာကြီးဟာ သိပ်စိတ်မြန်တယ်နော် ဆရာမ၊ ခိုင်းလို့ သူ့ စိတ်တိုင်းမကျရင် နောက်ထပ် အဲဒီလူကို မခိုင်းတော့ဘူး။ သူကိုယ်တိုင် ဝင်လုပ်လိုက်တာပဲ။ အဲဒီနေ့က အိုက်စံတို့က ကျောက်တုံးလေးတွေ မစီဘဲ ဆင်းလျှောကြီးလုပ်ထားလို့ သူကိုယ်တိုင် ကျောက်တုံးလေးတွေ အသယ်ခိုင်း၊ သူကိုယ်တိုင် ပေါက်တူးတစ်လက်နဲ့ပေါက်၊ ကျောက်တုံးတွေစီပြီး တစ်ညနေလုံး လုပ်နေတာပဲ။ ညနေလုပ်တာ မပြီးလို့ နောက်တစ်နေ့မနက်လည်း အစောကြီး လာလုပ်နေတယ်။ လက်တွေလည်း ပေါက်ပြဲသွားလိုက်တာ ရစရာမရှိဘူး။ ကျွန်မတို့ တဲတန်းလာလို့ ဆေးထည့်ပေးလိုက်ရသေးတယ်။ လုပ်တော့လည်း ဘာစိတ်ကူးရလို့လဲ မသိဘူး။ ချက်ချင်းလုပ်တာပဲ။ ခုတော့လည်း မပြီးဘဲ တစ်ပိုင်းတစ်စကြီးနဲ့ ရပ်ထားတယ်။ ဆရာကြီးစိတ်က ဘယ်လိုစိတ်မှန်း မသိဘူး၊ လူတစ်မျိုးပဲနော် ဆရာမ"

နန်းလုံက တဖွဖွပြော၍ လိုက်လာပါသည်။

"နန်းလုံရေ နင်တို့ဆရာကြီးက ပြောတော့ ဒီလှေကားထစ်ကလေးတွေက နင်တို့ဆရာမ အဆင်းအတက် ပြေပြစ်အောင် လုပ်တာတဲ့ဟ၊ သိရဲ့လား။ နင်တို့

ဆရာကြီးကတော့ ဒီလိုပဲ ပြောတာပဲ”

ကျွန်မက နန်းလုံအား စိတ်ထဲက ပြန်ပြောလိုက်ပါသည်။ ကျွန်မသည် နွားနို့ ပူပူတစ်ခွက်နှင့် ကြက်ဥကြော်ကိုစားပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ ဦးဇင်မောင်မှာ သေနတ်တစ်လက်ဖြင့် ငှက်ပစ်ထွက်သွားရာမှ ပြန်မလာသေးပေ။

ကျွန်မသည် ခါတိုင်းတော့ နေ့လယ်နေ့ခင်းတွင် တဲတန်းမှ ကလေးများကို စာသင်ပေးမြဲဖြစ်၏။ သို့မဟုတ်လျှင်လည်း စိတ်အငြိမ်းပြေ အလုပ်တစ်ခုခုကို လုပ်မြဲဖြစ်၏။ ယခုတော့ ဘာကိုမျှ မလုပ်ချင်တော့ပေ။ အခန်းထဲမှာဖြစ်စေ၊ တောစပ်မှာဖြစ်စေ လူသူမရှိသော တစ်နေရာရာတွင် ခွေ၍သာ နေချင်၏။

ကျွန်မသည် အခန်းထဲဝင်လာပြီး ခုတင်ပေါ်တွင် ခွေနေမိ၏။ ကျွန်မတို့ အိမ်ထောင်ရေးသည် သည်လို ကြာရှည်စခန်းသွား၍ ဖြစ်ပါမည်လော။ တစ်ယောက်ကို တစ်ယောက် နားမလည်ကြသော လင်မယား၏ အိမ်ထောင်ရေးထက် ဘယ်အိမ်ထောင်သည် စိတ်ညစ်စရာကောင်းဦးမည်နည်း။ ကျွန်မသည် ကိုယ်နှစ်သက်သူကို လက်ထပ်ခြင်းဖြင့်သာ အိမ်ထောင်ရေးသုခကို ခံစားနိုင်မည်ဟု ယုံကြည်၏။ မေမေ ကတော့မူ သူ့ဘဝ အတွေ့အကြုံမှ သင်ခန်းစာကို ကြည့်၍ ကိုယ်နှစ်သက်ရာကို ယူသော အိမ်ထောင်ရေး၏ မချမ်းမြေ့ဖွယ်ရာများ၊ အမှားတော်ပုံများကို ညွှန်ပြကာ ကျွန်မကို သူ့သဘောကျ လက်ထပ်စေခဲ့၏။ မေမေသည် သူ့အဖြစ်အပျက် တစ်ခု တည်းကို ကွက်ယူ၍ ယေဘုယျ ကောက်ချက်ကို ဆွဲယူသွားခဲ့သည်တကား။

ကျွန်မသည် သည်အကြောင်းကို နောက်ထပ် မတွေးချင်တော့သဖြင့် အိပ်ရာမှ လူးလဲထကာ စိတ်ပြေလက်ပျောက်သဘောဖြင့် စာအုပ်စင်မှ စာအုပ်များကို ဆွဲယူ ကြည့်နေမိသည်။ ဦးဇင်မောင်၏ စာအုပ်စင်တွင် ရက္ခဗေဒ ကျမ်းများနှင့် လယ်ယာ စိုက်ပျိုးရေးစာအုပ်များသာ ရှိ၏။ တခြား ဘာစာအုပ်မျှ ဖတ်စရာမရှိပေ။ ထို့ကြောင့် ကျွန်မသည် စိုက်ပျိုးရေး စာအုပ်တစ်အုပ်ကို ဆွဲ၍ လှန်လိုက်သည်။ စာအုပ်ကြားထဲမှ စာအိတ်တစ်လုံးသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲကျလာ၏။ ကျွန်မသည် စာအိတ်ကို စာအုပ်ကြားထဲသို့ ပြန်သွင်းမည်ပြုပြီးမှ စာအိတ်မှာ အနံ့တစ်မျိုးကြောင့် စာအိတ်ကို နမ်းကြည့်လိုက်သည်။ စာအိတ်မှာ အနံ့တစ်မျိုးဖြင့် မွှေးပျံ့၍နေသည်။

စာအိတ်မှ ထူးဆန်းသော အနံ့တစ်မျိုးကြောင့် ကျွန်မသည် စာအိတ်ကို ဖွင့်၍ ကြည့်လိုက်သည်။ စာအိတ်ထဲတွင်တော့ ညှိုးလျော်နေသော စံကားပန်းခြောက်တစ်ပွင့် နှင့် စာရွက်ထပ် တစ်ထပ်။

ကျွန်မသည် စံကားပန်းခြောက်ကို ကြည့်လိုက်သည်။ စံကားပွင့်မှာ ညိုးရော် ရုံမျှမက ပြားချပ်၍နေပေပြီ။ ဝတ်မှုန်ကလေးများသည် စာအိတ်ထဲတွင် ကြွေကျရစ်ခဲ့၏။ သို့ရာတွင် အနံ့မပြယ်သေးပါ။ ပြီးတော့မှ ကျွန်မသည် စာရွက်ထပ်များကို ဖွင့်၍ ဖတ်လိုက်၏။ စာမှာ နှစ်စောင်ဖြစ်၏။ ကျွန်မသည် အပေါ်ကစာကို အရင်ဖတ်လိုက်သည်။ စာရွက်များကလည်း ဝါကြန့်ဟောင်းနွမ်း၍ နေပေပြီ။

"ကိုဇင်မောင်"

ကျွန်မသည် ထိပ်ဆုံးစာလုံးများကို ဖတ်လိုက်သည်။ သည်လက်ရေး ကျွန်မ မြင်ဖူးသည်ဟု စိတ်ထဲက ထင်သဖြင့် ဘယ်မှာ မြင်ဖူးပါလိမ့်ဟု စဉ်းစားကြည့်ရ၏။ တစ်စုံတစ်ရာကို အမှတ်ရလာသဖြင့် ကျွန်မသည် စာရွက်အဆုံးတွင် ရေးထိုးထားသော လက်မှတ်ကို လှန်ကြည့်လိုက်သည်။ စာရွက်ပေါ်တွင် 'သိန်း' ဟူ၍ ရေးထိုးထားသော မေမေ့လက်မှတ်ကို တွေ့လိုက်ရ၏။ နေ့စွဲကို ကြည့်လိုက်သောအခါ ၁၉၃၇ ခု၊ မတ်လ ၉ ရက်နေ့ဟု တွေ့လိုက်ရသည်။

ကျွန်မသည် ပိုမို၍ စိတ်ဝင်စားလာကာ တုန်ယင်သော လက်များဖြင့် ရှေ့စာရွက်ကို ပြန်လှန်ပြီး အပြေးအလွှား ဖတ်ကြည့်မိသည်။

**ကိုဇင်မောင်**

တစ်နေ့က စံကားပင်အောက်မှာ ကိုဇင်မောင်ကို ပြောလိုက်တဲ့ စကားတွေဟာ သိန်း အပြန်အလှန် စဉ်းစားပြီးမှ ပြောလိုက်တဲ့ စကားတွေပဲ။ ဒါဟာ သိန်းရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲ။ သိန်း ကိုယ်တိုင်ကလည်း ချစ်ခဲ့သူတစ်ယောက်။ မမညွန့်တို့ ကိုယ်တိုင်ကလည်း ငြင်းစရာမရှိတဲ့လူတစ်ယောက်ပါ။ ဒါပေမဲ့ ကိုဇင်မောင်။ သိန်းဟာ ကိုမောင်ကို ချိန်ခွင်လျှာ စောင်းပေးလိုက်ပြီးဖြစ်လို့ ကိုဇင်မောင်ကလည်း သဘောထားကြီးစွာနဲ့ နောက်ဆုတ်ပေးဖို့ သိန်း တောင်းပန်ပါတယ်။ သိန်းဟာ ခုအချိန်မှာ ကိုမောင်ကို မယူမဖြစ်တဲ့ အခြေအနေကို ရောက်နေပြီဖြစ်တဲ့အတွက် သိန်း ဘယ်နည်းနဲ့မှ ဆုံးဖြတ်ချက်ကို ပြင်လို့မဖြစ်နိုင်ဘူး။ ကိုမောင်ဟာ ဘယ်လိုလူစားဆိုတာလည်း ကိုဇင်မောင် သိတယ်မဟုတ်လား။ သူ စိတ်မထင်လို့ ကိုးရိုးကားရားတွေ လျှောက်လုပ်မှဖြင့် သူရော၊ ကိုဇင်မောင်ရော၊ သိန်းရော အားလုံး အရှက်ကွဲကုန်ကြလိမ့်မယ် ထင်တယ်။ ဒီတော့ စိတ်သဘောထားကြီးသူပီပီ အရှုံးနဲ့ ဆုတ်ခွာပေးတာဟာ အကောင်းဆုံးပဲလို့ သိန်း ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သိန်းကိုတော့

မိတ်ဆွေရင်းချာသဖွယ် ပေါင်းသင်းနိုင်ပါတယ်။ အခင်အမင် မပျက်ပါနဲ့လို့လည်း တောင်းပန်လိုပါတယ်။ သိန်းကိုယ်စား ဒီစံကားပန်းပွင့်လေးကို ပို့လိုက်ပါတယ်။

**သိန်း**

"ဘုရား ဘုရား"

ကျွန်မ သည်စာကို ရင်ခွင်တွင် ပိုက်ထားလိုက်မိသည်။ ခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ အရာအားလုံးသည် အရှိန်ပြင်းစွာ လည်သော ရဟတ်လို ချာချာလည်သွားသည်ဟု ထင်လိုက်ရသည်။ ကျွန်မသည် ကျွန်မ မမျှော်လင့်သော အချိန်တစ်ခုတွင်၊ မမျှော်လင့်သော စာအုပ်တစ်အုပ်ကြားမှ မမျှော်လင့်ခဲ့သော ဦးဇင်မောင်နှင့် မေမေတို့ဇာတ်လမ်းကို တွေ့ရှိနေချေပြီတကား။

"ကျုပ်ဟာ ဒီမိန်းမ စိတ်ချမ်းသာရေးအတွက် ကျုပ်အချစ်ကို စွန့်လွှတ်လိုက်ရတယ်။ အဲဒီမိန်းမနဲ့ မိတ်ဆွေလိုပဲ ဆက်ဆံခဲ့ရတယ်။ တစ်ခါက အရှုံးသမားဖြစ်ခဲ့ဖူးလို့ ကျုပ် ဒီတစ်ခါတော့ အရှုံးမခံနိုင်တော့ဘူး"

ဦးဇင်မောင် ပြောခဲ့ဖူးသည့် စကားများကို ကျွန်မ ကြားယောင်လာ၏။ သည်တုန်းက ဦးဇင်မောင် အရှုံးပေးခဲ့ရသည့် သူ့ချစ်သူသည် ကျွန်မ၏မေမေ ဖြစ်လိမ့်မည်ဟု နည်းနည်းမျှ မမျှော်လင့်ခဲ့ပါ။ သံသယလေး စိုးစဉ်းမျှလည်း မရှိခဲ့ပါ။ ယခုတော့ ဦးဇင်မောင်၏ချစ်သူသည် မေမေဖြစ်ကြောင်းကို သိရပေပြီ။

သည်တုန်းက မေမေ အသက် ၂၀ လောက်သာ ရှိပေဦးမည်။ အသက် ၂၀ ပတ်ဝန်းကျင် စိတ်ကူးယဉ်တုန်းအရွယ်မို့ မေမေသည် စံကားပွင့်များကိုတောင်ကိုယ်စားရည်၍ လက်ဆောင်ပေးလိုက်သေး၏။ သိမ်းသည့်သူကလည်း အနှစ်နှစ်ဆယ်ကျော်မျှ မပျောက်ပျက်အောင် သိမ်းထားနိုင်ခဲ့၏။ ဩော် စိတ်ကူးယဉ်လိုက်ကြပါဘိ။

ကျွန်မသည် နောက်စာတစ်စောင်ကို ဖွင့်ဖတ်လိုက်ပြန်သည်။ နေ့စွဲမှာ ၁၉၄၉ ခု၊ ဇန်နဝါရီလ ၂၁ ရက်နေ့ဖြစ်သည်။ ကျွန်မ ဖေဖေ ဆုံးပြီး၍ ၂ နှစ်အကြာ ကျွန်မအသက် ၁၀ နှစ်ကျော်ကျော် အချိန်ဖြစ်ပေသည်။

**ကိုဇင်မောင်**

ကိုဇင်မောင် ပြောသလို တိုင်းပြည်အခြေအနေကြီးက နေ့လား၊ ညလားဆိုသလို ဖြစ်နေတာတော့ အမှန်ပဲ။ ကရင်သူပုန်တွေ ဥဒဟို ဖြတ်နေလို့

ကျွန်မဖြင့် အိမ်ရှေ့ လမ်းထွက်မလျှောက်ရဲအောင် ဖြစ်တယ်ဆိုတာလည်း အမှန်ပဲ။ တကယ်တော့ ဒီအသက်အရွယ်မှာ မုဆိုးမဖြစ်ရလို့ လူသူက မလေးမစား လုပ်ကြမှာပဲလို့ ကိုဇင်မောင် တွေးပူမယ်ဆိုလည်း ပူစရာပါပဲ။ ဒါပေမဲ့ ဒါတွေအားလုံးဟာ ဘုရားသခင် အလိုတော်အရ ဖြစ်ကြတာတွေချည်းပါပဲ။ ကိုဇင်မောင် ပြောသလိုတော့ မဖြစ်နိုင်ဘူးထင်တယ်။ အကြောင်းတွေကတော့ အများကြီးပဲ။ အသက်အရွယ်တွေကလည်း ကြီးကြပါပြီ။ သမီးနှစ်ယောက်နဲ့ ကိုဇင်မောင်ကိုလည်း ပထွေးဆိုတဲ့ ဆက်ဆံရေးမျိုး မရောက်စေချင်ဘူး။ ပြီးတော့ ကျွန်မလည်း ကိုဇင်မောင်ကိုကြည့်ပြီး လင်စိတ် သားစိတ် တစ်ခါတည်း ကုန်သွားသလောက် ဖြစ်နေပြီ။ ဒီတော့ ခုလို ဆိုးတိုင်ပင် ကောင်းတိုင်ပင် မိတ်ဆွေဘဝနဲ့ နေကြတာဟာ အကောင်းဆုံးပဲလို့ ထင်ပါတယ်။

**သိန်းသိန်း**

ကဲ သည်စာနှစ်စောင်သည် ကျွန်မတို့အိမ်ထောင်၏ အတွင်းရေးကို ဖွင့်လှစ်ပြလိုက်ပါပကော။ ကျွန်မသည် ကိုယ့်ဘဝကိုယ်ပဲ စိတ်နာရမလား၊ ဦးဇင်မောင်ကိုပဲ စိတ်နာရမလား။ မေမေကိုပဲ စိတ်ဆိုးရမလား၊ ဘာကိုမျှ မဝေခွဲတတ်တော့ပေ။

မေမေသည် သူ့ချစ်သူကို သူနှင့်မရသည့်နောက်တွင် သူ့သမီးနှင့် ပေးစားပစ်ခဲ့ပေပြီ။ သူ မဖြစ်လိုက်ရသောအရာကို သူ့သမီးလက်ထက်ကျတော့ ဖြစ်အောင်လုပ်ခဲ့ပေပြီ။ လုပ်ရက်လေခြင်း။

ဦးဇင်မောင်သည်ကော ကျွန်မအဖို့ သနားစရာ၊ ချစ်ခင်စရာ၊ တွယ်တာစရာ ကောင်းပါသေး၏လော။ သူသည် အမေကို မရတော့ အရွယ်ကိုပင် မစာနာနိုင်တော့ဘဲ သမီးကို အရ ဖွတ်ယူခဲ့၏။ အမေမှသည် သမီးလက်ထက်ကျထိအောင် မျိုးဆက်နှစ်ဆက်စလုံးကို ဖွတ်သိမ်းပိုက်ရန် ကြံခဲ့၏။ အမေကို သိမ်းပိုက်ရန် အထမမြောက်သောအခါ သမီးကို အပိုင်သိမ်းပိုက်လေတော့သည်။ သူသည် ရာဂဖမ်းစားခံရသော ပဒေသရာဇ် ရှင်ဘုရင်တစ်ပါးလိုပင် အမေမဟုတ် သမီး၊ သမီးမဟုတ် အမေ ကြံရွယ်ခဲ့၏။ အကယ်၍ ကျွန်မကို လက်ထပ်ခွင့်မရလျှင် ထားခင်မှုကိုများ...

ကျွန်မသည် စာနှစ်စောင်ကို ခေါက်၍ စံကားပန်းပွင့်ခြောက်နှင့်အတူ စာအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး စာအိတ်ကို စာအုပ်ကြားထဲတွင် ညှပ်ထားလိုက်သည်။ နောက် ကျွန်မသည် ခုတင်ပေါ်တွင် လှဲ၍ ငိုမိသည်။ သို့ရာတွင် မျက်ရည် မထွက်တော့ပါတကား။

မျက်ရည်ထွက်တော့ကော ကျွန်မ၏ မျက်ရည်များသည် ကျွန်မ၏ဘဝကို အသစ်ဖြစ်လာအောင် တတ်နိုင်ကြပါဦးမည်လော။

"နန်းလုံရေ နန်းလုံ"

ဦးဇင်မောင်၏ အသံကြားရ၏။ ဦးဇင်မောင်သည် နန်းလုံကို တကြော်ကြော် ဟစ်ခေါ်ကာ အိမ်ထဲသို့ ဝင်လာ၏။ ကျွန်မ ခွေ၍ အိပ်နေသည်ကို လှမ်းကြည့်လိုက်ပြီး တစ်ဖက်ခန်းထဲသို့ ဝင်သွားသည်။ မကြာမီ အံဆွဲများကို ဖွင့်သံကြားရ၏။ တစ်စုံ တစ်ရာကို ရှာဖွေနေသည် ထင်ပေ၏။

"ဟေ့ နန်းလုံ"

ဦးဇင်မောင်က နန်းလုံကို တကြော်ကြော် ခေါ်နေ၏။ ခဏကြာလျှင် နန်းလုံ၏ ထူးသံနှင့် ပြေးသံကို ကြားရသည်။ ကျွန်မသည် သူ့ဘာသာသူ အလုပ်ရှုပ်တတ်သော ဦးဇင်မောင်ကို ဂရုစိုက်မနေအားတော့ဘဲ ခုတင်ပေါ်တွင် လှဲ၍သာ နေမိသည်။ စော စောက နေကောင်းသလိုရှိသော်လည်း ယခုတော့ ရင်ထဲတွင် ကျပ်ကာ ပျို့ချင် အန်ချင် သလို ဖြစ်နေပါသည်။

"ငါ့သေနတ် ကျည်ဆန်ဘူး ဘယ်မှာမြင်မိသလဲ"

ဦးဇင်မောင်၏ မေးသံဖြစ်၏။

"တစ်လောကတော့ အံဆွဲထဲမှာ မြင်မိတာပဲ။ ဟိုတစ်ခါ ဆရာကြီး ငှက်ပစ် သွားတော့ ထုတ်ယူသေးတယ် မဟုတ်လား"

"အေး ဟုတ်တယ်၊ ဗီရိုအံဆွဲ အပေါ်ထပ်ထဲမှာ ထည့်ထားလိုက်တယ် ထင် တာပဲ။ ခု ရှာမတွေ့ဘူး။ ဟိုဘက်ခန်းက သစ်သားဗီရိုကြီးထဲမှာများ ရှိမလား မသိဘူး။ သွားရှာချည်စမ်း"

နန်းလုံသည် ကျွန်မတို့အခန်းဘက် ကူးလာကာ ဦးဇင်မောင်၏ ကျည်ဆန် ဘူးကို ရှာနေ၏။ စာအုပ်စင်၊ စားပွဲကြား၊ သေတ္တာကြား စသည်တို့တွင် လိုက်ရှာ သော်လည်း မတွေ့ပေ။ ကျွန်မသည် ဘာမျှမပြောဘဲ မျက်လုံးများ မှိတ်ထားကာ ခွေလျက်ပင် ရှိနေသည်။ တစ်ဖက်ခန်းမှ ဦးဇင်မောင်သည် အံဆွဲများကို တအုန်းအုန်း တဒိုင်းဒိုင်းဖွင့်၍ရှာနေသံ ကြားရ၏။

"ကျည်ဆန်ဘူးဟာ ဒီလိုပဲ၊ ငှက်ပစ်ထွက်မလို့ လုပ်ရင် ရှာလို့ကို မရနိုင်ဘူး"

ဦးဇင်မောင်၏ တက်ခေါက်သံနှင့် မကျေမနပ် ပြောဆိုနေသံကို ကြားရ၏။ နောက် သူသည် အံဆွဲများကို လျှောက်ဖွင့်ကြည့်နေလေသည်။ ခဏကြာသော် ဦးဇင်

မောင် ရှာနေသည့် အခန်းဘက်မှ အသံများသည် ရုတ်တရက် တိတ်ဆိတ်သွားကြ၏။ ရှာတွေ့သွားပြီဟု ကျွန်မ ထင်ပါသည်။ နန်းလုံသည် ကျွန်မတို့ အခန်းထဲတွင် ရှာမတွေ့တော့သဖြင့် တိတ်ဆိတ်နေသော ဦးဇင်မောင့် အခန်းဘက်ဆီသို့ ကူးသွား၏။

"ဒီဘက်အခန်းမှာတော့ မရှိဘူး ဆရာကြီး"

နန်းလုံက အခန်းဝတွင်ရပ်၍ ပြော၏။

"အေး မတွေ့ရင်လည်း နေပါစေတော့။ လုပ်စရာရှိတာ သွားလုပ်ချေ"

ဦးဇင်မောင့်အသံကို ကြားလိုက်၏။ အဝေးသို့ ထွက်သွားသော နန်းလုံ၏ ခြေသံကို ကြားရပေသည်။ ဦးဇင်မောင့်အခန်းဆီမှ နောက်ထပ် ဘာသံမျှ မကြားရတော့ပေ။ ခဏကြာတော့ ကျွန်မ အခန်းဘက်သို့ လျှောက်လာသော ခြေသံပြင်းပြင်း တစ်ခုကို ကြားရ၏။

ကျွန်မသည် ဘာကြောင့်များ ဒီလောက် ဒေါသကြီးနေရပါလိမ့်ဟု သိလိုဇောဖြင့် လဲလျောင်းနေရာမှ သမင်လည်ပြန် လှည့်၍ကြည့်လိုက်သည်။ ဦးဇင်မောင့် ခြေသံသည် တစ်ဖက်ခန်းထဲတွင် ဆူညံလျက်ရှိ၏။ ကျွန်မသည် ဦးဇင်မောင်နှင့် မျက်နှာချင်းမဆိုင်ချင်သဖြင့် အပြင်ဘက်တစ်နေရာသို့ ထွက်သွားရန် ထလိုက်ပြီး အခန်းပေါက်ဝသို့ ထွက်လာခဲ့သည်။

အခန်းဝတွင် ဦးဇင်မောင်သည် မားမားကြီး ရပ်နေ၏။ သူ့မျက်လုံးများသည် ကျွန်မကို စားတော့ ဝါးတော့မတတ် စူးစိုက်ကြည့်နေကြသည်။ ကျွန်မသည် သူ့မျက်လုံးများ၏ဒဏ်ကို မခံနိုင်ဘဲ ခေါင်းကို ငုံ့ထားလိုက်၏။ သူ့ခြေထောက်တွင် စီးထားသည့် ဘွတ်ဖိနပ်များမှာ ရွှံ့စေးတွေ၊ မြေနီတွေ ပေကျံလျက်ရှိသည်။ ကျွန်မ သူ့ခြေထောက်များကို ကြည့်ရာက ကျွန်မ ခြေထောက်ကို ငုံ့၍ ကြည့်လိုက်မိသည်။ ကျွန်မ ခြေထောက်များမှာ ဖြူဖွေးနုနယ်ကြကာ နက်ပြာရောင် ကတ္တီပါဖိနပ်နှင့် ပနံရကြပေသည်။

"ဒါက ဘာလဲ"

ကျွန်မသည် မိုးချုန်းသံလို မြည်ဟိန်းနေသော သူ့အသံကြောင့် သူ့ကို မော့ကြည့်လိုက်မိသည်။ သူ့လက်ထဲတွင် ဓာတ်ပုံတစ်ခုကို ကိုင်ထား၏။ ကျွန်မသည် သူ ဘာဆိုလိုမှန်းမသိဘဲ ခေါင်းကို ပြန်ငုံ့ထားလိုက်သည်။

"ပြောလေကွာ၊ ဒါ ဘာလုပ်တာလဲ"

ကျွန်မသည် သူထိုးပြလိုက်သော ဓာတ်ပုံကို ကြည့်လိုက်မိ၏။ ကျွန်မနှင့်

ကိုအောင်မျိုးတို့ ဖောင်တော်ဦး ဘုရားစောင်းတန်းဆင်းတွင် ရပ်နေစဉ် အေးအေး၏ ယောကျ်ား ကိုတင်မြင့်က အင်းထဲမှ ပုံချိတ်စက်လှေပေါ်မှ ရိုက်ယူထားလိုက်သော ဓာတ်ပုံပေတည်း။

အေးအေး ပို့လိုက်သော ဓာတ်ပုံသည် ကျွန်မ မင်္ဂလာဆောင်မည့်နေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။ ကျွန်မသည် ဓာတ်ပုံကို သေချာစွာပင် မကြည့်မိဘဲ အံဆွဲထဲသို့ ထည့်ထားလိုက်ခြင်း ဖြစ်သည်။ ယခု ဦးဇင်မောင်သည် သည်ဓာတ်ပုံကို ကျည်ဆန်ဘူးရှာရင်း အံဆွဲထဲက တွေ့လာဟန် တူပေသည်။

"ဘာလုပ်ရမှာလဲ"

ကျွန်မက ပြန်မေးလိုက်၏။

"ဟိုကောင်နဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံကို ခုထက်ထိ မစွန့်ပစ်နိုင်သေးဘူးပေါ့။ တစ်ခါတလေ အလွမ်းပြေ ကြည့်ရအောင် မင်းသိမ်းထားတယ်ပေါ့ ဟုတ်လား၊ ကြည့်စမ်း ဓာတ်ပုံထဲမှာ အကြည်ဆိုက်နေလိုက်ကြတာ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့။ တစ်ခါတုန်းက စန္ဒရားနားမှာ အကြည်စိုက်နေကြတဲ့ပုံမျိုးပဲ ဟင်း"

သူက ကျွန်မကို လှောင်ရယ် ရယ်လိုက်၏။ ကျွန်မ ရင်ထဲတွင် ဝမ်းနည်းခြင်းစသည့် ဝေဒနာတို့ မရှိတော့ပေ။ သူ့ကို အရွဲ့တိုက်ချင်စိတ်တွေသာ တဖွားဖွား ပေါ်လာကြပါသည်။ လူကောက်၏စိတ်ကို ကိုက်တံအဖြောင့်ဖြင့် တိုင်းထွာ၍ မရနိုင်ပါတကား။

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူး။ မင်း အရှက်မရှိတာတွေ ထုတ်ပြသလိုဖြစ်တာပေါ့။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေလိုက်ကြတာ၊ အခိုးတွေ ထွက်တော့မတတ်ပဲ။ ဒီလောက် အရှက်မရှိကြရင်လည်း ပွေ့ဖက်နေကြတဲ့ပုံ ရိုက်ထားပြီး အိမ်ရှေ့တံခါးပေါက်မှာ ဆွဲထားဖို့ကောင်းတယ်"

"ရှင် လူကြီးတန်မဲ့ လူကြီးစကားပြောပါ"

ကျွန်မသည် ဒေါပွလွန်းသဖြင့် တုန်ယင်နေသောအသံကို မနည်းကြီး ထိန်းချုပ်၍ ပြောလိုက်ရ၏။

"လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် မင်းနဲ့ ကျုပ်ဟာ လင်မယားပဲ။ လင်မယားဟာ လင်မယားစကားပဲ ပြောမှာပဲ။ လင်ကြီးတစ်ယောက်လုံး ရှေ့မှာ ငုတ်တုတ်ကြီးရှိရက်နဲ့ သစ္စာမဲ့လောက်အောင် အတင့်ရဲတဲ့ မယားကို ကျုပ်က ထိုင်ကြည့်နေရမှာလား။ 'ပင်လယ်သမုဒ္ဒရာသည် များစွာသော မြစ်ချောင်းအင်းအိုင်တို့ဖြင့် မရောင့်ရဲ

ကုန်၊ များစွာသော မီးလောင်စာတို့ဖြင့် မရောင့်ရဲကုန်။ မိန်းမတို့သည် များစွာသော ယောကျ်ားတို့ဖြင့် မရောင့်ရဲကုန်' ဆိုတဲ့ စကားဟာ သိပ်မှန်တယ်။ မင်းက ဒီကောင်ကို တမ်းတမ်းစွဲဖြစ်နေပေမဲ့ ကျုပ်က ခံလိုက်ရတဲ့လူကွ သိရဲ့လား။ ဟောဒီ နဖူးက အမာရွတ်ဟာ ခုထက်ထိ မပျောက်သေးဘူး။ ဒီအမာရွတ်ကို စမ်းမိတိုင်း အသည်းနာတယ် သိလား"

ကျွန်မသည် ဦးဇင်မောင်၏ စကားများကို ကြားလိုက်သဖြင့် မရယ်ချင့် ရယ်ချင် ရယ်လိုက်သည်။

"ထားကို သစ္စာမဲ့တဲ့ မိန်းမလို့ ထင်ချင်ထင်နိုင်တယ်။ ရှင်ပဲပြောတယ် မဟုတ်လား။ ဘဝဆိုတာ အလင်းရောင်ကို တောင့်တတယ်ဆို၊ ဟုတ်တယ်။ ရှင့်လက်ထဲမှာ ကျွန်မဘဝဟာ အမှောင်ထဲ ရောက်နေတာနဲ့ အတူတူပဲ။ ဒါကြောင့်မို့ အလင်းရောင်ကို လိုက်ရှာတာ သိပြီလား၊ နေပါဦး။ ကျွန်မက သစ္စာမဲ့တယ်ဆိုတော့ ရှင်ကကော သိပ်သစ္စာရှိတယ်ပေါ့လေ။ ဟုတ်လား။ သစ္စာရှိလွန်းလို့ မအေကို မရတော့ သမီးကို ဇွတ်အတင်းယူတယ်။ သမီးမရရင် မြေးအထိ လိုက်ယူမလားတောင် မသိဘူး။ ကိုယ့်အသက်အရွယ်ကိုမှ မစာနာဘဲ ယုတ်မာလိုက်တာ"

ကျွန်မသည် သွားများကိုစေ့၍ စကားလုံးများကို တစ်လုံးချင်း ပီပီသသကြီး ပြောချလိုက်၏။ ဦးဇင်မောင်သည် ကျွန်မကို မျက်လုံးပြူးကြီးများဖြင့် အထိတ်တလန့် မော်ကြည့်လိုက်သည်။

"မင်း မင်း ဒီဟာကို ဘယ်လို"

ကျွန်မက သူ့စကားမဆုံးခင် လက်ဝါးကာပြလိုက်သည်။

"ဟုတ်တယ်၊ ဒါတွေကို ထား အကုန်သိပြီးပြီ။ ဒါတွေ အချိန်နှောင်းမှ သိလို့ ထား ယူကျုံးမရ ဖြစ်ရတယ်။ အသည်းနာတယ် သိလား။ စောစောကသာသိရင် မေမေ မပြောနဲ့ မိုးပေါ်က သိကြားမင်းကြီး နားကင်းနဲ့ ဆင်းလာပြီး ရှင့်ကို အတင်းအဓမ္မ အယူခိုင်းတောင် ထား မယူဘူး။ အရင်တုန်းက မိန်းမတစ်ယောက်ကို ချစ်ခဲ့ဖူးတယ်လို့ ပြောပေမဲ့ အဲဒီမိန်းမဟာ မန္တလေးကောလိပ်က ဆရာမပဲလို့ ထင်ခဲ့တယ်။ မေမေ ဖြစ်လိမ့်မယ်လို့ နည်းနည်းကလေးမှ မထင်ခဲ့ဘူး။ ကြွက်ကိုချောင်းတဲ့ ကြောင်စဉ်းလဲလို ကိုယ်ကြိုက်တဲ့ မိန်းမတစ်ယောက်ကို လင်မရှိတော့တာနဲ့ တစ်ပြိုင်နက် အလစ်ဝင်သုတ်ဖို့ နည်းအမျိုးမျိုးနဲ့ မရှက်မကြောက် မျက်နှာပြောင်တိုက် ကြိုးစားရဲလောက်အောင် ကောက်ကျစ်တဲ့ယောကျ်ားမျိုး လောကမှာ ရှိလိမ့်မယ်လို့ မမျှော်လင့်

ခဲ့ဘူး။ နောက်ဆုံး မအေကိုမရတဲ့အခါ သမီးကို သူများလက်ထဲက လုယူပြီး အတင်းသိမ်းတဲ့အခါကျတော့ ဒီလူရဲ့ ကောက်ကျစ်မှုဟာ ကမ်းကုန်ပြီး အထွတ်အထိပ်ကို ရောက်ပြီး ပြောစရာမလိုတော့ဘူး။ ဒါတွေအားလုံးကို ရှင့်စာအုပ်ကြားထဲမှာ ညှပ်ထားတဲ့ စံကားပွင့်နဲ့ မေမေ့စာက အကုန် သက်သေခံပြီးပြီ။ လောကကြီးကလည်း ဒီလိုယုတ်မာတဲ့ လူမျိုးအတွက်ကျတော့ အဆင်ပြေပေးနေလိုက်တာ။ တကယ့်သူတော်ကောင်းကြီး ထင်ရလောက်အောင် ဖန်တီးပေးနေလိုက်တာ၊ သိပ်ကောင်း”

ဦးဇင်မောင်သည် နောက်ထပ် ဘာမျှ ပြန်လှန်ပြောဆိုခြင်းမပြုတော့ဘဲ ခေါင်းကြီး ငိုက်စိုက်နှင့် ချာခနဲ လှည့်ထွက်သွားသည်။ ကျွန်မသည် ရင်ထဲတွင် အစီအရီရှိနေသော စကားလုံးများကို အန်ချလိုက်ပြီးသည့်နောက် ခုတင်ပေါ်တွင် ပြေးမှောက်ကာ ငိုရှိုက်လိုက်မိပေသည်။

# [၂၂]

ရွှေမှုင်လိုလှသော နေခြည်တန်းများသည် သစ်ပင်များနောက်တွင် လျှောကျရုပ်သိမ်းသွားကြပြီဖြစ်ရာ တောလမ်းတစ်လျှောက်တွင် မှောင်ရီရီ ဖြစ်၍နေပေသည်။ ပုစဉ်းရင်ကွဲများ၏ အော်သံများကလည်း နားကွဲလုမတတ် ဆူညံလှပေသည်။ သည်အချိန်၌ ကျွန်မ ရင်ထဲရှိ ဝေဒနာများကို ဖွင့်လှစ်ပြောပြရမည်ဆိုပါလျှင် ကျွန်မသည်လည်း ပုစဉ်းရင်ကွဲများလို ရင်နှစ်ခြမ်းကွဲ၍ သေပွဲဝင်မည်လား မပြောတတ်ပါ။

ကျွန်မဘဝသည် အပြောကျယ်သော မြစ်ပြင်လို မငြိမ်သက်မှုတွေ များပြားခဲ့ရပါသည်။ ကိုယ့်ချစ်သူနှင့် တင့်တောင့်တင့်တယ် နေမည်ဟု စိတ်ကူးကာ စမ်းချောင်းကလေးလို တသွင်သွင် စီးမည်ဟု အရှိန်ယူတုန်းတွင် ကျွန်မ မချစ်မနှစ်သက်သူကို လက်ထပ်ခဲ့ရသည်။ လက်ထပ်ပြီးသည့် နောက်တွင်ကော ကျွန်မ၏ဘဝ၌ ချမ်းမြေ့သာယာခြင်းဟူသည် ဘယ်မှာရှိပါသေးသနည်း။ သူ့သမီးကြီး၏ ဘဝကို ပြေပြစ်ချောမောစေရန် ဖန်တီးခဲ့သော မေမေ၏ အစီအမံများသည်လည်း ဘာများ တတ်နိုင်ပါသေးသနည်း။

ကျွန်မသည် ပြေပြစ် ချောမောခြင်းမရှိသော ဘဝမှ ရုန်းထွက်လို၍ မေမေ့သဘောကျ ယောကျ်ားတစ်ယောက်ကို လင်အဖြစ် ယူခဲ့ရသော်လည်း ယခုသော် ကျွန်မသည် ပြေပြစ်ချောမောခြင်း မရှိသော ဘဝထဲသို့ပင် ပြန်ရောက်နေရပေပြီ။

ကျွန်မဘဝသည် ပန်းတိုင်သို့ ပြေးသော်လည်း တာထွက်သို့ ပြန်ရောက်နေသော အပြေးသမားတစ်ယောက်နှင့် ဘာများ ခြားနားပါသေးသနည်း။

ငှက်တစ်ကောင်သည် ဂီးခနဲ အော်မြည်ကာ ကျွန်မ ခေါင်းပေါ်မှ ပျံသန်းသွား၏။ ကျွန်မသည် ငှက်ဆိုးသံကို ကြားရသဖြင့် ကျောထဲတွင် စိမ့်ကာ ကြက်သီးတွေဖြာလာပေသည်။ တကယ်တော့ ကျွန်မသည် သည်လမ်းကို ဘယ်တုန်းကမျှ တစ်ယောက်တည်း သွားဖူးသည် မဟုတ်ပေ။ အပေါင်းအဖော်နှင့် သွားလျှင်လည်း မြင်မြင်ထင်ထင်ရှိသော နေ့ခင်းအချိန်များသာ ဖြစ်ပါ၏။ ယခုမူ ညဘက်သို့ လုနေပြီဖြစ်သော မှောင်ရီရီအချိန်တွင် ကျွန်မ တစ်ယောက်တည်း ထွက်လာခဲ့ပေပြီ။

လောက၌ မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်းသည် ဆင်းရဲ၏ဟု ကျွန်မ ကြားဖူးပါ၏။ သို့ရာတွင် ထိုဆင်းရဲထက် မချစ်မနှစ်သက်သူနှင့် ပေါင်းဖော် နေရရုံမျှမက နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေရသော ဆင်းရဲခြင်းသည် ပို၍ ကြီးမားလှပါသည်။ ကျွန်မအား သစ္စာမဲ့သူတစ်ယောက်ဟု ထင်၍၊ ကျွန်မကလည်း ယုတ်မာသူတစ်ယောက်ဟုထင်သော ယောကျ်ားတစ်ယောက်ကို ကျွန်မ ဘာကြောင့် ပေါင်းဖော်နေရဦးမည်နည်း။ ကျွန်မသည် မေမေ၏ အစီအမံကိုလည်း ကျိုးနွံစွာ လိုက်နာခဲ့ပြီးဖြစ်သည်။ မေမေ့သဘောကျ ဦးဇင်မောင်ကို လက်ထပ်ခဲ့ပြီး ဖြစ်ခဲ့ပြီးဖြစ်သည်။ သည်နောက်တွင် ကျွန်မဘဝကို ကျွန်မ ဖန်တီးနိုင်ပြီဟု ကျွန်မ ယူဆပါသည်။ ထို့ကြောင့် ကျွန်မသည် သစ်တစ်ပင်မှ တိတ်တဆိတ် ထွက်ခွာလာခြင်းဖြစ်ပေသည်။

အိပ်တန်းတက်သော ချိုးလင်းပြာတို့၏ ကူချွဲသံကို တောစပ်ဆီမှ ကြားရသည်။ ချိုးငှက်၏ကူသံကို ကြားရသည်မှာ ချမ်းမြေ့ဖွယ်ပါတကား။

ကျွန်မသည် မြေနီလှည်းလမ်းကြောင်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ လမ်းပေါ်တွင် ထွန်စက်ဘီးရာကြီးများသည် ထင်းခနဲ ပေါ်နေကြသည်။ သစ်တစ်ပင်နှင့် တောင်သုံးလုံးကို ကူးချည်သန်းချည်ပြုကြသော ဦးဇင်မောင်၏ ထွန်စက်ဘီးရာကြီးများ ဖြစ်ပေသည်။ ထွန်စက်ဘီးရာကြီးများသည် ကျွန်မကို ငေးမောကြည့်နေကြသည်ဟု ကျွန်မစိတ်ထဲတွင် ခံစားမိပါသည်။

"နေရစ်တော့ သစ်တစ်ပင်ယာတောရေ၊ ထွန်စက်ကြီးတွေရော၊ ကြက်ကလေးတွေရော၊ လွမ်းတာရှည် တောရော၊ စမ်းချောင်းကလေးတွေနဲ့ ပန်းပွင့်တွေရော အားလုံးနေရစ်ခဲ့ကြပေတော့။ မင်းတို့ရဲ့ အရှင်သခင်မကြီး ဝေးရာကို ပြေးလေရဲ့"

ကျွန်မ နှလုံးသားထဲတွင် ပေါ်လာကြသော စကားလုံးများ ဖြစ်ပါသည်။ ကျွန်မ

၏ နုနယ်သော နှလုံးသားသည် အပြစ်မဲ့သော သစ်တစ်ပင်ယာတောကို လွမ်းဆွတ်တတ်ပါသေးသည်။ သို့ရာတွင် အသနား အညှာတာကင်းသော ဦးဇင်မောင်ကို တွေးမိပြန်သောအခါ အပြစ်မဲ့သော သစ်တစ်ပင် ယာတောသည် ကျွန်မကို ဆွဲဆောင်ထားနိုင်ခြင်း မရှိတော့ပါ။

ညနေ ၇ နာရီကျော်သောအခါ ကျွန်မသည် တောင်သုံးလုံး လမ်းဆုံနားသို့ ရောက်လာပေသည်။ ကျွန်မသည် အဝတ်အစား သုံးလေးစုံ ထည့်ထားသည့် လွယ်အိတ်တစ်လုံးနှင့် ငွေငါးရာခန့်သာ ပါလာသည်။ အခြားဘာမျှ မပါပေ။ ဘာကိုမျှ သယ်ပိုးလာရခြင်း မရှိသော်လည်း ၁၀ မိုင်ခန့် ခရီးကို ခြေကျင်လျှောက်ရသည်မှာ ပင်ပန်းလှပါသည်။

တောင်သုံးလုံးရွာထဲမှ လှည်းတစ်စီးသည် တအီအီ မြည်လျက် ထွက်လာ၏။ တောင်သုံးလုံးတစ်ဝိုက်တွင် ကျွန်မကို သိသူ တော်တော်များများရှိသည်။ ထို့ပြင် ဦးခွန်ထီးသည် ယာတောကိစ္စဖြင့် မနက်က ရွှေညောင်သို့ ထွက်သွားသည်။ ဦးခွန်ထီးတို့ လှည်းများလားဟု ကျွန်မ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားပေသည်။ ထို့ကြောင့် ကျွန်မသည် ရုပ်ပျက်သွားစေရန် လုံချည်ကို ခပ်တိုတို ပြင်ဝတ်လိုက်ပြီး မျက်နှာသုတ်ပဝါကြီးကို ခေါင်းတွင် ပေါင်းထားလိုက်သည်။ လှည်းပေါ်တွင် စကားပြောလာသူများသည် ကျွန်မကို မြင်လိုက်သောအခါ တိတ်သွားကြ၏။ ကျွန်မသည် လှည်းပေါ်တွင် ဦးခွန်ထီး ပါ မပါ အကဲခတ်ကြည့်၏။ သို့ရာတွင် မှောင်နေပြီဖြစ်၍ သဲကွဲစွာ မမြင်ရတော့ပေ။ လှည်းပေါ်မှ စကားပြောသံများထဲတွင် ဦးခွန်ထီး၏ အသံမျိုးကို မကြားရတော့မှ စိတ်အေးသွားကာ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

တောင်သုံးလုံး ရွာထဲတွင် မီးထွန်းကြပေပြီ။ ရေနံဆီမီးခွက် အရောင်များသည် အမှောင်ထဲတွင် ပိုးစုန်းကြူးလို မှိတ်တုတ် မှိတ်တုတ် လက်နေကြပေသည်။ ကျွန်မသည် ရေငတ်၍ ရေသောက်ချင်သော်လည်း ရွာထဲတွင် မျက်နှာသိများနှင့် တွေ့မည်စိုးသဖြင့် ကလော၊ တောင်ကြီး မော်တော်ကားလမ်း လမ်းမကြီးပေါ်သို့ တိုက်ရိုက်ထွက်လာ၏။

မော်တော်ကား လမ်းမပေါ်က အိမ်တန်းများနှင့် ဈေးဆိုင်ကလေးများမှာ မပိတ်ကြသေးပေ။ တချို့သည် မီးရောင်မှိန်မှိန်တွင် ထိုင်၍ စကားပြောနေကြသည်။ ကလေးငိုသံ၊ တေးဆိုသံများကိုလည်း ကြားရ၏။

ကျွန်မသည် မော်တော်ကားလမ်းဘေး အုတ်ရေကန်ကလေးတွင် ထိုင်ကာ

မော်တော်ကားများကို မျှော်မိသည်။ ညဥ့်နက်နေပြီဖြစ်သဖြင့် မော်တော်ကား အသွား အလာ သိပ်မရှိလှတော့ပေ။

"အို ကြော့ဆုံးမယ် ကေသွယ်လျှော့လျား မောင်သနားလှတယ်။ အို ဘယ့်နှယ် ဖော်မပါ သွားရှာတော့ ဝေးမြေတာ"

ဈေးဆိုင်ကလေးမှ သီချင်းသံနှင့် မယ်ဒလင်သံကို ကြားရ၏။ ကာလသားတစ် သိုက်တို့ ဝိုင်း၍ သီဆိုနေခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်မသည် သီချင်းသံကို ကြား၍ ပြုံးမိသေးသည်။ ကေသွယ်လျှော့လျားဟု ဆိုသံကြားမိသဖြင့် ကျွန်မ ခေါင်းက ဆံပင်ကို စမ်းသပ်ကြည့်မိသည်။ ကျွန်မ ဆံပင်သည် လျှော့လျားခြင်းမရှိ၊ မျက်နှာ သုတ်ပဝါ ပေါင်းထုပ်ထဲတွင် ကျစ်လျစ်စွာပင် ရှိပါ၏။ သည်တော့မှ ကျွန်မသည် ခေါင်းက မျက်နှာသုတ်ပဝါကြီးကို အမှတ်ရကာ ပြန်ဖြုတ်ပြီး လွယ်အိတ်ထဲသို့ ထည့် လိုက်ရ၏။ ကျွန်မသည် ထမင်းလည်း မစားရသေးပေ။ ဆာလောင်မွတ်သိပ်လှပြီ ဖြစ်ပါ၏။ ထို့ကြောင့် ဈေးဆိုင်ကလေးဘက်သို့ ကူးကာ တစ်ခုခု စားရမည်လားဟု စိတ်ကူးမိသည်။

ကတ္တရာစေး လမ်းမကြီးပေါ်တွင် မောင်းလာသော မော်တော်ကားတစ်စင်း၏ မီးလုံးကြီးနှစ်လုံးမှ အရောင်ကို မြင်လိုက်ရသည်။ တောင်ကြီးဘက်မှ ကလောသို့ သွားမည့် ကားတစ်စီးဖြစ်ဟန်တူပေသည်။ ကျွန်မသည် အုတ်ရေကန်ပေါင်တွင် ထိုင် နေရာမှ ကမန်းကတန်းထကာ ကတ္တရာစေးလမ်းမဘေးသို့ ပြေးတက်လာခဲ့သည်။ မော်တော်ကားတစ်စီးသည် စက်သံမြည်ဟည်းကာ တဖြည်းဖြည်း နီးလာသည်။ ဝန်ထုပ်ဝန်ပိုးများကို အပြည့်တင်လာသော ကုန်တင်ကားကြီးတစ်စီးလော၊ သို့မဟုတ် စစ်လော်ရီကားကြီးတစ်စီးလော မသိပေ။ စက်သံမှာမူ မော်တော်ကားကြီးတစ်စီး၏ စက်သံ ဖြစ်ပေသည်။ မည်သည့်ကားဖြစ်ဖြစ် ကျွန်မသည် တောင်းပန်ကာ လိုက်သွားမည် ဟု ဆုံးဖြတ်ပြီးသားဖြစ်သည်။ အနည်းဆုံး ကလောကိုတော့ ရောက်မည်မဟုတ်လော။

ကျွန်မသည် ကတ္တရာစေးလမ်းလယ်ကောင်တွင် တက်၍ မတ်တတ်ရပ်ကာ လက်ကိုင်ပဝါကို ဝှေ့ယမ်းပြသည်။ မော်တော်ကား မီးကြီးများသည် ကျွန်မ၏ မျက်နှာ ကို တည့်တည့်ကြီး ထိုးထားပေရာ ကျွန်မ မျက်စိများမှာ ကျိန်းစပ်နေသည်။ တဖြည်း ဖြည်းနှင့် မော်တော်ကားကြီး၏ မီးလုံးများသည် နီးလာသည်။ သို့ရာတွင် မော်တော် ကားကြီး၏ စက်သံမှာ နည်းနည်းကလေးမျှ လျော့မသွားဘဲ အရှိန်ပြင်းစွာ မြည်ဟည်း လျက်ပင် ရှိသည်။ မော်တော်ကား မောင်းသူသည် အရက်မူးသမားလော၊ သို့မဟုတ်

တစ်စုံတစ်ရာ အရေးကြီးလာသလော၊ ဘာကြောင့်မှန်းတော့ မသိပေ။ စက်ကို နည်းနည်းမျှ မလျှော့ဘဲ မောင်းမြဲ မောင်းလာသည်။

ကျွန်မသည် လက်ကိုင်ပဝါကို ဖွေ့ယမ်းပြရင်း ကျွန်မခေါင်းထဲတွင် အကြံတစ်ခု လက်ခနဲ ဝင်လာ၏။ ကျွန်မသည် တစ်နေရာသို့ ထွက်ခွာမသွားတော့ဘဲ ဤ ကတ္တရာစေး လမ်းမပေါ်တွင် လှဲအိပ်ကာ မော်တော်ကားဘီးကြီးများအောက်သို့ ဝင်လိုက်ရလျှင်...

အားထားရာလည်း မရှိ၊ ချမ်းမြေ့စရာလည်း မရှိသော လူ့ဘဝ၌ ဆက်လက်အသက်ရှင်နေရခြင်းသည် ဘာများ အကျိုးထူးတော့မည်နည်း။ ဦးဇင်မောင် ပြောသလိုမျှော်လင့်ချက်မရှိသောဘဝတွင် အသက်ရှင်နေရခြင်းထက်တော့ သေခြင်းကမှ ကောင်းလိမ့်ဦးမည် ထင်ပါသည်။

မော်တော်ကားကြီး အနီးသို့ ရောက်လာသည်နှင့် ကျွန်မသည် ကားဘီးများအောက်သို့ ဝင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် လမ်းဘေးသို့ ကပ်လျက် အသာဆင်းပေးလိုက်သည်။ လမ်းမပေါ်တွင် လူရပ်နေသည်ကို မြင်၍ ရပ်ပေးလိုက်လျှင် ကျွန်မအတွက် အခက်တွေ့နေဦးမည် မဟုတ်ပါလော။

မော်တော်ကားကြီးမှာ ကျွန်မနှင့် ဆယ်ပေကွာလောက် ရောက်သည်အထိ စက်ရှိန်မသတ်ဘဲ မောင်းမြဲ မောင်းလာသည်။ ကျွန်မသည် မျက်စိများကို စုံမှိတ်ကာ မော်တော်ကားအောက်သို့ ပစ်လှဲလိုက်ရန် အားယူ၍ ထလိုက်သည်။ မတ်တတ်ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်မသည် ဝမ်းတွင် လွယ်ထားရသည့် သန္ဓေသားကို အမှတ်ရလာသည်။ ကျွန်မသည် စိတ်မချမ်းမြေ့စရာဘဝကလေးကို တွေ့ရုံဖြင့် အပြစ်မဲ့သော ကျွန်မ ဝမ်းထဲမှ သန္ဓေသားသည် လမ်းခုလတ်မှာပင် သေကျေပျက်စီးရတော့မည်လော။ ထိုမျှမက လောကတွင် စိတ်မချမ်းမြေ့စရာကို တွေ့သည့်အတွက် ကျွန်မ၏ဘဝကို အဆုံးစီရင်ကာ လောကကို အရှုံးပေးတော့မည်လော။ ဘဝ၏ အထုအထောင်းကို မခံနိုင်သဖြင့် အရှုံးပေးရမည်ဆိုလျှင် ကျွန်မလောက် မိုက်မဲသူသည် လောကတွင် ရှိပါဦးမည်လော။

“ငါ မသေဘူး၊ ဘာလို့ သတ်သေရမှာလဲ။ ငါ ဘာလို့ အရှုံးပေးရမှာလဲ။ ဝမ်းထဲက ငါ့ကလေးကိုရော ငါ ဘာဖြစ်လို့ သတ်ပစ်ရမလဲ။ ဒီထက်မကတဲ့ စိတ်ညစ်စရာတွေကို တွေ့နေကြလျက်သားနဲ့တောင် လောကကို အရှုံးမပေးဘဲ အသက်ရှင်နေကြတဲ့လူတွေ အများကြီး ရှိသေးတာပဲ။ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို

လုပ်ရမှာလဲ"

ကျွန်မသည် စိတ်ထဲက တတွတ်တွတ် ရွတ်ဆိုကာ ရပ်နေမိသည်။ မော်တော်ကားကြီးသည် ဖူးခနဲမြည်ကာ ကျွန်မ အနားမှ အရှိန်ပြင်းစွာ ဖြတ်ကျော်သွားသည်။ ကုန်များ အပြည့်တင်လာသော ကုန်ကားကြီးတစ်စီးပေတည်း။

ခဏကြာတော့မှ ကျွန်မ၏စိတ်သည် ပြန်၍ တည်ငြိမ်သွားသည်။ စောစောက မိုက်မိုက်မဲမဲ ဆုံးဖြတ်မိလေခြင်းဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ ကျွန်မသည် စိတ်မော လူမောဖြင့် လမ်းဘေးတွင် ထိုင်ချလိုက်သည်။ စောစောက တေးဆိုနေကြသော အသံများသည် တိတ်၍သွားလေပြီ။ မီးရောင်များလည်း မှိတ်၍ သွားလေပြီ။ အချို့အိမ်များမှ မီးရောင်ကလေးများကိုသာ ကွက်ကျားကွက်ကျား တွေ့ရတော့သည်။

လမ်းတစ်ဖက် အိမ်တန်းကလေးဆီမှ အဘိုးအိုတစ်ယောက်၏ အသံတုန်တုန်နှင့် ဘုရားရှိခိုးသံကိုလည်းကောင်း၊ ကြေးစည်ထုသံကိုလည်းကောင်း ကြားရ၏။ အိုမင်းတွင်းဆုံးကျလုနီး အဘိုးအိုသည် ဖြစ်ခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်းဆင်းရဲတို့မှ ကင်းဝေးအောင် ဆုတောင်းနေချိန်တွင် နုနယ်ငယ်မျစ်သော ကျွန်မသည် ဘာကြောင့် ဘဝကို အဆုံးခံမည်နည်း။ အဘိုးအိုပင်လျှင် အသက်ရှည်စွာ အနာမဲ့ကြောင်းကို ဆုတောင်းနိုင်သေးလျှင် ကျွန်မက လောကတွင် ဘာကြောင့် မနေရဲရမည်နည်း။ တကယ်တော့ လောကသည် တေးဆိုသံ၊ ကြေးစည်သံ၊ ကလေးငိုသံတို့ဖြင့် သာယာသော လောကမဟုတ်လော။

အဝေးဆီမှ မော်တော်ကား စက်သံနှင့်အတူ မော်တော်ကားကြီးများကို မြင်ရပြန်သည်။ သည်တစ်ခါတော့ တောင်ကြီးဘက်က ဆင်းလာသော မော်တော်ကား မဟုတ်ဘဲ ကလောဘက်မှ တက်လာသော မော်တော်ကား ဖြစ်ပေသည်။ ကျွန်မသည် ဘယ်ကိုသွားရ သွားရ သစ်တစ်ပင်တစ်ဝိုက်မှ ထွက်သွားလိုပါသည်။ ထို့ကြောင့် ကလောသို့ ဆင်းသော မော်တော်ကား ဖြစ်ဖြစ်၊ ရွှေညောင်သို့ တက်သော မော်တော်ကားဖြစ်ဖြစ် တွေ့ရာကားကြုံနှင့် လိုက်သွားမည် ဖြစ်ပါသည်။

သည်မော်တော်ကားကို ကျွန်မ အရတားမည်။ တက္ကစီဖြစ်လျှင် ရွှေညောင်ဘူတာသို့ အပို့ခိုင်းမည်။ ကိုယ်ပိုင်ကားဖြစ်လျှင်လည်း တောင်းပန်၍ ရွှေညောင်သို့ အပို့ခိုင်းမည်ဟု စိတ်ကူးထားလိုက်မိသည်။ မော်တော်ကား မီးလုံးများ တစ်ခုနှင့်တစ်ခု နီးကပ်နေပုံထောက်တော့ ကားကလေးဖြစ်ဟန်တူပါသည်။

ကျွန်မသည် လမ်းဘေးတွင် အဆင်သင့် ရပ်နေလိုက်သည်။ ကျွန်မ၏ ပတ်

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံ အုတ်ကန်ပေါင်ဘေးမှ ပုရစ်များ အော်မြည်သံကို ကြားရပေသည်။ တိတ်ဆိတ်နေသည့် ကြားထဲမှ မော်တော်ကား စက်သံသည် တဒီဒီမြည်ဟည်းလာသည်။ ကျွန်မသည် လမ်းမပေါ်သို့ တက်ရပ်ပြီး လက်ကိုင်ပဝါကို ဇွေ့ယမ်းပြလိုက်သည်။ နောက် မော်တော်ကား တဖြည်းဖြည်း နီးလာသည်နှင့် လမ်းဘေးသို့ ဆင်းပေးလိုက်သည်။ မော်တော်ကားသည် စက်ကုန် ဖွင့်၍ မောင်းလာကာ ကျွန်မအနားသို့ တဖြည်းဖြည်းရောက်လာသည်။ သို့ရာတွင် ရပ်မပေးဘဲ မောင်းသွားပြီးမှ ကျွီခနဲ ဘရိတ်ကို နင်းလိုက်သံနှင့်အတူ ကားသည် တုံ့ခနဲ ရပ်သွားသည်။ နောက် ကျွန်မအနားသို့ နောက်ပြန်ဆုတ်၍ မောင်းလာကာ ရပ်လိုက်သည်။

ကျွန်မသည် ဝမ်းသာအားရဖြင့် လမ်းဘေးတွင် ချထားသော လွယ်အိတ်ကို ကောက်ယူကာ မော်တော်ကားသို့ တက်မည်ပြုလိုက်သည်။

"ထား"

ကျွန်မသည် မမျှော်လင့်သော အသံကို ကြားလိုက်ရသဖြင့် ခေါင်းနားပန်းတွေ ကြီးသွားသည်ဟု ထင်လိုက်ရ၏။ မော်တော်ကားထဲတွင် မီးမရှိသော်လည်း ရှေ့ကား မီးရောင်က အလင်းရောင် ပြန်ဟပ်သဖြင့် မှုန်မွှားမွှား လင်းနေသည်။ သို့တိုင်အောင် မော်တော်ကားထဲမှ လူ၏မျက်နှာကို သဲကွဲစွာ မမြင်ရသော်လည်း သည်အသံကို ကျွန်မ ကောင်းကောင်း မှတ်မိပါသည်။ သည်အသံသည် ကျွန်မ၏ စိတ်၊ ကျွန်မ၏ နားတွင် စွဲနေသောအသံ ဖြစ်ပါသည်။

"ဟင်"

ကျွန်မသည် ဘာကိုမျှ မပြောနိုင်။ အာမေဋိတ်သံကိုသာ ပြုနိုင်တော့သည်။ မော်တော်ကားပေါ် တက်သင့်၊ မတက်သင့်ကိုလည်း ဝေခွဲမရ ဖြစ်နေသည်။

"ဒါ ဘယ်လိုဖြစ်လာတာလဲဟင် ထား၊ အချိန်မတော်ကြီးမှာ ဘယ်သွားမလို့ လဲဟင်"

"ဟို ဟို"

ကျွန်မသည် စကားပြန်မပြောနိုင်သေးဘဲ ထစ်အနေသည်။

"ထား ကြည့်ရတာ မထိတ်သာ မလန့်သာနဲ့၊ ထား ဘာဖြစ်လာတာလဲ့ ဟင်၊ ဂျ ကဲ ကဲ ကားပေါ်တက်၊ အစ်ကိုမျိုး လိုက်ပို့မယ်"

သူက မော်တော်ကားတံခါးကို ဖွင့်ပေးသည်။ ကျွန်မ စိတ်ထဲတွင် ကိုအောင်မျိုး

နှင့် ပထမဆုံး တွေ့ကြသော ညနေကို သွား၍ အမှတ်ရမိ၏။ ယခုလိုပင် မော်တော်ကား လွန်သွားပြီးမှ နောက်ပြန်ဆုတ်လာပုံကိုလည်း မြင်ယောင်နေသည်။ သည်အခါက မိုးသားများ အုံ့မှိုင်းသော ညနေခင်းဖြစ်၍ ယခုအခါမှာ မှောင်မည်းသောည ဖြစ်နေပေသည်။ ဤနှစ်ခုသာ ကွာခြားပေသည်။

"ရွှေညောင်ကိုသွားမလို့၊ ဟင့်အင်း ထား မလိုက်တော့ဘူး"

ကျွန်မသည် စကား ရှေ့နောက် မညီညွတ်ပါတကား။ သွားမည်ဟုလည်း ဆိုသေး၏၊ တစ်ပြိုင်နက်မှာလည်း မလိုက်လိုဟု ငြင်းသေး၏။ ကိုအောင်မျိုးကတော့ ကျွန်မ စကားများကို ဘယ်လိုနားလည်မည် မသိပေ။ ကိုအောင်မျိုးသည် ကျွန်မကို စူးစိုက်ကြည့်နေသည်။

"ကဲ ထား၊ ရွှေညောင်ကိုပဲသွားသွား၊ ဘယ်သွားသွား အစ်ကိုမျိုး လိုက်ပို့မယ်။ ကားပေါ်တက်မှာသာ တက်။ ထားကို ဒီအချိန် ဒီလိုနေရာကြီးမှာ ဒီပုံနဲ့ တွေ့ရတာ တော်တော်ဆန်းတယ်။ အစ်ကိုမျိုး ကလောက ကိစ္စရှိလို့ ပြန်လာတာနဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ပေလို့ပဲ။ နို့မို့ရင်"

"ဟင့်အင်း၊ ထား မလိုက်တော့ဘူး"

ကျွန်မသည် ကားလမ်းဘေးသို့ ဆင်းရန် နောက်သို့ လှည့်လိုက်သည်။ ကိုအောင်မျိုးသည် စက်ကိုဖွင့်ထားရင်း ကားတံခါးကို လျင်မြန်စွာ ဖွင့်ဆင်းကာ ကျွန်မအနားသို့ ရောက်လာသည်။

"ထား ဒါ ဘာလုပ်တာလဲဟင်။ ဦးဇင်မောင်ကော ပါသလား၊ ဘယ်မလဲ"

"ဟင့်အင်း မပါဘူး"

"ဒါဖြင့် တစ်ယောက်တည်း ထွက်လာတာပေါ့ ဟုတ်လား။ ဦးဇင်မောင်နဲ့ စိတ်ဆိုးပြီး ထွက်လာတာလား ဟင်။ ကဲ ကဲ တက်၊ ဘယ်ကိုပို့ရမလဲ၊ သစ်တစ်ပင်လမ်းကတော့ သိပ်မိုးချုပ်နေပြီ။ တောင်ကြီးကို ပြန်လိုက်ခဲ့ပါ"

"ဟင့်အင်း ထား တောင်ကြီးကို မလိုက်ဘူး"

"ထား"

ကိုအောင်မျိုးသည် ကျွန်မကို တစ်ခွန်းတည်း ခေါ်လိုက်သည်။ ကျွန်မသည် ပြန်မထူးဘဲ ရောင်ပြန်ဟပ်နေသော အလင်းရောင်ထဲတွင် သူ့မျက်နှာကို မော်ကြည့်လိုက်မိသည်။

"ထား"

ကိုအောင်မျိုးသည် ဒုတိယအကြိမ် ခေါ်လိုက်ပြန်သည်။ သည်တစ်ကြိမ်တွင်လည်း ကျွန်မသည် ပြန်မထူးမိပေ။ ကိုအောင်မျိုးကို ကျွန်မ ဘယ်လိုလုပ်ပြီး အကြောင်းပြရမည်နည်း။ သူနှင့် မလိုက်ဘဲ နေရစ်ရအောင် ဘာလုပ်ရမည်နည်း။ သူနှင့် လိုက်သွားမိလျှင်ကား ကျွန်မ၏လိပ်ပြာသည် သန့်ရှင်းပါဦးမည်လား။ လမ်းကြုံ၍ ရိုးရိုးသားသား လိုက်သွားခြင်းဖြစ်သော်လည်း သူ့အတွက် လင်နှင့်စိတ်ဆိုးပြီး ရောက်ရာပေါက်ရာသို့ ထွက်လာသော မိန်းမတစ်ယောက်သည် ထိုသူနှင့်အတူ ကားတစ်စီးပေါ်တွင် လိုက်ပါသွားသည်ဆိုလျှင် ဘေးပတ်ဝန်းကျင်အမြင်၌ မည်သို့ရှိမည်နည်း။

"ထား ဘယ်ကိုသွားမှာလဲဟင်"

"ဘယ်ကိုပဲသွားသွား ထား လိုက်လို့မဖြစ်ဘူးထင်တယ် အစ်ကိုမျိုး"

"လိုက်ခဲ့ပါ ထားရယ်။ ဒီလို ဇွတ်မလုပ်ပါနဲ့လို့ အစ်ကိုမျိုး တောင်းပန်ပါတယ်။ အရင်တစ်ခါ အစ်ကိုမျိုး ခေါ်တုန်းကလည်း ထား မလိုက်ဘဲ ဇွတ်ငြင်းခဲ့လို့ အအေးမိပြီး အိပ်ရာထဲမှာ ဗုန်းဗုန်းလဲခဲ့ရပြီ။ ဒီတစ်ခါခေါ်လို့ ထားက ငြင်းဦးမယ်ဆိုရင် ထားဟာ အိပ်ရာထဲလဲရုံတင် မကတော့ဘူး၊ ထား ဘဝကြီးတစ်ခုလုံး ဗုန်းဗုန်းလဲလိမ့်မယ်။ လိုက်ခဲ့ပါ"

ကိုအောင်မျိုးသည် လှိုက်လှဲစွာ ပြောနေသည်။ သူ့အသံနှင့် သူ့မျက်လုံးများက သူ့ရင်ထဲမှ စေတနာကို ဖော်ပြနေပါသည်။ တစ်ခါတုန်းက လမ်းလျှောက်ရာမှ အပြန် ကိုအောင်မျိုး ခေါ်သည်ကို မလိုက်ခဲ့မိ၍ အအေးမိကာ အိပ်ရာထဲ လဲဖူး၏။ ယခု ကိုအောင်မျိုးက နောက်တစ်ခါ ခေါ်ပြန်ကာ ဘဝကြီးတစ်ခုလုံး လဲလိမ့်မည်ဟု ဆိုနေပြန်ပေပြီ။

"ထား ဘယ်ကို လိုက်ရမှာလဲ"

"ဘယ်ကိုပဲ လိုက်လိုက်ပါ။ ထား သွားချင်တဲ့ဆီ လိုက်ပို့ရုံပါပဲ။ တောင်ကြီးကိုပဲ သွားသွား၊ သစ်တစ်ပင်ကိုပဲ ပြန်ပြန်၊ အစ်ကိုမျိုး လိုက်ပို့ပါ့မယ်။ ခုတော့ ညဉ့်နက်သန်းခေါင် အချိန်မတော်ကြီးမှာ ထားတစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ။ အစ်ကိုမျိုး သဘောကတော့ ထား သစ်တစ်ပင်နဲ့ တောင်ကြီးကို တစ်နေရာရာ ပြန်ရင်ကောင်းမယ်ထင်တယ်"

"ထား ဘယ်ကိုမှ မပြန်ဘူး၊ လိုက်လည်း မလိုက်ဘူး"

ကျွန်မက လမ်းဘေးသို့ ဆင်းလိုက်သည်။ ကိုအောင်မျိုးသည် ကျွန်မ လက်မောင်းကို တုံ့ခနဲ လှမ်းဆွဲလိုက်၏။

"ထား ဒီလိုမလုပ်နဲ့၊ အရင်တစ်ခါ မလိုက်ဘူး ငြင်းတာကို အစ်ကိုမျိုး ခွင့်လွှတ်နိုင်ပေမဲ့ ဒီတစ်ခါ ငြင်းတာကိုတော့ အစ်ကိုမျိုး ခွင့်မလွှတ်နိုင်ဘူး။ အချိန်မတော်ကြီးမှာ ထင်ရာလျှောက်သွားနေရင် ဒုက္ခရောက်လိမ့်မယ်။ အဲဒီတစ်နေရာရာကို မသွားချင်လည်း သွားချင်တဲ့နေရာပြော၊ အစ်ကိုမျိုး လိုက်ပို့ပေးမယ်။ ဒါပဲ၊ ကဲ ကားပေါ်တက်"

ကိုအောင်မျိုးက ကျွန်မကို အမိန့်ပေးနေပါပကော။ သူ အမိန့်ပေးခြင်း၌ စေတနာ သက်ဝင်သည်ကိုတော့ ကျွန်မ သတိထားမိပါသည်။ သို့ရာတွင် ကျွန်မ မလိုက်လိုပါ။ ကိုအောင်မျိုးနှင့် လိုက်ရသည့်အတွက် သူက မည်မျှပင် ရိုးသားစေတော့ ကျွန်မ လိပ်ပြာမသန့်ပါ။ ရည်းစားဟောင်းကြောင့် လင်နှင့် ရန်ဖြစ်၍ ထွက်လာသော ကျွန်မသည် ရည်းစားဟောင်းနှင့် တွဲ၍သွားသည်အထိလည်း သတ္တိ မကောင်းသေးပါ။ သို့ဖြစ်လျှင် အချိန်မတော် လူသူကင်းရှင်းသော မော်တော်ကားလမ်းမကြီးပေါ်တွင် ကျွန်မ ဘာလုပ်ရမည်နည်း။ ကျွန်မ မတွေးတတ်ပေ။

"ဟင့်အင်း၊ ထား မလိုက်တော့ဘူး"

ကျွန်မက သူ့လက်ကို ခါချရင်း ငြင်း၏။ ကိုအောင်မျိုးက ကျွန်မ လက်မောင်းကို ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားသည်။

"မလိုက်လို့ မဖြစ်ဘူး။ တစ်စုံတစ်ခုဖြစ်သွားရင် အစ်ကိုမျိုးမှာ တာဝန်ရှိမယ်။ ကဲ တက်"

ကိုအောင်မျိုးသည် ကျွန်မကို လက်မောင်းမှ ဆွဲခေါ်ကာ ကားပေါ်သို့ တက်စေပြီး ကားတံခါးကို ပိတ်လိုက်သည်။ သူက တစ်ဖက်မှ ကွေ့တက်ရင်း လီဗာကို နင်းပြီး မောင်းထွက်လာခဲ့လေသည်။

ကျွန်မသည် ကားပေါ်တွင် ထိုင်လိုက်လာရင်း တိုက်ဆိုင်လွန်းလှသောအဖြစ်ကို တွေးကာ အံ့ဩမိပေသည်။ ကိုအောင်မျိုးသည် အသွားအလာ ကင်းရှင်းနေသော လမ်းမကြီးပေါ်တွင် မော်တော်ကားကို ခပ်မှန်မှန် မောင်းလာသည်။

"ခု ထားကို ဘယ်လိုက်ပို့မှာလဲ"

"ထား သွားချင်တဲ့ဆီ လိုက်ပို့မယ်။ အစ်ကိုမျိုး သဘောကတော့ တောင်ကြီးကို ခေါ်သွားချင်တာပဲ"

"ထား တောင်ကြီးကို မလိုက်ချင်ဘူး။ ကြီးကြီးညွန့်တို့က ဆီးပြီး ဆူဦးမယ်။ ထားကို ရွှေညောင်မှာ ထားခဲ့ပါ။ ရွှေညောင်မှာ ထား သူငယ်ချင်းတစ်ယောက် ရှိတယ်"

"ထား ဘာဖြစ်လာတာလဲ၊ မှန်မှန်ပြောစမ်း၊ ဦးဇင်မောင်နဲ့ ရန်ဖြစ်လာသလား"

ကျွန်မသည် ဘာမျှမဖြေဘဲ ငြိမ်နေလိုက်သည်။ ဘယ်လို ဖြေရမည်ကိုလည်း စဉ်းစား၍ မရပေ။ လိမ်ပြောရမည်လား၊ အမှန်ကို ပြောရမည်လားဟု ဝေခွဲမရအောင် ဖြစ်နေသည်။

"အစ်ကိုမျိုး အစတုန်းက ထားအပေါ်မှာ အထင်လွဲခဲ့တယ်။ ထားဟာ အစ်ကိုမျိုး အပေါ်မှာ သစ္စာဖောက်သွားပြီလို့ပဲ ယူဆလိုက်တယ်။ ဒါပေမဲ့ နောက်ကျတော့မှ ထားဟာ မရှောင်လွှဲသာတဲ့ အကြောင်းတွေကြောင့် ဦးဇင်မောင်ကို လက်ထပ်လိုက်ရတယ်ဆိုတာ အစ်ကိုမျိုး သိတယ်။ ထားအပေါ်မှာ အစ်ကိုမျိုး အထင်လွဲခဲ့မိတဲ့အတွက် အစ်ကိုမျိုး တောင်းပန်ပါတယ် ထား"

"ဒီအချိန်မှာ ဒီအကြောင်းတွေကို ပြန်မပြောတာ ကောင်းလိမ့်မယ်လို့ ထင်ပါတယ် အစ်ကိုမျိုး"

ကျွန်မက အသံမတုန်အောင် မနည်းကြိုးစား၍ သံပြတ်နှင့် ပြောလိုက်၏။ တကယ်လည်း ကျွန်မသည် သည်အကြောင်းများကို ပြန်၍မကြားလိုတော့ပါ။

"ပြောရလိမ့်ဦးမယ် ထား၊ ထားကို အစ်ကိုမျိုး အထင်လွဲခဲ့တယ်။ အမှန်ကတော့ မင်္ဂလာဆောင်ကိုတောင် မလာဘူးလို့ပဲ။ ဒါပေမဲ့ တောင်ကြီးမှာရှိလျက်သားနဲ့ မင်္ဂလာဆောင်ကို မလာရင် သိပ်ကလေးပျက်နေမလားလို့ တမင်ကြိုးစားပြီး လာခဲ့တာပဲ။ အစ်ကိုမျိုးအတွက်က ကိစ္စမရှိပါဘူး။ ထားရဲ့ မိန်းမကလေးအတွက်ပါ။ ဦးဇင်မောင် ကိုယ်တိုင်က တကူးတကန့် အဖိတ်ခိုင်းတော့ ထားနဲ့ ဦးဇင်မောင်တို့ကြားမှာ အစ်ကိုမျိုး ဟာ လက်ညှိုးထိုးစရာ အပုပ်ကောင်ကြီးဖြစ်နေရင် ထားနဲ့ ဦးဇင်မောင်တို့ရဲ့ အိမ်ထောင်ရေးဟာ အဖုအထစ်တွေ များချည်ရဲ့ဆိုတဲ့ စေတနာနဲ့ မလာချင့်လာချင် လာခဲ့ရတာပါ"

"ဟုတ်တယ်၊ အစ်ကိုမျိုးဟာ ဦးဇင်မောင်နဲ့ ထားရဲ့ ကြားထဲမှာ အပုပ်ကောင်ကြီးပဲ။ အဲဒီအပုပ်ကောင်ကြီးရဲ့ ထောင်းထောင်းထနေတဲ့ အပုပ်နံ့တွေကြောင့် ထားတို့ လင်မယား ကွဲခဲ့ကြပြီ သိရဲ့လား"

ကျွန်မသည် ပါးစပ်က ဖွင့်၍ ပြောလိုက်ချင်ပါ၏။ သို့ရာတွင် မထွက်ရက်ပါ တကား။

"အမှန်ကတော့ အစ်ကိုမျိုး အဲဒီမင်္ဂလာဆောင်ကို လာခဲ့မိတာ အမှားကြီးမှားတာပဲ။ မလာခဲ့မိရင် ဦးဇင်မောင်နဲ့လည်း အခင်အမင်မပျက် နေနိုင်ဦးမှာ။ ခုတော့ ချစ်သူလည်း ဆုံး၊ မိတ်ဆွေလည်း ဆုံး။ အစစ အရာရာ အရှုံးနဲ့ အဆုံးသတ်ခဲ့ရတာပဲ"

ကိုအောင်မျိုးသည် သက်ပြင်းကြီးကို ချလိုက်၏။ သက်ပြင်းချသံကိုတော့

မကြားရပေ။ သို့ရာတွင် သူ့အမူအရာကိုကြည့်ခြင်းဖြင့် သက်ပြင်းချသည်ကို သိသာနိုင်ပါသည်။

"အစ်ကိုမျိုးမှာ တစ်ဖက်က ရှုံးပေမဲ့ တစ်ဖက်က နိုင်လိုက်တယ် မဟုတ်လား"

ကျွန်မက ခပ်ငေါ့ငေါ့ မေးလိုက်ပါသည်။ ကိုအောင်မျိုးသည် မော်တော်ကားလက်ကိုင်ကို ထိန်းထားရင်း ကျွန်မဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။

"မလှောင်ပါနဲ့ ထားရယ်၊ အစ်ကိုမျိုး ဘယ်နေရာမှာများ အနိုင်ရတာ ရှိသေးသလဲ"

"အရက်မူးနေတဲ့ လူတစ်ယောက်ကို သွေးထွက်သံယိုဖြစ်အောင် လုပ်လိုက်ရတာလေ"

ကျွန်မက စိတ်ချဉ်ချဉ်ရှိ၍ ထပ်ငေါ့လိုက်ပါသည်။ ကိုအောင်မျိုးက ကျွန်မကို ပြုံး၍ ကြည့်လိုက်၏။

"ဩ ထားက ဒီကိစ္စကို ပြောတာကိုး"

"ဟုတ်တယ်၊ ဒီကိစ္စပဲ"

ကျွန်မက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ကိုအောင်မျိုး၏ မထေ့တထေ့ ပြုံးပုံမှာ တစ်ဖက်သား ခံပြင်းစရာကောင်းသော ပြုံးနည်းမျိုး ဖြစ်ပါသည်။

"ထားက ထားလူကိုထိလို့ နာတယ်ဆိုပါတော့"

သူမေးပုံမှာ ခနဲ့ခနဲ့ ဖြစ်ပါသည်။ အမှန်ကတော့ ဦးဇင်မောင်ကို လုပ်၍ ကျွန်မ ပြောခြင်းမဟုတ်ပါ။ အရက်မသောက်စဖူး သောက်လာသည့် လူတစ်ယောက်ကို ခွင့်လွှတ်ကာ ကျေရာကျေကြောင်းပြောလျှင်ဖြစ်ပါလျက် လူမိုက်ဆန်ဆန် လုပ်သွားသည်ကို မကျေနပ်၍ ပြောခြင်းမျိုး ဖြစ်ပါသည်။ ပြီးတော့ ကျွန်မသည် ယခုအချိန်၌ ဦးဇင်မောင်ကို စိတ်ဆိုးပြီး ဆင်းလာသူဖြစ်လေရာ ဦးဇင်မောင်အတွက် အထူးတလည် နာကြည်းစရာလည်း မရှိပါ။ သို့ရာတွင် ကိုအောင်မျိုး ခနဲ့ခနဲ့ ပြောပုံကိုကား စိတ်ထဲတွင် ခံပြင်းနေပါသည်။

"ဟုတ်တယ်၊ နာတယ်၊ လင်ကိုး။ လင်ထိတော့ မနာဘဲ နေပါ့မလား။ ထားဟာ ခုအချိန်မှာ လင်လုပ်သူနဲ့ စိတ်ဆိုးထွက်လာတဲ့ မိန်းမတစ်ယောက် ဖြစ်ပေမဲ့ လင်မယား ကျင့်ဝတ်ကို ဖောက်ဖျက်ရဲလောက်အောင် ပေါ့တန်တဲ့ မိန်းမတစ်ယောက်တော့ မဟုတ်သေးဘူး"

ကျွန်မက ခပ်ကျယ်ကျယ်ကလေး အော်ပြောလိုက်သည်။

"ဒီမှာ ထား၊ သိပ်လည်း ဒေါသမကြီးပါနဲ့။ ဖြည်းဖြည်းပြောပါ။ အစ်ကိုမျိုး ကလည်း ထားဟာ ထားလူကို ထိတဲ့အတွက် မနာရဘူးလို့ မပြောပါဘူး။ လင်မယား ကျင့်ဝတ်ကို ဖောက်ဖျက်ရဲလောက်အောင် ပေါ့တန်တဲ့ မိန်းမတစ်ယောက်လို့လည်း မဆိုလိုပါဘူး။ ဒါပေမဲ့"

အစ်ကိုမျိုးသည် လမ်းကွေ့တစ်ကွေ့ကို သတိထား၍ ချိုးလိုက်သဖြင့် စကား ပြတ်သွားသည်။

"ဒါပေမဲ့ ထား၊ အဲဒီညက ခံလိုက်ရတဲ့သူဟာ ထားရဲ့လူ ဦးဇင်မောင် မဟုတ် ပါဘူး၊ အစ်ကိုမျိုးပါ"

"ဘာ"

ကျွန်မက အလန့်တကြား အော်မေးလိုက်၏။

"အဲဒီညက အထိုးခံရတဲ့လူက အစ်ကိုမျိုးလို့ ပြောတာပါ"

"ဩော် ဒါကြောင့် ဦးဇင်မောင် ပါးစပ်က သွေးတွေ ထွက်လာတာနဲ့ တူတယ်"

သည်တစ်ခါတော့ ကျွန်မက ကိုအောင်မျိုးကို ပြန်၍ ငေါ့လိုက်ပါသည်။

"ထားပါလေ၊ ထား ထင်ချင်သလို ထင်နိုင်ပါတယ်။ အနားမှာရှိတဲ့ ထား တစ်ယောက်လုံးကတောင် အစ်ကိုမျိုးကပဲ မတရားသဖြင့် လုပ်တယ်မြင်နေတော့ အစ်ကိုမျိုး ဘယ်သူ့ကို သွားသက်သေထူရမှာလဲ။ စိဋ္ဌမာဏက ဗိုက်ကို ပျဉ်ချပ်ဖုံး ကိုယ်ဝန်ရှိဟန်ဆောင်ပြီး ဒီကိုယ်ဝန်ဟာ ရှင်ကြီးဂေါတမနဲ့ရတဲ့ ကိုယ်ဝန်ပါလို့ ပြောတဲ့ အခါကျတော့ ဘုရားက ငါ့မှာ သက်သေထူစရာ မရှိတော့ဘူး။ ဒါပေမဲ့ ဒီကိုယ်ဝန် ဟာ ငါ့ကိုယ်ဝန် မဟုတ်တာ နင်နဲ့ငါနဲ့ နှစ်ယောက် ကောင်းကောင်း သိပါတယ်လို့ ပြောသလို ပြောဖို့ ရှိတော့တယ်"

"ဦးဇင်မောင်ကပဲ လီဆယ်ပြောသပေါ့လေ"

"ဒီလိုလည်း မဆိုလိုပါဘူး။ အဖြစ်ကို ပြောပြတာပါ။ ဦးဇင်မောင်ဟာ အစ်ကိုမျိုး ကို ပထမတစ်ချက် လှမ်းထိုးလိုက်တော့ အစ်ကိုမျိုး မေးရိုးကို ထိသွားတယ်။ နောက်တစ်ချက် လှမ်းအထိုးမှာ အစ်ကိုမျိုးက နောက်ဆုတ်ရှောင်ပေးလိုက်တော့ သူ့ဘာ သာသူ အားလွန် လဲကျသွားပြီး အောက်က ကျောက်ခဲနဲ့ ဆောင့်မိတာပါ။ အစ်ကိုမျိုး က သူ့ကို လက်ဖျားနဲ့တောင်မထိလိုက်ရပါဘူး။ ဒါကို ထား သိချင်မှသိမယ်၊ ဒါပေမဲ့ အစ်ကိုမျိုးနဲ့သူ နှစ်ယောက် ကောင်းကောင်းကြီး သိပါတယ်။ အဲ တစ်ခုတော့ရှိတယ်။ သူ အရက်မူးနေတုန်းမို့ အောက်က ကျောက်ခဲနဲ့ ဆောင့်မိတာကို အစ်ကိုမျိုးလက်ချက်

လို့ ထင်ရင်တော့ အစ်ကိုမျိုး မပြောတတ်တော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ အဲဒီညက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြောင့် အစ်ကိုမျိုး စိတ်မကောင်းပါဘူး။ အမှန်ကတော့ အခုလို မင်္ဂလာဦးညမှာ ဒီလို စိတ်မကောင်းစရာဖြစ်ရတာဟာ အစ်ကိုမျိုး လာမိလို့ပဲလို့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ဆိုပါတယ်။ ထားတို့ကိုလည်း တောင်းပန်ပါတယ်"

မော်တော်ကားသည် ရွှေညောင်မြို့ထဲ ဝင်လာ၏။ ရှစ်နာရီသာသာမျှသာ ရှိသေးသဖြင့် ဈေးနားနှင့် ဘူတာတစ်ဝိုက်တွင် လူတွေ စည်ကားနေပေသည်။

"ကဲ ထား ဘယ်သွားမလဲ"

"ရွှေညောင်က မိတ်ဆွေတစ်ယောက်အိမ်မှာ ခဏနေမယ်။ ဒီအကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့"

"ထား တကယ် တောင်ကြီးကို မလိုက်ဘူးလား"

"ဟင့်အင်း ထား မလိုက်ဘူး"

ကိုအောင်မျိုးသည် ဘာမျှမပြောဘဲ အကြာကြီး စဉ်းစားနေသည်။ သူ့စိတ်ထဲတွင် ဘာလုပ်ရမလဲဟု ဝေခွဲမရဖြစ်နေပုံပေါ်ပါသည်။ နောက် သူသည် ဘာမျှ မပြောတော့ဘဲ မော်တော်ကားကို ဈေးနားတွင် မရပ်ဘဲ တောင်ကြီးဘက်သို့ ဦးလှည့်လိုက်လေသည်။

"ဒါက ဘယ်လဲ"

"တောင်ကြီးကို"

"ထား မလိုက်ဘူး၊ ထားကို ဒီလို ဇွတ်မလုပ်နဲ့"

ကိုအောင်မျိုးသည် ကားကို စက်ကုန်ဖွင့်၍ တောင်ကြီးလမ်းပေါ်သို့ မောင်းထွက်လာခဲ့သည်။ ကိုအောင်မျိုး ဘယ်သဘောနှင့် လုပ်နေပေသနည်း။ ရိုးသားစွာ လုပ်နေသလား၊ မရိုးမသား လုပ်နေသလား ကျွန်မ မစဉ်းစားတတ်ပါ။

"အစ်ကိုမျိုး ရပ်ပါ၊ ဒီလိုမလုပ်ပါနဲ့"

ကျွန်မက အော်ပြောသည်။ ကိုအောင်မျိုးကမူ ဆုံးဖြတ်ချက် ချသွားပြီးဟန်ဖြင့် ကျွန်မကို တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ အတင်းမောင်းနေသည်။ သူ့မျက်နှာသည် တင်းမာလျက်ရှိသည်။ ကျွန်မက ရပ်ရန် အော်ပြောသော်လည်း ကိုအောင်မျိုးသည် ကြားဟန်လည်း မရှိ၊ ဂရုစိုက်ပုံလည်း မပေါ်ပါ။ လီဗာကို တအားနင်း၍သာ မောင်းနေသည်။ လမ်းဘေး သစ်ပင်များသည် မီးရောင်ထဲတွင် ရိပ်ခနဲ ပေါ်လာကြကာ မော်တော်ကား လွန်သွားသည်နှင့် မှောင်ထဲတွင် ပျောက်ကွယ်ကျန်ရစ်ခဲ့ကြ၏။ ကျွန်မသည်

မော်တော်ကားတံခါးကိုဖွင့်ကာ ခုန်ချလိုက်ရလေမလားဟု စိတ်ကူးပေါက်လာသေးသည်။ သို့ရာတွင် ဤမိုက်ရူးရဲအလုပ်မျိုးကို ကျွန်မ စဉ်းစားဉာဏ်က လက်မခံတော့ပါ။

"အစ်ကိုမျိုး ရပ်ပါ၊ ရပ် ရပ်၊ ဒီလိုမလုပ်နဲ့ ထား မလိုက်ဘူး။ တောင်ကြီးကို ထား မလိုက်ဘူး"

ကျွန်မက သံကုန်ဟစ်၍ အော်၏။ သို့ရာတွင် ကျွန်မအသံသည် စက်သံကြားတွင် နစ်မြုပ်သွားသည်။ ထို့ကြောင့် ကျွန်မသည် လက်ကိုင်ဘီးများကို ထိန်းထားသော ကိုအောင်မျိုး၏လက်ကို ဖမ်းဆွဲလိုက်သည်။ ထိုနှင့်တစ်ပြိုင်နက် ကျွီခနဲ ဘရိတ်ကို အားကုန်ဆွဲနင်းလိုက်သံနှင့်အတူ မော်တော်ကားသည် လမ်းဘေးသို့ ချော်ကျသွား၏။ ကြီးမားတုတ်ခိုင်သော သစ်ပင်ကြီးတစ်ပင်သည် ကျွန်မတို့ မော်တော်ကားဆီသို့ ပြေးလာကာ ဝင်ဆောင့်လိုက်သည်။

"အမလေး လုပ်ကြပါဦး"

ကျွန်မသည် သံကုန်အော်ဟစ်ကာ မော်တော်ကားတံခါးကို ဖွင့်၍ ခုန်ချလိုက်သည်။ လမ်းဘေး မြက်တောပေါ်သို့ တလိမ့်ခေါက်ကွေးကျသွားသည်ကို ကျွန်မ သတိထားလိုက်မိသည်။ ကျွန်မသည် မြေကြီးပေါ်တွင် လဲကျသွားပြီးနောက် ချက်ချင်းပြန်၍ သတိရလိုက်ပါသည်။ သတိကင်းလွတ်ခြင်း မရှိပေ။ ကျွန်မသည် ထိတ်လန့်တကြားဖြင့် မော်တော်ကားဆီသို့ လှမ်းကြည့်လိုက်သည်။ မော်တော်ကားစက်ခေါင်းမှာ သစ်ပင်နှင့် ဝင်ဆောင့်မိသဖြင့် ကြေမွနေ၏။ သို့ရာတွင် စက်ဖွင့်မထားသဖြင့် မီးလောင်သွားခြင်း မရှိပေ။

ကျွန်မ၏မျက်လုံးများသည် ကိုအောင်မျိုးကို လိုက်လံရှာဖွေနေမိသည်။ သို့ရာတွင် အမှောင်ထဲမှာမို့ ကိုအောင်မျိုး၏ အရိပ်အယောင်ကိုမျှ မမြင်ပေ။

"အစ်ကိုမျိုး အစ်ကိုမျိုး"

ကျွန်မသည် မော်တော်ကားနားသို့ မကပ်ရဲသဖြင့် ခပ်လှမ်းလှမ်းမှနေ၍ အသံထွက် ခေါ်ကြည့်သည်။ ကိုအောင်မျိုးထံမှ ဘာသံမျှ ပြန်ထူးသံကို မကြားရတော့ပေ။

"အစ်ကိုမျိုး အစ်ကိုမျိုး"

ကျွန်မက နောက်ထပ်ခေါ်ကြည့်သည်။ ပြန်ထူးသံ မကြားရ။ ပုရစ်များနှင့် ပိုးမွှားတိရစ္ဆာန်ကလေးများ၏ အော်သံကို ကြားရ၏။ ကျွန်မသည် ခေါင်းနားပန်းတွေကြီးကာ ကြက်သီးတွေ ဖြန်းခနဲ ထလာသည်။ အချိန်မတော် လူသူကင်းရှင်းလှသော မော်တော်ကား လမ်းမကြီးပေါ်တွင် ကျွန်မ တစ်ယောက်တည်း ဘာလုပ်ရမည်နည်း။

ကျွန်မသည် မော်တော်ကားနားသို့ မရဲတရဲ ကပ်လာခဲ့ပြီးနောက် ကားထဲတွင် ကိုအောင်မျိုးကို ရှာဖွေကြည့်မိသည်။ ကိုအောင်မျိုးမှာ လက်ကိုင်ဘီးရှေ့တွင် မရှိတော့ပေ။ သူ့ထိုင်ခုံဘေးမှ တံခါးပေါက်သည် ပွင့်လျက်ရှိ၏။

"အစ်ကိုမျိုး"

ကျွန်မသည် ကြောက်ကြောက်နှင့် နောက်တစ်ခါ ထပ်ခေါ်ကြည့်မိပြန်သည်။ ထူးသံကား လုံးဝ မပေါ်လာပေ။ ထို့ကြောင့် ကျွန်မသည် ပတ်ဝန်းကျင်ကို လှမ်း၍ ကြည့်ရှုရှာဖွေရ၏။ အတန်ကြာတော့မှ လမ်းဘေးတွင် ပက်လက်လဲကျနေသော ကိုအောင်မျိုးကို တွေ့ရသည်။ ကျွန်မသည် သူ့ဆီသို့ ပြေးသွားကာ သူ့အား ပခုံးမှ ကိုင်လှုပ်၍ ခေါ်ကြည့်မိသည်။

"အစ်ကိုမျိုး အစ်ကိုမျိုး"

ကိုအောင်မျိုးကား လုံးဝ ပြန်မထူးတော့ပါ။ ကိုအောင်မျိုးသည် သတိမေ့နေလေပြီလော။ ကားမှောက်၍ ဒဏ်ရာနှင့်ပင် သေဆုံးလေပြီလော။ ကျွန်မသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် မှန်ထူသွားသည်။ လင်နှင့် စိတ်ဆိုးကာ လူရဲကြီးလုပ်ထွက်လာသော ကျွန်မသည် ဘာလုပ်ရမည်နည်း။ ဤအချိန် ဤအခါတွင် ကျွန်မနှင့် ကိုအောင်မျိုးတို့ တစ်နေရာတွင် ကားမှောက်ကြသည်ဆိုသော သတင်းကို ကြားလျှင် အရပ်က ဘယ်လိုထင်ကြမည်နည်း။ ထို့ထက် ဦးဇင်မောင်က ကျွန်မကို ဘယ်လို ထင်မည်နည်း။ ကျွန်မတို့နှစ်ယောက်သည် ကြံကြံဖန်ဖန် ဆုံစည်း တိုက်ဆိုင်ခြင်းမျှသာ ဖြစ်သော်လည်း မပြေးသော် ကံရာရှိ ဘဝသို့ ရောက်နေကြပြီမဟုတ်ပါလော။ ကျွန်မသည် လင်ကြီးကိုပစ်၍ လင်ငယ်နောက်ကိုလိုက်သည့် မိန်းမယုတ်တစ်ယောက်ဟု အထင်ခံရတော့မည် မဟုတ်ပါလော။

သို့ဖြစ်လျှင် ကျွန်မ ဘာလုပ်ရမည်နည်း။ သေသလား ရှင်သလား မသိရသော ကိုအောင်မျိုးကို လမ်းမတွင် သည်အတိုင်း ထားရစ်ခဲ့ရမည်လော။ ယခုလို အခြေအနေမျိုးသို့ ရောက်ရခြင်းသည် ကျွန်မ ပြုဟ်မှု၍ မဟုတ်လော။ ကျွန်မကြောင့် အနာတရဖြစ်ရသော ကိုအောင်မျိုးကို သည်အတိုင်းထားခဲ့လျှင် ကျွန်မ၏ ဂုဏ်သိက္ခာကို ထိပါးခြင်းရှိမည် မဟုတ်သည်မှာတော့ အမှန်ပင်ဖြစ်ပါ၏။ သို့ရာတွင် ကျွန်မသည် ကျွန်မကြောင့် ဤအခြေသို့ ရောက်နေရသော ကိုအောင်မျိုးကို သည်အတိုင်း ထားပစ်ခဲ့လျှင် ကျွန်မသည် ကိုယ်ချင်းစာ ကြင်နာတရား ကင်းရာ မရောက်ပါသလော။ လူတစ်ယောက်အား သေတွင်း၏ နှုတ်ခမ်းဝသို့ ရောက်စေခဲ့ပြီးမှ ကျွန်မ၏ ဂုဏ်

သိက္ခာကို ကယ်တင်ရေးအတွက် သူ့အား တစ်ယောက်တည်းထားခဲ့ပါလျှင် ကျွန်မ သည် တရားရာ ရောက်ပါဦးမည်လော။

ကျွန်မသည် သတိရလာသဖြင့် ကိုအောင်မျိုး၏ လက်ကောက်ဝတ်ကို သွေး စမ်းကြည့်သည်။ ခပ်မျှင်မျှင် သွေးတိုးနေသည်ကို ကျွန်မ သွားစမ်းမိပါသည်။ ထို့ ကြောင့် အနည်းငယ် အားတက်သလိုလိုတော့ ဖြစ်သွားပေသည်။

ကျွန်မသည် ကိုအောင်မျိုးကို ကယ်တင်မည်လော။ ကျွန်မ ဂုဏ်သိက္ခာကို ကယ်တင်မည်လောဆိုသည့် မေးခွန်းနှစ်ခု ထွက်သည်တွင် ကျွန်မ၏ ဂုဏ်သိက္ခာကို စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကိုအောင်မျိုးကို ကယ်တင်ရန် ဆုံးဖြတ် လိုက်ပါသည်။ ကျွန်မကို ဘယ်သူတွေက ဘယ်လိုပင် ထင်ကြစေတော့ ကျွန်မ မတတ်နိုင်တော့ပါ။ နောင် ရှင်းယူ၍ ရနိုင်ပါသည်။ ဤနေရာတွင် ကိုယ့်ဂုဏ်သိက္ခာကို ငဲ့ကွက်၍ ကိုယ့်ကြောင့် ဖြစ်ရသော ဘေးဒုက္ခမှ လူတစ်ယောက်၏ အသက်ကို ကျွန်မ မကယ်ခဲ့ပါလျှင် လောကတွင် ကျွန်မလောက် တစ်ကိုယ်ကောင်းဆန်သူ ရှိမည် မဟုတ်တော့ပါ။

သို့ကလို ကျွန်မ တွေးတောနေတုန်း တောင်ကြီးဘက်မှ ဆင်းလာသော မော် တော်ကားကြီး တစ်စီး၏ မီးရောင်ကို ကျွန်မ မြင်လိုက်ပါသည်။ မီးရောင်နှင့်အတူ မော်တော်ကား စက်သံကိုလည်း ကြားရ၏။ ထို့ကြောင့် ကျွန်မသည် အခြေအနေကို အကဲခတ်ရန် သစ်ပင်ကြီးတစ်ပင်နောက်သို့ ပြေး၍ ပုန်းကွယ်နေလိုက်သည်။

ခဏကြာလျှင် မော်တော်ကားသည် ကျွန်မတို့အနား ရောက်လာကာ နည်း နည်းလွန်ပြီးမှ ပြန်ဆုတ်လာ၏။

"ကားတစ်စီး မှောက်နေတယ် ဗိုလ်ကြီး"

မော်တော်ကားကြီးပေါ်မှ စစ်သားများ ဆင်းလာကာ လက်နှိပ်ဓာတ်မီးနှင့် ဟိုဟို ဒီဒီ ထိုးကြည့်ကြပါသည်။ နောက် လမ်းဘေးတွင် ပက်လက်လန် လဲကျနေသော ကိုအောင်မျိုးကို သွားတွေ့ကြပါသည်။

"ဟာ ဒေါက်တာအောင်မျိုးပါလား"

စစ်သားများသည် ကိုအောင်မျိုးကို ပွေ့ချီကာ စစ်ကားကြီးပေါ်သို့ တင်လိုက် ကြပါသည်။ စက်ခေါင်းရှေ့ပိုင်း ကြေနေသော မော်တော်ကားကို ကြည့်ရှုစစ်ဆေးပြီး နောက် နံနက်တွင် လာရောက်ဆွဲယူရန်ပြောပြီး စစ်ကားကြီးပေါ်သို့ တက်သွားကြ၏။

ကျွန်မသည် စစ်ကားကြီး ထွက်သွားသည်ကို ငေး၍ ကျန်ရစ်ခဲ့သည်။ လူသူ

ကင်းရှင်းသော ကလော တောင်ကြီး မော်တော်ကားလမ်းမကြီးပေါ်တွင် ကျွန်မနှင့် စက်ခေါင်းရှေ့ပိုင်း ကြေမွနေသော မော်တော်ကားသာ ကျန်ရစ်ခဲ့သည်။ ကျွန်မသည် သစ်ပင်ကြီး နောက်ကွယ်မှ ထွက်လာကာ ကတ္တရာစေး လမ်းမကြီးပေါ်တွင် ရပ်လိုက်သည်။ ဘယ်သွား၍ ဘာလုပ်ရမည်ကိုပင် ကျွန်မဘာသာ စဉ်းစား၍ မရပါ။

ခပ်လှမ်းလှမ်းတွင် ရွှေညောင်မြို့ဘက်ဆီမှ မီးရောင်များကို မြင်ရ၏။ ထို့ကြောင့် ကျွန်မသည် ကတ္တရာစေး လမ်းမကြီးအတိုင်း ရွှေညောင်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ စောစောက ကျွန်မ ရင်ဆိုင်နေရသော ကျွန်မ၏ ဂုဏ်သိက္ခာကယ်တင်ရေး ပြဿနာနှင့် ကိုအောင်မျိုးအား ကယ်တင်ရေးပြဿနာတို့သည် အလိုလို ရှင်းသွားကြလေပြီ။ သူ့ကို ကယ်တင်မည့်သူသည် အလိုလို ပေါ်လာကာ သူ့ကို ခေါ်ဆောင်သွားကြလေပြီ။ ကျွန်မ၏ သိက္ခာသည်လည်း အလိုလို ကယ်တင်ပြီး ဖြစ်နေလေပြီ။

သို့ရာတွင် ကျွန်မစိတ်ထဲတွင် ကြီးမားသော စိုးရိမ်ဖွယ်ကြီးတစ်ခု ကျန်ပါသေးသည်။ ကိုအောင်မျိုး၏ အခြေအနေသည် အသက်အန္တရာယ် စိုးရိမ်ဖွယ်သော အခြေအနေသို့များ ရောက်နေသလားဟူသော စိုးရိမ်ဖွယ်ဖြစ်ပါ၏။ ကျွန်မအတွက်ကြောင့် ကိုအောင်မျိုး တစ်စုံတစ်ရာဖြစ်သည်ကို မကြားလိုပါ။

ရွှေညောင်မြို့ထဲသို့ ကျွန်မ ရောက်သောအခါ ည ၉ နာရီခွဲပေပြီ။ ကျွန်မသည် အသိမိတ်ဆွေအိမ် သွားရမလားဟု စဉ်းစားမိသေး၏။ သို့ရာတွင် ကျွန်မ၏ အခြေအနေမှာ အသိမိတ်ဆွေက မေးလျှင်ပင် ဘယ်လိုဖြေရမည်မသိသော အခြေမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မသည် ဘယ်အသိမိတ်ဆွေအိမ်ကိုမှ မသွားတော့ဘဲ ရွှေညောင်ဘူတာဆီသို့ လျှောက်လာခဲ့သည်။

ရွှေညောင်ဘူတာထဲတွင် လူရှင်းနေပါသည်။ နံနက်စောစော ခရီးသွားကြမည့် ခရီးသည်များမှာ ဘူတာပလက်ဖောင်းတွင် အိပ်ရာများခင်းကာ အိပ်စက်နေကြသည်။ အချို့မှာ စကားပြောနေကြတုန်းပင်ဖြစ်သည်။ အလုပ်သမားများသည် သီချင်း တကြော်ကြော်ဖြင့် ရန်ကုန်သို့ပို့မည့် အာလူးအိတ်များကို မီးရထားတွဲပေါ်သို့ တင်နေကြသည်။ မီးရထားခေါင်းတွဲ တစ်တွဲသည် ရှန်တိန်လုပ်ရင်း ရေနွေးငွေ့များကို ထုတ်နေသည်။

ကျွန်မသည် စိတ်မော၊ လူမောဖြင့် ဘူတာရုံထောင့် တစ်နေရာ မှောင်ရိပ်ကျကျတွင် ထိုင်ချလိုက်ပေသည်။

# [၂၃]

မီးရထားသည် ရန်ကုန်ဘူတာကြီးထဲသို့ ထိုးဆိုက်လိုက်သည်။ ကျွန်မသည် မျက်မှန်နက်ကြီးကို တပ်ထားလိုက်ပြီး ပလက်ဖောင်းတစ်လျှောက်တွင် ရုတ်ရုတ်သဲသဲ ပြေးလွှား နှုတ်ဆက်နေကြသော ကြိုဆိုသူ လူအုပ်ကြီးကို လှမ်းကြည့်ကာ အသိမိတ်ဆွေတွေများ ပါမလားဟု အကဲခတ်ကြည့်လိုက်သည်။ အသိမိတ်ဆွေ တစ်ယောက်မျှ မတွေ့ရတော့မှ ကျွန်မရင်ထဲ၌ အလုံးကြီး ကျသွားသည်ဟု ထင်လိုက်ရသည်။ တွဲပေါ်တွင် ခရီးသည်များသည် အထုပ်အပိုးတွေကို ပြင်ဆင် သိမ်းဆည်းနေကြသည်။ ကျွန်မတွင် ဘာမျှသိမ်းဆည်းစရာ မပါပေ။ အဝတ်နှစ်စုံ သုံးစုံသာ ထည့်ထားသော လွယ်အိတ်ကလေးတစ်လုံးနှင့် ပိုက်ဆံအိတ်သာပါ၏။ ကျွန်မသည် အလုပ်ရှုပ်နေကြသော ခရီးသည်များကို ငေးကြည့်နေမိသည်။ ကျွန်မရှေ့က ထိုင်ခုံတွင် ထိုင်နေသည့် ဒေါ်စိန်သည် သူ့ပစ္စည်းများကို သိမ်းဆည်းနေသည်။

ကျွန်မသည် သည်မိန်းမကြီးနှင့် ရွှေညောင်ဘူတာမှာကတည်းက သိလာခြင်းဖြစ်၏။ ကျွန်မတို့နှစ်ယောက်သည် တစ်လမ်းလုံး စကားကောင်းကာ မိတ်ဆွေဖြစ်လာကြသည်။ ကျွန်မသည် ကျွန်မကိုယ်ကို မုဆိုးမတစ်ယောက်အဖြစ် ပြောပြထားလိုက်သည်။ ကျွန်မ အပျိုဟုပြောလည်း ယုံစရာမရှိတော့ပေ။ ကျွန်မ တွယ်တာရသည့် သုံးလရွယ် သန္ဓေသားသည် တဖြည်းဖြည်း ပေါ်လာပေပြီ။ ကျွန်မ ကျောင်းဆရာမ အလုပ်ကိုကား ကွယ်ဝှက်ထားခြင်း မရှိပါ။ ဖြောင်ပင် ဖွင့်ပြောလိုက်ပါသည်။ လူရိုသေ ရှင်ရိုသေဖြစ်အောင် ကျောင်းဆရာမ ဆိုသည့် ဂုဏ်ပုဒ်ကလေးကို တမင်ချိတ်လိုက်ရခြင်း ဖြစ်ပါသည်။

ဒေါ်စိန်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဘဝသို့ ရောက်နေသော ကျွန်မကို ကြည့်ကာ တော်တော် သနားသွားဟန်ရှိ၏။ သူကိုယ်တိုင်လည်း မုဆိုးမဖြစ်သည်ဟု ဒေါ်စိန်က ကျွန်မကို ပြောပြသည်။ သို့ဖြင့် မုဆိုးမအစစ်နှင့် မုဆိုးမ အတုသည် မီးရထားပေါ်တွင် ပလဲနံပ သင့်သွားကြ၏။ ဒေါ်စိန်သည် ရိုးသား၍ မွန်ရည်သော မိန်းမကြီးတစ်ယောက် ဖြစ်ပေသည်။ သူ့သားသမီးများမှာ လက်လုပ်လက်စားထဲက ဖြစ်လျက် အိမ်ထောင်ကျကုန်ပြီဟု ဆို၏။ သားတွေ၊ သမီးတွေ အိမ်ထောင်ကျသွားသောအခါ ဒေါ်စိန်သည် မြောက်ဥက္ကလာရှိ သူ့အိမ်ကလေးတစ်ဝက်ကို ငှားစားကာ အိမ်လခရသည့် ဝင်ငွေကလေးဖြင့်ပင် အေးအေးလူလူ နေလေသည်။ ကျွန်မက

မြောက်ဥက္ကလာတွင် အိပ်ခန်းကလေးတစ်ခန်း လွယ်လွယ်ရရန် စုံစမ်းရာမှ ဒေါ်စိန်သည် မုဆိုးမဖြစ်သည်ကအစ သူ့အိမ်ခန်းတစ်ခန်း လွတ်နေကြောင်းအထိ စကားစပ်မိသွားခြင်း ဖြစ်ပေသည်။

ကျွန်မသည် လမ်းမှာတုန်းကတည်းက အသိမိတ်ဆွေများနှင့် ဝေးကွာသောနေရာတစ်ခုတွင် ရှောင်ပုန်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ အေးအေးတို့နှင့်လည်း မတွေ့ချင်တော့ပါ။ ကျွန်မ၏ အတိတ်ဘဝတစ်ခုလုံးကို လုံးဝ ပြည်ဖုံးကားချထားလိုက်ချင်ပါသည်။

ထို့ကြောင့် ဒေါ်စိန်အား မြောက်ဥက္ကလာတွင် နေရာရှာခိုင်းခြင်း ဖြစ်ပါသည်။ ဒေါ်စိန်က တစ်ဖက်ခန်းလွတ်နေသည်ဟု ပြောသောအခါ ကျွန်မသည် ထိုအိမ်ခန်းကလေးကိုပင် ငှားရန် စိတ်ကူးခဲ့ခြင်း ဖြစ်ပါသည်။

တကယ်တော့ ကျွန်မအဖြစ်သည် အိပ်မက်ဆန်သယောင် ထင်ရ၏။ သာမန်အားဖြင့်ဆိုလျှင် အားငယ်လိုက်မည့်ဖြစ်ခြင်း၊ မိဘလည်းမရှိ၊ လင်နှင့်လည်းကွဲ၊ ဆွေမျိုးနှင့်လည်း အဆက်ဖြတ်ခဲ့သော ကျွန်မသည် သန္ဓေသားကို လွယ်ပိုက်ကာ လောကကြီးကို တစ်ယောက်တည်း ရင်ဆိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ပါ။ ဖြစ်ခဲ့သော အခြေအနေများသည် ကျွန်မအား သည်ဘဝကို တွန်းပို့လိုက်ကြ၏။ ယခုတော့ ကျွန်မသည် သတ္တိမကောင်းပါဘဲလျက် သတ္တိကောင်းရပေပြီ။ ကျွန်မသည် အားလုံးကို စွန့်ပစ်၍ လူရဲကြီးတစ်ယောက်လုပ်ထွက်လာပြီးတော့မှလည်း သတ္တိမကောင်း၍ ရပါဦးတော့မည်လား။

"ကဲ တူမကြီး ဆင်းကြစို့လေ။ ဒေါ်ဒေါ်နဲ့လိုက်မယ် မဟုတ်လား။ လိုက်ခဲ့ပါ တူမကြီးရယ်။ နောင် ဒီထက်အဆင်ပြေတဲ့နေရာတွေ့တော့လည်း ပြောင်းတာပေါ့"

ဒေါ်စိန်က သူ့ပစ္စည်းများကို သယ်ချရင်း ပြောလိုက်သည်။ ကျွန်မသည် ဘာမျှမပြောတော့ဘဲ ဒေါ်စိန်နှင့်အတူ ပလက်ဖောင်းပေါ်သို့ ဆင်းလိုက်ခဲ့သည်။

"ငါ့တူမကြီး ကြည့်ရတာ တော်တော် စိတ်မကောင်းဖြစ်နေပုံရတယ်။ ဒေါ်ဒေါ်လည်း ကိုယ်ချင်းစာပါတယ်ကွယ်။ တူမကြီးတို့ ဦးလေး ဆုံးတုန်းက ဒေါ်ဒေါ်လည်း ဒီလိုပဲ၊ စကားလည်း မပြောချင်ဘူး။ စားလည်း မစားချင်ဘူး။ အို လူ့ကို အားငယ်လိုက်တဲ့ဖြစ်ခြင်း။ အဲ တော်တော်ကြာတော့မှ ပုတီးစိပ်၊ ကောင်းရာမွန်ရာ ရောက်အောင် အလှူအတန်းလုပ်၊ အမျှဝေပြီး တရားနဲ့ဖြေတော့မှ သက်သာသလိုလို ရှိသွားတယ်"

ဒေါ်စိန်က ကျွန်မကို အားပေးစကား ပြောပါသည်။ ကျွန်မသည် ကျွန်မအဖြစ်

ကို ကျွန်မတွေး၍ ရယ်ချင်ပါသည်။ တစ်ယောက်တည်း ရောက်ချင်ရာရောက် ထွက်လာသော ကျွန်မ၏အဖြစ်ကိုလည်းကောင်း၊ ခရီးကြုံမိတ်ဆွေနှင့် လိုက်လာသော ကျွန်မ အဖြစ်ကိုလည်းကောင်း အံ့ဩရပါသေးသည်။

ကျွန်မတို့သည် သုံးဘီးကားဖြင့် မြောက်ဥက္ကလာသို့ လာကြ၏။ ဒေါ်စိန်၏ အိမ်မှာ သုံးပင်နှစ်ခန်း၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အိမ်တစ်လုံးဖြစ်၍ သပ်ရပ်၏။ အိမ်တွင် ရေမရသည်မှအပ အစစအရာရာ အဆင်ပြေသည်။ အိမ်ရှေ့ ကွက်လပ်တွင် ဘုရားစင်ကလေးရှိ၍ ဗာဒံပင်နှစ်ပင်လည်း ရှိသည်။ ကျွန်မသည် အိမ်လေးကို မြင်လိုက်ရကတည်းက တော်တော်သဘောကျသွားကာ စိတ်ထဲမှာ အေးချမ်းသွားသည်ဟု ထင်လိုက်ရသည်။ တစ်ဖက်ခန်းတွင် ဒေါ်စိန်သည် အသက် ၁၃ နှစ်ရွယ် သားလေးနှင့်နေ၏။ ကျွန်မအတွက်မူ တစ်ဖက်ခန်းကို ပေးပေသည်။ သည်အခန်းမှာ ယခင်က စာရေးလင်မယားနေ၍ ပြောင်းသွားသည်မှာ မကြာသေးပေ။ လခမှာ တစ်လ ငါးဆယ် ဖြစ်သည်။ ကျွန်မသည် စားရေးသောက်ရေးအတွက်ကို ဒေါ်စိန်အား တာဝန်လွှဲလိုက်ရ၏။ သို့ဖြင့် အိမ်လခနှင့် ထမင်းလခ ပေါင်းလျှင် တစ်လ တစ်ရာကျသွားသည်။ ကျွန်မသည် ရက်ရက်ရောရောကြီး သဘောတူလိုက်ပါသည်။ အိမ်စပေါ်ကိုမူ ဒေါ်စိန်က လုံးဝမယူပေ။

ကျွန်မသည် ထွက်လို့သာ ထွက်လာရသော်လည်း ဘာပစ္စည်းမျှ မပါပါ။ အဝတ်အစားလည်း များများစားစား မပါပေ။ ထို့ကြောင့် ပါလာသည့် လက်ဝတ် လက်စား အပိုကလေးများကို ဒေါ်စိန်အား ထုခွဲရောင်းချစေရ၏။ မေမေ၏ လက်စွပ်နှင့် နားတွင်ပန်ထားသည့် စိန်နားကပ်ကလေးမှတစ်ပါး ကျန်ပစ္စည်းများအားလုံး ရောင်းချလိုက်ပါသည်။ သို့ဖြင့် ကျွန်မလက်ထဲတွင် ငွေတစ်ထောင့်ငါးရာလောက် ပိုက်မိသွားသည်။ ငွေတစ်ထောင့်ငါးရာလောက်အနက်က အိပ်ရာ၊ သေတ္တာနှင့် အဝတ်အစား ကလေးများကို ဝယ်လိုက်သောအခါ ငွေသုံးရာကျော်လောက် ချောသွားပါသည်။ ကျန်ငွေကလေး မကုန်ခင်မှာ အလုပ်တစ်ခုတော့ ရအောင် ရှာရပါဦးမည်။

ရန်ကုန်သို့ ကျွန်မ ရောက်ပြီး တစ်လလောက်အကြာတွင် တက္ကသိုလ်ဝင် စာမေးပွဲများ စစ်ခါနီး၍ ကျောင်းများကို ပိတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်မမှာ အလုပ်ရှာရေးတွင် များစွာ အခက်အခဲ တွေ့ရပေသည်။ ကျွန်မတွင် နွေရာသီ ကျောင်း နှစ်လ ပိတ်ချိန်အတွင်း ထိုင်စားနိုင်လောက်ရုံတော့ ငွေကလေး နည်းနည်းပါးပါး ရှိပါသေးသည်။ သို့ရာတွင် သည်အတိုင်းထိုင်နေ၍ ဖြစ်ပါဦးမည်လော။ ယခု ကျွန်မ

တစ်ယောက်တည်းလည်း မဟုတ်တော့ပေ။ မကြာခင်မှာပင် ဝမ်းဗိုက်ထဲမှ သန္ဓေသား သည် လူ့လောကထဲသို့ ဝင်ရောက်လာပေဦးတော့မည်။ ဝမ်းထဲက သန္ဓေသား လူ့ လောကသို့ ချောချောမောမော ရောက်လာရေးနှင့် သူ ရောက်လာပြီး သက်သောင့် သက်သာ ကြီးပြင်းလာရေးအတွက် ကျွန်မ ကြိုးစားရပေဦးမည်။

ထို့ကြောင့် ကျွန်မသည် အလုပ်ရှာရသည်။ ပညာမင်းကြီးရုံးသို့ ကျောင်း ဆရာမ တစ်နေရာ ရပါမည့်အကြောင်း ရေတွက်မတတ် သွားရသည်။ လျှောက်လွှာ တွင် မြန်မာနိုင်ငံ တစ်နေရာရာ ပို့ချင်သည့် မြို့ကိုပို့ပါ။ အလုပ်လက်ခံပါမည်ဟု ရေးထည့်လိုက်သော်လည်း ဘယ်နေရာကိုမျှ မရပါ။ တချို့မှာ ကိုယ်လုပ်ချင်သည့်မြို့ကို ဖော်ပြ၍ လျှောက်ကြသဖြင့် အသီးသီး ရသွားကြသော်လည်း ကျွန်မမှာမူ ပို့ချင်သည့် မြို့ကို ပို့ပါဟု ထည့်လျှောက်သည့်တိုင် ကျောင်းဆရာမလေး တစ်နေရာကို မရလိုက် ပေ။ ကျွန်မပင် မှားနေပြီလော၊ လောကကြီးပင် မှားနေသလောဟု ဝေခွဲမရအောင် ဖြစ်ရသေး၏။

သို့ရာတွင် မကြာမီမှာ ကျွန်မသည် တာမွေ ဦးထွန်းမြတ်လမ်းရှိ အရေးပိုင် ဟောင်းတစ်ဦး၏ ကလေးများကို စာသင်ပေးရသည့် အလုပ်တစ်ခု ရပါသည်။ တစ်ပတ်လျှင် လေးရက် သွား၍ စာသင်ရပြီး လခ တစ်ရာ့ငါးဆယ် ရသဖြင့် ကျွန်မ အတွက်တော့ ဖူလုံပေသည်။ သူတို့က အသွားအပြန် မော်တော်ကားနှင့် လိုက်ပို့ သဖြင့်လည်း အသွားအလာ အဆင်ပြေပါသည်။

ယနေ့တော့ ကျွန်မသည် ဈေးဝယ်စရာရှိသဖြင့် ကလေးတွေ စာသင်ပြီးနောက် ဗိုလ်ချုပ်ဈေးထဲသို့ ထွက်လာသည်။ ကျွန်မသည် အသိမိတ်ဆွေတွေ တွေ့လျှင် မမှတ် မိအောင်လည်း နေကာမျက်မှန်နက်ကြီးကို တပ်ထားလိုက်၏။ ကျွန်မသည် လိုသမျှ ပစ္စည်းအတိုအထွာများကို ဝယ်ပြီး အပ်ထည်များကို ရွေးရန် ဗိုလ်ချုပ်ဈေးနောက်ဘက် တရုတ်အပ်ချုပ်ဆိုင်များရှိရာသို့ လာခဲ့သည်။

"ဟော့ ထား"

နောက်မှ ပခုံးကို လှမ်းဆွဲလိုက်သဖြင့် လှည့်ကြည့်လိုက်မိသည်။

"ကြည့်စမ်း ကြည့်စမ်း၊ မင်း နေနိုင်လိုက်တာ၊ ရန်ကုန်ကို ဘယ်တုန်းက ရောက်နေတာလဲ ဟင်။ မင်းလူကြီးကော၊ နေပါဦး ခု ဘယ်မှာတည်းနေသလဲ ဟင်"

အေးအေးသည် ကျွန်မကို ဆွဲလှည့်ကာ များစွာသော မေးခွန်းများကို မေးနေ ၏။ ကျွန်မလည်း အေးကိုကြည့်၍ ငိုချင်လာပါသည်။ မျက်လုံးတွင် မျက်ရည်တွေ

လည်လာပါသည်။ သို့ရာတွင် နေကာမျက်မှန်ကို တပ်ထားသဖြင့် ကျွန်မ၏ မျက်လုံးများကို အေးအေး မမြင်ရပေ။

"မကြာသေးဘူး။ လာမလို့ပဲ အေးရေ၊ မအားသေးတာနဲ့ မလာဖြစ်နိုင်ဘူး"

"ဒါဖြင့် လာ လာ၊ အခုလိုက်ခဲ့၊ သည့်ပြင် ဘာဝယ်ဦးမှာလဲ"

ကျွန်မသည် အေးအေးတို့ဆီကို မလိုက်လိုပါ။ အဟောင်းများကို အသစ်ပြန်မဖြစ်လိုပါ။ အေးအေးတို့ထံသို့လည်း မလိုက်လိုပါ။

"နောက်တော့ လာခဲ့ပါ့မယ် အေးရယ်၊ အခု ကိုယ် ဈေးဝယ်စရာတွေ ရှိသေးလို့ပါ"

ကျွန်မသည် မုသားသုံးလိုက်လိုပါသည်။ ကိုယ့်ဘဝကြီးတစ်ခုလုံးကိုတောင် မုဆိုးမဘဝဖြစ်အောင် မုသားသုံးခဲ့သော ပါးစပ်သည် ယခုလို အသေးအဖွဲ့ကိစ္စလေးများတွင် မုသားသုံးရန် အင်မတန် လွယ်နေပါပြီ။

"ဟင့်အင်း မရဘူး ခုလိုက်ရမယ်၊ ဒါတွေ နောက်မှဝယ်။ လာ မောင်လည်းပါတယ်။ ကားပေါ်မှာ စောင့်နေတယ်"

ကျွန်မသည် ဘာမျှပြန်မပြောနိုင်တော့ဘဲ အေးအေး ခေါ်ရာသို့ ပါလာ၏။ ဗိုလ်ချုပ်ဈေးရှေ့ မော်တော်ကားတန်းထဲမှ မော်တော်ကားတစ်စီးပေါ်တွင် အေးအေးယောကျ်ား ကိုတင်မြင့်ကို တွေ့ရ၏။ ကိုတင်မြင့်ကလည်း ကျွန်မကို အပြစ်တင်ပါသည်။ ကျွန်မက ဘာကိုမျှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေပါသည်။ အေးအေးသည် ကျွန်မနှင့် အားရပါးရ စကားပြောရအောင်ဆိုကာ နောက်ခုံတွင် တက်ထိုင်လိုက်သည်။

အေးအေးသည် တစ်လမ်းလုံး စကားတွေကို ဖောင်လောက်အောင် ပြောလာသည်။

သူ့စကားထဲတွင် သူ့သားကလေးအကြောင်း၊ သစ်တစ်ပင်ယာတောအကြောင်း၊ ဦးဇင်မောင်အကြောင်း၊ ထားခင်မူအကြောင်း စသည့်အကြောင်းတွေ စုံနေပါသည်။ အေးအေးက ပြောသူဖြစ်၍ ကျွန်မက နားထောင်သူ သက်သက်မျှသာ ဖြစ်ပါသည်။ အေးအေးသည် သူပြောချင်တာတွေ ပြော၍ ကုန်ခါနီးလောက်ကျမှ ကျွန်မကိုကြည့်ကာ ကျွန်မ တိတ်ဆိတ်နေခြင်းကို ရိပ်မိသွားပုံရပါသည်။

"မင်း ကြည့်ရတာ အရင် အပျိုတုန်းကလို မဟုတ်တော့ဘူး။ သိပ်တည်ငြိမ်ဟန်ပေါက်တာပဲ"

အေးအေးက ကျွန်မကိုကြည့်၍ ပြောလိုက်ပါသည်။ ကျွန်မကတော့ ပြုံးရုံသာ

ပြုံးလိုက်ပါသည်။

"တကယ်ပဲ ကြည့်ရတာ ဘဝအတွေ့အကြုံတွေရပြီး ရင့်ကျက်သွားတဲ့ မိန်းမကြီးတစ်ယောက်လို သိပ်တည်ငြိမ်တာပဲ"

"ပြောကြတာပဲ"

"အဟုတ်ပါ။ အရင်တုန်းကနဲ့ လုံးဝမတူဘူး။ ကိုယ်တို့များတော့လည်း မင်းလိုတည်တည်ငြိမ်ငြိမ် မိန်းမကြီး ဖြစ်ချင်လိုက်တာ၊ စိတ်က ပေါ့ပေါ့လွင်လွင်နေတတ်လို့လား မသိဘူး။ ဖြစ်ပဲ မဖြစ်နိုင်ဘူး"

"ဒါက အတွေ့အကြုံပေါ်မှာ တည်တယ် အေးရေ့၊ ဘဝအပေါ်မှာ တည်တယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်လေ။ လောကကြီးမှာ အပြင်ပန်းအားဖြင့် တည်ငြိမ်တယ်လို့ထင်ရပေမဲ့ အတွင်းမှာ လှုပ်ရှားနေတဲ့အရာတွေ ရှိတတ်သေးတယ်။ အပြင်ပန်းအားဖြင့် လှုပ်ရှားနေတယ်လို့ထင်ရပေမဲ့ အတွင်းမှာ တည်ငြိမ်နေတဲ့အရာတွေလည်း ရှိကြသေးတာပဲ။ အပေါ်ယံ ဖြုန်းခနဲကြည့်ပြီး ဆုံးဖြတ်လို့တော့ အမှန်ကိုရောက်ဖို့ မလွယ်ဘူးပေါ့"

"ထား မင်း ဘာတွေ ဖြစ်လာသလဲ ဟင်၊ မှန်မှန်ပြောစမ်း"

အေးအေးက ကျွန်မလက်ကို ဆွဲယူဆုပ်ကိုင်၍ မေးလိုက်သည်။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး။ သာမန်လူတွေ ဖြစ်တာထက် ပိုပြီး မဖြစ်ပါဘူး။ ဖြစ်လည်း ဖြစ်စရာမရှိပါဘူး"

ကျွန်မက ပြုံး၍ ခေါင်းခါလိုက်ပြီး မော်တော်ကား မှန်ပေါက်အပြင်သို့ လှည့်ကြည့်နေသည်။ ကျွန်မသည် အေးအေး၏မျက်လုံးများကို ရင်မဆိုင်ရဲပေ။

"အို မဟုတ်ဘူး၊ မင်းကြည့်ရတာ ကိုယ့်စိတ်ထဲမှာ တစ်မျိုးပဲ။ အရင်နဲ့ မတူဘူး"

အိမ်ရောက်လျှင် အေးအေးသည် သူတို့အခန်းထဲသို့ ဆွဲခေါ်သွား၏။ သားကလေးက နာနီလက်မှ ဆင်းလာကာ သူ့အမေကို ပြေး၍ နှုတ်ဆက်သည်။ ဩော် သူတို့မှာတော့ လင်နှင့် သားနှင့် တင့်တောင့်တင့်တယ် ပျော်ဖွယ်ပေပဲဟု တွေးမိကာ ကျွန်မစိတ်ထဲတွင် ထိခိုက်သွားပါသည်။ ကျွန်မသည် ကျွန်မထွက်သွားသည်ကို ကျန်ရစ်ခဲ့သူ ဦးဇင်မောင်၊ ကြီးကြီးညွန့်၊ ထားခင်မူတို့က ဘယ်လိုတုံ့ပြန်သည်ကို သိလိုပါသည်။ ကိုအောင်မျိုးတစ်ယောက်ကော သေလေပြီလား၊ အသက်အန္တရာယ်မှ လွတ်ကင်းရဲ့လားဟု သိလိုလှပါသည်။ ကျွန်မသည် ထွက်လာခဲ့သည့် တစ်လအတွင်း ကျွန်မ၏ အတိတ်ဟောင်းနှင့် အဆက်ပြတ်ခဲ့သူဖြစ်လေရာ ဘာသတင်းကိုမျှ မကြား

ခဲ့ရပါ။ ကျွန်မကလည်း စုံစမ်းခြင်း မပြုခဲ့ပါ။ ယခု အေးအေးပြောပုံထောက်သော် ကျွန်မကိစ္စကို သူတို့လည်း ဘာမျှသိပုံမရသေးပါ။ ဦးဇင်မောင်နှင့် ထားခင်မူသည် ကျွန်မ၏အကျိုးအကြောင်းကို အေးအေးထံ မစုံစမ်းဘဲ နေလေသလော။ ကိုအောင်မျိုး၏အကြောင်းကိုလည်း အေးအေးတို့သည် လုံးဝမသိဘဲ နေသလော။

ကျွန်မသည် မေးခွန်းပေါင်းများစွာကို မေးကြည့်မိပါသည်။ သို့ရာတွင် လောကဟောင်းနှင့် အဆက်ပြတ်နေသော ကျွန်မသည် ဘယ်မှာလျှင် သည်မေးခွန်းများကို ဖြေနိုင်ပါမည်နည်း။

အေးအေးသည် ကလေးကို ခေတ္တ ပွေ့ချီ နမ်းရှုပ်ပြီးနောက် နာနီလက်ထဲသို့ ပြန်ထည့်လိုက်သည်။

ကျွန်မသည် နာနီ့လက်ထဲ မရောက်မီ အေးအေး၏သားကို ပွေ့မြှောက်၍ နမ်းမိသည်။ အေးအေး၏ သားလေးမှာ ပါးစုန့်ကြီးများနှင့် ချစ်စရာ ဖွံ့ဖွံ့ထွားထွားကြီး ဖြစ်နေ၏။ ကျွန်မ၏ဝမ်းတွင် လွယ်ထားရသော သန္ဓေသားသည် ပေါက်ဖွားလာခဲ့ပါက ကျွန်မသည် မည်သို့ ရှိချိမ့်မည်နည်း။ လင်နှင့်သားနှင့် တင့်တောင့်တင့်တယ် မနေရသောဘဝတွင် ကျွန်မသည် ကျွန်မ၏ကလေးကို ကျွန်မ မည်သို့မည်ပုံ ကြီးပြင်းလာအောင် မွေးမြူပြုစုရမည်နည်း။

ကျွန်မသည် ကလေးကို နာနီလက်ထဲသို့ ထည့်လိုက်၏။

"မင်းမှာ ကိုယ်ဝန်ရှိနေပြီလားဟင် ထား"

ကျွန်မက ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ဘယ်နှလလဲ"

"လေးလ"

ကျွန်မက လက်လေးချောင်းကို ထောင်ပြလိုက်သည်။

"နေစမ်းပါဦး၊ ကားပေါ်တုန်းက မောင်ရှိတာနဲ့ ကိုယ်လည်း သိပ်မမေးခဲ့ဘူး။ မင်း ဘာဖြစ်လာတာလဲဟင်၊ မင်း လူကြီးကော"

"ခု ကိုယ်တို့ ကွဲလာကြပြီ"

"ဟင်"

ကျွန်မတို့နှစ်ယောက်သည် တော်တော်ကြာ တိတ်ဆိတ်နေကြသည်။ အေးအေးက ကျွန်မကို ကြည့်နေသော်လည်း ကျွန်မကမူ အေးအေးကို မကြည့်ဘဲ ပြတင်းအပြင်ဘက်သို့သာ လှမ်းကြည့်နေပါသည်။ ပြတင်းဝတွင် တရုတ်စံကားပင်သည်

ဖွေးဖွေးလှုပ်အောင် ပွင့်နေပေသည်။ ကျွန်မသည် သည်အကြောင်းကို အေးအေးအား မပြောပြချင်ပါ။ ထို့ကြောင့် အေးအေး အပါအဝင် ကျွန်မ၏ အသိုက်အဝန်းဟောင်း ကို ရှောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုလို အမှတ်မထင် တွေ့၍ သူက မေးပြန်တော့လည်း ကျွန်မရင်ထဲတွင် ဖုံးကွယ်မထားနိုင်ပါ။

"အမှန်ကတော့ ကိုယ်တို့နှစ်ယောက် ကွဲလာကြပြီဆိုတာထက် ကိုယ်ကစ ပြတ်စဲလာခဲ့ပြီဆိုတာက ပိုပြီး မှန်ပါလိမ့်မယ်"

"မိုက်လှချည်လား ထားရယ်၊ ဘယ်လိုဖြစ်လာတာလဲ၊ ပြောစမ်းပါဦး၊ ဒါကြောင့် မို့ တွေ့ကတည်းက မင်းကိုကြည့်ရတာ တစ်မျိုးပဲလို့ အောက်မေ့တယ်။ မော်တော် ကားပေါ် ရောက်တော့လည်း ကိုယ် မင်းကို အကဲခတ်လာတယ်။ တစ်ခုခု ဖြစ်လာပုံပဲ လို့တော့ ထင်မိလိုက်ပါရဲ့။ ဒါပေမဲ့ ကိုယ်ထင်တာက ဒီလောက် ကြီးကျယ်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ရန်ကုန်လာရင်း လင်မယား ခဏတစ်ဖြုတ် စိတ်ကောက်ကြတာ လောက်ပဲ ရှိလိမ့်မယ်လို့ ထင်တယ်။ ဒါဖြင့် ခု ဦးဇင်မောင်ကော"

"ခုတော့ မသိဘူး၊ ကိုယ်ထွက်လာတုန်းက သစ်တစ်ပင်မှာ ကျန်ရစ်ခဲ့တာပဲ"

"မိုက်ပါဘိ ကလေးမရယ်၊ ဒီရောက်တာ ကြာပြီလား၊ နေတော့ကော"

"တစ်လလောက်ရှိပြီ၊ ရန်ကုန်တစ်နေရာမှာပဲ ဆိုပါတော့"

ကျွန်မသည် အေးအေး၏မျက်နှာကို ရဲရဲမကြည့်ဝံ့သေးပါ။ အေးအေး၏ မျက်နှာကို မြင်လိုက်သည်နှင့် မျက်ရည်များသည် အိုင့်နေရာမှ ကျိုးပေါက် စီးဆင်း လာသော ရေလို ဒလဟော သွန်ချလိုက်မိလိမ့်မည်ထင်ပါသည်။

"ထား"

အေးအေးသည် ခုတင်ပေါ်တွင် အတူယှဉ်ထိုင်နေရာမှ ကျွန်မနှင့် တည့်တည့် တွင် လာရပ်လိုက်ပြီး ကျွန်မ ပခုံးနှစ်ဖက်ကိုကိုင်ကာ ကျွန်မမျက်နှာကို စေ့စပ်စွာ ငုံ့ကြည့်၏။ ကျွန်မသည် မျက်ရည်တွေ ပြည့်နေသော မျက်လုံးများဖြင့် အေးအေးကို မော်ကြည့်လိုက်သည်။

"ကဲ မင်း ကိုယ့်ကို ဘာမှထိမ်ချန်မနေပါနဲ့။ ကိုယ့်ကို ပြောပြစမ်းပါ။ ကိုယ် အသည်းထိတ်လွန်းလို့"

"မပြောပါရစေနဲ့တော့ အေး၊ ကိုယ်နဲ့ သူဟာ လင်နဲ့မယားအဖြစ် အတူတကွ နေလို့ မဖြစ်တော့တဲ့ အခြေအနေမှာ ရောက်နေကြပြီလို့ပဲ ပြောပါရစေတော့။ ကျန်တဲ့ အကြောင်းတွေကို မင်း မသိချင်ပါနဲ့တော့။ သိလို့ မင်းလည်း ဘာမှ မတတ်နိုင်တော့

ဘူး”

အေးအေးသည် ခပ်တွေတွေ ဖြစ်သွားကာ ကျွန်မ ပခုံးနှစ်ဖက်တွင် တင်ထားသော လက်များကို ရုပ်လိုက်၏။

“အေးလေ ထားအကြောင်းကို ပြောမပြချင်ဘူးဆိုတော့လည်း ခက်သားပဲ။ ဒါပေမဲ့ မင်း ဒီလောက်အထိ လုပ်လာပုံကိုတော့ ငါ သဘောမပေါက်ဘူး။ ဒီလောက်ထိ ပြတ်ပြတ်တောင်းတောင်းကြီး ဖြစ်လာရလောက်အောင် မင်းအကြောင်းဟာ အင်မတန်ကြီးကျယ်လို့လား”

“ဟုတ်တယ် သိပ်ကြီးတယ်။ ကိုယ့်အဖို့တော့ အဲဒီအကြောင်းဟာ သိပ် ခိုင်လုံတယ်”

အေးအေးသည် ကျွန်မကို ငေးကြည့်နေ၏။ ထိုအချိန်က ကျွန်မ၏ ရင်ထဲတွင် ခံစားရသည့် ဝေဒနာသည် ကြီးစွတကား။ ကျွန်မသည် ရင်ထဲမှာ ရှိသမျှကို အေးအေး ထံတွင် ဖွင့်၍ အန်လိုလှပါသည်။ တစ်ဖက်ကလည်း ကျွန်မ၏ အရုပ်ဆိုးလှသော ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောမနေချင်တော့ပါ။

“ဘယ်လိုအကြောင်းများမို့လို့လဲ ထားရယ်”

“ဒီမှာ အေး၊ ကိုယ့်အကြောင်းကို မင်း အကုန်သိပါတယ်အေး။ ကိုယ်ဟာ သူ့ကို မယူချင်ဘဲ ယူခဲ့ရတာ၊ နည်းနည်းလေးမှ ချစ်လို့မရဘူး။ ဒီအထဲမှာ အသက်အရွယ်ဟာလည်း အဖေနဲ့ သမီးလောက် ကွာနေသေးတယ်။ လင်ရယ်၊ မယားရယ် ဖြစ်ပြန်တော့လည်း တစ်နေ့မှ စိတ်မချမ်းသာရဘူး။ ပညာရှိ နှိပ်စက်နေတယ်။ အပြင်လူတွေ အမြင်မှာတော့ သူဟာ တကယ့် သူတော်ကောင်းကြီး၊ မယားကို အင်မတန် အလိုလိုက်တယ်လို့ ထင်ရတဲ့ သူတော်ကောင်းကြီး၊ ကိုယ့်မှာတော့ သူ့အလိုချည်းပဲ လိုက်ခဲ့ရတယ်။ သစ်တစ်ပင် လိုက်ခဲ့ဆိုလည်း လိုက်ခဲ့ရတာပဲ။ ကျောင်းဆရာမ အလုပ်က ထွက်ဆိုတော့လည်း ထွက်ခဲ့ရတာပဲ။ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာရယ်လို့ ဘာများ ရှိသေးလို့လဲ။ ဒီအထဲမှာ ကိုအောင်မျိုးနဲ့ကိစ္စကို ပြန်ပြန်ဖော်ပြီး ရန်လုပ်တယ်။ သူ့မှာ မစ္ဆရိယစိတ်တွေ များလွန်းတယ် အေး။ မနာလို ဝန်တိုစိတ်အားကြီးလွန်းတယ်။ ဒီလောက် များလွန်းတော့လည်း ကိုယ် သည်းမခံနိုင်တော့ဘူး။ အိုသည့်ပြင်အကြောင်းတွေကိုသာ ပြောရမယ်ဆိုရင် စကားပြောရလွန်းလို့ ရင်နှစ်ခြမ်း ဗြန်းဗြန်းကွဲပြီး အသက်ပျောက်သွားသည်အထိ ကုန်မှာမဟုတ်ဘူး သိလား။ ‘အသည်းနှလုံး သေဆုံးခြင်းထက် ကြီးမားသော ကြေကွဲစရာကောင်းသည့်အဖြစ်သည် မရှိ’

ဆိုတဲ့ အင်္ဂလိပ် စကားပုံလေးလိုပဲ။ ခုတော့ ကိုယ့်အသည်းနှလုံးဟာ သေပြီလို့ပဲ ယူဆလိုက်တယ် အေး။ တကယ်တော့လည်း ကိုယ်ဟာ အသက်ရှင် လှုပ်ရှားနေတဲ့ လူတစ်ယောက်နဲ့ မတူတော့ပါဘူး။ သံပတ်ပေးလို့ လှုပ်ရှားနေရတဲ့ စက်ရုပ်ကြီးလိုပါပဲ"

ကျွန်မသည် မငိုလိုတော့ပေ။ မျက်ရည်များ ဝဲနေသော်လည်း ယိုစီးကျမလာတော့ပါ။

"ထား မင်း သိပ်မိုက်တယ်။ မင်းတစ်ယောက်တည်း မဟုတ်ဘူး။ အချိန်တန်ရင် ဝမ်းကကျွတ်လာမယ့် ကလေးအတွက်လည်း စဉ်းစားရဦးမယ်။ ဒီကလေး ကြီးပြင်းအောင် ပြုစုရဦးမယ်။ ဒီလိုလုပ်လို့ ဖြစ်မလား"

"ကလေးတစ်ယောက်ရဲ့ ပါးစပ်တစ်ပေါက်အတွက်တော့ ရှာကျွေးနိုင်သေးတယ်လို့ ကိုယ် ထင်ပါတယ် အေး"

အေးအေးသည် သက်ပြင်းကိုချကာ ခေါင်းကို ဖြည်းလေးစွာ ယမ်းနေ၏။

"မဟုတ်ဘူး ထား၊ ဒီကလေး ကြီးပြင်းဖို့တင် မကသေးဘူး။ ဒီကလေး အဖေခေါ်ဖို့အတွက်လည်း ရှိသေးတယ် သိရဲ့လား။ ဒါကိုလည်း မင်း စဉ်းစားဦး။ ခုဆိုရင် မင်းဟာ လင်ကိုလည်း ပြတ်ခဲ့ပြီ၊ တောင်ကြီးက ထားခင်မူတို့နဲ့တကွ ကိုယ် အပါအဝင် ဆွေမျိုး မိတ်သင်္ဂဟအားလုံးကိုလည်း မင်း အဆက်ဖြတ်ခဲ့ပြီ။ မင်းလုပ်တာတွေဟာ မပြင်းထန်လွန်းဘူးလား ဟင် ထား၊ ကိုယ်တော့ အစက မင်း ဒီလောက်တောင် သတ္တိကောင်းလိမ့်မယ်လို့ နည်းနည်းလေးမှ မထင်ခဲ့ဘူး။ တကယ်ပဲ၊ ခုတော့"

ကျွန်မက နာကြည်းစွာ ပြုံးလိုက်၏။ အေးအေးသည် စကားကို ဆုံးအောင် မပြောဘဲ ကျွန်မအပြုံးကို ငေးကြည့်နေသည်။

"သတ္တိကောင်းတာ မဟုတ်ဘူး အေး၊ သတ္တိနည်းတာ၊ သတ္တိနည်းတာ သိပြီလား။ အမှန်ကတော့ ကိုယ် မင်းတို့အားလုံးကို ရှောင်ပုန်းခဲ့တာပဲ။ မင်းတို့နဲ့တွေ့ရင် ကိုယ့်ဘဝကိုယ် ဝမ်းနည်းလွန်းလို့၊ မခံချိဖြစ်လွန်းလို့၊ ဝမ်းမနည်းရအောင်၊ မခံချိမဖြစ်ရအောင် အရင်က ပတ်ဝန်းကျင်ကို အဆက်ဖြတ်ပြီး သွားပုန်းနေခဲ့တာ။ တစ်ခုတော့ရှိတယ်။ သတ္တိနည်းတဲ့ တစ်ဖက်စွန်းကနေ ရပ်နေပြီး ထင်ရာတွေ လျှောက်လုပ်တော့ တစ်ဖက်စွန်းဖြစ်တဲ့ မိုက်ရူးရဲဖြစ်နည်းကားမျိုး ရောက်သွားသလားတော့ မဆိုနိုင်ဘူး"

"နေစမ်းပါဦး၊ မင်းကိုယ်ဝန်ကို ဆရာဝန် ပြပြီးပြီလား"

"မဂိုလမ်း ဆေးတိုက်တစ်တိုက်မှာ ပြပြီးပါပြီ။ ခု သူပေးတဲ့ ဆေးစားနေတယ်"

အေးအေးက ကျွန်မအား ပဋိသန္ဓေလွယ်ရခြင်းကိစ္စ၊ သားဖွားခြင်းကိစ္စများကို ပြောနေပါသည်။

"သြော် မင်းကိုပြောဖို့ မေ့နေတယ်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ကိုအောင်မျိုးကြီး လာတယ်။ သူ ပြည်ဘက်ကို ပြောင်းရမယ်တဲ့။ ကားမှောက်လို့ ဆိုပဲကွ။ ကံကောင်းလို့ မသေတာတဲ့"

"ဟင် သူမသေဘူးနော် ဟုတ်လား၊ မသေဘူးနော်"

ကျွန်မသည် ဟန်ကလေး တစ်ချက်မျှပင် မဆောင်နိုင်တော့ဘဲ ထပ်ဆင့်၍ မေးလိုက်မိသည်။ ကျွန်မသည် သည်အကြောင်းကို သိချင်လှပါသည်။ အမေးရခက်နေသဖြင့်သာ သိုဝှက်ထားခဲ့ရခြင်း ဖြစ်ပါသည်။

"ဘယ်မှာ မှောက်တာတဲ့လဲ"

ကျွန်မက အသံတုန်တုန်ဖြင့် မေးလိုက်ပါသည်။ အေးအေးသည် ဘာမျှသိပုံ မပေါ်ပါ။ ကျွန်မသည် ဘာမျှသိဟန်မတူသော သူငယ်ချင်းကို လိမ်ရသဖြင့် နည်းနည်းလေးမှ စိတ်မကောင်းပေ။ ကျွန်မသည်လည်း မိန်းမလိမ်ကြီး ဖြစ်နေပါပကောဟု ကျွန်မကိုယ် ကျွန်မ သတိထားလိုက်မိပါသည်။

"ရွှေညောင်အလွန်မှာလို့ ပြောတာပဲ။ ကားပေါ်က ခုန်ချလိုက်လို့ မြေကြီးနဲ့ ရိုက်မိပြီး သတိမေ့သွားသေးသတဲ့။ စစ်ကားတစ်စီးနဲ့တွေ့လို့ သူ့ကို စစ်ဆေးရုံမှာ တင်ပြီး ကုသပေးသတဲ့"

"ကျွတ်ကျွတ် ကျွတ်ကျွတ်"

ကျွန်မက စုတ်သပ်လိုက်ပါသည်။ ကျွန်မသည် ဟန်ဆောင်ကောင်းသော မိန်းမလိမ်ကြီးတစ်ယောက် ဖြစ်နေပါသည်။ အေးအေးသည် သူ့သူငယ်ချင်းတစ်ယောက် ဟန်ဆောင်ကောင်းသော မိန်းမလိမ်ကြီးတစ်ယောက် ဖြစ်နေမှန်းသိလျှင် မည်သို့ရှိမည်နည်းဟု တွေးမိကာ ရင်ထဲတွင် မလုံမလဲဖြစ်နေပါသည်။ ကျွန်မသည် သည်အကြောင်းတွေကိုပါ ဖွင့်ပြောလိုက်ရ ကောင်းမလားဟု စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်နေမိသည်။ သည်အကြောင်းသည် ကျွန်မနှင့် ကိုအောင်မျိုးတို့ လော်လည်ခြင်းလည်း မဟုတ်။ ကြုံကြုံဖန်ဖန် လာရောက်တိုက်ဆိုင် ဆုံစည်းမှုတစ်ခုသာ ဖြစ်၏။ သည်အကြောင်းကို ကိုအောင်မျိုးကလည်း အေးအေးကို ဖွင့်ပြောမသွားဟု ကျွန်မ ဘယ်လိုလုပ် သိပါမည်နည်း။ ကိုအောင်မျိုးက ဖွင့်ပြောပြီးဖြစ်လျက် ကျွန်မက ဖုံးကာ မသိဟန်ဆောင်နေမှန်း အေးအေး သိသွားလျှင် ကျွန်မသည် အေးအေး၏အမြင်၌ မရိုးသားသူဟု

အထင်ရောက်စရာရှိသည် မဟုတ်ပါလား။

အေးအေးကမူ ကျွန်မတို့ အဖြစ်အပျက်များကို စိုးစဉ်းမျှ သိဟန်မတူပါ။ ကိုအောင်မျိုးသည် ကားမှောက်သည်ဆိုရုံမျှအပ အခြားအကြောင်းအရာများကို ပြောပုံမရပါ။ သူက ကျွန်မ၏သိက္ခာကိုလည်းကောင်း၊ သူ့ဂုဏ်သိက္ခာကိုလည်းကောင်း ငဲ့၍မပြောဘဲထားခြင်း ဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း ကျွန်မကမူ မပြောဘဲ မနေနိုင်တော့ပါ။ ကျွန်မတို့အကြောင်းကို အေးအေးအား ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ပါသည်။

"အေးကို ကိုယ် အများကြီး ပြောစရာတွေရှိသေးတယ်။ ဖွင့်ဟဝန်ခံချက်တွေ လို့ပဲ ဆိုပါတော့လေ"

"အေးရေ အေး ခဏလာပါဦး၊ ကလေးလိမ့်ကျပြီ၊ နာနီက ဘာလုပ်နေတာလဲ"

အိမ်ရှေ့မှ ကိုတင်မြင့်၏ အော်သံကို ကြားရသဖြင့် အေးအေးသည် အခန်းပြင်သို့ ပြေးထွက်သွား၏။ ကျွန်မလည်း နောက်က လိုက်သွားပါသည်။ ကလေးမှာ ထိပ်ပေါက်သွားပါသည်။ ထို့ကြောင့် အေးအေးတို့လင်မယား နှစ်ယောက်စလုံးနှင့် ကျွန်မပါ အလုပ်ရှုပ်သွားကြပါသည်။ ကျွန်မတို့သည် အိပ်ခန်းထဲသို့ ပြန်မဝင်ကြတော့ဘဲ အိမ်ရှေ့၌ ကိုတင်မြင့်ပါ ဝိုင်းဖွဲ့၍ စကားပြောနေကြ၏။

"တစ်လောက ကိုအောင်မျိုးကြီးလာလို့ ထားတို့ကော မလာကြဘူးလားလို့တောင် မေးသွားသေးတယ်"

ကျွန်မသည် မနည်း ဣန္ဒြေဆည်ထားလိုက်ရ၏။ 'ထားတို့ကော' ဆိုသော ဗဟုဝုစ်ကိန်းကြောင့် ကိုအောင်မျိုးသည် ကျွန်မတို့ အဖြစ်အပျက်ကို လုံးဝမသိလေဟန် ရည်ညွှန်းပြောဆိုသွားခြင်းဖြစ်သည်ဟု ကျွန်မက အဓိပ္ပာယ်ကောက်လိုက်၏။

"အစစ်ပေါ့၊ ကိုယ် မပြောမိသေးဘူး။ မေ့နေတယ်။ သူ့ခမျာ ငိုင်တိုင်တိုင်နဲ့ကွာ။ စိတ်ထိခိုက်နေပုံပဲ"

အေးအေးက တအယ်အယ် ငိုနေသော ကလေးကို ချော့ရင်း ပြောပါသည်။

"ကဲ အေး၊ ကိုယ် ပြန်ဦးမှပဲ ထင်တယ်။ သိပ်နောက်ကျနေလိမ့်မယ်"

ကျွန်မက လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်၍ ပြောလိုက်၏။

"အို နေပါဦး၊ အစောကြီးရှိသေးတာ။ ကိုယ်တို့ လိုက်ပို့မှာပေါ့"

"သိပ် မိုးချုပ်နေလိမ့်မယ်ကွယ်။ နောက် လာခဲ့ဦးမှာပါ။ ပြီးတော့ ကလေးကိုလည်း ကြည့်ပါဦး။ နောက်တစ်ခေါက် လာတော့မှ အေးအေးဆေးဆေး ပြောတာပေါ့"

အေးအေးက ကျွန်မကို ဖွတ်တားပါသေးသည်။ သို့ရာတွင် ကျွန်မ ဖွတ်ပြော သဖြင့် အေးအေးသည် လက်လျှော့လိုက်ပါသည်။

"မောင် ထားကို လိုက်ပို့ပေးပါဦး"

အေးအေးက ကိုတင်မြင့်ဘက်သို့ လှမ်းပြောလိုက်သည်။

"အို နေပါစေ ကိုတင်မြင့်၊ လိုက်ပို့မနေနဲ့၊ ထား တခြားဝင်စရာ ရှိသေးတယ်"

"ဘယ်ဝင်ဝင်ပေါ့၊ ဝင်ချင်တဲ့နေရာ လိုက်ပို့မယ်၊ နောက် အိမ်ပြန်ပို့မယ်"

အေးအေးတို့ လင်မယားက မော်တော်ကားနှင့်ပြန်ရန် အတင်းစီမံကြပါသည်။

"တစ်ခုတော့ ရှိတယ်နော် အေး၊ ကိုယ် ဘယ်မှာနေတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးရမယ်"

ကျွန်မက အေးအေးကို လှမ်းပြောလိုက်၏။ ကျွန်မတို့အကြောင်းကို မသိသေး သော ကိုတင်မြင့်က အံ့အားသင့်နေသည်။ အေးအေးက ကိုတင်မြင့်ကို မျက်စိမှိတ် ပြလိုက်ကာ

"စိတ်ချ ဘယ်သူ့ကိုမှ မပြောဘူး။ ဒါပေမဲ့ မင်းလည်း ကိုယ်တို့ဆီကို မကြာခင် လာနေရမယ်ဆိုတဲ့ ကတိတစ်ခုကိုတော့ ပေးရမယ်"

အေးအေးက ကျွန်မကို အကျပ်ကိုင်ပါသည်။

"ကိုယ် စဉ်းစားပါ့မယ် အေး"

"စဉ်းစားပါ့မယ်တွေ ဘာတွေ လုပ်မနေနဲ့။ ရန်ကုန်မှာ မင်းရှိနေသရွေ့ ကိုယ် တို့အိမ်မှာ လာမနေဘူးဆိုရင် ကိုယ် စိတ်ဆိုးရလိမ့်မယ်"

"ဟုတ်တာပေါ့၊ နေစမ်းပါဦး။ မထား ခု ဘယ်မှာနေလို့လဲ၊ ဦးဇင်မောင်ကော ပါတယ်မဟုတ်လား"

ကိုတင်မြင့်က ဝင်မေးပါသည်။ အေးအေးက ကိုတင်မြင့်ကို မျက်စောင်းထိုး လိုက်သည်။

"နေစမ်းပါဦး ကိုရွှေလောကလည်း၊ မိန်းမချင်းချင်း ပြောစမ်းပါရစေ၊ သူတို့ ယောကျ်ားတွေ အဲဒါ ခက်တာပဲ"

အေးအေးက မာန်လိုက်သဖြင့် ကိုတင်မြင့်သည် ရယ်နေ၏။

"ကဲ မရွှေထား၊ ဘယ့်နှယ်လဲ"

"ကိုယ် စဉ်းစားပါ့မယ်လို့ ပြောပြီးပြီကော"

"စဉ်းစားပါ့မယ်တွေ ဘာတွေ မလုပ်နဲ့။ ဒီလဆန်းရင် ပြောင်းခဲ့ရမယ်။ ကိုယ်တို့

လာခေါ်မယ်။ ကဲ မောင်၊ ထားကို လိုက်ပို့ပါဦး"

ကျွန်မ အိမ်သို့ ပြန်ရောက်သောအခါ တော်တော် မှောင်နေပေပြီ။ ကျွန်မက ကိုတင်မြင့်အား လမ်းထိပ်တွင် အရပ်ခိုင်း၏။ ကိုတင်မြင့်က ဖွတ်အတင်း အိမ်ရှေ့ ရောက်အောင် မော်တော်ကားနှင့် လိုက်ပို့သည်။

ကျွန်မ ကားပေါ်က ဆင်းလာသောအခါ ဒေါ်စိန်သည် စူးစမ်းကြည့် ကြည့်နေ လေသည်။

"မိုးချုပ်လှချည်လား တူမကြီး"

"ဟုတ်တယ် ဒေါ်ဒေါ်၊ သူငယ်ချင်းတစ်ယောက်အိမ် ဝင်နေတာနဲ့ နောက်ကျ သွားတယ်"

"မိန်းကလေးဆိုတာ အစစအရာရာ သတိထားနော်။ အနေအထိုင် ပိပိပြားပြား နေကာမှ တော်ရုံကျတယ်"

ကျွန်မသည် ဒေါ်စိန်၏ စကားများကြောင့် ရုတ်တရက် ဒေါပွသွား၏။ ဒေါ်စိန် သည်စကားများကို စေတနာရိုးဖြင့် ပြောလေသလော။ ယောကျ်ားတစ်ယောက်၏ မော်တော်ကားပေါ်မှ ဆင်းလာသည်ကို မသင်္ကာစိတ်ဖြင့် သတိပေးပြောလေသလော။ ကျွန်မ ဝေခွဲမရပါ။ ထို့ကြောင့် ဘာမျှပြန်မပြောဘဲ ငြိမ်နေလိုက်ပါသည်။

ကျွန်မသည် ညစာကိုပင် မစားတော့ဘဲ ကျွန်မ အခန်းမီးကို အစောကြီးငြိမ်း ကာ အိပ်ရာပေါ်တွင် လှဲနေမိပါသည်။ ကျွန်မ သစ်တစ်ပင်မှ ထွက်လာခဲ့သည်မှာ တစ်လကျော်မျှ ရှိပေပြီ။ တစ်လလုံးလုံး ကျွန်မသည် ကျွန်မ၏ လောကဟောင်းကို အဆက်ဖြတ်ထားခဲ့၏။ ဦးဇင်မောင်သည် ကျွန်မကို လိုက်လံရှာဖွေလေမည်လော၊ ကြီးကြီးညွန့်တို့၊ ထားခင်မူတို့သည်လည်း ဘယ်သို့နေကြလိမ့်မည်နည်း။ ယခုအချိန် အထိ ဘာသံမျှ မကြားရသည်ကိုထောက်သော် သူတို့အားလုံးသည် ကျွန်မကိစ္စကို လူသူမသိစေရန် ကျိတ်၍ ရှာဖွေနေကြလေသလော၊ သို့တည်းမဟုတ် လုံးဝပင် မရှာဘဲ နေလေသလော၊ ကိုအောင်မျိုး ကားမှောက်သည့်ကိစ္စကို ကျွန်မနှင့်များ ဆက်စပ်၍ တွေးနေကြမည်လော။

ကျွန်မသည် ကျွန်မ ဖြေဆိုနိုင်ခြင်းမရှိသော မေးခွန်းပေါင်းများစွာကို ကိုယ့် ဘာသာကိုယ် ပြန်မေးမိ၏။

တစ်ဖက်ခန်းတွင်မူ ဒေါ်စိန်နှင့် အိမ်နီးနားချင်း မိန်းမ သုံးလေးယောက်သည် စကားတပြောပြောနှင့် အပျင်းပြေ ဖဲကစားနေကြ၏။ ဖဲကုလားဖန်ထိုးသံ၊ အကြွေ

အမ်းသံ၊ စကားပြောသံများကိုပါ ကြားနေရပေသည်။

ကျွန်မသည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း မဖြေဆိုနိုင်သော မေးခွန်းများ၊ ပြဿနာများကို စဉ်းစားနေမိပါသည်။ ကိုအောင်မျိုးသည် ကားမှောက်သည့်ကိစ္စ၌ ကျွန်မကို လုံးဝမြုပ်ပစ်ခဲ့၏။ ကျွန်မသည် အစတုန်းကတော့ ကိုအောင်မျိုးကို အထင်လွဲခဲ့မိသေးသည်။ ယခုတော့ ကိုအောင်မျိုးသည် ကားမှောက်သည့်ကိစ္စတွင် သူတစ်ယောက်တည်းဖြစ်လေဟန် ပြောသွားခဲ့သည်ကိုထောက်လျှင် ကိုအောင်မျိုးသည် ကျွန်မ ဂုဏ်သိက္ခာကို ထိန်းသိမ်းခဲ့ကြောင်း သိသာနိုင်ပေသည်။

"နေပါဦး ဒေါ်စိန်ရဲ့၊ ရှင့်အိမ်က သူငယ်မ ဒီနေ့ မော်တော်ကားပေါ်မှာ လူတစ်ယောက်နဲ့ တွဲလို့ပါလား"

တစ်ဖက်ခန်းမှ အသံဖြစ်၏။ ဖဲဝိုင်းသိမ်းပြီး၍ ဝိုင်းဖွဲ့စကားပြောနေကြဟန်တူပါသည်။ ကျွန်မသည် ဆတ်ခနဲ ခေါင်းထောင်၍ နားစွင့်လိုက်သည်။

"ကျွန်မတော့ သူ့ကြည့်ရတာ သိပ်အကဲမရဘူး"

မိန်းမ ခပ်ငယ်ငယ်တစ်ယောက်၏ အသံဖြစ်သည်။ ကျွန်မသည် ရင်တဒိတ်ဒိတ် ခုန်လာ၏။ အသက်ကိုလည်း ခပ်ပြင်းပြင်း ရှူလိုက်မိပါသည်။

"တခြားမှာ တိတ်တိတ်ပုန်း ကိုယ်ဝန်ရလာလို့ ဒီမှာလာ ဇာတ်မြှုပ်ပြီး ကလေးလာမွေးသလားမှ မသိပဲ"

"ဟုတ်ချင်ဟုတ်မှာ။ ဟိုတစ်ခါ စာရေးမလေးတစ်ယောက် ကျွန်မတို့ အိမ်နားလာပြီး ဒီလိုပဲ မွေးသွားဖူးတာပဲ"

ကျွန်မသည် အသားတွေ တဆတ်ဆတ်တုန်ကာ အိပ်ရာထက်မှ ငေါက်ခနဲ ထထိုင်လိုက်ပြီး သူတို့အခန်းဘက်ဆီသို့ ကူးမည်ပြုလိုက်သည်။ သို့ရာတွင် အခြေအနေ ပိုဆိုးမည်စိုးသဖြင့် ပြန်၍ ထိုင်နေလိုက်သည်။ တကယ်တော့လည်း ကျွန်မဘဝသည် သူတို့ထင်မည်ဆိုက အထင်ခံရမည့်ဘဝမျိုး မဟုတ်ပါလော။

"ကဲ မရွှေချော အရပ်ကတော့ ပြောကုန်ကြပါပကော"

ကျွန်မသည် ကျွန်မကိုယ်ကျွန်မ ပြန်လှန် မေးခွန်းထုတ်ပါ၏။ ကျွန်မသည် မေမေ့ကို စိတ်ဆိုးရမည်လော၊ ဦးဇင်မောင်ကို စိတ်နာရမည်လော၊ ကျွန်မကိုယ်ကျွန်မ စိတ်နာရမည်လော၊ လောကကြီးကို စိတ်နာရမည်လော၊ ကျွန်မသည် လောကဓံလှိုင်း၏ ရိုက်ပုတ်ချက်များကို စိတ်ဓာတ်မကျဘဲ ခံနိုင်မည်လော။

ကျွန်မသည် ကိုယ့်သဘောကျ ကိုယ့်ချစ်သူကို လက်ထပ်ခဲ့လျှင် ဤလိုဘဝမျိုး

သို့ ရောက်ခဲ့မည်မဟုတ်ဟု ထင်ပါသည်။ မေမေ၏ အလိုကျ လိုက်နာခဲ့၍သာ ဤဘဝမျိုး ကြုံခဲ့ရသည်ဟု ထင်ပါသည်။ မေမေသည် သူ့ဘာသာသူ ရွေးချယ်ခဲ့သော အိမ်ထောင်ရေး၏ အမှားကို သိမြင်ကာ ကျွန်မတို့အား ကိုယ့်ဘာသာကိုယ် ရွေးချယ်ခြင်းမပြုနိုင်အောင် စီမံခဲ့ခြင်းဖြစ်၏။ မေမေသည် အဖြစ်အပျက်တစ်ခုကို မြင်ကာမျှနှင့် ယေဘုယျ ကောက်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ တကယ်တော့ မေမေ၏ကောက်ချက်သည် မှားလေပြီ။

ကျွန်မသည် မျက်နှာကို ခေါင်းအုံးတွင်အပ်ကာ မျက်ရည်များ သွန်ချလိုက်မိပါသည်။

## [၂၄]

မိုးမှုန်ကလေးများသည် တဖွဲဖွဲကျစပြုလာသော မိုးဦးနေ့တစ်နေ့တွင် ကျွန်မသည် ကျွန်မတို့ ရပ်ကွက်ထဲရှိ ဆေးရုံမှ ပြန်လာကာ စိုရွှဲနေသော အဝတ်အစားကို လဲလှယ်လျက်ရှိ၏။ ကျွန်မ၏ကိုယ်ဝန်မှာ တော်တော်ထင်ရှား၍ လာပြီဖြစ်၏။ ဆရာဝန်၏ ညွှန်ကြားချက်အရ ရပ်ကွက်ရှိ ဆေးပေးရုံသို့လည်း တစ်ပတ်တစ်ခါ မှန်မှန် သွားပြရပေသည်။ ကျွန်မသည် ကျွန်မ၏ အတိတ်မှ အဖြစ်အပျက်များကို ကြိုးစား၍ မေ့ပျောက်ကာ ကျွန်မဘာသာ ကျွန်မ ရှင်လန်းကျန်းမာစွာ နေနိုင်ရန်ကိုသာ ဂရုစိုက်ပါသည်။ သန္ဓေသားကို လွယ်ကူချောမောစွာ မွေးဖွားကာ ကြီးပြင်းလာအောင် ဘယ်လိုမွေးမြူရမည်ကို စဉ်းစားပါသည်။

ကျွန်မသည် ညနေတိုင်လျှင် ကျွန်မတို့ရပ်ကွက် အစွန်တွင်ရှိသော လယ်ကွင်းများဘေးတွင် လမ်းလျှောက်၏။ လေသည် မိုးမှုန်မိုးငွေ့ကလေးများကို သယ်ဆောင်လာကာ ဖြတ်သန်း တိုက်ခတ်သွား၏။ တစ်နွေလုံး ခြောက်သယောင်းနေသော မြေကြီးသည် မိုးကလေးတစ်ဖြိုက်လောက် ပက်ဖျန်းလိုက်သည်နှင့် မြေသင်းနံ့ကလည်း တပျံ့ပျံ့ သင်းလာပါသည်။ သြော် မိုးနံ့သင်းသည့် လေနှင့် မြေနံ့သင်းသည့် လေကို ရှူရှိုက်ရသည်မှာ ဆွတ်ပျံ့ဖွယ်ပါတကား။

ကျွန်မနှင့် ကိုအောင်မျိုးတို့ စတင်တွေ့ဆုံကြသည်မှာ သည်လို မိုးနံ့ မြေနံ့သင်းသော နေ့တစ်နေ့ ဖြစ်ပါသည်။

"မိုးတိမ်တွေ အုံ့မှိုင်းနေတဲ့ ကောင်းကင်ကြီးအောက်မှာ ထားတစ်ယောက်တည်း

လျှောက်သွားနေပုံလေးဟာ ထားရဲ့ဘ၀ကို ပုံဖော်ပေးလိုက်တဲ့ မြင်ကွင်းကလေး တစ်ခုပဲ”

ကျွန်မသည် ကိုအောင်မျိုး၏စကားကို ကြားယောင်မိပါသည်။

ကျွန်မသည် ဦးဇင်မောင်နှင့် အိမ်ထောင်ကျသည်အထိ ကျွန်မ ဘ၀ကို ကျွန်မ ရုန်းကန်ရသော အချိန်ဟူ၍ မရှိခဲ့ပေ။ မေမေ၏ အရိပ်အာဝါသအောက်တွင်ပင် ကြီးပြင်းလာခဲ့ရ၏။ မကြောင့်မကြ မပူမပင် နေခဲ့ရ၏။ အိမ်ထောင်ကျတော့လည်း ကျွန်မ၏ ဘ၀ရပ်တည်မှုအတွက် ရုန်းကန်ရသည်ဟူ၍ မရှိပါ။ သို့ရာတွင် သစ်တစ်ပင်မှ ကျွန်မ ထွက်လာခဲ့သည့် အချိန်ကစ၍ ကျွန်မသည် ကျွန်မဘ၀ ရပ်တည်မှုအတွက် စတင်ရုန်းကန်ခဲ့ရပေသည်။ တကယ်ဆိုတော့ ဘ၀ရပ်တည်မှုအတွက် ရုန်းကန်ရခြင်းဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပါတကားဟု ကျွန်မ သဘောပေါက်လာပါသည်။

ကိုအောင်မျိုး ပြောတုန်းက ကျွန်မ၏ဘ၀သည် ယခုလောက် မိုးတိမ်များ မှောင်မည်းအုံ့ဆိုင်းခြင်း မရှိသေးပေ။ သည်တုန်းက ကျွန်မတို့ ညီအစ်မ နှစ်ယောက်နှင့် ကြီးကြီးညွန့်တို့သည် ဥမကွဲ သိုက်မပျက် နေနိုင်ကြသေး၏။ ကျွန်မသည် အိုးနှင့် အိမ်နှင့် အခြေအနေနှင့် တင့်တောင့်တင့်တယ် နေနိုင်သေး၏။ လယ်ယာ ခြံမြေများကို ကျွန်မတို့ ကိုယ်တိုင်ကိုယ်ကျ ခန့်ခွဲခြင်းမရှိသော်လည်း ကျွန်မတို့ ပိုင်ဆိုင်နေကြသေး၏။ ယခုတော့ ကျွန်မသည် ဒါတွေအားလုံးကို ဘယ်သူကမှ ရိုက်နှက်ခိုင်းစေခြင်း မပြုရဘဲ စွန့်ပစ်ကာ ကျွန်မဘာသာ ကျွန်မ ထွက်လာခဲ့ပေပြီ။ ကိုအောင်မျိုးသည် ကျွန်မကို သည်လိုအခြေအနေတွင် တွေ့ရပါက ဘယ်လိုနေမည်နည်း။

ကျွန်မသည် ရေစိုအဝတ်များကိုလှန်းကာ အိမ်ရှေ့သို့ ထွက်လာသည်။ အိမ်ရှေ့မှ ကားဆိုက်သံ ကြားရ၏။ အေးအေးတို့ လင်မယားသည် မော်တော်ကားပေါ်မှ ဆင်းလာကြ၏။

ကျွန်မသည် ဣန္ဒြေမပျက်ရန် မနည်းကြီး သတိထားလိုက်သည်။

အေးအေးတို့အား ကျွန်မနေသည့်အိမ်ကို အသိပေးလိုက်မိတာ မှားလေခြင်းဟု ကျွန်မ ရင်ထဲတွင် ခံစားလိုက်ရပါသည်။ ကျွန်မသည် သူတို့ကို ဣန္ဒြေမပျက် ဖိတ်ခေါ်ကာ သင်ဖြူးတစ်ချပ်ခင်း၍ နေရာထိုင်ခင်း ပေးရ၏။ သူတို့သည် ကျွန်မ နေပုံထိုင်ပုံကိုကြည့်ကာ မျက်နှာပျက်သွားကြသည်ကို သတိထားလိုက်မိသည်။

ကိုတင်မြင့်သည် အိမ်ရှေ့ အဖီကလေးပေါ်မှ ပက်လက်ကုလားထိုင်ပေါ်တွင်

ထိုင်ပြီး ကျွန်မနှင့် အေးအေးက ခပ်လှမ်းလှမ်းရှိ သင်ဖြူးပေါ်တွင် ထိုင်ကြ၏။ အေးအေး၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေပေသည်။

"ကိုယ်လည်း လာမလို့ဘဲ ထားရေ၊ ထားလာတဲ့နေ့က ကလေးလိမ့်ကျပြီး လန့်ဖျားဖျား၊ နောက် ဝက်သက်ပေါက်လို့ နေမကောင်းဖြစ်တာနဲ့ လာကို မလာဖြစ်နိုင်ဘူး။ ဒီအထဲ မောင်ကလည်း အလုပ်ကိစ္စနဲ့ ရမည်းသင်းဘက်ကို သွားနေလို့ ကိုယ် သိပ်ဝတ္တရားပျက်တယ်ကွယ်"

အေးအေးက နားထင်ပေါ်သို့ ကျလာသော ဆံပင်များကို နားရွက်နောက်သို့ ပင့်တင်လိုက်ရင်း ပြော၏။

"မအောက်မေ့ပါဘူးကွာ၊ ကိုယ့်လို တစ်ယောက်တည်းသမားကတောင် ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်များနေသေးရင် မင်းလို သားသမီးတွဲလောင်းနဲ့လူက ပိုပြီး အလုပ်များတော့မပေါ့"

"မင်းကော နေထိုင်ကောင်းရဲ့လား၊ မိုက်ကော အပ်ပြီးပြီလား"

"အပ်ပြီးပါပြီ။ ခုတော့ ကိုယ်တို့ရပ်ကွက်ထဲမှာရှိတဲ့ ဆေးရုံကို သွားသွားပြတယ်။ ဒပ်ဖရင်မှာ တက်မွေးဖို့လည်း စဉ်းစားထားတယ်"

အေးအေးသည် ဘာမျှပြန်မပြောတော့ဘဲ ကျွန်မကို ငေးကြည့်နေသည်။

"ထား"

အေးအေးသည် ကျွန်မကို စူးစိုက်ကြည့်ပြီးနောက် တစ်ခွန်းခေါ်လိုက်၏။ ကျွန်မက အေးအေးကို ပြန်ကြည့်လိုက်သည်။

"ထား မင်း ဒီအတိုင်းပဲ နေသွားတော့မှာလား ဟင်"

အေးအေး၏ အသံသည် ငိုသံပါလာသည်ဟု ကျွန်မ ထင်လိုက်၏။ မျက်ရည်များသည်ပင် သူ့ပါးပြင်ပေါ်သို့ ဝဲလာကြ၏။

"ဘယ်လိုများ နေရဦးမှာလဲ မိန်းကလေးရဲ့၊ နောက်ယောကျ်ားတစ်ယောက် ထပ်ယူရဦးမှာလား၊ ဟုတ်လား"

ကျွန်မက အေးအေး စကားကို ရယ်စရာလုပ်၍ ပြန်ပြောလိုက်၏။ တမင် ရယ်ချင်လွန်း၍တော့ မဟုတ်ပေ။ အေးအေးဆီက စိတ်ညစ်စရာစကားတွေ လာတော့မည်ဟု ကျွန်မသိသဖြင့် အားတင်း၍ ရယ်မောပစ်လိုက်ခြင်းသာ ဖြစ်ပေသည်။

"ဒီလိုပြောတာ မဟုတ်ပါဘူးကွာ။ မင့်ရဲ့ ရှေ့ရေးကို စဉ်းစားဖို့ ပြောတာပါ။ မင်း ဒီနေ့ သတင်းစာထဲမှာပါတဲ့ ကြော်ငြာ ဖတ်ပြီးပြီလား"

"ဟင့်အင်း၊ မတွေ့သေးဘူး"

"မောင် သတင်းစာ ပေးလိုက်ပါ"

အေးအေးက ကိုတင်မြင့် လက်ထဲက သတင်းစာကို လှမ်းတောင်းလိုက်ပြီး သတင်းစာ တစ်နေရာကို လှမ်းထောက်ပြ၏။ ကျွန်မသည် အေးအေးပြသော နေရာမှ ကြော်ငြာတိုကလေးကို လှမ်းကြည့်လိုက်သည်။

**ထား**

စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ ဤကြော်ငြာကိုတွေ့လျှင် အမြန်ပြန်လာပါ။

**ကြီးကြီး**

ကျွန်မ ကြော်ငြာကိုဖတ်ပြီး သတင်းစာကို သင်ဖြူးပေါ်သို့ ပစ်ချလိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ"

"မင့် ကြီးကြီးနဲ့ မင့် ညီမကို မချစ်ဘူးလားဟင် ထား"

"ချစ်သားပဲ ဘာဖြစ်လို့လဲ"

"ချစ်ရင် တောင်ကြီးကိုပြန်ပါ ထားရယ်၊ ကိုယ့်မှာ ဆွေမျိုးရင်းချာဆိုလို့ ဒီတစ်ယောက်တည်း ရှိတော့တာပဲ။ အဘွားကြီး သနားပါတယ်။ ပြီးတော့ ထားခင်မူဆိုလည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလို့ မင်းပဲရှိတာ။ ကောင်မလေး သနားပါတယ်"

"ဟုတ်ပါတယ်၊ ကြီးကြီးညွှန့်အတွက်ရော၊ ထားခင်မူအတွက်ရော စိတ်မကောင်းပါဘူး"

"ဒါဖြင့် တောင်ကြီးကိုပြန်ပါ ထားရယ်"

အေးအေးက လိုက်လှဲစွာ ပြော၏။ ကျွန်မ ရင်ထဲမှာ တင်းကျပ်လာသဖြင့် အသက်ကို အားရပါးရ ရှူကြည့်ရ၏။

"တောင်ကြီးကို ပြန်ပါကွယ် နော် ထား"

"ပြောတော့ လွယ်လိုက်တာ"

ကျွန်မသည် ပါးစပ်က ခပ်တိုးတိုးကလေးသာ ရွတ်လိုက်ပါသည်။ သို့ရာတွင် ကျွန်မ စကားကို မျှော်လင့်ချက်ကြီးစွာ နားထောင်နေသည့် အေးအေးက ကြားသွား၏။

"ဘာဖြစ်လို့လဲဟင် ထား"

"လင်နဲ့ စိတ်ဆိုးပြီး ထွက်လာတဲ့ ကိုယ့်မျက်နှာကို တောင်ကြီးပြန်ပြီး ဘယ့်နှယ်လုပ်ပြရမလဲ အေး၊ ကိုယ် ရှက်တယ်။ ကိုယ့်သဘောနဲ့ကိုယ် လူစွမ်းကောင်းလုပ်

ထွက်လာပြီးမှ အောက်ကျို့ပြီး ပြန်ဝင်မယ်ဆိုရင် လောကမှာ ကိုယ့်လောက် ဇလောင်း ဇလဲနိုင်တဲ့ မိန်းမမျိုး ရှိဦးမလား"

"ခုဟာ အောက်ကျို့ဝင်တာ မဟုတ်ပါဘူးကွာ။ ကြီးကြီးညွှန့်ကိုယ်တိုင် သတင်းစာထဲက ပြန်ခေါ်တာပဲ"

ကိုတင်မြင့်သည် ဘာမျှ ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ စီးကရက်တစ်လိပ်ကို မီးညှိဖွာနေ၏။

"ကြီးကြီးညွှန့်တို့၊ ထားခင်မူတို့ကလည်း ဦးဇင်မောင်ဘက် ပါနေကြတာပဲ။ ကိုယ့်ဘက်မှာ တစ်ယောက်မှ မရှိဘူး။ ခုလိုထွက်လာပြီးတဲ့နောက် တောင်ကြီးကို ပြန်တာဟာလည်း ဦးဇင်မောင်ဆီ ပြန်ဝင်လာတာနဲ့ အတူတူပေါ့ အေး၊ ဘာထူးတော့မှာလဲ။ သူ့မှာ သူ့မာနနဲ့သူ ရှိသလို ကိုယ့်မှာလည်း ကိုယ့်မာနနဲ့ ကိုယ် မရှိရတော့ဘူးလား။ နဂါးမင်းမှာ ပြင်းထန်တဲ့အဆိပ် ရှိသလို၊ မြက်လျှော့မှာလည်း သူ့အတိုင်းအထွာကလေးနဲ့ သူတော့ အဆိပ်ရှိတာပါပဲ အေး"

"နေစမ်းပါဦး၊ သူ့မှာ ဘယ်လိုမာနမျိုးတွေများ ရှိနေလို့လဲဟင် ထား၊ ကိုယ်တော့ သိပ်စိတ်ညစ်တာပဲ"

အေးအေးက ခေါင်းကိုဖွ၍ ကုတ်နေသည်။

"ဘယ်လိုမာနမျိုး ရှိရမှာလဲကွ၊ မယားကို ပြန်ခေါ်တာကအစ သူ့နာမည်နဲ့ခေါ်ရင် သူက အောက်ကျို့တဲ့အနေ ရောက်မှာစိုးလို့ ကြီးကြီးညွှန့်နာမည်နဲ့ ပြန်ခေါ်တာကို ကြည့်ပေါ့။ မင်း မသိဘူး အေး၊ ကိုယ်သိတယ်"

ကျွန်မသည် အေးစက်စွာ ပြန်ပြောလိုက်၏။ အေးအေးတို့ လင်မယားသည် ကျွန်မ စိတ်လည်လာလေမလားဟူသော မျှော်လင့်ချက်ဖြင့် သတင်းစာကိုကိုင်၍ ကမန်းကတန်း ပေါက်လာကြခြင်းဖြစ်၏။ သို့ရာတွင် ကျွန်မအဖို့တော့ ကြော်ငြာကို မြင်လိုက်တော့မှ ဦးဇင်မောင်ကို ပို၍ နာကြည်းလာပါသည်။

"မင်း အယူအဆတွေဟာ သိပ်ပြင်းထန်လွန်းတယ် ထင်တယ်ထား၊ မင်း ခေါင်းအေးအေး စဉ်းစားပါ။ မင်းဟာ ကျန်းကျန်းမာမာ မဟုတ်ဘူး ဆိုတာကိုလည်း စဉ်းစားပါဦး"

"ကိုယ် စဉ်းစားပြီးပြီ အေး၊ ကိုယ်မချစ်တဲ့ လူတစ်ယောက်နဲ့အတူတကွ မနေနိုင်လို့ သားသမီး တိုးလိုးတွဲလောင်းနဲ့ ထွက်လာတဲ့ မိန်းမတွေ လောကမှာ တစ်ပုံကြီးပါကွာ။ ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုယ့်မှာက သူတို့လိုတောင် သား

သမီး မရှိသေးဘူး။ ခုမှ သန္ဓေသားကို လွယ်ရတုန်း ရှိပါသေးတယ်။ တကယ်တော့ ကိုယ်ဟာ သူတို့လောက်တောင် မပြင်းထန်သေးပါဘူး"

"ဟုတ်ပါတယ်။ ကိုယ်မချစ်တော့တဲ့ လင်တစ်ယောက်နဲ့ အတူမနေနိုင်လို့ သားသမီးတွေ တစ်လှေကြီးနဲ့ ရုန်းကန်နေရတဲ့ မိန်းမတွေ အများကြီးရှိပါတယ်။ ဒါကို ကိုယ်လည်း သိပါတယ်။ ဒါပေမဲ့"

အေးအေးသည် စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်ကာ ကျွန်မကို စူးစိုက်ကြည့်နေသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒါပေမဲ့ မင်းလိုပဲ လင်နဲ့ စိတ်ဆိုးပြီး ထွက်လာတဲ့ မိန်းမတွေနဲ့ မင်းနဲ့ ကွာခြားချက်ကြီးတစ်ချက်ရှိတယ်။ သိရဲ့လား"

"ဘာများ ကွာခြားနေလို့လဲ"

ကျွန်မက မေးလိုက်သည်။

"သည့်ပြင် မိန်းမတွေမှာ လင်နဲ့ စိတ်ဆိုးထွက်လာရင် ကိုယ့်မိဘ မောင်ဖွား၊ ဆွေမျိုးသားချင်းရဲ့ အရိပ်အာဝါသအောက်မှာ နေကြတယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ့်မိတ်ဆွေ သူငယ်ချင်းနဲ့အတူ နေကြတယ်။ ခု မင်းမှာတော့ တစ်ယောက်ထီးတည်းကြီး သူစိမ်းတစ်ရံဆံနဲ့ သွားနေလိုက်တာ၊ အချစ်ဆုံးပါဆိုတဲ့ ကိုယ့်ကိုတောင် အသိမပေးဘူး။ ဗိုလ်ချုပ်ဈေးထဲမှာ ရှောင်တခင် တွေ့ပေလို့သာ၊ မတွေ့များ မတွေ့ရင် ဘယ်လိုနေမယ် မသိဘူး"

ကျွန်မသည် ဘာမျှပြန်မပြောတော့ဘဲ အေးအေး၏ စကားများကို စဉ်းစားနေမိသည်။

"ဒီလို ဆွေမျိုးသားချင်းနဲ့ရော၊ မိတ်ဆွေ သူငယ်ချင်းနဲ့ရော အဆက်ပြတ်နေတာဟာ မပြင်းထန်လွန်းဘူးလား ထား။ လင်နဲ့ စိတ်ဆိုးလို့ လင်ကို အဆက်ဖြတ်တယ် ဆိုတာတော့ ထားပါတော့။ ခုတော့ မင်းဟာက မင်းအသိမိတ်ဆွေအားလုံးကို အဆက်ဖြတ်ပစ်လိုက်တာဟာ မလွန်လွန်းဘူးလား၊ ဆွေမျိုးသားချင်းရဲ့ အရိပ်အာဝါသ၊ အပေါင်းအသင်းရဲ့ အရိပ်အာဝါသဆိုတာ မိန်းမသားတစ်ယောက်အဖို့ အင်မတန် အေးချမ်းပါတယ် ထား။ လိုလည်း လိုအပ်ပါတယ်။ အထူးသဖြင့် လင်ရဲ့ အရိပ်အာဝါသအောက်က ထွက်လာတဲ့ မိန်းမတစ်ယောက်အဖို့ ပိုပြီး လိုအပ်ပါသေးတယ်။ ခုလိုအတိုင်း မင်းနေသွားရင် ရှေ့လျှောက် စော်ကားမော်ကားလုပ်မယ့်လူ

မရှိဘူးလို့ မင်း ပြောနိုင်မလား၊ ပတ်ဝန်းကျင်ကကော လင်နဲ့ကွဲလာတဲ့ မိန်းမတစ်ယောက်ကို ဘယ်လိုမြင်ကြမလဲ။ အပျိုဆိုရင်လည်း ထားပါတော့။ ခုတော့ မင်းလုပ်ပုံကြောင့် မင်းဟာ တစ်ခုလပ် တစ်လင်ကွာဘဝ ရောက်ခဲ့ရပြီ။ မင်းလင်ယူခဲ့တာဟာ တင့်တောင့်တင့်တယ်နဲ့ နေဖို့မဟုတ်ဘဲ ကွဲဖို့သက်သက် ယူသလို ဖြစ်နေပြီ"

အေးအေး၏ စကားများကို ကျွန်မ မငြင်းနိုင်ပေ။ သူ့စကားများသည် မှန်သင့်သလောက် မှန်ပေသည်။

"ဒီတော့ မင်း ကိုယ့်ကို ဘာလုပ်စေချင်သလဲ"

"ဘာမှမလုပ်နဲ့၊ ခုလောလောဆယ်မှာ ကိုယ့်အိမ် လိုက်နေဦး၊ နောင်ကျမှ အဆင်ပြေရင် ပြေသလို၊ မပြေရင်လည်း မပြေသလို ကြည့်လုပ်ရမှာပဲ။ မင်း ဒီလို တစ်ယောက်တည်း ကသီလင်တဖြစ်နေတာကို ကိုယ် မကြည့်နိုင်ဘူး၊ ဘယ့်နှယ်လဲ"

"ကျေးဇူးတင်ပါတယ် အေး၊ ဒါပေမဲ့ ကိုယ် စဉ်းစားပါရစေဦး"

ကျွန်မက ခပ်ဆိုင်းဆိုင်း ပြောလိုက်သည်။

"ကျေးဇူးတင်စရာလည်း မလိုဘူး၊ စဉ်းစားစရာလည်း မလိုဘူး"

"ကိုယ် အရေးပိုင် ဦးဖေအောင်ရဲ့ ကလေးတွေကို စာသင်ပေးနေတယ်။ သူတို့ကပဲ မော်တော်ကားနဲ့ လာခေါ်တယ်။ ပြန်ပို့တယ်။ သူတို့ကိုလည်း အကြောင်းကြားရဦးမယ်။ အိုကွာ ကိုယ့်အတွက် ဒုက္ခရှာမနေပါနဲ့တော့။ ဒီမှာလည်း ဖြစ်ပါတယ်"

"ဒုက္ခရှာတာ မဟုတ်ပါဘူး ထားရယ်။ ထားမှာ ကျန်းကျန်းမာမာ မဟုတ်တော့ အေးက စိတ်မချဘူး။ ကျွန်တော်တို့ဆီကို လာနေပါ။ ဘာမှ အားနာစရာမရှိပါဘူး"

ကိုတင်မြင့်က ဝင်ပြောသည်။

"ဩ မင်းစာသင်နေရတာက ဦးဖေအောင်ရဲ့ ကလေးတွေလား၊ ဟုတ်လား"

အေးအေးက ဝင်မေးလိုက်သဖြင့် ကျွန်မက ခေါင်းညိတ်ပြလိုက်ရ၏။

"ဘာဖြစ်လို့လဲ၊ ဦးဖေအောင်နဲ့ မင်းနဲ့ သိသလား"

"သိတော့ မသိဘူး။ သူ့အကြောင်း ကြားဖူးလို့ပါ။ ဒီလူကြီးဟာ မိန်းမနဲ့ ပတ်သက်လာရင် သိပ်နာမည်ကြီးတယ်"

အေးအေးက မျက်စိမျက်နှာပျက်ပျက်ဖြင့် ပြော၏။ ကျွန်မသည် ဦးဖေအောင်၏ အကြောင်းကို ဘာတစ်လုံးမျှသိသူ မဟုတ်ပေ။ ကျွန်မ သိသလောက်ဆိုလျှင် ဦးဖေအောင်သည် အစိုးရဘုတ်အဖွဲ့တစ်ခုတွင် အလုပ်လုပ်နေသော အိုင်စီအက်စ်ဘွဲ့ရ အသက် ၆၀ နီးပါး အငြိမ်းစားအရေးပိုင်တစ်ယောက်ဖြစ်၏။ သူ့တွင် သားကြီး

သမီးကြီးများရှိကြပြီး ယခု သားငယ် သမီးငယ်များနှင့်အတူ ဦးထွန်းမြတ်လမ်းတွင် နေထိုင်လျက်ရှိ၏။ ကျွန်မ သိသလောက်မှာ ဤမျှသာဖြစ်လေသည်။ ကလေးများ ကိုသာ စာသင်ပေးရသော ကျွန်မသည် ထိုထက်ပို၍လည်း သိစရာလိုသည်ဟု ကျွန်မ မယူဆပေ။ ကျွန်မ စ၍ အလုပ်ဝင်သည့် နေ့ကဆိုလျှင် ဦးဖေအောင်သည် ပြုံးရွှင် ဖော်ရွေစွာ သူ့သားသမီးငယ်များနှင့် မိတ်ဆက်ပေးသည်။ ထိုတစ်ခေါက်တွင်သာ ဦးဖေအောင်နှင့် စကားလက်ဆုံ ပြောလိုက်ဖူး၍ နောင်တွင်မူ ဦးဖေအောင်နှင့် အေးအေး ဆေးဆေး စကားပြောချိန် မရပေ။ အဝင်အထွက်တွေ့လျှင် ပြုံးရယ် နှုတ်ဆက်ရုံမျှ လောက်သာ ဖြစ်ပေသည်။

"အေးကလည်းကွာ ဘာတွေလျှောက်ပြောနေတာလဲ"

ခပ်လှမ်းလှမ်းမှ ကိုတင်မြင့်က ဝင်၍ တားပါသည်။ အေးအေးက ကိုတင်မြင့်ကို မျက်စောင်းထိုးလိုက်၏။

"ဘယ့်နှယ် မပြောရမှာလဲ။ ကိုယ့်သူငယ်ချင်းတစ်ယောက်လုံးကို အသိပေး တန်တာ ပေးထားရမှာပေါ့။ အရင်တစ်ခါ အေးတို့အိမ် ရောက်လာတဲ့ အဲလစ်ဆိုတဲ့ ကရင်မ နာနီလေး ဦးဖေအောင် စော်ကားလိုက်လို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပြီ မဟုတ်လား"

"ဒါတော့ အေးရယ် သတိထားနေရမှာပေါ့။ ကိုယ်ကောင်းရင် ခေါင်း ဘယ်မှ မရွေ့ပါဘူး။ အေးတို့ဆီ လိုက်နေဖို့ ဆိုတာကလည်း လောလောဆယ်ဆိုတော့ သိပ် မကောင်းသေးဘူး"

"ဒါဖြင့် ဘယ်တော့လောက် အေးတို့နဲ့အတူ လာနေမလဲ"

ကျွန်မသည် နံရံတွင် ချိတ်ဆွဲထားသော ပြက္ခဒိန်ကို လှန်ကြည့်ကာ စဉ်းစား နေသည်။ အတန်ကြာမှ...

"လကုန်လောက်ဆိုရင်ကော"

အေးအေးကလည်း ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သည်။

"လကုန်လောက်မှဆိုရင် ဒီနေ့မှ ၁၅ ရက်ဆိုတော့ နောက် ၁၅ ရက်လောက် နေဦးမယ်ပေါ့။ အေးလေ ဒါတော့ မင်းသဘောပဲ။ ကိုယ်ကတော့ မင်းကို အမြန်ဆုံး ပြောင်းလာစေချင်တာပဲ။ မွေးဖို့ ဖွားဖို့အတွက် ပြင်ချိန် ဆင်ချိန် ကောင်းကောင်းရ အောင်လို့ပါ။ ကဲ ဒါဖြင့် ဒီအတွင်းလည်း အားရင် ကိုယ်တို့ဆီ လာခဲ့ဦးပေါ့။ ကိုယ်က လည်း မကြာမကြာ လာပါ့မယ်။ ကိုယ်တို့သွားမယ်"

အေးအေးတို့ လင်မယားသည် ကျွန်မကို နှုတ်ဆက်၍ ဆင်းသွားကြ၏။ သူတို့ ပြန်သွားသောအခါတွင် အတော်မှောင်နေပေပြီ။ ကျွန်မသည် အမှောင်ထဲတွင် ကားနောက်မီးမှ မီးနီကလေး ပျောက်ကွယ်သွားသည်အထိ ငေးမော ကျန်ရစ်ခဲ့ပေသည်။

# [၂၅]

"ကလေးတွေကတော့ ဆရာမ ထွက်တော့မယ်ဆိုလို့ စိတ်မကောင်းဖြစ်နေကြတယ်။ သူတို့မေမေကလည်း တဖျစ်တောက်တောက်ပဲ"

ကျွန်မ ဧည့်ခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ဦးဖေအောင်သည် ဝရန်တာတွင် ဂေါက်သီးတုတ်တစ်ချောင်းနှင့် လေ့ကျင့်နေရာမှ ဝင်လာကာ ပြောလိုက်သည်။ ကျွန်မသည် ဘာမျှ ပြန်မပြောဘဲ ပြုံးကာ ဧည့်ခန်းက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ကလေးများမှာ စာသင်ပြီးဖြစ်၍ ရုပ်ရှင်သို့ ထွက်သွားကြသည်။

"အလုပ်က ထွက်တော့မယ်လို့ ဆရာမက ကလေးတွေကို မနေ့က ပြောပြတယ်ဆို"

"ဟုတ်ပါတယ် အန်ကယ်"

ဦးဖေအောင်သည် ဂေါက်သီးတုတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားပြီး ကြမ်းပြင်ကို ရွယ်၍နေ၏။ သို့ရာတွင် ကြမ်းပြင်ပေါ်တွင် ဘောလုံးမရှိဘဲ သက်သက်ရွယ်နေခြင်းသာ ဖြစ်ပေသည်။ အတော်ကြာရွယ်ပြီး ရိုက်မည့်ဟန်ပြုပြီးမှ မရိုက်တော့ဘဲ ဂေါက်သီးတုတ်ကို လက်တစ်ဖက်ထဲတွင် ကိုင်ကာ ကြမ်းပြင်ပေါ်တွင် အားပြုထောက်ထားလိုက်၏။ ဦးဖေအောင်သည် အသက် ၅၀ ကျော်သည့်တိုင်အောင် နုပျို၍နေပေသေးသည်။

"ဘာဖြစ်လို့လဲ ဆရာမ၊ ကလေးတွေကို သဘောမကျလို့လား။ ဒါမှမဟုတ် အန်ကယ်တို့ကို မကျေမနပ်တာ တစ်စုံတစ်ရာများ"

"အို အို မဟုတ်ပါဘူး အန်ကယ်။ ထားမှာ မီးဖွားရမှာမို့ ကြိုတင်ထွက်တဲ့ သဘောပါ"

ကျွန်မက သူ့စကားမဆုံးခင် ဖြတ်၍ ပြောလိုက်၏။ သည့်တော့မှ ဦးဖေအောင်သည် လက်ဖျောက်တီး၍ ပေါင်ကိုပုတ်လိုက်ကာ ရယ်နေသည်။

"ဟုတ်သားပဲ၊ အန်ကယ်က မေ့သွားတယ်။ မိန်းမများ အလုပ်လုပ်ရတာ

သိပ်မလွယ်ဘူးနော်၊ ကိုယ်ဝန်ဆောင် အမျိုးသမီး အမှုထမ်းတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့ ဥပဒေကို အန်ကယ်တို့ဆီမှာ ကျကျနနလုပ်ဖို့ကောင်းပြီ။ ဒီတစ်ပတ် လွှတ်တော်မှာတော့ အန်ကယ့်မိတ်ဆွေ အမတ်တစ်ယောက် တင်ဖို့ အကြံဉာဏ်ပေးဦးမှ ပဲ။ ယောကျ်ားက ကောင်းကောင်းမွန်မွန် အလုပ်လုပ်နိုင်တယ်ဆိုရင်တော့ ကိစ္စမရှိ ဘူးပေါ့။ ယောကျ်ားက ကောင်းကောင်းမွန်မွန် အလုပ်မလုပ်နိုင်လို့ မိန်းမသားက ရှာကျွေးရတဲ့ အိမ်ထောင်ဆိုရင် ဒုက္ခပေါ့။ ဒါထက် ဆရာမရဲ့ ခင်ပွန်းကကော ဘယ်မှာ အလုပ်လုပ်သလဲ။ အန်ကယ်တော့ ဆရာမရဲ့ ခင်ပွန်းကို တစ်ခါမှ မမြင်ဖူးသေးဘူး"

ကျွန်မသည် သည်မေးခွန်းကို ရောက်လာလိမ့်မည်ဟု နည်းနည်းမျှ မမျှော်လင့် ခဲ့ပေ။ အဖြေရခက်လှသော မေးခွန်းကို ကျွန်မ ဘယ်လိုလုပ်၍ ဖြေရမည်နည်း။ ကျွန်မသည် ဘာမျှပြန်မဖြေနိုင်ဘဲ အတန်ကြာ ငိုင်နေမိသည်။

"အားတဲ့ ပြုတဲ့အခါ ဆရာမ ခင်ပွန်းကိုလည်း အန်ကယ်တို့ဆီ ခေါ်ခဲ့ပါ"

"ဟုတ် ဟုတ်ကဲ့။ ထားမှာ ယောကျ်ား မ မရှိတော့ပါဘူး"

ကျွန်မ ပါးစပ်က အထစ်ထစ် အငေါ့ငေါ့ဖြင့် ထွက်သွား၏။

ကျွန်မသည် အေးအေးတို့မှအပ ယခု ကျွန်မရောက်နေသော ပတ်ဝန်းကျင်ကို မုဆိုးမ ဟန်ဆောင်၍ မုသားစကား ဆိုခဲ့သည်ဖြစ်ရာ ယခုကော ကျွန်မသည် မုသား သုံးရုံမှအပ ဘာများ တတ်နိုင်ပါတော့မည်နည်း။

"ဟင် ယောကျ်ားမရှိတော့ဘူး ဟုတ်လား"

"ဟုတ်ကဲ့ မကြာခင်ကပဲ ဆုံးသွားပါတယ်"

ကျွန်မသည် မထူးတော့သည့် အခြေမှာမို့ ဖွတ်မိုတ်၍ ပြောချလိုက်၏။

"အို ကျွတ် ကျွတ်၊ ဖြစ်မှ ဖြစ်ရလေဗျာ"

ဦးဖေအောင်သည် စုတ်သပ်ကာ သက်ပြင်းချလိုက်သည်။ ကျွန်မသည် ကျွန်မ ကိုယ် ကျွန်မ မလုံမလဲ ဖြစ်လွန်းလှသဖြင့် ခေါင်းကိုပင် မဖော်ရဲဘဲ ငုံ့ထားလိုက်ပေ သည်။ ဘယ်တုန်းကမှ မုသားမသုံးသော ကျွန်မသည် ယခုတော့ မုသားတစ်လုံးကို လွယ်လွယ်ကူကူ သုံးနေသည်ကို အံ့ဩစွာ တွေ့ရ၏။ ကျွန်မသည် မုသားမသုံးဘဲ တွေ့သမျှလူတိုင်းအား အမှန်တွေကိုချည်း ဖွင့်ပြောချင်ပါသည်။ သို့သော်လည်း ကျွန်မ ဘဝသည် အေးအေးကိုပင် ဟုတ်တိုင်းမှန်ရာကို ဖွင့်ပြော၍ မတင့်တယ်သော ဘဝပါ တကား။

ကျွန်မသည် ဦးဖေအောင်ကို ဘာမျှပြန်မပြောဘဲ နေလိုက်သည်။ တစ်အိမ်လုံး

တိတ်ဆိတ်လျက်ရှိ၏။ ကျွန်မ စာသင်ရသော ကလေးတွေသည် စာသင်အပြီး ရုပ်ရှင်သို့ ထွက်သွားကြသဖြင့် ကျွန်မသည် သူတို့အား လိုက်ပို့သည့် မော်တော်ကားအပြန်ကို စောင့်နေရခြင်းဖြစ်ပေသည်။

"ကျွန်မ ပြန်တော့မယ် အန်ကယ်။ မော်တော်ကား မစောင့်တော့ပါဘူး"

ကျွန်မက လက်ကိုင်အိတ်ကို ကောက်ယူ၍ ထလိုက်သည်။ ဦးဖေအောင်က လက်မှ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး ပျာပျာသလဲဖြင့် လက်ကာပြလိုက်သည်။

"အို ကလေးတွေ ရုပ်ရှင်ပို့ပြီး ခု ပြန်လာတော့မှာပါ။ သိပ်မကြာတော့ပါဘူး။ အန်ကယ်လည်း ကုက္ကိုင်းဘက်ကို သွားစရာရှိတယ်။ လမ်းကြုံသားပဲ။ အတူတူသွားကြတာပေါ့"

ဦးဖေအောင်သည် ဂေါက်သီးတုတ်ကို ဂေါက်သီးတုတ်များထားသော တန်းပေါ်တွင် သွား၍စိုက်၏။

"ဆရာမ မထွက်ပါနဲ့လို့ အန်ကယ် တောင်းပန်ချင်တာပဲ။ ကလေးတွေကလည်း ဆရာမအပေါ်မှာ သိပ် သံယောဇဉ်ကြီးပုံရတယ်။ မွေးဖို့ ဖွားဖို့အတွက်တော့ လိုသလောက် ခွင့်ယူပေါ့။ ဒီအတွက် လခလည်း အပြည့်ပေးထားမယ်။ ပြီးတော့ တခြားအကူအညီလိုရင်လည်း ပြောပါ။ အန်ကယ် တတ်နိုင်သလောက် ကူညီပါ့မယ်"

"ဟုတ်ကဲ့ အန်ကယ်၊ လိုတော့ ပြောပါ့မယ်။ ခုတော့ မလိုသေးပါဘူး"

အိမ်ရှေ့မှ မော်တော်ကားဆိုက်သံကို ကြားရ၏။ ဦးဖေအောင်သည် အိမ်ရှေ့ပေါ်တီကိုဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

"ကဲ ဆရာမ ခဏစောင့်ပါဦးနော်။ အန်ကယ် အဝတ်အစား လဲလိုက်ဦးမယ်"

ကျွန်မသည် စားပွဲပေါ်တွင်ရှိသော အင်္ဂလိပ်ရုပ်စုံမဂ္ဂဇင်းများကို ကြည့်၍ ကျန်ရစ်ခဲ့သည်။ ခဏကြာလျှင် ဦးဖေအောင်သည် ရေမိုးချိုး အဝတ်အစားလဲပြီး ထွက်လာသည်။

"ကဲ သွားကြစို့ ဆရာမ"

ကျွန်မသည် ထိုင်ရာမှ ရုတ်ခနဲ ထလိုက်၏။ ခေါင်းထဲတွင် မူးဝေကာ မျက်လုံးတွေ ပြာသွားသည်။ ကျွန်မသည် ယိုင်လဲတော့မလို ဖြစ်သွားသည်။ ဦးဖေအောင်က ကျွန်မ ပခုံးနှစ်ဖက်ကို နောက်မှနေ၍ ဖမ်းကိုင်ထားလိုက်သဖြင့်သာ လဲကျမသွားခြင်းဖြစ်လေသည်။

"ဆရာမ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး အန်ကယ်၊ ရုတ်တရက် ထလိုက်လို့ မူးသွားတာပါ"

ကျွန်မက မျက်လုံးများကိုမှိတ်ကာ နားထင်နှစ်ဖက်ကို လက်မ၊ လက်ညှိုးတို့ဖြင့် ညှပ်ကိုင်ထားရင်း ပြောလိုက်သည်။

"ဒါဖြင့် ဆိုဖာပေါ်မှာ ခဏပြန်ထိုင်လိုက်ဦး။ လာ လာ။ ဟေ့ ဘယ်သူရှိသလဲဟေ့။ အော်ဒီကလုံး ယူခဲ့စမ်း"

ဦးဖေအောင်က ကျွန်မအား ပခုံးနှစ်ဖက်မှ တွဲကာ ဆိုဖာပေါ်သို့ တွဲခေါ်လာပြီး အထိုင်ခိုင်း၏။ ကျွန်မသည် ဆိုဖာပေါ်၌ နောက်မှီကိုမှီကာ ခေါင်းကို မော့ထားပြီး အသက်ကို ခပ်ပြင်းပြင်း ရှူကြည့်ရ၏။ ခဏထိုင်၍ နေလိုက်တော့မှ အသက်ရှူချောင်လာလေသည်။ ဦးဖေအောင်က အော်ဒီကလုံး ရေမွှေးကို ကျွန်မလက်ကိုင်ပဝါတွင် ဆွတ်ကာ ကျွန်မ နှာဝကို တော့ပေးသည်။ ကျွန်မက လက်ကိုင်ပဝါကို လှမ်းယူကာ ကျွန်မဘာသာ ကျွန်မ ရှူ၏။

ကျွန်မသည် ဦးဇင်မောင်နှင့် ဦးဖေအောင်တို့နှစ်ဦး၏ ကွာခြားပုံကို သတိထားလိုက်မိသည်။ ဦးဇင်မောင်သည် ကျွန်မကိုချစ်သည်ဟုသာ ဆိုသော်လည်း ဦးဖေအောင်လောက်မှ အလိုက်သိတတ်သူ မဟုတ်ပါတကားဟု အောက်မေ့လိုက်မိပါသည်။ ကျွန်မယောကျာ်း ဦးဇင်မောင်သည် အေးစက်လွန်းသလောက် ဦးဖေအောင်ကား ကျွန်မကိုကြည့်၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

"ဆရာဝန် ခေါ်ဦးမှထင်တယ်။ ဘယ့်နှယ်နေသေးလဲ ဆရာမ။ အန်ကယ် ဖုန်းဆက်ခေါ်လိုက်မယ်လေ"

"နေပါစေ အန်ကယ်၊ ပျောက်သွားပါပြီ"

"အို အို ခဏလေး နေလိုက်ပါဦး။ ဟေ့ သံပရာရည် တစ်ခွက်ယူခဲ့ကြဟေ့။ မြန်မြန်၊ မြန်မြန်၊ ကလေးတွေ မေမေကတော့ နားလည်တယ်။ သူလည်း ခုထိ အပြင်ထွက်သွားတာ ပြန်မလာသေးဘူး၊ ဒုက္ခပဲ"

ဦးဖေအောင်သည် အစေခံတစ်ယောက် ယူလာသော သံပရာဖျော်ရည်ကို အသောက်ခိုင်း၏။ ကျွန်မသည် သံပရာရည်ကို တစ်ဝက်ကုန်အောင်ပင် မသောက်နိုင်ပေ။

"ကိစ္စမရှိပါဘူး အန်ကယ် ကောင်းသွားပါပြီ။ ဒီလိုပဲ တစ်ခါတလေ ဖြစ်တတ်ပါတယ်။ သွားချင်ရင် သွားလို့ရပါပြီ"

"ဖြစ်ပါ့မလား ဆရာမ"

"ဖြစ်ပါတယ် အန်ကယ်"

"ကဲ လာ လာ ဒါဖြင့် သွားစို့။ ဟော့ ဘရှင်ရေ၊ ငါ့ကို လိုက်မပို့နဲ့တော့ဟေ့၊ ရုပ်ရှင်ပြီးချိန် တန်ရင်သာ ကလေးတွေကို ဂျစ်ကားနဲ့ သွားကြိုလိုက်တော့။ ငါ ကိစ္စရှိလို့ နည်းနည်းမိုးချုပ်လိမ့်မယ်လို့လည်း မင်းမမကို ပြောလိုက်"

ဦးဖေအောင်က မော်တော်ကားတံခါး ရှေ့ခန်းကိုဖွင့်၍ ကျွန်မအား တက်စေသည်။ ကျွန်မသည် သူဖွင့်ပေးသော တံခါးမှဝင်ကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ဦးဖေအောင်က မော်တော်ကားကို သူကိုယ်တိုင်မောင်း၍ ထွက်လာသည်။ တစ်လမ်းလုံး ဦးဖေအောင်သည် ကျွန်မ နေရေးထိုင်ရေးများကို မေးမြန်းကာ ကျွန်မ အလုပ်မှ မထွက်ရန် တဖွဖွပြောလာသည်။ ကျွန်မကား ဘာမျှပြန်မပြောမိပါ။ ကျွန်မအဖြစ်ကို ကျွန်မ တွေးရင်းသာ လိုက်ပါလာသည်။ ကျွန်မ လုပ်ပုံများသည် ဟုတ်မှ ဟုတ်ပါ့မလားဟု ပထမဆုံးအကြိမ် သံသယတွေ ဝင်လာပါသည်။ လင်နဲ့ စိတ်ဆိုးထွက်လာသော မိန်းမတစ်ယောက်သည် အခြားသော သူစိမ်းတစ်ရံဆံ ယောကျာ်းနှင့် ယခုကဲ့သို့ အတူတကွ သွားလာနေခြင်းသည် သင့်တော်ပါမည်လော။ ကျွန်မ ယခုလို တွဲသွားသည်ကို ဦးဇင်မောင် မြင်လျှင် မည်သို့နေမည်နည်း။ ကျွန်မ၏ မိတ်ဟောင်းဆွေဟောင်းများ မြင်လျှင်ကော တင့်တယ်ပါမည်လော။ ကျွန်မသည် အတိမ်းအစောင်းမခံသော ကျွန်မ၏ အခြေအနေကို ပြန်၍ စဉ်းစားမိပါသည်။ လင်သားနှင့် ကွဲကွာ၍ မိဘမောင်ဖား၏ အုပ်ထိန်းမှုမှလည်း ကင်းဝေးကာ မိတ်ဆွေ သူငယ်ချင်းနှင့်ပင် အဆက်ပြတ်နေသော ကျွန်မ၏ ဘဝသည် ကြိုးတန်းပေါ် လမ်းလျှောက်ရသူ၏ ဘဝနှင့်တူပေသည်။ အနေမတတ်၍ တစ်ချက်တိမ်းလိုက်သည်နှင့် ကျွန်မသည် ချောက်ကမ်းပါးကြီးထဲသို့ လွင့်စဉ် လိမ့်ကျသွားမည်သာ ဖြစ်၏။ ချောက်ကမ်းပါးထဲတွင်ကား သားကောင်ကို ငံ့လင့်သော သားရဲတိရစ္ဆာန်တို့ ရှိပေသည်။ ဤသားရဲ တိရစ္ဆာန်များကြားသို့ ကျရောက်သွားသည်နှင့် ကျွန်မသည် ဝါးမျိုဖျက်ဆီးခံရမည်သာ ဖြစ်၏။ သားရဲတိရစ္ဆာန်တို့ဆိုသည်မှာ ဒုက္ခကောင်ကို သနားရိုးထုံးစံ ရှိပါသလော။ သူတို့ရှေ့မှောက်တွင် ပါးပြင်ကို မျက်ရည်လူး၍ အနူးအညွတ် တောင်းပန်၍လည်း ရနိုင်သလော။ ကျားဆိုသည်မှာ အသားကိုသာ စားတတ်၏။ အသားစားသော ကျားကို ဟင်းသီးဟင်းရွက်စားရန် ကျွန်မသည် တောင်းပန်၍ ရပါမည်လော။

ကျွန်မသည် ယခုမှ ကြိုးတန်းပေါ် လမ်းလျှောက်သူ၏ ဘဝလို အတိမ်းအစောင်းမခံသော ကျွန်မဘဝကို ကျွန်မ သတိထားမိပေသည်။ ဦးဖေအောင်သည်

ကျွန်မ အဖေလောက်ရှိသူဖြစ်၍ သာမန်အားဖြင့် ကြည့်လျှင် ကြောက်စရာမဟုတ်သော်လည်း ဦးဖေအောင်နှင့် ပတ်သက်သော အေးအေးတို့၏ စကားများကို ကြားယောင်လာပေသည်။

မော်တော်ကားသည် အင်းလျားကန်ပေါင်အောက်မှ ကမ္ဘာအေးလမ်းမကြီးပေါ်တွင် ပြေးလွှားလျက်ရှိ၏။ ဦးဖေအောင်သည် ကြက်ကျွန်းလမ်းခွဲသို့ ရောက်သောအခါ လမ်းချိုးထဲသို့ ကွေ့ဝင်လိုက်သည်။

"အသက်ရှူကျပ်တာ သက်သာသွားအောင် လေနည်းနည်း ရှူပေးလိုက် ဟုတ်လား ဆရာမ"

"ဟင့်အင်း ထား မရှူချင်ဘူး။ ကိစ္စမရှိပါဘူး အန်ကယ်။ ပျောက်သွားပါပြီ။ ထား အိမ်ပြန်မိုးချုပ်နေလိမ့်မယ်"

ကျွန်မက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် သူ့ကိုကြည့်၍ ပြောလိုက်သည်။ ဦးဖေအောင်သည် တဟားဟား ရယ်မောနေသည်။

"စောပါသေးတယ် ဆရာမရ၊ ခုမှ ၆ နာရီထိုးသေးတယ်။ ကိစ္စမရှိပါဘူး။ လေကောင်းလေသန့် ရှူလိုက်ရင် ပျောက်သွားမှာပဲ။ ကလေးတွေ မေမေကတော့ ဒီလို မကျန်းမာဘူးဆိုရင် လေရှူတာပဲ။ လေရှူတာဟာ သွေးထဲမှာ အဆိပ်အတောက်ကင်းစေတယ်၊ သွေးသား သန့်ရှင်းစေတယ်။ အန်ကယ်လေ ညအိပ်ရာဝင်ရင် အကြောအခြင်တွေ အကုန်လျော့ပြီး"

"ထား သိပ်နောက်ကျနေလိမ့်မယ် အန်ကယ်"

ကျွန်မက ကြားဖြတ်၍ ပြောလိုက်၏။

"ခဏလေးပါ။ အဲ ခု စကားပြောတာ ဘယ်ရောက်သွားပါလိမ့်။ ဩော် ဟုတ်ပြီ၊ အကြောအခြင်တွေ အကုန်လျော့ပြီး မိနစ် ၂၀ လောက် အသက်ကို အားရပါးရရှူတယ်။ အဆုတ်တစ်ခုလုံး ပြည့်သွားအောင် ရှူထုတ်ပစ်တော့လည်း အဆုတ်ထဲမှာ ဘာမှ မကျန်ရစ်အောင် ထုတ်ပစ်လိုက်ရတယ်။ သိပ် အိပ်လို့ကောင်းတယ်။ စိတ်လည်း လန်းဆန်းတယ်။ ဆရာမလည်း ဒီလို ထွက်သက် ဝင်သက် ရှူပေးဖို့ ကောင်းတယ်"

ဦးဖေအောင်သည် သူ၏ 'ရှူရှိုက်' တရားကို တသွင်သွင်ပြောလာချေသေး၏။ ကျွန်မသည် ဘာမျှမပြောသာတော့ဘဲ ထိုင်လိုက်ခဲ့ရပေသည်။

ကြက်ကျွန်းတစ်ဝိုက်တွင် လူအသွားအလာ မစဲသေးပေ။ အိမ်ခြံကလေးများထဲ

တွင် သစ်ပင် ရေလောင်းသူများကို မြင်ရ၏။ လေညင်းခံလာသော မော်တော်ကား အချို့ကိုလည်း တွေ့ရသည်။ အင်းလျားကန် ရေပြင်ကို စိမ်းညို့သော သစ်ပင်အုပ် တွေကြားမှ မြင်ရ၏။

ဦးဖေအောင်သည် မော်တော်ကားကို ကမ်းစပ် မရန်းပင်တစ်ပင်အောက်မှာ ထိုးရပ်လိုက်၏။ ခပ်လှမ်းလှမ်းတွင် ကားတစ်စီး ဆိုက်ထား၏။ ကားထဲတွင် မိန်းမ တစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ထိုင်နေကြသည်။ သမီးရည်းစားလား၊ ညားခါစ လင်မယားလား မပြောတတ်ပေ။

"ကဲ ဘယ်လောက်သာယာသလဲ၊ ကြည့်စမ်း။ တိမ်တောက်နေပုံတွေ၊ ရေပြင်မှာ အရောင်ဟပ်နေပုံတွေကို မြင်ရတာ သိပ်ကြည်နူးစရာကောင်းတာပဲ။ ဒီမှာဆိုရင် လေရှူရတာလည်း အတားအဆီးမရှိဘူး။ ကန်ရေပြင်ကို ဖြတ်တိုက်လာတော့ သိပ် သန့်ရှင်းတယ်။ ကိုယ်ဝန်ဆောင်ဆိုတာ စိတ်ကြည်ကြည်လင်လင်ဖြစ်အောင် နေရ တယ်"

ဦးဖေအောင်သည် ကားတံခါးကိုဖွင့်၍ ဆင်းသွားကာ သူကိုယ်တိုင် လက်နှစ် ဖက်ကို မြှောက်လိုက် ချလိုက်ဖြင့် လေရှူနေ၏။

"လာလေ ဆရာမ"

"ကိစ္စမရှိပါဘူး အန်ကယ်၊ ထား သည်ပေါ်မှာပဲ နေပါရစေ"

ဦးဖေအောင် ပြောသလိုပင် ကျွန်မစိတ်သည် ကြည်နူးလန်းဆန်းလာသည်ဟု ထင်ရ၏။ ယနေ့မှာ နေသာသောနေ့ဖြစ်၏။ ဝင်လုဆဲနေသည် မည်းမှောင်သော တိမ်တိုက်တို့နောက်တွင် ရွှန်းလင်းလျက်ရှိ၏။ တိမ်တိုက်အနားများသည် ငွေရောင် တောက်နေကြပေသည်။ တိမ်တိုက်တိုင်း၌ ငွေရောင်အနားကွပ်တစ်ခုတော့ ရှိကြစမြဲ ဟု ဆိုကြသည် မဟုတ်ပါလော။

ကျွန်မ၏ဘဝ၌လည်း ငွေနားကွပ်တစ်ခုရှိသည့် အလှည့်တော့ ကြုံရဦးမည်ဟု ကျွန်မ ထင်ပါသည်။

"ဆရာမအတွက် အန်ကယ် စိတ်မကောင်းလိုက်တာ"

ကျွန်မသည် ဦးဖေအောင် စကားများကို ကြားလိုက်တော့မှ အိပ်ရာမှ လန့်နိုး သူလို သူ့ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မော့ကြည့်လိုက်မိသည်။ ဦးဖေအောင်၏ မျက်လုံးများသည် ကျွန်မကို စိုက်ကြည့်နေကြသည်။ ကျွန်မသည် အလိုလို ကျောချမ်း လာပါသည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရတဲ့ မိန်းမတွေဟာ သနားစရာ အကောင်းဆုံးပဲလို့ အန်ကယ်ထင်တယ်"

သစ်ပင်ပေါ်မှ ကျွန်မ ပခုံးပေါ်သို့ ကျလာသော ပုရွက်ဆိတ်ကလေးကို ဦးဖေအောင်က လက်ဖြင့် တောက်၍ ဖယ်ရှားလိုက်၏။ ကျွန်မသည် သူ့အပြုအမူတွေကို ကြည့်ရင်း စိမ့်၍ စိမ့်၍ ကြောက်လာပါသည်။ အေးအေးပြောဖူးသည့် ကရင်မ နာနီအဲလစ်ကို သွား အမှတ်ရလိုက်ပါသည်။

"ထား ပြန်ချင်ပြီ အန်ကယ်"

ကျွန်မက အသံတုန်တုန်ဖြင့် ပြောလိုက်၏။

"ပြန်တာပေါ့၊ အန်ကယ်လေ ဆရာမကို တူမလေးလို ခင်တယ်။ သမီးလို ချစ်တယ်ဆိုရင်လည်း ဟုတ်တယ်။ ဒီတော့ ဆရာမ ကလေးတွေကို ဆက် စာသင်ပေးပါလို့ အန်ကယ် တောင်းပန်ချင်တယ်။ ဆရာမ မွေးဖွားပြီးတဲ့အထိလည်း အန်ကယ်တို့က အားလုံးတာဝန်ယူပေ့ါမယ်။ အန်ကယ်တို့အိမ်ကို ပြောင်းနေချင်တယ်ဆိုရင်တော့ အန်ကယ်တို့အဖို့ ဝမ်းအသာဆုံးပဲ။ ဘယ့်နှယ်လဲ ဆရာမ၊ စိတ်ပြေလက်ပျောက် အန်ကယ်တို့အိမ်မှာ နေပေ့ါ။ နောက် အလုပ်တစ်ခု ရှာချင်သေးသပဲ့ါဆိုရင်လည်း အန်ကယ်တို့အိမ်ကနေပြီး ရှာပေ့ါ။ အန်ကယ်လည်း ရှာဖွေပေးနိုင်ပါတယ်၊ ဘယ့်နှယ်လဲ ဆရာမ"

"ရှိပါစေတော့ အန်ကယ်၊ ကျေးဇူးတင်ပါတယ်။ ထားကို သူငယ်ချင်း တစ်ယောက်ကလည်း အတင်းခေါ်နေပါတယ်။ ပထမတော့ သူ့အိမ်ကို သွားနေရပါဦးမယ်။ ထားနဲ့ သိပ်ခင်တဲ့ သူငယ်ချင်းဖြစ်လေတော့ သူ့အိမ်မှာ မနေလို့ မကောင်းပါဘူး။ နောက်ကျမှသာ အဆင်ပြေသလို ကြည့်ပြီး"

ကျွန်မသည် ဦးဖေအောင်ကို လှမ်းကြည့်၍ ပြောလိုက်သည်။ သို့ရာတွင် နောက်ထပ် စကားမဆက်နိုင်တော့ပေ။ ကျွန်မ၏ မျက်လုံးများသည် တစ်စုံတစ်ရာကို မြင်လိုက်ရသည်။ မြင်လိုက်သည်နှင့် မျက်လုံးတွေ ပြာဝေသွားကာ ကျွန်မ နှလုံးသည် အခုန်ရပ်သွားသည်ဟု ထင်လိုက်ရသည်။ ကျွန်မသည် မျက်စိများ မှားလေသလားဟု သေသေချာချာ ကြည့်ပါသည်။ သို့ရာတွင် ခပ်လှမ်းလှမ်းရှိ ကားပေါ်မှ စုံတွဲကား ဦးဇင်မောင်နှင့် ထားခင်မူပေတည်း။

ထားခင်မူသည် မော်တော်ကားပေါ်တွင် တရှုပ်ရှုပ် ငိုလျက်ရှိသည်။ ဦးဇင်မောင်က မော်တော်ကား လက်ကိုင်ဘီးတွင် ထိုင်ကာ ထားခင်မူကို ချော့မော့နှစ်သိမ့်နေဟန် တူပါသည်။ ဦးဇင်မောင်နှင့် ထားခင်မူတို့၏ ဆက်ဆံရေးသည် မည်သို့သော

ဆက်ဆံရေးမျိုးပေနည်း။ ကျွန်မ တွေးထင်ခဲ့သည့်အတိုင်း ဦးဇင်မောင်သည် ထားခင်မူကို အပိုင်သိမ်းလေပြီလော။ ဦးဇင်မောင်သည် ရာဂနတ် ဖမ်းစားခြင်းခံရသော ပဒေသရာဇ် ရှင်ဘုရင်တစ်ပါးလို ဆွေစဉ်မျိုးဆက် လိုက်၍ သိမ်းနေပြီလော။ ဦးဇင်မောင်သည် အကြံပက်စက်လေခြင်းဟု ကျွန်မ ယူဆလိုက်ပါသည်။

"ဆရာမ ဘာဖြစ်လို့လဲဟင်"

ဦးဖေအောင်က ကျွန်မကို မေးလိုက်၏။

"ဘာ ဘာမှမဖြစ်ပါဘူး အန်ကယ်။ ခေါင်းထဲမှာ ရိပ်ခနဲ မူးနေလို့ပါ။ ထား ပြန်ချင်ပြီ အန်ကယ်"

ဦးဖေအောင်သည် ကျွန်မလက်များကို စမ်းကြည့်လိုက်၏။ ကျွန်မက ရုန်းလိုက်သည်။ သို့ရာတွင် မလွတ်တော့ပါ။ ကျွန်မ၏လက်ဖဝါးများသည် သူ၏ ပူနွေးကျယ်ပြန့်သော လက်ဖဝါးကြီးထဲတွင် အေးစက်နေပါသည်။

"ဟင် ဟုတ်သားပဲ၊ လက်ဖဝါးတွေလည်း အေးလို့ပါလား။ ကဲ ပြန်ကြမယ်"

ဦးဖေအောင်သည် မော်တော်ကား တံခါးကို ဖွင့်ကာ ကားကို စက်နှိုးလိုက်သည်။ ကျွန်မသည် လက်ကိုင်ပဝါကိုထုတ်၍ နှာခေါင်းနှင့် ပါးစပ်ကိုအုပ်ပြီး ဦးဇင်မောင်တို့ မော်တော်ကားဆီသို့ လှမ်းကြည့်လိုက်မိပါသေးသည်။ ဦးဇင်မောင်သည် တရှုပ်ရှုပ် ငိုလျက်ရှိသော ထားခင်မူ၏ နဖူးမှ ဆံစများကို သိမ်းပေးကာ ချော့မော့နေပါသည်။ ကျွန်မသည် ဤမြူလောက် ယုတ်မာသော ယောကျ်ားတစ်ယောက်၏ ရင်ခွင်ထဲသို့ ဝင်ခဲ့မိလေခြင်း၊ မေမေသည်လည်း ကျွန်မကို ဤယောကျ်ားယုတ်၏ လက်ထဲသို့ ဝကွက်အပ်ခဲ့လေခြင်းဟု စိတ်ဆိုးဒေါသဖြစ်မိပါသည်။

"တော်တော် မူးသလား ဆရာမ"

ဦးဖေအောင်သည် တစ်လမ်းလုံး တိတ်ဆိတ်စွာ လိုက်ပါလာသော ကျွန်မသို့ လှမ်းမေး၏။

"နည်းနည်းမူးတယ် အန်ကယ်။ ကိစ္စမရှိပါဘူး။ အိမ်ရောက်လို့ အိပ်ရာပေါ် လှဲလိုက်ရင် ပျောက်သွားမှာပါ"

ကျွန်မက ဣန္ဒြေရရ ပြောလိုက်၏။ ယခုတော့ ကျွန်မသည် ရှောင်တတ်တိမ်းတတ်သော အတတ်ပညာကို နားလည်၍ နေပါပြီ။ ဟန်ဆောင်တတ်သော အတတ်ပညာကို နားလည်နေပါပြီ။ ကျွန်မသည် ကျားလို ရက်စက်သော ဦးဇင်မောင်ကို တွေ့ခဲ့ဖူးပြီဖြစ်၏။ ယခုတစ်ဖန် ကျားလို အလစ်ချောင်းသော ဦးဖေအောင်ကို

တွေ့နေရပြန်ပေပြီ။ ကျွန်မ၏ အတွေ့အကြုံများသည် ကျွန်မအား သားရဲတို့၏ ဘေးမှ ဘယ်လို ရှောင်ရတိမ်းရမည်ဆိုသည့် သင်ခန်းစာကို ပေးလိုက်ပေပြီ။ ကျွန်မတို့ လောကသည် နိုင်ရာက စားနေသော လောကဖြစ်ရာ အနိုင်မခံရအောင် ရှောင်တိမ်းတတ်ခြင်း မရှိလျှင်လည်း ကျွန်မသည် ဝါးမျိုစားသောက်ခြင်း ခံရတော့မည် မဟုတ်ပါလော။ လိပ်ပြာကလေးတစ်ကောင်သည်ပင်လျှင် နိုင်ရာစား တိရစ္ဆာန်တို့၏ ဘေးအန္တရာယ်မှ လုံခြုံရန် သူ့ကိုယ်သူ သစ်ရွက်ခြောက်ကလေးတစ်ရွက်ဟန် ဆောင်တတ်သေးလျှင် လူတစ်ယောက်ဖြစ်သော ကျွန်မသည်လည်း ကျွန်မ လုံခြုံရေးအတွက် ရှောင်တတ် တိမ်းတတ်ရတော့မည် မဟုတ်ပါလော။

"ဆရာမကို ကြည့်ရတာ တော်တော် နေထိုင်မကောင်းသလိုပဲ"

ဦးဖေအောင်က လမ်းကွေ့တစ်ခုကို ကွေ့ရင်း ပြောလိုက်၏။

"ဟုတ်ကဲ့ အန်ကယ်"

ကျွန်မက ခပ်တိုးတိုးပင် ပြောလိုက်ပါသည်။ သည်စကားကို သည်တွင် ရပ်စေချင်ပါပြီ။ ကျွန်မသည် ဦးဖေအောင်ပြောသလို ကောင်းစွာ နေမကောင်းပါ။ သို့ရာတွင် လူနေမကောင်းခြင်း မဟုတ်၊ စိတ်နေမကောင်းခြင်းသာ ဖြစ်ပေသည်။

ယခုတော့ ဦးဇင်မောင်သည် နောက်ထပ် သားကောင်တစ်ကောင်ကို အမိအရ ဖမ်းပြန်လေပြီ။ ကျွန်မအဖို့တော့မူ ယောကျ်ားကောင်းနှင့် ယောကျ်ားဆိုးကို ခွဲခြားသိတတ်ပါပြီ။ ထားခင်မူသည် ဘာမျှ မသိသေးသောအရွယ် ဖြစ်ပါသည်။ ထားခင်မူသည် ဦးဇင်မောင်၏ လက်တွင်း၌ မည်သို့ နေရာမည်နည်း။ ကျွန်မသည် ဘာမျှလည်း မတတ်နိုင်တော့ပါတကား။

## [၂၆]

ကျွန်မ၏ မီးဖွားရက်မှာ တရွေ့ရွေ့ နီးကပ်လာပေသည်။ ကျွန်မသည် အေးအေးတို့ နားပူနားဆာလုပ်လွန်း၍ အေးအေးတို့အိမ်သို့ ပြောင်းခဲ့ရ၏။ ကိုယ်ဝန်ရင့်မာလာပြီ ဖြစ်သဖြင့် အေးအေးသည် ကျွန်မအား ဘာအလုပ်ကိုမျှ လုပ်ခွင့်မပေးတော့ပေ။ ဦးဖေအောင် ရိသဲ့သဲ့လုပ်သည့်အကြောင်းကို ကျွန်မက အေးအေးအား ပြောသောအခါ၌ အေးအေးသည် တဆတ်ဆတ်တုန်ကာ သွား၍ ရန်ထောင်မည် တကဲကဲ လုပ်ပါသေးသည်။ ကျွန်မကိုလည်း ဦးဖေအောင့်အိမ်တွင် စာမသင်ရဟု

အတင်း နုတ်ထွက်ခိုင်းလိုက်ပါသည်။ ထို့ကြောင့် ဘာအလုပ်မျှ မရှိတော့ပါ။ အေးအေးတို့ လင်မယားက သဘောကောင်းကြသော်လည်း သူတို့ကို အားနာလှပါသည်။ လောကကြီးသည် နိမ့်သူကို နင်းသော လောကကြီးဖြစ်၍ လူတွေကလည်း မြေနိမ့်ရာ လှံစိုက်တတ်ကြသည်ဟု ကျွန်မ ထင်ခဲ့သော်လည်း လောကတွင် အေးအေးတို့လို လူတွေ ရှိပါသေးသလားဟု ကျွန်မ သဘောပေါက်လာပါသည်။

အေးအေးသည် ညနေတိုင်လျှင် ကျွန်မအား လမ်းလျှောက်စေ၏။ အစားအသောက်ကို ဆင်ခြင်ရန် သတိပေး၏။ အေးအေးသည် မိခင်တစ်ယောက်က သမီးတစ်ယောက်ကို စောင့်ကြပ် ကြည့်သလို ကျွန်မကို စောင့်ကြပ်၏။ ကျွန်မမှာ အေးအေး၏ စည်းကမ်းများမှာ တင်းကျပ်သော်လည်း သူ့စေတနာကြောင့် အားတက်ရပါသည်။

"အေးရယ် ကိုယ်ဟာ ကလေးတစ်ယောက်လည်း မဟုတ်တော့ပါဘူး။ ဒီလောက်လည်း မစိုးရိမ်စမ်းပါနဲ့။ မင်းက အစစအရာရာ လိုက်အုပ်ထိန်းနေတော့ ကိုယ် ဘယ်လိုလုပ် နေရတော့မှာလဲ။ ကိုယ့်အသိ၊ ကိုယ့်စဉ်းစားဉာဏ်နဲ့ ကိုယ်လုပ်ချင်တာကလေးများရှိရင်လည်း လုပ်စမ်းပါရစေဦး"

ကျွန်မ အလွတ်ပညာသင် ကျောင်းတစ်ကျောင်းတွင် ကျောင်းဆရာမ လျှောက်၍ အေးအေးက ဇွတ်အတင်း ကန့်ကွက်သဖြင့် ကျွန်မက ပြောမိ၏။

"ဒီမှာ မရွှေထား၊ ကျုပ်ပြောမယ် နားထောင်စမ်း"

အေးအေးက အတည်လိုလို အပျက်လိုလိုဖြင့် ကျွန်မပခုံးကို ဆွဲလှည့်ကာ ကျွန်မမျက်နှာကို စေ့စေ့ကြည့်၍ ဆိုသည်။

"ရှင်ဟာ ငယ်တော့တာ မဟုတ်ဘူး။ ကျောင်းဆရာမကြီးတစ်ယောက် ဖြစ်နေပြီ။ စိတ်နောက်ကိုယ်ပါတွေ လျှောက်လျှောက်ပြီး လုပ်မနေစမ်းနဲ့။ အဲဒါတော့ ကျုပ် ခွင့်မပြုနိုင်ဘူး သိလား။ ကျုပ်ကို ဘာပဲပြောပြော ရှင့်ကို တားမြစ်တန် တားမြစ်ရလိမ့်မယ်"

"ကိုယ်က ဘာတွေများ စိတ်နောက်ကိုယ်ပါ လုပ်နေလို့လဲ အေးရယ်။ အလုပ်မလုပ်ရတော့ဘူးလား"

ကျွန်မက အေးအေးကို မေးလိုက်သည်။

"အေး ဟုတ်တယ်။ ခု မလုပ်ရသေးဘူး။ နောင် ကျန်းကျန်းမာမာဖြစ်တော့မှ လုပ်၊ ကိုယ်က ဘာဖြစ်လို့ လုပ်ခွင့်မပေးတဲ့ အကြောင်းတွေကို မင်း သိချင်သေးသလား။ သိချင်ရင် ပြောမယ် နားထောင်။ တစ်အချက်က ကိုယ့်အိမ်မှာ မင်း ဘာမှ အားနာစရာ

မလိုဘူး။ နှစ်အချက်က မင်းဟာ ကျန်းကျန်းမာမာ မဟုတ်ဘူး။ သုံးအချက်က မင်းဟာ လင်နဲ့စိတ်ဆိုးပြီး ထွက်လာတဲ့ မိန်းမတစ်ယောက်၊ ကဲ သိပြီလား"

"လင်နဲ့ စိတ်ဆိုးလာတဲ့ မိန်းမ အလုပ်မလုပ်ရဘူးလို့ ဘယ်ဥပဒေက ဆိုလို့လဲ"

အေးအေးသည် ကျွန်မကို စိတ်မရှည်နိုင်သလို ကြည့်လိုက်ပါသည်။

"ဘယ်ဥပဒေမှတော့ မရှိဘူးပေါ့။ ဒါပေမဲ့ မင်းတို့လင်မယားဟာ နှစ်ဦးသဘောတူ ကွာရှင်းပြီးကြသေးတာ မဟုတ်ဘူး။ နှစ်ဦးသဘောတူ ကွာရှင်းပြီးပြီထားဦး။ အ သာမိက လင်မရှိသော မိန်းမဆိုတာ အစစအရာရာသတိထားရတယ်။ မိန်းမတစ်ယောက်ဟာ အပျိုဆိုရင် ရတ်တရက် လူမစော်ကားရဲဘူး။ တစ်ခုလပ်၊ တစ်လင်ကွာ ဖြစ်တာနဲ့ တစ်ပြိုင်နက် ယောကျ်ားတွေဟာ သိပ်မလေးစားချင်တော့ဘူး။ ထိကပါး ရိကပါး လုပ်ချင်လာကြမယ်။ ဒီလိုနဲ့ တစ်လင်ကွာ မိန်းမတွေဟာ တစ်လင်ပြီးတစ်လင် ပြောင်းရတဲ့ဘဝကို ရောက်လာတတ်ကြတယ်။ မင်းလည်း မိန်းမသားပဲ။ မိန်းမတွေရဲ့ ဆိုက်ကော်လော်ဂျီကို သိမှာပေါ့"

"လုပ်စမ်းပါဦးရှင်၊ အိမ်ထောင်ရေးအဘိဓမ္မာဆရာမကြီးရဲ့ ဩဝါဒကို"

ကျွန်မက အေးအေးကို နောက်၍ ပြောလိုက်ပါသည်။ အေးအေးသည် စောစောက အတည်လိုလို အပျက်လိုလို ပြောသော်လည်း ယခုတော့ အပြောင်အပျက်စိတ်တွေ ရှိဟန်မတူတော့ပေ။

"တကယ် ပြောတာပေါ့ကွာ။ ကိုယ်လေ လင်နဲ့ကွဲလာတဲ့ မိန်းမတွေကို သတိထား ကြည့်မိတယ် သိလား။ အဲဒီမှာ မိန်းမနှစ်မျိုးနှစ်စားကို သွားတွေ့တာပဲ"

အေးအေးတွင် စောစောက အပြောင်အပျက်ဟန်တွေ မရှိတော့ပါ။ တကယ် လေးနက်တည်ငြိမ်သောဟန်ဖြင့် ပြောနေပါသည်။

"မိန်းမတစ်မျိုးကတော့ လင်စိတ်သားစိတ်တွေကုန်ပြီး ယောကျ်ားဆိုလည်း တစ်ခါတည်း ကြောက်သွားတော့တာပဲ။ လူတွေက သူ့ကို အိမ်ထောင်ရေးမှာ မအောင်မြင်တဲ့ လူတစ်ယောက်လို့ အသိအမှတ်ပြုကြတယ်။ အဲဒီလို အသိအမှတ်ပြုတဲ့ လူတွေထဲမှာ တချို့ကလည်း အထင်သေးတဲ့စိတ်နဲ့ ကြည့်ကြတယ်။ တချို့ကျတော့လည်း သနားတဲ့စိတ်နဲ့ ကြည့်ကြတယ်။ အဲဒီလို လူတွေက သူ့ကို အိမ်ထောင်ရေးမှာ မအောင်မြင်သူလို့ အကြည့်ခံရလေလေ၊ ကိုယ့်ဘာသာကိုယ် ရှက်လေလေဖြစ်ပြီး နောက်ဆုံး လူတွေနဲ့ ဝေးရာကို ရှောင်ပုန်းနေတတ်ကြတာပဲ"

"ကိုယ့်လို မိန်းမမျိုး ဆိုပါတော့"

ကျွန်မက ကြားဖြတ်၍ ပြောလိုက်သည်။

"ဒါတော့ မင်းဘာသာမင်း ဆန်းစစ်ကြည့်ပေါ့။ ဒုတိယ မိန်းမမျိုးကတော့ မအောင်မြင်တဲ့ အိမ်ထောင်ရေးကို စိတ်ညစ်ပြီး လျှောက်ရမ်းတဲ့ မိန်းမမျိုးပဲ။ အရင် ယောကျ်ားကို မခံချင်တာနဲ့ သူ့ထက်သာတာကို ရှာပြီး ယူပြမယ်ဆိုပြီး ယောကျ်ားတွေကို ထည်လဲတွဲရင်း နောက်ဆုံးတော့ ယောကျ်ားတွေကို ကစားစရာ အရုပ်ကလေးလောက်ပဲ သဘောထားရင်း ရေတိမ်နစ်သွားရတဲ့ မိန်းမတွေပဲ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"မင်းကို ဘယ်လိုအမျိုးအစားထဲ ပါတယ်လို့ ကိုယ် မပြောလိုပါဘူး။ ဒါပေမဲ့ ဘယ်အမျိုးအစားထဲမှာပဲပါပါ ကိုယ်တို့ မိန်းမသားတွေက နာဘက်ကချည်း မဟုတ်လား"

အေးအေးက ကျွန်မကို ကြည့်၍ မေး၏။

"ဒီတော့ ယောကျ်ားတွေ ဘယ်လို နှိပ်စက်နှိပ်စက် ကိုယ်တို့က တွယ်ကပ်နေရတော့မှာပေါ့"

"ဒီလို မဆိုလိုပါဘူး။ ဥပမာ မင်းတို့ကိစ္စမှာဆိုရင် တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေကြလို့ စိတ်သဘောထား ကွဲကြပြီဆိုရင် ပြန်ပြီး ညီညွတ်အောင် အလျှော့အတင်း အပေးအယူလုပ်ဖို့လိုတယ်"

"ဩော် လက်စသတ်တော့ မင်းက ကိုယ့်ကို ပြန်ပေါင်းထုပ်ဖို့ တရားဟောနေတာကိုး"

"ဟုတ်တယ် ထား၊ မင်း ဒီလိုနေရတာကို ကိုယ် မကြည့်ရက်ဘူး။ စိတ်ထိခိုက်တယ်။ အရွယ်ကောင်းလေးမှာ ကလေးတစ်ယောက်နဲ့ ဒီလောက် ပြင်းပြင်းထန်ထန် ရုန်းကန်လှုပ်ရှားနေရင် မင်းဘဝဟာ ဘာပျော်စရာ ကောင်းဦးမှာလဲ ထား၊ ဒီတော့ မင်း စိတ်ကူးမလွဲပါနဲ့။ တောင်ကြီးကို ပြန်ပါ။ ဦးဇင်မောင်လည်း ဒီလောက်ဆိုရင် သူ့အမှားသူ နောင်တရလောက်ရောပေါ့။ အရင်လထဲကဆိုရင် ဦးဇင်မောင် ကိုယ်တို့ဆီ ရောက်လာတယ်။ ထားခင်မူရော"

"တော်တော့ကွာ၊ အေး ကိုယ့်ကိုချစ်ရင် ဒီအကြောင်း မပြောပါနဲ့တော့။ ကိုယ် တောင်းပန်ပါတယ်"

"ကိုယ်လည်း မင်း မကြိုက်မှန်းသိတော့ ဘာမှ မပြောလိုက်ပါဘူး။ သူတို့ကလည်း ပွင့်ပွင့်လင်းလင်း မမေးကြတော့ ကိုယ်လည်း အသာပဲ နေလိုက်တယ်"

"ဘယ် ပွင့်ပွင့်လင်းလင်း မေးပါ့မလဲကွ။ ဦးဇင်မောင်နဲ့ ထားခင်မူနဲ့"

ကျွန်မသည် သည်စကားများကို ပါးစပ်က ဖွင့်မပြောလိုက်ပေ။ စိတ်ထဲကသာ ပြောလိုက်ခြင်းဖြစ်သည်။ စိတ်ထဲက ပြောသည့်တိုင်အောင်လည်း ကျွန်မသည် သည်စကားပိုဒ်ကို အဆုံးရောက်အောင် မပြောရဲပါ။ ကျွန်မ မျက်ရည်ဖွဲ့နေရသောအချိန်တွင် သူတို့နှစ်ယောက်သည် အပြုံးပန်းတွေ ပွင့်နေကြလိမ့်မည်ဟု ကျွန်မ ယူဆပါသည်။ တစ်ယောက်သောသူအဖို့ မှောင်မိုက်နေချိန်၌ တခြားတစ်ယောက်အဖို့ လရောင်ရွှန်းလင်းနေမည်ဟု ကျွန်မ ထင်ပါသည်။

"မပြောလိုက်တာဘဲ ကောင်းပါတယ်ကွာ။ တစ်ဖက်က ကမ်းပါးပြိုရင် တစ်ဖက်က သောင်ထွန်းရမှာ ဓမ္မတာမဟုတ်လား"

ကျွန်မက ခပ်ငေးငေးကြည့်ရင်း ပြောလိုက်သည်။ အေးအေးကတော့ ကျွန်မစကားများကို သတိထားလိုက်မိဟန် မတူပေ။ ကျွန်မလည်း ကျွန်မ အဓိပ္ပာယ်နှင့် ကျွန်မ ပြောလိုက်ခြင်းဖြစ်ပါသည်။ တစ်ဖက်တွင် သောင်ထွန်းလာသည်တွင် ရေစီးကြောင်းသည် တစ်ဖက်သို့ ရွေ့ပြောင်းလာကာ အခြားတစ်ဖက်ရှိ ကမ်းပါးသည် တအိအိ ပြိုဆင်းရမြဲသာ ဖြစ်လေသည်။ ယခုကော ထိုနည်းအတိုင်းသာ မဟုတ်ပါလော။ ကျွန်မဘက်၌ မေတ္တာကမ်းပါးသည် တအိအိ ပြိုဆင်းနေချိန်တွင် ဦးဇင်မောင်နှင့် ထားခင်မူတို့၏ဘက်၌ မေတ္တာသောင်ပြင်သည် ထွန်းစပြုနေပြီ မဟုတ်ပါလော။ အေးအေးသည် သည်အကြောင်းများကို မသိလေတကား။

"သူတို့ကတော့ လိုက်ပြီးရှာကြသားပဲ။ ဒါကိုလည်း မင်းထည့်ပြီး စဉ်းစားဦးမှပေါ့"

"သူတို့ လိုက်ရှာတယ်ဆိုတာ ဝတ္တရားကျေပါကွာ။ သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးတာမျိုးပါ"

"အေး ရေ"

ညနေ ရုံးဆင်းချိန်ဖြစ်၍ ထုံးစံအတိုင်း တစာစာအော်၍ တက်လာသော ကိုတင်မြင့်၏အသံကို အိမ်ရှေ့မှ ကြားရ၏။ အေးအေးတို့ လင်မယားဘဝမှာ သာယာလေခြင်းဟု ကျွန်မ အားကျမိပါသည်။

"အေးရေ လာဟေ့၊ ဟောဒီမှာ ကိုအောင်မျိုးလည်း ပါတယ်"

ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လိုက်မိကြပါသည်။ ဘယ့်နှယ်လဲဟူသော အကြည့်မျိုး ဖြစ်ပါသည်။

"မင်း ထွက် အတွေ့ခံဦးမှပေါ့"

"ဟင့်အင်း ကိုယ်မတွေ့ချင်ဘူး အေး"

"မတွေ့လို့ မကောင်းဘူး ထင်တယ်ကွ။ မောင်ကလည်း မင်း ဒီမှာရှိတယ်ဆိုတာ ပြောပြီးသား ဖြစ်ချင်ဖြစ်နေမှာ"

ကျွန်မတို့နှစ်ယောက် အခန်းထဲတွင် အချီအချ ငြင်းနေကြပါသည်။ ကိုတင်မြင့်သည် အခန်းဆီသို့ လျှောက်လာ၏။

"အေးရေ၊ မထားကော ရှိတယ်မဟုတ်လား"

"ကဲ"

အေးအေးက ဘယ့်နှယ်ရှိစဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်၏။ ကိုတင်မြင့်ကပါ အခန်းဝသို့ ရောက်လာပြီး ခေါ်သောအခါတွင် ကျွန်မ မနေသာတော့ပေ။ အေးအေးမှာ အခန်းထဲတွင် ကိုတင်မြင့်၏ အဝတ်အစားများကို ထုတ်ပေးနေရစ်ခဲ့သည်။

"ထား နေကောင်းတယ်နော်"

ကိုအောင်မျိုး၏အသံသည် ဆွေးမြည့်အက်ကွဲသံပေါက်နေသည်ကို ကျွန်မသတိထားလိုက်မိပါသည်။

ကျွန်မသည် တုန်တုန်ယင်ယင်ဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်ရ၏။ စကားလုံးများသည် လည်ချောင်းထဲတွင် ပျောက်ကွယ်သွားကြပေသည်။ ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် ဂ္ဂနွေ့ဆည်ကာ ခေါင်းငုံ့၍ ခပ်လှမ်းလှမ်းက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ဘာလုပ်ရမည်မသိသဖြင့် လက်သည်းချင်း အဓိပ္ပာယ်မရှိ ပွတ်၍နေမိသည်။ ကိုအောင်မျိုးကမူ ကျွန်မအား စူးစိုက်ကြည့်နေလိမ့်မည်ဟု ထင်ပါသည်။ ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘဲ အကြာကြီး တိတ်ဆိတ်စွာ ထိုင်နေမိကြ၏။ တကယ်တော့ ကျွန်မတို့နှစ်ယောက် စကားမပြောမိကြဘဲနေခြင်းမှာ ပြောစရာစကား မရှိ၍မဟုတ်ပါ။ ပြောစရာစကားများသည် ရင်နှင့်အမျှ ပြည့်လျှက်ရှိကြပါ၏။ သို့ရာတွင် ဘယ်ကစ၍ ဘာကိုပြောရမည် မသိသောကြောင့်သာ တိတ်ဆိတ်နေကြခြင်း ဖြစ်ပေသည်။

"အရင်တုန်းက ထား တစ်ယောက်တည်းနေတယ်ဆို"

ကိုအောင်မျိုးက ကျွန်မအား မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ထားတစ်ယောက်တည်းပဲ နေပါတယ်"

ကျွန်မက သူ့ကို ကြည့်၍ ပြန်ဖြေလိုက်သည်။ ကိုအောင်မျိုးသည် ကျွန်မကို တအံ့တဩဖြင့် ငေးကြည့်နေပါသည်။

"ထား တစ်ယောက်တည်း ဒီလိုနေရတာ ပင်ပန်းလှပါတယ် ထားရယ်"

ကိုအောင်မျိုးသည် သည်စကားကို ဘယ်လိုအဓိပ္ပာယ်နှင့် ပြောသည်ကို ကျွန်မ စဉ်းစား၍ မရပေ။ သူ့စကားမှာ နှစ်မျိုး အဓိပ္ပာယ်ထွက်သော စကားဖြစ်၏။ ကျွန်မနှင့် ဦးဇင်မောင် ပြန်လည်သင့်မြတ်ရေးကို ရည်ရွယ်သလော၊ သို့မဟုတ် သူကပင် ကယ်တင်ရှင်လုပ်လို၍ ရည်ရွယ်ပြောလေသလော။

"ထားအရွယ်နဲ့ ထား ကြုံရတွေ့ရတဲ့ သောကတွေဟာ မမျှပါဘူး ထားရယ်။ ထားရဲ့အရွယ်က နုနုနယ်နယ်၊ တွေ့ရကြုံရတာတွေက ကြမ်းကြမ်းတမ်းတမ်းတွေ။ ဒီလောက်နုနယ်တဲ့အရွယ်မှာ ဒီလောက် ကြမ်းတမ်းတာတွေကို ထား ကြိတ်မှိတ်ပြီး ခံတာကို မြင်ရတော့ အစ်ကိုမျိုး အံ့ဩလို့လည်း မဆုံးပါဘူး။ တကယ်ပဲ။ ဒါပေမဲ့ ထား၊ ထား ဒီလိုနေရတာကို မြင်ရတော့ အစ်ကိုမျိုး စိတ်မကောင်းပါဘူး။ ဒီတော့"

ကျွန်မသည် ကိုအောင်မျိုးကို လှမ်းကြည့်လိုက်ပါသည်။ ကိုအောင်မျိုးကမူ ကျွန်မကို မကြည့်ဘဲ နံရံပေါ်က ပန်းချီကားကို ငေးကြည့်နေသည်။ ပန်းချီကားမှာ တောဟေဝန်လယ်တွင် ရာမမင်းက သမင်မကိုလိုက်ပုံ ဆွဲထားသည့် ပန်းချီကား ဖြစ်လေသည်။

"ဒီတော့ ထား ခုလို တစ်ယောက်တည်း စိတ်နောက်ကိုယ်ပါ လျှောက်မလုပ်ပါနဲ့လို့ အစ်ကိုမျိုး တောင်းပန်ချင်တယ်"

အေးအေးတို့ လင်မယားကား ယခုတိုင် ထွက်မလာသေးပေ။ သူတို့လင်မယား လာ၍ ကျွန်မတို့နှစ်ယောက် စကားစ မြန်မြန်ပြတ်သွားလျှင် ပို၍ ကောင်းမည်ဟု ကျွန်မ ထင်ပါသည်။

"ဟို ရွှေညောင်နားမှာ ကားမှောက်တဲ့ ကိစ္စကို ထား အေးအေးတို့ကို ပြောပြသေးသလား ဟင်"

"ဟင့်အင်း ထား မပြောပါဘူး"

"ကောင်းတယ်။ မပြောတာ ကောင်းတယ်။ အစ်ကိုမျိုးလည်း အဲဒီအကြောင်းကို ဘယ်သူမှ ပြန်မပြောဘူး။ ဒါပေမဲ့ စိတ်ထဲမှာ ကျိတ်ပြီး ပူလိုက်ရတာ။ ဘယ်သူ့ကိုမှ ဖွင့်ပြောလို့လည်း မဖြစ်။ ပြောင်ပြောင်တင်းတင်း လိုက်ရှာဖို့ကလည်း အခြေအနေက ခွင့်မပြု။ အို အစ်ကိုမျိုး တစ်ယောက်တည်းပဲ ကျိတ်ရှာခဲ့ရတယ်။ အေးအေးတို့ကိုလည်း

စောင်းပါးရိပ်ခြည်လောက်ပဲ မေးရတယ်။ သူတို့ကလည်း ဘာမှမပြောကြဘူး”

ကိုအောင်မျိုးသည် စီးကရက်ကို မီးညှိ၍ ဖွာလိုက်သည်။

“အဲဒီတုန်းက အစ်ကိုမျိုးကို ထား အထင်လွဲသွားတယ်ထင်တယ်။ အမှန်က တော့ ထားကို တစ်ယောက်တည်း မသွားစေချင်လို့ တောင်ကြီးအိမ်ကို ပြန်ဖို့ခေါ်တာပဲ။ ဒါပေမဲ့ အစ်ကိုမျိုး စေတနာဟာ အလုပ်မတတ်တော့ ဝေဒနာ ဖြစ်သွားရတာပါပဲ။ အစ်ကိုမျိုးဟာ လူတစ်ယောက်မို့လို့ လူတစ်ယောက်မှာ ရှိတတ်တဲ့ ကိုယ်သာ အနိုင်ရချင်စိတ်၊ ကိုယ်မြတ်နိုးတဲ့အရာကို ကိုယ်တစ်ဦးသာ ပိုင်ဆိုင်လိုစိတ်၊ လက်စားချေလိုစိတ် စတဲ့ အတ္တအစွဲတွေ အစ်ကိုမျိုးမှာ ရှိပါတယ် ထား။ ဒါပေမဲ့ ထားနဲ့ ပတ်သက်လာရင် အစ်ကိုမျိုးမှာ အနိုင်ရလိုစိတ်၊ လက်စားချေလိုစိတ်တွေ မရှိပါဘူး။ ထား စိတ်ချမ်းသာမယ်ဆိုရင် အစ်ကိုမျိုး ထားကို ဆုံးရှုံးရပေမဲ့ ရင်နာနာနဲ့ပဲ အရှုံးခံပါ့မယ်။ ထားက ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ ငါရရင် ပြီးရောဆိုပြီး ဇွတ်အတင်း လုပ်လောက်အောင် အောက်တန်းကျတဲ့စိတ်ထားမျိုးတော့ အစ်ကိုမျိုးမှာ မရှိသေးပါဘူးလို့ ထင်ပါတယ်”

“အို ထား ဒီလိုမထင်ပါဘူး။ ထား တောင်ကြီးအိမ်ကိုလည်း ပြန်မလိုက်ချင်လို့ပါ။ ဒီကိစ္စမှာ အစ်ကိုမျိုးဟာ ထားကို တောင်းပန်စရာ မလိုပါဘူး။ ထားကသာ အစ်ကိုမျိုးကို တောင်းပန်ရမှာပါ။ တကယ်တော့ ထား မဆင်မခြင်လုပ်လိုက်မိလို့ အစ်ကိုမျိုး သေလုမြောပါး ဖြစ်လိုက်ရတယ်။ ထားဖြင့် ဒီအကြောင်းကို ပြန်တွေးလိုက်တိုင်း ငါ့ကြောင့် ဖြစ်ရလေခြင်းဆိုပြီး စိတ်မကောင်းဖြစ်ရတယ်။ မတော်တဆများ သေသွားရင် အစ်ကိုမျိုးကို ထား သတ်တာပဲဆိုပြီး ထားဟာ သေသည်အထိ စွဲသွားတော့မှာပဲ။ အစ်ကိုမျိုး သတိလစ်နေတုန်း စစ်ကားတစ်စီးရောက်လာပြီး ကောက်တင်သွားတော့မှ ထားလည်း သစ်ပင်နောက် ပုန်းနေရာက ထွက်လာခဲ့တာပဲ။ ဒါတွေအားလုံးဟာ ထားအပြစ်တွေပါ အစ်ကိုမျိုး၊ ထား တောင်းပန်ပါတယ်”

ကျွန်မသည် ကျွန်မကြောင့် သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ရသော ကိုအောင်မျိုးကို တောင်းပန်ရ၏။

“အစ်ကိုမျိုးကို တောင်းပန်ဖို့ မလိုပါဘူး ထား။ မော်တော်ကားနဲ့ ခေါ်တာကို ထားက အထင်မလွဲဘူးဆိုရင်ပဲ အစ်ကိုမျိုး ကျေနပ်လှပါပြီ။ ထားကို တစ်ခု တောင်းပန်ချင်တာကတော့ ရှိပါတယ်။ အဲဒါကတော့ ထား ခုလို တစ်ယောက်တည်း မနေဖို့ပါပဲ။ လောကကြီးအလယ်မှာ မိန်းမသားတစ်ယောက်တည်း ရုန်းရကန်ရတာဟာ

အန္တရာယ်များပါတယ် ထား။ ဒီအထဲမှာ ကလေးကိုလည်း ကြီးပြင်းအောင်၊ လူလား မြောက်အောင် မွေးရဦးမယ်။ ပြီးတော့ ထားဟာ ဒီလောက်ပြင်းထန်တဲ့ အတွေ့အကြုံ တွေကို ဖြတ်သန်းခဲ့ရပြီး ဖြစ်လေတော့ အတွေ့အကြုံ ရင့်ကျက်လောက်ပြီလို့လည်း ယူဆပါတယ်။ ဒီတော့"

ကိုအောင်မျိုးသည် စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးခြေထည့်လိုက်သည်။

"ဒီတော့ ဦးဇင်မောင်ဆီကို ပြန်သွားပါလို့ အစ်ကိုမျိုး ပထမဦးဆုံး တောင်းပန် ချင်ပါတယ်။ တကယ်လို့ ထားဟာ ဦးဇင်မောင်ဆီကို ပြန်မသွားတော့ဘူး။ ဦးဇင်မောင် နဲ့လည်း တရားဝင် ပြတ်ပြတ်စဲစဲ ဖြစ်သွားကြပြီဆိုတဲ့ တစ်နေ့မှာတော့..."

"ကဲ ဒီနေ့ညနေ တစ်နေရာရာသွားပြီး ထမင်းစားကြမယ်။ ဘယ့်နှယ်လဲ ကိုအောင်မျိုး အားတယ်မဟုတ်လား"

ကိုတင်မြင့်က အခန်းထဲမှ ထွက်လာ၍ မေးလိုက်သည်။ သူ့နောက်မှ အေးအေး လည်း ပါလာ၏။ အေးအေးတို့ လင်မယား ရောက်လာသဖြင့် ကိုအောင်မျိုးသည် သူ့စကားကို အဆုံးမသတ်ပေ။

ထိုနေ့ညက ကိုအောင်မျိုး၊ ကျွန်မနှင့် အေးအေးတို့လင်မယားသည် ဟိုက်စွမ်သို့ သွား၍ ညစာ စားကြ၏။ ထမင်းစားပွဲတွင် စကားအများဆုံး ပြောသူမှာ အေးအေးတို့ လင်မယား ဖြစ်ပါသည်။ ကျွန်မနှင့် ကိုအောင်မျိုးကား နားထောင်ကြသူများသာ ဖြစ်ပါသည်။

ကျွန်မစိတ်ထဲတွင်ကား ကျွန်မ၏ ရှေ့ရေးကိုသာ တွေးနေပါသည်။ ကျွန်မနှင့် ဦးဇင်မောင်တို့သည် လင်နှင့်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြခြင်း မပြုကြတော့ ပေ။ ဆက်လက်ပေါင်းသင်းရန်လည်း ကျွန်မတွင် ဆန္ဒမရှိတော့ပေ။ သို့ရာတွင် ကျွန်မ တို့သည် ယခုထက်တိုင် တရားဝင် လင်မယား ဖြစ်နေကြသေး၏။ ကျွန်မသည် သူနှင့် တရားဝင် ကွာရှင်းပြတ်စဲလိုပါသည်။ သို့ဖြစ်လျှင် ကျွန်မပြဿနာကို ဘယ်လို ရှင်းရမည်နည်း။

## [၂၇]

အေးအေးက စာတစ်ရွက်ကို ကျွန်မဆီသို့ လှမ်းပေးလိုက်၏။ စာမှာ ဦးဇင် မောင်က အေးအေးထံသို့ ရေးလိုက်သောစာဖြစ်သည်။

**အေးအေး**

အေးအေးတို့ဆီ ထား ရောက်နေတယ်ကြားလို့ စာရေးလိုက်ပါတယ်။ အေးအေးတို့လည်း ကျုပ်တို့အကြောင်းကို သိတန်သလောက် သိပြီးရော့ပေါ့။ ကျုပ်အရင်တစ်ခေါက်လာတုန်းကတည်းက အေးအေးတို့ကို မေးဖို့ပဲ။ ဒါပေမဲ့ ဒီပြင် တစ်နေရာမှာ စုံစမ်းဆဲမို့ မမေးဖြစ်ခဲ့ဘူး။

ခုလောက်ဆိုရင် စိတ်ပြေလောက်ပြီလို့ ကျုပ်ယူဆပါတယ်။ အေးအေးတို့က လည်း ကြည့်ပြောကြပါဦး၊ ကျုပ်ကို မချစ်တောင်မှ သူ့အမေနဲ့ သူ့ဗိုက်ထဲမှာ ရှိတဲ့ ကလေးရဲ့မျက်နှာကို ထောက်ဖို့ ကောင်းပါတယ်။ တကယ်လို့ အဆင်ပြေ မယ်ဆိုရင်လည်း ကျုပ် ရန်ကုန်ဆင်းလာမယ်၊ အေးအေးတို့ဆီက တီးခေါက်ပြီး အကျိုးအကြောင်း စာရေးလိုက်ပါ။

**လေးစားစွာဖြင့်**
**စင်မောင်**

ကျွန်မက သက်ပြင်းချ၍ စာကို အေးအေး လက်ထဲသို့ လှမ်းပေးလိုက်သည်။ အေးအေးသည် စူးစမ်းသော အကြည့်ဖြင့် ကျွန်မကို ကြည့်နေ၏။

"အင်း မင်းတို့လည်း ဘုန်းကြီးအမှု ရှာပတ် ဖြစ်နေပြီနော်"

ကျွန်မက အေးအေးကို ပြောလိုက်ပါသည်။

"ဘုန်းကြီးဟာ ကိုးကွယ်ထားတဲ့ ဘုန်းကြီးဆိုတော့ ဒကာ–ဒကာမတွေမှာ လည်း တာဝန်ရှိတာပေါ့ကွ၊ ဘယ့်နှယ်လဲ"

"ကိုယ်သိပ်မကျန်းမာတုန်း ဒီအကြောင်းကို ကြားလည်း မကြားပါရစေနဲ့၊ တွေးလည်း မတွေးပါရစေနဲ့အေး၊ ကိုယ်တို့ ပြဿနာကို ကိုယ်တို့ သိပါတယ်။ မင်း မသိပါဘူး"

ကျွန်မတို့ အတွင်းရေးကို မသိသောသူ တစ်ယောက်၏အမြင်တွင်မူ ကျွန်မ သည် ပြင်းထန်သူ၊ လင်ယောကျ်ားအပေါ်တွင် မာနကြီးသူဟု ထင်ဖွယ်ရာ ရှိပါသည်။ ဆိုကြပါစေတော့၊ ကျွန်မခံရတော့မည်သာ ဖြစ်ပါ၏။ သို့ရာတွင် ကျွန်မအား အတင်း အဓမ္မ သိမ်းပိုက်ခဲ့သည်ကို ကျွန်မဘယ်မှာ ချစ်နိုင်ပါမည်နည်း။ ကျွန်မအား မေတ္တာရှိ နှိပ်စက်ခဲ့သူနှင့် မည်သို့ ဆက်လက်ပေါင်းဖက်ခြင်း ပြုနိုင်ပါမည်နည်း။ မအေမှ သမီးထိအောင် မရ အရယူရန် ကြိုးစားခဲ့သူကို ကျွန်မ မည်သို့ မျက်နှာချင်းဆိုင်ရ မည်နည်း။ ကျွန်မ မရှိသည့်နောက် ထားခင်မူကိုပါ အပိုင်သိမ်းရန် ကြိုးစားနေသူကို

ကျွန်မ မည်သို့ ပြန်လည်စေ့စပ်ရမည်နည်း။ အေးအေးသည် ကျွန်မတို့ အတွင်းရေး ကို မသိပေ။ သည်အတွင်းရေးများကို အေးအေးအား ဖွင့်ပြောလိုက်ရလျှင်...

သို့ရာတွင် ကျွန်မသည် ကျွန်မ၏အဖြစ်ကို အေးအေးအား ဖွင့်မပြောလိုက်ပါ။ ဖွင့်ပြောလိုက်သည်နှင့် ကွယ်လွန်သူ ဖေဖေနှင့် မေမေ့ အကြောင်းကိုပါ ပြောရတော့ မည် ဖြစ်၏။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရသလိုသာ ဖြစ်နေလိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

မိုးလယ်ရောက်လျှင်ပင် ကျွန်မမှာ ကလေးမွေးဖွားတော့မည့် အရိပ်အယောင်များ ထင်ရှားပြလာကြလေသည်။ ကျွန်မသည် ဘယ်ကိုမျှ မထွက်တော့ဘဲ အိမ်ထဲမှာသာ အောင်းနေသည်။ မိုးတွင်းဖြစ်၍ အပြင်ဘက်ထွက် လမ်းလျှောက်၍လည်း မဖြစ်နိုင်ပေ။ ကျွန်မသည် မွေးဖွားတော့မည့် ကလေးအတွက် အင်္ကျီလေးများကို ချုပ်၏။ အေးအေးနှင့် စကားစမြည်ပြောသည့်အခါတွင်လည်း ပြောပေသည်။ တစ်ခါ တလေတော့လည်း ကိုအောင်မျိုး ရောက်လာတတ်သည်။ ကိုအောင်မျိုး ရောက်လာ လျှင် ကျွန်မသည် ဘယ်တော့မျှ တစ်ယောက်တည်း အတွေ့မခံဘဲ အေးအေးပါ သုံးယောက် ဝိုင်းထိုင်၍ စကားပြောကြသည်။ ကိုအောင်မျိုးမှာ အလုပ်ကထွက်လာပြီး ရန်ကုန်တွင် သူ့မိဘများနှင့် အတူ နေထိုင်လျက် ရှိလေသည်။

ကိုအောင်မျိုးနှင့် တွေ့တိုင်း ကိုအောင်မျိုး၏ မျက်လုံးများသည် မျှော်လင့်ချက် ဖြင့် အရောင်တောက်နေသည်ကို ကျွန်မ သတိထားမိသည်။ သူသည် ယခင်တစ်ခါက အဆုံးမသတ်ခဲ့ရသော သူ့စကားကို အဆုံးသတ်ချင်ဟန် တူပါသည်။ ကျွန်မနှင့် ဦး ဇင်မောင်တို့ လက်ထပ်သည့်အချိန်မှ ကျွန်မသည် လူမှုရေးရာအရ ဦးဇင်မောင်၏ ဇနီးသာဖြစ်သော်လည်း ကျွန်မ အသည်းနှလုံးတွင် ကိန်းဝပ်နေသည်မှာ ကိုအောင်မျိုး သာဖြစ်၏။ နောက်ပိုင်းတွင် မလွဲမရှောင်သာ၍ ကိုအောင်မျိုးကို အသည်းနှလုံးထဲမှ ကြိုးစား၍ ဖျောက်ခဲ့ရသော်လည်း ယခုလို လွတ်လပ်နေသောအချိန်တွင်ကား ကို အောင်မျိုးသည် ကျွန်မနှလုံးသားထဲတွင် ကြီးစိုးစ ပြုလာပြန်လေသည်။ ကျွန်မ တကယ်ချစ်သူမှာ ကိုအောင်မျိုးဖြစ်၏။ ဦးဇင်မောင်ကို မညာမတာ လက်သီးဖြင့် ထိုးခဲ့သည်ဟု အထင်မှားကာ ကိုအောင်မျိုးကို စိတ်ခုမိခဲ့သော်လည်း နောက်တွင် အထိုးခံရသူမှာ ဦးဇင်မောင် မဟုတ်ဘဲ ကိုအောင်မျိုးဖြစ်ကြောင်း သိရသောအခါတွင်မူ ကျွန်မသည် ကိုအောင်မျိုးကို အသနားပိုခဲ့ရသည်။ ထိုမျှမက ကျွန်မ ဆတ်ဆော့၍ လည်း သူ့ခမျာ သေတွင်းနှုတ်ခမ်းသို့ ရောက်ခဲ့ရသည်ပင်။

အကယ်၍သာ စာရင်းရှင်းကြမည်ဆိုလျှင် ကိုအောင်မျိုး၏ စာရင်းတွင် အရှုံးကြီး ထွက်နေသည် မဟုတ်ပါလော။ သူသည် ချစ်သူတစ်ယောက်ကိုလည်း ဆုံးရှုံးလက်လွှတ်ခဲ့ရသည်။ အနိုင်ရသူက စော်ကားမော်ကားပြုခြင်းကိုလည်း ခံခဲ့ရသေးသည်။ ကျွန်မကြောင့် ကားမှောက်ကာ သေကံမရောက် သက်မပျောက်ဘဝသို့လည်း ရောက်ခဲ့ရသေးသည်။ သည်ကြားထဲမှာပင် ကျွန်မ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းခဲ့ရသေးသည်။ ကျွန်မတို့ သုံးယောက်၏စာရင်းတွင် ကိုအောင်မျိုးလောက် အရှုံးထွက်သူ ဘယ်မှာရှိပါသေးသနည်း။

ထို့ကြောင့် ကျွန်မတို့သုံးယောက်၏ စာရင်းကို ရှင်းတမ်းထုတ်၍ ကြည့်လိုက်တိုင်း ကိုအောင်မျိုးဘက်တွင် အရှုံးဂဏန်းများကို တွေ့ရသောအခါ၌ ကိုအောင်မျိုးသည် ကျွန်မနှလုံးသားတွင် ကြီးစိုးလာပေသည်။ တကယ်တော့လည်း ကျွန်မသည် ကျွန်မ၏ ချစ်ဦးသူကို ဘယ်မှာလျှင် မေ့ပျောက်၍ရနိုင်ပါမည်နည်း။ ကျွန်မသာ မဟုတ်ပါ။ အသည်းနှလုံးရှိသော မိန်းကလေးတိုင်းသည်လည်း ကျွန်မလိုပင် ခံစားမိကြလိမ့်မည်ဟု ကျွန်မထင်ပါသည်။ သို့ရာတွင် ကျွန်မတို့ မိန်းမသားများ၌ ပိုင်ဆိုင်သူ ရှိလာသောအခါ၌ကား ကျွန်မတို့သည် ချစ်ဦးသူကို ဘယ်လောက်ပင် ချစ်ပါသည် ဆိုသော်လည်း ကျွန်မတို့၌ လွမ်းဆွတ်ပူဆွေးရန် အခွင့်အရေး မရှိတော့ပေ။ ပိုင်ဆိုင်သူရှိပါလျက်နှင့် ကွဲကွာသွားရသော ချစ်ဦးသူကို လွမ်းဆွတ်နေခြင်းသည် ကျွန်မတို့ မိန်းမသားများအား သစ္စာမဲ့သူ၊ လျှပ်ပေါ်သူများအဖြစ်သို့သာ ရောက်ရှိစေပေလိမ့်မည်။ ထို့ကြောင့် ကျွန်မတို့သည် ပိုင်ဆိုင်သူ ရှိလာသောအခါများတွင် ချစ်ဦးသူအား တမ်းတတတ်သော နှလုံးသားကို ဣန္ဒြေကတ္တီပါအိတ်တွင် ထည့်၍ဖွက်ထားကြရပါသည်။

"ကိုယ်က နိုင်တဲ့အလှည့်ကျတော့ မိန်းမတွေရဲ့ အသည်းနှလုံးဟာ မာတတ်ကြတာပဲ၊ ကျောက်ခဲလို မာတဲ့ အသည်းနှလုံးမျိုးကို ထားတို့က ဣန္ဒြေဆိုတဲ့ ကတ္တီပါအိတ်ထဲ ထည့်ဖုံးပြီး နူးညံ့ဟန်ဆောင်တတ်ကြတယ်။ သူတို့ကြည့်တော့ လင်နဲ့သားနဲ့ ဖြစ်သွားလို့ ဒီစကားမျိုးတွေကို မပြောသင့်လေဟန်၊ အသည်းနှလုံးထဲမှာတော့ အချစ်မပျယ်သေးဟန် ဟန်ဆောင်တတ်ကြတယ်။ တော်တော် တတ်နိုင်တဲ့ မိန်းမတွေပဲ"

မင်္ဂလာဆွဲ့ခံပွဲ လုပ်သည့်ညကလည်း ကညင်ပင်ကြီးအောက်တွင် ကိုအောင်မျိုး ပြောသွားသည့် စကားများကို ကြားယောင်လာ၏။ သည်တုန်းက ကျွန်မသည် ကိုအောင်မျိုးအား ဘာတစ်လုံးမျှ ချေပပြောဆိုခြင်း မပြုလိုက်ရပေ။ ကိုအောင်မျိုးသည် မိန်းမတို့၏ စိတ္တဇဗေဒသဘောကို နားမလည်လေခြင်း၊ ဘဝနှင့် နှလုံးသားတို့၏

အကြားရှိ ကွာဟချက်ကြီးကို မမြင်နိုင်လေခြင်း။

စဉ်းစားကြည့်ပါ။ ကြင်နာတတ်သော မိန်းမတစ်ယောက်သည် ပြုပြင်ဖန်တီး၍ မရသော အကြောင်းများကြောင့် ချစ်ဦးသူကို စွန့်ခွာကာ မချစ်မနှစ်သက်သူတစ်ဦးကို လက်ထပ်လိုက်ရ၏။ သူ့နှလုံးသားတွင် ချစ်ဦးသူသည် ကြီးစိုးလျက် ရှိ၍နေသေးသော်လည်း သူ့ဘဝတွင်မူ ချစ်ဦးသူသည် ကြီးစိုးခြင်း မပြုနိုင်တော့ပေ။ သူ့ဘဝကို ကြီးစိုးပိုင်ဆိုင်သူသာ ဖြစ်လေသည်။ သည်အခါတွင် ကျွန်မတို့ မိန်းမသားများသည် နှလုံးသားတွင် ကြီးစိုးနေသည့် ချစ်ဦးသူကို ကိုယ့်နှလုံးသားထဲမှာပင် တိတ်တဆိတ် ဝှက်ထားကြရပါ၏။ ချစ်ဦးသူက တမ်းတတတ်သော နှလုံးသားကိုလည်း ဣန္ဒြေကတ္တီပါ အိတ်ထဲတွင် ထည့်၍ ဝှက်ထားကြရပါ၏။ ကျွန်မတို့သည် ပိုင်ဆိုင်သူ ရှိလာသော အခါ၌ နှလုံးသား၏စေစားချက်အတိုင်း လုပ်၍မရတော့ဘဲ ဘဝ၏စေခိုင်းချက် အရသာ လုပ်လာကြရပါသည်။ ထို့ကြောင့် ကျွန်မတို့သည် ချစ်ဦးသူအား တမ်းတရသောစိတ်တို့ကို ရင်ထဲတွင် မျိုသိပ်ကာ ကြိတ်၍ ထားခဲ့ကြရ၏။ သို့ကလို တစ်ဖက်သတ် ကြိတ်၍ ပူဆွေးရသူကို ဟန်ဆောင်ကောင်းသူဟူသော ဘွဲ့တံဆိပ်ကို ပေးအပ်ကြလျှင် ယောကျ်ားတို့သည် တရားကြပါဦးမည်လော။

တကယ်တော့ ကျွန်မတို့ မိန်းမသားများသည် ကျွန်မတို့၏ မေတ္တာချောင်းရေသန့်ကို ရွှံ့နွံတောတွင်ဖြတ်၍ မစီးဆင်းစေလိုပါ။ ကျောက်ခက်ကြားထဲသာ စီးဆင်းစေလိုပါသည်။ ကျွန်မတို့၏ မေတ္တာပန်းပင်ကိုလည်း လိမ်လည်ခြင်းချိုင့်ဝှမ်းတွင် မစိုက်ပျိုးလိုပါ။ သစ္စာကုန်းမြေတွင်သာ စိုက်ပျိုးလိုပါသည်။ ကျွန်မတို့ မေတ္တာပန်းပွင့်ကိုလည်း မသိမိုက်မဲခြင်း အမှောင်တိုက်ထဲတွင် မဖူးပွင့်စေလိုပါ။ စင်ကြယ်မှု အလင်းရောင်ထဲတွင်သာ ဖူးပွင့်စေလိုပါသည်။ ကျွန်မတို့၏ ချစ်မေတ္တာရောင်ခြည်ကိုလည်း ပိုးစုံးကြူးလို မလက်စေလိုပါ။ လရောင်လို ရွှန်းလင်းစေလိုပါသည်။ သို့ရာတွင် ကျွန်မတို့ နှလုံးသားမှ ဖြစ်စေချင်တာက တခြား၊ ဘဝတွင် တကယ်ဖြစ်တာက တခြားဖြစ်ပေရာ ကျွန်မတို့ကို မကြင်နာတတ်သော၊ အသည်းနှလုံးကင်းမဲ့သည်ဟူသော ဘွဲ့တံဆိပ်ကို ပေးအပ်ကြလျှင် ယောကျ်ားတို့သည် တရားရာကျပါဦးမည်လော။

သို့ဖြင့် ချစ်ဦးသူအား တမ်းတရပါသော စိတ်သည် ပိုးစုန်းကြူးလို တိတ်တခိုး ရွှန်းလင်းကာ ကျွန်မရင်ထဲတွင် အမြဲတမ်း ကိန်းဝပ်လျက်ရှိသည်။ ယခုအချိန်၌ ကျွန်မသည် ချစ်ဦးသူ အစ်ကိုမျိုးဘက်သို့ တိမ်းညွတ်လျက် ရှိပါသေးသည်။ သို့ရာတွင် ကျွန်မသည် ဦးဇင်မောင်နှင့် ကွဲကွာနေရသော်လည်း ယခုတိုင် သူ၏ တရားဝင်မယား

ဖြစ်ပေသေးသည်။ ထို့ပြင် ကျွန်မဝမ်းထဲက ရင်သွေးသည်လည်း ဦးဇင်မောင်၏သွေး ဖြစ်နေသေးသည်။ သို့ဖြစ်ရာ ကျွန်မသည် ချစ်ဦးသူအား တိမ်းညွတ်လျက်ပင် ရှိနေသေးသော်လည်း ဤလို အချိန်အခါမျိုးတွင် အနေအထိုင် သိပ်သည်းဖို့ များစွာလိုလိမ့်မည်ဟု ကျွန်မ ယူဆပါသည်။

ကျွန်မဘဝသည် သည်အတိုင်းနေ၍ မဖြစ်တော့ပေ။ ကလေးမွေးဖွားလာသည်နှင့် ကျွန်မသည် ဦးဇင်မောင်နှင့် တရားဝင် ကွာရှင်းရေးကိစ္စများကို စီစဉ်ရပေတော့မည်။ ဦးဇင်မောင်နှင့် ကွာရှင်းပြီးနောက်တွင် ကိုအောင်မျိုးကို ဘယ်လို သဘောထားမလဲဆိုသည့် ပြဿနာမှာ နောက်ပြဿနာဖြစ်လေသည်။ နောက်ပြဿနာကို ယခုမစဉ်းစားလိုသေးပေ။ ကိုအောင်မျိုးကလည်း သူ့သဘောထားကို ယခုထက်တိုင် ဖွင့်မပြောသေးပေ။

ယနေ့တော့ ကျွန်မသည် ကောင်းစွာ နေထိုင် မကောင်းလှပေ။ ဝမ်းဗိုက်ထဲက ကမ္ဘာ့ဇလေကလည်း အပြင်းအထန် လှုပ်ရှားသည်။ ကျွန်မ၏ရက်တွက်အတိုင်းဆိုလျှင် မွေးဖွားဖို့မှာ ရက်ပိုင်းမျှလောက်သာ လိုပေတော့သည်။ ဆရာဝန်ကမူ ယခု အပတ်အတွင်းတွင် မွေးဖွားမည်ဟု ဆိုပေသည်။

ကျွန်မသည် တစ်နေ့လုံး အိပ်ရာထဲ လှဲလိုက်၊ ညနေရောက်၍ မီးပွင့်များလင်းလာသည်အထိ အိပ်ခန်းတွင်းမှာသာ အချိန်ကုန်သည်။ မွေးဖွားခါနီးပြီဆိုတော့လည်း ကျွန်မတွင် အားငယ်စိတ်တွေ ဝင်လာပါသည်။ ကိုယ့်ယောကျ်ားကမှ အနီးအနားတွင် နေ၍ အားပေးခြင်း မခံရသည့်ဘဝကို တွေးရင်း မျက်ရည်တွေ ဝဲလည်လာပေသည်။

"ထား ထမင်းစားကြမယ်၊ ဘယ့်နှယ်နေသလဲ"

"ဟင် ငိုနေသလား ထား"

"ကိုယ့်ဘဝ ကိုယ်တွေးပြီး အားငယ်လွန်းလို့ပါ အေးရယ်၊ မွေးခါနီးမှာ အားပေးနှစ်သိမ့်မယ့် ယောကျ်ား မရှိပါလားဆိုပြီး အားငယ်လိုက်တာ၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သိပ်ပြီး တိမ်းတိမ်းဝေဝေ ဖြစ်တာပဲ"

ကျွန်မက အေးအေး၏ လက်များကို ဆုပ်ကိုင်ဖြစ်ညှစ်၍ ပြောလိုက်သည်။ ကျွန်မလက်ဖျားများမှာ အေးစက်နေကြ၏။ အေးအေးကလည်း ကျွန်မလက်ကို ပြန်၍တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပါသည်။

"အိုကွာ မင်းကလည်း မွေးခါနီး ဖွားခါနီးမှာ စိတ်မကောင်းစရာတွေ မတွေး

ပါနဲ့၊ အင်္ဂလိမာလသုတ် ရတယ်မဟုတ်လား၊ အဲဒါကို ရွတ်ပြီး စိပ်ပုတီးစိပ်ပေါ့။ ပြီးတော့ ကိုယ်လည်း ဦးဇင်မောင်ဆီကို ကြေးနန်းရိုက်လိုက်မယ်လို့ စိတ်ကူးတယ်။ ဘယ်နှယ့်လဲ သူလည်း အဆင်မပြေတုန်းသာ ဒီလိုနေပေမဲ့ သူ့မယား မီးဖွားရင် အနားမှာ နေချင်ပေမပေါ့ကွာ။ ပြီးတော့ ကလေးကိုလည်း မြင်ချင်ရှာမှာပေါ့"

"မလုပ်ပါနဲ့ အေး၊ ကိုယ်တောင်းပန်ပါတယ်။ သူရောက်လာရင်လည်း ကိုယ့်မှာ အထောက်အကူမဖြစ်ဘဲ အနှောင့်အယှက်ဖြစ်ရုံပဲ နေမှာပါပဲ။ အခုမှတော့ မထူးတော့ပါဘူး"

ကျွန်မက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ အေးအေးသည် မပြောတော့ဘဲ ထမင်းစားခန်းဘက်သို့ ထွက်သွားလေသည်။

ကျွန်မသည် ထမင်းမစားတော့ပေ။ အေးအေး ထွက်သွားသည့်နောက်တွင် ကျွန်မသည် ခေါင်းအုံးအောက်က စိပ်ပုတီးကို ကောက်၍စိပ်ရင်း အင်္ဂလိမာသုတ်ကို ရွတ်ဆိုနေမိသည်။ ဝမ်းဗိုက်ထဲက ကလေးမှာ မကြာခဏဆောင့်၍ ဆောင့်၍ တိုးသဖြင့် မခံမရပ်နိုင်ဖြစ်အောင် နာကျင်စပြုလာသည်။ ထို့ကြောင့် ကျွန်မသည် အခန်းထဲတွင် လမ်းလျှောက်ပြန်သည်။ လမ်းလျှောက်လျှင် ဗိုက်နာနည်းနည်းပျောက်သွားကာ သက်သာသလိုလို ရှိသွားပြန်သည်။ သို့ရာတွင် မကြာပါ ဝမ်းဗိုက်သည် စောစောပိုင်းက အချိန်တော်တော်ခြား၍ နာနေခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် သိပ်မခြားတော့ဘဲ ဆက်တိုက် နာစပြုလာသည်။

"အေး အေးရေ၊ အေး"

ကျွန်မသည် အခန်းထဲမှနေ၍ အေးတို့ကို လှမ်းခေါ်၏။ သို့ရာတွင် အေးအေးတို့ အခန်းဘက်မှ ပြန်ထူးသံ မကြားရပေ။ အိပ်မောကျနေကြဟန် တူပေသည်။ ထို့ကြောင့် ကျွန်မသည် အေးအေးတို့ အခန်းဆီသို့ အားယူ၍ လျှောက်လာကာ တံခါးကို ခပ်ပြင်းပြင်း ခေါက်၍ နှိုးရ၏။

"အေး အေးရေ"

အခန်းထဲမှ ပြန်ထူးသံနှင့်အတူ တံခါးဖွင့်လိုက်၏။

"ဟင် ထား"

"ကိုယ် သိပ်ဗိုက်နာနေတယ်၊ ခု ည မွေးလိမ့်မယ်ထင်တယ်"

အေးအေးသည် ကျွန်မကို ဖေးမ တွဲခေါ်၍ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ကိုတင်မြင့်ကို နှိုး၏။ ကိုတင်မြင့်သည် အိပ်ရာမှ လူးလဲထကာ အဝတ်အစား

လဲပြီး အောက်သို့ ဆင်းသွားလေသည်။

"ခဏနေဦးနော် ထား၊ မောင် ကားသွားပြီးထုတ်နေတယ်"

ခဏကြာလျှင် ကိုတင်မြင့် တက်လာ၍ ခေါ်၏။ အေးအေးကိုတွဲကာ ကားပေါ်သို့ တက်စေသည်။

ကျွန်မတို့ ဒပ်ဖရင်ဆေးရုံသို့ ရောက်သောအခါ ၁၁ နာရီ ထိုးနေပေပြီ။ ထုံးတမ်းစဉ်လာများကို ရေးမှတ်စာရင်းသွင်းပေးပြီးနောက် ဆရာဝန်က လာ၍ စမ်းသပ်စစ်ဆေးကြည့်၏။ နောက် ကျွန်မကို လက်တွန်းလှည်းပေါ်သို့ တင်ကာ အခန်းတစ်ခုဆီသို့ တွန်းသွားကြလေသည်။ အခန်းနားသို့ ရောက်သောအခါ မဝင်ရဘဲ ခေတ္တစောင့်၍နေရသေးသည်။ ကျွန်မသည် အခန်းဝတွင် ချိတ်ဆွဲထားသည့် 'အမာဂျင်စီ' ဟူသော အင်္ဂလိပ်စာလုံးကို သွား၍ မြင်လိုက်မိသည်။

ကျွန်မကား ထိုအချိန်တွင် ဝေဒနာကို ပြင်းစွာ ခံနေရဆဲ ဖြစ်ပါသည်။ အသည်းတွေ အူတွေသာမက တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပါသည်။ ထို့ကြောင့် လက်တွန်းလှည်း ပေါင်နှစ်ဖက်ကို တအားဖျစ်ညှစ်ဆုပ်ကိုင်ကာ လူးလွန့်နေပါသည်။

ကိုတင်မြင့်နှင့် ဆရာဝန်တစ်ဦးမှာ တီးတိုးစကား ပြောနေကြ၏။ သူတို့အနားတွင် အေးအေးလည်း ရှိပေသည်။ ကျွန်မသည် သူတို့ ဘာတွေပြောနေသည်ကို အကုန်အစင် မကြားရသော်လည်း တစ်ဝက်တစ်ပျက်တော့ ကြားနေရ၏။

"သားဦးလား"

"ဟုတ်ပါတယ်"

"ခက်လိမ့်မယ် ထင်ထယ်၊ ဆီဇာရီးယန်ကေ့စ် ဖြစ်လိမ့်မယ် ထင်တယ်။ သိပ်လည်းမပူပါနဲ့လေ။ ကျွန်တော်တို့ ထပ်ပြီး စစ်ဆေးကြည့်ပါဦးမယ်"

နောက်ထပ် ဆရာဝန် နှစ်ယောက် ရောက်လာကာ တီးတိုး တိုင်ပင်နေကြသည်။ ကျွန်မသည် သူတို့အားလုံးကို မြင်နေ၍ သူတို့ စကားများကို ကြားနေရသော်လည်း ကိုယ့်ဝေဒနာနှင့် ကိုယ်မို့ သူတို့ကို ဂရုမစိုက်အားပေ။ ခဏကြာလျှင် ကျွန်မအနားသို့ ဆရာဝန်တစ်သိုက် ရောက်လာကာ ကျွန်မကို စစ်ဆေးကြပါသည်။ ကျွန်မက ကျွန်မနားတွင်တော့ ဆီဇာရီးယန်းကေ့စ်ဆိုသော စကားလုံးကို ထပ်တလဲလဲ ကြားနေပေသည်။

နံရံလေးတစ်ချပ်သာ ခြားသော အပြင်ဘက်တွင်မူ အေးအေးတို့ ကိုတင်မြင့်တို့ စကားပြောသံများကို ကြားနေရ၏။

'ဆီဇာရီးယန်းကေ့စ်ပဲ၊ သေချာသွားပြီ၊ ဗိုက်ခွဲမွေးရလိမ့်မယ်၊ ဒီတော့ သူ့ယောကျ်ား လက်မှတ်ထိုးရလိမ့်မယ်"

အေးအေး၏အသံကို ဘာမျှ မကြားရတော့ပါ။ ကိုတင်မြင့်နှင့် အေးအေးတို့သည် အတန်ကြာ တိတ်ဆိတ်နေကြသည်ဟု ထင်ပါသည်။ ကျွန်မက ကိုယ့်ဝေဒနာနှင့်ကိုယ်မို့ ဂရုစိုက် နားမထောင်အားသောကြောင့်လားတော့ မသိပေ။

ခဏကြာလျှင် အေးအေးသည် ကျွန်မအနားသို့ သူတစ်ယောက်တည်း ရောက်လာ၏။

"ထား ထား"

ကျွန်မက မျက်လုံးဖွင့်ကြည့်လိုက်သည်။ သည်အချိန်တွင် ကျွန်မ စကားမပြောချင်ပါ။ မျက်လုံးကိုပင် မလွဲသာ၍ ဖွင့်ရခြင်းဖြစ်ပါ၏။ ကျွန်မပါးစပ်ကမူ ညည်းသံသည် တအင်းအင်းမြည်လျက်ရှိ၏။

"လက်မှတ်ထိုးဖို့ ကိစ္စပေါ်လာတယ်၊ ယောကျ်ားလက်မှတ်ထိုးမှဖြစ်မယ်လို့ လုပ်နေတယ်။ ဘယ့်နှယ်လုပ်မလဲ။ ကိုယ် ကိုအောင်မျိုးကို တယ်လီဖုန်းနဲ့ အခေါ်ခိုင်းထားတယ်၊ သူနဲ့လည်း တိုင်ပင်ဦးမယ်"

"ကိုယ်မသိဘူး၊ အေးတို့ ကောင်းမယ်ထင်သလိုသာလုပ်ကြ၊ ကိုယ်ကတော့ မြန်မြန် မွေးချင်လှပြီ။ အမယ်လေး နာလှချည့်ရဲ့"

အေးအေးသည် ကျွန်မလက်ကို ဖျစ်ညှစ်၍ ကျွန်မကို စောင်ခြုံပေးကာ ခပ်သုတ်သုတ် ထွက်သွား၏။ ခဏကြာတော့ အပြင်ဘက်တွင် ကိုအောင်မျိုး၏အသံကိုပါ ကြားရပါသည်။ နောက် မကြာမီ ကျွန်မကို ခွဲစိတ်ခန်းထဲသို့ သွင်းလိုက်ကြပါသည်။ ကျွန်မသည် အသက်ရှူရကျပ်လွန်းသဖြင့် တစ်ခါတည်းပင် အမောဆို့၍ အသက်ပျောက်သွားလေမလားဟု ထင်ရ၏။ မီးလုံးကြီးများကြောင့်လည်း ပူလောင် မွန်းကျပ်နေသည်ဟု ထင်ပါသည်။ ကျွန်မကို အောက်စီဂျင်မျက်နှာဖုံးများ တပ်၍ပေးတော့မှ အသက်ရှူရချောင်သွားပါသည်။

ကျွန်မသည် အားယူ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ မျက်လုံးကလေးများသာ ဖော်ထားပြီး မျက်နှာတစ်ခုလုံး အဝတ်ဖြူစည်းကာ ခေါင်းတွင်အဖြူ၊ ကိုယ်လုံးပေါ်တွင် ဝတ်ရုံဖြူ ဝတ်ထားသော သတ္တဝါကြီးများသည် ကျွန်မအား ဝိုင်းထားကာ ကတ်ကြေးတွေ၊ ဓားတွေဖြင့် ခွဲစိတ်ရန် ပြင်ဆင်နေကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စကားတစ်ခွန်းမျှလည်း မပြောကြ။ ကျွန်မကိုသာ စိုက်ကြည့်နေ

ကြသည်။

နောက် ကျွန်မအနားသို့ ဆရာဝန်တစ်ယောက် ရောက်လာကာ ဆေးတစ်လုံး ထိုးသွင်းလိုက်သည်။ ထိုနောက်တွင်ကား ကျွန်မသည် ဘာကိုမျှ သတိမရတော့ပေ။

# [၂၈]

ကျွန်မသည် အိပ်ရာမှ နိုးလာ၏။ အိပ်ရာမှ နိုးလာသောအခါတွင် လန်းဆန်းကာ အားပြည့်လာသလို ထင်ရ၏။ ကျွန်မသည် မျက်လုံးများကို ဖွင့်၍ ကြည့်လိုက်သည်။ အေးအေး၊ ကိုတင်မြင့်နှင့် ကိုအောင်မျိုးတို့သည် ကျွန်မကို စိုးရိမ်တကြီး မိုး၍ ကြည့်နေကြသည်။ စူးဝါးပြင်းထန်သော ဆေးရုံနံ့ကြီးသည် ကျွန်မ နှာခေါင်းထဲသို့ တိုးဝင်လာ၏။

"ကလေးကော ကလေး"

ကျွန်မက သူတို့ကို မေးလိုက်၏။

"ရှိတယ်ထား၊ သားလေး ထားရေ့၊ ရုစ်ပေါင်တောင်ရှိတယ်၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ကလေးအခန်းထဲမှာ သိပ်ထားတယ်"

ကျွန်မသည် ခပ်ယဲ့ယဲ့ ပြုံး၍ သက်ပြင်းကို ရှိုက်မိ၏။ ဩော် ကျွန်မသည် ကလေးတစ်ယောက်၏ မိခင်အဖြစ်သို့ ရောက်ခဲ့ချေပြီတကား။ မိန်းမတစ်ယောက်၏ ကြီးထွားရင့်ကျက်မှုအစဉ်တွင် ကလေးတစ်ယောက် မွေးဖွားခြင်းသည် မှတ်တိုင်တစ်တိုင်ပင်ဖြစ်၏။ ကျွန်မသည် ကြီးထွားရင့်ကျက်မှု၏ ပထမမှတ်တိုင်သို့ ကျော်လွန်ခဲ့ပြီဟု ကိုယ့်ကိုယ်ကိုယ် အားရမိပါ၏။ ကလေးတစ်ယောက်ကို လူ့လောကအလယ်သို့ ရောက်အောင် မွေးဖွားပေးနိုင်ခဲ့သည်ဟူသော အသိဖြင့် ကျေနပ်ဝမ်းမြောက်မိပါ၏။ ကျွန်မ သားကြီး၏ ရုပ်ရည်သည်မည်သို့ ရှိမည်နည်း။ သူ့ဂိုသံသည် မည်သို့ရှိလေမည်နည်း။ ကျွန်မ၏ ဝမ်းမြောက်ကျေနပ်မှုသည် တိုက်ပွဲတစ်ပွဲကို အောင်နိုင်ပြီးသည့် စစ်သူကြီးတစ်ယောက်၏ ဝမ်းသာပုံမျိုးဖြစ်လိမ့်မည်ဟု ကျွန်မ ထင်ပါသည်။

"နေကောင်းတယ်နော် ထား"

ကိုအောင်မျိုးက မေးလိုက်၏။ ကျွန်မက ပြုံး၍ ခေါင်းညိတ်လိုက်ပါသည်။ ကိုအောင်မျိုး၏ မျက်နှာသည်လည်း ဝင်းထိန် ကြည်လင်လျက် ရှိပေသည်။ အေးအေးနှင့် ကိုတင်မြင့်၏ မျက်နှာသည်လည်း ပြုံးနေကြပါသည်။

"မထားကို ဆရာဝန် ဆရာမတွေက သိပ် ဂရုစိုက်ကြတာပဲ၊ ဒေါက်တာ ဒေါ်ရင်မေ ကိုယ်တိုင်က တော်တော် ဂရုစိုက်တယ်"

ကိုတင်မြင့်က ဝင်ပြော၏။ သူတို့တစ်တွေသည် ကျွန်မအနားတွင် စကားစမြည်ပြောနေကြ၏။ ခဏကြာတော့မှ ကိုအောင်မျိုးနှင့် ကိုတင်မြင့်သည် ဆေးလိပ်ဘူးကို ထုတ်ကာ အပြင်ဘက် ဝရန်တာသို့ ထွက်၍ ဆေးလိပ်သောက်နေကြသည်။ အခန်းထဲတွင် ကျွန်မနှင့် အေးအေးသာ ကျန်ရစ်ခဲ့ကြသည်။

"ထား ခု ဘယ်နှယ့်နေသေးသလဲ"

"နေကောင်းပါတယ်၊ နည်းနည်း နုန်းနေတယ်၊ ပြီးတော့ ဗိုက်ထဲက နည်းနည်း နာတယ်"

"ထား ဗိုက်ကို ခွဲမွေးရတယ်၊ ပြန်ချုပ်ထားတဲ့ အနာက နာတာဖြစ်မှာပေါ့။ ဒါတော့ ကိစ္စမရှိပါဘူး၊ ကျက်သွားမှာပါ"

ကျွန်မသည် ဗိုက်ခွဲမွေးရသည်ကို အေးအေးပြောမှပင် ပြန်၍ စဉ်းစားမိသည်။ ဆီးဇာရီးယန်းကေစ်ဟူသောစကားကို ဆရာဝန် ဆရာမတွေ ပြောနေကြပုံ၊ ခွဲစိတ်ခန်းထဲသို့ ကျွန်မကို လှည်းဖြင့် သွင်းသွားပုံ၊ ခွဲစိတ်ခန်း မီးလုံးကြီးများအောက် ကျွန်မဘေး ပတ်ပတ်လည်တွင် ဝတ်ရုံဖြူကြီးများ ဝတ်ထားကြသော ဆရာဝန် ဆရာမတွေ ဝိုင်းအုံနေကြပုံတို့ကို ပြန်၍မြင်ယောင်လာသည်။

"ကိုယ် ဗိုက်ခွဲမွေးရတယ်နော် အေး"

ကျွန်မ အိပ်မက်လိုဖြစ်နေသဖြင့် သေချာအောင် အေးအေးကို ထပ်၍ မေးလိုက်၏။

"ဟုတ်တယ်ထား၊ ဒေါ်ရင်မေကိုယ်တိုင် ကြီးကြပ်ပြီး မွေးပေးတာပဲ။ ဗိုက်ခွဲမွေးရတယ်ဆိုတာဟာ ခုခေတ်မှာတော့ သိပ်မဆန်းတော့ပါဘူး"

"ကိုယ့်ကလေးကို ကြည့်ချင်လိုက်တာ အေးရယ်"

အေးအေးက လက်ပတ်နာရီကို ငုံ့ကြည့်ကာ အနားမှ ဖြတ်သွားသော ဆရာမတစ်ယောက်ကို လှမ်းမေးလိုက်၏။

"နို့တိုက်ချိန် ထုတ်လာပါလိမ့်မယ်၊ ခုတော့ အိပ်နေပါတယ်"

"မင်း သားကြီးကလေး သူ့အဖေ ဦးဇင်မောင့်ရုပ်နဲ့ တထေရာတည်းပဲ၊ အို ချုပ်စွပ်ထားသလား အောက်မေ့ရတယ်"

အေးအေးက အားပါးတရ ပြောပြနေ၏။ အေးအေးက ပြောလိုက်သည်နှင့်

ကျွန်မသားကြီး၏ နောင်ရေးပြဿနာသည် ကျွန်မခေါင်းထဲသို့ လက်ခနဲ ဝင်ရောက်လာပါသည်။ သူ့အဖေသည် သားကြီးကို တွေ့ချင်ပေလိမ့်မည်။ ကျွန်မသားကြီးကလည်း သွေးက ပြောသောကြောင့် သူ့အဖေကို ခင်မင်တွယ်တာမိပေလိမ့်မည်။ ထိုအခါတွင် ကျွန်မသားကြီးနှင့် သူ့အဖေ၏ ဆက်ဆံရေးသည်လည်း မည်သို့ ရှိမည်နည်း။

ထိုအခါတွင် ဦးဇင်မောင်နှင့် ကျွန်မ၏ ဆက်ဆံရေးသည် မည်သို့ရှိမည်နည်း။

"မင်း ဗိုက်ခွဲရမယ်ဆိုတော့ ကိုယ်တော့ ခေါင်းနားပန်းတွေ ကြီးသွားတာပဲ၊ ဒီအထဲမှာ ဗိုက်ခွဲဖို့ကိစ္စကို ယောကျ်ားက လက်မှတ်ထိုးမှဖြစ်မယ်၊ ယောကျ်ားလက်မှတ် မထိုးရင် မဖြစ်ဘူးလို့ ဆရာဝန်တွေ ဇွတ်ပြောနေတော့ ကိုယ်ဖြင့် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"နောက်တော့ ဘယ်လိုလုပ်ကြသလဲ"

"သူတို့ကလည်း ယောကျ်ား သို့မဟုတ် မိဘဖြစ်စေ၊ အုပ်ထိန်းသူဖြစ်စေ လက်မှတ်ထိုးရမယ်လို့ ဆိုတယ်။ ဦးဇင်မောင်ဆီကို ကြေးနန်းရိုက်ခေါ်မယ်လို့ စိတ်ကူးမိပါသေးရဲ့။ ဒါပေမဲ့ ဘယ်ဖြစ်တော့မလဲ၊ ဗိုက်ခွဲရမယ့်ကိစ္စက နာရီပိုင်းအတွင်းမှာဆိုတော့ ကြေးနန်းမရိုက်ဖြစ်တော့ဘူး။ ဒါကြောင့်မို့ ကိုအောင်မျိုးကို ခေါ်တိုင်ပင်ရတာပေါ့။ ကိုအောင်မျိုးက သူ့မိတ်ဆွေ ဆရာဝန်တွေ မေးကြည့်တော့ သိပ်အန္တရာယ်မရှိပါဘူး။ ဒါပေမဲ့ လိုလိုမည်မည် လက်မှတ်ထိုးဖို့တော့ လိုလိမ့်မယ်တဲ့။ ဒါမှ ထုံးတမ်းစဉ်လာအရဖြစ်မယ်ဆိုတော့ ကိုအောင်မျိုးက ကိုယ်နဲ့ မောင့်ကိုခေါ်ပြီး ကျွန်တော်ထိုးမယ်၊ ခင်ဗျားတို့ သဘောတူလား မေးတယ်။ သူကတော့ ဒါက ဖော်မယ်လ်လီး ဖြစ်ပါတယ်လို့ ခပ်လွယ်လွယ်ပြောတာပဲ။ ဒါနဲ့ ကိုယ် မင်းကို လာမေးသေးတယ်လေ၊ မင်းတို့သဘောဆိုလို့ နောက်ဆုံးတော့ အစစအရာရာ အားလုံးအဆင်ပြေသွားတာပါပဲ"

"ဒါဖြင့် ကိုအောင်မျိုး လက်မှတ်ထိုးတယ်ဆိုပါတော့"

ကျွန်မက အေးအေးကို မျက်လုံးလှန်ကြည့်၍ မေးလိုက်၏။ အေးအေးသည် ကျွန်မ နဖူးပေါ်တွင် ဝဲကျနေသော ဆံပင်များကို လက်ဖြင့် သပ်၍ သိမ်းပေးနေသည်။

"ဟုတ်တယ် လက်မှတ်ထိုးရုံတွင် မကဘူး၊ မင်းအတွက် သွေးသွင်းဖို့လိုတော့လည်း သူ့သွေးပဲ ဖောက်ပြီး သွင်းပေးတာပဲ"

"ဟင် သူ့သွေးကို သွင်းရတယ်"

"မင်း သွေးအမျိုးအစားကလည်း ရှားတယ်လို့ပြောတယ်။ အေဘီဆိုလား၊

ဘာလား ကိုယ်တော့မသိပါဘူး။ နောက်ဆုံး ကိုအောင်မျိုးက သူ့သွေးနဲ့တူတယ် ဆိုပြီး ဖောက်ပေးတာပဲ”

“အင်း မင်းတို့လည်း ငါဂြိုဟ်ကောင်မကြောင့် တော်တော်လေး ဒုက္ခရောက်လိုက်ကြတာပဲနော်”

ကျွန်မက စိတ်မကောင်းသလို ညည်းလိုက်ပါသည်။ အေးအေးသည် ကျွန်မလက်ဖဝါးများကို ဖျစ်ညှစ်ထားလိုက်၏။

“ဒီလိုမပြောပါနဲ့ကွာ။ ကိုယ်တို့ကလည်း မအောက်မေ့ပါဘူး။ အဲဒီညက ကိုအောင်မျိုးနဲ့ ကိုတင်မြင့် ကားတစ်စီးနဲ့ သွေးလိုက်ရှာကြတာပဲ။ သွေးဘဏ်မှာလည်း အဲဒီသွေးအမျိုးအစားက ကုန်နေပြီ။ အပြင်ဘက်မှာလည်း ရှာမရတော့ဘူး။ ကိုအောင်မျိုးသွေးနဲ့ မလောက်လို့ နောက်ဆုံး အခက်တွေ့နေတုန်း ဆေးရုံဂိတ်က ဆိုက်ကားသမားတစ်ယောက်က သူ့သွေးနဲ့တူနေလို့ သူ့သွေးကို ထပ်သွင်းရသေးတယ်။ သူ့ကို ငွေတစ်ရာ့ရှစ်ဆယ် ပေးလိုက်ရတယ်”

ကျွန်မတို့သည် အတန်ကြာ တိတ်ဆိတ်နေကြ၏။ ကိုအောင်မျိုးနှင့် ကိုတင်မြင့်ကား အပြင်ဘက်စင်္ကြံတွင် ဆေးလိပ်သောက်ရင်း စကားစမြည်ပြောနေကြ၏။

“ကိုယ်လည်း နေရင်းထိုင်ရင်း လင်တစ်ယောက် နောက်ထပ်ရလိုက်ရတာပေါ့နော်”

ကျွန်မက အေးအေးကို လှမ်းကြည့်၍ ပြောသည်။ အေးအေးသည် အပြင်ဘက်သို့ ငေးကြည့်နေရာမှ ကျွန်မကို ပြုံးကြည့်လိုက်သည်။ ခပ်ငေးငေးဖြစ်နေသော ကျွန်မမျက်နှာကို မြင်လိုက်တော့မှ အေးအေးက ဣန္ဒြေဆည်လိုက်သည်။

“ဒီလိုလည်း မဟုတ်ဘူးကွာ။ မမျှော်လင့်ဘဲ ပေါ်လာတဲ့အကြောင်းကြောင့် လက်မှတ်ထိုးလိုက်ရတာပါ။ သူ့အနေနဲ့ကတော့ မင်းအတွက်ဆိုရင် ဘာဖြစ်ဖြစ် လုပ်ပေးဖို့ အဆင်သင့်ပါ။ ဒါပေမဲ့ သူက စေတနာနဲ့ လုပ်ပေးလိုက်ပေမဲ့ မင်းအတွက် ဝေဒနာဖြစ်သွားမှာကို သူ သိပ်စိုးရိမ်တယ်။ ခုလည်း ‘ကျွန်တော့်အနေနဲ့ကတော့ လက်မှတ်ထိုးဖို့ အရေးမကြီးပါဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာ စနိုးစနောင့်ဖြစ်မှာ စိုးတယ်။ သူ့သဘောကို တီးခေါက်ကြည့်ပါဦး’ ဆိုလို့ ကိုယ်တို့ မင်းဆီကို လာမေးသေးတယ် မဟုတ်လား”

“သူလည်း လူပျိုဘဝက ကလေးတစ်ယောက်အဖေ အလိုလို ဖြစ်သွားတာပေါ့။ ကိုယ်တော့ ကိုယ့်အဖြစ်ကို ရယ်ရမလား၊ စိတ်နာရမလားတောင် တွေးမရတော့ဘူး”

ကျွန်မ ကြည်သာရွှင်ပျပုံကိုကြည့်၍ အေးအေးကပါ ရယ်လိုက်၏။

"အစစ်ပဲ။ သူ့ လက်မှတ်ထိုးတော့ သူ့မိတ်ဆွေ ဆရာဝန်တစ်ယောက်ကတောင် "ဟော့လူ ခင်ဗျား ဘယ်တုန်းက မိန်းမရလိုက်မှန်း မသိဘူး" ပြောလို့ သူကတောင် ရယ်နေသေးတယ်"

ကလေးများကို နို့တိုက်ချိန်ရောက်လာပြီဖြစ်၍ ဆရာမသည် ကလေးကို ထုတ်လာ၏။ အေးအေးက ဆရာမ ကောက်ယူပေးသော ကလေးကို ပွေ့ယူလိုက်မိသည်။ ကျွန်မသည် ဗိုက်ခွဲထားသည့် ဒဏ်ရာကြောင့် အိပ်ရာက မထရသေးပေ။ ထို့ကြောင့် အေးအေးက ကလေးကို ကျွန်မအနားသို့ ပွေ့၍ပြ၏။ ကျွန်မသည် သား၏မျက်နှာကို မြင်ရသည်နှင့် အားတက်လာပါသည်။

"သားကလေး သားကလေး"

ကျွန်မ စိတ်ထဲက ရွတ်ဆိုမိပါသည်။ လောကကြီးထဲတွင် ကျွန်မ တစ်ယောက်တည်း မဟုတ်တော့ပါ။ ကျွန်မ ဗိုက်ကိုခွဲ၍ မွေးထုတ်လိုက်ရသည့် သားတစ်ယောက်လုံး ကျွန်မအနားတွင် ရှိနေပါပြီ။ ကျွန်မသည် ကျွန်မရင်မှဖြစ်သော သားကိုကြည့်ကာ ရင်ထဲတွင် တသိမ့်သိမ့် ကြည်နူးနေပေသည်။ ကျွန်မ သားကြီးမှာ အေးအေးပြောသလို ဦးဇင်မောင်နှင့် ချွတ်စွပ်တူပါသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့်တကွ မျက်နှာပေါက် ကျပုံ အားလုံး ဦးဇင်မောင်နှင့် တထေရာတည်းဖြစ်ပါသည်။

အေးအေးက လှမ်းခေါ်လိုက်သဖြင့် ကိုတင်မြင့်၊ ကိုအောင်မျိုးတို့ နှစ်ယောက် အခန်းထဲသို့ ဝင်လာကြ၏။ ကိုအောင်မျိုးက အေးအေးလက်ထဲမှ ကလေးကို ပွေ့ချီလိုက်သည်။

"လူပျိုကြီးက ကလေးတော့ ချီတတ်သားပဲ"

အေးအေးက ကိုအောင်မျိုး ကလေးပွေ့ယူပုံ လက်အနေအထားကိုကြည့်၍ ပြောလိုက်သည်။

"ဆရာဝန်ကိုး အေးအေးရ။ ဒပ်ဖရင်ဆင်းတုန်းက သူများကလေးတွေ လိုက်ချီပေးနေကျ မဟုတ်လား။ ဒီလိုပဲ တစ်သက်လုံး သူများကလေး လိုက်ချီနေရတာနဲ့ပဲ အချိန်ကုန်တော့မှာ ထင်ပါရဲ့"

ကိုအောင်မျိုးက ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်သည်ကို ကျွန်မ နားမလည်နိုင်သော်လည်း ကိုအောင်မျိုး၏ အမူအရာ လေယူလေသိမ်းတို့ကြောင့် ကျွန်မ စိတ်ထဲတွင် ထိခိုက်၍သွားပါသည်။ ကိုအောင်မျိုးသည် သားကြီးကိုပွေ့၍ ချော့မြူနေ

ပါသည်။ အေးအေးပြောသလိုပင် ကလေးခေါင်းကို လက်ဝါးဖြင့် ခံထားပုံ၊ တံတောင်ဆစ်ချိုး၍ တန်းခံကာ ပွေ့ထားပုံတို့မှာ တကယ်အချိုးကျလှပါသည်။ ကျွန်မပင်လျှင် သူ့လို ချီတတ်ဦးမည်မဟုတ်ပေ။

ကိုအောင်မျိုးသည် သားကြီးကို စူးစိုက်ကြည့်နေပါသည်။ သူ့အကြည့်၌ မြတ်နိုးခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်း စသည့် စေတနာများ ထင်ဟပ်နေကြသည်။ တစ်ပြိုင်နက်တည်းမှာပင် နှမြောတသခြင်း၊ ရင်နာခြင်းစသည့် ဝေဒနာများသည်လည်း ထင်ဟပ်နေကြသည်။ သူ့အကြည့်သည် သူ့ရင်တွင်း၌ ပဋိပက္ခဖြစ်နေကြသော ဝေဒနာများကို ထင်ဟပ်သော အကြည့်မျိုးဟု ဆိုချင်ပေသည်။

သားကြီးကို ကိုအောင်မျိုး ပွေ့ချီပြီး စိုက်ကြည့်နေပုံမှာ ကျွန်မ မျက်စိထဲတွင် စွဲသွားပါသည်။ သည်အချိန် ကိုအောင်မျိုးရင်ထဲ၌ မည်သို့ ခံစားနေမည်နည်း။ ကိုအောင်မျိုးသည် မတော်ရသော သားကိုကြည့်ကာ ဆွေးနေမည်လော။ သို့မဟုတ် လက်မှတ်ထိုး၍ ဗိုက်ခွဲမွေးခဲ့ရသည့် သားဖြစ်၍ သူ့သားဟုပင် ယူဆနေမည်လော။ သူ့ရင်တွင်ရှိသည့် ခံစားချက်ကို ကျွန်မ မသိနိုင်ပါ။ သူ့ရင်ထဲရှိသည့် ခံစားချက်ကို မပြောနှင့်၊ ကျွန်မပင်လျှင် ထိုစဉ်ကဖြစ်ပေါ်နေသည့် ခံစားချက်ကို ကျွန်မ ပြောမပြတတ်ပေ။

တကယ်တော့ သားကြီးသည် ဦးဇင်မောင်၏ သွေးဖြစ်၏။ ကျွန်မသည်လည်း ဦးဇင်မောင်၏ တရားဝင်မယားဖြစ်လျက် ရှိသေး၏။ သို့ရာတွင် ကျွန်မအသက်ကို ကယ်ပြီးနောက် သားကြီးကို လူ့လောကရောက်အောင် ဆွဲထုတ်ခဲ့သူမှာ ကိုအောင်မျိုးဖြစ်ပေသည်။ အေးအေးကို ကျွန်မ ပြက်ရယ်ပြောခဲ့သလိုပင် ကျွန်မသည် နေရင်းထိုင်ရင်း လင်နှစ်ယောက်ကို ရခဲ့၍ သားကြီးသည်လည်း လူဖြစ်လာသည်နှင့်တစ်ပြိုင်နက် အဖေနှစ်ယောက် ဖြစ်နေပါပကော။

ဦးဇင်မောင်သည် သည်ရှုခင်းကိုမြင်လျှင် ဘယ်လိုတုံ့ပြန်လေမည်နည်း။ ကိုအောင်မျိုး၏ နာမည်ကို ကြားရရုံမျှဖြင့် ဆတ်ဆတ်ခါ ဖြစ်လေ့ရှိသော ဦးဇင်မောင်သည် ကိုအောင်မျိုး သူ့မယားဘေးတွင်ရပ်ကာ သူ့သားကြီးကို ပွေ့ချီနေသည်ကို မြင်ရလျှင် မည်သို့ရှိမည်နည်း။

ကျွန်မသည် မေမေ့ စီမံချက်ကြောင့် ဖြစ်ပေါ်လာရသော ကျွန်မ၏ သပွတ်အူ အိမ်ထောင်ရေး၏ နောင်ရေးကို တွေးမိပါသည်။

ကျွန်မနှင့် ကျွန်မ သားကြီးသည် သေမင်းလက်မှ ရန်းထွက်နေချိန်တွင် သိုက်

သမား ဦးဇင်မောင်နှင့် ထားခင်မူတို့သည် တစ်ယောက်ကိုတစ်ယောက် အပြုံးချင်း ဖလှယ်ကာ အကြည်ဆိုက်နေကြမည်လား မပြောတတ်ပေ။ သို့ရာတွင် ကျွန်မ မျက်လုံးများသည် ဘာကိုမျှ ထင်ရှားစွာ မမြင်ရဘဲ မျက်ရည်များဖြင့်သာ ဖုံးလွှမ်းနေကြသည် တကား။

"ထား မကျန်းမာတုန်းမှာ စိတ်ညစ်စရာတွေ မတွေးနဲ့ကွယ်"

အေးအေးက ကျွန်မကို ပြောလိုက်၏။ သည်တော့မှ ကျွန်မသည် ကျွန်မရှေ့တွင် အေးအေးတို့ ရှိကြောင်းကို သတိရလာ၏။

"ကိုယ့်အတွက် မဟုတ်ပါဘူးကွာ။ လူ့လောကထဲကို ကိုယ့်သားကြီး ပုံမကျပန်းမကျ ရောက်လာရပုံကို တွေးမိလို့ပါ။ အဖေရဲ့ အသိအမှတ်ပြုချက်ကလေးတောင် မရဘူး။ သူစိမ်းတစ်ယောက်က အဖေယောင်ဆောင် လက်မှတ်ထိုးလို့ ရောက်လာရတဲ့ ဘဝ၊ ကိုယ့်သားကြီးကတော့ လူ့လောကထဲ ရောက်တဲ့နေရာမှာ အမေက မျက်ရည်နဲ့ ဆီးကြိုရမယ့်အဖြစ်ကို သိရှာမှာမဟုတ်ဘူး"

ကျွန်မသည် လက်တွန်းလှည်းကလေးပေါ်ရှိ သံပုခက်ကလေးထဲသို့ ရောက်သွားသော ကျွန်မသားကြီးကို ငေးကြည့်ရင်း ပြောမိသည်။ အေးအေးကမူ ဘာမျှ မပြောတော့ပေ။

အချိန်စေ့၍ ကလေးများကို ဆရာမများက သိမ်းသွားကြ၏။ အေးအေးတို့တစ်သိုက်သည် လူနာမေးချိန် ကုန်လွန်သည်အထိ နေကြကာ အတော်မိုးချုပ်မှ ပြန်သွားကြပေသည်။

အေးအေးတို့ ပြန်သွားသည်နှင့် ကျွန်မသည် ထိန်းချုပ်ထားရသော မျက်ရည်များကို သွန်ချလိုက်ပါသည်။ သည်အခါ ကျရသော မျက်ရည်များက ကံနည်းလှသော ကျွန်မ ဘဝအတွက်လည်း မဟုတ်၊ ဦးဇင်မောင်အတွက်လည်း မဟုတ်၊ ကိုအောင်မျိုးအတွက်လည်း မဟုတ်ပေ။ ရင်မှဖြစ်သော ကျွန်မသားကြီး၏ နောင်ရေးအတွက် ငိုရခြင်းသာ ဖြစ်ပေသည်။

## [၂၉]

ကျွန်မသားကြီး ဇော်မြင့်သည် ခြောက်လရွယ်ရှိပြီဖြစ်၏။ ဇော်မြင့်ဟူသော အမည်ကို အေးအေးက ရွေးပေးခြင်းဖြစ်၏။ ကျွန်မသည် ဆေးရုံက ဆင်းကတည်းက

အေးအေးတို့အိမ်မှာပင် နေထိုင်လျက်ရှိ၏။ ကျွန်မသည် သားကြီးကို ဂရုစိုက်နေရသည်နှင့် ယခုတိုင် အလုပ်မလုပ်နိုင်သေးပေ။ အေးအေးတို့ လင်မယားကလည်း ကျွန်မ အားမနာရအောင်၊ လိုလေသေးမရှိအောင် အစစအရာရာ ဂရုစိုက်ကြပါသည်။ သို့ရာတွင် အေးအေးတို့က ဘယ်မျှပင် သဘောကောင်းစေကာမူ ကျွန်မအဖို့ အလုပ်တစ်ခုခုကိုတော့ တွေ့အောင် ရှာရမည် ဖြစ်ပေသည်။ သားကြီး၏ ကြီးပြင်းလာရေးနှင့် ကျွန်မ တင့်တောင့်တင့်တယ်နေထိုင်ရေးအတွက် အလုပ်တစ်ခုကိုတော့ ရှာရဦးမည်သာ ဖြစ်ပေသည်။

သားကြီးမှာ ကြီးလာလေလေ သူ့အဖေနှင့် တူလေလေ ဖြစ်သည်။ ပါးစုန့်ပုံ့ပုံ့ကြီး ထွက်နေကြပုံ၊ မျက်ခုံးမွေးများ နက်မှောင်ထူထဲနေပုံ၊ မျက်လုံး တောက်ပကြပုံ၊ မျက်နှာပေါက် ပြည့်ဝိုင်းပုံတို့မှာ သူ့အဖေနှင့် တထေရာတည်း ဖြစ်၏။ အသားဖြူတာ တစ်ခုသာ ကျွန်မနှင့် တူပေသည်။ ကျွန်မသည် အချစ်ဟူသမျှကို ယခုအချိန်ထိ သားကြီးပေါ်ကို ပုံထားလိုက်ပါသည်။

ကျွန်မသည် အေးအေး အားသည့်အချိန်တွင် သားကြီးကို အေးအေးနှင့် ထားပစ်ခဲ့ကာ အလုပ်အကိုင်ကလေးများကို စနည်းနာကြည့်မိပါသည်။ ပညာမင်းကြီးရုံးသို့ ချောင်းပေါက်မတတ် သွားသော်လည်း ဘာမျှမထူးပေ။ တချို့ တရုတ်ကုလား ကုမ္ပဏီများတွင်မူ ချောမောစွာ အလုပ်ရသော်လည်း ဦးဖေအောင်က သင်ခန်းစာပေးလိုက်ပြီ ဖြစ်သဖြင့် ကျွန်မ မလုပ်ရဲတော့ပေ။ သူတို့ထဲသို့ ကျွန်မလို မိန်းမတစ်ယောက် ရောက်သွားခြင်းသည် ကျားရှေ့တွင် မှောက်လျက်လဲသလိုသာ ဖြစ်ပေလိမ့်မည်။ အေးအေးတို့ကလည်း အပြင်းအထန် ကန့်ကွက်ကြပေသည်။ အေးအေးတို့ကမူ ကျွန်မကို လူရိုသေ ရှင်ရိုသေဖြစ်သော ကျောင်းဆရာမအလုပ်ကိုသာ လုပ်စေလိုပေသည်။

သည်အတောအတွင်း ကိုအောင်မျိုးသည် အေးအေးတို့အိမ်သို့ မကြာခဏ ရောက်လာတတ်ပေသည်။ ကိုအောင်မျိုးသည် တစ်ခါတုန်းက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် အလုပ်လုပ်ခဲ့သော်လည်း နောက်တွင် ထွက်လာခဲ့ကာ သူငယ်ချင်းတစ်ယောက်နှင့်အတူ ကိုယ်ပိုင်ဆေးခန်းကလေးတစ်ခု ဖွင့်နေပေသည်။ ကိုအောင်မျိုးသည် ရောက်လာတိုင်း သားကြီးကို ပွေ့ချီနမ်းရှုပ်ကာ ချော့မြှူလေ့ရှိသည်။ ကျွန်မသည် သားကြီးနှင့် ကိုအောင်မျိုးတို့၏ နီးလျက်နှင့် ဝေးရသော ဘဝကိုမြင်ရတိုင်း ရင်ထဲတွင် ဆို့သွားတတ်ပါသည်။

ကျွန်မနှင့် ဦးဇင်မောင်သည် ယခုတိုင် တရားဝင် လင်မယားအဖြစ်မှ ပြတ်စဲခြင်း

မရှိသေးပေ။ အမိုးတစ်ခုတည်းအောက်တွင် နေထိုင်ကြ၍ ဟင်းရွက်တစ်ဆုပ် ထင်းတစ်စည်းကို အတူရှာဖွေ၍ စားသောက်ကြလျှင် လင်မယား အထမြောက်သည်ဟု ဆိုကြသော်လည်း ယခုတော့ ကျွန်မတို့နှစ်ယောက်သည် တစ်ရွာစီနေကြကာ မျက်နှာချင်းတောင် မဆိုင်ချင်ကြသည့် ဘဝဖြစ်၏။ သို့ဖြင့် ကျွန်မတို့နှစ်ယောက်၏ ဆက်ဆံရေးသည် သောင်မတင် ရေမကျသော ဆက်ဆံရေးမျိုးဖြစ်၏။ ကျွန်မတို့သည် သည်လိုဆက်ဆံရေးမျိုးကို အဆုံးသတ်ရပေလိမ့်မည်။ သူနှင့် ကျွန်မကြားတွင် စာရင်းရှင်းပွဲကို ပြုလုပ်ရလိမ့်မည်။ သည်စာရင်းကို စောစောမရှင်းပါလျှင် နောက်တိုးလာသောစာရင်းများသည် ရှင်း၍မရအောင်ပင် ရှုပ်ထွေးလာကြပေလိမ့်မည်။ ထို့ကြောင့် မကြာတော့သော တစ်နေ့တွင် အပြီးအပိုင် စာရင်းရှင်းကြရန် ကျွန်မ ဆုံးဖြတ်ပြီး ဖြစ်ပေသည်။

ကျွန်မသည် ကျွန်မ ဆုံးဖြတ်ချက်ကို ဘယ်သူ့ကိုမျှ ဖွင့်မပြောပေ။ ကိုအောင်မျိုးကိုလည်း မပြောပါ။ အေးအေးတို့ကိုပင် မပြော။ သူတို့ကလည်း ဤအကြောင်းကို ကျွန်မအား မမေးကြတော့ဘဲ ကျွန်မအကဲကိုသာ ကြည့်နေကြဟန်တူပေသည်။ သူတို့က မေးလာလျှင်မူ ကျွန်မသည် မဖုံးမကွယ်ဘဲ ဖွင့်ပြောမည်သာ ဖြစ်ပေသည်။

နှင်းမှုန်ကလေးများ ဝေစပြု၍ နေခြည်သိမ်းစပြုသော ဆောင်းနှောင်း တစ်ညနေတွင် ကျွန်မသည် ခြံထဲက မြက်ခင်းပြင်ပေါ်တွင် သားကြီး ဇော်မြင့်ကို လက်တွန်းလှည်းပေါ်တွင် တင်၍ တွန်းနေ၏။ နေလုံးသည် အနောက်ဘက် သစ်ပင်အုပ်များနောက်သို့ လျှောကျသွားပြီဖြစ်ရာ ရွှေရောင်နေခြည်များသည် အရှေ့ဘက် သစ်ပင်ထိပ်ဖျားများပေါ်တွင် ဝဲ၍ ကျန်ရစ်ခဲ့၏။ သစ်ပင်ရိပ်များသည် ရှည်လျားလာကြကာ မြက်ခင်းပြင်ပေါ်တွင် ထိုးကျနေသည်။ မြက်ပင်ကလေးများသည် ညိုးရော်ခြောက်သယောင်းစပြုလာကြ၏။

အေးအေးတို့ လင်မယားမှာ ဧည့်ခံပွဲတစ်ခုသို့ ထွက်သွားကြ၏။ ကျွန်မသည် လက်တွန်းလှည်းပေါ်တွင် ပူးဝါးအော်ကာ ဆော့ကစားနေသော သားကြီးကိုကြည့်ရင်း ခေါက်တုံ့ခေါက်ပြန် တွန်းနေမိသည်။ တော်တော်ညောင်းညာလာတော့မှ ကျွန်မသည် ခြံထဲက ခုံတန်းလျားကလေးပေါ်တွင် ထိုင်ချလိုက်မိ၏။ ဆောင်းတွင်းဖြစ်၍ အမှောင်ရိပ်သန်းစပြုပေပြီ။ မိန်းမငယ်တို့ ဆွယ်တာ ပါးပါးလှလှကလေးများကိုဝတ်ကာ လမ်းသလားကြသော အချိန်ပင်တည်း။

ခြံထဲသို့ မော်တော်ကားတစ်စီး ဝင်လာကာ အိမ်ရှေ့ဆင်ဝင်အောက်တွင် ထိုး

ရပ်လိုက်၏။ ကိုအောင်မျိုးသည် တံခါးကိုဖွင့်ကာ ကျွန်မဆီသို့ လျှောက်လာသည်။

"သားသားကြီးလားကွ"

သူသည် ကျွန်မကိုပင် နှုတ်မဆက်နိုင်အားသေးဘဲ လက်တွန်းလှည်းပေါ်က သားကြီးဇော်မြင့်ကို ပွေ့ချီနမ်းရှုပ်နေ၏။ ကျွန်မသည် ကိုအောင်မျိုးနှင့် သားကြီး ဇော်မြင့်တို့ ပွေ့ချီနမ်းရှုပ်နေပုံကို ကြည့်၍ ရင်ထဲ ကြည်နူးသွားမိသည်။ ကြည့်ပါလေ၊ ချွေးတွေ သံတွေဖြင့် ဂျူတီကုတ်ကို လက်မောင်းတွင် ပိုက်ထားသော ကိုအောင်မျိုး သည် ကားပေါ်မှ ခရီးရောက်မဆိုက် သားကြီးကို ပွေ့ချီကာ သားကြီး၏ နီတွေးသော ပါးပြင်၊ နဖူး၊ ခြေဖဝါးတို့ကို နမ်းရှုပ်လျက်၊ သားကြီးကလည်း သူဆော့ကစားနေကျ လက်ကို သိနေကာ ကိုအောင်မျိုး၏ လက်ထဲတွင် ပြုံးရယ်ကြည်နူးလျက် အပြစ်ကင်းစွာ မြူးထူးနေကြသူ ယောကျ်ားသားနှစ်ဦး၊ ပို၍ တိကျစွာ ပြောရလျှင် ကလေးငယ် တစ်ဦးနှင့် ယောကျ်ားကြီးတစ်ဦး။ ထို့ထက်ပို၍ တိကျစွာ ပြောရလျှင် ကျွန်မ၏ သားကြီးနှင့် ချစ်ဦးသူ။

အကယ်၍သာ ကျွန်မတို့ တစ်သိုက်သည် အိမ်ထောင်စုကလေးတစ်ခုဟု ဆိုပါ လျှင် အလုပ်မှ ပြန်လာသော ဖခင်သည် မိခင်နှင့် သားထံသို့ ချွေးသံစိုရွှဲလျက် ခရီး ရောက်မဆိုက် ပေါက်လာကာ သူ့သားကို ပွေ့ချီချော့မြှူနေခြင်းမျိုး ဖြစ်ပေလိမ့်မည်။ ကျွန်မကလည်း အလုပ်မှပြန်လာသော လင်သားထံမှ ပစ္စည်းများကို လှမ်းလင့်ယူကာ သားကြီးဆိုးကြောင်း၊ နွဲ့ကြောင်း၊ ခရာကြောင်း၊ တာကြောင်းကို ပြောပြပေလိမ့်မည်။ သည်အခါတွင် ဖခင်သည်လည်း သူချစ်သော သားကြီးအကြောင်းကို သူချစ်သော မယားထံက ကြားရသဖြင့် တစ်နေကုန် ပင်ပန်းသမျှတွေ ပျောက်ကွယ်သွားကာ ကျောက်စက်ရေကို သောက်လိုက်ရသလို ရွှင်လန်းသွားပေသည်။ ခြောက်ကပ်လှသော နေ့တာတစ်ခု ကုန်ဆုံး၍ ရွှေခြည်တို့မှုန်းသည့် ညနေခင်း၌ အိမ်ဦးနတ်သခင် အလုပ် ခွင်မှ ပြန်လာချိန်သည် လှပတင့်တယ်သော အချိန်ပင်တကား။

ကျွန်မသည် သူတို့နှစ်ယောက် နမ်းရှုပ်နေကြသည်ကို ကြည့်၍ တသိမ့်သိမ့် ကြည်နူးနေမိသည်။ ကျွန်မ၏ ရင်ထဲတွင် စိတ်ကူးအိမ်ထောင်စုကလေး တည်ဆောက် ကြည့်နေမိသည်။

"ထားကို မီးဖွားပေးတဲ့ ဆရာဝန်နဲ့တွေ့လို့ 'ခင်ဗျားဇနီးနဲ့ ကလေးရော နေ ကောင်းရဲ့လား' လို့ မေးလိုက်တယ်။ အစ်ကိုမျိုးဖြင့် မျက်နှာပူလိုက်တာလေ၊ ဘယ်လို ဖြေရမှန်းမသိဘူး"

ကိုအောင်မျိုးက သားကြီးကို လက်တွန်းလှည်းပေါ်သို့ ပြန်တင်လိုက်ပြီး ကျွန်မကို လှည့်ပြောလိုက်၏။ သာကြီးသည် လက်ကလေးနှစ်ဖက် ဆန့်တန်းကာ ကိုအောင်မျိုးကိုကြည့်၍ ရယ်နေသည်။

ကိုအောင်မျိုး၏ စကားများကို ကြားလိုက်ရတော့မှ ကျွန်မ၏ စိတ်ကူးယဉ် အိမ်ထောင်စုကလေးသည် ဆပ်ပြာပူဖောင်းလို လွင့်စဉ် ပျောက်ကွယ်သွားသည်။ တကယ့်ဘဝတွင် ကိုအောင်မျိုးသည် သားနှင့် ဇနီးထံသို့ အလုပ်ခွင်မှ ပြန်လာသော လင်ယောကျ်ား မဟုတ်ပါတကား။ ရွှေခြည်တို့မှုန်းသည့် ညနေခင်းသည်လည်း ကျွန်မအဖို့ အိမ်ဦးနတ်သခင် အလုပ်ခွင်မှ ပြန်လာသည့် လှပတင့်တယ်သောအချိန် မဟုတ်ပါတကား။

ကျွန်မသည် သည်တော့မှ အိမ်ထောင်ရေး ဆပ်ပြာပူဖောင်းများနှင့် ဆော့ကစားနေသော စိတ်တို့ကို ဖျောက်လိုက်ရကာ သက်ပြင်းကို ရှိုက်ထုတ်လိုက်၏။

"ထား"

ကိုအောင်မျိုးက သားကြီး၏ လက်တွန်းလှည်းကို ကျွန်မအနားသို့ တွန်းလာကာ ခေါ်လိုက်သည်။ ကျွန်မသည် သူ့ခေါ်သံကို ကြားသော်လည်း ပြန်မထူးမိပေ။

"ထား ဘာတွေ စဉ်းစားနေတာလဲ ဟင်"

သူက ထပ်၍မေးလိုက်တော့မှ ကျွန်မသည် သူ့ကို မော်ကြည့်လိုက်မိ၏။

"ဘာရယ်လို့ မဟုတ်ပါဘူး။ ရောက်တတ်ရာရာတွေပါပဲ"

ကိုအောင်မျိုးသည် ကျွန်မကို ဘာမျှ ပြန်မပြောဘဲ စူးစိုက်ကြည့်နေလေသည်။ ကျွန်မနှင့် ကိုအောင်မျိုးသည် တစ်ယောက်ကိုတစ်ယောက် စကားမပြောမိကြဘဲ အတန်ကြာ တိတ်ဆိတ်နေကြသည်။

"ထားရဲ့ နောင်ရေးနဲ့ပတ်သက်လို့ကော စဉ်းစားပြီးပြီလား ဟင်"

ကိုအောင်မျိုးက ဂျူတီကုတ်ကို လက်တွန်းလှည်းတန်းပေါ်ကို တင်လိုက်သည်။

"ဘယ်လို စဉ်းစားရမှာလဲ"

"တစ်ခါတုန်းက အစ်ကိုမျိုး ပြောဖူးတယ် မဟုတ်လား။ ထားဟာ တစ်ယောက်တည်း ဒီလိုမနေသင့်ဘူးလို့။ ဒီလိုနေတာဟာ မတင့်တယ်ဘူးလို့"

ကျွန်မက သက်ပြင်းကို ချလိုက်၏။

"တစ်ယောက်တည်း နေတာပဲ ကောင်းမယ်လို့ ထင်ပါတယ် အစ်ကိုမျိုး။ အမိဝမ်းက ကျွတ်ပြီး လောကကြီးထဲ ရောက်တော့လည်း တစ်ယောက်တည်း၊ သေ

တော့လည်း တစ်ယောက်တည်း သေရမှာပဲ မဟုတ်လား။ အဖော်ကောင်းလို့ မွေးလာပြီး အဖော်ကောင်းလို့ သေကြရတာမှ မဟုတ်ဘဲ"

ကိုအောင်မျိုးသည် ကျွန်မကို ဆတ်ခနဲလှမ်းကြည့်လိုက်သည်။

"ဘယ်လို အယူအဆမျိုးတွေ ဝင်နေတာလဲ ထား၊ ထား အယူအဆတွေဟာ သိပ်ပြင်းထန်လွန်းတယ်။ ဒီလို တစ်ယောက်တည်း မွေးလာပြီး တစ်ယောက်တည်း သွားရမယ့်ခရီးမှာ အဆုံးမရောက်ခင် အပေါင်းအဖော်ရှာကြရတာပေါ့။ ကဲပါလေ ဒါတွေ ထားပါတော့။ ထား ဦးဇင်မောင်ဆီကို ပြန်သွားဖို့ နည်းနည်းလေးမှ မစဉ်းစား တော့ဘူးလား"

ကျွန်မသည် သူ့မေးခွန်းကြောင့် နှုတ်ခမ်းကို မသိမသာ ကိုက်ထားလိုက်မိ၏။ ရင်ထဲတွင် လှိုက်ဖို၍လည်းလာ၏။

"ဟင့်အင်း၊ ဒီအခြေရောက်မှတော့ တစ်ယောက်နဲ့ တစ်ယောက် ပြန်ဆုံစည်းကြဖို့ မလွယ်တော့ပါဘူး။ ရေစက်ကုန်ကြပြီပဲ"

ကိုအောင်မျိုးသည် ဆောင်းနှောင်း ဆည်းဆာတွင် တဝေဝေကျနေသည့် နှင်းကြွင်းမှုန်ကလေးများကို ငေးကြည့်နေ၏။

"တကယ်ပြောတာလား ထား၊ သေသေချာချာ စဉ်းစားပါဦး။ စိတ်နောက်ကိုယ်ပါ မဆုံးဖြတ်ပါနဲ့"

"ထား စဉ်းစားပြီးပြီ။ သူနဲ့ ထားဟာ ဒီဘဝမှာတော့ အကြောင်းကုန်ကြပြီလို့ပဲ သဘောထားလိုက်ပြီ"

"သားကြီးအတွက်ကော"

ကိုအောင်မျိုးက လက်တွန်းလှည်းထဲတွင် ဆော့ကစားနေသော သားကြီးကို လှမ်းကြည့်၍ ပြောလိုက်၏။ ကျွန်မသည် ကိုအောင်မျိုးစကားကြောင့် စိတ်ထဲတွင် ထောင်းခနဲဖြစ်သွားသည်။ ကျွန်မကို အထင်သေးလေခြင်းဟု စိတ်မကောင်းဖြစ်မိသည်။

"ထားဟာ ကလေးတစ်ယောက်ကို ရှာကျွေးနိုင်လောက်အောင်တော့ အစွမ်းအစ ရှိသေးတယ်လို့ ထင်ပါတယ်"

"အစ်ကိုမျိုး ဆိုလိုတာက ဒါမဟုတ်ဘူး ထား။ သားကြီးက လူမှန်းသိတတ်တဲ့ အရွယ်ရောက်ရင် သူ့အဖေကို တွေ့ချင်ရှာမှာပဲ။ သွေးက စကားပြောလာလိမ့်မယ်။ ဒီတော့ ထား စိတ်ကူးမလွဲပါနဲ့။ ဦးဇင်မောင်ဆီကို ပြန်သွားပါ။ အစ်ကိုမျိုး မိတ်ဆွေ တစ်ယောက်အနေနဲ့ တိုက်တွန်းပါရစေ"

ကျွန်မသည် ကိုအောင်မျိုးစကားများကို နားမလည်နိုင်ဘဲ ငေးနေမိ၏။ ကိုအောင်မျိုးသည် ဘာကြောင့် ကျွန်မအား ဦးဇင်မောင်ထံ ပြန်သွားရန် တဖွဖွ တိုက်တွန်းနေပေသနည်း။ သူတိုက်တွန်းသည်မှာ တစ်ကြိမ်လည်း မကတော့ပေ။ မိတ်ဆွေတစ်ယောက်အနေနှင့်ဆိုသော စကားသည်လည်း တကယ်ပြောခြင်း ဖြစ်လေသလော။

"အစ်ကိုမျိုး ထားကို ခင်ရင် ဒီစကားတွေကို မပြောပါနဲ့တော့လို့ ထား တောင်းပန်ပါရစေ။ ထား ပြန်မသွားချင်တော့ဘူး။ ကိုယ့်အကြောင်း ခေါင်းအုံမှသိ ဆိုတဲ့စကားလို ထားအကြောင်း ထားသိပါတယ်"

ကျွန်မက စကားစပြတ်သွားစေရန် ပြောလိုက်၏။ ကိုအောင်မျိုးသည် နောက်ထပ် ဘာမျှ မပြောတော့ဘဲ ငြိမ်နေသည်။ အတန်ကြာမှ ကိုအောင်မျိုးသည် ကျွန်မဘက်သို့ လှမ်းကြည့်လိုက်၏။

"ထားဟာ တစ်ခုခုကိုတော့ ရွေးချယ်ရလိမ့်မယ် ထင်တယ်။ တစ်ဖက်မှာ ကမ်းပြိုပြီး တစ်ဖက်မှာ သောင်ထွန်းရတာပဲ။ ခုတော့ ထားဟာ တစ်ဖက်မှာတင် ကမ်းပြိုပြီး တစ်ဖက်မှာ သောင်မထွန်းဘူးဆိုတော့"

"အို ကမ်းလည်း မပြိုပါဘူး။ ဒါကြောင့်မို့ သောင်ထွန်းစရာလည်း မလိုပါဘူး ထင်တယ်"

ကျွန်မသည် ကိုအောင်မျိုး စကားများကို ပြန်၍ ချေပလိုက်၏။ ပြော၍သာ ပြောလိုက်ရသော်လည်း ကိုအောင်မျိုးသည် ဘယ်လိုရင်းအချက်ကို ဆွဲယူနေသနည်း။ ဘယ်ကို ရည်ရွယ်၍ ပြောနေသနည်း။ ကျွန်မ ကောင်းကောင်း မစဉ်းစားတတ်ပါ။

"မဟုတ်သေးဘူး ထား။ ထားဟာ ဦးဇင်မောင်ဆီကိုပဲ ပြန်သွားရမယ်။ ဒါမှမဟုတ် ဦးဇင်မောင်နဲ့ ပြတ်ပြတ်စဲစဲဖြစ်အောင် လုပ်ရလိမ့်မယ်။ ဒီနှစ်ခုအနက် တစ်ခုခုကိုတော့ လုပ်ရမှာပဲ။ ဘယ်သင်းကို လုပ်သင့်သလဲဆိုတာတော့ အစ်ကိုမျိုး မပြောလိုပါဘူး။ ထားဘာသာ ထား ဆုံးဖြတ်ပါ"

"ထား ဆုံးဖြတ်ပြီးပြီ။ ထား သူ့ကို ကွာရှင်းဖို့ စဉ်းစားပြီးပြီ။ အချိန်ကို စောင့်နေတာ တစ်ခုပဲ"

ကျွန်မက ပုဏ္ဏရိက် ပန်းပွင့်ကလေးကို ချူး၍ လုံးခြေရင်း ပြောလိုက်သည်။ ကိုအောင်မျိုးသည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်၏။

"ဘာ သူနဲ့ ကွာရှင်းဖို့ ဆုံးဖြတ်ပြီးပြီ ဟုတ်လား"

"ဟုတ်တယ် ဆုံးဖြတ်ပြီးပြီ"

ကိုအောင်မျိုးသည် ဘာမျှမပြောတော့ဘဲ မြေကြီးကို ဖိနပ်ဦးဖြင့် ထိုးနေ၏။ အတန်ကြာမှ ကျွန်မဘက်သို့ လှည့်လိုက်၏။

"ဒီလိုဆိုရင် ထားကို အစ်ကိုမျိုး လက်ထပ်မယ်၊ ဘယ့်နှယ်လဲ"

ကျွန်မသည် ဘာမျှပြန်မပြောမိဘဲ ခေါင်းကို ငုံ့ထားလိုက်မိ၏။ အပျိုတုန်းကလို ရှက်ခြင်း၊ ကြောက်ခြင်း စသည့် ဝေဒနာတို့သည် ကျွန်မရင်ထဲတွင် လှိုင်းထနေကြသည်။

"အစ်ကိုမျိုး ထားကို ဒီစကားပြောချင်နေတာ ကြာပါပြီထား။ အေးအေးတို့ အိမ်မှာ ထားနဲ့ ပထမဆုံး ပြန်တွေ့တဲ့ အခေါက်ကတည်းက ဖွင့်ပြောဖို့ပဲ။ ဒါပေမဲ့ စိတ်ထဲက ပြောချင်တာပဲရှိတယ်။ ပါးစပ်က ထွက်လာတော့ ထားကို ဦးဇင်မောင်ဆီ ပြန်သွားဖို့ စကားပဲ ထွက်လာခဲ့တယ်။ စိတ်ထဲရှိတာ တစ်မျိုး၊ ပါးစပ်ကထွက်တာ တစ်မျိုးဆိုတော့ အစ်ကိုမျိုးဟာ ဟန်ဆောင်ကောင်းသူကြီးလို့ ထားက ထင်ကောင်း ထင်လိမ့်မယ်"

ကျွန်မသည် ဘာမျှ ပြန်မပြောမိပေ။ သူ့ရင်ထဲရှိတာတွေ အန်ထုတ်စမ်းပါရစေ ဟု သဘောထားကာ ဆိတ်ဆိတ်ပင် နေလိုက်၏။

"ဟုတ်တယ် ထား။ အစ်ကိုမျိုးဟာ ဟန်မဆောင်ချင်ဘဲနဲ့ ဟန်ဆောင်နေရတယ်။ ထားကို ဦးဇင်မောင်ဆီလို့သာ ပါးစပ်က ပြောရပေမဲ့ ရင်နာတယ်။ အမှန်ကတော့ အစ်ကိုမျိုးဟာ အချစ်ကို စွန့်လွှုရဲတဲ့၊ ကိုယ်ကျိုးစွန့်နိုင်တဲ့ သူရဲကောင်းကြီး တစ်ယောက်လည်း မဟုတ်ပါဘူး ထား။ ကိုယ့်ချစ်သူကို ကိုယ်ပဲ ပိုင်ချင်ပါတယ်။ တခြား ဘယ်သူပိုင်တာကိုမှ မခံနိုင်ပါဘူး။ ဦးဇင်မောင်ဆီ ပြန်သွားဖို့ တိုက်တွန်းတာ ကတော့ ထားရဲ့စိတ်ထဲက ဆုံးဖြတ်ချက်ကို သိချင်လို့ပဲ။ ထားနဲ့ ဦးဇင်မောင်ဟာ တရားဝင် မကွာရှင်းသေးခင်မှာ အစ်ကိုမျိုး ပယောဂကြောင့် ပြတ်စဲသွားတာမျိုး မဖြစ်စေချင်ဘူး။ အစ်ကိုမျိုးဟာလည်း လင်နဲ့ ပြတ်စဲခြင်း မရှိသေးတဲ့ မိန်းမတစ်ယောက်ကို ကြာခိုတဲ့ ကြာသမားတစ်ယောက် မဖြစ်ချင်ဘူး။ ဒါကြောင့် ထားဆီက အဖြေတစ်ခုခု ထွက်လာအောင် ဦးဇင်မောင်ဆီကို ပြန်သွားဖို့ တိုက်တွန်းခဲ့ရတာပဲ။ တိုက်တွန်းရင်းလည်း ကြာပင်အောက်က မော့်နေရတဲ့ ဖားလို တမျှော်မျှော်ပဲ။ ခုတော့ အစ်ကိုမျိုးရဲ့ ပယောဂမပါဘဲ ထားနဲ့ သူဟာ အကြောင်းကံမဆုံကြတော့တဲ့အတွက် ပြတ်ပြတ်စဲစဲပဲ နေကြတော့မယ်လို့ ထားက ပြောပြီးပြီ။ သူနဲ့ ရေစက်ကုန်ကြပြီဆိုရင်လည်း အစ်ကိုမျိုးကို လက်ထပ်ပါ ထား။ အစ်ကိုမျိုး တောင်းပန်ပါတယ်။ တကယ်လို့

ရေစက်မကုန်ကြသေးဘူးဆိုရင်လည်း အစ်ကိုမျိုးစကားကို အစ်ကိုမျိုး ရုပ်သိမ်းပါတယ် ထား။ ဟင် ဘယ့်နှယ်လဲ”

ကိုအောင်မျိုးသည် မျှော်လင့်ချက်ကြီးစွာဖြင့် တတွတ်တွတ် မေးလျက်ရှိ၏။ ကျွန်မ သူ့မေးခွန်းကို ဘယ်လိုဖြေရမည်လဲဟု စဉ်းစားနေမိပါသည်။ အင်း ဟု ခေါင်းညိတ်လိုက်ရမလား။ ဟင့်အင်းဟု ခေါင်းခါလိုက်ရမလားဟု တွေး၏။ သို့ရာတွင် နေပူမှာ ကြည့်၍ အရိပ်မမြင်သလို ဆူပွက်လျက်ရှိသော ကျွန်မ နှလုံးသားတွင်လည်း အရိပ်ကိုကြည့်၍ မမြင်ပါတကား။

“စဉ်းစားမနေပါနဲ့ ထား။ အစ်ကိုမျိုးကိုချစ်လို့ပဲ သဘောတူတူ၊ သနားလို့ပဲ သဘောတူတူ၊ ဘယ်လိုတူတာပဲဖြစ်ဖြစ် အစ်ကိုမျိုးကတော့ ထားကို ယူမှာပဲ။ သနားလို့ တူတယ်ဆိုရင်လည်း ကုသိုလ်ပြုတဲ့ သဘောပဲလို့ ထားနိုင်ပါတယ်။ တကယ်တော့ ကုသိုလ်ဆိုတာ ယူကောင်းပါတယ် ထား။ ဆွမ်းတော်တင်အစွန့် စောင့်တဲ့သူကို စွန့်ကြလို့ရတဲ့ ကုသိုလ်မျိုးဟာလည်း ယူကောင်းတာပါပဲ။ တကယ်ပြောကြစတမ်းဆိုရင် အစ်ကိုမျိုးက အရင်လူပါ ထား”

ကျွန်မသည် ကိုအောင်မျိုးစကားကြောင့် စိတ်ထဲတွင် ထိခိုက်သွား၏။ သူ့ခမျာ ကျွန်မအား စောင့်စားရသူပါတကားဟု သနားသွားမိပါသည်။ သို့ရာတွင် ကျွန်မသည် အပျိုစင်တစ်ယောက် မဟုတ်တော့ဘဲ သားတစ်ကောင်နှင့် တိုးလိုးတွဲလောင်းဘဝသို့ ရောက်ခဲ့ပြီဖြစ်၏။ ဘာကြောင့်ပင်ဖြစ်စေ ကျွန်မသည် သူ့ကို စွန့်လွှတ်ခဲ့ရပြီးနောက် ဦးဇင်မောင်ကို လက်ထပ်ခဲ့ရ၏။ သည်အခြေကျမှ သူ့ကိုပြန်၍ လက်ထပ်ရလျှင် ကျွန်မသည် တရားရာ ကျပါဦးမည်လော။ သူက ကြည်ဖြူပါသည်ဆိုသည့်တိုင် ကျွန်မသည် ကြည်ဖြူစရာ ကောင်းပါသေး၏လော။

“ထား ဒုက္ခ သုက္ခတွေ ကြုံတုန်းမှာ ကူညီတဲ့အတွက်ရော၊ ထားကို ကြည်ဖြူနေသေးတဲ့အတွက်ရော ထား ကျေးဇူးတင်ပါတယ် အစ်ကိုမျိုး။ ဝမ်းလည်းသာပါတယ်။ ဒါပေမဲ့ အစ်ကိုမျိုး ထားကို ဘာကြောင့် ယူချင်ရသေးတာလဲ။ ထားထက်သာတဲ့ အပျိုစင်တွေ တစ်ပုံကြီးပါ။ လူတွေကို ဒီလောက် ယောက်ယက်ခတ်အောင် ဂြိုဟ်မွှေခဲ့တဲ့ ဂြိုဟ်ကောင်မကို မယူချင်ပါနဲ့။ အစ်ကိုမျိုးမှာ သိပ်နာနေလိမ့်မယ်။ အစ်ကိုမျိုးလို လူတစ်ယောက်ဟာ ထားထက်သာတဲ့ မိန်းမတစ်ယောက်ကိုသာ ရွေးသင့်ပါတယ်။ ထားဘဝနဲ့ ထားပဲ ရှိပါစေတော့။ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုသလို နောက်တစ်ယောက်ယူရင်လည်း ထားမှာ”

"ဒီမှာ ထား၊ ဒါတွေ ဘာမှပြောမနေပါနဲ့၊ ထားဟာ အပျိုမဟုတ်တော့သလို အစ်ကိုမျိုးဟာလည်း လူပျိုတစ်ယောက် မဟုတ်တော့ဘူး သိပြီလား"

ကိုအောင်မျိုးက ကျွန်မစကားကို ဖြတ်၍ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဟုတ်တယ် ထား၊ အစ်ကိုမျိုး ဘိလပ်နေတုန်းမှာ အင်္ဂလိပ်မတစ်ယောက်နဲ့ ရခဲ့တယ်။ ကောင်မလေးက စက္ကရီတေရီလုပ်တယ်။ ဒါပေမဲ့ မချစ်ပါဘူး။ အတူသွား အတူလာရင်းက မရှောင်သာဘဲ ညားခဲ့ကြတာပဲ။ ခပ်ရိုင်းရိုင်း ပြောရရင်တော့ သူတို့ ထုံးစံအတိုင်း တတွဲတွဲနေကြရင်းက သွေးသားဆန္ဒကို မလွန်ဆန်နိုင်လို့ မှားခဲ့ကြတာပဲ။ ဘယ်လိုကြောင့်ပဲ မှားမှားလေ။ မှားတာကတော့ မှားတာပါပဲ။ ခွင့်မလွှတ်ထိုက်ပါဘူး။ ဒီလိုမှားမိကတည်းက ကိုယ့်ဘာသာကိုယ် နောင်တလည်း ရပါတယ်။ သင်ခန်းစာလည်း ယူပါတယ်။ ဒါကြောင့်မို့ ဒီပြန်ရောက်ပြီး ထားတို့သတင်းကို ကြားရတော့ ရင်ထဲမှာ နာပေမဲ့ ကိုယ် သစ္စာမရှိလို့ တရားက ကိုယ့်ကိုပြန်ပြီး ဒဏ်ခတ်တာပဲလို့ ဖြေပါတယ်။ ဒါကြောင့် ထားတို့ မင်္ဂလာဆောင်လာတုန်းကဆိုရင် ငါ သစ္စာမဲ့လေခြင်း၊ ငါဟာ ထားအပေါ်မှာ သစ္စာဖောက်လေခြင်းလို့ ယူကျုံးမရဖြစ်မိတယ်။ ခုတော့ သူနဲ့လည်း ပြတ်စဲခဲ့ကြပြီးပါပြီ။ ဒီတော့ အစ်ကိုမျိုးကိုလည်း ခွင့်လွှတ်ပါ။ ပြီးတော့ အစ်ကိုမျိုးဟာလည်း မယားတစ်ယောက်ရခဲ့သူမို့ ထားပြောသလို နစ်နာတာတော့ မရှိတော့ပါဘူး။ သားကြီးအတွက်လည်း အဆင်ပြေအောင်၊ အစ်ကိုမျိုးနဲ့ ထားအတွက်လည်း အဆင်ပြေအောင် ထား စဉ်းစားပါ။ အစ်ကိုမျိုးလည်း တောင်ကြီးကို သွားစရာ ကိစ္စတစ်ခုရှိတယ်။ တောင်ကြီးကအပြန်မှာ ကိစ္စပြီးချင်တယ်။ ဒီတစ်ခါမှာ စစ်ပွဲတစ်ပွဲ မရှုံးပါရစေနဲ့တော့ ထား"

ကျွန်မသည် ထိုင်ရာမှ ထလိုက်၏။ သားကြီးကလည်း နို့ဆာသဖြင့် တစာစာ အော်ငိုနေပေပြီ။

ကျွန်မသည် သားကြီးကို ပွေ့ထမ်း၍ ဖက်ယမ်းနေသည်။

"ထားလည်း သူနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ရှင်းလင်းရအောင် တောင်ကြီးကို သွားရဦးမှာပဲ။ ဒါပေမဲ့ ဘယ်တော့ သွားဖြစ်မယ်ဆိုတာတော့ မပြောတတ်သေးဘူး အစ်ကိုမျိုး။ အစ်ကိုမျိုးပြောတဲ့ ကိစ္စကတော့ မဖြစ်နိုင်ဘူးထင်တယ် အစ်ကိုမျိုး။ ပြီးတော့ ထား ယောကျ်ားတွေကိုလည်း ကြောက်နေတယ်။ ဟော၊ အေးတို့တောင် ပြန်လာကြပြီ"

သားကြီးက တစာစာ ငိုသဖြင့် ကျွန်မနှင့် ကိုအောင်မျိုးသည် အိမ်ဘက်သို့

လျှောက်လာကြ၏။ အေးအေးတို့ လင်မယားမှာ ဆင်ဝင်အောက် ရပ်ထားသော ကားပေါ်မှ ဆင်းလာကာ ကျွန်မတို့ကို ပြုံးရယ် နှုတ်ဆက်နေသည်။ ကိုအောင်မျိုးသည် ကျွန်မပခုံးတွင် မေးတင်၍ ငိုလာသော သားကြီးကို နောက်မှ ချော့မြူလာ၏။

အေးအေးတို့လင်မယားသည် ကျွန်မနှင့် ကိုအောင်မျိုးကို ပြုံး၍ ကြည့်နေကြပေသည်။

## [၃၀]

ကျွန်မသည် လေယာဉ်ပြတင်းပေါက်မှ ဖြတ်သန်းသွားကြသော တိမ်တိုက်များကို ငေးကြည့်မိသည်။ သည်တိမ်များသည် ရွှေအရုဏ်၌ ရွှေရောင်တောက်ကြ၍ ငွေရောင်လင်းသော နေ့တွင် ငွေဝတ်ရုံကို လွှမ်းခြုံကြကာ ပတ္တမြားဆည်းဆာချိန်တွင်မူ ပန်းသွေးဖျော့ဖျော့ကို ဆင်မြန်းတတ်ကြ၏။ အသင် ကိုရွှေတိမ်၊ သင်တို့သည် ဘာကြောင့် အရောင်ပြောင်းကြပေသနည်း။

ကျွန်မသည် ရှမ်းရိုးမ တောင်တန်းကြီးများ ထိပ်တွင် ငြိတွယ်နေကြသော တိမ်တိုက်များကို ကြည့်၍ မေးခွန်းထုတ်မိ၏။ ကျွန်မ၏ ဘဝသည် တိမ်များလိုပင် အပြောင်းအလဲ များလှချေတကား။ ကျွန်မဘဝတွင် အကွေ့အကောက်တို့ များပြားလှသည်တကားဟု ကျွန်မ တွေးမိပါသည်။ ကျွန်မနားထဲ၌ လေယာဉ်စက်သံ မြည်ဟည်းလျက်ရှိသည်။ ကျွန်မသည် အဆုံးအစမရှိ ကျယ်ပြောသော ကောင်းကင်တွင် အဆုံးအစမရှိ ရွက်လွှင့်နေကြသော တိမ်တိုက်များကို ကြည့်ကာ ကျွန်မ အဖြစ်တော်ပုံများကို အဆုံးအစ တွေးမိ၏။

ကျွန်မဘေးထိုင်ခုံပေါ်တွင်မူ သားကြီးသည် ခွေလျက် အိပ်ပျော်နေသည်။ တစ်တန်းတည်းဖြစ်သော လက်ဝဲဘက် ထိုင်ခုံပေါ်တွင်မူ ကိုအောင်မျိုးသည် အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင် ဖတ်၍ လိုက်ပါလာ၏။ ကျွန်မသည် ကိုအောင်မျိုးနှင့် ကျွန်မ နှစ်ယောက်သား တောင်ကြီးသို့ သွားသင့် မသွားသင့်ကို အတန်တန် စဉ်းစားခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက်အတူ တောင်ကြီးသို့ ရောက်ရှိလာခြင်းသည် ကျွန်မသိက္ခာ၊ သူ့သိက္ခာနှင့်တကွ အစစအရာရာကို စဉ်းစားမိပါသည်။ သို့ရာတွင် သူ့မှာ သူ့ကိစ္စနှင့်ဖြစ်၍ ကျွန်မကလည်း ကျွန်မကိစ္စနှင့် ကျွန်မဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက်သည် တိုင်ပင်၍ ထွက်လာကြခြင်း မဟုတ်သော်လည်း သည်နေ့ သည်ရက်တွင်မူ

ကျွန်မတို့နှစ်ယောက်သည် တောင်ကြီးသွား လေယာဉ်ပျံပေါ်တွင် တွေ့ကြလိမ့်မည် ဟုတော့ သိထားကြပါပေသည်။ သို့ရာတွင် မတတ်နိုင်တော့ပေ။ ကျွန်မ ကိစ္စကလည်း ဆိုင်းထား၍ ရတော့မည်မဟုတ်ပေ။ ကံအကြောင်းတရားဆိုသည်မှာလည်း တိုက်ဆိုင် ဆုံစည်းတတ်သည် မဟုတ်လော။ ကျွန်မသည် သက်ပြင်းကိုချကာ လက်ကိုင်အိတ် ထဲမှ စာတစ်ရွက်ကို တစ်ခေါက် ထုတ်၍ ဖတ်ပြန်သည်။ စာရွက်မှာ ကြေးနန်းစာရွက် ဖြစ်ပေသည်။

ကြီးကြီးညွန့် အသည်းအသန်ဖြစ်နေသည်။ စိုးရိမ်ရသည်။ မပြီးပြတ်သော ကိစ္စများကို ရှင်းရန် အမြန်ဆုံးလာပါ။ အရေးကြီးသည်။

**ထားးခင်မူ**

ကျွန်မသည် သုံးလေးကြောင်းမျှသာရှိသော ကြေးနန်းစာရွက်ကို အခေါက် ခေါက်အခါခါ ဖတ်မိသည်။ ကြီးကြီးညွန့်သည် အသက်အရွယ်ကြီးပြီဖြစ်၏။ သည် အသက်အရွယ်၌ အသည်းအသန်ဖြစ်သည်ဆိုလျှင် ဖိတ်စဉ်သွားလေမည်လားဟု စိုး ရိမ်ကာ ကြေးနန်းရိုက်လိုက်ခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်မသည် ကျွန်မတို့ အိမ် ထောင်ရေး ပြဿနာကြောင့် ကြီးကြီးညွန့်တို့ဆီသို့ ပြန်မသွားခဲ့ခြင်း ဖြစ်၏။ ယခုလို အသည်းအသန်ဖြစ်သည့်အခါမျိုးတွင်မူ ကျွန်မသည် ပြတ်ပြတ်တောင်းတောင်းလုပ် ရန် မထိုက်ဟု ကျွန်မ ယူဆပေသည်။ ကြီးကြီးညွန့်သည် မေမေ၏ဘက်မှ နောက်ဆုံး ကျန်ရစ်သူတစ်ယောက်ဖြစ်၏။ သူသာ လောကကြီးကို စွန့်ခွာသွားပါလျှင် ကျွန်မတို့ ညီအစ်မတွင် ရင်းချာသောဆွေမျိုးဟူ၍ ရှိမည်မဟုတ်တော့ပေ။ ထို့ပြင် ကျွန်မသည် ဥစ္စာပစ္စည်းကို သစ်တစ်ရွက်၊ မြက်တစ်ပင်လောက်ပင် မက်မောသူမဟုတ်သော်လည်း သားကြီး ရှိလာပြန်သောအခါ၌ သူ့အတွက်ကို ထည့်သွင်းစဉ်းစားရပေလိမ့်ဦးမည်။ ကြီးကြီးညွန့် အသက်ထင်ရှားရှိတုန်းတွင် ကျွန်မသည် ကျွန်မကိစ္စအဝဝကို ရှင်းလင်း ပစ်လိုပေသည်။ ထို့ကြောင့်သည် ကိုအောင်မျိုးနှင့် လေယာဉ်ပေါ်တွင် ဆုံမည်မှန်း သိသော်လည်း မရှောင်လွှဲသာတော့ဘဲ လိုက်ခဲ့ရခြင်း ဖြစ်လေသည်။

"လေယာဉ်ပျံ ဆင်းတော့မယ်၊ ဟဲဟိုးကွင်းပေါ်မှာ ဝဲနေပြီ"

ကိုအောင်မျိုးက ကျွန်မကို လှမ်းပြောလိုက်၏။ ကျွန်မသည် ပြတင်းမှ အောက် သို့ ငုံ့ကြည့်လိုက်သည်။ လေယာဉ်သည် တစ်ဖက်သို့ စောင်းကာ ကွင်းပေါ်တွင် ဝဲ လျက်ရှိ၏။ နီကြန်သော မြေကြီး၏ အရောင်သည် တောင်တန်းကြီးများ၏ မှိုင်းညို့ သော အရောင်ထဲတွင် ထင်းခနဲပေါ်နေ၏။ ဟဲဟိုးမြို့မှ လူနေအိမ်ခြေများနှင့် ယာ

တောများသည် အောက်တွင် ချာချာလည်နေသလို ထင်ရသည်။

ခဏကြာလျှင် လေယာဉ်သည် ပြေးလမ်းတစ်လျှောက် ပြေးလာကာ ကွင်းလယ်တွင် ထိုးရပ်လိုက်၏။ ကျွန်မသည် သားကြီးကို ပွေ့ချီလိုက်သည်။ ကိုအောင်မျိုးက သူ့လက်ဆွဲအိတ်နှင့် ကျွန်မ လက်ဆွဲအိတ်ကို တစ်ဖက်စီ ဆွဲထားကာ ဆင်းသွား၏။ ကျွန်မကလည်း သူ့နောက်မှ လိုက်၍ ဆင်းလာပါသည်။ ခပ်လှမ်းလှမ်း လေယာဉ်ရုံးထဲမှ လာကြိုသူများသည် လေယာဉ်ပျံဆီသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။ ကျွန်မတို့ ရောက်လာခြင်းမှာ မည်သူ့အားမျှ ကြိုတင်အကြောင်းကြားထားခြင်းမရှိသဖြင့် လာကြိုသူ ရှိမည်မထင်ပေ။ ကျွန်မသည် တက္ကစီဖြင့် တောင်ကြီးသို့ သွားရန်ကိုသာ စိတ်စောနေသည်။

"ဟော ဟော မထားတို့ ဟိုမှာ၊ ဟော ဒေါက်တာရော ပါလာပါကလား"

လူအုပ်ထဲမှ အော်၍ ပြောလိုက်သော အသံကို ကြားရ၏။ ကျွန်မသည် စူးရဲသော နေရောင်အောက်တွင် မျက်လုံးများကို မှေးကာ အသံလာရာဆီသို့ ကြည့်လိုက်သည်။ မည်းနက်သော သွားများ ပေါ်လာအောင် ပြုံးရယ်လျက်ရှိသော ဦးခွန်ထီး၊ ဦးခွန်ထီးနောက်မှ အပြေးကလေး လိုက်လာနေသော ထားခင်မူ။

ထားခင်မူသည် ကျွန်မကို မြင်လိုက်သည်နှင့် ခပ်သုတ်သုတ် ပြေးလာပြီး ကျွန်မကို ဖက်၍ ငို၏။ ကျွန်မ မျက်လုံးတွင်လည်း မျက်ရည်တွေ ဝေ့လာပါသည်။

"နင် ပြန်လာသေးတယ်နော်"

ကျွန်မသည် ထားခင်မူကို ဘာမျှ ပြန်မပြောမိပေ။ မျက်ရည်များသာ ပါးပြင်ပေါ်သို့ စီးကျလာကြပေသည်။ ဦးခွန်ထီးကမူ ကိုအောင်မျိုးကို နှုတ်ဆက်နေ၏။

"လာ လာ၊ သား... သား"

ထားခင်မူက ကျွန်မလက်ထဲက ကလေးကို ပွေ့ချီလိုက်သည်။ ကျွန်မသည် ယခုအချိန်ထိ စကားတစ်ခွန်းမျှ ပြန်မပြောမိသေးပေ။ မော်တော်ကားပေါ်သို့သာ ရောက်လာရသည်။ ဘယ်လို ရောက်လာမှန်းပင် မသိလိုက်ပါ။ ထားခင်မူမှာ မော်တော်ကားပေါ်ရောက်တော့ ကိုအောင်မျိုးနှင့် စကားလက်ဆုံကျနေကြ၏။

"မထား လာမယ်ဆိုတာသိလို့ လာကြိုနေတာလား"

ကိုအောင်မျိုးက လှမ်းမေးလိုက်သည်။ ဦးခွန်ထီးက မော်တော်ကားမောင်းရင်း ကွမ်းတံတွေးများကို ပျစ်ခနဲထွေးလိုက်သည်။

"ကြေးနန်းရိုက်ပြီးကတည်းက လေယာဉ်ပျံအပတ်တိုင်း လာကြိုနေတာ၊ အရင်

အပတ်တုန်းကလည်း လာကြိုတာပဲ”

ကျွန်မသည် တစ်လမ်းလုံး ဘာစကားကိုမျှ မပြောပေ။ ပြောလည်း မပြောချင်ပါ။ ကျွန်မရင်ထဲတွင် ဖော်ပြခြင်းငှာမစွမ်းနိုင်သော ဝေဒနာတို့သည် ပြည့်သိပ်လျက်ရှိပါသည်။ ဝမ်းနည်းခြင်းလော၊ ဝမ်းသာခြင်းလော၊ ရှက်ခြင်းလော၊ ကြောက်ခြင်းလော ကျွန်မ မပြောတတ်ပေ။ ရင်တလှိုက်လှိုက် ဖိုနေသည်မှာတော့ အမှန်ပင်ဖြစ်၏။ ကျွန်မနှင့် ကိုအောင်မျိုး နှစ်ယောက်သား လေယာဉ်ပျံဖြင့် ပေါက်လာကြခြင်းကိုလည်း ဘယ်သို့ယူဆကြမည်နည်း။

“ဒေါက်တာရော သစ်တစ်ပင်ကို လိုက်ခဲ့ပါလား၊ ထပ်ရောက်ဖူးသွားတာပေါ့၊ ပြီးတော့ ကျုပ်လည်း တောင်ကြီးတက်ဦးမှာပဲ”

မော်တော်ကားသည် တောင်သုံးလုံး လမ်းဆုံအရောက်တွင် သစ်တစ်ပင်လမ်းခွဲသို့ ချိုးလိုက်၏။ ကိုအောင်မျိုးက ဘာမျှပြန်မပြောပေ။

“ဦးခွန်ထီး တောင်ကြီးကို မသွားဘူးလား၊ မထား သစ်တစ်ပင်ကို မလိုက်ချင်ဘူး။ ကြီးကြီးညွှန့်ဆီကိုပဲ ပို့ပါ”

ကျွန်မက ဦးခွန်ထီးကို လှမ်းပြောလိုက်၏။

“ကြီးကြီးညွှန့်တို့ရော ခု သစ်တစ်ပင်မှာ နေကြတယ်။ တောင်ကြီးကအိမ်ကို ငှားထားတယ်”

ထားခင်မူက ပြောလိုက်၏။ “သြော်... သူတို့လင်မယားနောက်ကို ကြီးကြီးညွှန့်ပါ လိုက်ရပြီကိုး” ဟု ကျွန်မက အောက်မေ့လိုက်ပါသည်။

ကျွန်မသည် သစ်တစ်ပင်မှ ထွက်လာသောလမ်းကို ငေးကြည့်မိ၏။ ကျွန်မသာ ဘဝအမျိုးမျိုး ပြောင်းခဲ့သော်လည်း သစ်တစ်ပင်လမ်းသည် ပြောင်းလဲခြင်း မရှိပါကလား။ သစ်တစ်ပင် တောလမ်းသည် တောပန်းရွက်တောတို့ဖြင့် လှပမြဲပါတကား။ ဦးဇင်မောင်သည်ကော ယခုအချိန်တွင် သူ့အလိုကို လိုက်နိုင်သော ထားခင်မူနှင့် သစ်တစ်ပင်တွင် ကြည်နူးနေလိမ့်မည်တကား။

ကျွန်မတို့ မော်တော်ကားသည် တံတားလေးကို ကျော်ဖြတ်ခဲ့၏။ သစ်တိုပင်ကြီးကို ထီးတည်းကြီး မြင်ရပေမည်။ သစ်တစ်ပင် ယာတောသည် မှိုင်းပြာသော တောင်တန်းများ၏ ရင်ခွင်တွင် မှေးအိပ်နေသလို ထင်ရ၏။ ယာတောထဲမှ အလုပ်သမားများက လက်ဖွေ့ယမ်းပြကြ၏။ မော်တော်ကားသည် တဲတန်းများရှေ့တွင် ထိုးရပ်လိုက်သည်။

"လာ လာ ထားခင်အိ၊ ကြီးကြီးညွန့် မျှော်လှရော့မယ်၊ အစ်ကိုမျိုးကော လာ"

ထားခင်မူသည် ကျွန်မတို့ကို တဲတန်းလျား အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။ ကြီးကြီးညွန့်သည် အထက်ပိုင်းကို ခေါင်းအုံးခု၍ မှီထားပြီး ခြေထောက်ကို စောင်ဖြင့် ထွေးကာ နို့တစ်ခွက်ကို သောက်လျက်ရှိသည်။

"မိုက်ပါဘိ မထားရယ်၊ မိန်းကလေးဟာ ဒီလောက်မိုက်လိမ့်မယ် မထင်မိခဲ့ဘူး၊ ခုတော့ ကြည့်စမ်း ကြည့်စမ်း"

ကျွန်မသည် ဘာကိုမျှ ပြန်မပြောနိုင်တော့ဘဲ ကြီးကြီးညွန့်ဘေး ခုတင်ပေါ်တွင် ထိုင်လိုက်ကာ ကြီးကြီးညွန့် ရင်ခွင်တွင် ခေါင်းအပ်၍ မျက်ရည်များကို သွန်ချလိုက်မိ၏။

"ကဲ... ပြန်လာပြီ မဟုတ်လား၊ ကြီးကြီးညွန့်လည်း နေကောင်းသွားရောပေါ့၊ သားသားကြီးကိုလည်း ကြည့်စမ်းပါဦး"

ထားခင်မူက သားကြီးကို ကြီးကြီးညွန့်ရှေ့သို့ ထိုးပြလိုက်၏။ ကြီးကြီးညွန့်သည် သားကြီးနှင့် ကျွန်မကို သူ့အနား တိုးကပ်စေကာ ဖက်ထားလိုက်သည်။

"အင်း... ငါ့တူမကြီး လာတယ်ဆိုရင် ကြီးကြီးညွန့် သေပျော်ပါပြီကွယ်"

ကျွန်မသည် ကြီးကြီးညွန့်၏ မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်ပေးလိုက်သည်။ ကြီးကြီးညွန့်မှာ အတော်ကျသွားသည်ကို သတိထားလိုက်မိ၏။

"ကိုခွန်ထီးကို ရန်ကုန်လိုက်ဖို့ ပြောလိုက်ရတာလည်း အမောပဲ။ ခုမှပဲ စိတ်အေးရတော့တယ်"

ကြီးကြီးညွန့်သည် သက်ပြင်းကို ချလိုက်၏။ ဦးခွန်ထီးသည် မော်တော်ကားသော့ကို လက်ထဲတွင် ဝှေ့ယမ်းကာ အခန်းထဲသို့ ဝင်လာ၏။

"ကဲ... ကဲ မောင်အောင်မျိုးလည်း မောပန်းလာမှာပေါ့၊ ရေမိုးချိုးပြီး အနားယူပါစေဦး၊ ထားခင်မူက လိုက်ပြလိုက်၊ ကိုခွန်ထီးကတော့ ဒီမှာ ခဏနေရစ်ခဲ့ဦး"

ထားခင်မူသည် သားကြီးကိုချီကာ ကိုအောင်မျိုးကို ခေါ်သွား၏။

"ကဲ... ကိုခွန်ထီး ခဏထိုင်ဦး၊ မထားလည်း ဒီမှာထိုင်ဦး၊ ကြီးကြီးညွန့် ပြောစရာရှိတယ်"

ကိုခွန်ထီးသည် ကုလားထိုင်တစ်လုံးကို ယူလာကာ ခုတင်ဘေးတွင် ထိုင်၏။ ကျွန်မသည် ကြီးကြီးညွန့်ဘေးတွင်ထိုင်ကာ တရှုပ်ရှုပ်ငိုနေမိသည်။

"မောင်ဇင်မောင်ကော ကိုခွန်ထီး"

"ရှိပါတယ်၊ သူ့အခန်းထဲမှာ အိပ်နေပါတယ်။ နှိုးလိုက်ရမလား"

ကြီးကြီးညွန့်က လက်ကာပြလိုက်၏။

"နေပါစေ နေပါစေ မနှိုးနဲ့၊ မနေ့ညကလည်း သူ့ခမျာ တစ်ညလုံး အိပ်လို့မရဘူး၊ ခြေထောက်က သိပ်နာလို့ ထင်ပါရဲ့၊ တစ်ညလုံး ညည်းနေတာပဲ၊ အင်း... ဒီသူငယ်လည်း တယ်ဝဋ်ကြီးတာကိုး"

ကြီးကြီးညွန့်သည် အဝေးသို့ ငေးကြည့်နေသည်။

"အမေ့လက်ထက်မှာ ခံလိုက်ရရုံတင် မကဘူး၊ သမီးလက်ထက်ကျတော့လည်း ခံလိုက်ရတာ၊ ဒုက္ခသုက္ခတွေ အမျိုးမျိုး။ အကြံအစည်တွေ မအောင်မြင်တော့ နောက်ဆုံး စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး မသေရုံတစ်မည် ကျန်တော့တာပဲ"

ကျွန်မသည် ကြီးကြီးညွန့်ကို မော့ကြည့်လိုက်၏။ ကြီးကြီးညွန့်ကမူ ကျွန်မကို ပြန်မကြည့် ငေးမြဲငေးနေသည်။

"မသိန်း မဆုံးခင်ကတည်းက သင်းတို့တစ်တွေ တင့်တင့်တယ်တယ် နေနိုင်ရေးအတွက် ကျွဲလို၊ နွားလိုရုန်းပြီး လုပ်ပေးလိုက်ရတာ။ လုပ်သလောက် အကျိုးကျေးဇူး မခံစားရရှာဘူး။ ခုတော့ ညည်းကလည်း သူ့ကို မပေါင်းနိုင်၊ မေတ္တာမရှိ၊ မေတ္တာမျှခဲ့ကြတဲ့ မသိန်းတုန်းကတော့လည်း မရလိုက်နဲ့ သူ့ဘဝဟာ ဘာများ အဆင်ပြေစရာ ရှိသေးတော့လို့လဲ"

"ဒါကတော့ ရေစက်မဆုံလို့ဘဲလို့ ဆိုရမှာပေါ့ မညွန့်ရယ်"

ဦးခွန်ထီးက ပြောလိုက်၏။

"ညည်းတို့ အဖြစ်အပျက်တွေကို ကြီးကြီးညွန့် အကုန်သိပြီးပြီ မထား။ ကြီးကြီးညွန့်လည်း သိပ်နေရတော့မှာ မဟုတ်ပါဘူး။ ဒီတော့ ကြီးကြီးညွန့် မျက်စိနှစ်လုံး မှိတ်မသွားခင်မှာ ညည်းကိစ္စကိုရော၊ ထားခင်မူကိစ္စကိုရော အဆင်ပြေအောင် စီမံသွားချင်တယ်။ ဒါကြောင့်မို့ ခုတော့ ကြေးနန်းရိုက်ခေါ်တာပဲ။ မောင်ဇင်မောင်ဆိုတာလည်း ရန်ကုန်တစ်မြို့လုံး ညည်းကို လိုက်ရှာတာ နှံ့နေတာပဲ၊ အေးအေးတို့အိမ်မှာနေတယ်ဆိုတဲ့ သတင်းကြားရတော့မှ စိတ်အေးရတော့တာပဲ။ သူ့ခမျာ လိုက်သာရှာရတယ်၊ ကိုယ့်အကြောင်းက မလှတော့ လူသိရှင်ကြားလည်း မရှာရဲဘူး။ ရန်ကုန်မှာ ညည်းကိုလိုက်ရှာရင်းနဲ့ ထားခင်မူကိစ္စက ဖြစ်ပြန်တော့ သာပြီး စိတ်မကောင်းဖြစ်ရတာပေါ့"

"ထားခင်မူက ဘာဖြစ်လို့လဲ"

"ဩော်... မထား မသိသေးဘူးထင်တယ် မညွန့်ရဲ့။ ထားခင်မူကိစ္စကတော့ သည့်ပြင်ဟာ မဟုတ်ပါဘူး၊ မနှစ်က ကိုဇင်မောင် ရန်ကုန်သွားပြီး မထားကို လိုက်ရှာတယ်၊ ဘယ်မှာမှ မတွေ့ဘူး။ တစ်နေ့တော့ မထားကို လိုက်ရှာရင်း ထားခင်မူကို ရန်ကုန်က သူဌေးသားတစ်ယောက်က မော်တော်ကားတင်တယ်။ နေ့ခင်းကြောင်တောင် ကျောင်းကအပြန်မှာပေါ့၊ သူဌေးသားက လမ်းသူရဲ သာသာပါ။ အဲဒီနေ့က ကိုဇင်မောင်ကလည်း မထားလိုက်ရှာဖို့ သူ့ကို သွားခေါ်တုန်း သူနဲ့ မလှမ်းမကမ်း အရောက်မှာ ဒီလို ဒီလိုပဲ ထားခင်မူကို ကားတင်တာမြင်တော့ သူစီးလာတဲ့ ကားနဲ့ နောက်က အတင်းလိုက်ရတာပေါ့။ နောက်ဆုံး အင်းလျားကန် ကြက်ကျွန်းနားမှာ သွားမီပြီး သူက သေနတ်နဲ့ ထုတ်ချိန်တော့မှ လမ်းသူရဲလူသိုက် ပြန်ဆုတ်သွားကြတယ်။ ကံကောင်းလို့ပေါ့။ အဲဒီနေ့က သူနဲ့သာမတွေ့ရင်"

ဦးခွန်ထီးက သက်ပြင်းချလိုက်၏။

"ဟင်"

အာမေဋိတ်သံသည် ကျွန်မ ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။ 'ဘုရား ဘုရား' ကျွန်မသည် ဦးဇင်မောင်နှင့် ထားခင်မူကို ကြက်ကျွန်း၌ တွေ့ခဲ့စဉ်က တလွဲတချော် ထင်ခဲ့မိသူပါတကား။

"မနှစ်က နော်"

"ဟုတ်ပါတယ်၊ အဲဒီတုန်းက မထားက အေးအေးတို့အိမ်ကို မရောက်သေးဘူး။ ဘယ်မှာနေတယ်ဆိုတာ စုံစမ်းလို့ကို မရသေးဘူး။ မထားလိုက်ရှာဖို့ ကောင်မလေးကို သွားခေါ်တုန်းမှာ ကိုဇင်မောင်ရှေ့တင် ကားတင်သွားတာ မြင်လိုက်လို့ နောက်ဆုံး အင်းလျားကန်နားကျမှ မီတာပဲ"

ကျွန်မသည် မိုက်ရိုင်းစွာ တွေးတတ်လေခြင်း၊ အဆင်ခြင်ဉာဏ် ကင်းမဲ့လေခြင်း။

"ဒါကြောင့် ထားခင်မူကို ခု ယောကျ်ား ပေးစားမလို့၊ အဲဒါလည်း တိုင်ပင်ရအောင်၊ ညည်းကို ခေါ်ရတာပေါ့"

"ဘယ်သူနဲ့လဲ"

ကျွန်မသည် အသံမတုန်အောင် မနည်းသတိထား၍ မေးလိုက်ရသည်။

"ဘယ်သူနဲ့ဖြစ်ရဦးမလဲ၊ မောင်အောင်မျိုးနဲ့ပေါ့"

ကျွန်မသည် ကျွန်မ နားများကို မယုံနိုင်အောင် ဖြစ်မိသည်။ အိပ်မက် မက်နေသလိုလို၊ ပုံပြင်တစ်ခုခုကို နားထောင်နေသလိုလို ထင်မိ၏။

"မောင်အောင်မျိုး မိဘများက လက်စသတ်တော့ တခြားလူတွေမှ မဟုတ်ဘဲ။ မောင်အောင်မျိုးအမေက ကြီးကြီးညွန့်နဲ့ ညီအစ်မ နှစ်ဝမ်းကွဲလောက်တော်မယ်။ မသိန်းနဲ့တော့ သုံးဝမ်းကွဲလောက် တော်မှာပေါ့။ ဆုံစည်းချင်တော့လည်း ဒီလိုများ လာဖြစ်ရသေးတယ်။ တစ်လောက သူ့အမေများ တောင်ကြီးလာလို့ စကားစပ်မိရင်းကနေပြီး စီစဉ်လိုက်ကြတာပဲ။ လူကြီးချင်းသာ ကြောင်းလမ်းထားကြတာပါ။ လူငယ်တွေကတော့ မသိသေးပါဘူး"

အထင်လွဲတတ်သော စိတ်နှလုံးဖြင့် ကြည့်မြင်ခြင်းသည် အမှန်ကို မရောက်စေပါတကားဟု ကျွန်မ သတိထားမိလာပါသည်။

"နောက် ကိစ္စတစ်ခုကတော့ ညည်းတို့ကိစ္စပဲ။ ဒါကိုလည်း ကြီးကြီးညွန့် အထူးတလည် ပြောစရာလိုမယ် မထင်ပါဘူး၊ ညည်းလည်း သိပြီးသားပဲ။ မောင်ဇင်မောင်ဟာ မသိန်းနဲ့ မေတ္တာမျှခဲ့ကြဖူးတယ်။ ဘမောင်ဆုံးတော့လည်း မသိန်းကို စကားစပြန်တယ်။ ဒါပေမဲ့ မသိန်းက လက်မခံခဲ့လို့ သူ့ခမျာ နောက်ဆုတ်ခဲ့ရတယ်။ ဒီနောက်တော့ ညည်းတို့တစ်တွေ လူလားမြောက်လာသည်အထိ သူပဲ ကူညီစောင့်ရှောက်လာတာတွေကိုတော့ သိပြီးသားမို့ အထူးမပြောလိုတော့ပါဘူး"

ကြီးကြီးညွန့်က စကားကို ရပ်လိုက်၏။

"ညည်းနဲ့ အိမ်ထောင်ကျတော့လည်း ခမျာမှာ စိတ်ချမ်းသာစရာရယ်လို့ မတွေ့ရဘူး။ ဒီအထဲ သူ အင်မတန်အားထားတဲ့ ကြက်ဆူတောကြီးကလည်း တောမီးထဲပါသွားတော့ ပိုပြီး စိတ်ထိခိုက်တာပေါ့"

"စိတ်ထိခိုက်တာတော့ ဘာပြောကောင်းမလဲ မညွန့်ရာ၊ သူက ဟောဟို လွမ်းတာရှည်တောစပ်က လှေကားခုံကလေးတွေပေါ်မှာ တောပစ်သွားမလို့ သေနတ်တစ်လက်နဲ့အဆင်း ကြက်ဆူတော မီးလောင်တယ်လည်းဆိုရော မွန်ထူပြီး လှေကားထစ်တွေပေါ် ပြန်အတက်လိုက်မှာ သေနတ်ကျည်ဆန်ထွက်ပြီး ပေါင်သွားမှန်တာပဲ။ ကံကောင်းလို့ပေါ့"

ကျွန်မ၏ မျက်စိထဲတွင် လှေကားထစ်ကလေးတွေ ခင်းပေးနေသော ဦးဇင်မောင်ကို မြင်ယောင်လာပါသည်။ သည်လှေကားထစ်ကလေးများသည် ကျွန်မတို့ နှစ်ဦး၏ ဘဝခရီးတွင် အရေးပါသော လှေကားထစ်ကလေးများပါတကား။

ကျွန်မသည် ဦးခွန်ထီး စကားများကို တအံ့တဩဖြင့် နားထောင်နေမိသည်။ ဦးဇင်မောင်ကိုလည်း အသနားပို၍လာပါသည်။ အထင်လွဲခဲ့မိလေခြင်းဟု နောင်တ

ရပါပြီ။

"ပေါင်မှန်လို့ တော်သေးတာပေါ့ ကိုခွန်ထီး၊ အရင်တစ်ခါတုန်းကလိုများ"

ဦးခွန်ထီးက ကြီးကြီးညွန့်ကို အံ့သြလျက် လှမ်းကြည့်လိုက်သည်။

"အရင်တုန်းကလည်း ဘမောင်က မူးမူးနဲ့ မသိန်းနဲ့ကိစ္စကို ပြန်ဖော်ပြီး သေနတ်နဲ့ပစ်လို့ သေလုမြောပါး ခံလိုက်ရပါပြီ။ ခများမှာ ခုထက်ထိ အဆုတ်ထဲက ကျည်ဆန်ကို မထုတ်ရသေးဘူး။ အခုလည်း သမီးလက်ထက်မှာ စိတ်ညစ်ညစ်နဲ့ တစ်ခါ သေနတ်မှန်ရပြန်ပြီ။ လောကမှာ ဒီသူငယ်လောက် ကံဆိုးတဲ့သူငယ် ရှိဦး မှာလား"

ကျွန်မသည် ဘာကိုမျှ ပြန်မမေးနိုင်တော့ပါ။ အံ့သြလွန်း၍ အာမေဋိတ်သံပင် ထွက်မလာတော့ဘဲ ပါးစပ်ဟ၍ ငေးကြည့်နေမိသည်။ သည်တော့ ဦးဇင်မောင်၏ အဆုတ်ထဲက ကျည်ဆန်အကြောင်းပြောတိုင်း ကြီးကြီးညွန့်တို့ မျက်နှာပျက်သွား သည်ကို သတိရလာပါသည်။

"အဲဒီတုန်းကလည်း ကိုဘမောင်က အရက်မူးပြီး သက်သက်မဲ့ ပစ်တာပါဗျာ"

"ကဲ... ကဲ ဒါတွေပြောနေလို့လည်း မထူးတော့ပါဘူး။ မောင်ဇင်မောင်ဟာ သမီးတို့တစ်တွေပေါ်မှာ ဘယ်လောက် အနှံ့အတာခံတယ်ဆိုတာ မထား သိလောက် ရောပေါ့။ ဒီတော့ မထား သွားနှုတ်ဆက်လိုက်ပါ၊ ကြီးကြီးညွန့်လည်း အိပ်ရဦးမယ်၊ ကိုခွန်ထီးလည်း လုပ်စရာရှိတာ လုပ်ချည်တော့"

ဦးခွန်ထီးသည် ထ၍ ပြန်သွား၏။ ကျွန်မသည် ဘာလုပ်၍ ဘာပြောရမည် မသိဘဲ ကြောင်၍ငေးနေမိသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြ သည်။

"သွားနှုတ်ဆက်ချည်လေ ထား၊ အိပ်ခန်းထဲမှာ ရှိတယ်ထင်တယ်"

ကျွန်မသည် ကြီးကြီးညွန့်၏ စကားကို လွန်ဆန်၍ မရတော့ပေ။ ကျွန်မ၏ ခြေထောက်များကလည်း အလိုလို အိပ်ခန်းဘက်သို့ ဦးတည်သွားကြသည်။ ကျွန်မ သည် အိပ်ခန်းထဲသို့ ဝင်ခဲ့၏။ အိပ်ခန်းထဲတွင် ဘယ်သူမျှ မရှိပေ။ နှစ်ယောက်အိပ် ခုတင်ကြီးသည် ဟာလာဟင်းလင်း ဖြစ်လျက်ရှိ၏။ အခန်းထဲတွင် ရှုပ်ပွေလျက်ရှိ၏။ ဩော်... အိမ်သူနှင့်ကင်းသော အိမ်၏ ပြယုဂ်ပေတကား။

ကျွန်မသည် ခုတင်ကြီးကို ဝမ်းနည်းစွာကြည့်ကာ ပြတင်းပေါက်နားတွင် ရပ် ကာ အပြင်သို့ ငေးကြည့်လိုက်၏။ အင်ကြင်းပင်တို့ မှိုင်းဝေသော လွမ်းတာရှည်တော

ကို မြင်ရ၏။ အရွက်ဖားဖားအုပ်အုပ်ရှိသော ဣန္ဒာပူဂနိုင်အစပ်တွင် ရွက်သစ်ဝေသော သစ်တော်ပင်တန်းများကို မြင်ရ၏။ သည့်နောက်တွင်ကား မီးလောင်မြေဖြစ်နေပြီ ဖြစ်သော ကြက်ဆူခင်း။

မှိုင်းပြာသော မိုးကုပ်စက်ဝိုင်းအောက်ရှိ ကြက်ဆူခင်းနေရာ မီးလောင်မြေ ကမူကလေးပေါ်တွင် ချိုင်းထောက်ကြီးဖြင့် တလှုပ်လှုပ်သွားနေသော ဦးဇင်မောင်။

"ဦးဇင်မောင်"

ကျွန်မသည် ပါးစပ်က နာမည်ကို ထုတ်ခေါ်မိကာ အိပ်ခန်းထဲမှ ပြေးထွက်ခဲ့သည်။ လွမ်းတာရှည်တောအစပ်ရှိ လှေကားထစ်ကလေး အဆင်းကလေးနား မရောက်မီ ကြက်ဆူခင်းကုန်းပေါ်သို့ ပြေး၍တက်လာခဲ့လေသည်။ သစ်တစ်ပင်ယာတောသည် တိတ်ဆိတ်လျက်ရှိ၏။ ချမ်းမြေ့ဖွယ်ရာကောင်းလှသော တော၏ ပတ်ဝန်းကျင်၌ လွမ်းတာရှည် တောဘက်ဆီမှ ချိုးကူသံကို ကြားရသောအခါ ရင်တွင် အေးမြလှပါသည်။

ကျွန်မသည် ကမူကလေးအတက်တွင် ရပ်လိုက်သည်။ ဦးဇင်မောင်သည် ချိုင်းထောက်ကြီးကို ထောက်ကာထောက်ကာ အကွာအဝေးညီညီ တူးထားသော ကျင်းကလေးများထဲသို့ သစ်စေ့များကို လိုက်၍ ကြဲချနေသည်။ ဦးဇင်မောင်သည် နောက်ထပ် ဘာပင်စိုက်ဦးမည်မသိပေ။

"အစ်ကိုကြီး"

ဦးဇင်မောင်သည် အကောင်းပကတိ ကျန်သော ခြေတစ်ဖက်ဖြင့် အားပြုထိုင်လိုက်ပြီးနောက် သေနတ်မှန်ထားသည့် ခြေတစ်ဖက်ကို ဆန့်တန်းထားကာ အိတ်ထဲမှ သစ်စေ့များကို ကျင်းထဲသို့ ကြဲချနေ၏။

"အစ်ကိုကြီး"

ကျွန်မက အသံတုန်တုန်ဖြင့် နောက်တစ်ခွန်း ခေါ်လိုက်သည်။ ဦးဇင်မောင်သည် သည်တော့မှ လှည့်ကြည့်လိုက်၏။ ကျွန်မကို မြင်သည်နှင့် မျက်နှာတစ်ခုလုံး လင်းသွားကာ ချိုင်းထောက်ကြီးကို အားပြု၍ ထလိုက်သည်။

"ထား"

ကျွန်မက ပြုံး၍ မျက်ရည်များ စိုစွတ်လျက်ရှိသော မျက်တောင်များကို ဆက်တိုက်ခတ်လိုက်မိပြီး ခေါင်းညိတ်ပြလိုက်သည်။ ဦးဇင်မောင်သည် ချိုင်းထောက်ကြီးကို အားပြုကာ ကျွန်မဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။ ကျွန်မကလည်း သူ့ဆီသို့

ခပ်သုတ်သုတ်ကလေး ပြေးသွားသည်။ အနားသို့ရောက်သည်နှင့် သူက လက်တစ်ဖက်ကို ဆန့်တန်း၍ ကျွန်မကို ဆီးကြိုပွေ့ယူလိုက်၏။ ကျွန်မကလည်း တစ်ကိုယ်လုံးပစ်ကာ သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်ပါသည်။

"ထား... ထား ပြန်လာသေးတယ်နော်"

ဦးဇင်မောင်က ကျွန်မဆံပင်များကို ပွတ်သပ်ကာ တုန်တုန်ယင်ယင် မေးလိုက်၏။

"ထား ပြန်လာပါပြီ အစ်ကိုကြီး၊ ထား နောင်တရပါပြီ၊ ထားကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ် ထားရယ်။ အထူးသဖြင့် ခုလို အစ်ကိုကြီးမှာ စိတ်ကူးနန်းတော်ကြီး မီးလောင် ပျက်သုဉ်းပြီး မျှော်လင့်ချက်ဆုံးနေတဲ့အချိန်မှာ ထား ပြန်ရောက်လာလို့ ပိုပြီး ခွင့်လွှတ်ရပါတယ်၊ ပိုပြီး ဝမ်းသာရပါတယ်။ ထားပဲ စဉ်းစားကြည့်ပါထား။ အစ်ကိုကြီးဟာ မျှော်လင့်ချက်ကြီးနဲ့ ဒီကြက်ဆူခင်းကြီးကို စိုက်ခဲ့တယ်၊ မျှော်လင့်ချက်အသစ်ကို တည်ဆောက်ပြီး စိတ်ကူးနဲ့ မြူးခဲ့ရတယ်။ ဒီမျှော်လင့်ချက်အသစ်ဟာလည်း နောက်ဆုံးတော့ ပြိုလဲ ပျက်စီးသွားပြီး ဒီအထဲ လောကမှာ ကိုယ်အချစ်ဆုံးသူရဲ့ စွန့်ပစ်ခြင်းကိုလည်း ခံလိုက်ရပြီ။ ဒီတော့ အစ်ကိုကြီးရဲ့ဘဝဟာ မျှော်လင့်ချက်မရှိတဲ့ဘဝ၊ အသက်ရှင်လျက်နဲ့ ဇီဝိန်ချုပ်နေတဲ့ဘဝ မဟုတ်လား။ ဒါပေမဲ့ လူဆိုတာ မျှော်လင့်ချက်မရှိရင် မနေနိုင်ပြန်တော့ အစ်ကိုကြီး သစ်တော်စေ့တွေကို ကြဲပြီး မျှော်လင့်ချက်အသစ်ကို တည်ဆောက်ပြန်ပြီ။ ဒီလို တည်ဆောက်နေတုန်းမှာ အစ်ကိုကြီးရဲ့ အချစ်ဆုံးသူ၊ အစ်ကိုကြီးရဲ့ ဘဝအလင်းရောင်ဖြစ်တဲ့ ထားဟာလည်း ပြန်လာပြီ။ ဒီတော့ အစ်ကိုကြီး ဝမ်းမသာဘဲ နေပါ့မလား၊ ခွင့်မလွှတ်ဘဲကော နေပါ့မလား"

ကျွန်မသည် ပူနွေးကျယ်ပြန့်သော ဦးဇင်မောင်၏ရင်တွင် ပါးအပ်၍ သူ့စကားများကို နားထောင်နေမိပါသည်။ အချစ်ဆိုသည်မှာ သည်လိုကျတော့ ကြည်နူးဖွယ်ပေပဲ။

"ဒါပေမဲ့ အစ်ကိုကြီး စိုးရိမ်နေသေးတာတစ်ခုတော့ ရှိတယ်"

ကျွန်မက စူးစမ်းသောအကြည့်ဖြင့် သူ့ကို မော့ကြည့်လိုက်၏။

"ထားဟာ ငယ်ရွယ်တယ်၊ နုနယ်တယ်၊ ပျိုမျစ်တယ်။ အစ်ကိုကြီးက အသက်ကြီးတယ်၊ ရင့်မာတယ်၊ လူကြီးဆန်တယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ဒီတော့ အစ်ကိုကြီးမှာ ထားတို့ ငယ်ရွယ်သူတွေ နှစ်သက်လေ့ရှိတဲ့ အရည်အချင်းတွေ မရှိဘူး၊ ထားတို့ နုနယ်သူတွေ နှစ်သက်မယ့် အရာမျိုးတွေ မပေးနိုင်ဘူး။ ထားက အစ်ကိုကြီးကို ငယ်ရွယ်နုငယ်တဲ့ဘဝတစ်ခုလုံး ပုံအပ်ပေးရပြီးတော့ အစ်ကိုကြီး

ကတော့ ထားကို အချစ်တစ်ခုပဲ ပေးနိုင်တယ်။ ဆိုလိုတာကတော့ ထားဘက်က တန်ဖိုးအများကြီးပေးရပြီး အစ်ကိုကြီးဘက်က နည်းနည်းကလေးပဲ ပေးနိုင်တယ်။ ဒါကြောင့်...”

ကျွန်မက သူ့ပါးစပ်ကို လှမ်းပိတ်လိုက်၏။

“တော်ပါတော့ အစ်ကိုကြီး၊ ထား နားလည်ပါပြီ။ ထားဟာ လူ့ဘဝကို အရောင်လွှင်လွှင် လှလှကလေးတွေနဲ့ချည်း မြင်တတ်တဲ့ မိန်းမငယ်တစ်ယောက်တော့ မဟုတ်တော့ပါဘူး။ ထားဟာ အတွေ့အကြုံက သင်ကြားပေးလိုက်လို့ လူ့ဘဝရဲ့ အလင်းအမှောင်ကို ရဲရဲကြည့်တတ်တဲ့ မိန်းမကြီးတစ်ယောက် ဖြစ်ပါပြီ။ အစ်ကိုကြီး ဘက်က ပေးနိုင်တဲ့ တန်ဖိုးဟာလည်း နည်းသလား အစ်ကိုကြီး။ လောကမှာ ဘယ် အရာမှ အချစ်လောက် တန်ဖိုးမကြီးပါဘူး။ ဘယ်အရာမှလည်း အချစ်လောက် ဖြူစင် သန့်ရှင်းခြင်း မရှိပါဘူး။ အစ်ကိုကြီးက ခုလို တန်ဖိုးအကြီးဆုံးဖြစ်တဲ့ အချစ်ကို ပေးအပ်ထားပြီပဲ၊ ထား အစ်ကိုကြီးဆီက နောက်ထပ် ဘာကိုများ လိုချင်မက်မော ရှိရဦးတော့မှာလဲ။ လောကမှာ တန်ဖိုးအကြီးဆုံးဖြစ်တဲ့ အချစ်ကို ရထားပြီပဲ။ တကယ် တော့ အချစ်သာ အဓိကပါ။ ကျန်တာတွေအားလုံးဟာ သာမညတွေပါ”

ကျွန်မလည်း ရင်ထဲရှိသော စကားလုံးတွေကို ရေသွန်သလို သွန်ချလိုက်ပါ သည်။ ဦးဇင်မောင်သည် ကျွန်မပခုံးကို တင်းကျပ်စွာ ဆုပ်နယ်ကာ မျက်နှာကို မော့ ယူလိုက်သည်။

“တကယ်လား ထား၊ ဟင် တကယ်လား။ ဝမ်းသာလိုက်တာ ထားရယ်။ ဟုတ်တယ်။ ထားပြောသလိုပဲ၊ အချစ်ဆိုတာ တန်ဖိုးအကြီးဆုံးပဲ။ အထင်လွဲတာတွေ ဆုံးရင် အမုန်းတွေ ပျောက်ပြီး အချစ်ကို ပြန်ရောက်ကြရတာပါပဲ။ လွမ်းတာရှည် တော ပုံပြင်ထဲက အိုက်နွမ်းတို့ချစ်သူနှစ်ဦးဟာ အထင်လွဲတာတွေ ဆုံးပြီး လွန်းကြင် ငှက်ကလေးတွေအဖြစ် အသက်ထက်ဆုံး နေကြသလို အစ်ကိုကြီးနဲ့ ထားဟာလည်း သစ်တစ်ပင်မှာ အတူတူနေကြမယ်။ ဘဝအခက်အခဲတွေကို အတူတူရင်ဆိုင်ကြမယ်။ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ပြီး၊ တစ်ယောက်သဘောကိုတစ်ယောက် ညှိနှိုင်းပြီး ကိုယ့်ချစ်သူ စိတ်ချမ်းသာရေးအတွက် အစ်ကိုကြီးတို့ ရင်ထဲမှာ ကိန်းအောင်းနေကြတဲ့ မာနတွေကို စွန့်လွှတ်ကြမယ်။ တကယ်တော့လည်း အချစ်ဆိုတာ စွန့်လွှတ်ခြင်းပါပဲ ထား။ လူရဲ့ နှလုံးသားတိုင်းမှာ မှောင်ရိပြီး ကိန်းဝပ်နေကြတဲ့ အတ္တစိတ်တွေ၊ မနာလို စိတ်တွေ၊ ဒေါသတွေကို နှလုံးသားထဲက မောင်းထုတ်ပစ်နိုင်ပြီး နှလုံးသားကို ဖြူစင်

သန့်ရှင်းစွာထားနိုင်လို့ရှိရင်၊ အဲဒီ ပြည့်ဝတဲ့နှလုံးသားမှာလည်း ချစ်သူကို ခွင့်လွှတ်တတ်တဲ့စိတ်ကို နေရာအပြည့်ပေးနိုင်လို့ရှိရင် အချစ်ဟာ ပေါက်ဖွားလာရတာပါပဲ"

ကျွန်မတို့သည် ကမူကလေးပေါ်မှ စီး၍ လွမ်းတာရှည်တောခြေသို့ လှမ်းကြည့်လိုက်မိကြ၏။ နေသည် ဆည်းဆာရွှေခြည်များကို လွမ်းတာရှည်တောပေါ်သို့ ဖြန့်ကျဲထားရာမှ သိမ်းစပြုလေပြီ။ နေခြည်သိမ်းသော နေဝန်းကို ကြည့်ရသည်မှာ လက်ကျန် ရွှေစရွှေနတို့ကို သိမ်းဆည်းသိုဝှက်နေသော စေးနဲသူနှင့် တူပေသည်။

တောစပ်မှ ချိုးကူသံသည် ငြိမ့်အေးစွာ ထွက်ပေါ်လာ၏။ ချိုးကူသံသည် ပူလောင်သော နှလုံးသားကို အေးမြစေသည်တကား။

"ဟော အစ်ကိုကြီး၊ ဟိုမှာ ထားခင်မူတို့ လိုက်လာကြပြီ။ သားကြီးကို ပြမလို့ လာခေါ်တာထင်တယ်"

ယာတောဘက်မှ ကျွန်မတို့ဆီသို့ လျှောက်လာနေသော ကိုအောင်မျိုးနှင့် ထားခင်မူတို့ကို မြင်ရ၏။ ထားခင်မူသည် သားကြီးကို ပွေ့ထားလေသည်။ ကျွန်မနှင့် ဦးဇင်မောင်တို့ကလည်း လက်တွဲကာ ကမူလေးပေါ်မှ ဆင်းလာခဲ့ကြ၏။

"ဩော် သားကြီးကိုတောင် မေ့နေကြတယ်။ ဟုတ်တယ် ... အစ်ကိုကြီးရယ်၊ ထားရယ်၊ သားကြီးရယ် သစ်တစ်ပင်မှာ အတူတူလုပ်ကိုင်စားကြမယ်။ ဒီမြေမှာ ကြီးပြင်း၊ ဒီမြေကပွင့်တဲ့ အသီးအပွင့်ကိုစားပြီး ဒီမြေပေါ်မှာပဲ နေကြမယ်"

ဦးဇင်မောင်က ချိုင်းထောက်ကြီးဖြင့် တဒေါက်ဒေါက် လျှောက်ရင်း ပြောလာ၏။ သူ၏ ပူနွေးသော လက်ဖဝါးတစ်ဖက်ကမူ ကျွန်မ၏ လက်များကို ဆုပ်ကိုင်ထားပေသည်။

"ဒီတစ်ခါတော့ ထားကို ဒီမြေပေါ်က ထွက်ပြေးခွင့်မပြုနိုင်တော့ဘူး။ ထားကို အစ်ကိုကြီး မခွဲနိုင်ဘူး။ အစ်ကိုကြီးတို့ရဲ့ လောက လူ့ဘုံကြီးဟာ လင်းရာကမှောင်၊ မှောင်ရာကလင်း၊ ချစ်ရာကမုန်း၊ မုန်းရာကချစ် စတဲ့အဖြစ်တွေ တရစ်ပတ်ပတ် ချားရဟတ်သဖွယ် သံသရာလည်နေတဲ့ ဒုက္ခဘုံကြီးလို့ ဆိုကြပေမဲ့ အစ်ကိုကြီးနဲ့ ထားတို့ရဲ့ ကမ္ဘာကတော့ အလင်းတွေ ပိုပြီး ရွှန်းတောက်တဲ့နေရာ၊ အချစ်တွေ အသစ်အသစ် ထပ်ထပ်ဖြစ်တဲ့ကမ္ဘာ ဖြစ်ပါစေလို့ အစ်ကိုကြီး ဆုတောင်းလိုက်ပါတယ် ထား"

**မြသန်းတင့်**